# မတူကွဲပြားမှု၏ အင်အား
# မြန်မာနိုင်ငံတိုင်းရင်းသားဒေသ
# ပညာရေးအဆင့်အတန်းမြင့်မားရေး

ကင်မ်ဂျိုလိဖ် နှင့်
အင်မီလီစပီးယားစ်မီးယားစ်

အောက်တိုဘာ ၂၀၁၆

The Asia Foundation
Improving Lives, Expanding Opportunities







# မတူကွဲပြားမှု၏ အင်အား
# မြန်မာနိုင်ငံ တိုင်းရင်းသားဒေသ ပညာရေးအဆင့်အတန်းမြင့်မားရေး

ကင်မ်ဂျိုလိဖ်နှင့် အင်မီလီစပီးယားစ်မီးယားစ်

အောက်တိုဘာ ၂၀၁၆

## ကျေးဇူးတင်လွှာ

မိမိတို့၏ ရပ်ရွာအကျိုးကို နှစ်ပေါင်းများစွာ ဆောင်ရွက်ပေးခဲ့သော လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများအား စာရေးသူများက ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ကရင်ပညာရေးဌာန၊ ကရင်ကျောင်းဆရာများလုပ်ငန်းအဖွဲ့၊ မွန်အမျိုးသားလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်နယ်ကျေးလက်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် မိတ်ဘက်အဖွဲ့အစည်းများ၊ အချိန်၊ အရင်းအမြစ် အထောက်အပံ့များ၊ အကြံဉာဏ်များနှင့် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပါဝင်အားထုတ် ကူညီခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထို့အပြင် ကမ္ဘာ့ပညာရေး၊ မြန်မာ့ပညာရေးအဖွဲ့အစည်း၊ ယူနီဆက်၊ Child's Dream၊ Save the Children နှင့် ပညာရေးနှင့်ပတ်သက်သောလုပ်ငန်းအဖွဲ့များရှိသည့် အားလုံးသောပုဂ္ဂိုလ်များက ယခုလုပ်ငန်းဖြစ်မြောက်အောင်မြင်ရေးအတွက် အဓိက တာဝန်ထမ်းဆောင်နေခဲ့ကြပြီး အစီအစဉ်များအတွက် သတင်းအချက်အလက်များဖြည့်ဆည်းပေးခြင်း၊ မိတ်ဆက်ခြင်း၊ မိမိတို့လုပ်ဆောင်နိုင်မှုအင်အားနှင့် ပြောင်းလဲမှုများအတွက် ဆွေးနွေးခြင်း၊ တွေ့ရှိမှုများအတွက် တုံ့ပြန်အကဲဖြတ်မှုများပေးအပ်ခြင်းနှင့် တိုင်းရင်းသားများ၏ အခြေခံပညာရေးကို နိုင်ငံတကာမှ ထောက်ခံမှုအား နက်ရှိုင်းစွာပံ့ဖော်မှုကို အကူအညီပေးခြင်းတို့လည်း ဆောင်ရွက်ပေးကြသည်။

အထူးသဖြင့် အစီရင်ခံစာ ပြုစုရေးသားရာတွင် ဝိုင်ဝန်းကူညီဆောင်ရွက်ပေးသည့် စာတမ်းအကြမ်းကို အစောပိုင်းတွင် သုံးသပ်ခြင်းနှင့် တန်ဖိုးမဖြတ်နိုင်သော ဝေဖန်အကြံပြုချက်များပေးကြပါသော ဒေါက်တာဝင်းအောင်၊ အေးအေးထွန်း၊ (ယခင်က ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော) ဒေါက်တာသိန်းလွင်၊ ခရစ်နိုက်တင်ဂေးလ်၊ အမ်မဒါဆီးလ်၊ ကက်သရင်းဒါလီနှင့် အင်ဒရီယာကော်စတာ တို့ကို များစွာကျေးဇူးတင်ရှိပါသည်။

## စာရေးသူတို့နှင့် ပတ်သက်သမျှ

**ကင်မ်ဂျိုလစ်ဖ် (Kim Jolliffe)** သည် အလွတ်တန်းသုတေသီ၊ စာရေးဆရာ၊ သရုပ်ခွဲလေ့လာသူ နှင့် သင်တန်းပို့ချသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင် တိုင်းရင်းသားအရေး၊ အထောက်အပံ့ဆိုင်ရာမူဝါဒနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထူးပြုလေ့လာပါသည်။ အရှေ့တောင်အာရှတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်မှာ ၈ နှစ်ကျော်မျှ ရှိပြီဖြစ်သည်။ လက်ရှိတွင် သဘောထားကွဲလွဲမှုများဖြစ်ပွားရာ ဒေသများရှိ အခြေခံ လူမှုဝန်ဆောင်မှုများ (SSCA) နှင့် ပတ်သက်သော သုတေသနအား ဦးဆောင်သုတေသီအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်သည်။

အင်မီလီစပီးယားစ်မီးယားစ် (Emily Speers Mears) သည် ပညာရေး၊ ပဋိပက္ခနှင့် အကဲဆတ်သော ပြည်နယ်များကို အထူးပြုသည့် မူဝါဒရေးရာအကြံပေးနှင့် သုတေသီတစ်ဦးလည်းဖြစ်သည်။ သူမသည် ၂၀၁၀ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် အလုပ်လုပ်နေသူဖြစ်ပြီး မြန်မာစကားကိုလည်း ပြောဆိုနိုင်သူဖြစ်သည်။

## အာရှဖောင်ဒေးရှင်း

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိလူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့်စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတပြီး ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီ စီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးရှင်းသည် အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

The Asia Foundation

Improving Lives, Expanding Opportunities

# နိဒါန်း

လက်ရှိအချိန်တိုင်အောင် ဆက်လက်ဖြစ်ပွားနေသော မြန်မာနိုင်ငံ၏ ဆယ်စုနှစ်နှင့်ချီသည့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများနှင့်အတူ ယင်းဖြစ်စဉ်၏ အကျိုးဆက်များ ခံစားနေကြရသော လူ့အသိုင်းအဝိုင်းများကို အရေးပါသော အထောက်အပံ့များ ပေးအပ်နိုင်စေရန် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ယင်းတို့နှင့် ဆက်သွယ်ရာ အဖွဲ့အစည်းများသည် စင်ပြိုင်အစိုးရ စနစ်များကို အသက်သွင်းခဲ့ကြသည်။ တိုင်းရင်းသားအဖွဲ့များ၏ အခြေခံပညာရေးကို ဆောင်ရွက်ခြင်းသည် အခြေအနေ မကောင်းလှသည့် လူဦးရေသို့ ရောက်ရှိနေသည့် ကလေးများနှင့် လူငယ်များကို အရေးပါသော လူမှုရေးဝန်ဆောင်မှုပေးခြင်း ဖြစ်သည်။ ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် အနည်းငယ် နှိုင်းယှဉ်ပါက ပညာရေးအတွက် အစိုးရ၏ သုံးစွဲမှုသည် မကြာသေးမီ နှစ်များက သိသိသာသာ တိုးတက်လာခဲ့သည်။ အပစ်အခတ် ရပ်စဲထားသော ဒေသသစ်များနှင့် ယခင်က သွားလာရန် ခက်ခဲသော ဒေသများကို ပညာရေးဝန်ကြီးဌာနသည် အထောက်အပံ့များ တိုးချဲ့ ပေးအပ်နေပြီ ဖြစ်သည်။ သို့သော် ပဋိပက္ခဖြစ်ပွားရာ ဒေသများဆီသို့ ပေးအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အစိုးရ၏ ဝန်ဆောင်မှုများသည် တိုင်းရင်းသားတို့၏ ဒေသများမှ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။ အနာဂတ်ကို ကြိုတင်သိမြင်နိုင်ရန်အတွက် စင်ပြိုင်စနစ်များ တည်ရှိဦးမည်မှာ အမှန်ပင်ဖြစ်သည်။ စင်ပြိုင် အစိုးရစနစ်များနှင့် တိုင်းရင်းသား အဖွဲ့များနှင့်အတူ ပုံစံအမျိုးမျိုးသော ပညာရေးနှင့် လိုက်ဖက်မှုရှိသည့် ကိစ္စရပ်များကို ထောက်ပံ့ပေးခြင်းအား အသိအမှတ်ပြုပေးရန် လိုအပ်သည်။ ယခုစာတမ်းသည် အတိုက်အခံဒေသများရှိ လူမှုရေးဝန်ဆောင်မှုများ သုတေသနစီမံချက်၏ အစိတ်အပိုင်းမျှသာဖြစ်ပြီး ယင်းစီမံချက်သည် စင်ပြိုင်နိုင်ငံတော်အင်္ဂါရပ်များနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်နေကာ နိုင်ငံတော်၏ အငြင်းပွားမှုမရှိသော ပိုင်နက်များ၏ အုပ်ချုပ်မှုအင်္ဂါရပ်များကို လေ့လာခြင်းကို ဆောင်ရွက်သည်။

အာရှဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏အရှေ့ပိုင်းတွင် အခြေခံပညာရေးနှင့်ပတ်သက်ပြီး ယခုသုတေသနကို တင်ပြခွင့်ရခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ပါသည်။ ဤလေ့လာမှုသည် တိုင်းရင်းသားဒေသများ အထူးသဖြင့် မွန်၊ ရှမ်းနှင့် ကရင်ပြည်နယ်များတွင် အစိုးရမဟုတ်သော ပညာရေးအဖွဲ့အစည်းများ၏ ကဏ္ဍနှင့် ဆောင်ရွက်မှုများကို အသေးစိတ် တင်ပြထားပြီး နိုင်ငံတော် ပညာရေးကိုလည်း နှစ်ဖက်မျှပြီး တင်ပြထားသည်။ ဤစာတမ်းသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ဆက်သွယ်နေသော ပညာရေးထောက်ပံ့ပေးသူများနှင့် လူမျိုးစု အခြေပြုပညာရေးအဖွဲ့အစည်းများဖြစ်သည့် အခြား ရပ်ရွာအခြေပြု အဖွဲ့အစည်းများအကြောင်းကို တင်ပြထားသည်။ အဆိုပါ လူမျိုးစု အခြေပြု ပညာရေးအဖွဲ့အစည်းများသည် ပဋိပက္ခဖြစ်နေသော လူမှုအဖွဲ့အစည်းများကို အရေးပါသော တတိယအဆင့် ပညာရေး ဝန်ဆောင်မှုများကို ပေးအပ်နေသော အဖွဲ့များဖြစ်သည်။ အတိတ်ကာလက ဗမာမှုပြုရေးဝါဒ ကြီးစိုးသော အစိုးရကြောင့် နိုင်ငံရေး နစ်နာချက်များ ရှိခဲ့သကဲ့သို့ပင် အချို့နေရာများတွင် နိုင်ငံတော်၏ ဆောင်ရွက်ချက်များ မရောက်ရှိခဲ့ချေ။ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများသည် ထင်ရှားသော ကွာဟချက်များကို ဖြည့်ဆည်းပေးကာ နေ့စဉ် ပဋိပက္ခများနှင့် ကြုံတွေ့နေရသော လူငယ်များကို ပညာသင်ကြားပေးနေသည်။ ထို့အပြင် ယင်းအဖွဲ့အစည်းများသည် ပညာရေး ဖွံ့ဖြိုးမှုအတွက် အတားအဆီးများတွင် စွန့်စားခဲ့ကြရသည်။ ကွဲပြားမှုရှိသော ပညာရေးကဏ္ဍနှင့် အရေးပါသော မိတ်ဖက်ဆောင်ရွက်သူများ ဖြစ်သည့် လက်ရှိ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများကို အသိအမှတ်ပြုရေးသည် ကမ္ဘာလုံးဆိုင်ရာ ပညာရေးရည်မှန်းချက်နှင့် အားလုံးအတွက်ကို အထောက်အပံ့ပေးရာ ရောက်သည်သာမက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် တာရှည်ခံသော ကဏ္ဍအစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။ မြန်မာနိုင်ငံ၏ ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သမိုင်းမှတ်တိုင်ဖြစ်သော ပြုပြင်ပြောင်းလဲမှု ကိစ္စရပ်များနှင့် အရေးပါသော အုပ်ချုပ်မှုဆိုင်ရာ ဆက်လက် ဆွေးနွေးမှုများကို ယခုစာတမ်းက အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ယခုသုတေသန စာတမ်းသည် မစ္စတာ ကင်မ်ဂျိုလစ်ဖ်နှင့် မစ္စ အင်မီလီစပီးယားစ်မီးယားစ်တို့က ရေးသားပြုစုပါသည်။ ကင်မ်ဂျိုလစ်ဖ်သည် လုံခြုံရေး၊ တိုင်းရင်းသား ပဋိပက္ခနှင့် အထောက်အပံ့မှုဝါဒကို အထူးပြု ရေးသားပြီး အင်မီလီစပီးယားစ်မီးယားစ်က ပဋိပက္ခနှင့် ပညာရေးကိစ္စများကို ဖောင်းပေးရေးသားပါသည်။ ဤစာတမ်းအတွက် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာနနှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့က ရန်ပုံငွေ ရက်ရောစွာ ထောက်ပံ့ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော အတွေးအမြင်များသည် စာရေးသူများ၏ အာဘော်သာ ဖြစ်ပြီး အဆိုပါ ဌာနများနှင့် အာရှဖောင်ဒေးရှင်းတို့နှင့် သက်ဆိုင်မှု မရှိပါကြောင်း တင်ပြအပ်ပါသည်။

ဒေါက်တာ ကင်မ်အင်န်ဘီနှင့်
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်းမြန်မာ

## မာတိကာ


**အတိုကောက်ဝေါဟာရများ.......i**

**အပိုင်း (၁) နောက်ခံသမိုင်းနှင့် မိတ်ဆက် ....... 1**

**အခန်း (၁)၊ မိတ်ဆက်နိဒါန်း ....... 2**
- သုတေသနပြုစုပုံ နည်းလမ်း ....... 4
- အစီရင်ခံစာ တင်ပြထားပုံ ....... 5

**အခန်း (၂)၊ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းအကျဉ်းနှင့် ပဋိပက္ခ ....... 6**
- လွတ်လပ်ရေးအကြိုကာလ ....... 6
- လွတ်လပ်ရေးရပြီးကာလနှင့် အမျိုးသားရေးစနစ်တစ်ခု တည်ဆောက်ခြင်း (၁၉၄၈-၁၉၆၂) ....... 7
- ဦးနေဝင်း၏ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈) ....... 8
- အုပ်ချုပ်ရေးအသစ်၊ မူဝါဒအသစ်များ (၁၉၈၈-၂၀၁၁) ....... 9
- ပြုပြင်ပြောင်းလဲရေးကာလ (၂၀၁၁-၂၀၁၆) ....... 11

**အခန်း (၃)၊ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများအကြောင်းနှင့် ယင်းတို့၏ ဆောင်ရွက်ပုံ ....... 14**
- ဝေါဟာရ၊ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ ....... 14
- နိုင်ငံရေးအနေအထား ....... 14
- "လူမှုအဖွဲ့အစည်းကျောင်း"မှ အခြေခံပညာ ....... 15
- လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ၏ အထောက်အပံ့များ ....... 16
- ပညာရေးဝန်ကြီးဌာန၏ အထောက်အပံ့များ ....... 17
- မည်သူ၏ကျောင်းများဖြစ်ပါသလဲ ....... 17

**အခန်း (၄)၊ လေ့လာမှုနှင့် ပတ်သက်သည်များကို မိတ်ဆက်တင်ပြခြင်း ....... 19**
- ကရင် ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း ....... 19
- မွန် ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း ....... 22
- ရှမ်း ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း ....... 24

**အပိုင်း (၂)၊ မြန်မာပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း ....... 29**

**အခန်း (၅)၊ ပညာရေးဝန်ကြီးဌာနနှင့် ယင်း၏ ပြုပြင်ပြောင်းလဲမှု အစီအစဉ် ....... 31**
- ပညာရေးကဏ္ဍ တိုးမြှင့်သုံးစွဲမှု၊ အစိုးရနှင့် အလှူရှင်များ ....... 32
- ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ သုံးသပ်ခြင်းနှင့် အမျိုးသား မဟာဗျူဟာ အစီအစဉ် ....... 34
- သုံးစွဲမှုတိုးမြှင့်ခြင်းနှင့် ပညာရေး ပြုပြင်ပြောင်းလဲမှု၏ အဓိကနေရာများ ....... 34
- ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ ....... 36

**အခန်း (၆)၊ ပညာရေးနှင့် ပတ်သက်သော ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ....... 38**
- မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားမျိုးစုံ ပညာရေး ....... 38
- တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်း ....... 40
- မြန်မာဘာသာနှင့် မိခင်ဘာသာတို့၏ မှန်ကန်သော နှိုင်းယှဉ်ချက် တွေ့ရှိမှု ....... 41
- မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးနှင့်ပတ်သက်သော အားနည်းချက်များ ....... 42
- တွေ့ကြုံရမည့် စိန်ခေါ်မှုအတွက် မူဘောင်ရေးဆွဲခြင်း ....... 45

**အခန်း (၇)၊ ကွဲပြားခြားနားသောအင်အားများ၊ အမျိုးမျိုးသောပညာရေးထောက်ပံ့သူများရရှိခြင်း၏ အကျိုးကျေးဇူးများ ....... 48**
- နိုင်ငံတကာ ထုံးတမ်းများ၊ နိုင်ငံတော်ကမဟုတ်သည့် ဆောင်ရွက်သူများနှင့် ပြည့်စုံသော စနစ်များ ....... 48
- မြန်မာ့ပညာရေးကဏ္ဍအတွက် လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ၏ အရေးပါမှု ....... 50

**အပိုင်း (၃) အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် တိုက်တွန်းအကြံပြုချက်များ ..... 59**

**အခန်း (၈)၊ ပထမခြေလှမ်းများဆောင်ရွက်ခြင်း ..... 61**
- တွေ့ကြုံရမည့် စိန်ခေါ်မှုအတွက် မူဘောင်ရေးဆွဲခြင်း ..... 61
- တိုက်တွန်း အကြံပြုချက်များ ..... 62
- လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို တရားဝင် အသိအမှတ်ပြုခြင်း ..... 63
- တိုက်တွန်းအကြံပြုချက်များ ..... 66
- တိုးတက်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဆီသို့ ..... 66
- တိုက်တွန်း အကြံပြုချက်များ ..... 69

**အခန်း(၉)၊ အပစ်အခတ်ရပ်စဲထားသော ဒေသများသို့ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ တိုးချဲ့ခြင်း ..... 72**
- အပစ်အခတ်ရပ်စဲရေးအတွက် EAO ၏ စိုးရိမ်ပူပန်မှုနှင့် စွန့်စားရမှုများ ..... 73
- အစိုးရ၏ချဉ်းကပ်မှုကို လူမှုအဖွဲ့အစည်းက တုန့်ပြန်မှု ..... 75
- လူ့စွမ်းအားအရင်းအမြစ်များကို ဖြန့်တီးခြင်း ..... 79
- တိုက်တွန်းအကြံပြုချက်များ ..... 80

**အခန်း (၁၀)၊ ရောနှောကျောင်းများကို တရားဝင်ဖြစ်စေခြင်းနှင့် စီမံအုပ်ချုပ်ခြင်း ..... 83**
- ပညာရေးဝန်ကြီးဌာနချဲ့ထွင်ခြင်းတွင် ရောနှောကျောင်းများ၏ အခြေအနေ ..... 83
- ရောနှောကျောင်းများ၏ ယေဘုယျ အခြေအနေ ..... 88
- တိုက်တွန်းအကြံပြုချက်များ ..... 90

**အခန်း(၁၁)၊ စနစ်နှစ်ခု၏ ကျောင်းသားအကဲဖြတ်မှု၊ အရည်အချင်းနှင့် လွှဲပြောင်းမှု ..... 93**
- တွေ့ရှိထားသော အဓိက စိန်ခေါ်မှုများ ..... 93
- တိုက်တွန်းအကြံပြုချက်များ ..... 97

**အခန်း(၁၂)၊ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ ဝန်ဆောင်မှု၏ အရည်အသွေးနှင့် ဘဏ္ဍာရေး ..... 104**
- ဘဏ္ဍာရေးနှင့် အထောက်အပံ့ အရင်းအမြစ်များ ..... 104
- ကျောင်းဆရာ အထောက်အပံ့နှင့် လေ့ကျင့်ရေး ..... 105
- တိုက်တွန်းအကြံပြုချက်များ ..... 107

**ပုံနှိပ်စာရင်း ..... 115**

**နောက်ဆက်တွဲ (၁)၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်ခြင်းအမျိုးသားဘာသာစကားမူဝါဒဖွံ့ဖြိုးရေးအတွက် နေပြည်တော်အခြေခံမူများ ..... 122**

**နောက်ဆက်တွဲ (၂)၊ ၂၀၁၁ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးထားသော အပစ်အခတ်ရပ်စဲရေး ..... 123**

**နောက်ဆက်တွဲ (၃)၊ ပေါင်းစည်းထားသော တိုက်တွန်းအကြံပြုချက်များ ..... 125**
- အစိုးရသို့ တိုက်တွန်းအကြံပြုချက်များ ..... 125
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ ..... 128
- အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ ..... 129
- နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ ..... 132

**မြေပုံစာရင်း၊ ကားချပ်များနှင့် ဇယားများ**

မြေပုံ ၁။ ကရင်အမျိုးသားအစည်းအရုံး ခရိုင်များနှင့် မြို့နယ်များ ..... iv
မြေပုံ ၂၊ ကရင်ပြည်နယ်ပညာရေးထောက်ပံ့ရေးအဖွဲ့၏ ထောက်ပံ့ခံ ကရင်အမျိုးသားအစည်းအရုံး မြို့နယ်အလိုက် ကျောင်းများခွဲဝေမှု ..... v
မြေပုံ ၃။ "အရှေ့ဒေါနဒေသ"၊ ကရင်အမျိုးသားအစည်းအရုံး၏ ကော်တီရီးမြို့နယ် ..... vi
မြေပုံ ၄။ မြန်မာပြည်အရှေ့တောင်ပိုင်း (အစိုးရအုပ်ချုပ်သော တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်များ) ..... vii
မြေပုံ ၅။ ရှမ်းပြည်မြောက်ပိုင်း (သီပေါမြို့နယ်ကိုကြည့်ရန်) ..... viii
မြေပုံ ၆။ မြန်မာပြည်ရှိ အဓိက ဘာသာစကားများ ..... ix
မြေပုံ ၇။ မြန်မာပြည်ရှိ ဘုန်းတော်ကြီးသင်ကျောင်းများ (၂၀၁၄) ..... x

ကားချပ် (၁)၊ ရပ်ရွာစာသင်ကျောင်းများက ရရှိသော အထောက်အပံ့ပုံစံများ ........................................................................ 16
ကားချပ် (၂)၊ ပညာရေးအတွက် အစိုးရ သုံးစွဲကုန်ကျမှု ......................................................................................................... 32

ဇယား(၁)၊ အခြေခံပညာတွင် ကျောင်း၊ ဆရာနှင့် ကျောင်းသား အရေအတွက် ................................................................... 31

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| AY | စာသင်နှစ် |
| BGF | နယ်ခြားစောင့်တပ် |
| CAPS | စဉ်ဆက်မပြတ်အကဲခတ်ခြင်းနှင့် တိုးတက်မှုစနစ် |
| CESR | Comprehensive Education Sector Reform<br>ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလုပ်ငန်းများ |
| CPB | Communist Party of Burma<br>မြန်မာပြည်ကွန်မြူနစ်ပါတီ |
| DFAT | Department of Foreign Affairs and Trade [Australian Government]<br>နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေး ဝန်ကြီးဌာန (ဩစတြေးလျ အစိုးရ) |
| DKBA | Democratic Karen Buddhist Army<br>ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် |
| DPWC | Development Partners Working Committee<br>ဖွံ့ဖြိုးရေးမိတ်ဘက်များလုပ်ငန်းကော်မတီ |
| EAO | Ethnic Armed Organization<br>တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း |
| EAO-ED | Ethnic Armed Organization Education Departments<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ပညာရေးဌာနများ |
| EBCS | Eastern Burma Community Schools<br>ဗမာပြည်အရှေ့ပိုင်းလူမှုအဖွဲ့အစည်းကျောင်းများ |
| EBEP | Ethnic Basic Education Provider<br>လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်း |
| EFA | Education For All<br>အားလုံးအတွက်ပညာရေး |
| EGRA | Early Grade Reading Assessment<br>ရှေးဦး အဆင့်လိုက်စာဖတ်စွမ်းရည် အကဲဖြတ်မှု |
| FERD | Foreign Economic Relations Department<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန |
| HURFOM | Human Rights Foundation of Monland<br>မွန်ဒေသလူ့အခွင့်အရေးဖောင်ဒေးရှင်း |
| IDP | Internally Displaced Person<br>ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ |
| IRC | International Rescue Committee<br>နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ |
| INGO | International Non-Governmental Organization<br>နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း |
| JICA | Japan International Cooperation Agency<br>ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| KED | Karen Education Department<br>ကရင်ပညာရေးဌာန |
| KG | Kindergarten သူငယ်တန်း |
| KHRG | Karen Human Rights Group<br>ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KIO | Kachin Independence Organization<br>ကချင်လွတ်လပ်ရေးအဖွဲ့ |


| | |
|---|---|
| KKO/DKBA | Khohtoobaw Karen Organization/Democratic Karen Benevolence Army<br>ကလိုထူးဘော ကရင်အစည်းအရုံး/ ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် |
| KNPP | Karenni National Progressive Party<br>ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| KNPLF | Karenni Nationalities People’s Liberation Front<br>ကရင်နီ လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး |
| KNLA | Karen National Liberation Army<br>ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | Karen National Union<br>ကရင်အမျိုးသားအစည်းအရုံး |
| KRCEE | Karen Refugee Committee – Education Entity<br>ကရင်ဒုက္ခသည်များကော်မတီ-ပညာရေး အဆောက်အဦ |
| KPC | Karen Peace Council<br>ကရင်ငြိမ်းချမ်းရေးကောင်စီ |
| KSEAG | Karen State Education Assistance Group<br>ကရင်ပြည်နယ်ပညာရေးထောက်ပံ့ရေးအဖွဲ့ |
| KTWG | Karen Teacher Working Group<br>ကရင်ကျောင်းဆရာများလုပ်ငန်းကော်မတီ |
| LMIC | Lower-to-Middle Income Countries<br>ဝင်ငွေအနည်းငယ်မှအလယ်အလတ်ရနိုင်ငံများ |
| MDEF | Multi-Donor Education Fund<br>အလှူရှင်ပေါင်းစုံပညာရေးရန်ပုံငွေ |
| MEC | Myanmar Education Consortium<br>မြန်မာပညာရေး မြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့ |
| MNEC | Mon National Education Committee<br>မွန်အမျိုးသားပညာရေးကော်မတီ |
| MNED | Mon National Education Department<br>မွန်အမျိုးသားပညာရေးဌာန |
| MoBAS | Ministry of Border Affairs and Security<br>နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီးဌာန |
| MoE | Ministry of Education<br>ပညာရေးဝန်ကြီးဌာန |
| MORA | Ministry of Religious Affairs<br>သာသနာရေးဝန်ကြီးဌာန |
| MP | Member of Parliament<br>လွှတ်တော်ကိုယ်စားလှယ် |
| MTA | Mong Tai Army<br>မော်ထိုင်းအဖွဲ့ |
| MTB | Mother Tongue-Based<br>မိခင်ဘာသာစကား အခြေပြု |
| MTB-MLE | Mother Tongue-Based Multilingual Education<br>မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေး |
| MTT | Mobile Teacher Training<br>ရွေ့လျားဆရာဖြစ်သင်တန်း |
| NCA | Nationwide Ceasefire Agreement<br>တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် |

| | |
|---|---|
| NDAA | National Democratic Alliance Army<br>အမျိုးသားဒီမိုကစီသွေးစည်းညီညွတ်ရေးတပ်မတော် |
| NEL | National Education Law<br>အမျိုးသားပညာရေးဥပဒေ |
| NESP | National Education Strategic Plan<br>အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း |
| NLD | National League for Democracy<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | New Mon State Party<br>မွန်ပြည်သစ်ပါတီ |
| ODA | Overseas Development Aid [non-standard usage]<br>နိုင်ငံရပ်ခြားဖွံ့ဖြိုးရေးအထောက်အပံ့ (အသုံးမှန်မဟုတ်) |
| OECD | Organization for Economic Cooperation and Development<br>စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး နှင့်ဖွံ့ဖြိုးရေးအဖွဲ့ |
| PBEA | Peacebuilding, Education, and Advocacy<br>ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ပညာရေးနှင့် ထောက်ခံအားပေးမှု |
| PSLF | Palaung State Liberation Front<br>ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| PTA | Parent-Teacher Association<br>မိဘ-ဆရာ အသင်း |
| QBEP | Quality Basic Education Programme<br>အရည်အသွေးပြည့်အခြေခံပညာအစီအစဉ် |
| RCSS | Restoration Council of Shan State<br>သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| RDFSS | Rural Development Foundation of Shan State<br>ရှမ်းပြည်ကျေးလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း |
| SDC | Swiss Development Corporation [non-standard usage]<br>ဆွစ်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (အသုံးမှန်မဟုတ်) |
| SDG | Sustainable Development Goal<br>အမြဲတည်တံ့သောဖွံ့ဖြိုးရေးရည်မှန်းချက် |
| SSDF | Shan State Development Foundation<br>ရှမ်းပြည်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း |
| SSPP | Shan State Progress Party<br>ရှမ်းပြည်တိုးတက်ရေးပါတီ |
| TBBC | Thai-Burma Border Consortium<br>ထိုင်း-မြန်မာနယ်စပ်အဖွဲ့ |
| TEO | Township Education Officers<br>မြို့နယ်ပညာရေးမှူးများ |
| TVET | Technical and Vocational Education for Training<br>စက်မှုစိုက်ပျိုးနှင့်သက်မွေးပညာသင်တန်း |
| UNFC | United Nationalities Federal Council<br>ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ |
| UWSP | United Wa State Party<br>“ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ |
| USAID | United States Agency for International Development<br>ကုလသမဂ္ဂနိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ |

## မြေပုံ ၁။ ကရင်အမျိုးသားအစည်းအရုံး ခရိုင်များနှင့် မြို့နယ်များ




မြေပုံ ၂။ ကရင်ပြည်နယ်ပညာရေးထောက်ပံ့ရေးအဖွဲ့၏ ထောက်ပံ့ခံ ကရင်အမျိုးသားအစည်းအရုံး မြို့နယ်အလိုက် ကျောင်းများခွဲဝေမှု



မြေပုံ ၃။ “အရှေ့ဒေါနဒေသ”၊ ကရင်အမျိုးသားအစည်းအရုံး၏ ကော်တီရီးမြို့နယ်




မြေပုံ ၄။ မြန်မာပြည်အရှေ့တောင်ပိုင်း (အစိုးရအုပ်ချုပ်သော တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်များ)





Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

မြေပုံ ၅။ ရှမ်းပြည်မြောက်ပိုင်း (သီပေါမြို့နယ်ကိုကြည့်ရန်)



## မြေပုံ ၆။ မြန်မာပြည်ရှိ အဓိက ဘာသာစကားများ




# မြေပုံ ၇။ မြန်မာပြည်ရှိ ဘုန်းတော်ကြီးသင်ကျောင်းများ

Myanmar Information Management Unit

## Monastic Education in Myanmar

**2014**




| Type of School | Schools | Novices | Boys | Nuns | Girls | Total Students |
|---|---|---|---|---|---|---|
| Primary | 972 | 12,111 | 115,658 | 5,571 | 85,767 | 219,107 |
| Middle | 557 | 10,458 | 29,879 | 5,844 | 23,454 | 69,635 |
| High | 2 | - | 3,455 | - | 2,025 | 5,480 |
| **Grand Total** | **1,531** | **22,569** | **148,992** | **11,415** | **111,246** | **294,222** |

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

# အပိုင်း (၁) နောက်ခံသမိုင်းနှင့် မိတ်ဆက်

## အခန်း (၁)၊ မိတ်ဆက်နိဒါန်း

- သုတေသနပြုစုပုံ နည်းလမ်း
- အစီရင်ခံစာ တင်ပြထားပုံ

## အခန်း (၂)၊ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းအကျဉ်းနှင့် ပဋိပက္ခ

- လွတ်လပ်ရေးအကြိုကာလ
- လွတ်လပ်ရေးရပြီးကာလနှင့် အမျိုးသားရေးစနစ်တစ်ခု တည်ဆောက်ခြင်း (၁၉၄၈-၁၉၆၂)
- ဦးနေဝင်း၏ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)
- အုပ်ချုပ်ရေးအသစ်၊ မူဝါဒအသစ်များ (၁၉၈၈-၂၀၁၁)
- ပြုပြင်ပြောင်းလဲရေးကာလ (၂၀၁၁-၂၀၁၆)

## အခန်း (၃)၊ လူမျိုးစုအခြေပြု ပညာရေး အဖွဲ့အစည်းများအကြောင်းနှင့် ယင်းတို့၏ ဆောင်ရွက်ပုံ

- ဝေါဟာရ၊ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ
- နိုင်ငံရေးအနေအထား
- "လူမှုအဖွဲ့အစည်းကျောင်း"မှ အခြေခံပညာ
- လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အထောက်အပံ့များ
- ပညာရေးဝန်ကြီးဌာန၏ အထောက်အပံ့များ
- မည်သူ၏ ကျောင်းများ ဖြစ်ပါသလဲ

## အခန်း (၄)၊ လေ့လာမှုနှင့် ပတ်သက်သည်များကို မိတ်ဆက်တင်ပြခြင်း

- ကရင် ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း
- မွန် ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း
- ရှမ်း ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း

## အခန်း (၁)။ ။ မိတ်ဆက်နိဒါန်း

မြန်မာပြည်ရှိ ဗမာစကားမပြောကြသော ဒေသများတွင် အခြေခံပညာရေးကို ဒေသဆိုင်ရာတိုင်းရင်းသားများက တောက်လျှောက်ဖြည့်ဆည်းပေးလာခဲ့ကြသည်ဖြစ်ရာ ယင်းတို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပညာရေးဌာနများ၊ ရပ်ရွာအခြေခံအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများ ပါဝင်ကြသည်။ ကျောင်းကော်မတီ၏ အုပ်ထိန်းမှုအောက်တွင် ထိုလူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် ရပ်ရွာကရန်ပုံငွေ ထပ်မံဖြည့်တင်းပေးထားပြီး စီမံခန့်ခွဲထိန်းသိမ်းသော ရပ်ရွာကျောင်းများအတွက် ပုံမှန်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးကြသည်။

၂၀၁၄ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းက "မြန်မာနိုင်ငံ၏ အတိုက်အခိုက်ဒေသများရှိ တိုင်းရင်းသားပဋိပက္ခနှင့် လူမှုရေးဝန်ဆောင်မှုများ" ဆိုသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အစိုးရနှင့် ယင်းတို့ ပတ်သက်မှုများနှင့် သက်ဆိုင်သော လူမှုရေးဝန်ဆောင်မှုပေးသူများအကြောင်းကို ဦးတည်ရေးသားထားသည်။[1] ယင်းသည်ပင် ပဋိပက္ခဖြစ်လေ့ရှိသော ထိုဒေသများတွင် လူမှုရေးဝန်ဆောင်မှုများပေးအပ်ရန် လိုအပ်ပုံများကို ဖော်ပေးတင်ပြထားပြီး အထူးသဖြင့် မြန်မာနိုင်ငံ တိုးတက်စေရန် နိုင်ငံရပ်ခြားအထောက်အပံ့များအကြောင်းကို သုံးသပ်ထားသည်။

ဤအစီရင်ခံစာသည် ပညာရေးဝန်ဆောင်မှုကိစ္စရပ်များကို ထဲထဲဝင်ဝင် လေ့လာတင်ပြထားသည်။ ယင်းသည် အခြားဒေသများမှ ကျယ်ပြန့်မှုမရှိသော အချက်အလက်အချို့နှင့်အတူ မွန်၊ ကရင်နှင့် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ရှမ်းပြည်နယ်ဒေသများတွင် ဆောင်ရွက်သော လေ့လာမှုကိစ္စရပ်များအကြောင်းကို အခြေခံကျကျ တင်ပြထားသည်။ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အရေးပါသော အခန်းကဏ္ဍအတွက် အသေးစိတ် အကြောင်းပြချက်တစ်ခုကို ဖော်ပြထားသည်။ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများက ပိုမို အကူအညီပေးအပ်နိုင်စေရန် နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများကဲ့သို့ပင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများအတွက် ပြည့်စုံပြီး အရေးတယူပြုသင့်သော ထောက်ခံချက်များကိုလည်း ပေးအပ်ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ ဘဏ္ဍာရေးရှားပါးမှုနှင့် သွားရောက်ရန်ခက်ခဲမှုတို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းပြည်သူအားလုံးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရပြီး လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများမှာမူ အစိုးရပညာရေး ဆောင်ရွက်ပေးမှုများတွင် ကွာဟနေခဲ့သည့် ကြီးမားသောကွက်လပ်များကို ဖြည့်ဆည်းပေးခဲ့ကြရသည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနသည် စနစ်အနေဖြင့် တည်ရှိဆဲဖြစ်ပြီး ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ်ပေးအပ်သော မိခင်ဘာသာစကား အခြေခံဝန်ဆောင်မှုကို မကြာသေးမီက မိတ်ဆက်တင်ပြခဲ့ရာ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် ယင်းတို့၏ ရပ်ရွာအတွက် မိခင်ဘာသာစကား အခြေခံပညာရေးဖြည့်ဆည်းပေးရန် ရှာဖွေကြံဆကြရသည်။ ထို့အပြင် နိုင်ငံတော်ထိန်းချုပ်မှုမှ ကိုယ်ပိုင်ဆောင်ရွက်ခွင့်ရှိလာစေရေးအတွက်နှင့် မိမိရပ်ရွာများအတွက် မိမိတို့ဘာသာဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားတိုင်းရင်းသားအဖွဲ့များက လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို မွေးဖွားပေးခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အစိုးရက မည်သည့်အခါကမျှ မထိန်းချုပ်နိုင်ခဲ့သည့် များစွာသော ပိုင်နက်နယ်မြေအပိုင်းအခြားများရှိကြပေရာ ယင်းတို့အနက် အချို့နေရာများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နှစ်ပေါင်း ၄၀၊ ၅၀၊ ၆၀ တိုင်အောင် အစားထိုးအစိုးရအဖြစ် အုပ်ချုပ်ခဲ့ကြသည်။[2] ထိုကာလအတွင်း အစိုးရပညာရေးစနစ်ကို တိုင်းရင်းသားအကျိုးဆောင်ဟုဆိုနိုင်သော တိုင်းရင်းသားအထက်တန်းလွှာများနှင့် ဗမာမဟုတ်သော ဗမာမှုသွတ်သွင်းခြင်း၊ ပြုခြင်း လက်ကိုင်ပြုသည့် ပြည်သူများက အုပ်ချုပ်ရေး၏ ထိလွယ်ရှလွယ်နေရာတစ်ခုဖြစ်စေရန် ပြုလုပ်ခြင်းဟု ထင်မြင်လာကြသည်။

လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများသည် ပမာဏအနည်းငယ်သော နိုင်ငံတကာအထောက်အပံ့ကိုသာ အားထားခဲ့ရပြီး ထိုကာလအတွင်း ယင်းတို့ထောက်ပံ့ပေးသော ကျောင်းများသည် ရပ်ရွာလူကြီးများ၏အောက်တွင် အချိန်နှင့် အရင်းအမြစ်များကိုသာ များစွာအားကိုးခဲ့ကြရသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုသည် နော်ဝေး၊ ဗြိတိန်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနှင့် အခြားနိုင်ငံများက လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများကို အဓိကထောက်ပံ့ခဲ့သည်။ သို့သော် မကြာသေးမီနှစ်များအတွင်းက ယင်း အလှူရှင်နိုင်ငံများသည် ခက်ခဲသောရွေးချယ်မှုများကြုံတွေ့ကြရသည်။ ယင်းတို့သည် လူဦးရေများပြားမှုကို မူတည်ပြီး မြန်မာအစိုးရနှင့် ဆက်ဆံရေး ပုံမှန်ဖြစ်စေခဲ့ကာ ပညာရေးဝန်ကြီးဌာနကို ကြီးမားသောထောက်ပံ့မှုများ ပေးအပ်ခဲ့ကြသည်။

ထိုကာလအတွင်း မြန်မာအစိုးရ၏ ပညာရေးကဏ္ဍတွင် သုံးစွဲမှုများသည် မကြာသေးမီနှစ်များကထက် လေးဆမျှ များပြားလာခဲ့သည်။ ထို့အပြင်

---

[1] ဂျိုလစ်ဖ် (၂၀၁၄)

[2] မြန်မာ့လက်နက်ကိုင်ပဋိပက္ခများ၏ အမျိုးမျိုးသော ကာလများတွင် ကွဲပြားသော ပိုင်နက်နယ်မြေများကို မည်သို့ အုပ်ချုပ်ခဲ့ကြသည်ဆိုခြင်းနှင့် ပတ်သက်ပြီး သမိုင်းအကျဉ်းတစ်စောင်နှင့် များစွာသော တိုင်းရင်းသားလက်နက်ကိုင်များ ယနေ့အချိန်တွင် မည်သည့်နေရာ၌ မည်သို့အုပ်ချုပ်နေကြသည်ကို အသေးစိတ်သုံးသပ်မှု၊ ဂျိုလစ်ဖ်ကို ကြည့် (၂၀၁၅)

အပစ်အခတ်ရပ်စဲရေးကလည်း ပညာရေးဝန်ကြီးဌာန၏ အာဏာစက်ကို လူဦးရေများစွာဆီသို့ ဖြန့်ကျက်စေခဲ့သည်။ လူမှုအသိုင်းအဝိုင်းများကို များစွာသော အကျိုးအမြတ်အလားအလာများ ပေးနေခဲ့သော်လည်း ပညာရေးဝန်ကြီးဌာန၏ ချဲ့ထွင်မှုများသည် ညှံ့ဖျင်းသော စီမံခန့်ခွဲမှုအောက်တွင်သာ ရှိခဲ့ပြီး နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ပြောင်းလဲမှုများဆီသို့သာ ဖြစ်ပေါ် စေခဲ့သည်။ ထို့အပြင် တစ်ခါတစ်ရံ အရင်းအမြစ်များကို အလဟဿ ဖြစ်စေပြီး အပစ်အခတ်ရပ်စဲရေးကို အယုံအကြည်ကင်းမဲ့စေသည်။ အကယ်၍သာ ပညာရေးဝန်ကြီးဌာနနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာပြီး ပိုမိုကောင်းမွန်သော လုပ်ဆောင်မှုနည်းလမ်းများ တိုးတက်စေလျှင် ပြောင်းလဲမှုအားလုံး ရှန်းကန်မှုများကို အောင်မြင်ကျော်လွှားနိုင်သည်။

လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံ ပညာရေးကဏ္ဍကို များစွာသောအကျိုးအမြတ်များ ပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက် ရောက်ရှိအောင်မြင်စေရန် ကြိုးပမ်းရာတွင် အရေးပါသော မိတ်ဖက်အဖွဲ့များအဖြစ် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို အစိုးရကရော နိုင်ငံတကာဖွံ့ဖြိုးရေးဆောင်ရွက်သူများကပါ ရှုမြင်ထားကြကြောင်း ယခုအစီရင်ခံစာက ပြဆိုသည်။ စင်စစ် ယင်း ပညာရေးအဖွဲ့အစည်းမျိုးစုံ ဖြစ်စေရန်မှာ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကကိစ္စ မဟုတ်ချေ။ ဗဟိုအစိုးရတစ်ခုတည်းက ပညာရေးကဏ္ဍ တိုးတက်စေရန် လုပ်ဆောင်ရမည်မှာ မဖြစ်နိုင်ချေ။ ထို့အပြင် မြန်မာနိုင်ငံရှိ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် အရေးကြီး အကြောင်းအရာ လေးချက်ရှိသည်။ ယင်းတို့မှာ (၁) နယ်မြေအနှံ့သို့ ရောက်ရှိနိုင်ခြင်း၊ (၂) မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးတွင် အတွေ့အကြုံရှိခြင်း၊ (၃) ယင်းတို့ကို ရပ်ရွာက တန်ဖိုးထားခြင်း၊ (၄) ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ခြင်းတို့ဖြစ်ကြသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးတွင် အဓိက ပညာရေးအဖွဲ့အစည်းအဖြစ် တည်ရှိနေသည်ဖြစ်စေ သို့မဟုတ် ယင်းသို့ မတည်ရှိနေသည်ဖြစ်စေ နိုင်ငံ၏ တစ်ခုတည်းသော ပညာရေးအဖွဲ့အစည်းဖြစ်သည်။ ဝေးလံခေါင်ဖျားဒေသများနှင့် အမေ့ခံ ပြည်သူများဆီသို့တိုင်အောင် မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် အရည်အချင်းပြည့်ဝသော အားလုံးအတွက်ပညာရေးကို အောင်မြင်မှုရရှိစေရန် တိုးချဲ့ဆောင်ရွက်ခြင်း ပြုလုပ်ရုံမျှနှင့် ပညာရေးဝန်ကြီးဌာန၏ လုပ်ဆောင်မှုနှင့် အစီအစဉ်များကို တိုးတက်စေရန် သေချာစေလိမ့်မည် မဟုတ်ချေ။ လက်ရှိတည်ရှိနေသော ပညာရေးကဏ္ဍရှိ မတူကွဲပြားမှုသည် ဘုံရည်မှန်းချက်ကို အခြေခံသော ဘုံလုပ်ငန်းစဉ်တစ်ခုကို အခြားပညာရေးဆောင်ရွက်သူများအား အထောက်အကူပြုရန်အတွက် နေရာဖြည့်ဆည်းသတ်မှတ်ပေးသော အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် များစွာအောင်မြင်မှုရနိုင်မည် မဟုတ်ပေ။ ပညာရေးအကျိုးကျေးဇူးများအပြင် ပြည်ထောင်စုအတွင်း တန်ဖိုးရှိသော လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများတွင် အနာဂတ်တစ်ခုရှိနေသည်ဆိုခြင်းမှာ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး အောင်မြင်မှုရရှိစေရန်အတွက် အရေးပါမည်ဖြစ်သည်။ ထို့အပြင် ယင်းသည်ပင် "စစ်မှန်ပြီး ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံ" တည်ဆောက်ရန် အစိုးရ၏ ရည်မှန်းချက်အတွက် အုတ်မြစ်ကို ချနိုင်လိမ့်မည်ဖြစ်သည်။[3]

ပညာရေးဝန်ကြီးဌာနနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းစနစ်များ၏ လိုက်ဖက်မှု တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုအစီအစဉ်တစ်ခု လိုအပ်မည်ဖြစ်သည်။ ယင်းအစီအစဉ်သည် ထိုစနစ်နှစ်ခုအကြား ကျောင်းသားများကို ချောမွေ့စွာ လွှဲပြောင်းပေးနိုင်စေရန်၊ အရည်အသွေးအားလုံးကို အသိအမှတ်ပြုနိုင်စေရန်၊ ပညာရေးအဖွဲ့အစည်းအားလုံး၏ အရည်အချင်းကို လုံးဝစိတ်ချရစေရန်နှင့် နိုင်ငံတွင်း ဝန်ဆောင်မှုအားလုံးကို ဘဏ္ဍာရေးထောက်ပံ့စေရန် ဖြစ်သည်။

ရေရှည်တွင် နိုင်ငံတွင်းရှိ ပညာရေးအဖွဲ့အစည်းများ၏ အဆုံးစွန်သော ရည်မှန်းချက်သည် ကွဲပြားခြားနားသော်လည်း နိုင်ငံတော်၏ လမ်းညွှန်မှုအောက်တွင် ပေါင်းစည်းထားသော ပညာရေးကဏ္ဍကို ထူထောင်သင့်သည်။ ယင်းသည် စစ်ပွဲနှင့် ငြိမ်းချမ်းရေးကာလတစ်လျှောက် ပညာရေးအဖွဲ့အစည်းအများစုကို အလုပ်လုပ်ဆောင်နိုင်စေသည်။ သို့သော် အဆိုပါအခန်းကဏ္ဍကို ရရှိစေရန် နိုင်ငံတော်ကို တည်ဆောက်ခြင်းသည် နည်းစနစ်ဆိုင်ရာဖြေရှင်းချက်များနှင့် မှန်ကန်သောစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် အချိန်ပိုမိုယူရန် လိုအပ်သည်။ နိုင်ငံရေးဆိုင်ရာ နေရာယူမှုအခြေအနေသို့ ရောက်ရှိပြီးနောက် တိုင်းရင်းသားအထက်တန်းလွှာများအတွက်မှု ဖြစ်နိုင်ခြေဟု ယူဆနိုင်သည်။ ထို့အပြင် နိုင်ငံတော်၏ ဖွဲ့စည်းပုံနှင့် ပြည်ထောင်စု၏ဖွဲ့စည်းမှုနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော သဘောတူညီချက်တစ်ခုဖြစ်သည်။

အချို့သော လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ/တပ်မတော်တို့အကြား နိုင်ငံရေးအခြေအနေကိုလိုက်နာသော နိုင်ငံတော်စနစ်ဆီသို့ ပေါင်းစည်းသွားရန် မျှော်မှန်းကြသည်။ ဗဟို သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အဆင့် သို့မဟုတ် ယင်းတို့၏ လက်ရှိဖွဲ့စည်းပုံကို နိုင်ငံတော်စနစ် ပြုပြင်ပြောင်းလဲမှု စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာနတွင် ယင်းအဖွဲ့အစည်းနှစ်ခုသည် အရေးပါသောအခန်းကဏ္ဍများကို ရရှိမည်ဖြစ်သည်။ အခြားတစ်ဖက်မှာလည်း နိုင်ငံများစွာတွင် ပညာရေးဝန်ကြီးဌာန၏ အပြင်ဘက်မှ ပညာရေးဝန်ဆောင်မှု အပြည့်အဝကို ဆက်လက်လုပ်ဆောင်ရန် အခြားပညာရေးအဖွဲ့အစည်းများအတွက် ပြည့်စုံသော

[3] နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ နှစ်သစ်ကူး သဝဏ်လွှာ၊ Global New Light of Myanmar, April 17, 2016. http://globalnewlightofmyanmar.com/amendment-essential/ တွင်ကြည့်ရန်။

အနေအထား ရှိလိမ့်မည်ဖြစ်သော်လည်း ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့် အရေးပါသော ပညာရေးပါဝင်ပတ်သက်သူများအတွက်မူ စဉ်းစား ပေးနိုင်ခြင်း မရှိသေးချေ။

နီးစပ်သောအချိန်ကာလတွင် ပညာရေးဝန်ကြီးဌာနနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် တိုးတက်သော ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုတည်ဆောက်မှုတို့မှတစ်ဆင့် ယင်းတို့၏စနစ်များအတွင်း လိုက်ဖက်မှုကို တိုးတက်စေရန် လုပ်ဆောင်သင့်သည်။ စင်စစ် ကလေးများသည် တစ်နှစ်ကြာတိုင်း အသက်ကြီးပြင်းလာသည်ဖြစ်ရာ ထိုပြုပြင်ပြောင်းလဲမှုများသည် ပဋိပက္ခများ ဖြေရှင်းပြီးသည့်တိုင်အောင် စောင့်မနေနိုင်ချေ။ ထို့အပြင် ပညာရေးကဏ္ဍသည် စစ်ပွဲနှင့် ငြိမ်းချမ်းရေးကာလများတွင် အလုပ်လုပ်ဆောင်ရန်နှင့် မသေချာသော နိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေများအတွက် ပိုမိုကောင်းမွန်သော ဆုံးဖြတ်မှုများ ချမှတ်ရမည်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဦးဆောင်သော အစိုးရအတွက် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက် အောင်မြင်ရန် တန်ဖိုးရှိသော မိတ်ဖက်အဖွဲ့များအဖြစ် တည်ရှိနေကြပြီး တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် လူမျိုးစု အခြေပြု ပညာရေးအဖွဲ့အစည်းများကို ထောက်ပံ့ရန် မူဝါဒများကိုချမှတ်သင့်ကာ ယင်းတို့၏ တက်ကြွဆောင်ရွက်မှုကို အနှောင့်အယှက်ပေးခြင်း အား ရှောင်ရှားရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန် ပြည်ထောင်စုအတွင်း အနာဂတ် တန်ဖိုးရှိသောအဖွဲ့အစည်းများအဖြစ် ငြိမ်းချမ်းရေးနှင့် အမျိုး သားပြန်လည်ရင်ကြားစေ့ရေးအတွက် အရေးပါသော အုပ်စုများအဖြစ် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို ရှုမြင်သင့်ပေသည်။

တစ်ပြိုင်နက်တည်းမှာပင် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနဆိုသည်မှာ နိုင်ငံတော်၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည်ကို အသိအမှတ်ပြုသင့်ပြီး ပညာရေးကဏ္ဍတိုးတက်စေရန် အစိုးရက မဲဆန္ဒရှင်များကို တာဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် ယင်းတို့၏အစီအစဉ်များနှင့် မဟာဗျူဟာများအတိုင်း အစိုးရနှင့်အတူ အလုပ်လုပ် သင့်ပြီး ကြာမြင့်လာသည့်အခါ ကြိုးစားအားထုတ်မှုများသည် ယင်းတို့၏ရည်မှန်းချက်များနှင့် တာဝန်များမှ ကွဲလွဲမသွားစေရန် သို့မဟုတ် ယင်းတို့၏ဆောင်ရွက်နေသည့် လုပ်ငန်းများကို အတားအဆီးမပြုလုပ်ရန် လိုအပ်သည်။

ပဋိပက္ခများ ကြာရှည်လာသလောက် ပညာရေးဝန်ကြီးဌာနနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများဆီသို့ ပေးအပ်လာသော နိုင်ငံတကာ အကူအညီများအတွက် ကတိများသည် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ကူညီမှုတွင် အရေးပါလာသည်။ မိခင်ဘာသာ စကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို တိုးတက်စေရန်လုပ်ဆောင်ရာတွင် အားနည်းသော ရပ်ရွာအဖွဲ့အစည်းအများစုနှင့် နိုင်ငံတော် အတွင်း ရောက်ရှိရန်ခက်ခဲသော အချို့နေရာများကို ရောက်ရှိနိုင်သော လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို အရေးပါသော မိတ်ဖက် အဖွဲ့များအဖြစ် ရှုမြင်သင့်သည်။

## သုတေသနပြုစုပုံ နည်းလမ်း

ဤအစီရင်ခံစာအတွက် ကြီးမားသောသုတေသနတွင် မြန်မာနိုင်ငံ၏ ကွဲပြားခြားနားသည့်နေရာများတွင် ပြဿနာလေ့လာမှု သုံးခု၊ လူမျိုးစု အခြေပြု ပညာရေးအဖွဲ့အစည်းများ ကွန်ရက်သုံးခု၏ နိုင်ငံရေးအခြေအနေနှင့် လုပ်ဆောင်မှုကို ဆန်းစစ်ခြင်း၊ မွန်၊ ကရင်နှင့် ရှမ်း ပြည်သူ အသီးသီးအတွက် ဆောင်ရွက်ပေးမှုတို့ ပါဝင်သည်။ ထိုလေ့လာမှုများအသီးသီးအတွက် နည်းပညာများကို အခန်း (၄) တွင် ဖော်ပြထားသည်။ ထိုလေ့လာမှုများအပြင် တွေ့ဆုံမေးမြန်းမှုများ၊ တရားဝင်မဟုတ်သော ဆွေးနွေးချက်များ၊ ဦးတည်ချက်ထားသော အုပ်စုဆွေးနွေးချက်များကို ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ကျောင်းဆရာများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် မြန်မာပညာရေး အတိုင်ပင်ခံများ၊ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် သုတေသီများ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် စာရေးသူနှစ်ဦးသည် ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံ တည်ရှိရေးအတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက မန္တလေးတက္ကသိုလ်တွင်ကျင်းပသော နိုင်ငံတကာ ဘာသာစကားမူဝါဒ ညီလာခံတွင် ကျယ်ပြန့်စွာ ပါဝင်ဆွေးနွေးခဲ့ ကြပြီး ကဏ္ဍအသီးသီးမှ ပါဝင်ဆွေးနွေးသူများနှင့်အတူ ပါဝင်ခဲ့ကြသည်။ ကျမ်းကိုးစာရင်းတွင်ပါဝင်သော အရေးကြီးသည့် မြန်မာပြည်ကို ဦးတည်လေ့လာမှုများနှင့် အချို့အဓိကကျသော နိုင်ငံတကာ သင်ကြားရေးနှင့် မူဝါဒ အထောက်အထားများအပါအဝင် ကျယ်ပြန့်သော ဒုတိယ အဆင့် အရင်းအမြစ်များကို ဆွေးနွေးခဲ့ကြသည်။

ပညာရေးခေါင်းစဉ်လုပ်ငန်းအဖွဲ့၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာပညာရေးမြှင့်တင်မှု လက်တွဲ ဆောင်ရွက်ရေးအဖွဲ့တို့ကို မှတ်ချက်ပေးရန်အတွက် အဦးဆုံး ရှာဖွေတွေ့ရှိချက်များကို တင်ပြခဲ့သည်။ ပြဿနာရပ်လေ့လာမှုများ ရှင်းလင်းခြင်း ကို ရောနှောအုပ်ချုပ်သောကျောင်းများ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး တင်ပြချက်တစ်ခုကို ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံ တည်ရှိရေး နှင့် ပတ်သက်သော နိုင်ငံတကာ ဘာသာစကားမူဝါဒ ညီလာခံတွင် တင်ပြခဲ့သည်။ ထို့အပြင် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အဓိက နိုင်ငံတကာမိတ်ဖက်အဖွဲ့များ၏ စီမံခန့်ခွဲမှု ဝန်ထမ်းနှစ်ဦး၊ နိုင်ငံတကာ ပညာရေးအတိုင်ပင်ခံတစ်ဦးနှင့် အမျိုးသား ပညာရေးအတိုင်ပင်ခံ

နှစ်ဦးတို့၏ အကြံပြုချက်များ၊ တုန့်ပြန်မှုများနှင့် မေးခွန်းများကို အစီရင်ခံစာထဲတွင် ထည့်သွင်းထားသည်။

## အစီရင်ခံစာ တင်ပြထားပုံ

အစီရင်ခံစာတွင် အခန်း ၁၂ ခန်း ပါဝင်ပြီး အပိုင်း သုံးပိုင်း ပါဝင်ကာ ယင်းတို့အသီးသီးတွင် ကဏ္ဍခွဲ သုံးခုမှ လေးခုအထိ ပါဝင်သည်။ အပိုင်း(၁) တွင် ယခုမိတ်ဆက်နိဒါန်းပါဝင်ပြီး အစီရင်ခံစာကို ဆက်စပ်သုံးသပ်ရာတွင် ကူညီရန်လိုအပ်သော နောက်ခံသမိုင်းအချက်အလက်များကို ဖြည့်ဆည်းပေးထားပါသည်။ အပိုင်း(၂)တွင် မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ၏ ပုံပြသမိုင်းနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ မည်သို့ တိုးတက်ပြောင်းလဲလာပုံကို သရုပ်ဖော်ထားခြင်းပါဝင်သည်။ ယင်းသည် လက်ရှိ နိုင်ငံရေးအခြေအနေကို နားလည်စေရန် ထူးခြားချက်များဖြစ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မကြာသေးမီက တိုးတက်မှုများကို ကဏ္ဍခွဲ၏ အဆုံးနားတွင် ဖော်ပြထားသည်။ အခန်း(၃) တွင် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများဆိုသည်ကို ရှင်းပြထားပြီး နိုင်ငံရေးအခြေအနေများတွင် ယင်းတို့ မည်သို့အလုပ်လုပ်ကြရသည်၊ ယင်းတို့၏ ဝန်ဆောင်မှုများကို မည်သို့ဖြည့်ဆည်းပေးကြရသည်တို့ကို နားလည်စေရန် အခြေခံမှုဖော်ပြထားသည်။ အခန်း(၄) သည် အရေးကြီးပြီး အစီရင်ခံစာထဲတွင် ပါဝင်သည့် တွေ့ရှိမှုများနှင့် တိုက်တွန်းချက်များကို အခြေခံသော ပြဿနာလေ့လာမှု သုံးခုကို မိတ်ဆက်တင်ပြထားသည်။ အခန်း(၄) တွင် အကြောင်းအရာသုံးသပ်ခြင်း၊ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများနှင့် ယင်းတို့ဆောင်ရွက်မှု ထူးခြားချက်များကို တင်ပြထားသည်။ အစီရင်ခံစာက သတိပေးထားသည်မှာ အဆိုပါလေ့လာချက်များမှ အခြားအချက်အလက်များကို အကြိမ်ကြိမ်တင်ပြထားသည့်အပြင် စာဖတ်သူများအနေဖြင့် လိုအပ်ပါက အခန်း(၄) ကို ပြန်လည်ဖတ်ရှုရန် လိုအပ်ကြောင်း ထူးခြားသည့်အခြေအနေနှင့် ပတ်သက်ပြီး အသိပေးအပ်ပါသည်။

အပိုင်း(၂) သည် မကြာသေးမီနှစ်များက ပြုပြင်ပြောင်းလဲခဲ့သော မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို ဖော်ပြထားပြီး  လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများအနေဖြင့် ဆက်လက်လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးအစီအစဉ်များတွင် မည်သို့ ပါဝင်လုပ်ဆောင်နေသည်ကိုလည်း တင်ပြထားသည်။ အခန်း(၅) သည် ၂၀၁၁ ခုနှစ်ကတည်းက အစိုးရပညာရေး ပြုပြင်ပြောင်းလဲမှု၏ အဓိကနေရာများနှင့် ပတ်သက်သော သုံးသပ်ချက်များကို ဖော်ပြထားပြီး တိုးတက်သုံးစွဲမှုများနှင့် ကျယ်ပြန့်သော မူဝါဒအသစ်များကို ထင်ရှားစွာတင်ပြထားသည်။ ထို့ပြင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ များစွာသော အထောက်အပံ့များက ပညာရေးဝန်ကြီးဌာနသို့ အထောက်အပံ့များ ပေးအပ်မှုကိုလည်း တင်ပြထားသည်။ အခန်း(၆) သည် တွေ့ကြုံရမည့် စိန်ခေါ်မှုများအတွက် မူဘောင်များရေးဆွဲခြင်း၊ ယခုတိုင်အောင် အစိုးရကပြုလုပ်နေသော တိုးတက်မှုအခြေခံမှုများနှင့် မြန်မာနိုင်ငံအတွင်း မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံပညာရေးကို တိုးတက်စေရန်ပြုလုပ်ခြင်း၏ အရေးပါမှုတို့ကို ထောက်ပြထားသည်။ အခန်း(၇) သည် အခြားနိုင်ငံများရှိ ပညာရေးကဏ္ဍများတွင် များစွာသော ထောက်ပံ့သူများရှိကြောင်းကို သရုပ်ဖော်ထားပြီး လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် သဟဇာတဖြစ်စေနိုင်ကြောင်း နားလည်စေရန်အတွက် အခြေခံအချက်များ ပေးထားသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသည် ထူးခြားအရေးပါသော အင်အားစုနှင့် အကျိုးအမြတ်ကို ကမ်းလှမ်းလျက်ရှိကြောင်းလည်း တင်ပြထားသည်။

ပညာရေးဝန်ကြီးဌာနနှင့် လိုက်ဖက်စေရန်နှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အလားအလာကို ပိုမိုကောင်းမွန်စေရန် အကျိုးသက်ရောက်မှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော အစီအစဉ်များကို တိုးတက်ဖြစ်ထွန်းစေရန် လုပ်ဆောင်ရာတွင်  အပိုင်း(၃) သည် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ပြထားသည်။ ယင်းအပိုင်းသည် မြန်မာအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများကို အမှန်တကယ်လုပ်ဆောင်နိုင်သော အကြံပြုချက်များပေးအပ်ပြီး အသုံးဝင်သော ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၏ အဓိကအခြေအနေကို အသေးစိတ် လေ့လာသုံးသပ်ထားသည်။ အခန်း(၈)သည် အစီရင်ခံစာက ဆောင်ရွက်ပေးရန် ကြိုးပမ်းနေသည့် အခြေခံမူဝါဒ ပြဿနာကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပြီး အဓိက ပါဝင်ပတ်သက်သူများက နောင်အဆင့်များအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ဖော်ပြထားသည်။ အခန်း(၉) သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တိုက်ခိုက်လျက်ရှိသော ဒေသများသို့ ပညာရေးဝန်ကြီးဌာန၏ လျင်မြန်စွာ တိုးချဲ့လုပ်ဆောင်မှု ပုံစံများနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများက လက်ရှိ ဝန်ဆောင်မှုပေးနေသော နေရာများနှင့် ပတ်သက်ပြီး ယခုလေ့လာမှုတွင် အဓိက စိန်ခေါ်မှုများထဲမှ တစ်ခုကို ဖော်ထုတ်ထားသည်။ အခန်း(၁၀) သည် ပထမအနေဖြင့် မကြာသေးမီက ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့ဆောင်ရွက်မှုများနှင့် နောက်ထပ်ပြီး ရောနှောကျောင်းများအကြောင်းကို ယေဘုယျဖော်ပြကာ ပညာရေးဝန်ကြီးဌာနကျောင်းများနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ ကျောင်းများ ရောနှောအုပ်ချုပ်မှုတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆန်းစစ်ထားပါသည်။ ထောက်ပံ့သူမျိုးစုံတို့အကြား လိုက်ဖက်မှုနှင့် ညီမျှမှုရှိစေရန် အရေးပါသော ကျောင်းသားအကဲဖြတ်မှုနှင့် အရည်အသွေးတို့နှင့် ပတ်သက်ပြီး စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို အခန်း (၁၁) တွင် တွေ့နိုင်သည်။ အခန်း(၁၂) သည်  လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အရည်အသွေးနှင့် ဘဏ္ဍာရေးအခြေအနေ ထုတ်ပြန်ချက်ကို သုံးသပ်ထားပြီး ဆက်လက်ရရှိဖွယ်ရှိနေသော နိုင်ငံတကာအထောက်အပံ့များနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို တရားဝင်အသိအမှတ်ပြုမှုနှင့် စည်းမျဉ်းများနှင့် ပြည်သူ့ဘဏ္ဍာရာဖွေရေးအတွက် ရေရှည်အခွင့်အလမ်းများကိုလည်း ဖော်ပြထားသည်။

## အခန်း (၂)။ ။ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းအကျဉ်းနှင့် ပဋိပက္ခ[4]

ဧရာဝတီမြစ်အောက်ပိုင်းနှင့် ယင်းပတ်ဝန်းကျင်ရှိ မြေပြန့်လွင်ပြင်များတွင် နေထိုင်ကြသော ဗမာတိုင်းရင်းသားအများစုနှင့် အစွန်အဖျားပိုင်းရှိ တိုင်းရင်းသားအုပ်စုမျိုးစုံကို ကိုယ်စားပြုသော အထက်တန်းလွှာများအကြား ခေတ်အဆက်ဆက်ကဖြစ်ပေါ် နေသော အာဏာရရှိရေးကို အဓိက ထားသည့် ပဋိပက္ခများက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို ဆိုးကျိုးသက်ရောက်မှု ဖြစ်စေခဲ့သည်။ အစိုးရ၏ မြန်မာဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုတို့ကို များစွာဦးစားပေးမှုသည် ဗမာဗဟိုပြုပြည်နယ်များ ဖြစ်လာစေရန်ဟူ၍ ဗမာမဟုတ်သော တိုင်းရင်းသားများ၏ ခံစားခဲ့ရသည့် ကြီးမားသော နိုင်ငံရေးနစ်နာချက်များ ရှိနေခဲ့ပေရာ မျက်မှောက်ခေတ်တွင် လက်နက်ကိုင်ပဋိပက္ခကို မူဝါဒနှင့် ပညာရေးစနစ်ကျင့်သုံးမှု ကိစ္စရပ်များက တစ်စိတ်တစ်ပိုင်းအားဖြင့် မီးထိုးပေးလေတော့သည်။ ဤနေရာတွင် ထိုပဋိပက္ခများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပညာရေးအဖွဲ့များနှင့် ဘာသာရေးအဖွဲ့များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် တိုင်းရင်းသားဒေသများတွင် အလုပ်လုပ်ကိုင်ကြသော ရပ်ရွာအကျိုး ဆောင်ရွက်သူများအပါအဝင် ကြီးမားသော သမားရိုးကျမဟုတ်သည့် အခြေပြုပညာရေးအဖွဲ့အစည်းများ ပေါ်ထွက်လာစေရန် ကူညီဆောင်ရွက်ပေးကြသည်။

### လွတ်လပ်ရေးအကြိုကာလ

၁၆ ရာစု ကာလခန့်ကတည်းက မြန်မာနိုင်ငံ၏ ပညာရေးကို ဆောင်ရွက်သူများစွာက နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းထောက်ပံ့ပေးနေခဲ့ကြသည်။ အစဉ်အလာအရ စာပေသင်ကြားရေးနှင့် ပါဠိဘာသာအခြေခံများသာမက မြန်မာ၊ မွန်၊ ရှမ်း၊ ရခိုင်နှင့် အခြားသင်ကြားနိုင်သော ဘာသာစကားများကို ဘုန်းတော်ကြီးကျောင်းများက အခြေခံကျကျ တာဝန်သိသိ သင်ကြားပေးခဲ့ကြသည်။[5] မြန်မာဘုရင့်နန်းတော်နှင့် ဒေသတွင်းရှိ အခြားအဓိကကျသည့် ဘုရင့်နိုင်ငံတော်များတွင် ထူးခြားသော ပညာရေးအခန်းကဏ္ဍများ မပေါ် ပေါက်ကြဖူးချေ။ သို့သော် ဗုဒ္ဓဘာသာသို့ပြောင်းလဲကိုးကွယ်စေခြင်းသည် ထိုနိုင်ငံတော်များ၏ အာဏာစက်ကို ကိုးကွယ်နေသူများရှိရာသို့ ချဲ့ထွင်ရန် သေချာစွာအသုံးကျခဲ့ပြီး ပညာရေးသည် နယ်ပယ်ချဲ့ထွင်ရေးတွင် အရေးပါခဲ့သည်။[6] ၁၆ ရာစုမှ ယနေ့တိုင်အောင် ကက်သလစ်သာသနာပြုများသည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် သာသနာပြုကျောင်းကြီးများကို စတင်တည်ထောင်ခဲ့ကြသည်။ ယင်းကျောင်းများက ပထဝီဝင် နှင့် ဂဏန်းသင်္ချာကဲ့သို့ ဥရောပ ဘာသာစကားများနှင့် အခြားသောအကြောင်းအရာများအပြင် မြန်မာ နှင့် မွန်တို့ကဲ့သို့ ဒေသဆိုင်ရာ ဘာသာစကားများကိုလည်း သင်ကြားပေးခဲ့ကြသည်။[7]

၁၈၅၂ ခုနှစ်တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲကြီး ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံတွင် ခရစ်ယာန်သာသနာပြုများ၏ အခန်းကဏ္ဍသည် ပညာရေးအထောက်အပံ့ပေးရာတွင် များစွာတိုးတက်မှုရှိခဲ့ပြီး ယင်းတို့၏လုပ်ဆောင်မှုသည် အမေရိကန် ဘက်ပတစ် ကျောင်းများတွင် ထူးခြားစွာ ထက်ထက်မြက်မြက်ရှိခဲ့သည်။[8] မော်လမြိုင်နှင့် ရန်ကုန်တွင် ဗဟိုဌာနဖွင့်လှစ်ထားသော  အဆိုပါသာသနာပြုများသည် ကရင်၊ ကချင်၊ ချင်း၊ ဖိုမီးနှင့် အခြားတောင်တန်းဒေသများ၊ ဗမာမဟုတ်သောဒေသများတွင် ထူးခြားတက်ကြွစွာ လုပ်ဆောင်လာကြသည်။ ထိုကျောင်းများသည် ဒေသတွင်းနှင့် ဥရောပ ဘာသာစကားများကို သင်ကြားနေသကဲ့သို့ပင် များစွာသော ကရင် ဒေသိယစာများ၊ စကားများ၊ ဂျိန်းဖော၊ ဟားခါးချင်း၊ လီဆူး၊ ဝ နှင့် လားဟူ စသော တိုင်းရင်းသား ဘာသာစကားများစွာအတွက် မူရင်းအရေးစနစ်များကို ဖော်ထုတ်ခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ဗြိတိသျှကိုလိုနီဖြစ်သော မြန်မာနိုင်ငံတွင် ပညာရေးစနစ်တစ်ခုအဖြစ် တိုက်ရိုက်ထွန်းကားလာသည်။ အထက်တန်းလွှာများကို သင်ကြားရန် အချို့က အင်္ဂလိပ်စာသင်ကျောင်းများ တည်ထောင်ကြသည်။ ကျန်သော ပြည်သူလူထုအတွက်မူ ထိုစဉ်က ဆက်လက်တည်ရှိနေသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အနောက်တိုင်းဘာသာရပ်များနှင့် အတွေးအခေါ် များသွတ်သွင်းရန် ကိုလိုနီအုပ်ချုပ်ရေးပိုင်းက ကြိုးပမ်းခဲ့ကြသည်။ သို့သော် ထိုသို့ဆောင်ရွက်ခြင်းများ မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ဗြိတိသျှတို့သည် ရပ်ရွာဖွံ့ဖြိုးရေးကွန်ရက်များ၊ သာသနာပြုများ၏ နည်းပါးသော အထောက်အပံ့ရရှိသည့် အားနည်းသောကျောင်းများကို အထောက်အပံ့ပေးခဲ့ကာ နောက်ပိုင်းတွင် တက္ကသိုလ်

---

[4] ဤလေ့လာမှုအတွက် ပညာရေးသမိုင်းကို သုတေသန မပြုခဲ့ချေ။ ထို့ကြောင့် ဤအပိုင်းအတွက် ဝေဖန်အကဲဖြတ်ရန် အကန့်အသတ်ရှိနေသည်။

[5] ဘုန်းတော်ကြီးသင်ပညာရေးနှင့် ပတ်သက်ပြီး စာပေများက ပြဆိုရာတွင် ယခင်က ရှမ်း၊ မွန်၊ ရခိုင်၊ ကရင်နီနှင့် အခြားလူမျိုးများထက် ကုန်းဘောင်နှင့် ယခင်မြန်မာမင်းဆက်များလက်အောက်ရှိ ဒေသများကို အလေးထားခဲ့သည်။ ဥပမာအနေဖြင့် Tipton (1981), Khammai Dhammasami (2004), Jones (1988), Cheesman (2003), Schober (2007), and Turner (2014) တို့ကို တွေ့နိုင်သည်။ ယင်းသည် နိုင်ငံအတွင်း အခြားဒေသအများရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အဓိကထားခဲ့မှု အလွန်နည်းပါးသည့် စာပေအထောက်အထားဖြစ်သည်။ ပြည့်စုံမှုမရှိသော ဘုန်းတော်ကြီးသင်ပညာရေးကို ဆောင်ရွက်ခဲ့သည့် အခြားဒေသများမှ အရင်းအမြစ်များမှာ ရှမ်းယဉ်ကျေးမှုနှင့် ပညာရေးဗဟိုကော်မတီ၊ မြန်မာနိုင်ငံ ရှမ်းပြည်ပညာရေးသမိုင်း (၂၀၁၁ ဒီဇင်ဘာ ၁၈ရက်)၊ https://shancultureandeducation.wordpress.com/2011/12/18/hello-world/ (ကွန်ပျူတာမှရရှိသည့် အထောက်အထား၊ ၂၀၁၅ ဒီဇင်ဘာ ၂၉ရက်)၊ ကရင်ဗုဒ္ဓဘာသာ ဓမ္မဒူတဖောင်ဒေးရှင်း၊ ကရင်ပြည်သူ၊ ယဉ်ကျေးမှု၊ ယုံကြည်မှုနှင့် သမိုင်း (၂၀၁၀)၊ http://www.karen.org.au/docs/ Karen_people_booklet.pdf, ကြည့်ရန်နှင့် ပုံညမွန် (၂၀၁၀)

[6] Cheesman (2003).

[7]  Jolliffe, P. (2016), အခန်း (၃)

[8] Jolliffe, P (၂၀၁၆)၊ အခန်း ၃၊ စာမျက်နှာ ၅၃-၇၄

များအဖြစ် ထူထောင်ပေးခဲ့သည်။ ဒေသအနှံ့အပြားရှိ ဘုန်းတော်ကြီးကျောင်းများသည် ပညာရေးအထောက်အပံ့များကို ဆက်လက်ရရှိနေခဲ့သော်လည်း ရပ်ရွာစာသင်ကျောင်းများလောက် ကိုလိုနီအုပ်ချုပ်ရေးပိုင်း၏ အထောက်အပံ့ မရရှိခဲ့ချေ။[9]

ကိုလိုနီခေတ်က ပညာရေးတိုးတက်မှုများသည် တိုင်းရင်းသားတို့၏ ဝံသာနုစိတ်ဓာတ် တိုးတက်လာမှုတွင် အရေးပါသော အကြောင်းအချက်တစ်ခုဖြစ်ပြီး ယင်းမှ အင်္ဂလိပ်စကားပြော ပညာတတ်များကို မွေးထုတ်ပေးခဲ့သည်။ ထိုသူများမှာ ကိုလိုနီစနစ်တွင် အရေးပါသောအလုပ်များကို ပေးအပ်ခြင်းခံရပြီး ၎င်းတို့ကို တိုင်းရင်းသားများက အထက်တန်းလွှာများဟု ကင်ပွန်းတပ်ခဲ့ကြကာ ရိုးရာဓလေ့အတိုင်း ခေါင်းဆောင်မှု အနေအထားကို ရရှိခဲ့ကြသည်။ စင်စစ် ဗမာ[10]နှင့် မွန်[11] ကဲ့သို့ ဗုဒ္ဓဘာသာများ ကိုးကွယ်သူများအတွက်မူ ပညာရေးအခွင့်အလမ်း နည်းပါးခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် မြန်မာစာပေနှင့် ယဉ်ကျေးမှုကို ယင်းတို့၏ရင်ထဲတွင် ထားရှိရန်အတွက် ၁၉၃၀ ပြည့်နှစ်မှစကာ ဗမာအမျိုးသားရေးလှုပ်ရှားမှု ဖြစ်ပွားစေသော တက်ကြွလှုပ်ရှားမှုများ ဖြစ်ပေါ်လာစေသည်။[12]

## လွတ်လပ်ရေးရပြီးကာလနှင့် အမျိုးသားရေးစနစ်တစ်ခု တည်ဆောက်ခြင်း (၁၉၄၈-၁၉၆၂)

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး မကြာမီတွင် ဗမာပြည်နယ် (ထိုစဉ်က ဗမာဟုသာခေါ်သေးသည်) နှင့် သီးခြားရှိသော တိုင်းရင်းသား အမျိုးသားရေးဝါဒီများနှင့် ကွန်မြူနစ်လှုပ်ရှားမှုများအကြားတွင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ကူမင်တန် အမျိုးသားရေးဝါဒီတပ်များသည် တရုတ်ပြည်မှ ဆုတ်လာပြီး မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာကြသည့်အတွက် နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် လွန်စွာဆိုးရွားလာခဲ့သည်။ ဗမာအများစု ပါဝင်တာဝန်ထမ်းဆောင်နေသော တပ်မတော်သည် ပထမဆုံးအနေဖြင့် ဗမာများမဟုတ်သည့် ကျေးလက်ဒေသများဆီသို့ တပ်ဖြန့်ချထားခဲ့ရသည်။[13]

ထိုကာလအတွင်း ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော အစိုးရသစ်သည် ကျေးရွာတိုင်းတွင် စာသင်ကျောင်းတစ်ကျောင်း ရှိရမည်ဆိုသည့် စီမံချက်ဖြင့် နိုင်ငံအနှံ့ရှိ ကလေးငယ်များကို အနည်းဆုံး အခြေခံပညာအထိ သင်ကြားပေးရန်အတွက် အမျိုးသားပညာရေးစနစ်ကို တည်ထောင်ရန် ကြိုးပမ်းခဲ့သည်။[14] တစ်ပြိုင်နက်တည်းမှာပင် အစိုးရက မြန်မာစာကို အဓိကဘာသာအဖြစ် တိုးမြှင့်ပြီး စည်းလုံးညီညွတ်မှု တိုးတက်လာစေရန်[15] နှင့် ကိုလိုနီ အစိုးရ[16] လက်ထက်က အလုပ်လုပ်ခဲ့သော တရုတ်နှင့် ဟိန္ဒူစကားပြော လူနည်းစုများ၏ လုပ်ပိုင်ခွင့်ကို လျှော့ချရန် စတင်ခဲ့သည်။ သို့သော် ဗမာမဟုတ်သောဒေသများမှ ပြည်သူများအတွက် အမျိုးသားရေးလိုလားချက်များရှိသည့် အထက်တန်းလွှာများကမူ ယင်းအစီအစဉ်ကို တိုင်းရင်းသားလက်သင့်ခံရေးလုပ်ငန်းစဉ် သို့မဟုတ်  ဗမာမှုသွတ်သွင်းခြင်း၊ ပြုခြင်း ဟုခေါ် ဆိုခဲ့သည်။ သို့သော်ငြားလည်း ဗမာအထက်တန်းလွှာများအတွက်မူ ထင်ထင်ရှားရှားလုပ်ဆောင်နိုင်ခြင်း မရှိသေးချေ။[17] ဗမာကျောင်းဆရာများနှင့် ဗမာစစ်သားများသည် ဒေသအများအပြားသို့ အထူးသဖြင့် ကိုလိုနီခေတ်က ခွဲခြားအုပ်ချုပ်ခံခဲ့ရသော "နယ်စပ်ဒေသများ"သို့ ပထမဆုံးအကြိမ်အဖြစ် အတူတကွရောက်ရှိခဲ့ကြပြီး ၎င်းတို့ကြောင့် ဒေသတွင်းရှိ ပြည်သူများ "ပြည်တွင်းကိုလိုနီဝါဒ" ခံစားချက် ဖြစ်လာစေခဲ့သည်။[18] သို့သော် ပဋိပက္ခကို လျော့ကျစေရန်နှင့် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု တိုးတက်စေရန် အဦးဆုံးကြိုးပမ်းမှုအနေဖြင့် သမိုင်းဖတ်စာအုပ်အချို့ကို အမျိုးသားသမိုင်းစာအုပ်အဖြစ် အဆင့်မြှင့် ရေးသားထုတ်ဝေစေခဲ့သည်။[19] ဗမာမဟုတ်သည့် ဘာသာစကားဖြင့် စာပေသင်ကြားရေးကို ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်

---

[9] Cheesman (2003), စာမျက်နှာ ၅၀-၅၃

[10] အစောပိုင်းကျောင်းများ၏ အပြင်ဘက်တွင် ချန်လှပ်ခံခဲ့ရသော ဗမာမဟုတ်၊ ဗုဒ္ဓဘာသာမဟုတ်သူ အများစုအတွက် ယခင်က ကျောင်းမတက်ရသောသူများ စာသင်ကျောင်းသစ်ရရှိခြင်းသည် ရန်ဆွပေးသကဲ့သို့ ဖြစ်စေခဲ့သည်ဟု J. S. Furnivall က လေ့လာခဲ့သည်။

[11] Lall and South (2011), စာမျက်နှာ ၁၁

[12] Callahan (2003b), စာမျက်နှာ ၁၅၁

[13] တပ်မတော်၏ မူရင်းအင်အားမှ ၅၀ ရာခိုင်နှုန်းခန့်သည် သောင်းကျန်းသူများနှင့် ပူပေါင်းသွားခဲ့ရာ အရေးတကြီး တိုးချဲ့စစ်သားစုဆောင်းခြင်းကို လုပ်ဆောင်ခဲ့ရပြီး ဗမာများကြီးစိုးသည့် အဖြစ်သို့ရောက်ရှိခဲ့သည်။

[14] ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ (၁၉၅၄)၊ စာမျက်နှာ ၁၁၄

[15] Callahan (2003b), စာမျက်နှာ ၁၄၄။ Furnivall ထောက်ပြခဲ့သလို ၁၉၃၀ ပြည့်နှစ်များတိုင်အောင် ဟိန္ဒူစတန်နီစကားကို ပြောခဲ့ကြပြီး ကြေးနန်းရိုက်ရာတွင်မူ ဗမာစာကို သုံးခဲ့ကြသည်။ Furnivall (1948)ကိုကြည့်၊ စာမျက်နှာ ၁၂၁

[16] ကျော်ရင်လှိုင် (၂၀၀၇)။ စာမျက်နှာ ၁၅၄၊ ယခုလုပ်ငန်းတစ်ခုလုံးကို ကြောင်းကျိုးသင့် ဆွေးနွေးခြင်းဖြစ်သည်။

[17] Mary Callahan (2003b), စာမျက်နှာ ၁၄၄၊ "ကင်းကွာသွားသောခံစားမှုသည် နောက်ပိုင်းတွင်ရောက်လာကြောင်း၊ တစ်ခုတည်းသော ဘာသာစကား လိုအပ်သည့် သဘောတူညီထားသော အမျိုးသား ဘာသာစကား မည်သို့ဖြစ်သင့်သည်ဆိုခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနေစဉ်ကာလတွင် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်ဆွေးနွေးခဲ့ကြပြီး မြန်မာဘာသာသည် အင်္ဂလိပ်ဘာသာထက် ပိုမိုကောင်းမွန်ကြောင်း ကျော်ရင်လှိုင်က ဆွေးနွေးခဲ့သည်။ ၎င်းက စာတတ်မြောက်ရေးအစီအစဉ်သည် လူနည်းစုများအကြား မည်သည့်မကျေနပ်ချက်မျှ မဖြစ်ပေါ်စေကြောင်း ဆွေးနွေးခဲ့သည်။" စာမျက်နှာ ၁၅

[18] Callahan (2003b), စာမျက်နှာ ၁၅၈ ကို ညွှန်းဆိုသည်။

[19] Salem-Gervais and Metro (2012), စာမျက်နှာ ၃၄။ Salem-Gervais and Metro က ဤအားထုတ် ကြိုးပမ်းခြင်းသည် တာဝန်ထမ်းဆောင်နေသော

ကျောင်းများနှင့် အခြားကျောင်းများက ဆက်လက်ဆောင်ရွက်နေစဉ်အတွင်း အချို့ဒေသများရှိ တိုင်းရင်းသားအဖွဲ့များက အစိုးရ ပညာရေးစနစ်မှတစ်ဆင့် မိမိတို့ ဘာသာစကားကို သင်ကြားနေခဲ့ကြသည်။ ဥပမာအနေဖြင့် ရှမ်းပြည်နယ်အစိုးရ ပညာရေးကော်မတီသည် ၁၉၄၀ ပြည့်နှစ်များကတည်းက ရှမ်းစာပေရေးသားမှု တိုးတက်စေရန် စတင်ခဲ့သည်။ ၁၉၅၈ ခုနှစ် အကုန်တွင် ကျောင်းသုံးဖတ်စာ အဆင့် ၅ အဖြစ် ရှမ်းပြည်နယ်ဒေသများတွင် ရှမ်းစာပေကို ကျောင်းသင်ရိုးတစ်ခုအဖြစ် ထည့်သွင်းခဲ့သည်။[20] မွန် အစိုးရကျောင်းများသည်လည်း မွန်ကျောင်းဆရာများကို ခေါ်ယူကာ မွန်စာပေသင်ကြားရေးကို ထိုကာလအတွင်းမှာပင် သင်ကြားရန် ခွင့်ပြုချက် ရရှိခဲ့ကြသည်။ [21]

ထိုကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလက်အောက်တွင် ဒေသတော်တော်များ ကျရောက်နေပြီဖြစ်ရာ အချို့မှာ ပညာရေးတိုးတက်စေရန် မိမိတို့ဘာသာ ဆောင်ရွက်ခဲ့ရသည်။ ပညာရေးသည် ထိုစဉ်က အားအကောင်းဆုံး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဖြစ်သော ကရင်အမျိုးသားအစည်းအရုံးအတွက် အထူးအရေးကြီးခဲ့သည်။ ကရင်အမျိုးသားအသင်းသည် ကရင်ယဉ်ကျေးမှု၊ စာပေနှင့် ပညာရေးတိုးတက်စေရန် ၁၈၈၁ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး ကရင်အမျိုးသားအစည်းအရုံး၏ မိခင်အသင်းဖြစ်သည်။ သို့ဖြစ်ရာ ကရင်အမျိုးသားအစည်းအရုံးသည် ယင်းလက်အောက်ခံဒေသများတွင် စင်ပြိုင်အုပ်ချုပ်မှုတစ်ခုကို တည်ထောင်ခဲ့ရာ ယခင်ရှိခဲ့သော ကရင်ပညာရေးဌာနသည် ကရင်အမျိုးသားအစည်းအရုံးနှင့် အဆင်ပြေသောဌာနအဖြစ် ပူးပေါင်းခဲ့သည်။[22]

## ဦးနေဝင်း၏ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)

၁၉၆၂ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုနှင့် ဖက်ဒရယ်နိုင်ငံရေးစနစ်အတွက် တိုက်တွန်းသော တိုင်းရင်းသားနိုင်ငံရေးသမားများအကြား ဆွေးနွေးရေး ဆောင်ရွက်ခဲ့သည်။ သို့သော် အစည်းအဝေး ဒုတိယနေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်းခဲ့ပြီး ဆွေးနွေးပွဲတွင် ပါဝင်သူများကို ထိန်းသိမ်းခဲ့သည်။ ထို့နောက် "ဗမာ့နည်းဗမာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ကို ဆောင်ရွက်ရန်နှင့် ကျယ်ပြန့်သော ဗဟိုချုပ်ကိုင်မှုအသစ်ကို စတင်ခဲ့ပြီး စစ်အုပ်ချုပ်ရေးကို နှစ်ပေါင်း၅၀နီးပါး ကျင့်သုံးခဲ့သည်။

အာဏာသိမ်းပြီးနောက် မကြာမီပင် တိုင်းရင်းသား ဘာသာစကား သင်ကြားရေးကို စစ်အာဏာပိုင်များက တားမြစ်လိုက်ကြောင်း တိုင်းရင်းသားနိုင်ငံရေးသမားများ၊ လှုပ်ရှားတက်ကြွဆောင်ရွက်သူများနှင့် ပညာရေးခေါင်းဆောင်များက မကြာခဏပြောကြားခဲ့သည်။ ထိုအဖြစ်အပျက်သည် နောက်ထပ်သုတေသနပြုရန် လိုအပ်ပြီး ခက်ခဲမှုရှိမည်ဖြစ်စေသည်။ သေချာသည်မှာ နိုင်ငံတော်သည် ကိုးကွယ်ရာဘာသာအားလုံးနှင့် ပုဂ္ဂလိကကျောင်းအားလုံးကို ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်တွင် နိုင်ငံပိုင်ပြောင်းလဲလိုက်သည်။ အမျိုးသားသင်ရိုးနှင့် ဘာသာရပ်များကို ဗဟိုချုပ်ကိုင်မှုအောက်တွင် သွတ်သွင်းလိုက်သည်။ အနည်းဆုံး ဒေသဆိုင်ရာ ကျောင်းဆရာများသည် တိုင်းရင်းသား ဘာသာစကားကို တရားဝင် ဘာသာရပ်များအဖြစ် ဆက်လက်သင်ကြားစေရန်အတွက် ပိုမိုခက်ခဲစေရန် လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

အချို့နေရာများတွင် တိုင်းရင်းသား စာပေသင်ကြားမှုသည် ကျောင်းများတွင် ထင်ထင်ရှားရှား ဆက်လက်သင်ကြားနိုင်ပြီး အချို့ကျောင်းများတွင် ကြီးမားသော ဖိနှိပ်မှုများကြောင့် ရပ်ဆိုင်းခဲ့ကြရသည်။[23] ထို့အပြင် ရှမ်း၊ ကချင်၊ ကယားနှင့် ကရင် အထူးတိုင်းများ၏ ဒေသအစိုးရများကို စစ်ကောင်စီက ဖျက်သိမ်းစေခြင်း ကြုံတွေ့ကြရပေရာ ဒေသအစိုးရများထံမှ မည်သည့်ကျောင်းမဆို အထောက်အပံ့လျှော့ချခြင်း သို့မဟုတ် ရပ်နားခြင်းကြုံခဲ့ကြရသည်။ယင်းနှင့်ပတ်သက်ပြီးဘာသာရေးအဖွဲ့အစည်းများနှင့်အခြားဆောင်ရွက်သူများသည်နွေရာသီကျောင်းပိတ်ရက်တွင် သို့မဟုတ် ညကျောင်းများတွင် တိုင်းရင်းသား ဘာသာစကားများကို ဆက်လက်သင်ကြားနိုင်ခဲ့သော်လည်း ခွင့်ပြုချက်ရရန် ကြိုးစားခဲ့ရခြင်း သို့မဟုတ် အာဏာပိုင်များထံမှ မမျှော်လင့်သော တာဆီးမှုများကို ကြုံတွေ့ခဲ့ရသည်။

---

ဗိုလ်မှူးကြီးတစ်ဦးက ရေးသားထားသည့် နိဒါန်းတွင် ပါဝင်သည်ဟု ထောက်ပြခဲ့သည်။ စာရေးသူများက မည်သို့လုပ်ရမည်ကို အတိအကျမပြောသော်လည်း ၁၉၆၂ ခုနှစ် အကုန်တွင် မီးစိမ်းပြခဲ့သည့် ဤအားထုတ်ကြိုးပမ်းခြင်းကို သုံးသပ်ရန်ဟု ထင်မြင်ခဲ့သည်။ လူနည်းစုတို့၏ ယဉ်ကျေးမှုရေးရာများအတွက် အခွင့်အရေးအနည်းငယ်သာပေးအပ်ပြီး တစ်ခုတည်းသောယဉ်ကျေးမှုအဖြစ် မြန်မာပြည်သူများကို ကိုယ်စားပြုရန် စည်းလုံးရေးကို ဦးစားပေးရာတွင် ပုံစံတူ လုပ်ဆောင်မှုများကို ခေတ်များစွာ၌ ဆောင်ရွက်ခဲ့ကြကြောင်း ထောက်ပြခဲ့သည်။

[20] ရှမ်းယဉ်ကျေးမှုနှင့် ပညာရေး ဗဟိုကော်မတီ (၂၀၁၁)

[21] Lall and South (2011), စာမျက်နှာ ၁၁-၁၂

[22] KNUဝက်ဘ်ဆိုဒ်စာမျက်နှာအရ ကရင်ပညာရေးဌာနသည် KNUထက် အလျင်ကျသော်လည်း KNU ခေတ်ဦးမှစပြီး လုပ်ဆောင်ခြင်း ရှိ၊ မရှိ မသေချာပါ။ http://www.knuhq.org/about/education-cultural-department/ တွင်ကြည့်ပါ။ ယနေ့ခေတ်ကဲ့သို့ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာနဟု ခေါ်၊ မခေါ်မှာ သေသေချာချာ မရှင်းလင်းပါ။

[23] ရှမ်းယဉ်ကျေးမှုနှင့် ပညာရေးဗဟိုကော်မတီ အဆိုအရ ရှမ်းစာပေသည် ရှမ်းပြည်နယ်ရှိ ကျောင်းများတွင် ဘာသာရပ်တစ်ခုအဖြစ် ဆက်လက်သင်ကြားသည်။ ရှမ်းယဉ်ကျေးမှုနှင့် ပညာရေးဗဟိုကော်မတီ (၂၀၁၁)ကို ကြည့်ပါ။ သို့သော် ဒေသဆိုင်ရာ ဘာသာစကားများကိုမူ မွန်ပြည်နယ် အစိတ်အပိုင်း အနည်းငယ် (MNEC ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၂၀၁၅ ဒီဇင်ဘာ)နှင့် ဧရာဝတီတိုင်းဒေသကြီး (ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံ တည်ရှိမှုဆိုင်ရာ ဘာသာစကားမူဝါဒ နိုင်ငံတကာညီလာခံ၊ မန္တလေးတက္ကသိုလ်၊ ၂၀၁၆ ဖေဖော်ဝါရီလ)တွင် ပိတ်ပင်ထားသည်။

နိုင်ငံပိုင် ပြုလုပ်ခြင်းသည် ရပ်ရွာအစုအဖွဲ့ကျောင်းများကို မည်သို့သက်ရောက်ကြောင်းကိုမူ ရှင်းလင်းစွာ မသိရပေ။ အနည်းဆုံး မကြာသေးမီ ဆယ်စုနှစ်များက ကျေးလက်ဒေသများရှိ အစုအဖွဲ့များသည် အစိုးရ သို့မဟုတ် အခြားဆောင်ရွက်သူများထံမှ အမြဲတမ်းမဟုတ်သော အထောက်အပံ့များဖြင့် ကိုယ်ပိုင်ကျောင်းများဖွဲ့စည်းခြင်းတာဝန် ထမ်းဆောင်လာကြသည်။ ၁၉၆၄-၆၅ ခုနှစ်များက နာမည်ကြီးကျောင်းများ အနည်းဆုံး ၁၃၇ ကျောင်းကို အစိုးရက နိုင်ငံပိုင်ပြုလုပ်လိုက်ချိန်တွင် များစွာသော ကျေးလက်အစုအဖွဲ့ပိုင် ကျောင်းများသည်လည်း အစိုးရစနစ် အောက်သို့ ပေါင်းစည်းဝင်ရောက်ခဲ့ကြရသည်။ သို့သော် ကိုယ်ပိုင်ကျောင်းများကို ပိတ်ခြင်းသည် အစိုးရလက်အောက် ထည့်သွင်းဖွဲ့စည်းရန် မလွယ်သည့် ကျောင်းများကို ဖြိုခွဲလိုက်ခြင်းဖြစ်သည်။

ကချင်လွတ်လပ်ရေးအဖွဲ့သည် ယင်း၏ သောင်းကျန်းမှု အရှိန်အဟုန်ကို မြှင့်တင်ခဲ့ပြီး များစွာသော ရှမ်းလက်နက်ကိုင် လှုပ်ရှားမှုများကလည်း ဖြစ်ပေါ်လာခဲ့လေရာ ၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း လက်နက်ကိုင်ပဋိပက္ခများသည် ပိုမို ပြင်းထန်လာခဲ့သည်။[24]

၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော မွန်ပြည်သစ်ပါတီ (NMSP) က ဗဟို ပညာရေးဌာနကို ၁၉၅၈ ခုနှစ်တွင် တည်ထောင်ပြီး KIO က ပညာရေးဌာနကို ၁၉၇၈ ခုနှစ်တွင် တည်ထောင်သည်။ ၁၉၆၉ ခုနှစ်မှစပြီး ဗမာပြည် ကွန်မြူနစ်ပါတီက ကျယ်ပြန့်သော တရုတ်နယ်စပ်တစ်လျှောက် ထိန်းချုပ်ထားပြီး အခြားဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာမိတ်ပြုလုပ်ထားသည်။ သို့သော် မရှင်းလင်းသည်မှာ ယင်းက အခြားပညာရေးအဖွဲ့များကို ထောက်ပံ့သည် မထောက်ပံ့သည် မသိရခြင်းဖြစ်သည်။[25]

၁၉၇၀ ပြည့်လွန်နှစ်များက KNU ကို တပ်မတော်က မြစ်ဝကျွန်းပေါ်ဒေသတွင် အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် KNU သည် နိုင်ငံ၏ အရှေ့တောင်ဒေသတွင်မူ ခိုင်ခိုင်ခန့်ခန့် တည်ရှိနေနိုင်ခဲ့သည်။ KNU သည် နောက်ပိုင်းတွင် လက်ရှိဆောင်ရွက်နေသော အုပ်ချုပ်မှုစနစ်ကို စတင်ခဲ့ပြီး ယင်းလုပ်ငန်းတွင် ဝန်ကြီးဌာန ၁၄ ခုကဲ့သို့ ဌာနများထဲမှ တစ်ခုအဖြစ် ကရင်ပညာရေးဌာနကို တည်ထောင်သည်။ ၁၉၇၆ ခုနှစ်တွင် KNU, KIO, NMSP နှင့် ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) တို့နှင့် အခြား ကွန်မြူနစ်မဟုတ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု-မဒတ (NDF) အဖြစ် မဟာမိတ်ဖွဲ့လိုက်ကြပြီး ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် တရားဝင်ရပ်တည်ခဲ့သည်။ ယင်းသည် ယနေ့တိုင်အောင် အဓိကရည်မှန်းချက်အဖြစ် ရှိနေဆဲဖြစ်သည်။

## အုပ်ချုပ်ရေးအသစ်၊ မူဝါဒအသစ်များ (၁၉၈၈-၂၀၁၁)

၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ဒုတိယအကြိမ် ထိန်းသိမ်းလိုက်ပြီးနောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် မမျှော်လင့်ဘဲ ပြိုကွဲသွားခဲ့သည်။ တပ်မတော်အစိုးရသစ်သည် ဗမာပြည်ကွန်မြူနစ်ပါတီက ဖွဲ့စည်းပေးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ ထိုကာလတွင် NLD ကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားသူရဲကောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်တွင် ရွေးကောက်ပွဲ၌ တစ်ခဲနက် အောင်နိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခံခဲ့ရပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်း အများအပြားသည် နိုင်ငံခြားသို့ ထွက်ခွာခဲ့ကြသည်။ နောက်ပိုင်းနှစ်များတွင် NLD သည် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးအဖြစ် ဖက်ဒရယ် ဒီမိုကရက်တစ်စနစ် အစိုးရကို ဖော်ဆောင်မည့် တရားဝင်အနေအထားကို ချမှတ်ခဲ့သည်။[26] ၁၉၉၀ ပြည့်လွန်နှစ်များတွင် အစိုးရသည် တိုင်းရင်းသားအမျိုးသားရေးဝါဒီ အုပ်စုများဖြစ်သော KIO နှင့် NMSP တို့နှင့်အတူ အခြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရရှိခဲ့သည်။ ထို့ကြောင့် အဓိက အပစ်အခတ်ရပ်စဲရေး အဖွဲ့အစည်းအရေအတွက်သည် ၁၇ ခု သို့ တိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် KNU တွင် ကြီးမားသောကွဲထွက်မှု ဖြစ်ပေါ်ခဲ့ပြီး တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်ကို (ယခု ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်) ကို ပေါ်ပေါက်လာစေခဲ့ပြီး ယင်းသည် တပ်မတော်နှင့်အတူ KNU နှင့် ၁၆ နှစ် တိုင်အောင် ပဋိပက္ခဖြစ်ခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များက အပစ်အခတ်ရပ်စဲထားသော အချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ယင်းတို့၏ နေရာဒေသများတွင် ပိုမိုတည်ငြိမ်သော အုပ်ချုပ်ရေးစနစ်များကို တည်ထောင်ခဲ့ကြပြီး အချို့အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တပ်မတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ အခြားအကျိုးအမြတ်များအနက် ယင်းပူးပေါင်းဆောင်ရွက်ခြင်းသည် NMSP နှင့် KIO အဖွဲ့များ၏ ပညာရေးဌာနများက ကျောင်းသားများကို အစိုးရမှတစ်ဆင့် စာမေးပွဲဝင်စေနိုင်ခဲ့ပြီး အစိုးရထိန်းချုပ်သော ဒေသများရှိ ရပ်ရွာကျောင်းများကို ပွင့်လင်းစွာ ပိုမို

[24] ပထမဆုံး ရှမ်းလက်နက်ကိုင် တော်လှန်ရေးသည် ၁၉၅၈ ခုနှစ်တွင် စတင်ခဲ့ပြီး ယင်းသည် ၁၉၆၀ ပြည့်လွန်နှစ်များက အဓိက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း လေးခု ဖြစ်ပေါ်လာစေခဲ့သည်။ KIO သည် ၁၉၆၁ ခုနှစ်တွင် ပေါ်ပေါက်သည်။

[25] ဘာတေးလင့်တ်နာ၏ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဩဇာသက်ရောက်မှု။ ယင်းကို ပညာရေးစနစ်တွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ Lintner (၁၉၉၀)ကို ကြည့်ပါ။

[26] လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး အရေးပါသော အဓိကထုတ်ပြန်ချက်အဖြစ် ဖက်ဒရယ်ဝါဒကို ဆွေးနွေးသည့် ငြင်းပယ်ခံရသော လွှတ်တော်ကိုယ်စားလှယ် ၂၅၁ ဦးကို ကိုယ်စားပြုသည့် NLD ဦးဆောင်သော ကော်မတီက တင်ပြသည့် အစီရင်ခံစာ၊ ဖက်ဒရယ်ဝါဒသည် ငြိမ်းချမ်းရေးရရှိရန် လိုအပ်သော အစိုးရ၏ ပုံစံတစ်ခုဖြစ်သည်။ ၁၉၉၉ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကော်မတီ၊ စာမျက်နှာ ၈၈-၈၉။

ထောက်ပံ့ပေးနိုင်စေခဲ့သည်။

ထိုကာလအတွင်း နိုင်ငံတော်၏ အရှေ့တောင်ဒေသတွင် တပ်မတော်သည် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့[27] နှင့် အတူတကွ KNU၊ KNPP နှင့် ရှမ်း လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သော မော်ထိုင်းအဖွဲ့ (MTA) တို့ကို ပူးတွဲထိုးစစ်ကြီး ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးသည် KNU နှင့် KNPP တို့၏ စစ်ရေးနှင့် အုပ်ချုပ်ရေးစွမ်းရည်များကို မမျှော်လင့်ဘဲ ကျဆင်းစေခဲ့ပြီး ယင်းတို့၏ ပညာရေးစနစ်ကိုပါ ပျက်စီးစေခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မော်ထိုင်းအဖွဲ့ လက်နက်ချသွားသောအခါ နောက်ပိုင်းတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဖြစ်လာသော တပ်ဖွဲ့အသစ်သည် ယင်းထံမှ ကြီးမားသောကွဲထွက်မှု ဖြစ်ပေါ်လာခဲ့သည်။ ယင်းအဖွဲ့သည် ယခုအခါ အလွန်အင်အားတောင့်တင်းသော ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဖြစ်လာသည်။

ထိုကာလမှ ၂၀၀၀ ပြည့်လွန်နှစ်များတိုင်အောင် ဆောင်ရွက်ခဲ့သော တပ်မတော်၏ ထိုးစစ်သည် သောင်းနှင့်ချီသော ပြည်သူများကို မိမိတို့၏ အိုးအိမ်များအား စွန့်ခွာစေကြရပြီး အထူးသဖြင့် KNU, KNPP နှင့် RCSS တို့ ထိန်းချုပ်ထားသော ဒေသများရှိ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများသို့ ရောက်ရှိစေခဲ့သည့်အပြင် ပြည်သူတို့သည် ထိုင်းနိုင်ငံနယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တည်ထောင်ထားသော ဒုက္ခသည်စခန်းများသို့ ရောက်ရှိခိုလှုံခဲ့ကြရသည်။ KNU နှင့် KNPP တို့၏ ဒုက္ခသည်ကောင်စီများက ထိန်းချုပ်ထားသော ကရင်နှင့် ကရင်နီ ဒုက္ခသည် စခန်းများတွင် ကရင်နီ အမျိုးသားပညာရေးဌာနနှင့် ကရင်ပညာရေးဌာနတို့က ပညာရေးကွန်ရက်များ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ထိုကွန်ရက်များသည် RCSS က တည်ထောင်ထားသော ကျောင်းများနှင့် ဆက်သွယ်ကာ ဒုက္ခသည်စခန်း ငါးခုတွင် ကျောင်းများ ဖွင့်လှစ်ခဲ့သည်။

ဒုက္ခသည်စခန်း သုံးခုမှ ကျောင်းများသည် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ မိသားစုများမှ ကလေးငယ်များချည်းကိုသာ ပညာသင်ကြားပေးခြင်း မဟုတ်ပေ။ ထောင်ပေါင်းများစွာသော ပြည်သူများသည် လုံခြုံမှုရှိသော ထိုစခန်းများဆီသို့ ရွှေ့ပြောင်းလာကြပြီး ပညာသင်ယူလာကြသည်။ ၁၉၉၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် ကရင်ကျောင်းဆရာများလုပ်ငန်းအဖွဲ့ဟု ခေါ်သော ရပ်ရွာအစုအဖွဲ့တစ်ခုကို ကရင်အမျိုးသား ပညာရေးစနစ် ပြန်လည်နိုးထလာစေရန် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့သည် နိုင်ငံအရှေ့တောင်ဒေသမှ ကရင်ဧရိယာများအတွင်း ရပ်ရွာအစုအဖွဲ့များနှင့် ကရင်ပညာရေးဌာနက ဆောင်ရွက်နေသော ကျောင်းများတွင် သင်ကြားရေးနှင့် ကျောင်းဆရာ ထောက်ပံ့ကြေးတို့ကို ပေးအပ်ခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် နိုင်ငံ၏ များစွာသောအစိတ်အပိုင်းများ၌ အစိုးရထောက်ပံ့သော ပညာရေး တိုးတက်လာသည်ကို တွေ့ရသည်။ ကျောင်းဆောက်လုပ်ခြင်းများ တိုးချဲ့ဆောင်ရွက်ပြီး ကျောင်းဆရာလေ့ကျင့်ရေးများ တိုးချဲ့ဆောင်ရွက်မှုများကို တိုင်းရင်းသားဒေသများ အပါအဝင် နေရာများစွာတွင် လုပ်ဆောင်ခဲ့သည်။[28] သို့သော် နိုင်ငံတော်သည် အပိုင်းနှစ်တွင် ဆွေးနွေးထားသကဲ့သို့ ပဋိပက္ခများကြုံတွေ့ရသည့် ဒေသများတွင် အကျိုးသက်ရောက်မှုရှိသော ပညာရေးနှင့်ပတ်သက်ပြီး ကြီးမားသော အပြောင်းအလဲကို ကြုံတွေ့ခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်အကုန်ပိုင်းတွင် လေ့လာမှုတစ်ခုကို ကြေညာခဲ့ရာ နယ်စပ်ဒေသကျေးရွာများတွင် ကျေးရွာ ၂၅ ရွာလျှင် ကျောင်းတစ်ကျောင်းနှုန်းဖြင့် ရှိခဲ့ကြောင်း ဆိုခဲ့သော်လည်း အဆိုပါဒေသများကို ရှင်းလင်းစွာဖော်ပြခဲ့ခြင်း မရှိပေ။[29]

အစိုးရပညာရေးမူဝါဒနှင့် အစီအစဉ်တို့ကို ထိုကာလအတွင်း ဘက်ပေါင်းစုံ ချို့ယွင်းချက်များကို ပြင်ဆင်ခဲ့ရပြီး တပ်မတော်အစိုးရ၏ စီမံကိန်းအများစု လက္ခဏာအတိုင်း အထက်မှအောက်သို့ အမိန့်ပေးစေခိုင်းမှုများကြောင့် အဆင်မပြေမှုများ ကြုံရသည်။[30] သို့သော် အစိုးရသည် ဆိုရှယ်လစ်စနစ် ကာလအတွင်းက သတ်မှတ်ပြဋ္ဌာန်းခဲ့သော အစိုးရမဟုတ်သည့် ကျောင်းများနှင့် ပတ်သက်သည့် တင်းကြပ်မှုများမှ အချို့ကို ဖြေလျှော့ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို သာသနာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်စေပြီး အစိုးရသင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားမည်ဆိုလျှင် ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့သည်။ ယင်းသည် ယနေ့ကာလ အများစုလုပ်ကိုင်နေသည့်အတိုင်း အစိုးရထိန်းချုပ်ဒေသများရှိ ရပ်ရွာအစုအဖွဲ့ကျောင်းများကို ပိုမိုပွင့်လင်းစွာ ဖွဲ့စည်းရန် ပြောင်းလဲမှုတစ်ခုဖြစ်သည်။

---

[27] ထိုကာလအတွင်း တပ်မတော်သည် DKBA နှင့်အတူ KNUကို တိုက်ခိုက်ခဲ့သလို "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် တွဲကာ MTA ကို တိုက်ခိုက်နေခဲ့သည်။ အနည်းဆုံး ကရင်နီ လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦးနှင့် တွဲကာ KNPP ကို တိုက်ခိုက်နေခဲ့သည်။ DKBA နှင့် KNPLF တို့သည် ထိုင်းနယ်စပ်တွင်ရှိသော ဒုက္ခသည်စခန်းများကို နယ်စပ်ဖြတ်ကျော်တိုက်ခိုက်ရာတွင် တပ်မတော်အတွက် အသုံးဝင်ခဲ့သည်။

[28] မြန်မာပညာရေးဝန်ကြီးဌာနအဆိုအရ (n.d. ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်း) "နယ်စပ်ဒေသများတွင် အခြေခံပညာရေးနှင့် ပတ်သက်ပြီး အကြီးမားဆုံး အောင်မြင်မှု ရရှိသည်"။ အကြောင်းကြောင်းကြောင့် "အလွန်ဝေးကွာသော ဒေသ"ရှိ ကလေးသူငယ်များသည် ယင်းတို့ရွယ်တူများနှင့် နှိုင်းစာလျှင် အခွင့်အရေးရမှု နည်းပါးခဲ့သည်။ ၁၉၈၉-၉၀ ပညာသင်နှစ်ကတည်းက ထိုဒေသများသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မူလတန်းပညာရေးသည် မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်ပြီး ၁၉၈၉-၉၀ ပညာသင်နှစ်တွင် မူလတန်းကျောင်း ၂၈ ကျောင်းနှင့် အလယ်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။ ၁၉၉၀-၉၁ ခုနှစ် ပညာသင်နှစ်တွင် မူလတန်းကျောင်း ၃၇ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁-၉၂ ပညာသင်နှစ်တွင် မူလတန်းကျောင်း ၄၉ ကျောင်းနှင့် အလယ်တန်းကျောင်း နှစ်ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။"

[29] ခင်မောင်ကြည်၊ et al (၂၀၀၀) စာမျက်နှာ ၁၄၅

[30] Mutebi (၂၀၀၅), စာမျက်နှာ ၂

ထိုကာလအတွင်း မြန်မာနိုင်ငံသည် နိုင်ငံတကာ၏ ပိတ်ဆို့မှုများကို ခံစားနေရကာ ပညာရေးအတွက် နိုင်ငံတကာအလှူရှင်အများစုက နိုင်ငံတော် က ဦးဆောင်ခြင်းမဟုတ်သော ပညာရေးအဖွဲ့အစည်းများသို့ ပြောင်းလဲထောက်ပံ့ကြသည်။[31] အထူးသဖြင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်နေသည့် နယ်စပ်ဒေသမှ ကွန်ရက်များသို့ ထောက်ပံ့ခဲ့ကြသည်။[32]

## ပြုပြင်ပြောင်းလဲရေးကာလ (၂၀၁၁-၂၀၁၆)

၂၀၁၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန် ခေါင်းဆောင်သော ဒီမိုကရေစီတစ်ပိုင်း အစိုးရ တင်မြှောက်ခံခဲ့ရပြီး ၎င်းသည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့သည်။ ၂၀၁၆ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပွင့်လင်းလာသည့်အနေဖြင့် ထိုအစိုးရက ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အစိုးရသစ်ကို အာဏာလွှဲအပ်လိုက်ရသည်။ ၂၀၁၁ ခုနှစ်ကတည်းက ဤအစိုးရသည် ပညာရေးနှင့်ပတ်သက်ပြီး သုံးစွဲမှုများပြားလာခဲ့ပြီး အခမဲ့နှင့် မသင်မနေရဖြစ်သော အားလုံးအတွက် ပညာရေးအစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ အဓိက ပညာရေးဖွံ့ဖြိုးမှုများကို အခန်း (၅) တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

ထိုအတွင်း လက်နက်ကိုင်ပဋိပက္ခသည် အရှိန်အဟုန်မြင့်လာသော်လည်း ၂၀၁၅ ခုနှစ်တွင် ပွင့်လင်းသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ်ကို ပြုလုပ်ခဲ့သည်။ ထိုအချိန်က အစိုးရသည် ဖက်ဒရယ်စနစ် တည်ဆောက်ရန် လိုအပ်ကြောင်းကို အဓိက နိုင်ငံရေး ပါဝင်ပတ်သက်သူများအကြား အများသဘောဆန္ဒ ရယူခဲ့သည်။ ယင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြား တိုင်းရင်းသားခေါင်းဆောင်များ၏ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့သည့် အဓိကရည်မှန်းချက်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ကာလကြာရှည်စွာ ဖော်ပြလာခဲ့သော နိုင်ငံရေးဦးစားပေးမှု တစ်ခုဖြစ်သည်။[33] သို့သော် ၂၀၁၅ ခုနှစ်တိုင်အောင် တပ်မတော်သည် "ဖက်ဒရယ်စနစ်"ဟူသော အသုံးအနှုန်းကိုပင် တိုင်းရင်းသားပြည်နယ်များ နိုင်ငံတော်မှ ခွဲထွက်မည်ကို စိုးရိမ်ကာ ဆန့်ကျင်လာခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပဋိပက္ခပတ်ဝန်းကျင်သည် ထူးထူးခြားခြား ပြောင်းလဲသွားသည်။ KIO ၊ ရှမ်းပြည်တိုးတက်ရေးပါတီနှင့် အခြားအုပ်စုများသည် မမျှော်မှန်းနိုင်သော ငြိမ်းချမ်းရေးစာချုပ်အသစ်တွင် KNU၊ RCSS နှင့် KNPP အပါအဝင် အခြားလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့ ခုနစ်ဖွဲ့တို့ လက်မှတ်မထိုးမီတွင်ပင် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့ကြသည်။[34] ဤဖြစ်ရပ်များသည် တောင်ပိုင်းရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ထူးခြားစွာ လျော့ကျသွားစေသည်။ သို့သော် ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တွင် လျင်မြန်စွာ တိုးမြင့်လာခဲ့သည်။[35]

လက်နက်ကိုင်အကြမ်းဖက်မှုများ များပြားလာသော်လည်း အစိုးရ၊ ဒီမိုကရေလိုလားသူအစုနှင့် ဖက်ဒရယ်လိုလားသူ၊ အပစ်အခတ်ရပ်စဲထားသူနှင့် မရပ်စဲထားသူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ပထမဆုံးအကြိမ်အဖြစ် ဘက်ပေါင်းစုံ စေ့စပ်ဆွေးနွေးရေးကို ၂၀၁၃ ခုနှစ်တွင် စတင်နိုင်ခဲ့သည်။ ယင်းဆွေးနွေးပွဲများ၏ ရည်မှန်းချက်မှာ လက်ရှိ နှစ်ဖက်သဘောတူညီချက်များကို ခိုင်မာစေသော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် NCA အတွက် ညှိနှိုင်းရန်ဖြစ်သည်။ ထို နှစ်ဖက် သဘောတူညီချက်ကို အချို့ကသာ လိုက်နာသည့်အတွက် ပိုမိုခိုင်မာစေရန် လိုအပ်သည်။ ယင်းသည် နိုင်ငံရေးဆွေးနွေးပွဲအတွက် လမ်းခင်းပေးခြင်းဖြစ်သည်။

စေ့စပ်ဆွေးနွေးပွဲ ကိုးကြိမ် ကျင်းပပြီးနောက် "စစ်မက်ဖုန်များတွင် လူနည်းစုများကို အရေးကြီးကိစ္စရပ်တိုင်းနှင့် ပတ်သက်ပြီး ဖြစ်နိုင်သမျှ ရှင်းလင်းစွာ ဖော်ပြရမည်" ဆိုသည့်အတွက် ဝေဖန်သူများကပင် သဘောတူခဲ့သည့် NCA ကို ၂၀၁၅ ခုနှစ် မတ်လတွင် ချမှတ်နိုင်ခဲ့သည်

[31] Lorch (၂၀၀၇).

[32] Sandee Pyne ရေးသားသော "ရွှေ့ပြောင်းကျက်စားသော အသိပညာ၊ ထိုင်း-မြန်မာ နယ်စပ်ရှိ ကျောင်းနေခြင်း၊ နိုင်ငံတော်မရှိခြင်းနှင့် လုံခြုံစိတ်ချရခြင်း" (ဒေါက်တာဘွဲ့ယူကျမ်း၊ မေရီလင်း တက္ကသိုလ်၊ ၂၀၀၇)
http://drum.lib.umd.edu/bitstream/handle/1903/7370/umi-umd-4781. pdf;jsessionid=CECD5E44A685BE9AEA3415ED2F624E00?sequence=1.

[33] ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကော်မတီ (၁၉၉၀) ကို ကြည့်ရန်၊ စာမျက်နှာ ၈၈-၈၉။ ထို့အပြင် ဖက်ဒရယ်ပြည်ထောင်စုအတွက် ခိုင်မာစွာရပ်တည်ရန်၊ ငြိမ်းချမ်းရေးရရှိရန်နှင့် အစိုးရ၏ အဓိကရည်မှန်းချက်ဖြစ်စေရန် NLD ၏ ၂၀၁၅ မူဝါဒကြေညာစာတမ်းက ဖော်ပြထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မူဝါဒ ကြေညာစာတမ်း (၂၀၁၅) ကြည့်ရန်၊ စာမျက်နှာ ၂၊ ၅၊ ၆။

[34] ၂၀၁၀ ခုနှစ်တွင် ယခင် အပစ်အခတ်ရပ်စဲရေးကို စေ့စပ်ရေး သို့မဟုတ် အတည်ပြုရေးကို ကိုယ်စားပြုသောအချက် ခြောက်ချက်နှင့် စာချုပ် ခုနစ်ခု ပါဝင်သော ထိုအချိန်ကာလက အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသူစာရင်း အပြည့်အစုံအတွက် နောက်ဆက်တွဲ ၂ ကို ကြည့်ရန်။ အပစ်အခတ်ရပ်စဲရေးကို ၂၀၁၂ ခုနှစ်တွင်လည်း လက်နက်ကိုင်မဟုတ်သည့် တိုင်းရင်းသားအဖွဲ့အစည်းတစ်ခုနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

[35] KIO နှင့် KNPP အပြင် လက်နက်ကိုင်ပဋိပက္ခများသည် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)၊ မြန်မာနိုင်ငံ အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော် (MNDAA) နှင့် ရခိုင်တပ်မတော် (AA)တို့နှင့် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

(သို့သော်လည်း ထိုအချက်များနှင့် ပတ်သက်ပြီး ကတိကဝတ်ဆောင်ရွက်မှု အားနည်းခဲ့သည်)[36] အရေးအကြီးဆုံးမှာ စာချုပ်တွင် ကတိထားခဲ့သော လက်မှတ်ရေးထိုးသည့် အဖွဲ့များသည် "လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတည်းဟူသော လောကပါလတရားကို အခြေခံပြီး နိုင်ငံရေးဆိုင်ရာ တရားမျှတမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒီမိုကရေစီ အလေ့အကျင့်များ၊ အာမခံချက်အပြည့်အဝရှိသော ပင်လုံစိတ်ဓာတ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ရလဒ်များနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အခြေခံမူများကို အခြေခံသော ပြည်ထောင်စု"ကို တည်ထောင်ရန် သဘောတူညီခဲ့ကြသည်။

သို့သော် အစိုးရက KIO ဦးဆောင်သော မဟာမိတ်အဖွဲ့ဖြစ်သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ အစိတ်အပိုင်းဖြစ်သည့် တိုင်းရင်းသားအဖွဲ့ ခြောက်ဖွဲ့ကို လက်မှတ်ထိုးရန် ခွင့်မပြုသော[37] ကြေညာချက်ထုတ်ပြန်ခဲ့ရာ ဆွေးနွေးပွဲသည် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် လျင်မြန်စွာ ယိုယွင်းခဲ့ရသည်။ ထို့နောက် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် တပ်မတော်က RCSS ၏ ထိန်းချုပ်နေရာများကို လေကြောင်းနှင့် မြေပြင်ထိုးစစ်များ စတင်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့်တိုင်အောင် နိုင်ငံရေးဆွေးနွေးပွဲတွင် မပါဝင်နိုင်ခဲ့သော UWSP နှင့် NMSP တို့ကို ယင်းတို့၏ ယခင်ထိန်းချုပ်နေရာများသည် အဆင်မပြေကြောင်း ပြောဆိုခဲ့သည်။ စက်တင်ဘာလကုန်တွင် တိုင်ရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများစုက နောင်လာမည့် ရွေးကောက်ပွဲ မတိုင်မီ ဖြစ်မြောက်စေချင်ပြီး အစိုးရသစ်နှင့် ပိုမိုကောင်းမွန်သော ဆွေးနွေးပွဲဆောင်ရွက်ရန် အခွင့်အရေးကို သုံးသပ်ခဲ့ကြရာ NCA ၏ ယုံကြည်မှု အဆင့်သည် ဆိုးဝါးစွာ ကျဆင်းသွားခဲ့သည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အသေးစိတ်ပြင်ဆင်ထားသော အခမ်းအနား၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့ကသာလျှင် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ NCA ကို လက်မှတ်ရေးထိုးကြသည်။ ယင်းတွင် KNU, RCSS, တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းငယ် ခြောက်ဖွဲ့တို့ ပါဝင်ပြီး အဆိုပါ ခြောက်ဖွဲ့တွင် KNUနှင့် ရင်းနှီးပတ်သက်သူ လေးဖွဲ့ပါဝင်သည်။ NLD သည် ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ရှိသည်ဟု ထင်ပြီး ပါတီ၏ ရွေးကောက်ပွဲမျှော်လင့်ချက် မသေချာသောကြောင့် NCA တွင် လက်မှတ်ရေးထိုးခြင်း မရှိချေ။ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဟုခေါ်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ပထမအကြိမ် ဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့၊ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD၊ တပ်မတော်နှင့် အစိုးရနှင့် လွှတ်တော်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သို့သော် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်ရန် ခွင့်မပြုခဲ့ရာ ယင်းလုပ်ငန်းစဉ်သည် အားလုံးပါဝင်မှု မရှိသောကြောင့် ဝေဖန်မှုများရှိသည့်အတွက် အမည်းစက် စွန်းထင်းခဲ့ရသည်။

၂၀၀၆ ခုနှစ်ရှိ နိုင်ငံရေး ရာသီဥတုသည် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန်နှင့် ငြိမ်းချမ်းရေး တည်ဆောက်ရန် ကြီးမားသော အခွင့်အရေးများကို ကတိကဝတ်များ ပေးခဲ့ကြသည့် တိုင်းရင်းသားများ၏ ဒေသများတွင် မဲဆွယ်စည်းရုံးခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ်တွင် ယင်းအကြောင်းအရာနှင့် ပတ်သက်ပြီး ၃၁ ကြိမ်ထက်မနည်း ပြောဆိုသုံးစွဲကာ အစိုးရ၏ ဖက်ဒရယ်စနစ်အတွက် တိုက်တွန်းခဲ့သည်။[38] "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်" က ပထမဆုံးအကြိမ် ပေးပို့သော နှစ်သစ်ကူးသဝဏ်လွှာတွင် ဒေါ်အောင်ဆန်းစုကြည်က "စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု"ကို တည်ထောင်ကြရန် ပြောကြားခဲ့သည်။[39] ယင်းကိုပင် သမ္မတ ဦးထင်ကျော်၏ အဖွင့်မိန့်ခွန်းတို့၌ ထင်ဟပ်သုံးစွဲခဲ့ရာ အစိုးရ၏ အဓိကဦးစားပေးသုံးခု ဖြစ်စေရန် "အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာရေး"ကို ကြေညာခဲ့သည်။[40]

ယခုစာရေးနေချိန်မှာပင် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာနိုင်ငံတွင် ခေတ်မီပြည်နယ်များကို တည်ထောင်ရန် ရည်ရွယ်ခဲ့ကြသော ကချင်၊ ရှမ်းနှင့် ချင်း ခေါင်းဆောင်များအကြား ၁၉၄၇ ခုနှစ်က သမိုင်းဝင်ချုပ်ဆိုခဲ့သည် စာချုပ်ကို နမူနာယူသည့် "၂၁ ရာစု ပင်လုံညီလာခံ"အတွက် နောက်ဆုံးအကြိမ် စီမံမှုများ ဆောင်ရွက်နေပြီဖြစ်သည်။ အတားအဆီးများစွာကို ကျော်လွှားနေစဉ်အတွင်း နိုင်ငံတော်တွင် ငြိမ်းချမ်းရေး အရှည်သဖြင့် တည်တံ့နိုင်ရန်အတွက် အခြေခံကောင်းများချမှတ်ရန် မည်သည့်အခါကမျှ မမျှော်လင့်ခဲ့ဖူးသော အခွင့်အရေးများ

---

[36] ၂၀၁၅ခုနှစ် စက်တင်ဘာ ၈ ရက်နေ့က BurmaNet News တွင် မောင်ဇာနည်နှင့် စောကပိ ရေးသားသော "Divisive ceasefire won't bring peace," ကို http://www.burmanet.org/news/2015/09/08/democratic-voice-of-burma-opinion-divisive-ceasefire-wont-bring-peace-maung-zarni-and-saw-kapi/ တွင် ကြည့်နိုင်သည်။

[37] စေ့စပ်ဆွေးနွေးရေး စတင်ကတည်းက KIOသည် အလွန်သေးငယ်သော ဂုဏ်သရေရှိ လက်နက်ကိုင်သုံးဖွဲ့ဖြစ်သည့် AA, PSLF နှင့် MNDAA တို့နှင့် မဟာမိတ်ပြုထားသည်။

[38] ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့က မြန်မာတိုင်းမ်တွင် ကျော်ဖုန်းကျော်ရေးသားသော "ဒေါ်စု ပအိုးဝ်ဒေသတွင် တိုင်းရင်းသား မဲဆန္ဒရှင်များကို မဲဆွယ်ခဲ့သည်"။ : http://www. mmtimes.com/index.php/national-news/16344-daw-suu-woos-ethnic-voters-in-pao-zone.html. တွင် ကြည့်ရန်။

[39] ၂၀၁၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့က Global New Light of Myanmar သတင်းစာတွင် ဖော်ပြသော "Amendment Essential: State Counsellor offers New Year Message,"။ http://globalnewlightofmyanmar.com/amendment-essential/. တွင် ကြည့်ရန်။

[40] "ကူးယူချက်မှတ်တမ်း၊ သမ္မတဦးထင်ကျော်၏ အဖွင့်မိန့်ခွန်း" မြန်မာတိုင်းမ်၊ ၂၀၁၆ခုနှစ် မတ် ၃၀ရက်နေ့၊ http://www.mmtimes.com/index.php/national-news/19730-transcript-president-u-htin-kyaw-s-inaugural-address.html. တွင် ကြည့်ရန်။

ရှိနေပြီဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ စေ့စပ်ဆွေးနွေးသူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျွမ်းကျင်သူ ခွန်ဥက္ကာ၏ ပြောစကားတွင် “ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အောင်မြင်မှုအခွင့်အရေးဟာ အစိုးရသစ်ဆီမှာ ရှိနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့ဟာ လူထုမဲဆန္ဒကို ရရှိခဲ့ပါတယ်။ အရင် အစိုးရဆီက အမွေတွေရရှိခဲ့ပေမယ့် ကျွန်တော်တို့ မျှော်လင့်တာကတော့ အခုအချိန်ဟာ နိုင်ငံတော်ကို ပြန်ပြီးတည်ဆောက်ဖို့ အချိန်ပါပဲ။”[41] ယင်းသည် ပဋိပက္ခများဖြစ်ပေါ်စေသော နစ်နာချက်များကို ပြန်လည်ကုစားပေးရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ဖြစ်စေရေးအတွက် အစိုးရ၏ ကျယ်ပြန့်သော အားထုတ်လုပ်ဆောင်မှုပေါ်တွင် မူတည်နေပေသည်။

[41] “We hope that now is the time to rebuild the nation,” Frontier Myanmar, ၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ရက်နေ့၊ http://frontiermyanmar.net/en/we-hope-that-now-is-the-time-to-rebuild-the-nation. တွင် ကြည့်ရန်။

## အခန်း (၃)။ ။လူမျိုးစုအခြေပြု ပညာရေး အဖွဲ့အစည်းများအကြောင်းနှင့် ယင်းတို့၏ ဆောင်ရွက်ပုံ

ဤကဏ္ဍသည် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ (EBEP) အကြောင်း နားလည်နိုင်ရန် အခြေခံအချက်များ၊ ယင်းတို့ မည်သို့ အလုပ်လုပ်ဆောင်သည်၊ မည်သို့ဖွဲ့စည်းထားသည်နှင့် ထူးခြားသော နိုင်ငံရေးအနေအထားတွင် မည်သို့ပတ်သက်နေသည်တို့ကို ဖော်ပြထားသည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနက EBEP တို့အပေါ် မည်သို့လွှမ်းမိုးသည်ကိုလည်း ဖော်ပြထားပါသည်။

### လူမျိုးစုအခြေပြု ပညာရေး အဖွဲ့အစည်း ဝေါဟာရ

ဤအစီရင်ခံစာသည် သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများအား အခြေခံပညာရေး အထောက်အပံ့ပေးသော လူမျိုးစုရေးနှင့်ပတ်သက်သည့် အဖွဲ့အစည်းကို ညွှန်းဆိုသည့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းဟူသည့် ဝေါဟာရကို သုံးစွဲပါသည်။ ဤဝေါဟာရတွင် လွတ်လပ်သော အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ သို့မဟုတ် ရပ်ရွာအခြေပြု အဖွဲ့အစည်းများကဲ့သို့ပင် EBEP အဖွဲ့များလည်း ပါဝင်ပါသည်။ ဤအစီရင်ခံစာက ပဋိပက္ခဖြစ်ပွားရာ ဒေသများကို အထူးအလေးထားနေစဉ်အတွင်း မြို့ရွာများ နေရာချထားမှုအပါအဝင် မြန်မာနိုင်ငံ၏ အခြားဒေသများတွင် EBEP သည် အရေးပါသော အခန်းကဏ္ဍ၌ ရှိနေခဲ့ပါသည်။

ဝေါဟာရ၏ အတိအကျမှာ ဒေသဆိုင်ရာအဆင့်တွင် ထူးခြားသော တိုင်းရင်းသားများအတွက် ဆောင်ရွက်ပေးခြင်းကို အလေးထားသော ဘာသာရေးဆိုင်ရာ ပညာရေးအဖွဲ့အစည်းများနှင့် မကြာခဏ ရောထွေးသွားတတ်ပါသည်။ သို့သော် မျိုးနွယ်တူ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံဖြင့် မိမိတို့ဘာသာ ရှင်းလင်းစွာ ဖွင့်ဆိုကြသည်။ မည်သို့ဖြစ်စေ ဤအစီရင်ခံစာတွင် ဖော်ပြထားသော တွေ့ရှိချက်များနှင့် သင်ခန်းစာများကို စနစ်တကျ အသုံးပြုမည်ဖြစ်ပြီး ကိစ္စများစွာတွင် ဒေသတွင်းနှင့် အစိုးရမဟုတ်သော ပညာရေးအဖွဲ့အစည်းများအတွက်လည်း အသုံးပြုမည်ဖြစ်သည်။

### နိုင်ငံရေးအနေအထား

EBEP များ ဖွဲ့စည်းထားသည့်အကြောင်းနှင့် ယင်းတို့၏ အလုပ်လုပ်ပုံကို နားလည်ခြင်းသည် ယင်းတို့တာဝန်ထမ်းဆောင်သော ဒေသများ အထူးသဖြင့် ဆယ်စုနှစ်များစွာ ကြာညောင်းလာသော လက်နက်ကိုင်ပဋိပက္ခများ၏ ရလဒ်ဖြစ်သည့် နယ်မြေပိုင်နက် အစီအစဉ်ချထားမှုနှင့် ပတ်သက်ပြီး နားလည်မှုပေါ်တွင် ပထမဆုံးတည်မှီနေသည်။ ပဋိပက္ခ၏ဆိုးကျိုးကို အများဆုံးခံစားရသော မြို့နယ်များတွင် အစိုးရနှင့် တပ်မတော်က မြို့များနှင့် အဓိကကျသောလမ်းမများကို ထိန်းချုပ်ထားရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အပယ်ဂိက ကျေးလက်ဒေသများတွင် အားအလွန်ကောင်းနေသည်။ နစ်ဖက်စလုံးသည် နယ်မြေပိုင်နက်ဆိုင်ရာ နယ်ခြားဒေသများကို ရှင်းရှင်းလင်းလင်း မတည်ထောင် သို့မဟုတ် မကာကွယ်ထားသောကြောင့် ကြီးမားသောဒေသများသည် အုပ်ချုပ်မှုအခြေအနေတွင် ရောထွေးနေသည်။

ပဋိပက္ခ ကာလအတွင်း အဓိက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ကာကွယ်ရေး၊ နှစ်ပေါင်းများစွာ ယင်းတို့ ထိန်းချုပ်ထားသော ပိုင်နက်များ သို့မဟုတ် အုပ်ချုပ်မှု လစ်ဟာနေသော နယ်မြေအသစ်များနှင့် ပတ်သက်ပြီး အလေးထားခဲ့ကြသည်။ ယင်းတို့သည် တပ်မတော်၏ တည်ငြိမ်သောအခြေအနေ တည်ဆောက်မှုကို တားဆီးရန် ခြုံခိုတိုက်ခိုက်ခြင်းများနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများ အသုံးပြုသည့် ပြောက်ကျား နည်းစနစ်ကို အဓိကထား သုံးစွဲခဲ့ကြသည်။ အကယ်၍သာ တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နေရာများကို တိုက်ခိုက်ရန် ဆုံးဖြတ်လျှင် ယင်းတပ်ဖွဲ့များသည် အနည်းဆုံး ယာယီအနေဖြင့်ပင် ယင်းတို့၏ အခြေချနေရာများမှ ထွက်ပြေးရန် အဆင်သင့် ဖြစ်နေသည်။ တစ်ပြိုင်နက်တည်းမှာပင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်မတော်၏ ခိုင်မာသောထိန်းကွပ်မှုမရှိသည့် နေရာများမှာပင်လျှင် ယင်းတို့၏ အရပ်သားအုပ်ချုပ်ရေးနှင့် လူမှုဝန်ဆောင်မှု ဌာနများမှတစ်ဆင့် ဒေသဆိုင်ရာ ရပ်ရွာအစုအဖွဲ့များနှင့် နက်ရှိုင်းသော ဆက်ဆံရေးကို ထိန်းသိမ်းထားရန် ရည်ရွယ်သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဒေသတစ်ခုကို ရှင်းလင်းရန် တပ်မတော်က သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးများ အောင်မြင်စွာဆင်နွှဲသော နေရာတွင်ပင် နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များကဲ့သို့ နိုင်ငံတော်က ကျောထောက်နောက်ခံပြုထားသော အကူလက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းရန်အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ယင်းတို့၏ အုပ်စုဖွဲ့စည်းရန် အတင်းအကြပ်စေခိုင်းတတ်သည့် နေရာမှလွဲပြီး ယင်းတို့၏ အမြဲတမ်း ထိန်းချုပ်မှု ခိုင်မာစေရန် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။

၁၉၈၀ ပြည့်လွန်နှစ်များမှ ၂၀၀၇ ခုနှစ်တိုင်အောင် အပစ်အခတ် ရပ်စဲရေး လက်မှတ်ထိုးထားသော EAO များသည် ယင်းတို့၏ ဆက်ဆံရေးရုံးများမှ ခွင့်ပြုချက်ရရှိပြီးနောက် တပ်မတော်က ဝင်ရောက်လာနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ သို့မဟုတ် တချို့တစ်ဝက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများကို စနစ်တကျ ထောက်ပံ့ပေးခဲ့သည်။ မွန်ပြည်သစ်ပါတီ၊ UWSP နှင့် KPC တို့ ထိန်းချုပ်ထားသော နယ်မြေများကဲ့သို့ အချို့နယ်မြေများ သည် မထိမခိုက်ဘဲ ရှိကြသည်။ ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးလိုက်ကြသော်လည်း EAO များ၏ နယ်မြေများကိုမူ

ဩဇာသက်ရောက်မှု မရှိပေ။ အကြောင်းမှာ နိုင်ငံတော်နှင့် EAO အာဏာပိုင်များသည် ဆက်လက်ပြီး ထိန်းချုပ်မှုနယ်မြေများ ထူးခြားစွာ ထပ်နေသောကြောင့် ဖြစ်သည်။ ထို့အပြင် အုပ်ချုပ်ရေးထူထောင်ရမည့် ဒေသဆိုင်ရာအစီအစဉ်များကိုလည်း ထူထောင်ရန် လိုအပ်သည်။ ဤနေရာတွင် ရပ်ရွာအဖွဲ့များသည် အာဏာပိုင်မျိုးစုံ ဖြစ်စေရန် အကြောင်းရင်းဖြစ်နေပြီး အခွန်မျိုးစုံနှင့် စည်းမျဉ်းမျိုးစုံများဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။ အကြောင်းမှာ အမျိုးမျိုးသော ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ တာဝန်ထမ်းဆောင်သော ဒေသများမှာ ထူးခြားစွာ ထပ်နေသည်။

## "လူမှုအဖွဲ့အစည်းကျောင်း"မှ အခြေခံပညာ


လက်နက်ကိုင် ပဋိပက္ခဒေသများတွင် စာသင်ကျောင်း အများစုကို "ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများ"ဟု နားလည်ထားကြပြီး ယင်းကျောင်းများကို ဒေသခံများနှင့် ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် မိဘဆရာအသင်းတို့က စီမံထိန်းကွပ်ထားကြသည်။ အစိုးရကျောင်းများ တည်ရှိသည့် တည်ငြိမ်မှုရှိစေရန် ထိန်းသိမ်းထားသော အချို့ကျေးရွာများနှင့် မြို့များတွင် တိုင်းရင်းသား ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများလည်း ရှိကြသည်။ သို့သော် အချို့မိသားစုများသည် ထိုအစုအဖွဲ့ပိုင်ကျောင်းများတွင် ယင်းတို့၏ သားသမီးများကို ကျောင်းထားရခြင်းကို နှစ်သက်ကြသည်။

ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများသည် ယင်းအစုအဖွဲ့များက ထောက်ပံ့သည်ကို အဦးဆုံးက အားထားကြရသော်လည်း မိဘများက အလှူငွေနှင့် ကျောင်းလခပေးကြရသည်။ ကျောင်းကော်မတီများက ရန်ပုံငွေ ရရှိစေရန် လုပ်ဆောင်ကြရပြီး တစ်ခါတစ်ရံ ရပ်ရွာကို လှူဒါန်းကျွေးမွေး အားပေးသော ဘာသာရေး သို့မဟုတ် အခြား ဩဇာအာဏာရှိသူများက ထောက်ပံ့သည်လည်း ရှိသည်။ မဖြစ်မနေလုပ်ဆောင်ရခြင်း မဟုတ်သော်လည်း ကျောင်းလခကို ကျောင်းများအနေဖြင့် မျှော်ကိုးကြရသည်။

ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများသည် ကျောင်းဆရာများ၊ လေ့ကျင့်ရေး၊ ပစ္စည်းပစ္စယနှင့် ရန်ပုံငွေတို့ကဲ့သို့ ပြင်ပအထောက်အပံ့ကို အမျိုးမျိုးသော ဆောင်ရွက်ပေးသူများထံမှ အချိန်ကာလအမျိုးမျိုးတွင် ပုံစံအမျိုးမျိုးဖြင့် ရရှိကြသည်။ ယင်းသည် တစ်ပြိုင်နက်တည်းမှာပင် ထိုအရင်းအမြစ်များမှ ကျောင်းများအတွက် ပုံမှန်ရရှိခြင်း မဟုတ်ပေ။ ဥပမာအားဖြင့် ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများသည် ပညာရေးအဖွဲ့အစည်းမျိုးစုံထံမှ ဆရာမျိုးစုံကို ရရှိကောင်း ရရှိနိုင်သည်။ ကားချပ်(၁)တွင် ပဋိပက္ခ ဒေသတစ်ခုမှ ကျောင်းတစ်ကျောင်းသည် ပုံမှန်ရရှိကောင်း ရရှိနိုင်သည့် အထောက်အပံ့ အမျိုးမျိုးကို ဖော်ပြထားသည်။

ကားချပ်(၁) ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများ ရရှိသော စနစ်ကျသည့် အထောက်အပံ့များ

**ရပ်ရွာအစုအဖွဲ့အခြေပြု ကျောင်းပညာသင်ကြားခြင်း**




ပဋိပက္ခဖြစ်ပွားသော ကာလများ၌ ထိန်းချုပ်ကွပ်ကဲမှုများနှင့် ဝေးကွာသော ဒေသများရှိ ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများသည် အနည်းငယ်မျှသော အထောက်အပံ့ သို့မဟုတ် ပြင်ပအထောက်အပံ့မရှိဘဲ အချိန်ကာလများစွာကို ဖြတ်ကျော်ကြရသည်။ ထိုကာလအတွင်း ရွာသားများ နေ့စဉ် လှူဒါန်းသော ဆန်နှင့် အခြေခံလိုအပ်သော ပစ္စည်းများဖြင့် အစုအဖွဲ့မှ စာတတ်သူများကို ကျောင်းဆရာများအဖြစ် ငှားရမ်းကာ လုပ်ငန်းလည်ပတ် စေရန် ဆောင်ရွက်ကြရသည်။ ကျောင်းနေရာအတွက် ဝါးနှင့် သစ်တို့ဖြင့် ဆောက်လုပ်ခြင်း သို့မဟုတ် နိုင်ငံတော် သို့မဟုတ် အခြားဆောင်ရွက် ပေးသူများ စွန့်ပစ်သွားသော ကျောင်းဟောင်းများကို ရရှိကောင်း ရရှိနိုင်ကြသည်။ အချို့နေရာများတွင် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ အစုအဖွဲ့သည် နှစ်ပေါင်းများစွာ ကြာအောင် ဤနည်းအားဖြင့် ကျောင်းများကို ထိန်းသိမ်းကြရသည်။

**လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အထောက်အပံ့များ**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပညာရေးဌာနများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်သူများနှင့် ဘာသာရေး အဖွဲ့အစည်းများပါဝင်သော EBEP များသည် အစုအဖွဲ့ပိုင်ကျောင်းများကို ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့ကြသည်။ EBEP တို့၏ ပုံမှန်ပုံစံမှာ ကျောင်းဆရာထောက်ပံ့ကြေး၊ ဝန်ထမ်း သို့မဟုတ် ဝန်ထမ်းမဟုတ်သည့် ကျောင်းဆရာ လေ့ကျင့်ရေး၊ စီမံခန့်ခွဲရေး၊ အရည်အချင်းပြည့်ဝသော

အုပ်ချုပ်မှုနှင့် အကဲဖြတ်မှု၊ အစုအဖွဲ့အတွက် ကျောင်းဆရာများ စုဆောင်းခြင်းတို့ကို ဆောင်ရွက်ကြရပြီး ယင်းသို့ မပြည့်စုံပါက (ယင်းတို့ပိုင် ကျောင်းများ၊ ပညာရေးဝန်ကြီးဌာနနှင့် အခြား ပုံနှိပ်စာအုပ် ထောက်ပံ့သူများထံမှ) ကျောင်းသုံးပုံနှိပ်စာအုပ်၊ အခြားဆရာအသုံးအဆောင်များ၊ စာရေးကိရိယာနှင့် စာသင်ခန်း အသုံးအဆောင်နှင့် ပရိဘောဂများကို ထောက်ပံ့ကြရသည်။ EBEP များသည် နောက်ထပ် ပညာသင်ယူရေး လမ်းကြောင်းများနှင့် မူလတန်းအဆင့်သာရှိသော ရပ်ရွာအစုအဖွဲ့ပိုင် ကျောင်းများနှင့် ပတ်သက်ပြီး အရေးပါသော အခန်းကဏ္ဍတွင် ရှိနေကြသည်။ အများစုသည် ပညာရေးဝန်ကြီးဌာန သို့မဟုတ် အစိုးရ၏ တွဲဖက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ဆက်သွယ်တည်ထောင်ကြသည်။ EAO ပိုင်နက်များ သို့မဟုတ် ရွှေ့ပြောင်းရပ်ရွာအစုအဖွဲ့များ သို့မဟုတ် ဒုက္ခသည်စခန်းများရှိ နိုင်ငံတကာ နယ်စပ်မျဉ်းတစ်လျှောက်တွင် ယင်းတို့ပိုင် အလယ်တန်းနှင့် အထက်တန်းကျောင်းများ ရှိကြသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAO) မှ တာဝန်ရှိသူများက ကျောင်းဆောက်လုပ်ခြင်းအတွက် အလုပ်သမား၊ ရန်ပုံငွေနှင့် လိုအပ်သော ပစ္စည်းများဖြင့် ရပ်ရွာအစုအဖွဲ့ပိုင် ကျောင်းများကို ကူညီကြသည်။ အချို့နေရာတွင် EAO တာဝန်ရှိသူတို့သည် ကျောင်းတစ်ကျောင်းကို ပထမဆုံးအကြိမ် တည်ထောင်ပြီး ကျေးရွာခေါင်းဆောင်များကို ကျောင်းကော်မတီ တည်ထောင်ရန် ပြောကြားကြသည်။ EAO ဒေသများတွင် ရှိသော အချို့ကျောင်းများအတွက် ဒေသဆိုင်ရာ EAO များက လုပ်ဆောင်ပေးကြပြီး EAO ပညာရေးဌာနများက ပြည့်စုံစွာ စီမံပေးကြသည်။ ထို့ကြောင့် ရပ်ရွာအစုအဖွဲ့ပိုင် ကျောင်းများအဖြစ်ထက် လူထုကျောင်းများအဖြစ် လူသိများကြသည်။ ရပ်ရွာက ယင်းတို့ပိုင်ကျောင်းများအဖြစ် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်ချိန်မှာပင် လိုအပ်သည့် ပစ္စည်းများ ရယူရန် ဒေသဆိုင်ရာ EAO တို့ထံမှ ခွင့်တောင်းရန် လိုအပ်သည်။ ဥပမာအားဖြင့် လူထုအဆောက်အဦ ပုံစံအမျိုးမျိုးအတွက် ကျေးရွာရှိ သစ်ပင်များကို တရားဝင်ခုတ်လှဲရန် KNU တွင် သစ်တောဆိုင်ရာ တာဝန်ရှိသူများအတွက် လက်စွဲစည်းမျဉ်းများရှိသည်။

## ပညာရေးဝန်ကြီးဌာနမှ အထောက်အပံ့

အစိုးရက အားလုံးအတွက် ထိရောက်စွာ မထောက်ပံ့နိုင်သည့် နေရာတွင် ပညာရေးဝန်ကြီးဌာနသည် တိုက်ခိုက်ရေးနှင့် အပစ်အခတ်ရပ်စဲရေး ကာလနှစ်မျိုးစလုံးတွင် ပဋိပက္ခဒေသများ၌ အစိုးရ၏ အတက်ကြွဆုံး အဖွဲ့အစည်းဖြစ်သည်။ တပ်မတော် တပ်ရင်းတပ်ဖွဲ့များ သို့မဟုတ် အစိုးရ ကျောထောက်နောက်ခံရှိသည့် တပ်အဖွဲ့အစည်းများ လွှမ်းမိုးသည့်နေရာများတွင် EBEP များသည် ဒေသဆိုင်ရာကျောင်းများကို သေချာစွာ ထောက်ပံ့နိုင်ခြင်း မရှိပေရာ ပညာရေးဝန်ကြီးဌာနသည် ထိုနေရာများတွင် ယင်းတို့၏ လုပ်ငန်းကို များစွာ လုပ်ဆောင်နိုင်သည်။ အခြားအုပ်ချုပ်ရေး အလှမ်းကွာဝေးသော နေရာများတွင် ပညာရေးဝန်ကြီးဌာနက အထောက်အပံ့ပေးသော ရပ်ရွာကျောင်းများသည် မြို့ သို့မဟုတ် လုံခြုံသော ကျေးရွာများတွင် "လက်ခံကျောင်းများ" ထားရှိသည်။ ထိုနေရာများတွင် ကျောင်းသားများသည် အစိုးရက ကျင်းပပေးသော စာမေးပွဲများ ဝင်နိုင်ကြသည်။ အကယ်၍ ကျောင်းဆရာများကို ထိုနေရာများသို့ စေလွှတ်ပါက ထိုကျောင်းကို "ကျောင်းခွဲ" ဟု ခေါ်ဆိုနိုင်ပြီး "တွဲဖက်ကျောင်း"လည်း ခေါ်သည်။ သို့သော် တွဲဖက်ကျောင်းများ အရေအတွက်သည် နည်းပါးပါသည်။

ထိုနှစ်မျိုးစလုံးတွင်ပင် ပညာရေးဝန်ကြီးဌာနသည် ပုံမှန်အားဖြင့် ဖတ်စာအုပ်နှင့် အခြားလိုအပ်သည့်အရာများ ထောက်ပံ့သည်။ ယင်းကျောင်းများသည် ပညာရေးဝန်ကြီးဌာနထံမှ ရပ်ရွာအလုပ်သမားများဖြင့် ကျောင်းအဆောက်အဦဆောက်လုပ်ရေး သို့မဟုတ် အဆင့်တိုးမြှင့်ရေးအတွက် ရန်ပုံငွေ သို့မဟုတ် လိုအပ်သောပစ္စည်းများ ရရှိနိုင်သည်။ သို့မဟုတ်ပါက နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဌာန သို့မဟုတ် တပ်မတော်ထံမှ တစ်ခါတစ်ရံ ရရှိသည်။ ဒေသအသစ်တစ်ခုကို ထိန်းသိမ်းထားနိုင်ရန်အတွက် တူညီဝတ်စုံ၊ ပရိဘောဂ၊ အခြားလိုအပ်သော ပစ္စည်းများ တပ်မတော်ထံမှ အထောက်အပံ့ရမည်ဟု ယူဆထားကြသည်။

များစွာသော အုပ်ချုပ်ရေး အလှမ်းကွာဝေးသည့် နေရာများတွင် ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော အထောက်အပံ့များသည် နှစ်ပေါင်းများစွာ ကြာသောအခါ နည်းပါးသွားသည်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများသည် ပျက်ကွက်မှုများလာခြင်းနှင့် လုံးဝမရှိတော့သည့် ပုံစံဖြင့် ပုံစံမျိုးစုံ ဖြစ်နေတတ်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာအများစုသည် မြို့ပေါ်မှ ဖြစ်ကြပြီး ဗမာလူမျိုးများ ဖြစ်ကြသည့်အတွက် ကျေးလက်ဒေသ တိုင်းရင်းသားများ၏ ပတ်ဝန်းကျင်တွင် အဆင်ပြေပြေနေနိုင်ရန် ခက်ခဲကြကြောင်း တွေ့ရှိရသည်။ ထိုပြဿနာကို ဖြေရှင်းနိုင်စေရန် ဦးသိန်းစိန် အစိုးရလက်ထက်တွင် လစာတိုးမြှင့်ခြင်းနှင့် နေ့စား-လပေး ကျောင်းဆရာ အစီအစဉ်ကို တီထွင်ဆောင်ရွက်ခဲ့သည်။ ယင်းကို အခန်း (၅)တွင် ဆွေးနွေးထားပါသည်။

## မည်သူ၏ ကျောင်းများ ဖြစ်ပါသလဲ

များစွာသော အရင်းအမြစ်များထံမှ လာသော အထောက်အပံ့များသည် မတည်မငြိမ်ဖြစ်နေရာ တစ်ခါတစ်ရံ ယင်းတို့ကို ပညာရေးဝန်ကြီးဌာန ကျောင်းများလော၊ EBEP ကျောင်းများလော သို့မဟုတ် ရိုးရိုး ရပ်ရွာ အစုအဖွဲ့ပိုင်ကျောင်းများလောဟူ၍ပင် စဉ်းစားပေးရန် ခက်ခဲလှသည်။ အချို့ EAO ပညာရေးဌာနများနှင့် အခြား ကြီးမားသော EBEP က ထိန်းချုပ်ထားသော ကျောင်းများသည် မိမိတို့ကျောင်းများအတွက် နှစ်ပေါင်း

များစွာ ရုန်းကန်ခဲ့ကြရပြီး ထူးခြားသော အုပ်ချုပ်မှုရှိသည့် စောင့်ကြည့်နိုင်သော အဖွဲ့များနှင့် ပတ်သက်နေသည်။ ဤနေရာတွင် EBEP တို့သည် ယင်းတို့ကျောင်းများအတွက် သေချာစွာ စဉ်းစားဆောင်ရွက်ပေးကြသည်။ သို့သော် NMSP ၏ မွန်အမျိုးသား ပညာရေးဌာနကဲ့သို့ ရောနှော ကျောင်းများအဖြစ် ပညာရေး ဝန်ကြီးဌာနမှ အထောက်အပံ့များရရှိသော ကျောင်းများကို EBEP တို့သည် အသိအမှတ်ပြုကြသည်။

ပညာရေးဝန်ကြီးဌာနသည် အခြားလုပ်ဆောင်ပေးသူများထံမှ အထောက်အပံ့ယူသော ကျောင်းများကို အသိအမှတ်ပြုရန် ရောက်မလာတတ်ချေ။ ဆိုလိုသည်မှာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဒေသအသစ်သို့ ရောက်ရှိချိန်တွင် လက်ရှိထောက်ပံ့သူ အဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ပြီး တိုင်ပင်ဆွေးနွေးခြင်း မရှိချေ။ ပညာရေးဝန်ကြီးဌာနက မိမိလုပ်ဆောင်ချက်များကို ဖာထေးရန် သို့မဟုတ် EBEP တို့က တက်တက်ကြွကြွဆောင်ရွက်သည့် ကိစ္စများတွင်ပင် "ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများ"ကို ပညာရေးဝန်ကြီးဌာနပိုင် ကျောင်းများအဖြစ် မှတ်ပုံတင်ရန် သို့မဟုတ် ကျောင်းခွဲ သို့မဟုတ် တွဲဖက်ကျောင်းများအဖြစ် အသိအမှတ်ပြုလေ့ရှိကြသည်။

ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများသည် EBEP များ သို့မဟုတ် ပညာရေးဝန်ကြီးဌာနထံမှ ပုံမှန် ရန်ပုံငွေနှင့် အုပ်ချုပ်မှုအထောက်အပံ့များ ရရှိသော အချိန်မှာပင် ထိုရပ်ရွာသည် ကျောင်း၏ တာဝန်များစွာကို ယူနေရသေးသည်။ ယင်းသည် ကျောင်းဆရာလစာများနှင့် အိမ်သာသန့်ရှင်းရေးကဲ့သို့ ကိစ္စရပ်များဖြစ်ကြသည်။ ထို့အပြင် ကျောင်းကော်မတီများသည် ထောက်ပံ့သူများထံမှ ရရှိဖွယ်ရှိသော အထောက်အပံ့မျိုးစုံကို ဦးစားပေးသင့်သည့်အရာ၊ လုပ်ဆောင်သင့်သည့် စမ်းသပ်မှုနှင့် အခြားဆောင်ရွက်ရန်ကိစ္စများကို စီစစ်ရန် ပြင်ပအထောက်အပံ့ပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အရေးပါသော နေရာတွင် ရှိနေသည်။ ဤနည်းအားဖြင့် ဒေသကိုအုပ်ထိန်းသော ပညာရေး တိုးတက်စေရန် ဗဟိုချုပ်ကိုင်မှုမရှိသည့် စနစ်ကို အကောင်အထည်ဖော်သော အခြားတိုင်းပြည်များရှိ ကျောင်းစီမံခန့်ခွဲမှုကော်မတီများကဲ့သို့ပင် အရေးပါလာသည်။ ထို့အတွက် ယင်းစနစ်သည် အခြားအရင်းအမြစ်များမှ ပုံမှန်ရရှိသော အထောက်အပံ့များရရှိသည့် အချိန်တွင်ပင် ယင်းကျောင်းများကို ပထမဆုံး ရပ်ရွာအစုအဖွဲ့ပိုင်ကျောင်းများအဖြစ် ရှုမြင်ရန် အသုံးကျသည်။

## အခန်း(၄)။ ။ လေ့လာမှုနှင့် ပတ်သက်သည်များကို မိတ်ဆက်တင်ပြခြင်း

ယခုအစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ကရင်၊ မွန်နှင့် ရှမ်း EBEP များနှင့် ဆက်စပ်နေသည့် နိုင်ငံရေး အနေအထားများတွင် လုပ်ဆောင်နေခြင်းကို သုံးသပ်ရာ၌ ပြဿနာလေ့လာမှု သုံးရပ်ကို မိတ်ဆက်တင်ပြရန် အထောက်အပံ့ပေးထားသည်။ ဤအခန်းတွင် ပဋိပက္ခများနှင့် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုရှိသော ပတ်ဝန်းကျင်များကဲ့သို့ EBEP ၏ လုပ်ငန်းများ မည်သို့လုပ်ဆောင်သည်ကို သုံးသပ်ခြင်းနှင့် မည်သည့်အထောက်အပံ့များ ပေးအပ်ထားသည်ဆိုသည့် ပြဿနာများကို လေ့လာသော မိတ်ဆက်တင်ပြခြင်း ပါဝင်ပါသည်။ ဤအခန်း၏ ကြွင်းကျန်သောအပိုင်းသည် လေ့လာချက်များတွင် စုဆောင်းထားသော အခြားအချက်အလက်များကိုပါ မကြာခဏ အသုံးပြုပါသည်။ စာဖတ်သူများသည် လိုအပ်လျှင် ဤကဏ္ဍကို ထူးခြားသော စကားစပ်များအကြောင်း သတင်းအချက်အလက်များအတွက် ညွှန်းနိုင်သည်။ ပထမလေ့လာမှုအား သုတေသနပြုစုရာတွင် များစွာသော EAO များက လွှမ်းမိုးထားသည့် ပိုင်နက်နယ်မြေများတွင် ကရင်ပြည်နယ် ပညာရေး ထောက်ပံ့ရေးအဖွဲ့ဟု ခေါ်သော စုပေါင်းထားသည့် အဖွဲ့နှင့် အတူလုပ်ငန်းလုပ်ဆောင်သော KNU ၏ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန၏ လုပ်ငန်းများကို တင်ပြထားသည်။ ဒုတိယလေ့လာမှုတွင် EAO ၏ အပစ်အခတ်ရပ်စဲထားသော နေရာများနှင့် အစိုးရက လုံးဝထိန်းချုပ်ထားသော နေရာများရှိ မွန်ပြည်သစ်ပါတီ၏ မွန်အမျိုးသား ပညာရေးကော်မတီနှင့် မွန်အမျိုးသား ပညာရေးဌာနတို့၏ အခန်းကဏ္ဍကို ဆန်းစစ်ထားသည်။ နောက်ဆုံးလေ့လာမှုတွင် ရှမ်းပြည်နယ် ကျေးလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ အထောက်အပံ့နှင့် ဒေသတွင်း ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများကွန်ရက်မှ ပညာရေးဝန်ဆောင်မှုများ ရရှိခြင်းနှင့် အမျိုးစုံလွှမ်းမိုးသော လက်နက်ကိုင်ထောက်ပံ့သူများနှင့် ပတ်သက်သည့် အကြောင်းအရာတစ်ခုဖြစ်သော သီပေါမြို့နယ်ရှိ ကျေးရွာအုပ်စု ငါးခုတွင် ရှမ်းရပ်ရွာအစုအဖွဲ့များကို တွေ့ရပါမည်။

### ကရင် ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း

မြန်မာနိုင်ငံ အရှေ့တောင်ဘက်ရှိ ကရင်ဒေသများတွင် အုပ်ချုပ်ရေး အနေအထားသည် ၁၉၄၈ ခုနှစ် နိုင်ငံတော် လွတ်လပ်ရေးရရှိပြီးနောက် မကြာမီပင် စတင်ခဲ့သော KNU နှင့် မြန်မာပြည်နယ်အကြား ၆၅ နှစ်ကျော် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်ကြောင့် နက်ရှိုင်းသော နာကျည်းမှုများ ရှိခဲ့သည်။ ပဋိပက္ခ၏ အဓိကအကြောင်းတရားမှာ အချင်းချင်း အမျိုးသားရေးအမြင်နှင့် အုပ်ချုပ်ရေးစနစ်ကြောင့် ဖြစ်သည်။ နှစ်ဖက်စလုံးသည် ကိုယ်ပိုင်အမျိုးသားရေးအမြင်ဖြင့် ဖွဲ့စည်းထားသော ကိုယ်ပိုင်ပညာရေးစနစ် အသီးသီးရှိကြပေရာ ယင်းလုပ်ဆောင်မှုတို့သည် ပညာရေးကဏ္ဍတွင် ရောင်ပြန်ဟပ်မှုများ ရှိနေပေသည်။ ၎င်းစနစ်များသည် ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများတွင် ထင်ရှားစွာ လွှမ်းမိုးနေလေသည်။

၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် မြန်မာအစိုးရသည် KNU အပြင် အခြားမဟာမိတ် နှစ်ဖွဲ့ဖြစ်သော ကလိုထူးဘော ကရင်အဖွဲ့အစည်း/ ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသား တပ်မတော် နှင့် ကရင် ငြိမ်းချမ်းရေးကောင်စီတို့နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ကြသည်။[42] ၂၀၁၅ ခုနှစ်တွင် KNU, KKO/DKBA နှင့် KPC တို့အားလုံး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။ မြေပုံ (၁) သည် KNU ၏ အုပ်ချုပ်ရေးခရိုင် ခုနစ်နေရာဖြစ်သော အစိုးရ၏ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် နေရာများစွာ၊ ပဲခူးတိုင်း အရှေ့ပိုင်း နေရာများနှင့် တနင်္သာရီတိုင်းဒေသကြီး နေရာများကို သုံးသပ်တင်ပြထားသည်။ KNU သည် ယင်း၏ နယ်မြေအကုန်ကို မထိန်းချုပ်နိုင်သော်လည်း အမှန်တကယ် နယ်မြေပိုင်နက်အနေဖြင့် အဆုံးစွန်ဆုံး ပြောင်းလဲနိုင်ချေရှိသည်။ အဘယ်ကြောင့်ဆိုသော် EAO မျိုးစုံ၊ နိုင်ငံတော်နှင့် နိုင်ငံတော်က ကျောထောက်နောက်ခံရှိသော တပ်မတော်အထောက်အကူပြုတပ်ဖွဲ့များ၏ ကြေညာချက်ကို ဖုံးလွှမ်းထားသောကြောင့်ဖြစ်သည်။ KNU သည် တောင်တန်းများရှိသော ယင်းခရိုင်များတွင် အင်အားအကောင်းဆုံးဖြစ်ပြီး ယင်းတွင် သေချာစွာ ထိန်းချုပ်ထားသော မူတရောခရိုင်၊ တောင်ပိုင်း တောဦးခရိုင်၊ အရှေ့ပိုင်း ကလာလွယ်ထူးခရိုင်၊ အရှေ့ပိုင်း ဖားအံခရိုင်၊ အရှေ့ပိုင်းနှင့် တောင်ပိုင်း ဒူးပလာပယာခရိုင် နှင့် အရှေ့ပိုင်း မြိတ်-ထားဝယ်ခရိုင် တို့ပါဝင်သည်။ ယင်းနယ်မြေပတ်ဝန်းကျင်တွင် KNU တို့သည် အစိုးရ၊ အခြား EAO များ၊ နိုင်ငံတော်က နောက်ခံပြုထားသော တပ်မတော်အထောက်အကူပြု တပ်ဖွဲ့များနှင့် မကြာခဏ အုပ်ချုပ်ရေးတွင် ထိပ်တိုက်တွေ့ကြသည်။ သို့သော် ယင်းသည် လက်နက်ကိုင်တပ်ဖွဲ့များ ရပ်တည်မှုနည်းပါးသည့် နေရာများမှာပင် အားကောင်းသော နိုင်ငံရေးနှင့် လူမှုရေး ကွန်ရက်များကို ထိန်းသိမ်းထားနိုင်သည်။ KKO/DKBA တို့သည် ကော့ကရိတ်မြို့နယ်နှင့် ဒူးပလာယာခရိုင်တို့တွင် အားကောင်းသော်လည်း အခြားခရိုင်များတွင်လည်း ပိုင်နက်များနယ်မြေများ ရှိနေ

---

[42] ၁၉၉၅ ခုနှစ်တွင် KNU ၏ ကြီးမားသော ကွဲထွက်မှုက DKBA ကို မွေးဖွားပေးခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း DKBA သည် တရားဝင် ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ လက်ရှိလုပ်ကိုင်နေသော တိုက်ခိုက်ခြင်းကို လုပ်ဆောင်ပြီး KNUနှင့် ပုံမှန် ပဋိပက္ခ ဖြစ်နေခဲ့သည်။ ကရင်ငြိမ်းချမ်းရေးကောင်စီ (ယခု KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ) သည် ၂၀၀၇ ခုနှစ်တွင် KNU မှ ကွဲထွက်လာပြန်သည်။ ၂၀၁၀ ခုနှစ်တွင် တပ်မတော် အစိုးရသည် အားလုံးသော အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသော အုပ်စုများကို ယင်းတို့၏ နေရာတွင်ပင် ယင်းတို့ကိုယ်တိုင် နိုင်ငံတော်၏ ကွပ်ကဲမှုအောက်တွင် "နယ်ခြားစောင့်တပ်များ" အဖြစ် ဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ အဓိက ကွဲထွက်အဖွဲ့ဖြစ်သော DKBA သည် (DKBA အမည်ကို တရားဝင်စွန့်လွှတ်လိုက်ပြီး) နယ်ခြားစောင့်တပ်ဖွဲ့များ ဖွဲ့စည်းရန် သဘောတူခဲ့သည်။ ထူးခြားမှုတစ်ခုမှာ KNU နှင့် မဟာမိတ် ပြုထားသော အချို့ကွဲထွက်အဖွဲ့များက ထိုသို့ဖွဲ့စည်းရန် ငြင်းဆန်ခဲ့ကြပြီး KPC ကဲ့သို့ပင် တပ်မတော်နှင့် ချက်ချင်း ထိပ်တိုက်တွေ့ခဲ့သည်။ DKBA ကွဲထွက်အဖွဲ့များသည် ယင်းတို့ဘာသာ ဒီမိုကရေဒီ အကျိုးပြု ကရင်အမျိုးသားတပ်မတော်ဟု အမည်ပေးပြီး ကလိုထူးဘော ကရင်အဖွဲ့အစည်း (KKO) ဟု နိုင်ငံရေးအဖွဲ့ တည်ထောင်သည်။ KKO/ DKBA တို့သည် ၂၀၁၁ ခုနှစ်တွင် တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၀ ခုနှစ် အစောပိုင်းတွင် KNU နှင့် KPC တို့ လက်မှတ်ရေးထိုးကြသည်။

သည်။ KNU က ယင်းအုပ်စုများအကြား ဒေသဆိုင်ရာဆက်ဆံမှုကို မူတည်ပြီး ဒေသတစ်ခုမှ တစ်ခုသို့ သွားလာနိုင်သော်လည်း KKO/DKBA တို့ ယင်းဒေသအားလုံးတွင် အရပ်ဖက်အုပ်ချုပ်ရေးကို တည်ထောင်ရန် KNU က တရားဝင်ခွင့်ပြုချက်ပေးခဲ့သည်။ KPC သည် T'Nay Hsah နှင့် ဘားအံခရိုင်တွင် နယ်မြေထိန်းချုပ်ထားပြီး ၂၀၁၂ ခုနှစ်ကတည်းက KNU ၏ လွှမ်းမိုးမှုကို ခွင့်ပြုခဲ့ရသည်။

ပဋိပက္ခများဖြစ်ခဲ့သော ဆယ်စုနှစ်များတစ်လျှောက် အစိုးရကထောက်ပံ့ထားသော ပညာရေးသည် ကျေးလက်ဒေသများတွင် ဆိုးရွားစွာ ကန့်သတ်ခံရမှုများ ရှိခဲ့ကြသည်။ အကြောင်းမှာ KNU ၏ ပိုင်နက်နှင့် အစိုးရက ရန်ပုံငွေထောက်ပံ့ထားသော နေရာများသို့ သွားလာရန် ခက်ခဲသောကြောင့်အပြင် ပညာရေးကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးကို မသိကျိုးကျွန်ပြုထားသောကြောင့်ဖြစ်သည်။ ဤကာလအတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ထောက်ခံအားပေးသည်ဟု ယူဆသော မည်သည့်အဖွဲ့ကိုမဆို ပစ်မှတ်ထားပြီး သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးများကို တိုက်ခိုက်ရေးတပ်ရင်းများက တိုက်ခိုက်လေ့ရှိသည့် အခြေအနေကို ဒေသခံ ကရင်ပြည်သူများသည် အတွေ့အကြုံရှိနေကြပြီ ဖြစ်သည်။[43] တစ်ပြိုင်နက်တည်းမှာပင် ကျောင်းများအပါအဝင် KNU ဒေသများအတွင်ရှိ ဒေသခံ လူမှုအဖွဲ့အစည်းများကို တပ်မတော်၏ ပြင်းထန်သော တိုက်ခိုက်မှုများက ထိမှန်တတ်ကြသည်။[44]

ထို့ကြောင့် KNU ၏ ကရင်ပညာရေးဌာန၊ ကရင်ကျောင်းဆရာများလုပ်ငန်းအဖွဲ့ (KTWG)နှင့် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော ကရင်ပြည်နယ် ပညာရေးအထောက်အပံ့အဖွဲ့ (KSEAG) ထံမှ အထောက်အပံ့များနှင့်အတူ ရပ်ရွာအဖွဲ့များကိုယ်တိုင် ထိုဒေသများအတွင်း ပညာရေးကို ကာလကြာရှည်စွာ ထောက်ပံ့ခဲ့ကြသည်။[45] ရပ်ရွာက တည်ထောင်ထားသော ကျောင်းကော်မတီများသည် အဆောက်အဦ၊ ထိန်းသိမ်းရေး၊ စီမံရေးနှင့် ကျောင်းရန်ပုံငွေရှာဖွေရေးတို့ကို ဒေသဆိုင်ရာ EAO တာဝန်ရှိသူများထံမှ အထောက်အပံ့ အဆင့်ဆင့် ဖြင့် စနစ်တကျ တာဝန်ယူကြရသည်။ KSEAG ကလည်း စီမံခန့်ခွဲမှု လမ်းညွှန်ချက်နှင့် စည်းမျဉ်းများ၊ ကျောင်းဆရာ ထောက်ပံ့ကြေးနှင့် အခြား အရင်းအမြစ်များ ထောက်ပံ့သည်။ မကြာသေးမီကအထိ အစိုးရ၏သုံးစွဲမှု တိုးတက်လာသည့်တိုင်အောင် KSEAG သည် ယင်း၏ ကျောင်းဆရာ များကဲ့သို့ပင် ဒေသတွင်းရှိ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ၏ လစာများကိုပင် စနစ်တကျ ပေးအပ်သည်။ ယင်းတို့၏ လစာမှာ များစွာ နည်းပါးလှသည်။

ဘုံရည်ရွယ်ချက်များအတွက် အဖွဲ့အစည်းသုံးခုနှင့် ဆင်းရဲသော အရင်းအမြစ်များအကြား ချဉ်းကပ်မှုများကို ညှိနှိုင်းဆောင်ရွက်ရန် KSEAG ကွန်ရက်က ဆောင်ရွက်သည်။ ကရင်ပညာရေးဌာနသည် ဒေသခံ KNU တာဝန်ရှိသူများက အသိအမှတ်ပြုထားသော KNU ဒေသအားလုံးတွင် တရားဝင် ပညာရေးအာဏာပိုင်ဖြစ်သည်။ ထို့အပြင် ဒေသအတွင်းတွင် ကျောင်းအုပ်ချုပ်ရေး ပင်မအဖွဲ့အစည်းဖြစ်သည်။ KTWG သည် နှစ်နှစ်သင် သင်တန်းအပြင် အကြိုဆရာဖြစ်သင်တန်း အစီအစဉ်ကို များစွာသော ကျောင်းဆရာမွေးထုတ်ရေးအဖြစ် မူထရောခရိုင်တွင် ဆရာဖြစ်သင် ကောလိပ်ကို ဖွင့်လှစ်ထားပြီး ဝန်ထမ်းကျောင်းဆရာများကို ရွေ့လျားဆရာ လေ့ကျင့်ရေးကျောင်းဖြင့် သင်ကြားပေးခဲ့သည်။ ယင်းသည် ဒေသတွင်းတွင် KED မှတစ်ဆင့် ကျောင်းများကို အမာခံ ထောက်ပံ့ခဲ့သည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် မိတ်ဖက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့သည် KED က ယခုတိုင် ဆက်လက်အုပ်ချုပ်နေသော အချို့ကျောင်းများကို အပြည့်အဝ ထောက်ပံ့ခဲ့ကြသည်။ ထို့အပြင် KSEAG ကွန်ရက်ကို အခြားထောက်ပံ့မှုများ လုပ်ဆောင်ခဲ့သည်။ KSEAG သည် အင်အားနည်းပါးသော နိုင်ငံရေးအနေအထားတစ်ခုဖြစ်သော စနစ်ကို ပေးအပ်ခဲ့ပြီး နိုင်ငံတကာ အထောက်အပံ့ပေးအပ်သည့် အဖွဲ့အစည်းများအတွက် နှစ်သက်ဖွယ် ထောက်ပံ့ရေးလမ်းကြောင်းများကို ပြုလုပ်ခဲ့သည်။ ယခင်က အခြား EAO များနှင့် အစိုးရအာဏာပိုင်များက မကြိုဆိုခဲ့သော KED ရှိသည့် နေရာအချို့ရှိခဲ့ပြီး KSEAG အမည်ခံ ရပ်ရွာဆောင်ရွက်သူများမှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ပိုမိုလက်တွေ့ကျလေသည်။

KED တွဲဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သော ကရင်ဒုက္ခသည်ကော်မတီ- ပညာရေးသီးသန့်အဖွဲ့သည် ထိုင်းနိုင်ငံရှိ ကရင်ဒုက္ခသည်စခန်း ငါးခုမှ ကျောင်းပေါင်း ၆၄ ကျောင်းကို အုပ်ချုပ်ပြီး အထူးသဖြင့် KED ၏ သင်ရိုးကို အသုံးပြုကြသည်။ ထိုင်းနိုင်ငံတွင် အခြား ကရင်ရွှေ့ပြောင်းကျောင်းများ ဒါဇင်နှင့်ချီပြီး တည်ရှိကြကာ မြန်မာနိုင်ငံ၏ အရှေ့တောင်ဒေသ နယ်စပ်များတစ်လျှောက် ဖြန့်ကျက်နေသည်။ (၁၀ တန်းအထက်ကျောင်းများ ဟုခေါ်သော) အထက်တန်းပညာရေးအဖွဲ့အစည်း ဒါဇင်ပေါင်းများစွာသည် ဒုက္ခသည်စခန်းများနှင့် ယင်းတို့၏ ပတ်ဝန်းကျင်များတွင် တည်ရှိကြ

---

[43] "ဖြတ်လေးဖြတ်" မဟာဗျူဟာဟု ကျော်ကြားသည့် လူထုအားကိုယူသော သောင်းကျန်းသူနှိမ်နင်းရေး ကြိုးပမ်းမှုနှင့် ပတ်သက်ပြီး သင်ကြားရေးဆိုင်ရာ နောက်ခံသမိုင်း၊ Smit (1999) ကြည့်ပါ။ စာမျက်နှာ ၂၅၈-၂၆၂။ မောင်မောင်မျိုး (၂၀၀၉)။ စာမျက်နှာ ၉၁-၉၂။ ၁၆၃-၁၆၄။ South (၂၀၀၈)၊ စာမျက်နှာ ၃၄၊ ၈၆-၈၇၊ ၂၀၁၂ ခုနှစ်တွင် KNU၏ အပစ်အခတ် ရပ်စဲရေး အတိုင်မီ ဤကရင်ဒေသများတွင် မည်သို့ အတွေ့အကြုံရှိခဲ့ကြောင်း ခေတ်မီသုံးသပ်ချက်၊ Jolliffe (၂၀၀၅a), နောက်ဆက်တွဲ ၁၊ Amnesty International (၂၀၀၈), စာမျက်နှာ ၂၆-၃၁၊ Human Rights Watch (၂၀၀၅b); Human Rights Watch (၂၀၀၅b); TBBC (၂၀၀၈), and KHRG (၂၀၀၉, ၂၀၁၀).

[44] နိုင်ငံတကာဥပဒေများက ကာကွယ်ပေးထားသော စာသင်ကျောင်းများနှင့် ယင်းတို့နှင့်ပတ်သက်သော ပြည်သူများကို ငါးကြိမ် တိုက်ခိုက်ခြင်းအတွက် မှတ်တမ်း၊ KHRG (ဒီဇင်ဘာ၆၊ ၂၀၁၁) ကြည့်ပါ၊ *Attacks on Health and Education: Trends and incidents from eastern Burma, 2010-2011*. http://khrg.org/2011/12/khrg1105/attacks-health-and-education-trends-and-incidents-eastern-burma-2010-2011. တွင် ကြည့်ရန်။

[45] ၂၀၀၅ ခုနှစ်တွင် KSEAG ကို တည်ထောင်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များက KED ကို တည်ထောင်ပြီး ၁၉၇၀ ပြည့်လွန်နှစ်များတွင် လက်ရှိအနေအထားအဖြစ် ဖွဲ့စည်းသည်။ KNU ၏ ဌာနချုပ် ကျဆုံးသွားပြီးနောက် ပိုင်နက်များ ကြီးမားစွာ ဆုံးရှုံးခဲ့သည်။

သည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းပြည်သူများအပြင် ထိုကျောင်းများသည် မြန်မာနိုင်ငံရှိ KED/KSEAG မူလတန်းကျောင်းများမှ ထောင်ပေါင်းများစွာသော ကျောင်းသားများကို သင်ကြားပေးခဲ့ကြသည်။ ထိုကျောင်းသားများသည် နိုင်ငံတွင်းတွင် ကျောင်းအရေအတွက် အကန့်အသတ်ရှိသောကြောင့် ယင်းတို့၏ ပညာရေး ဆက်လက်သင်ယူရေးအတွက် နယ်စပ်တစ်လျှောက် လှည့်လည်သွားလာခဲ့ကြရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာမှစပြီး KSEAG သည် ကျောင်းပေါင်း ၁၅၀၄ ကျောင်းကို နည်းအမျိုးမျိုးဖြင့် ထောက်ပံ့ခဲ့ရာ ကျောင်းသားပေါင်း ၁၆၇,၅၇၄ ယောက်အထိ တိုးလာပြီး ဆရာပေါင်း ၄,၅၂၉ ကို ထောက်ပံ့ကြေး ပေးနိုင်ခဲ့သည်။[46] ထိုကျောင်းဆရာများသည် ရပ်ရွာအလှူများမှ တစ်ဆင့် ထောက်ပံ့မှုရရှိပြီး တစ်ခါတစ်ရံ ကျောင်းကော်မတီများက မိဘများကို နည်းပါးသော အခကြေးငွေ တောင်းခံတတ်သည်။ KSEAG သည် သင်ရိုးနှင့် သင်ထောက်ကူပြုပစ္စည်းများ၊ စာရေးကိရိယာများနှင့် စာအုပ်များကိုလည်း ထောက်ပံ့သည်။ KSEAG၏ ကျောင်းများအတွက် အထောက်အပံ့ကို မြို့နယ်အဆင့် ပညာရေးအုပ်ချုပ်သူများနှင့် အတွင်းရေးမှူးများမှ တစ်ဆင့် KED က ပံ့ပိုးပေးသည်။

ပြောင်းလဲနိုင်သောသဘာဝရှိသည့် နယ်မြေပိုင်နက်ထိန်းချုပ်မှုကြောင့် ယင်းအဖွဲ့အစည်းများနှင့် ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးထားသော အဖွဲ့အစည်းများအကြား နယ်မြေများ ထပ်နေကြသည်ကို တွေ့ရသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှ ၂၀၁၂ တိုင်အောင် အပစ်အခတ်ရပ်စဲရေးတွင် တပ်မတော်နှင့် ဒေသကိုယ်စားလှယ် ပြည်သူ့စစ်တို့သည် KNU တို့၏ ပြောက်ကျားစစ် အနေအထား[47]သို့ လျော့ကျသွားသော ကြီးမားသည့် ပိုင်နက်နယ်မြေတစ်လွှားတွင် စစ်ရေးအသာစီး ရရှိခဲ့သည်။ သို့သော် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ တန်ဆာပလာများကို ယင်းတို့ သေသေချာချာ ထိန်းချုပ်ထားသော မြို့၊ လမ်း၊ စစ်ရေးဆိုင်ရာနေရာများ ပတ်ဝန်းကျင်တွင် ပုန်းကွယ်ထားဆဲဖြစ်သည်။ တောင်တန်းထူထပ်သော နေရာများတွင် ထောင်ပေါင်းများစွာသော ကျေးရွာများသည် တပ်မတော်လှည့်ကင်းများနှင့် သေးငယ်သော ကင်းစခန်းများ၏ နေရာများ ဖြစ်လာသော်လည်း သေချာစွာတည်ထောင်ထားသော အုပ်ချုပ်ရေးစနစ်ကို အသုံးပြုပြီး KNU တို့နှင့်[48] လွန်စွာရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားဆဲ ဖြစ်သည်။[49]

၁၉၉၀ပြည့်လွန်နှစ်များတွင် တပ်မတော်သည် ယင်း၏ အနေအထားကို တိုးချဲ့လိုက်ရာ ပညာရေးဝန်ကြီးဌာနသည် ပြည်သူ့စစ်များ သို့မဟုတ် တပ်မတော် နေရာယူထားသော နေရာများနှင့် နီးစပ်သော ဒေသများသို့ ကျောင်းဆရာများကို စေလွှတ်ခဲ့သည်။ ထို့ကြောင့် ရောနှောကျောင်းများ များပြားစွာ ပေါ်ပေါက်လာပြီး ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲသောအခါ KSEAG အထောက်အပံ့ခံ ကျောင်းများမှာ ၂၇ ရာခိုင်နှုန်းမျှသာ ရှိတော့သည်။[50]

သို့သော် အပစ်အခတ်ရပ်စဲကတည်းက KSEAG ကျောင်းများရှိ ပညာရေးဝန်ကြီးဌာနက ကျောင်းဆရာများအရေအတွက်သည် ၂၀၁၂-၁၃ နှင့် ၂၀၁၅-၁၆ ပညာသင်နှစ်အကြား သုံးဆဖြစ်သော ၁,၅၇၄ ယောက်မှ ၄,၇၁၈ အထိ ရောက်လာခဲ့သည်။ ယင်းသည် နှစ်အနည်းငယ်အတွင်းတွင် ရောနှောကျောင်း ၃၇၉ ပေါ်ထွန်းလာခဲ့စေသည်။ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် KSEAG အထောက်အပံ့ခံကျောင်းများ ၄၉.၃ ရာခိုင်နှုန်းတွင် ပညာရေးဝန်ကြီးဌာနက ကျောင်းဆရာများ ရှိခဲ့ပြီး ၂၀၁၂-၁၃ ပညာသင်နှစ်တွင် ၂၆.၆ ရာခိုင်နှုန်း ရှိနေသည်။ ၄၉.၃ ရာခိုင်နှုန်း ရှိသည့်အချိန်တွင် KSEAG အစီရင်ခံစာက ကျောင်းအားလုံးနီးပါးသည် အားကောင်းသော ပညာရေးဝန်ကြီးဌာန၏ "အုပ်ချုပ်မှု အနေအထား" အောက်တွင် ရှိနေကြောင်း တင်ပြထားသည်။ ထိုကျောင်းများအနက် ၂၈၅ ကျောင်းက KED သင်ရိုးကို သင်ကြားကြပြီး ၅၅၃ကျောင်းက KED နှင့် ပညာရေးဝန်ကြီးဌာန သင်ရိုးများကို ရောထွေး သုံးကာ ၆၆၆ ကျောင်းက ပညာရေးဝန်ကြီးဌာန သင်ရိုးကိုသာ သုံးကြသည်။[51]

ကြီးမားသော သဟဇာတမဖြစ်သည့် ပညာရေးစနစ်နှစ်ခုသည် အချင်းချင်းပေါင်းစည်းရန် မည်သည့်ညှိနှိုင်းဆောင်ရွက်ခြင်းမျှ မရှိဘဲ ကျောင်းများ

---

[46] KSEAG (၂၀၁၅) စာမျက်နှာ ၅။ တစ်လလျှင် ထိုင်းဘတ်ငွေ ၇၅၀၀ စီကို ထောက်ပံ့ကြေးအဖြစ် ဆရာ ၃,၂၃၅ ကို ထောက်ပံ့သည်။ အခြား ဆရာ ၁,၂၉၄ ဦးသည် အစိုးရ သို့မဟုတ် အခြား အဖွဲ့အစည်းများ၏ ရန်ပုံငွေမှ ထောက်ပံ့ကြေးအချို့အဝက် ရရှိပြီး ယင်းတို့၏ လုပ်ခလစာသည် စုစုပေါင်း ဘတ် ၇၅၀၀ ရသည်။

[47] တပ်မတော်သည် KNU နှင့် တိုက်ခိုက်ရာတွင် အရွယ်အစားအမျိုးမျိုးသော လက်နက်ကိုင် အဖွဲ့ပေါင်းများစွာနှင့်အတူ တွဲပြီး ဆောင်ရွက်ခဲ့သည်။ ထင်ရှားသည့် အဖွဲ့များမှာ KNU မှ ၂၀၁၀ မတိုင်မီ ခွဲထွက်လာသော DKBA အပါအဝင် အုပ်စုများဖြစ်ပြီး ယင်းတို့သည် တပ်မတော်လက်အောက်တွင် တရားဝင်ကွပ်ကဲမှု မဟုတ်ဘဲ တည်ရှိကြသည်။ ထိုသို့ ကွဲထွက်သွားပြီးနောက် လွှမ်းမိုးခံရသော အဖွဲ့များသည် BGF များ ဖြစ်သွားပြီး သေးငယ်သော်လည်း ထင်ရှားသော အဖွဲ့များသည် KNUနှင့် မဟာမိတ်ဖွဲ့သွားကြသည်။

[48] အဓိကခြွင်းချက်အနေဖြင့် KNU သည် လွှမ်းမိုးနိုင်စွမ်းမရှိသော နေရာများတွင် တပ်မတော်၏ ဒေသဆိုင်ရာကိုယ်စားလှယ်များဖြစ်သော အဖွဲ့များက ဒေသဆိုင်ရာ အစုအဖွဲ့များတွင် အဓိကအာဏာပိုင်များအဖြစ် တည်ထောင်လာကြသည်။

[49] KNU ၏ အုပ်ချုပ်ရေးစနစ်သည် ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့်တို့ပါဝင်သည့် အဆင့်ဆင့် နယ်မြေသတ်မှတ်မှုစနစ် ပါဝင်သည်။ ယင်းဖွဲ့စည်းပုံသည် အခွန်အကောက်၊ လူမှုဝန်ဆောင်မှု၊ တရားစီရင်ရေးနှင့် အခြားရေးရာအဖြာဖြာတွင် KNU ၏ ဌာနများက ယင်းဒေသများတွင် ကွန်ရက်များ တည်ထောင်ကာ တပ်မတော်၏ စစ်ရေးတည်ရှိမှု စိန်ခေါ်ချက်ရှိသည့် နေရာများတွင်ပင် ဆောင်ရွက်ကြသည်။

[50] ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁၃၅၆ အနက် ၃၆၄ ကျောင်း (၂၆.၈ ရာခိုင်နှုန်း)တွင် KED/KSEAG နှင့် ပညာရေး ဝန်ကြီးဌာနက ပေးပို့ထားသော ဆရာများ ရှိခဲ့ကြသည်။

[51] ကမ္ဘာ့ပညာရေး (၂၀၁၆)၊ စာမျက်နှာ ၁၄

တွင် ရင်ဆိုင်တွေ့ကြုံလေရာ ပညာရေးဝန်ကြီးဌာန၏ လျင်မြန်စွာတိုးချဲ့မှုသည် ဗျူရိုကရက်တစ်အနေအထားနှင့် အုပ်ချုပ်မှုကိစ္စများ ဖြစ်လာစေသည်။ ထို့ကြောင့် ဘက်ပေါင်းစုံတွင် တင်းမာမှုများရှိလာပြီး အထူးသဖြင့် ကျောင်းအမှုထမ်းများအကြား ဖြစ်ပေါ်လာသည်။ သို့သော် ဆရာများနှင့် မိဘများအကြားနှင့် ကျောင်းကော်မတီများနှင့် အစိုးရအာဏာပိုင်များအကြား ထိုသို့ မဖြစ်ပေါ်ခဲ့ချေ။ ထို့အပြင် မိခင်ဘာသာစကား အခြေပြု ပညာရေး ကျင့်သုံးခြင်းနှင့် စကောကရင် စာပေသင်ကြားရာတွင် အငြင်းပွားမှုများဖြစ်လာပြီး အချင်းချင်း အတူတကွ ဆက်လက်အလုပ်လုပ်၍ မရတော့ဘဲ အချို့ကျောင်းများတွင် အစိုးရကျောင်းဆရာများက အားလုံးလုပ်ဆောင်သွားသည်ကို တွေ့ရသည်။

နောက်ဆုံးတွင် အစိုးရ၏ တိုးတက်မှုများက နိုင်ငံရေး ကြိုတင်စေ့စပ် ညှိနှိုင်းမှုများဖြင့် တိုက်ခိုက်မှုရှိသော နေရာများအား နယ်မြေထိန်းချုပ်ရေး တိုးချဲ့နိုင်ရန် ပညာရေးကဲ့သို့ "ဖွံ့ဖြိုးရေး" အစီအစဉ်များကို အစိုးရက အသုံးချပြီး KNU နှင့် သံသယများကို ပိုမိုနက်ရှိုင်းစေခဲ့ခြင်းအားဖြင့် အပစ်အခတ်ရပ်စဲရေး တည်ငြိမ်မှုကို ခြိမ်းခြောက်လာသည်။ ဤကိစ္စများကို အခန်း ၉ နှင့် ၁၀ တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

## *ကရင် ဖြစ်စဉ်လေ့လာမှုအား သုတေသနတင်ပြပုံ နည်းစနစ်*

ဤလေ့လာမှုသည် မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ကင်မ်ဂျိုလစ်ဖ်၏ ခရီးနှစ်ကြိမ်ထွက်စဉ် ကာလအတွင်းနှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် တွေ့ဆုံဆွေးနွေးပွဲများအား အခြေခံထားသည်။ လေ့လာမှုကို ခုနှစ်နှစ်ကျော် ကာလအတွင်း ထိုဒေသများမှ အဓိကဆောင်ရွက်သူများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် သုတေသနလုပ်ဆောင်ခြင်းတို့မှ ပေါင်းစပ်ထည့်သွင်းထားခြင်းဖြစ်သည်။

KNU က စိုးမိုးထားသော ကော့ကရိတ်မြို့နယ်၏ အရှေ့ဒေါနဒေသ၊ ဒူပလာယာ ခရိုင်(မြေပုံ ၃ ကြည့်ရန်)နှင့် မူတရောခရိုင် (မြေပုံ ၁ ကြည့်ရန်) လူသောမြို့တွင် ကွင်းဆင်းခရီးစဉ်များကို ဆောင်ရွက်သည်။ အရှေ့ဒေါနဒေသသည် KNU နှင့် KKO/DKBA တို့၏ ရောနှောထိန်းချုပ်မှုအောက်တွင် ရှိသည်။ ဒေသအစိတ်အပိုင်းအများစုတွင် KKO/DKBA တို့သည် အဓိက လက်နက်ကိုင်အာဏာပိုင်များ ဖြစ်ကြသော်လည်း KNU ကို အရပ်ဖက်အုပ်ချုပ်ရေး တည်ထောင်ရန် ခွင့်ပြုထားရသည်။ လူသောမြို့နယ်သည် KNU ၏ လုံခြုံသော ခြေကုတ်စခန်းဖြစ်ပြီး အင်အားများစွာ မရှိသော်လည်း KNU က တပ်မတော်ကို ခံစစ်အခိုင်အမာပြင်ထားသော အခြေခံစခန်းများနှင့် လမ်းများတွင် ထူးခြားစွာ အုပ်ချုပ်ထားသည်။

ခရီးစဉ်အတွင်း ကျောင်းကော်မတီအဖွဲ့ဝင်များ၊ မိဘများ၊ KSEAG ဆရာများနှင့် ပညာရေးဝန်ကြီးဌာနမှ ဆရာများနှင့် ဆွေးနွေးမှု ၁၃ ကြိမ်ကို ဒေသအစုအဖွဲ့ ခုနစ်နေရာတွင် ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲများကို စာသင်ကျောင်းများတွင် ကျင်းပခြင်းဖြစ်သည်။ KSEAG အလယ်တန်းကျောင်းဆရာတစ်ဦး၊ KSEAG မူလတန်းကျောင်းဆရာ နှစ်ဦး၊ ကျောင်းရှိသော ရွာများမှ ကျေးရွာခေါင်းဆောင်များ၊ KED အမှုထမ်း လေးဦး၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အတွင်းရေးမှူးများ၊ KNU တာဝန်ရှိပုဂ္ဂိုလ် ငါးဦး၊ KKO/DKBA တာဝန်ရှိပုဂ္ဂိုလ် တစ်ဦး၊ အထက်တန်းကျောင်းအောင်မြင်သူ နှစ်ဦး၊ ကရင်အစုအဖွဲ့အခြေစိုက် ကွန်ရက်အုပ်စုမှ ကိုယ်စားလှယ်များ၊ ကရင်လူငယ်အဖွဲ့အစည်းနှင့် ခရီးသွားကျန်းမာရေး လုပ်သားများအဖွဲ့နှင့် နောက်ထပ်တွေ့ဆုံဆွေးနွေးမှုများကို လုပ်ဆောင်ခဲ့သည်။

ဆက်လက်လုပ်ဆောင်နေသော အီးမေးလ် စာပေးစာယူ ဆောင်ရွက်မှုနှင့် ကရင်ဆရာများ လုပ်ငန်းအဖွဲ့နှင့် တရားဝင်မဟုတ်သော ဆွေးနွေးချက်များကဲ့သို့ပင် KED အတွင်းရေးမှူးနှင့် ဆွေးနွေးခြင်း မှတ်တမ်းသုံးခုနှင့် KED ခေါင်းဆောင်နှင့် တရားဝင် ဆွေးနွေးမှု တစ်ကြိမ်တို့ဖြင့် လေ့လာမှုကို လုပ်ဆောင်သည်။ KNU တာဝန်ရှိသူ နှစ်ဦးနှင့် တွေ့ဆုံဆွေးနွေးချက်များမှ အချက်အလက်များကိုလည်း သုံးထားသည်။ ဒုတိယအဆင့် အချက်အလက်များ၊ အစည်းအဝေးမှတ်တမ်းများနှင့် တင်ပြချက်တို့ကို KED၊ KTWG၊ UNICEF ကမ္ဘာ့ပညာရေးနှင့် ပညာရေး အထူးအတိုင်ပင်ခံနှစ်ဦးတို့ဖြင့် ပြုလုပ်ထားသည်။

## မွန် ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း

ဤလေ့လာရေးတွင် မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ မွန်ဒေသတွင် မွန်ပြည်သစ်ပါတီ၏ ပညာရေးဌာနက ပညာရေးနှင့် ပတ်သက်သည်များကို တွေ့နိုင်သည်။ အဆိုပါနေရာသည် အစိုးရက အုပ်ချုပ်ထားသော မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ပါဝင်သည်။

ထိုဒေသများတွင် လွတ်လပ်ရေးရရှိပြီးနောက် အဓိက မွန်လက်နက်ကိုင်အဖွဲ့ဖြစ်သော မွန်ပြည်သစ်ပါတီကို ၁၉၅၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့သည် ၁၉၄၀ ပြည့်လွန်နှစ် နောက်ပိုင်းကတည်းက တိုက်ခိုက်နေခဲ့ပြီး KNU နှင့် ရင်းနှီးသောဆက်ဆံရေးရှိသည်။ ၁၉၇၂ ခုနှစ်တွင် NMSP သည် ပညာရေးဌာနကို တည်ထောင်ပြီး ၁၉၉၀ ပြည့်လွန်နှစ်များတွင် အားကောင်းလာသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် အစိုးရ၏ ဖြိုခွဲမှုကြောင့် ထွက်ပြေးလာရသော နိုင်ငံရေးတက်ကြွသော မွန်ကျောင်းသားများက MNSP နှင့် ပေါင်းစည်းရန် အခြားဘွဲ့ရများနှင့် မော်လမြိုင် တက္ကသိုလ်ကျောင်းသားများနှင့်အတူ မွန်အမျိုးသားပညာရေးကော်မတီကို တည်ထောင်သည်။

၁၉၉၅ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ထိုးလိုက်ပြီးနောက် NMSP သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ် အနည်းငယ် ထိစပ်နေသော မွန်ပြည်နယ်၏ ဒေသအားလုံးကို ကိုယ်စားပြုသည့် ယင်းတို့၏ ဌာနချုပ်အပါအဝင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ပိုင်နက်ဒေသများကို ဖြည့်ဆည်းပေးကြသည်။ ယင်းသည် ဒေသတစ်ခုလုံးရှိ မွန်ရပ်ရွာ အစုအဖွဲ့များတွင် စစ်ရေးမဟုတ်သော လွှမ်းမိုးမှုကို ထိန်းသိမ်းထားကာ ပညာရေး၊ တရားစီရင်ရေးနှင့် အခြားအုပ်ချုပ်ရေးပုံစံများကို ဆက်လက်လုပ်ဆောင်သည်။ အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး မြို့နယ်နှစ်ခု ခွဲထားကာ ခရိုင်အဆင့်ရှိသော ဌာနချုပ်ဧရိယာအပြင် မြို့နယ် ကိုးမြို့နယ်နှင့် ခရိုင်တစ်ခုပါသော မွန်ပြည်နယ်ကို ဖွဲ့စည်းသည်။[52] NMSP သည် KNUနှင့် အစိုးရတို့က ကြေညာထားသောကြောင့် အထိခိုက်မခံကြောင်း တွေးဆမိသည့်အတွက် ထိုဧရိယာကို မြေပုံဖြင့် ကြေညာခြင်း မရှိချေ။ ထို့ကြောင့် မြေပုံများသည် ယခု အစီရင်ခံစာတွင် မရရှိနိုင်ချေ။

ယခုအခါ NMSP ပညာရေးစနစ်ကို အဓိက အဖွဲ့နှစ်ခုအောက်တွင် ဖွဲ့စည်းထားသည်။ ထိုအဖွဲ့များမှာ နိုင်ငံတကာအဖွဲ့များအပြင် ဒေသတွင်း ပညာရေးအဖွဲ့များနှင့် ဆက်ဆံရေးနှင့် မူဝါဒရေးရာဆိုင်ရာ ခေါင်းဆောင်မှုပေးနေသော အမှုဆောင်အဖွဲ့ဖြစ်သည့် MNEC ဖြစ်ပြီး နောက်တစ်ခုမှာ ပညာရေးဝန်ဆောင်မှုကို အမှန်တကယ်အုပ်ချုပ်နေပြီး NMSP ၏ အုပ်ချုပ်ရေးလက်အောက်ရောက်သွားသော ပညာရေး ရုစ်ဌာနဖြစ်သည့် မွန်အမျိုးသားပညာရေးဌာန (MNED) ဖြစ်သည်။ MNEC ဥက္ကဋ္ဌမှာ NMSP အမှုဆောင်ကော်မတီ အဖွဲ့ဝင်များအကြား ရွေးကောက်တင်မြှောက်ရသည်။ MNED ၏ ခေါင်းဆောင်သည် MNEC၏ အလိုအလျောက် အတွင်းရေးမှူးဖြစ်သည်။ ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များတွင် တပ်မတော်လက်အောက်တွင် နယ်ခြားစောင့်တပ်များအဖြစ်သို့ ကူးပြောင်းရန် ငြင်းဆိုသောကြောင့် နယ်မြေတင်းမာမှုများ ဖြစ်ပွားခဲ့သော်လည်း ၁၉၉၅ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲရေးကို NMSP သည် ထိန်းသိမ်းထားခဲ့သည်။ ယင်းသည် ၂၀၀၃ ခုနှစ်တည်းက အစိုးရနှင့် နည်းလမ်းပေါင်းစုံ စေ့စပ်ဆွေးနွေးရေး ဆောင်ရွက်ခဲ့သည်။ သို့သော် နိုင်ငံအရှေ့တောင်ဒေသတွင် အခြား EAO အများစုအတိုင်း ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်မရေးထိုးခဲ့ချေ။[53]

ဒီမိုကရေစီ လိုလားသူများ အဝေးရောက်လှုပ်ရှားမှု၏ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီနှင့် တစ်စိတ်တစ်ပိုင်း ပူးပေါင်းဆောင်ရွက်ပြီး ၁၉၉၀ ပြည့်လွန်နှစ်များက MNEC/MNED စနစ်ကို အားကောင်းစေရန် ဆောင်ရွက်ခဲ့သည်။ ထိုကော်မတီသည် ကျောင်းဆရာ ထောက်ပံ့ကြေးနှင့် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရန် နိုင်ငံတကာအဖွဲ့များနှင့် အလှူရှင်များထံမှ အထောက်အပံ့များကို ရယူရန် MNEC ကို အကူအညီပေးသည်။ ၁၉၉၅ ခုနှစ်တွင် NMSP ၏ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ပြီးနောက် အစိုးရသည် ဘဏ္ဍာရေးအတွက် MNEC ထံမှ ကနဦးတောင်းဆိုချက်များ မဖြည့်ဆည်းပေးသော်လည်း[54] ယင်းအဖွဲ့သည် ဒေသဆိုင်ရာအဆင့်တွင် အစိုးရတာဝန်ရှိသူများနှင့် ဆက်ဆံရေးကို တဖြည်းဖြည်း တိုးတက်စေခဲ့သည်။ ယင်းသည်ပင် MNEC ကို အစိုးရအုပ်ချုပ်သော ဒေသများတွင် ကျောင်းများ ထူထောင်နိုင်စေခဲ့ပြီး အထက်တန်းကျောင်းသားများကို အစိုးရ တက္ကသိုလ်ဝင်စာမေးပွဲနှင့် အခြားသော တိုးတက်မှုများ ရရှိစေခဲ့သည်။[55]

၂၀၁၆ ခုနှစ်မှ စပြီး MNED သည် NMSP နှင့် အစိုးရအုပ်ချုပ်သော နေရာများအတွင်း ကျောင်းပေါင်း ၁၃၇ ကျောင်းကို အုပ်ချုပ်နေခဲ့သည်။ ယင်း

[52] NMSP၏ ခရိုင်နှင့် မြို့နယ် အပိုင်းအခြားများသည် အစိုးရ၏ သတ်မှတ်ချက်နှင့် အနည်းငယ်ဆင်တူသည်။ သို့သော် မြို့နယ်အသီးသီးသည် တူညီသော အပိုင်းအခြား ရှိကြသည်။ NMSP ထားဝယ်ခရိုင်တွင် ယင်း၏ ဌာနချုပ်ပါဝင်ပြီး ရေး (မြောက်)၊ ရေး (တောင်)တို့လည်း ပါဝင်ပြီး အစိုးရ၏ ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်တို့နှင့် ဆက်နွယ်မှုရှိသည်။ NMSP မော်လမြိုင်ခရိုင်တွင် မုဒုံ၊ သံဖြူဇရပ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ် တစ်ပိုင်းတစ်စပါဝင်ပြီး အုပ်ချုပ်ရေး နယ်နိမိတ်များသည် အစိုးရ၏ နယ်နိမိတ်များနှင့် တူညီသည်။ ထို့အပြင် ရေးကျသော (ဂျိုင်းမြစ်အနီးရှိ) ဘီးဂျိုင်းမြို့နယ်လည်း ပါဝင်သည်။ NMSP သထုံ (စထုံ) ခရိုင်တွင် ကော့ကရိတ်နှင့် ကျိုက်မရော မြို့နယ်တို့ပါဝင်ပြီး အစိုးရ၏ သတ်မှတ်ချက်နှင့် ဆင်တူသည်။ သို့သော် ဖားအံမြို့နယ်၏ အစိတ်အပိုင်း အနည်းငယ်ပါဝင်သည်။ ခရိုင်အဆင့်နှင့် ညီမျှသော်လည်း ခရိုင်ဟု မစဉ်းစားသော ဌာနချုပ်နေရာကို ဘီးရီးနှင့် ဘုရားသုံးဆူ တောင်ကြားဒေသအဖြစ် ခွဲခြားထားပြီး မြို့နယ်အဆင့်ရှိသည်။

[53] စင်စစ် NMSP ၏ ဒုတိယဥက္ကဋ္ဌ နိုင်ဟုန်ဆာသည် EAO အဖွဲ့များအတွက် စေ့စပ်ဆွေးနွေးရေး ခေါင်းဆောင်ဖြစ်ပြီး ထိုအုပ်စုသည် ဖက်ဒရယ်လိုလားသူ မဟာမိတ်များ၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တို့၏ ဦးဆောင်အဖွဲ့ဝင်ဖြစ်သည်။ NMSP သည် NCA ကို လက်မှတ်ထိုးရန် ငြင်းဆိုခဲ့ပြီး အစိုးရနှင့် တပ်မတော်က ပိတ်ဆို့ထားသော UNFC နှင့် ခိုင်မာသော ဆက်ဆံရေးရှိသည်။

[54] MNEC တည်ထောင်သူတစ်ဦး အဆိုအရ မွန်အမျိုးသား ပညာရေးစနစ် တင်ပြချက်ကို ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အခြား စေ့စပ်ဆွေးနွေးသူများက ပေးအပ်သည်ဟု ဆိုသည်။ (MNEC တည်ထောင်သူနှင့် တွေ့ဆုံခြင်း၊ ၂၀၁၅ နိုဝင်ဘာလ)

[55] အာရှဖောင်ဒေးရှင်း၏ ၂၀၁၄ လေ့လာမှု ဂျိုလိဖ် (၂၀၁၄) အရ ၊ MNEC/MNED အတွက် အခြား တိုးတက်မှုများသည် ၁၉၉၅ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက် ၁၅ နှစ်ကျော်ကာလတွင် ပါဝင်ခဲ့သည်။ ယင်းတို့မှာ ကြီးမားသော ဘက်စုံလုံခြုံမှု၊ စိတ်ချရမှုနှင့် ဒေသအားလုံးရှိ မွန်ကျောင်းဆရာများအတွက် လွတ်မြောက်ရေးလှုပ်ရှားမှု (အချို့နှောင့်ယှက်မှုနှင့် ဆက်ကြေးကောက်ခံမှုရှိသော်လည်း) ယင်းတို့သွားရာနေရာ လုပ်ကိုင်ရာအလုပ်များကို စစ်ဆေးရေးဂိတ်များတွင် အာဏာပိုင်များကို ပြောပြရခြင်းလည်း ပါဝင်သည့်အပြင် အစိုးရထိန်းချုပ်ဒေသအချို့တွင် မွန်အမျိုးသားကျောင်းများ တရားဝင်တည်ထောင်ခြင်း၊ MNSP အပစ်အခတ်ရပ်စဲဒေသတွင် တည်ငြိမ်ခိုင်မာ စိတ်ချရသော မွန်အမျိုးသားကျောင်းများ တည်ထောင်ခြင်း၊ ရောနှောကျောင်းများမှ မွန်ကျောင်းဆရာများကို ပံ့မှန် နစ်တိုးလစာပေးခြင်း၊ မွန်အထက်တန်းကျောင်းများမှ ကျောင်းသားများကို အစိုးရ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်း၊ မွန်ဘုန်းတော်ကြီးသင်ကျောင်းများကို အထူးသင်ရိုးသုံး မွန်စာပေပညာရေးကျောင်းအဖြစ် ကြီးမားသော နေရာပေးအပ်ခြင်း၊ မြန်မာနိုင်ငံအတွင်း MNEC/MNED အဖွဲ့ဝင်များအတွက် လွတ်လပ်သော ခရီးသွားလာခွင့်ပေးရန်နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းအုပ်စုများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များနှင့် ဆက်ဆံရေးတည်ထောင်ရန်၊ လေ့ကျင့်ရေးအခွင့်အလမ်းများကို နိုင်ငံတကာမှ အထောက်အပံ့များ ပိုမိုရရှိရေးနှင့် အလှူရှင်များကို NMSP ဒေသများနှင့် အစိုးရထိန်းချုပ်ထားသော အချို့နေရာများတွင် ခရီးသွားခွင့်ပြုပြီး မွန်ပညာရေး စီမံကိန်းများကို လေ့လာခွင့်ပြုရန် ဖြစ်ပါသည်။

ကျောင်းများသည် ဒေသဆိုင်ရာ လှူဒါန်းမှုကို အားထားနေကြရပြီး ယင်းတို့ကို ရပ်ရွာအကျိုးဆောင်များက[56] ဖွဲ့စည်းသော ကျောင်းကော်မတီများ ဖြင့် အုပ်ချုပ်သည်။ These schools provide mother အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပညာရေးဝန်ကြီးဌာန၏ မြန်မာဘာသာ သင်ရိုးညွှန်းတမ်းကို မပြောင်းလဲမီတွင် ပညာရေးဝန်ကြီးဌာန၏သင်ရိုးမှ ဘာသာပြန်ထားသော မွန်ဘာသာ မူလတန်းသင်ရိုးကို အသုံးပြုကာ မိခင်ဘာသာစကား အခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို ဖော်ဆောင်ခဲ့သည်။ ထိုအချိန်တွင် မွန်စာပေကို စာပေပို့ချခြင်း ဘာသာစကား အဖြစ် ထိန်းသိမ်းထားခဲ့သည်။ အခြေခံပညာရေး စာသင်နှစ်များတစ်လျှောက် ကျောင်းတက်ရက်များတွင် မွန်ဘာသာစကားနှင့် သမိုင်းကို ဆက်လက် သင်ကြားခဲ့သည်။ မွန် အမျိုးသားကျောင်းများမှ ၁၁ တန်း အောင်မြင်ခဲ့ကြသော ကျောင်းသားများသည် အစိုးရ တက္ကသိုလ်ဝင်တန်းကို ဝင်ရောက် ဖြေဆိုနိုင်ကြပြီး အောင်မြင်ပါက မြန်မာတက္ကသိုလ်များသို့ ဝင်ခွင့်ရကြသည်။

MNED သည် ကျောင်းဆရာ ၁၅၄ ယောက်နှင့် ပညာရေးဝန်ကြီးဌာနက အုပ်ချုပ်သော ကျောင်း ၉၅ ကျောင်းကို ထောက်ပံ့ပေးပြီး တရားဝင် သင်ရိုးအစိတ်အပိုင်းအဖြစ် မွန်ဘာသာစကားနှင့် မွန်သမိုင်းကို သင်ကြားစေခဲ့သည်။ ယင်းကျောင်းများ တည်ရှိစေရေးအတွက် ပညာရေး ဝန်ကြီးဌာနက "ရောနှောကျောင်းများ" အဖြစ် အသိအမှတ်ပြုသော်လည်း ရှင်းလင်းမှုမရှိချေ။ ထို့အပြင် MNED အုပ်ချုပ်သူများနှင့် ပညာရေး ဝန်ကြီးဌာနမှ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်များအကြား ဒေသအဆင့် ဆက်ဆံရေးများ တည်ထောင်ထားကြသည်။ ရောနှောကျောင်း များတွင် MNED ၏ ကျောင်းဆရာများသည် ဝင်ငွေရရှိသော ဒေသဆိုင်ရာအစုအဖွဲ့များမှ အထောက်အပံ့ကို မျှော်ကိုးကြရကာ ဒေသ အကျိုးဆောင်များနှင့် ဖွဲ့စည်းထားသော ကျောင်းကော်မတီများ ရှိကြသည်။ ရောနှောကျောင်းများမှ ကျောင်းသားများအတွက် MNED ဘာသာရပ်များအတွက် စာသင်ခန်းအကဲဖြတ်မှု ရှိသော်လည်း ပညာရေးဝန်ကြီးဌာန တရားဝင်အကဲဖြတ်မှုများ၏ အစိတ်အပိုင်းအဖြစ် ထို ဘာသာရပ်များကို အောင်မြင်စေရန် မလိုအပ်ပေ။

## *မွန် ဖြစ်စဉ်လေ့လာမှုအား သုတေသနတင်ပြပုံ နည်းစနစ်*

ဤလေ့လာရေးသည် မြန်မာနိုင်ငံရှိ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တွင် ကင်မ်ဂျိုလစ်ဖ်က တွေ့ဆုံဆွေးနွေးခြင်းများနှင့် အုပ်စုလိုက် ဆွေးနွေး ခြင်းများကို ၂၀၁၅ နိုဝင်ဘာနှင့် ဒီဇင်ဘာလများက ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့သည်။ လေ့လာခဲ့သည့် ဒေသများသည် အစိုးရအုပ်ချုပ်မှု အောက်တွင် ရှိသော်လည်း NMSP က စစ်ရေးအရ အကာအကွယ်နှင့် ထိန်းချုပ်ထားသော NMSP ခရိုင်တစ်ခုနှင့် နီးစပ်သော နေရာတစ်ခုဖြစ် သည်။ သို့သော် ယင်းအဖွဲ့သည် ဒေသဆိုင်ရာ မွန်အစုအဖွဲ့ဒေသတွင် တရားဝင်မဟုတ်သော အာဏာပိုင်ဖြစ်သည်။

ခရီးစဉ်အတွင်း တင်ပြချက်များနှင့် အုပ်စုလိုက်ဆွေးနွေးပွဲများကို ကင်မ်ဂျိုလစ်ဖ်က ဖြည့်ဆည်းပေးခဲ့ပြီး MNEC ကော်မတီဝင် အနည်းဆုံး လေးဦး အပါအဝင် MNED ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးနှင့် ဗဟိုမှဝန်ထမ်းများ တက်ရောက်ကြသည်။ သီးသန့်အုပ်စုဆွေးနွေးပွဲများကို ကျောင်း ကော်မတီများနှင့် ဆရာများပါဝင်ပြီး မွန်အမျိုးသား မူလတန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနှင့် ရောနှောကျောင်း တစ်ကျောင်းတွင် ကျင်းပခဲ့သည်။

ရောနှောကျောင်း ငါးကျောင်းမှ ဆရာခြောက်ဦးစီပါသော အထူးအုပ်စု ဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပြီး MNEC မူလတည်ထောင်သူ နှစ်ဦးနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပသည်။ ထို့နောက် (MNED ဥက္ကဋ္ဌဖြစ်သော) လက်ရှိ MNEC အတွင်းရေးမှူးနှင့် သီးသန့်ဆွေးနွေးသည်။ တရားဝင် မဟုတ်သည့် မှတ်တမ်းတင်ထားသော ဆွေးနွေးမှုများကို MNED ခရိုင်အုပ်ချုပ်ရေးမှူး နှစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးနှင့် ဗဟိုရုံးမှ ရုံးအဖွဲ့ဝင်တစ်ဦးတို့နှင့် ကျင်းပခဲ့သည်။ နောက်ထပ် တွေ့ဆုံဆွေးနွေးပွဲများကို NMSP ဗဟိုကော်မတီ အဖွဲ့ဝင် နှစ်ဦးနှင့် ခရိုင် NMSP တာဝန် ရှိသူ သုံးဦးတို့နှင့် ပြုလုပ်ခဲ့သည်။

## ရှမ်း ဖြစ်စဉ်လေ့လာမှုအား သုတေသနပြုစုပုံ နည်းလမ်း

ဤလေ့လာရေးသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နေရာများစွာထပ်နေသော ရှမ်းပြည်နယ်ရှိ သီပေါမြို့နယ်အပိုင် ကျေးရွာအုပ်စု ငါးခု တွင် တိုင်းရင်းသား ရှမ်းလူမှုအစုအဖွဲ့များအကြောင်း တင်ပြထားသည်။ ပညာရေးဝန်ကြီးဌာနသည် ထိုဒေသသို့ အရောက်အပေါက် အလွန် နည်းပါးခဲ့ပြီး မည်သည့်ကုန်ကျသုံးစွဲမှုကိုမျှ မပြုလုပ်ခဲ့ပါ။ လူမှုအစုအဖွဲ့များသည် ရှမ်းပြည်နယ် ကျေးလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဟုခေါ်သော ရှမ်း အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်း၏ အထောက်အပံ့နှင့် ဒေသဆိုင်ရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကွန်ရက်ထံမှ ပညာရေး အခြေခံ အထောက်အပံ့ ရရှိသည်။ RDFSS သည် အခြား EAO များနှင့် မည်သည့် တရားဝင် သက်သွယ်မှုမျှ မရှိပါ။

ဤနေရာတွင် ယေဘုယျအနေဖြင့် ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် ကရင်နှင့် မွန်ဒေသများမှ အခြေအနေများနှင့် ကွဲပြားမှု များစွာရှိသည်။ ရှမ်း

[56] အချို့ကျောင်းများတွင် မိဘဆရာအသင်းနှင့် ကျောင်းကော်မတီများ ရှိသော်လည်း အချို့မှာ ဖွဲ့စည်းရာတွင် ကွဲပြားမှုရှိပြီး အချို့မှာ နှစ်မျိုးစလုံး မရှိချေ။

ပြည်နယ်သည် လွန်စွာကြီးမားကျယ်ပြန့်ပြီး ပုံစံမတူ ဒေသများစွာ[57] ရှိကြသည်။ ယင်းဒေသတွင် EAO ပေါင်း ဒါဇင်နှင့်ချီပြီး တည်ရှိကြလျက် ရှမ်းနှင့် ရှမ်းမဟုတ်သော တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသည့် စစ်ရေး အထောက်အကူပြု လက်နက်ကိုင်အဖွဲ့များလည်း ရှိသည်။ ယင်းတို့အနက်မှ တစ်ခုမျှ KED နှင့် MNED ကဲ့သို့ အဆင့်မြင့်သော ပညာရေးစနစ်များ တည်ထောင်ခြင်း မရှိကြပေ။ ထို့အပြင် များစွာသော အမည်မသိ အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေး အဖွဲ့အစည်းများ၊ ယဉ်ကျေးမှုနှင့် ပညာရေး အစီအစဉ်များနှင့် ပညာရေး ထောက်ပံ့သူများသည် ပြည်နယ်တစ်ဝန်းလုံးတွင် အနှံ့အပြား တည်ရှိကြသည်။

ထိုသို့ ကွဲပြားမှုများကြောင့် ဤလေ့လာမှုသည် ရှမ်းပြည်နယ်တစ်ခုလုံး သို့မဟုတ် ရှမ်း လူမျိုးအုပ်စုများအကြား ပညာရေးအတွေ့အကြုံ ရှိစေရန် ကြိုးပမ်းမှု မလုပ်နိုင်ခဲ့ပါ။ ထို့အပြင် EAO များက ထူးခြားစွာဆွေးနွေးထားသော ထိန်းချုပ်ထားသည့် ဒေသများတွင် ပညာရေး မည်သို့ပေးအပ်ရမည်ကို လုပ်ဆောင်နိုင်ခြင်းမရှိသော်လည်း အလွန်ထူးခြားသည့် ဒေသကို ရုတ်တရက် ဖြည့်ဆည်းပေးအပ်သည်။ ထို့ကြောင့် ယင်းသည် အရေးကြီးသောအချက် ဖြစ်လာခဲ့သည်။ အကြောင်းမှာ ပညာရေးဝန်ကြီးဌာနက မရောက်ရှိနိုင်သော နေရာများ၌ ပြည်နယ်နှင့် EAO များက ပညာရေး အထောက်အပံ့များ ပေးအပ်ရာတွင် ကွာဟချက်များကို ဖြည့်ဆည်းရန် တိုင်းရင်းသား ဘာသာရေးနှင့် အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများက အရင်းအမြစ်များအား တိုက်တွန်းနိုင်ပုံကို ဖော်ပြထားသည်။

သီပေါနှင့် တောင်ကြီးအကြား လမ်းပေါ်တွင် တည်ရှိသော နာမ့်လန်မြို့၏[58] တောင်ဘက်နှင့် အနောက်ဘက်တို့တွင် ကျေးရွာအုပ်စု ငါးခု တည်ရှိသည်။ RDFSS သည် ထိုနေရာတွင် ကောင်းဟက် ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုအောက်တွင် ဆရာ ၂၈ ဦးနှင့် ကျောင်းသား ၈၀၀ တို့ကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၅ ကျောင်းအား ကွန်ရက်ပြုလုပ်ကာ ပညာသင်ကြားပေးနေခဲ့သည်။ ထို ကွန်ရက်ကျောင်းများ ယခုမှစပြီး ကောင်းဟက်ကွန်ရက်အဖြစ် ညွှန်းဆိုမည်ဖြစ်သည်။ ယင်းအထဲမှ ကျောင်းအချို့သည် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီး မှတ်ပုံတင်မထားသော ကျောင်းများနှင့်အတူ ဒေသကို အကျိုးပြုလျက်ရှိသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ရှမ်းဒီမိုကရေစီအဖွဲ့ချုပ်ကို အပြည့်အဝ နောက်ခံပြုထားသော ဗုဒ္ဓဘာသာ ရှမ်းလူမျိုးစုများက ကျေးရွာအုပ်စု ငါးခု လေ့လာရေးကို နေထိုင်ခွင့်ပေးထားခဲ့သည်။ သီပေါမြို့နယ်အတွင်း ၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်း ပြည်သူများ၏ ၂၉ ရာခိုင်နှုန်းသည် ကျောင်းလုံးဝ မနေဖူးကြောင်း၊[59] အသက် ၂၅ နှစ် အထက် အမျိုးသား၊ အမျိုးသမီး ၅၀ ရာခိုင်နှုန်း (၉၁,၀၈၁ တွင် ၄၃,၃၄၅ ဦး) သည် လုံးဝပညာသင်ကြားခဲ့မှု မရှိကြောင်း ဖော်ပြထားသည်။[60]

လေ့လာရေးဧရိယာသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ က (ယခင်တွေ့ဆုံဆွေးနွေးထားသူ ပြည်သူများကိုညွှန်းသည်) လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတို့ တစ်လှည့်စီ အုပ်ချုပ်ခဲ့သည့် နေရာများတွင်ဖြစ်ပါသည်။ ယခုအခါ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ တို့က နာမ့်လန်ကို ခိုင်မာစွာထိန်းချုပ်ထားသော အစိုးရနှင့် တပ်မတော် လုပ်ဆောင်သကဲ့သို့ ဤဒေသ၏ အစိတ်အပိုင်းများကို ပိုင်ဆိုင်မှု ကြေညာခဲ့ကြသည်။ ဤဒေသတွင် ပြည်သူ့စစ် အဖွဲ့ငယ်များစွာ ရှိကြပြီး အချို့ကို တပ်မတော်နှင့် အခြား EAO များက ကျောထောက်နောက်ခံ ပြုပေးကြသည်။

ဒေသခံ ပြည်သူများသည် RCSS နှင့် SSPP တို့ကို ရင်ဆိုင်ရသည့် အဓိကနည်းလမ်းမှာ အခွန်နှင့် စစ်သားစုဆောင်းရေးဖြစ်ပြီး အချို့ ကိစ္စရပ်များသည် အဓမ္မ ဆန်ခဲ့ပါသည်။[61] ဤဒေသမှ ကျေးရွာအုပ်ချုပ်ရေးမှူးမှာ မြန်မာဥပဒေအရ ဆယ်အိမ်ခေါင်းများက သွယ်ဝိုက်ပြီး ရွေးကောက်ထားသူ

[57] ရှမ်းပြည်နယ်သည် နိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် အကြီးဆုံးဖြစ်သည်။ ရှမ်းပြည်သူများသည် ဗမာပြီးလျှင် ဒုတိယ အများဆုံးဖြစ်သည်။ ယင်းတို့တွင် ဘုရင့်နိုင်ငံတော် အဆောက်အဦ၊ ဘုန်းတော်ကြီးသင်ပညာရေး၊ ယဉ်ကျေးမှုနှင့် စာပေ တို့ရှိကြသည်။ တိုင် ဟု ယင်းတို့ခေါ်သော ကိုယ်ပိုင်ဘာသာစကားတွင် ယနေ့ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ရှိ တိုင် လူမျိုးများနှင့် ဘာသာစကားဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ခိုင်မာသော ဆက်စပ်မှုရှိသည်။ ရှမ်းပြည်နယ်တွင် အမျိုးများစွာရှိသော ကချင်အုပ်စု၊ ဗမာ၊ ပအိုးဝ်၊ ပလောင်၊ ဝ၊ တအောင်း၊ ကရင်၊ လားဟူ၊ လီဆူး၊ အာခါနှင့် အခြားလူမျိုးများ နေထိုင်ကြသည်။

[58] နာမ့်လန်ကို ရွာတစ်ရွာအဖြစ် တရားဝင် အဆင့်သတ်မှတ်ထားသော်လည်း လေးကီလိုမီတာခန့် ရှည်လျားကာ ထူးခြားသော မြို့ပြနေရာချထားမှု ရှိသည်။

[59] ဤရာခိုင်နှုန်းပြဆိုမှုတွင် စုစုပေါင်းလူဦးရေတွင် အမျိုးသား ၁၀,၈၄၃ ယောက်နှင့် အမျိုးသမီး ၁၁,၃၆၆ ယောက် ရှိသည်။ သီပေါက မြို့နယ်အဖြစ် ပါဝင်သည့် ကျောက်မဲခရိုင်တွင် ကျောင်းတက်သော ငါးနှစ်အောက် ကလေးများသည် ၂၁.၈ ရာခိုင်နှုန်းရှိပြီး ခြောက်နှစ်အောက် ကျောင်းတက်သော ကလေးများသည် ၆၃.၉ ရာခိုင်နှုန်းရှိသည်။ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန (၂၀၁၅b) ဇယား D-6a

[60] လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန (၂၀၁၅b) ဇယား D-6a. သီပေါမြို့နယ်တွင် စုစုပေါင်း အမျိုးသား ၃၅,၁၇၂ နှင့် အမျိုးသမီး ၄၀,၅၉၅ ရှိသည့်အနက် ငါးနှစ်အောက် ယောကျ်ားလေး ၉၁၇၈ နှင့် မိန်းကလေး ၁၁,၄၄၇ ကျောင်းတက်ကြပြီး ကျောင်း သို့မဟုတ် ကောလိပ် တက်ရောက်နေသူများမှာ ၂၉ ယောက်ရှိသည်။ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန (၂၀၁၅b) ဇယား ၄. "လက်ရှိတက်နေသောကျောင်း" နှင့် ပတ်သက်ပြီး မေးခွန်းတွင် အပြစ်တင်သံပါနေပြီး အကြောင်းမှာ ကောက်ခံထားသော စာရင်းသည် ကျောင်းပိတ်ရက်တွင် ကောက်ထားသောကြောင့် ဖြစ်သည်။

[61] တွေ့ဆုံဆွေးနွေးထားသော ဒေသခံများက ယခုပြဿနာနှင့် ပတ်သက်ပြီး ညွှန်းဆိုသည်။ ထို့အပြင် သာဓကလည်း ပြောပြကြသည်။ ရှမ်းပြည်နယ်ရှိ ဒေသအစိတ်အပိုင်းများတွင် ၂၀၁၅ ခုနှစ်က RCSS သည် အတင်းအဓမ္မ လူသစ်စုဆောင်းကြောင်း သာဓကအနေဖြင့် ပြောပြကြသည်။ http://www.irrawaddy.com/burma/shan-villagers-flee-alleged-forced-recruitment-by-ethnic-army.html [accessed 28 December 2015].ကို ကြည့်ရန်။

ဖြစ်သည်။[62] ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ယင်းတို့၏ တောင်းဆိုချက်များကို အစိုးရ (တပ်မတော်)၊ RCSS နှင့် SSPP တို့ထံတွင် တောင်းရသည်။ သို့သော် မည်သည့်အာဏာပိုင်မျှ လိုအပ်သည်များကို အလုံအလောက် ပေးအပ်သည် မရှိပေ။ ကျောင်းအုပ်ဖြစ်သော ဘုန်းတော်ကြီးတစ်ပါးက ရှင်းပြသည်မှာ "အစိုးရက ဒေသကို တစ်ခါတစ်ရံ ထိန်းချုပ်ပေမဲ့ သူတို့က အချိန်များစွာမှာ ဂရုမစိုက်ဘဲ ပစ်ထားကြတယ်။ အခြား လက်နက်ကိုင် တိုင်းရင်းသားတပ်ဖွဲ့တွေကလည်း ပညာရေးကို မလုပ်ပေးကြဘူး။"[63] ဟု မိန့်ကြားပါသည်။ အခြားရွာမှ ကျောင်းအုပ် ဘုန်းတော်ကြီးတစ်ပါးကမူ "သူတို့က ပညာရေးကို စိတ်မဝင်စားကြဘူး။"[64] ဟု ဆိုသည်။ ထို့အပြင် ဘုန်းတော်ကြီးများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများကို ကွာဟချက်များအား ဖြည့်ဆည်းရန် ပြောကြသည်။

အားလုံးခြုံကြည့်ပါက အစိုးရသည် RCSS နှင့် SSPP တို့ထက် ပညာရေးကို ထောက်ပံ့ရန် တက်ကြွကြောင်း တွေ့ရသည်။ ပညာရေးဝန်ကြီးဌာနက ဒေသတွင်းတွင် မူလတန်းကျောင်း လေးကျောင်းကို အုပ်ချုပ်ပြီး လုံခြုံရေးအခြေအနေကောင်းသောအခါ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများကို ရပ်ရွာကျောင်းများသို့ စေလွှတ်တတ်သည်။ သို့သော် ဒေသတွင်းတွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများက စွမ်းရည်မရှိခြင်းကြောင့် နေရာအနှံ့တွင် ယင်းတို့ဆောင်ရွက်မှု ပိုမိုဆိုးရွားလာသည်ဟု ဒေသခံများက ယူဆလာကြသည်။ အခန်း (၇) တွင် ဆွေးနွေးထားသကဲ့သို့ ကျောင်း ကိုးကျောင်းမှ ဆရာ ၁၂ ဦး၊ ဘုန်းတော်ကြီး ခြောက်ပါးနှင့် ရွာကျောင်းကော်မတီ သုံးဖွဲ့တို့သည် တွေ့ဆုံဆွေးနွေးကြရာတွင် ယင်းတို့၏ ရပ်ရွာအစုအဖွဲ့များသည် ယင်းကျေးရွာများတွင် အစိုးရကျောင်းများကို အလိုမရှိကြချေ။ အကြောင်းမှာ အဆိုပါ အစိုးရကျောင်းများရှိ မြန်မာနိုင်ငံ အလယ်ပိုင်းမှ ဗမာကျောင်းဆရာများသည် ဒေသဆိုင်ရာစကားကို မပြောဆိုတတ်သောကြောင့် ဖြစ်သည်။ ထိုကိစ္စများနှင့် ပတ်သက်ပြီး ပညာရေး ဝန်ကြီးဌာနအကြောင်း လုံးဝမသိသောသူများက အဆိုပါအတိုင်း ဖြေကြားကြရာ ပညာရေးဝန်ကြီးဌာနက အခြားကျေးရွာများသို့ ကျောင်းဆရာများပို့လွှတ်ရန် ကြိုးပမ်းမှု လုံးဝမရှိကြောင်း တွေ့လာရသည်။ အချို့ကမူ EAO များသည် ပညာရေးဝန်ကြီးဌာနရှိ ကျောင်းဆရာများ ရွာများသို့ စေလွှတ်လျှင် မပျော်ရွှင်ကြောင်းနှင့် ယင်းတို့ကို သူလျှိုများဟု ထင်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် ကောင်းဟတ်ကွန်ရက်၌ RCSS သည် ကျောင်း (၁၀) ကျောင်း ပြင်ဆင်ဆောက်လုပ်ရန် လိုအပ်သော ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းကို တစ်ကြိမ် ထည့်ဝင်သည်။ သို့သော် ယင်းသည် ကျောင်းဖြစ်လာပြီးကတည်းက ကြီးမားသော လုပ်ဆောင်မှုဖြစ်သည်။[65] ယခင်ကာလက ကျေးရွာတစ်ရွာကို ကျောင်းတစ်ကျောင်း ဆောက်ရမည်ဟု အမိန့်ပေးထားခဲ့သော်လည်း SSPP သည် ပညာရေးထောက်ပံ့မှုနှင့် မပတ်သက်ကြောင်း တွေ့ရသည်။ အသက်မဝင်တော့သော ရှမ်းပြည်အမျိုးသားတပ်မတော်သည် ဇရိယာအတွင်း အသက်ပြန်ဝင်လာစေရန် တစ်ကြိမ်တွင် ရပ်ရွာအစုအဖွဲ့တစ်ခုကို ကျောင်းတစ်ကျောင်း ဆောက်ရမည်ဟု အမိန့်ပေးခဲ့သော်လည်း မည်သည့်အထောက်အပံ့မျှ ပေးခဲ့ခြင်း မရှိပေ။

ထို့ကြောင့် ပညာရေးအထောက်အပံ့ပေးအပ်ရန် တာဝန်သည် ဘုန်းတော်ကြီးကျောင်းများပေါ် သို့ ကျရောက်လာသည်။ မြန်မာနိုင်ငံ အခြားဒေသများရှိ ဘုန်းတော်ကြီးကျောင်းများကဲ့သို့ ကောင်းဟတ်ကွန်ရက်ရှိ ကျောင်း ၂၅ ကျောင်းသည် အစိုးရ၏သင်ရိုးကို သုံးစွဲကြပြီး ကျောင်းသားများအား အစိုးရကျောင်းများ၏ စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုစေသည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာန၏ အထောက်အပံ့များကို ရရှိသည်။ တစ်ပြိုင်နက်တည်းမှာပင် ဒေသတွင်း ကျောင်းဆရာများ စုဆောင်းခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းဆရာများသည် ရှမ်းဘာသာစကားဖြင့် စာသင်ကြားနိုင်ပြီး ဘုန်းတော်ကြီးသင် ပညာရေးကွန်ရက်နှင့် RDSFF တို့ထံမှ လေ့ကျင့်ရေးကို ရရှိသည်။ ယင်းကျောင်းများကို "ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ"ဟု ညွှန်းသည့်တိုင်အောင် အများစုမှာ ဘုန်းကြီးကျောင်းများတွင်မရှိဘဲ ပြင်ပအထောက်အပံ့ အနည်းငယ် သို့မဟုတ် လုံးဝမရရှိသော ယခင်က ရပ်ရွာကျောင်းများ ဖြစ်ကြသည်။ ကောင်းဟတ်ကွန်ရက်အပြင် ယင်းဒေသအတွင်းတွင် များစွာသော အခြားကျောင်းများသည် ဘုန်းတော်ကြီးကျောင်းများမှတစ်ဆင့် အထောက်အပံ့ရရှိကြသည်။

သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသသော ကျောင်းအများစုသည် ပညာရေးဝန်ကြီးဌာန၏ ပမာဏနည်းပါးသော အထောက်အပံ့ကို အသုံးချရန် ကောင်းဟတ်ကွန်ရက်ကို ခွင့်ပြုထားသည်။ ပညာရေးဝန်ကြီးဌာနသည် ကလေးတိုင်းကို ဖတ်စာအုပ်များနှင့် ဗလာစာအုပ် ခြောက်အုပ် ထောက်ပံ့သည်။[66] ၂၀၁၃-၁၄ ပညာသင်နှစ်ကတည်းက အစိုးရသည် ဘုန်းတော်ကြီးသင် ကျောင်းတိုင်းရှိ ကျောင်းသား ၂၀ အတွက် ဆရာတစ်ယောက် စရိတ်ကို မြန်မာငွေ ၃၆,၀၀၀ ကျပ် ပေးအပ်သည်။ ထို့အပြင် ကျောင်းသား ၄၀ ရှိတိုင်း နောက်ထပ် လစာ ပေးအပ်

[62] ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ တရားဝင်ဝန်ထမ်းများ မဟုတ်ကြပါ။ သို့သော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့ကြေးရကြသည်။ မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးအကြောင်း - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြည်ပြာချစ်စောနှင့် မက်သယူးအာနိး (၂၀၁၄)

[63] ဘုန်းတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခြင်း။ သီပေါမြို့နယ်၊ ဒီဇင်ဘာ ၂၀၁၅။

[64] ဘုန်းတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခြင်း။ သီပေါမြို့နယ်၊ ဒီဇင်ဘာ ၂၀၁၅။

[65] အကယ်၍ ရန်ပုံငွေများသည် RCSS ဒေသဆိုင်ရာ အာဏာပိုင်မှ သို့မဟုတ် ဗဟိုအစိုးရထံမှ သို့မဟုတ် ပြင်ပ အထောက်အပံ့ပေးသူထံမှ ရရှိကြောင်း မရှင်းလင်းပါ။

[66] ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် မတ်လတွင် အစိုးရထံသို့ ကျောင်းသားအရေအတွက်ကို အစီရင်ခံရသည်။ ထို့အပြင် သီပေါမြို့နယ်ပညာရေးမှူးရုံးမှ ဇွန်လတွင် ဖတ်စာအုပ်များ တောင်းယူရသည်။ သာသနာရေးဝန်ကြီးဌာနသည် ခဲတံ၊ ဖောင်တိန် မထောက်ပံ့ပါ။ ကောင်းဟတ်ဆရာတော်က လှည့်ကွက်ကို ထောက်ပြသည်။

သည်။[67] ထို ခွဲတမ်းစနစ်ကြောင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော တွဲဖက်ထားသည့် ကျောင်းများ ၂၅ ကျောင်း ရှိသည်။ ထို့ကြောင့် တိုက်ရိုက် ထောက်ပံ့မှုကို လက်မခံတော့ပေ။ ကောင်းဟတ်ကွန်ရက်သည် ဆရာ ၂၈ ယောက်အနက် ၁၃ ယောက်စာမျှသာ ထောက်ပံ့ကြေးပေးအပ်သည်။ ယင်းထောက်ပံ့ကြေးသည် ဆရာတစ်ယောက်ထက်ပိုပြီး ပေးရသောကြောင့်ဖြစ်ပြီး တစ်ခါတစ်ရံ ကျောင်းတစ်ကျောင်းထက် ပိုသောကြောင့် ဖြစ်သည်။[68] ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနက ဩစတြေးလျနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့မှ ထောက်ပံ့သော ကျောင်းအာမခံချက် အစီအစဉ်အတွင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုပါ ထည့်သွင်းရန် စီမံချက်ချခဲ့သည်။[69] ယခု ပညာသင်နှစ်အစတွင် ထိုအစီအစဉ်နှင့် ပတ်သက်ကောင်း ပတ်သက်နိုင်သည့် ကောင်းဟတ်ကွန်ရက်ရှိ ကျောင်းအားလုံးထံသို့ အထွေထွေ ကုန်ကျစရိတ် မြန်မာကျပ်ငွေ ၂.၅ သန်းကို သာသနာရေးဝန်ကြီးဌာနက ထောက်ပံ့ခဲ့သည်။

အစိုးရကျောင်းဆရာ ထောက်ပံ့ကြေးသည် အိမ်စရိတ်၊ စားစရိတ် ကဲ့သို့ လူမှုအသိုင်းအဝိုင်းတွင် တစ်လလျှင် မြန်မာကျပ်ငွေ ၈၀,၀၀၀ ကို အစိုးရလစာအဖြစ် ရရှိကြပြီး ရပ်ရွာအထောက်အပံ့အဖြစ် ပေးအပ်ခြင်းတွင် ထိပ်ဆုံးတွင်ရှိသည်။ ရပ်ရွာတွင်းရှိ နေထိုင်သူသည် ကျောင်းတက်နေသော သားသမီး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယင်းနှင့် မသက်ဆိုင်ဘဲ ကျောင်းကို ထောက်ပံ့ရမည်ဖြစ်ပြီး ယင်းအထောက်အပံ့သည် ဝင်ငွေအရ ခွဲခြားသတ်မှတ်ထားသည်။ လစာပေးအပ်ခြင်းကို ဘုန်းတော်ကြီးများက ကြီးကြပ်သည်။

ကျောင်းဆရာများကို ဘုန်းတော်ကြီးကျောင်းများနှင့် ပတ်သက်သော ဒေသခံများမှတစ်ဆင့် စုဆောင်းရသည်။ ဆရာများမှာ ရှမ်းလူမျိုးများ ဖြစ်ကြသည်။ အများစုမှာ အစိုးရ အခြေခံပညာစနစ်မှ ၁၀ တန်းအထိ ရောက်ရှိခဲ့ပြီး အချို့မှာ အောင်မြင်ခဲ့ကြသည်။ ဆရာအများစုမှာ ဆယ်ကျော်သက်များဖြစ်ကြပြီး အချို့မှာ အသက် ၂၀ နှစ် ပတ်ဝန်းကျင်တွင် ရှိကြသည်။ အထက်တန်းကျောင်းတွင် စာမေးပွဲပြီးလျှင်ပြီးခြင်း ကျောင်းဆရာ လုပ်ကြသည်။ ၎င်းတို့သည် သူငယ်တန်းနှင့် အထက်ရှိ အတန်းများကို သင်ကြားကြပြီး ကျောင်းငယ်များတွင် အတန်းအားလုံးကို သင်ကြရသည်။ ယင်းဆရာတို့သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရေးစနစ်နှင့် RDFSS က ပါဝင်ဆောင်ရွက်သော အရှေ့ပိုင်း ဗမာပြည်ရပ်ရွာကျောင်း (EBCS) ရွှေ့လျားဆရာဖြစ်သင်သင်တန်းအစီအစဉ်မှတစ်ဆင့်အချို့နွေသင်တန်းများကိုတက်ရောက်သင်ယူကြရသည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် အစိုးရသင်ရိုးအတိုင်း သင်ကြားပေးကြသည်။ သက်ဆိုင်ရာ ဒေသသုံးပစ္စည်းများ သုံးစွဲသင်ကြားရန် သင်ရိုးမူဘောင် သို့မဟုတ် ပြောင်းလွယ်ပြင်လွယ်မရှိပေရာ လက်တွေ့တွင် မြန်မာဖတ်စာအုပ်များကို စာမှတ်မိရန်သာ ကလေးများကို သင်ကြားပေးခြင်းဖြစ်သည်။ ကောင်းဟတ်ကွန်ရက်တွင် ပညာသင်ယူကြသော ကလေးများအားလုံးသည် ရှမ်းဘာသာကို ပထမ ဘာသာစကားအဖြစ် သုံးစွဲကြပြီး မြန်မာစကား အနည်းငယ်သာ ပြောကြသည်။ ဒေသတွင်းမှ စုဆောင်းထားသော ရှမ်းကျောင်းဆရာများ၏ အားသာချက်မှာ ကလေးများကို ဗမာဘာသာမှ ရှမ်းဘာသာသို့ သင်ရိုးကို ဘာသာပြန် သင်ကြားနိုင်ကြသည်။ တွေ့ဆုံမေးမြန်းထားသော ကျောင်းဆရာ ၁၂ ဦးသည် (သင်ကြားရေးတွင် ဘာသာပြန်ဆိုခြင်း နည်းစနစ်သည် ရှမ်းကျောင်းဆရာများရှိသော အစိုးရကျောင်းအနည်းငယ်တွင် ရှိကြကြောင်း) ပြောပြကြသည်။ ဖတ်စာ စာအုပ်မရှိခြင်းနှင့် အတန်းစုံသင်ကြားရခြင်းဟူသော ဝန်ထုပ်ဝန်ပိုးကြောင့် ကျောင်းများတွင် ရှမ်းဘာသာ သင်ရိုး မရှိချေ။ သို့သော် ရှမ်းစာပေ အစီအစဉ်ကမူ နွေရာသီနှင့် ကျောင်းစာသင်ချိန်ပြီးလျှင် ဘုန်းတော်ကြီးသင်ကျောင်းများတွင် သင်ကြားပေးကြသည်။ ကျောင်းတိုင်းတွင် ကျောင်းကော်မတီ တစ်ဖွဲ့စီ ရှိကြပြီး အချို့ကျေးရွာများတွင် အဖွဲ့ဝင် သုံးဦးထက် နည်းကြသည်။ ထိုကော်မတီများသည် ဘုန်းတော်ကြီးများကို ထူးခြားမှု အစီရင်ခံကြရပြီး ကျောင်းအနည်းငယ်၏ အုပ်ချုပ်ရေးအစုအဖွဲ့များအတွက် တာဝန်ယူကြရသည်။ ထိုဘုန်းတော်ကြီးများသည် ကောင်းဟတ်ဆရာတော်ကို ထပ်မံအစီရင်ခံကြရပြီး ဆရာတော်သည် ကွန်ရက်၏ အုပ်ချုပ်သူဖြစ်သည်။ တစ်ဖန် ဆရာတော်သည် သာသနာရေးဝန်ကြီးဌာနသို့ ကျောင်းအပ်မှု၊ အခြား အခြေခံလိုအပ်ချက်များနှင့် ရသုံးမှန်းခြေ ငွေစာရင်းကို စာသင်နှစ် အစနှင့် အဆုံးတွင် သတင်းပို့ရသည်။ ဆက်သွယ်မှုအရေအတွက် နည်းပါးသော်လည်း သာသနာရေးဝန်ကြီးဌာနနှင့် နီးနီးကပ်ကပ် ဆက်ဆံ အလုပ်လုပ်သော မန္တလေးမြို့တွင် အခြေတည်စ ညှိနှိုင်းရေးအဖွဲ့ဖြစ်သည့် ဘုန်းတော်ကြီးသင် ပညာရေး ဖွံ့ဖြိုးရေးအဖွဲ့ (MEDG)[70] နှင့် ဆရာတော်သည် ဆက်သွယ်သည်။

ကောင်းဟတ်ကွန်ရက် ဖွဲ့စည်းရန် ကူညီသော RDFSS သည် စောင့်ကြည့်ထောက်ပံ့ရေး၊ ဆရာလေ့ကျင့်ရေးနှင့် အချို့ကျောင်းများအတွက် ရန်ပုံငွေကို ပေးအပ်သည်။ RDFSS သည် ဂရိတ် ၅ အတန်းထက်ကျော်ပြီး ပညာသင်ယူသော နာမ့်လန်မှ ကလေးများကို ကျောင်းအိပ်ကျောင်းစား ထားပေးသည်။

[67] ဥမ္မာတင်နှင့် စတန်းနင်(၂၀၁၅)၊ စာမျက်နှာ ၂၂

[68] ထောက်ပံ့ကြေးကို ပုံမှန်မဟုတ်သော အခြေအနေဖြင့် ထောက်ပံ့သော်လည်း တစ်ခါတစ်ရံ လားရှိုး သို့မဟုတ် သီပေါမြို့နယ်ရှိ မြို့နယ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်ထံမှ စုဆောင်းရရှိသည်။

[69] ဥမ္မာတင်နှင့် စတန်းနင်(၂၀၁၅)၊ စာမျက်နှာ ၂၂

[70] MEDG အကြောင်းနှင့် ပတ်သက်ပြီး ယင်း၏ဝက်ဘ်ဆိုဒ် www.medg.org. ကို ကြည့်ပါ။

## *ရှမ်း ဖြစ်စဉ်လေ့လာမှုအား သုတေသနတင်ပြပုံ နည်းစနစ်*

ဤလေ့လာရေးသည် ကျေးရွာအုပ်စု ငါးခုတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း အင်မီလီစပီးယားစ်မီးယားစ်က ဆောင်ရွက်သော ကွင်းဆင်း သုတေသနပြုလုပ်ချက်များကို အခြေခံပြီး ရေးဦးစွာ တင်ပြထားသည်။ ကျောင်း (၉) ကျောင်းမှ ဆရာ ၁၂ ဦးနှင့် တွေ့ဆုံမေးမြန်းပြီး ဆွေးနွေးထား သည်။ ယင်းတို့အနက်မှ နှစ်ဦးသည် အစိုးရကျောင်းများမှဖြစ်ပြီး ခုနစ်ဦးသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဖြစ်ကြသည်။ ကျောင်းအုပ် သုံးဦးမှာ ဘုန်းတော်ကြီးများ ဖြစ်ကြပြီး ကျောင်းကော်မတီ အဖွဲ့ဝင် သုံးဦးမှာ ယင်းတို့ ရပ်ရွာများမှ ဖြစ်ကြသည်။ ထို့အပြင် RCSS အဖွဲ့ဝင်နှစ်ဦးလည်း ပါဝင်သည်။ ထို့အပြင် RCSS ၏ ရှမ်းပြည်နယ် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ပါဝင်သော ရှမ်းပညာရေးအဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးပွဲကို တောင်ကြီး၊ သီပေါနှင့် လားရှိုးတို့တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လက ကျင်းပပြီး ရန်ကုန်၊ မန္တလေးနှင့် ချင်းမိုင်တို့တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သည်။

# အပိုင်း (၂) မြန်မာ့ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး

## အခန်း (၅)၊ ပညာရေးဝန်ကြီးဌာနနှင့် ယင်း၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်

- ပညာရေးကဏ္ဍ တိုးမြှင့်သုံးစွဲမှု၊ အစိုးရနှင့် အလှူရှင်များ
- ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ သုံးသပ်ခြင်းနှင့် အမျိုးသား မဟာဗျူဟာ အစီအစဉ်
- သုံးစွဲမှုတိုးမြှင့်ခြင်းနှင့် ပညာရေး ပြုပြင်ပြောင်းလဲမှု၏ အဓိကနေရာများ
- ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ

## အခန်း (၆)၊ ပညာရေးနှင့် ပတ်သက်သော ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု

- မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားမျိုးစုံ ပညာရေး
- တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်း
- မြန်မာဘာသာနှင့် မိခင်ဘာသာတို့၏ မှန်ကန်သော နှိုင်းယှဉ်ချက် တွေ့ရှိမှု
- မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးနှင့်ပတ်သက်သော အားနည်းချက်များ
- တွေ့ကြုံရမည့် စိန်ခေါ်မှုအတွက် မူဘောင်ရေးဆွဲခြင်း

## အခန်း(၇)၊ ကွဲပြားခြားနားသော အင်အားများ၊ အမျိုးမျိုးသော ပညာရေး ထောက်ပံ့သူများ ရရှိခြင်း၏ အကျိုးကျေးဇူးများ

- နိုင်ငံတကာ ထုံးတမ်းများ၊ နိုင်ငံတော်ကမဟုတ်သည့် ဆောင်ရွက်သူများနှင့် ပြည့်စုံသော စနစ်များ
- မြန်မာ့ပညာရေးကဏ္ဍအတွက် လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ၏ အရေးပါမှု

## အပိုင်း(၂)။ ။ မြန်မာပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး

ဤအပိုင်းသည် မကြာသေးမီနှစ်များက မြန်မာ့ပညာရေးကဏ္ဍကို မည်သို့ ပြုပြင်ပြောင်းလဲခဲ့ခြင်းကို ဖော်ပြထားပြီး EBEP တို့က ဤအစီအစဉ်အတွက် မည်သို့ အရေးပါသည်ကို သရုပ်ဖော်ထားသည်။

အခန်း (၅) တွင် သုံးစွဲမှု တိုးတက်လာပုံ၊ မူဝါဒသစ်များ အနေအထားနှင့် ပညာရေးဝန်ကြီးဌာနသို့ နိုင်ငံတကာက ကြီးမားစွာ ထောက်ပံ့မှု စသည်တို့ကို ထင်ရှားသည့် အကြောင်းအရာများဖြင့် ၂၀၁၁ ခုနှစ်ကတည်းက အစိုးရ ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် အရေးပါသည့် နေရာများကို ဖော်ပြထားသည်။

အခန်း (၆) သည် မြန်မာနိုင်ငံ၌ မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးနှင့်ပတ်သက်သော တိုးတက်လာသည့် အရေးပါမှုကို တွေ့နိုင်ပြီး ယခုတိုင်အောင် အစိုးရ၏ တိုးတက်လာသော အခြေအနေနှင့် တွေ့လာရမည့် စိန်ခေါ်မှုများအတွက် မူဘောင်ရေးဆွဲခြင်းတို့ ပါဝင်သည်။

အခန်း (၇) သည် EBEP များက ပြုပြင်ပြောင်းလဲရေး အစီအစဉ်နှင့် အံဝင်ပုံ၊ ထောက်ပံ့သူမျိုးစုံကို အသုံးချပြီး အခြားနိုင်ငံများရှိ ပညာရေးကဏ္ဍများကဲ့သို့ လုပ်ဆောင်ရန် ဆွေးနွေးခြင်းနှင့် မြန်မာနိုင်ငံတွင် EBEP များက ထင်ရှားသော အင်အားနှင့် အကျိုးကျေးဇူးများကို ပေးအပ်ကြောင်း တင်ပြထားသည်။

## အခန်း (၅)။ ။ ပညာရေးဝန်ကြီးဌာနနှင့် ယင်း၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် မတ်လတွင် ကျောင်းသားပေါင်း ၈,၈၅၃,၄၈၀[71] ဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းအဖြစ် တည်ရှိနေသည်။ ယင်းကိန်းဂဏန်းသည် မကြာသေးမီနှစ်များကစပြီး နှစ်စဉ် သောင်းနှင့်ချီပြီး များပြားစွာ တိုးတက်လာခြင်းဖြစ်သည်။[72] ဇယား (၁)သည် ပညာရေးဝန်ကြီးဌာနက လုပ်ဆောင်မှုများကို ဖော်ပြသော စာရင်းအင်းအချက်အလက်များ ဖြစ်သည်။

**ဇယား (၁)၊ အခြေခံပညာရေးတွင်ရှိသော ကျောင်း၊ ဆရာနှင့် ကျောင်းသား အရေအတွက်[73]**

| ကျောင်း အမျိုးအစား | အခြေခံပညာရေးကျောင်း အရေအတွက် | အခြေခံပညာကျောင်းဆရာ အရေအတွက် | အခြေခံပညာကျောင်းသား အရေအတွက် |
|---|---|---|---|
| အထက်အဆင့် အထက်တန်းကျောင်း | ၃,၅၁၃ | ၃၄,၃၉၃ | ၈၇၃,၈၃၂ |
| အောက်အဆင့် အထက်တန်းကျောင်း | ၆,၂၂၄ | ၁၂၉,၉၄၅ | ၂,၇၉၅,၆၀၇ |
| အထက်အဆင့် မူလတန်းကျောင်း | ၇,၁၃၁ | - | - |
| အောက်အဆင့် မူလတန်းကျောင်း | ၂၈,၅၁၉ | ၁၅၈,၁၇၆ | ၅,၁၈၄,၀၄၁ |
| စုစုပေါင်း | ၄၅,၃၈၇ | ၃၂၂,၅၁၄ | ၈,၈၅၃,၄၈၀ |

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ပညာရေးသည် အထောက်အပံ့မရှိဘဲ ဆိုးရွားစွာ တည်ရှိခဲ့ရသည်။ ၂၀၀၉-၁၀ ပညာသင်နှစ်တွင် အစိုးရနှင့် ပြင်ပ အလှူရှင်များ၏ အလှူများက ၃၁ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်း အသီးသီးဖြင့် ပညာရေး အသုံးစရိတ် စုစုပေါင်း၏ ခန့်မှန်းခြေ ၆၃ ရာခိုင်နှုန်း ရှိသည်။[74] များစွာသော ကလေးငယ်များ ကျောင်းအပ်နောက်ကျကြပြီး ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ပြည်သူသိခွင့်ရ အချက်အလက်များအရ ဂရိတ် ၅ အတန်းကို ၇၃.၈ ရာခိုင်နှုန်း တက်ရောက်ကြပြီး (နှစ်ကျများ အပါအဝင်) မူလတန်းပညာရေးကို အောင်မြင်စွာပြီးဆုံးကြသည်။[75] အလယ်တန်းနှင့် ယင်းထက်ကျော်လွန်သွားသည့် အတန်းများတွင် တိုးတက်မှု နှေးကွေးသွားပြီး ၂၀၁၁-၁၂ ပညာသင်နှစ်တွင် မူလတန်းပြီးဆုံးသော ကလေးငယ်ပေါင်း ၈၅.၇ ရာခိုင်နှုန်းရှိကာ ၎င်းတို့ အလယ်တန်းသို့ တက်ရောက်ကြသည်။[76] သေချာသောအချက်အလက် မရရှိသောကြောင့် ကျောင်းနှင့် ကျောင်းသား အခြေပြု မြေပုံ လုပ်ဆောင်ရန် ရှုပ်ထွေးပါသည်။[77] သို့သော် ကျောင်းသားများ ဆင်းရဲကြကြောင်းနှင့် ကျေးလက်အိမ်ထောင်စုများသည် မူလတန်းပညာကို ပြီးဆုံးရန် ခက်ခဲကြောင်း သိရသည်။ ထို့အပြင် ကျောင်းသား ကျောင်းအပ်မှုနှင့် ယင်း၏ ဆက်လက်ထိန်းသိမ်းထားသော အရေအတွက်များကို မြို့ပေါ်ဒေသများထက် ကျေးလက်ဒေသများတွင် နည်းပါးကြသည်။ ထို့အတူ ချမ်းသာသော မိသားစုများထက် ဆင်းရဲသော မိသားစုများက ပိုပြီး ထိန်းသိမ်းနိုင်စွမ်း နည်းပါးကြသည်။[78]

---

71 မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၆)၊ စာမျက်နှာ ၉။

72 ကိန်းဂဏန်းများက ၂၀၀၇-၀၈ ပညာသင်နှစ်ကတည်းက ကျောင်းသားပေါင်း ၁၀၇,၇၃၃၂ တိုးတက်လာကြောင်း ညွှန်းဆိုသည် (မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၅)၊ စာမျက်နှာ ၁၂ ကို ကြည့်ပါ) ထို့အပြင် ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ကျောင်းသားပေါင်း ၂၅၆,၁၂၃ (ကမ္ဘာ့ဘဏ်) (၂၀၁၅)၊ စာမျက်နှာ ၅၁။ ၂၀၁၂-၁၃ ပညာသင်နှစ်နှင့် ၂၀၁၃-၁၄ ပညာသင်နှစ်များအကြား ကျောင်းသားပေါင်း ၃၀၀,၀၀၀ တိုးတက်ခဲ့သည်။

73 ယခု ဇယားသည် မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၆) စာမျက်နှာ ၉ မှ အတိအကျ ရယူသည်။

74 ကမ္ဘာ့ဘဏ် (၂၀၁၅)၊ စာမျက်နှာ ၄၈

75 မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၅)၊ စာမျက်နှာ ၁၉၊ မူလတန်း ပညာရေး ပြီးဆုံးခြင်းနှုန်းသည် မူလတန်း၏ နောက်ဆုံးအတန်းတွင် ကျောင်းသားအရေအတွက် စုစုပေါင်းကို ကောက်ယူထားခြင်းဖြစ်သည်။ ထိုအရေအတွက်အတွင်းမှ ထိုအတန်းတွင် နှစ်ကျများကို နုတ်ထားသည်။ ယင်းကို တရားဝင် ကျောင်းပြီးသည့် အသက်ရှိသော ကလေးများ စုစုပေါင်းပမာဏမှ ခွဲခြားထားသည်။

76 ထိုစာ

77 မူတ (၂၀၁၅)။ စာမျက်နှာ ၃-၇

78 Hayden and Martin (၂၀၁၃)၊ စာမျက်နှာ ၄၉


၂၀၁၄ ခုနှစ် လေ့လာချက်အရ ပညာရေးဝန်ကြီးဌာနသည် တင်းကြပ်သော စည်းမျဉ်းများဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ဖြတ်ကျော်ခဲ့သည်။ ယင်းမှာ "ပြင်းထန်သော ဗဟိုချုပ်ကိုင်မှုနှင့် လုံခြုံရေးကို ရှေးရှုလွန်းသော ယခင် ပညာရေးမူဝါဒချမှတ်ရေးသည် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများက မူဝါဒ သုတေသန၊ မူဝါဒချမှတ်ခြင်းနှင့် မဟာဗျူဟာစီမံချက်များ ရေးဆွဲခြင်းတွင် အတွေ့အကြုံ နည်းပါးခြင်းကြောင့်" ဖြစ်သည်။[79] ထို့အပြင် ယင်းလုပ်ငန်းစဉ်တွင် အရပ်ဖက် အဖွဲ့အစည်းများနှင့် လူထုပါဝင်မှုသည် သေးငယ်သော အခန်းကဏ္ဍသာ ရှိသည်။

၂၀၁၁ ခုနှစ်ကတည်းက အစိုးရသည် ပညာရေးကဏ္ဍတွင် ထင်ရှားသော ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန်အတွက် လိုအပ်ကြောင်း အသိအမှတ်ပြုခြင်းဖြင့် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ရန် ကြိုးစားခဲ့ဖူးသည်။ ထိုအခါက ပညာရေးအရည်အသွေး တိုးတက်လာစေရန် နိုင်ငံတကာ ဆောင်ရွက်သူများနှင့်အတူ လုပ်ဆောင်ရန် ကတိကဝတ်ပေးခဲ့သည်။[80]

## ပညာရေးကဏ္ဍ တိုးမြှင့်သုံးစွဲမှု၊ အစိုးရနှင့် အလှူရှင်များ

ဦးသိန်းစိန် အစိုးရ လက်ထက်တွင် ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်သည့် အထောက်အပံ့ အရင်းအမြစ်များသည် အစိုးရ ရသုံးမှန်းခြေငွေစာရင်း တိုးတက်မှုနှင့် ပညာရေးအတွက် ခွဲဝေချထားပေးမှု များပြားလာမှုကြောင့် ထူးခြားစွာ တိုးတက်လာခဲ့သည်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်များအကြား ပညာရေးအတွက် အစိုးရ၏ နှစ်စဉ်အသုံးစရိတ်သည် မြန်မာကျပ်ငွေ ၃၁၀ ဘီလီယံမှ ၁.၄ ထရီလီယံသို့ တိုးတက်လာခဲ့သည်။[81] နိုင်ငံ၏ စုစုပေါင်း အသားတင် ထုတ်လုပ်မှု (GDP) တိုးတက်လာသောကြောင့် ပညာရေးအသုံးစရိတ်လည်း တိုးလာခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၀၉-၁၀ တွင် GDP ၀.၆ ရာခိုင်နှုန်းရှိပြီး ၂၀၁၃-၁၄ တွင် ၂.၁ ရာခိုင်နှုန်းရှိသည်။[82]

### ကားချပ် (၂)၊ ပညာရေးအတွက် အစိုးရ သုံးစွဲကုန်ကျမှု




အရင်းအမြစ်၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၅

[79] ပျိုးပင် (၂၀၁၄)

[80] သမ္မတ ဦးသိန်းစိန်၏ ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသော အဖွင့်မိန့်ခွန်း၊ ၂၀၁၁ မတ်လ ၃၀ ရက်နေ့၊ ၂၀၁၁ မတ်လ ၃၁ ရက်နေ့ထုတ် New Light of Myanmar သတင်းစာ

[81] ကားချပ် (၂) ကို ကြည့်ပါ။ အမျိုးသားပညာရေး မဟာဗျူဟာ စီမံချက် အစောပိုင်း မူကြမ်းမှ ယူထားသည်။ ၂၀၁၅-၁၆ ခုနှစ်တွက် ဘတ်ဂျက်ခန့်မှန်းခြေကို ၂၀၁၅ ဧပြီလတွင် ကျင်းပသော ပါလီမန်က အတည်ပြုသည်။ ထူးသန့်၏ "ဦးသိန်းစိန် အစိုးရ၏ နောက်ဆုံးအတည်ပြုခဲ့သော ဘတ်ဂျက်" ကို ကြည့်ပါ။ မြန်မာတိုင်းမ်၊ ၂၀၁၅ ဧပြီ ၂ ရက်နေ့၊ http://www.mmtimes.com/index.php/national-news/13864-u-thein-sein-govt-s-last-budget-approved.html. တွင် ကြည့်နိုင်သည်။

[82] ကမ္ဘာဘဏ် (၂၀၁၅)၊ စာမျက်နှာ ၄၉

အရင်းအမြစ်၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံချက်၊ အကြမ်း ၃၊ ၂၀၁၅ ဒီဇင်ဘာလ၊ စာမျက်နှာ ၁၆၇၊ မှတ်စု၊ "PA" ဆိုသည်မှာ "အမှန်တကယ် ပမာဏ" ကို သုံးစွဲခြင်းဖြစ်ပြီး "BE"သည် "ဘတ်ဂျက် ခန့်မှန်းခြေ" ဖြစ်သည်။

ပညာရေးအတွက် နိုင်ငံရပ်ခြား ဖွံ့ဖြိုးရေးအထောက်အပံ့ (ODA) သည် တိုးတက်လာခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များနှင့် ၂၀၀၀ ပြည့်လွန်နှစ်များ အတွင်း ကန့်သတ်ပိတ်ဆို့မှုများ ခံစားခဲ့ရသည့်အတွက် စစ်အုပ်ချုပ်ရေးကာလတစ်လျှောက် မြန်မာနိုင်ငံသည် အထောက်အပံ့များကို နည်းပါးစွာ လက်ခံရရှိခဲ့သည်။[83] ၂၀၁၂ ခုနှစ် အစပိုင်းက အနောက်နိုင်ငံများ၏ ပိတ်ဆို့ အရေးယူမှု ရုပ်သိမ်းလိုက်ကတည်းက ODA သည် ၂၀၁၁ မတ်လမှ ၂၀၁၆ မေလအတွင်း အမေရိကန် ဒေါ်လာ ၆.၉၆ ဘီလီယံသို့ ထူးခြားစွာ တိုးတက်လာသည်။[84]

အလှူရှင်များက ယင်းအထဲမှ အမေရိကန်ဒေါ်လာ ၄၃၅.၇၅ သန်းကို ပညာရေးအတွက် ပေးအပ်ရန် ကတိပေးခဲ့ကြသည်။ အများစုမှာ ပညာရေး ဝန်ကြီးဌာနအတွက် ဖြစ်သည်။[85] ဤတွက်ချက်မှုများမှာ ခြားနားချက်များ ရှိနေပြီး ကမ္ဘာ့ဘဏ်သည် မကြာသေးမီက ပညာရေးအတွက် ODA နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပေးအပ်ရန် ကတိပေးထားကာ အမေရိကန် ဒေါ်လာသန်း ၄၀ ကို ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်တွင် ပေးအပ်ခဲ့သည်။[86] ယင်းကြောင့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်၏ ပညာရေး အသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။ အလှူရှင်များအနက် လှူဒါန်းရန် ကတိကဝတ် အများဆုံးပေးသူများမှာ ဩစတြေးလျ၊ ဂျပန်၊ ကမ္ဘာ့ဘဏ်၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်း နိုင်ငံတို့ ဖြစ်ကြသည်။

၂၀၁၁ ခုနှစ်ကတည်းက အစိုးရ ပညာရေးစနစ်အတွက် ပင်မအထောက်အကူသည် အလှူရှင်မျိုးစုံ ပညာရေးရန်ပုံငွေ (MDFF) ၏ ယူနီဆက်က စီမံခန့်ခွဲသော အရည်အချင်းပြည့် အခြေခံပညာရေးအစီအစဉ် (QBEP) ဖြစ်ပြီး ၂၀၁၁ မှ ၂၀၁၅ ခုနှစ်တိုင်အောင် လေးနှစ်စာအတွက် အသီးသီး ပါဝင်လှူဒါန်းထားသည့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၈၁ သန်းကို ရရှိထားသည်။ ၂၀၁၃ ခုနှစ်ကတည်းကစပြီး QBEP သည် ပြည့်စုံသော ငြိမ်းချမ်းရေးတည်ဆောက်မှု အစိတ်အပိုင်းတစ်ခုဖြစ်သည်။[87] ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ဩစတြေးလျတို့သည် လေးနှစ်သက်တမ်းစာချုပ် လက်မှတ်ရေးထိုးကြပြီး အစိုးရ၏ လက်ရှိပညာရေး အာမခံချက်နှင့် ထောက်ပံ့ကြေး အစီအစဉ် (အောက်တွင် ဆွေးနွေးထားသည်) ကို ဖွံ့ဖြိုးစေပြီး တိုးချဲ့နိုင်ရန် အမေရိကန်ဒေါ်လာ သန်းနှစ်ဆယ် အထောက်အပံ့နှင့် အမေရိကန်ဒေါ်လာ သန်းရှစ်ဆယ် ချေးငွေကို ပေးအပ်မည် ဖြစ်သည်။ ယခုရေးသားနေသည့် အချိန်တွင် ပညာရေးဘတ်ဂျက် အစီအစဉ်ကို မြန်မာအစိုးရကို ပေးအပ်သည်။

အစိုးရကို ပေးအပ်သော အခြားအဓိက ODA များမှာ ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ အခြေခံပညာ မူလတန်း သင်ရိုး ပြုပြင်ပြောင်းလဲရေးအတွက်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အထောက်အပံ့သည် အလယ်တန်းသင်ရိုး ပြုပြင်ပြောင်းလဲရေးအတွက်နှင့် UNESCO (ဩစတြေးလျ အထောက်အပံ့)နှင့် ဗြိတိသျှကောင်စီမှ အထောက်အပံ့သည် အကြို ကျောင်းဆရာလေ့ကျင့်ရေး သင်တန်းများအတွက်ဖြစ်သည်။ ထို့အပြင် ဆွစ် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (SDC) သည် အစိုးရအတွက် အထောက်အပံ့အချို့ကို ပေးအပ်ပြီး မြန်မာနိုင်ငံ၏ အရှေ့တောင်ဒေသမှ အစိုးရ မဟုတ်သော ကျောင်းများ ဆောက်လုပ်ရေးအတွက် ပေးအပ်သည်။

[83] ၁၉၉၀နှင့် ၂၀၀၇ ခုနှစ်များအကြား တစ်နှစ် လူတစ်ဦးချင်းစီအတွက် ODA သည် နှစ်စဉ် အမေရိကန် ၅ ဒေါ်လာထက် နည်းပါးသည်။ ၂၀၀၀-၂၀၀၉ အတွက် တစ်နှစ် ပျမ်းမျှသည် အမေရိကန် ဒေါ်လာ ၂၃၆ ဖြစ်ပြီး အာရှတိုက်တွင် အနည်းဆုံးဖြစ်သည်။ ၂၀၀၈ ခုနှစ် ဆိုင်ကလုံး နာဂစ် တိုက်ခိုက်ခံရမှုအတွက် လူသားချင်း စာနာထောက်ထားသော အထောက်အပံ့သည် အနည်းငယ်သာရှိခဲ့ပြီး ၂၀၁၀ ခုနှစ်အတွက် တစ်နှစ် လူတစ်ဦးချင်းစီအတွက် ODA သည် နှစ်စဉ် အမေရိကန် ဒေါ်လာ ၅.၆၀သို့ ပြန်လည်ကျဆင်းသွားသည်။ ဆာဟာ (၂၀၁၁) သို့ ကြည့်ပါ၊ စာမျက်နှာ ၆။

[84] ယခု ကားချပ်တွင် Mohinga ထံမှ ပြန်လည်ရရှိထားသော ကယ်ဆယ်မှု ကြွေးများဖြစ်သည့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက ထောက်ပံ့ထားသော အွန်လိုင်း သတင်းအချက်အလက်များနှင့် ဝင်လာမည့် အကူအညီများကို စုံစမ်းရန် ဖွံ့ဖြိုးရေး မိတ်ဖက်လုပ်ငန်းကော်မတီ တို့ပါဝင်သည်။ http://mohinga.info/en/. Aid data is also available from the Organization for Economic Cooperation and Development (OECD) at: https://public.tableau.com/views/OECDDACAidataglancebyrecipient_new/Recipients?:embed=y&:display_count=yes&:showTabs=y&:toolbar=no?&:showVizHome=no. ကို ကြည့်ရန်။ OECDနှင့် Mohinga အချက်အလက်များအကြား သိသာထင်ရှားသော အဆီအငေါ် မတည့်မှုများ ရှိကြသော်လည်း ကဏ္ဍအဆင့်ဆင့်နှင့် အချိန်ကွဲပြားမှု တို့ကြောင့် ရှင်းပြရန် ခက်ခဲသည်။ အချုပ်အားဖြင့် Mohinga သည် ပိုမို အသေးစိတ်ကျသော ပုံများကို ပေးပို့ခဲ့သည်။

[85] ဤကားချပ်သည် "ပညာရေး-သီးသန့်မဟုတ်သည့်အဆင့်"၊ "အခြေခံပညာရေး"၊ "အလယ်တန်းပညာရေး"နှင့် "အထက်တန်းလွန် ပညာရေး" စသော ကဏ္ဍ လေးခု အတွက် ပေါင်းစည်းထားသော ဆောင်ရွက်ချက်များကို Mohinga မှ ထောက်ပံ့သည်။ အမေရိကန် ဒေါ်လာ ၂၉၆.၈၆ သန်းကို ပညာရေးဝန်ကြီးဌာန လက်အောက်တွင်သာ စာရင်းပြုစုထားသော်လည်း အချို့အချက်အလက်များမှာ ယုံကြည်ရသော တိုင်းရင်းသား ပညာရေးအဖွဲ့များအတွက်ဟု အမည်တပ်ထားပြီး ပညာရေးဝန်ကြီးဌာနအတွက် ရှင်းလင်းပြတ်သားမှု မရှိချေ။

[86] ကမ္ဘာ့ဘဏ် (၂၀၀၅) စာမျက်နှာ ၄၇။

[87] ဤပါဝင်မှုတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ပညာရေးနှင့် ထောက်ခံအားပေးမှုအတွက် ဒတ်ချ်က ထောက်ပံ့သော အမေရိကန်ဒေါ်လာ ၅.၅ သန်း တန်ဖိုးရှိသည့် သုံးနှစ်ကာလ အစီအစဉ်ဖြစ်သည်။

## ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ သုံးသပ်ခြင်းနှင့် အမျိုးသား မဟာဗျူဟာ အစီအစဉ်

အလှူရှင်များသည် အစိုးရနှင့် ယင်းတို့၏ ဖွံ့ဖြိုးရေး အထောက်အပံ့ကိစ္စများကို ဆွေးနွေးရန် ကြိုးပမ်းကြပြီး ဘတ်ဂျက် အထောက်အပံ့၏ ရည်ရွယ်ချက်၊ ဦးစားပေးအနေအထားနှင့် ရန်ပုံငွေပေးအပ်နိုင်သော အခြေအနေတို့ကို ဖော်ထုတ်ရန် အစိုးရ ကဏ္ဍစုံစီမံကိန်း လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ခဲ့ကြသည်။[88] ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ သုံးသပ်ခြင်းနှင့်အတွက် တွေ့ဆုံညှိနှိုင်းခြင်းကို အနာဂတ် ပညာရေးအစီအစဉ် မဟာဗျူဟာ ညွှန်ကြားချက်ကို ချမှတ်ရန် ရည်ရွယ်ကာ ပထမဆုံးကျင်းပခဲ့ပြီး ပညာရေးဝန်ကြီးဌာနက ဦးဆောင်သော နိုင်ငံတကာ အထောက်အပံ့အဖွဲ့များ တက်ရောက်ကြသည်။[89] သုံးသပ်ခြင်းကို ၂၀၁၂ ဩဂုတ်လတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတကာနှင့် ပြည်တွင်း ကျွမ်းကျင်သူများ ပူးပေါင်းအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနမှ ၂၀၁၄ ဩဂုတ်လတွင် လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်နိုင်ခဲ့သည်။[90] ဤလုပ်ငန်းစဉ်တွင် တိုင်းရင်းသား ပညာရေးအဖွဲ့အစည်းများ ပါဝင်ပြီး ပညာရေးတွင် ပါဝင်ဆောင်ရွက်သူများက လုံလောက်သောတိုင်ပင်မှု မပြုခဲ့နိုင်ဟု ထင်ရသည်။

CESR က ပြုလုပ်ခဲ့သော အခြေခံသက်သေများသည် လျင်မြန်သော အောင်မြင်မှု အစီအစဉ်နှင့် ၂၀၁၆-၂၁ ခုနှစ် ကာလအတွက် အမျိုးသား ပညာရေး မဟာဗျူဟာစီမံချက် (NESP) တို့ကို ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပြီးဆုံးသော အစိုးရသက်တမ်းမှ ပညာရေးဝန်ကြီးက NESP မူဝါဒအတိုနှင့် အစီအစဉ် မူဘောင် စာရွက်စာတမ်းများကို အတည်ပြုပြီး ဖြန့်ဝေခဲ့ပြီး ဖွင့်ပွဲအတွက် လက်ရှိအစိုးရက စီမံချက်အကျယ်ကို အစိုးရသစ်၏ ရည်ရွယ်ချက်များအပေါ် မသေချာမှုများအတွက် ယခု စာရေးနေချိန်တွင် ပညာရေးဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းရေးအချို့နှင့် NLD ဦးစားပေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် NESPကို နားလည်စေခဲ့သည်။

## သုံးစွဲမှုတိုးမြှင့်ခြင်းနှင့် ပညာရေး ပြုပြင်ပြောင်းလဲမှု၏ အဓိကနေရာများ

ပညာရေးဝန်ကြီးဌာနအတွက် အရင်းအမြစ်အသစ်များ ရရှိရန် အဓိကနယ်ပယ် လေးခု ရှိသည်။ ယင်းတို့မှာ နေ့စား၊ စာချုပ်ကျောင်းဆရာများ စုဆောင်းမှု (နေ့စားလပေး ကျောင်းဆရာဟု ခေါ်သည်)၊ ကျောင်းဆောက်လုပ်ခြင်းနှင့် "အခမဲ့နှင့် မသင်မနေရ" ပညာရေးစနစ် ဆောင်ရွက်ခြင်း ဖြစ်သည်။ ထို့အပြင် လျင်မြန်သော အောင်မြင်မှု အစီအစဉ်ကို NESP လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၂၀၁၅-၁၆ ပညာသင်နှစ်တွင် အကောင်အထည် ဖော်ခဲ့သည်။ ပြုပြင်ပြောင်းလဲခြင်းနှင့် သုံးစွဲမှုအသစ်၏ အဓိကနယ်ပယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### *ဝန်ထမ်းနှင့် ကျောင်းဆရာ လစာ*

ပညာရေးဝန်ကြီးဌာန၏ အဓိက ကုန်ကျစရိတ်မှာ ထပ်တလဲလဲ သုံးစွဲမှုများ၊ များစွာသော ဝန်ထမ်းလစာများ[91] ဖြစ်ပြီး ၂၀၁၁ ခုနှစ်မှစပြီး အစိုးရက နှစ်စဉ် တိုးမြှင့်သုံးစွဲမှု စတင်ခဲ့သည်။[92] ၂၀၁၂ ခုနှစ်တွင် အစိုးရက လစာများတိုးပေးခဲ့ပြီး လစဉ် ထောက်ပံ့ကြေးကို အမြဲတမ်း ခန့်အပ်ထားသော မူလတန်းနှင့် အလယ်တန်း ကျောင်းဆရာများအပါအဝင် ဝန်ထမ်းအားလုံးသို့ မြန်မာကျပ်ငွေ ၃၀,၀၀၀ စီ ခံစားခွင့် ပေးအပ်ခဲ့သည်။[93] ထို့အပြင် ဝေးလံခေါင်ဖျားဒေသများနှင့် ပဋိပက္ခများဖြစ်ပွားနေသော ဒေသများရှိ ကျောင်းဆရာ ၁၆,၀၀၀ အတွက် "နေထိုင်ကြပ်တည်းမှုစရိတ်"ကို ခံစားခွင့်ပြုခဲ့ပြီး ယင်းတို့ကို လစာ နှစ်ဆ ပေးခဲ့သည်။[94] ကျေးလက်ဒေသများရှိ မူလတန်းကျောင်းဆရာများကို မြန်မာကျပ်ငွေ ၁၅၀,၀၀၀ ပေးအပ်ပြီး ယင်းတို့သည် မြို့နယ်ပညာရေးများရုံးသို့ သွားရောက်ထုတ်ယူကြရသည်။ ပညာရေးဝန်ကြီးဌာနသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းဆရာများကိုလည်း ကျောင်းသား ၂၀ ရှိလျှင် လစဉ် မြန်မာကျပ်ငွေ ၃၆,၀၀၀ ပေးအပ်ပြီး ကျောင်းသား လေးဆယ်ရှိတိုင်း နောက်ထပ် လစာ ပေးအပ်သည်။[95]

---

[88] အစိုးရနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များက ဆောင်ရွက်ခဲ့သော အဓိက စာရွက်စာတမ်းသည် အကျိုးသက်ရောက်မှုရှိသော ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပြီး ယင်းကို ဖွံ့ဖြိုးမှု မိတ်ဖက်များက အမျိုးသား စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ပေးအပ်သည်။ ထို့အပြင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် မြန်မာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အတည်ပြုခဲ့သည်။

[89] နောက်ဆုံးပညာရေး သုံးသပ်ချက်ကို ၁၉၅၁ ခုနှစ် မတိုင်မီနှင့် ၁၉၉၀-၉၂ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။ မြန်မာပညာရေး ဝန်ကြီးဌာန (၁၉၉၀)။

[90] CESR က ပညာရေးကဏ္ဍတွင် အဓိက ပါဝင်ရမည့်အရာအားလုံးကို ဆောင်ရွက်သည်။ ယင်းတို့မှာ ရှေးဦးကလေးသူငယ်ပညာရေး၊ အခြေခံပညာရေး၊ ကျောင်းဆရာ ပညာရေး၊ စက်မှုနှင့် သက်မွေးပညာလေ့ကျင့်ရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ ဖြစ်သည်။ ထိုအစီအစဉ်နှင့်အပြိုင် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် သမ္မတက အကြံပေးအဖွဲ့နှင့် အကြီးတန်း မြန်မာပညာရေး ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့တို့နှင့် မြန်မာနိုင်ငံပညာရေး တိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီကို တည်ထောင်သည်။ ယင်းအဖွဲ့များသည် အမျိုးသားပညာရေးဥပဒေအသစ်ကို သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် ပညာရေးကဏ္ဍ ဦးစားပေးအချက်များကို ဖော်ဆောင်ရပြီး ကဏ္ဍခွဲဥပဒေများနှင့်လည်း ချိတ်ဆက်ထားကြသည်။

[91] ထပ်တလဲလဲ သုံးစွဲမှုသည် ၂၀၁၁-၁၂ နှင့် ၂၀၁၅-၁၆ ပညာသင်နှစ်များတွင် မြန်မာကျပ်ငွေ ၂၇၄ ဘီလီယံမှ ၁.၁၃ ထရီလီယံအထိ တိုးတက်လာသည်။

[92] ကမ္ဘာ့ဘဏ် (၂၀၁၅)၊ စာမျက်နှာ ၅၀။

[93] ထိုစာ၊ အချို့ဒေသများရှိ မူလတန်းကျောင်းဆရာများအတွက် "ဆုကြေး"သည် လစာ၏ ၆၄ ရာခိုင်နှုန်းသို့ တိုးလာသည်။

[94] ထိုစာ

[95] ဥမ္မာတင်နှင့် စတန်နင် (၂၀၁၅)၊ စာမျက်နှာ ၂၂

### *နေ့စားလပေး ကျောင်းဆရာများ*

မကြာသေးမီနှစ်များက အစိုးရသည် မူလတန်းကျောင်းတစ်ကျောင်းလျှင် ကျောင်းဆရာ ၅ ဦး ထားရှိရေး အစီအစဉ် (ဥပမာ တစ်ဦးလျှင် ဂရိတ်တစ်ခုစီ သင်ကြားရေး) ကို မိတ်ဆက်လာသည်။[96] ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ ပညာရေးကောလိပ် ၂၂ ကျောင်းမှ သင်တန်းဆင်းများကို အဆောတလျှင် စုဆောင်းရန် လိုအပ်လာသည်။ ထို့အတွက် ၂၀၁၃ ခုနှစ်တွင် အစိုးရက "နေ့စားလပေးကျောင်းဆရာများ" အစီအစဉ်ကို ကျောင်းဆရာများ အမြောက်အမြား စုဆောင်းရန် စတင်ပြီး အများစုမှာ အခြားဘာသာရပ်များဖြင့် တက္ကသိုလ်ဘွဲ့ရများ ဖြစ်ကြကာ အချို့မှာ အထက်တန်းကျောင်းအောင်မြင်သူများ ဖြစ်ကြသည်။  ယင်းတို့ကို လစာ မြန်မာကျပ်ငွေ တစ်နေ့ ၂,၂၀၀ ပေးအပ်သည်။ ယင်းသို့ အခြားကျောင်းဆရာများနှင့် လစာမတူညီကြသော နေ့စားလပေးကျောင်းဆရာများသည် နိုင်ငံ့ဝန်ထမ်းများ မဟုတ်ကြသော်လည်း ဝန်ထမ်းကာလ သက်မှတ်ချက်တစ်ခုတွင် ဝန်ထမ်းဖြစ်လာနိုင်ပြီး တစ်နှစ် စာပေးစာယူ သင်တန်းတက်ရသည်။ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၃-၁၄ ပညာသင်နှစ်တွင် နေ့စားလပေး ကျောင်းဆရာ ၂၉,၀၀၀ ကို ငှားရမ်းခေါ်ယူခဲ့ရပြီး ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ၄၃,၀၀၀ ငှားရမ်းခဲ့ရသည်။[97]

နေ့စားလပေးကျောင်းဆရာ ၃၀,၀၀၀ တို့သည် ကျောင်းများတွင် အလုပ်ခွင် မဝင်မီ မြို့နယ်မှ ပေးသော တစ်လသင်တန်းကို တက်ကြရသော်လည်း ကျန်ရှိသူများ မည်သည့်သင်တန်းကို တက်ရောက်ကြရသည်မှာ မရှင်းလင်းပါ။ မည်သူမျှ နောက်ဆက်တွဲ သင်တန်းအထောက်အပံ့များ မတက်ရကြောင်း သိရသည်။[98] ထိုကျောင်းဆရာများကို ဝေးလံခေါင်ဖျား ဒေသများရှိ ကျောင်းများသို့ အဆင်မပြေစွာ တာဝန်ချထားသည့်အတွက် ကျောင်းဆရာအလုပ်ကို ဆန္ဒမရှိသောကြောင့် အတွေ့အကြုံနှင့် အရည်အချင်းများ တိုးတက်လာခြင်းမရှိပေ။[99] အချို့ ပဋိပက္ခဖြစ်ပွားရာ ဒေသများသည် နေ့စားလပေး ကျောင်းဆရာများစွာ ထူးခြားစွာ ရရှိကြသည်။

## ကျောင်းဆောက်လုပ်ခြင်းနှင့် တိုးတက်မှုများ

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၀-၁၁ နှင့် ၂၀၁၄-၁၅ ပညာသင်နှစ်များအတွင်း ကျောင်းသစ် ၇,၈၁၆ ကျောင်းနှင့် စာသင်ခန်းအသစ် ၁၁,၇၇၆ ခန်းကို တည်ဆောက်ပြီးနှင့် ၈,၉၄၅ ကျောင်းနှင့် စာသင်ခန်း ၁၃,၅၅၅ ခန်းတို့ကို ပြုပြင်မွမ်းမံခဲ့သည်။[100] အချို့ဧရိယာများတွင် ပြုပြင်မွမ်းမံခြင်းကြောင့် ပညာရေးဝန်ကြီးဌာန၏ "ကျောင်းခွဲ"နှင့် "တွဲဖက်ကျောင်း"များကို အဆင့်မြှင့်ပြီး ဝန်ကြီးဌာနမှ ပြည့်စုံစွာ အုပ်ချုပ်သော အနေအထားသို့ ရောက်ရှိစေခဲ့သည်။ EBEP များက ရပ်ရွာ အစုအဖွဲ့ပိုင်ကျောင်းများကို ကျောင်းဆောက်လုပ်ခြင်းနှင့် တိုးတက်မှုများ ပြုလုပ်ပေးစေရန် အကူအညီ တောင်းခံလာခဲ့ရာ ပညာရေးဝန်ကြီးဌာနအတွက် နည်းလမ်းမှာ ကျောင်းဆရာ ထောက်ပံ့ခြင်းနှင့် ကျောင်းကို အစိုးရအုပ်ချုပ်မှုအောက်တွင် ထားရန် စတင်ခဲ့သည်။

### *အခမဲ့နှင့် မသင်မနေရ မူလတန်းပညာရေး ပြုလုပ်ခြင်း*

၂၀၀၈ အခြေခံဥပဒေက မူလတန်းပညာရေးနှင့် ပတ်သက်ပြီး "**အခမဲ့နှင့် မသင်မနေရ**" ဟု  တိုက်တွန်းထားသည်။[101] အခြေခံဥပဒေ အသက်ဝင်ခြင်း မရှိသေးမီက ၂၀၀၉-၁၀ ပညာသင်နှစ်တွင် မိသားစုများသည် ကုန်ကျစရိတ်၏ ၆၃ ရာခိုင်နှုန်းကို ပညာရေးတွင် သုံးစွဲကြရပြီး[102] ကျောင်းအထောက်အပံ့၊ ဖတ်စာအုပ်နှင့် တူညီဝတ်စုံတို့အတွက် ကုန်ကျမှုနှင့် ကျောင်းမွမ်းမံပြင်ဆင်ရေးအတွက် ပေးအပ်ကြရသည့်အပြင် ကျောင်းဝင်ခွင့်နှင့် အခြားကုန်ကျစရိတ်များလည်း ရှိသည်။[103] ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က အခမဲ့နှင့် မသင်မနေရ ပညာရေးအတွက် အာမခံချက်ပေးခြင်းကို ထပ်လောင်းပြောကြားခဲ့သည်။[104] ယင်းကို ၂၀၁၄ အမျိုးသားပညာရေး ဥပဒေတွင် ပြဋ္ဌာန်းထားသည်။[105]

---

96 မူတ (၂၀၁၅)၊ စာမျက်နှာ ၂၀-၂၃

97 ကမ္ဘာ့ဘဏ် (၂၀၁၅)၊စာမျက်နှာ ၅၁

98 မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန (၂၀၁၆)၊စာမျက်နှာ ၂၃

99 မူတ (၂၀၁၅)၊ စာမျက်နှာ ၁၅၊ ၂၄

100 ဤ ကားချပ်သည် ၂၀၁၅ ဒီဇင်ဘာလက ဖြန့်ဝေခဲ့သော NESP ၏ မူကြမ်းမှ ရယူသည်။

101 ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ အခန်း ၁၊ ပုဒ်မ ၁၇(ဂ)။

102 ကမ္ဘာ့ဘဏ် (၂၀၁၅)။ စာမျက်နှာ ၄၈။

103 ထိုစာ။

104 သမ္မတ ဦးသိန်းစိန်၏ ပြည်ထောင်စုလွှတ်တော် အဖွင့်မိန့်ခွန်း၊ ၂၀၁၁ ခုနှစ် မတ်လ ၃၀ရက်နေ့၊ New Light of Myanmar သတင်းစာ၊ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့။

105 အမျိုးသား ပညာရေးဥပဒေ (၂၀၁၄)။ အခန်း ၅၊ ပုဒ်မ ၁၇။

ထို့ကြောင့် ၂၀၁၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် တူညီဝတ်စုံနှင့် ကျောင်းအတွက် အထောက်အပံ့များကို ပေးအပ်ခြင်းနှင့် ကျောင်းရှိ မိသားစုများ၏ ကလေးများအတွက် ကုန်ကျစရိတ် နည်းပါးစေရန် ထောက်ပံ့ကြေးပေးအပ်ပြီး အခမဲ့နှင့် မသင်မနေရ ပညာရေးစနစ်ကို တီထွင်ခဲ့သည်။ မူလတန်းကျောင်းသားများသည် မြန်မာကျပ်ငွေ ၅,၀၀၀ လစဉ်ရရှိပြီး စာသင်နှစ် တစ်နှစ်အတွက် ၁၀ လ ရရှိသည်။ အလယ်တန်းကျောင်းသားတစ်ဦးစီသည် လစဉ်  မြန်မာကျပ်ငွေ ၆,၀၀၀ ရရှိပြီး အထက်တန်းကျောင်းသား တစ်ဦးစီသည် လစဉ် မြန်မာကျပ်ငွေ ၈,၀၀၀ ရရှိသည်။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်သည် ၂၀၁၄-၁၅ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ ကျောင်းသားပေါင်း ၁၆,၀၀၀ ခန့်အတွက် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ကျောင်းသား ၁၀၀,၀၀၀ ကို ပေးအပ်ရန် ရည်ရွယ်သည်။[106] အစိုးရသည် ၂၀၁၃-၁၄ ပညာသင်နှစ်က သေးငယ်သော ပညာသင်ဆုအစီအစဉ်ကို စတင်ပြီး ကျောင်းသား ၄၁၄ ယောက် ရရှိခဲ့သည်။[107] ထို့အပြင် ၂၀၁၂-၁၃ ပညာသင်နှစ်ကတည်းက ပညာရေးဝန်ကြီးဌာနသည် မူလတန်းကျောင်းသားများကို ကျောင်းဖတ်စာအုပ်နှင့် ကျောင်းသုံး ဗလာစာအုပ်များ အခမဲ့ ပေးအပ်ခဲ့ပြီး စာရေးကိရိယာ ကုန်ကျငွေအတွက် မြန်မာကျပ်ငွေ ၁,၀၀၀ စီ ထောက်ပံ့သည်။

၂၀၁၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် အဖန်တလဲလဲ ကုန်ကျစရိတ်များ၊ လုပ်အားခမဟုတ်သော ကုန်ကျစရိတ်များနှင့် အကန့်အသတ်ရှိသော တူညီဝတ်စုံများအတွက် တစ်နှစ်လျှင် နှစ်ကြိမ် ကျောင်းများကို ထောက်ပံ့သည်။[108] ၂၀၁၂-၁၃ ပညာသင်နှစ်တွင် အစိုးရသည် ကျောင်းတစ်ကျောင်းချင်းစီအလိုက် အရွယ်အစားကိုမူတည်ပြီး အမေရိကန်ဒေါ်လာ ၂၅၀ မှ ၅၀၀ အထိ ခွဲဝေချထားသည်။[109] ၂၀၁၄ ခုနှစ်တွင် ဩစတြေးလျနှင့် ကမ္ဘာ့ဘဏ်တို့က ဖော်ပြပါ ကျောင်းသားပညာသင် ထောက်ပံ့ရေးအစီအစဉ်နှင့်အတူ ထောက်ပံ့ရေးအစီအစဉ်ကို စတင်သည်။ ထို့ကြောင့် ထောက်ပံ့ခြင်းများသည် ၂၀၁၄-၁၅ ပညာသင်နှစ်တွင် အမေရိကန်ဒေါ်လာ ၈၀၀ အထိ တိုးတက်လာသည်။ [110] အလယ်တန်းနှင့် အထက်တန်းကျောင်းများသည် ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ရရှိမှု ပမာဏ တူညီလာကြသည်။

## *အလျင်အမြန်အောင်မြင်ရေး အစီအစဉ် ၂၀၁၅-၁၆*

၂၀၁၅ စက်တင်ဘာလတွင် ထိုဆောင်ရွက်ချက်များ အောင်မြင်ပြီးမြောက်စေရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံချက် (၂၀၁၆-၂၁) မျှော်လင့်ချက်များ၏ မဟာဗျူဟာမြောက်အချို့ဆောင်ရွက်မှုများကို မိတ်ဆက်တင်ပြထားရာ အစိုးရက ပြုပြင်ပြောင်းလဲရေး ၁၂ ချက် သို့မဟုတ် "အလျင်အမြန် အောင်မြင်ရေးအစီအစဉ်" တိုးချဲ့ရန် ရည်ရွယ်ခြင်း၊ အရည်အသွေး တိုးတက်စေခြင်း၊ တရားမျှတမှု မရှိခြင်းကို ဖယ်ရှားခြင်းနှင့် အမျိုးသားပညာရေးစနစ် ခိုင်မာစေရန် ရည်ရွယ်ခဲ့သည်။[111]

သို့သော် ယင်းတီထွင်ဆောင်ရွက်ချက်များကို အောက်ပါ အချက်ခြောက်ချက်ဖြင့် နောက်ဆက်တွဲ ဆောင်ရွက်ရသည်။ ယင်းတို့မှာ (၁) စာသင်ခန်း ဆောက်လုပ်ခြင်းနှင့် ကျောင်းဆရာ လေ့ကျင့်ရေး အပါအဝင် မူလတန်းကျောင်းများတွင် သူငယ်တန်းအတွက် ပြင်ဆင်ခြင်း၊ (၂) ကမ္ဘာ့ဘဏ်က ထောက်ပံ့ပြီး အကျိုးရှိသော သင်ကြားခြင်း၏ အဟန့်အတားများကို အမျိုးသားအဆင့် လေ့လာခြင်း၊ (၃) ဂရိတ် ၅ နှင့် ဂရိတ် ၉ ကို ကျောင်းသားအကဲဖြတ်မှုစနစ်သစ် တည်ထောင်ခြင်း၊ (၄) UNESCO က ထောက်ပံ့သော မူလတန်းကြိုနှင့် အခြေခံပညာကျောင်းများတွင် အမျိုးသား ကျောင်းမြေပုံ လေ့လာခြင်း (၅) သီးသန့်စီမံချက်ကို ကျောင်း ၅,၀၀၀ အထိ ရောက်ရှိစေရန်နှင့် အခြေခံပညာကျောင်းများအတွက် အဆင့်အတန်းကို အခြေခံသော အရည်အသွေး အကဲဖြတ်မှု မူဘောင် တိုးတက်စေရန် စမ်းသပ်ခြင်းနှင့် တိုးတက်စေခြင်းနှင့် (၆) အကျိုးမရှိသော လူငယ်နှင့် လူရွယ်များနှင့် ပြင်ပကျောင်း ၅,၀၀၀ အတွက် ကာလတိုသင်တန်းများ ပေးအပ်ရန် စက်မှုနှင့် သက်မွေးပညာသင်တန်းများ အစီအစဉ်ကို မိတ်ဆက်ခြင်းတို့ ဖြစ်ပါသည်။

## ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများ

၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံ ပညာရေးဥပဒေကို နိုင်ငံတော် သမ္မတက လက်မှတ်ရေးထိုးသည်။ ယင်းဥပဒေသည် ပါလီမန်ပညာရေး တိုးတက်ရေးကော်မတီက ရေးဆွဲခြင်းဖြစ်သည်။ ထိုဥပဒေသည် ပညာရေး ပြုပြင်ပြောင်းလဲရေးမူဘောင် ရေးဆွဲရန် ရည်ရွယ်ပြီး ဗဟိုချုပ်ကိုင်မှု အကန့်အသတ် ရှိစေရန်၊ မိခင်ဘာသာစကားအခြေပြု သင်ကြားရေး မိတ်ဆက်ဆောင်ရွက်ရန်၊ သူငယ်တန်းမှ ဂရိတ် ၁၂ အထိ ပါဝင်သော အခြေခံပညာရေး တိုးချဲ့ရန်နှင့် မူလတန်းအဆင့်နှင့် ယင်းထက်ကျော်လွန်သော အတန်းများတွင် အခမဲ့ နှင့် မသင်မနေရ

[106] ကမ္ဘာ့ဘဏ် (၂၀၁၄)။ စာမျက်နှာ ၁၂။

[107] ကမ္ဘာ့ဘဏ် (၂၀၁၅)။ စာမျက်နှာ ၄၈။

[108] ကမ္ဘာ့ဘဏ် (၂၀၁၄)။ စာမျက်နှာ ၆။

[109] ထိုစာ။ စာမျက်နှာ ၁၆။

[110] ထိုစာ။ စာမျက်နှာ ၁၇။

[111] မြန်မာနိုင်ငံ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလုပ်ငန်းများ သုံးသပ်ချက်ဝက်ဘ်ဆိုက်၊ Myanmar Government announces major new initiatives in its Education Reform Program.  ကြည့်ပါ။

ပညာရေးစနစ် ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များ ပါဝင်သည်။

ထိုဥပဒေ၏ နောက်ဆက်တွဲ အကျိုးရလဒ်များမှာ ပုံမှန်ကျောင်းသားများနှင့် ကျောင်းဆရာသမဂ္ဂ ဆန္ဒပြမှုများ ၂၀၁၅ မတ်လတွင် ဖြစ်ပေါ်ပြီး ကျောင်းသားဆန္ဒပြသူ အစုအဝေးများကို ရဲများက အကြမ်းဖက် ဖြိုခွင်းပြီး ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။ ထိုလှုပ်ရှားသူများနှင့် အစိုးရတို့အကြား နောက်ဆက်တွဲ စေ့စပ်ဆွေးနွေးပွဲများကို ပြုလုပ်ရပြီး ၂၀၁၅ ဇွန်လတွင် အသေးစား ပြန်လည်သုံးသပ်ကာ ပြန်လည်ပြင်ဆင်ခဲ့ရသည်။ ယင်းသုံးသပ်ဆွေးနွေးချက်များသည် တိုင်းရင်းသားဒေသများရှိ ပညာရေးနှင့် ပတ်သက်ပြီး ပညာရေးစနစ် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ပြဋ္ဌာန်းချက်များ (ပုဒ်မ ၄ ဃ၊ တ)တို့ ပါဝင်သည်။ ယင်းတို့မှ အဆင့်မီသင်ရိုးကို အခြေခံသော ကိုယ်ပိုင်သင်ရိုး ဖွံ့ဖြိုးတိုးတက်စေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ခွင့်ပြုခြင်း (ပုဒ်မ ၃၉၊ က၊ ဆ)နှင့် အခြေခံပညာရေးတွင် စာသင်ခန်း ဘာသာစကားအဖြစ် မြန်မာဘာသာနှင့် အတူ တိုင်းရင်းသား ဘာသာစကားများ သုံးစွဲခွင့်ပြုရေး (ပုဒ်မ ၄၃၊ ခ) တို့ ဖြစ်ကြသည်။ ထိုဥပဒေသည် မူဝါဒဖွံ့ဖြိုးရေးနှင့် မဟာဗျူဟာစီမံချက် (ပုဒ်မ ၅၈၊ ခ)တွင် ကြီးမားသော လူထုပါဝင်ဆောင်ရွက်ရေးကို ကြံ့တွေ့ရပြီး အမျိုးသားဘတ်ဂျက်၏ ၂၀ ရာခိုင်နှုန်းကို ပညာရေးတွင် သုံးစွဲရန် ရည်မှန်းချက်ကို တည်ထောင်သည် (ပုဒ်မ ၆၂ က)။

အခြေခံပညာရေး ကဏ္ဍခွဲ ဥပဒေကြမ်းကို ၂၀၁၅ ဒီဇင်ဘာလတွင် အထက်လွှတ်တော်က အတည်ပြုသည်။ ယင်းသည် "ဒေသဆိုင်ရာ (တိုင်းရင်းသား) ဘာသာစကားများကို သင်ကြားပေးရန်ဖြစ်ပြီး အသိအမှတ်ပြုထားသော တိုင်းရင်းသားအုပ်စုများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် တန်ဖိုးထားရန်တို့ ဖြစ်ကာ သက်ဆိုင်ရာ ညီမျှမှု ကွဲပြားခြားနားမှုများကို နားလည်လက်ခံပြီး ငြိမ်းချမ်းရေးအတွက် အခြေခံဗဟုသုတရှိသော နိုင်ငံသားများကို တိုးတက်စေရန် ဖြစ်သည်။" [112]

ထို့အပြင် ၂၀၁၅ ခုနှစ် ဇွန်လတွင် ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များက "ပြည်ထောင်စု ဥပဒေနှင့်အညီ ကျယ်ပြန့်သော နေရာအသစ်များတွင် အခြေခံပညာကျောင်းများကို အုပ်ချုပ်ရန်"၊ ODA ကို တိုက်ရိုက် လက်ခံရရှိရန်နှင့် အမျိုးအစား များပြားသော အခွန်များကို တိုးမြှင့်ရန်အတွက် ထူးခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အခွင့်ရေးများနှင့်အညီ ပညာရေးတွင် ဗဟိုချုပ်ကိုင်မှု ကြီးမားစွာ လျှော့ချရန် ခွင့်ပြုခဲ့သည်။[113] သို့သော် ယင်းပြဋ္ဌာန်းချက်များသည် ပညာရေးဝန်ကြီးဌာနထက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို လုပ်ပိုင် ခွင့် ပိုပေးမထားချေ။ ထို့အပြင် ယင်းတို့က တိုက်ရိုက်အုပ်ချုပ်ရမည့် ကျောင်းအမျိုးအစားကိုလည်း ရှင်းလင်းစွာ ဖော်ပြမထားချေ။

---

[112] ဥပဒေကြမ်းကို ဥပဒေအဖြစ် အမှန်တကယ် ခွင့်ပြု၊ မပြု မသိရပါ။ သို့မဟုတ် အစိုးရသစ်က လုပ်ဆောင်မည်၊ မလုပ်ဆောင်မည် မသိရပါ။ ထူးသန့်၏ "Education bill bans 'bribes' for teachers," http://www.mmtimes.com/index.php/national-news/nay-pyi-taw/17959-education-bill-bans-bribes-for-teachers.html. မြန်မာတိုင်းမ် ၂၀၁၅ ဒီဇင်ဘာလ ၃ ရက်ထုတ် ကို ကြည့်ပါ။

[113] စာပိုဒ် (ဆ) တွင် "ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အခွင့်အရေးသည် ပြည်ထောင်စု ဥပဒေနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးများက အခြေခံပညာကျောင်းများ၏ အုပ်ချုပ်ရေး" ကို တည်ထောင်ရန်ကို "လူမှုကဏ္ဍ"နှင့် ပတ်သက်သော လက်ရှိအခန်းအောက်တွင် နောက်ဆက်တွဲ ၂ အတွင်း ထည့်သွင်းထားသည်။ စာပိုဒ် (ဗ) တွင် "နိုင်ငံရပ်ခြား ရန်ပုံငွေနှင့် အထောက်အပံ့ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အခွင့်အရေး" ကို "ဘဏ္ဍာရေးနှင့် စီမံကိန်း" ကို လက်ရှိအခန်းအောက်တွင် နောက်ဆက်တွဲ ၂ အတွင်း ထည့်သွင်းထားသည်။ စာပိုဒ် ၂၀ကို နောက်ဆက်တွဲ ၅ တွင် ထပ်ထည့်ထားပြီး "ပြည်ထောင်စု ဥပဒေနှင့်အညီ" ကဏ္ဍများစွာတွင် အခွန်ကောက်ခံရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ခွင့်ပြုထားသည်။

## အခန်း(၆)။ ။ ပညာရေးနှင့်ပတ်သက်သော ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု

ဤအခန်းသည် ပညာရေးတွင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုများ အရေးပါပုံနှင့် အစိုးရ၏ ဖွံ့ဖြိုးစ ကြိုးပမ်းအားထုတ်မှုများဖြင့် ကျောင်းတွင်းပညာရေးကဏ္ဍကို အကောင်အထည်ဖော်ခြင်းအား ဖော်ပြထားသည်။ ယင်းသည် သင်ယူမှုရလဒ်များ တိုးတက်စေရန်အတွက် မိခင်ဘာသာစကားအခြေပြု ပညာရေး၏ လက်တွေ့တိုးတက်မှုကဲ့သို့ပင် ပညာရေးမှတစ်ဆင့် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် တိုးတက်မှုများ ရရှိစေခြင်းအတွက်တို့ကြောင့် ယင်းသည် ပြုပြင်ပြောင်းလဲရေး မူဝါဒ၏ အဓိက နေရာဖြစ်နေသည်။ ယင်းရည်မှန်းချက်နှစ်ချက်သည် ကလေးများအတွက် သင်ယူမှုပတ်ဝန်းကျင် တိုးတက်လာစေရန်၊ နောက်ထပ် ပညာရေးနှင့် အလုပ်အကိုင်အတွက် ကြီးမားကျယ်ပြန့်လာစေရန်နှင့် များစွာသောတိုင်းရင်းသားများ နာကျည်းစွာခံစားခဲ့ရသည့် နစ်နာချက်များနှင့် ယဉ်ကျေးမှု ဆိုင်ရာ ကွဲပြားခြားနားမှုများကို ပညာရေးကဏ္ဍက ရောင်ပြန်ဟပ်စေရန် ဖြစ်သည်။

၂၀၀၈ အခြေခံဥပဒေက "တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့" ဖွံ့ဖြိုးမှုအတွက် ပြည်ထောင်စုမှ ကူညီထောက်ပံ့ရန် ကတိပြုထားပြီး[114] "ယင်းတို့၏ မြတ်နိုးသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို တိုးတက်စေရန်" နိုင်ငံသားတိုင်းတွင် အခွင့်အရေးရှိသည်ဟုလည်း ဖော်ပြထားသည်။[115] EBEP များသည် ဒေသတွင်း ဘာသာစကားများကို ရေရှည် စာပေသင်ကြားမှု အတွေ့အကြုံဖြင့် မြန်မာဖတ်စာအုပ်များနှင့် သင်ရိုးကို သုံးပြီး ဒေသဆိုင်ရာ ဘာသာစကားဖြင့် ရှင်းလင်းသင်ကြားကာ နိုင်ငံတော်၏ ပညာရေးကဏ္ဍကို များစွာ အထောက်အကူပြုခဲ့သည်။ ဤအခန်းသည် မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို ပုံစံမျိုးစုံဖြင့် ဖြည့်ဆည်းပေးသော မိခင်ဘာသာစကားအခြေပြု-EBEP ကျောင်းများနှင့် ရောမနေဘဲ ပညာရေးဝန်ကြီးဌာနကျောင်းများနှင့် အဓိက ပတ်သက်နေကြောင်း တွေ့ရှိရသည်။ ယင်းကို အခန်း ၇ နှင့် ၁၀ တွင် ဆွေးနွေးပါမည်။

### မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားမျိုးစုံ ပညာရေး

မြန်မာနှင့် အင်္ဂလိပ်စာတို့သည် စာပေသင်ကြားခြင်းနှင့် စာမေးပွဲဖြေဆိုခြင်းတို့တွင် အဓိကဘာသာစကားများ ဖြစ်ကြရာ မြန်မာဘာသာကို မွေးကတည်းက မပြောခဲ့သော သူများသည် ပညာရေးစနစ်တွင် ကြီးမားသော ဆိုးကျိုးများ ရရှိကြသည်။ ထို့အပြင် သင်ရိုးသည် ဗမာစကား အဓိက အဖြစ် ထင်ရှားပြီး[116] နိုင်ငံတော်၏ အခြားအစိတ်အပိုင်းများတွင် မတွေ့ကြုံရနိုင်သော ဗမာနှင့် ဗုဒ္ဓဘာသာ အယူအဆနှင့် အတွေ့အကြုံများကို အသုံးချကြရသည်။ ဘာသာရပ်များတွင် သင်ရိုးနှင့် အကဲဖြတ်မှုသည် ကျောင်းသားများအတွက် မြန်မာ သို့မဟုတ် အင်္ဂလိပ် ဝါကျ တည်ဆောက်ပုံများ မှတ်မိစေရန်နှင့် သင်ခန်းစာ အခန်းကုန်သည့်အခါများနှင့် နှစ်တိုင်း၏ အတန်းတင်စာမေးပွဲများတွင် ရွတ်ဆိုခြင်းနှင့် ချရေးခြင်းတို့ကို လုပ်ဆောင်ကြရသည်။ (အခန်း ၁၁ ကို ကြည့်ရန်)

၂၀၁၅ ခုနှစ်ကတည်းက ကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားရေး ဆောင်ရွက်ရန် ယာယီအခြေအနေများကို အဆင့်လိုက် ဖော်ပြခဲ့သည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းသားများသည် ရပ်ရွာအစုအဖွဲ့ကျောင်းများနှင့် အစိုးရက တည်ထောင်ထားသော အခြားကျောင်းများအပါအဝင် "ရောနှောကျောင်းများ" တွင် တိုင်းရင်းသားဘာသာ ပညာရေးကို ရရှိကြသည်။ အဆိုပါ ရပ်ရွာအစုအဖွဲ့ကျောင်းများတွင် ကျောင်းဆရာများကို ပညာရေးစနစ် အမျိုးမျိုးဖြင့် ရရှိသည်။ အစိုးရက တည်ထောင်ထားသော အခြားကျောင်းများတွင် ဆရာများကို ဒေသတွင်း တိုင်းရင်းသားဘာသာစကားများ သင်ကြားပေးရန် အထူးတာဝန်ပေးထားသည်။ ပြီးခဲ့သော အခန်းခွဲများတွင် ဆွေးနွေးခဲ့သည့်အတိုင်း ထို ကြိုးပမ်းအားထုတ်မှုသည် ယနေ့တိုင်အောင် အကန့်အသတ်ဖြင့် အောင်မြင်မှု ရရှိနေသည်။

မြန်မာနိုင်ငံတွင် သုံးစွဲလျက်ရှိသော ဘာသာစကားများမှာ ၁၁၁ မျိုး ရှိသည်ဟု ခန့်မှန်းရပြီး ပြောဆိုသူ ပြည်သူ ၂၃ သန်းခန့် ရှိသည်။ (မြေပုံ ၆ ကို ကြည့်ပါ)[117] စုစုပေါင်း ကျေးလက်ကျောင်းသားငယ် အားလုံး၏ ၃၀ ရာခိုင်နှုန်းသည် ကျောင်းမနေမီက မြန်မာစကားကို မကြားဖူးကြချေ။[118] တိုင်းရင်းသားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာများမှ ခန့်မှန်းခြေ ၇၀ ရာခိုင်နှုန်းသည် ဒေသဘာသာစကား သို့မဟုတ် ဒေသိယစကားကို မပြောတတ်ပေ။[119] EAO များ၏ အုပ်ချုပ်မှုအောက်တွင် မှုရင်းနေထိုင်ကြသော လူမှုအစုအဖွဲ့တို့၌ ကလေးများ၏ မြန်မာ ဘာသာ ကျွမ်းကျင်မှုသည် ထူးခြားစွာ နိမ့်ကျကြပြီး မြန်မာလူမှု ခေတ်ရေစီးကြောင်းမှ သီးသန့်ဖြစ်နေသည်။

---

[114] ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ။ အခန်း ၅၊ ပုဒ်မ ၂၂။

[115] ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ။ အခန်း ၈၊ ပုဒ်မ ၃၅၄။

[116] Salem-Gervais and Metro (၂၀၁၂)။ စာမျက်နှာ ၃၀၊ ၃၄-၅၃။

[117] M. P. Lewis ၏ ၁၆ ကြိမ်မြောက် တည်းဖြတ်သော Ethnologue: Languages of the world, (Dallas, Texas: SIL, ၂၀၀၉).

[118] UNICEF ၂၀၁၀၊ ပျိုးပင်တွင် ရွှတ်ဖတ်သည် (၂၀၁၄)၊ စာမျက်နှာ ၈။

[119] ထိုစာ။

ထိုကျောင်းသားများအတွက် လက်ရှိစနစ်က သင်ယူခြင်းအတွက် အဟန့်အတားဖြစ်စေပြီး ယင်းတို့၏ သက်မွေးဝမ်းကြောင်း အခွင့်အလမ်းများနှင့် ကိုယ်တိုင်ခံစားရမှုတို့ကို ဖြစ်စေသည်။ အကောင်းဆုံးမှာ အကြိမ်ကြိမ် အထပ်ထပ် မှတ်မိနေစေရန် လိုအပ်ပြီး ဖတ်စာစာအုပ်တွင် ပါဝင်သည်များကို ပြည့်စုံစွာနားလည်မှု တိုးတက်လာစေရန် ထိုကျောင်းသားများအတွက် ၎င်းတို့ဘာသာစကားကိုပြောနိုင်ပြီး ၎င်းတို့ ဘာသာစကားသို့ မြန်မာ သင်ရိုးညွှန်းတမ်းကို ဘာသာပြန်နိုင်သော ကျောင်းဆရာများ ရရှိသင့်သည်။ ဆိုးရွားသည်မှာ ပုံမှန်ပြဿနာများ မဟုတ်သော်လည်း ဆရာများသည် မြန်မာစကား လုံးဝနားမလည်သော ကျောင်းသားများကို မြန်မာပစ္စည်းများသုံးပြီး မြန်မာစကားဖြင့် သင်ကြားသည်။ UNICEF က တွေ့ဆုံမေးမြန်းထားသော MNED ကျောင်းဆရာတစ်ဦးက "မွန်စကားပြော ကလေးတွေဟာ အစိုးရကျောင်းတွေ တက်တဲ့အခါ အဲဒီလို အခက်အခဲတွေကို မကြာခဏ တွေ့ကြုံကြရတယ်။ ပြီးတော့ ပညာသင်ယူတာ နေးသွားပြီး စိတ်ပျက်သွားစေတတ်ပါတယ်။ နောက်ဆုံးတော့ ကျောင်းထွက်သွားစေတဲ့အထိ ဖြစ်စေပါတယ်" ဟု ပြောကြားသည်။[120]

ကျောင်းတက်ခြင်း၏ အစောပိုင်းနှစ်များတွင် ကျောင်းတွင် လုပ်ဆောင်မှု ကောင်းစေရန်အတွက် အခွင့်အလမ်းကောင်းရစေရန် လူနည်းစု ဘာသာစကားတစ်ခု ပြောဆိုသော ကျောင်းသားများအတွက် တွက်ခြေအကိုက်ဆုံးအဖြစ် မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို နိုင်ငံတကာက အသိအမှတ်ပြုကြသည်။[121] မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးသည် စာသင်ကြားရေး ဘာသာစကားအဖြစ် ကျောင်းသားများ၏ မိခင်ဘာသာကို သုံးစွဲခြင်းသာမက ဘာသာစကား များစွာသော ပတ်ဝန်းကျင်တွင် သိမြင်မှု တိုးတက်စေရန် သက်ဆိုင်ရာ အရင်းအမြစ်များကို ယဉ်ကျေးမှုအရ သုံးစွဲရသည်။[122]

UNESCO က ဖော်ပြခဲ့သည့်အတိုင်း မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးသည် မိခင်ဘာသာစကားဖြင့် ကျောင်းသားတို့၏ ပညာရေးကို ယေဘုယျအနေဖြင့် ချဉ်းကပ်မှု စတင်သည်။ အမျိုးသားဘာသာစကား သို့မဟုတ် လွှမ်းမိုးသော ဘာသာစကားကို (ဥပမာ မြန်မာ) ကလေးများကို ရှေးဦးစွာ ဒုတိယဘာသာစကားအဖြစ် ထိတွေ့စေသည်။ သို့သော် ယင်းသည် "တပည့်များသည် ယင်းဘာသာစကားနှင့် လုံလောက်သော ယဉ်ပါးမှုရှိသည့်တိုင် သင်ကြားမှု ကြားခံဘာသာအဖြစ်" ဖြစ်မလာပေ။[123] ယင်းချဉ်းကပ်မှုသည် ကလေးများကို ယင်းတို့၏ ပထမ ဘာသာစကားကို ဖွံ့ဖြိုးလာစေရန်သာ ဖြစ်နိုင်စေသည်။ ထို့ကြောင့် အခြားဘာသာရပ်များကို သင်ယူသကဲ့သို့ အခြားဘာသာစကားများကိုလည်း ပိုမိုလွယ်ကူစွာ သင်ယူလာနိုင်သည်။[124]

မြန်မာဘာသာတွင် ကျွမ်းကျင်မှုသည် အရေးကြီးပြီး လက်တွေ့ကျကာ ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုဖြစ်သကဲ့သို့ တိုင်းရင်းသားမိဘများကလည်း များစွာယုံကြည်ကြသည်။ သက်သေအဖြစ် စာသင်ခန်းအတွင်း အနည်းငယ်ရှုပ်ထွေးသော အနေအထားမှ စာသင်နှစ်များကို ကုန်ဆုံးစေရန် ကျောင်းသားများကို အတင်းတိုက်တွန်းစေခြင်းထက် ယင်းတို့အနေဖြင့် ဒုတိယဘာသာစကားအဖြစ် အကောင်းဆုံး သင်ယူနိုင်ကြသည်။ အသက် ငါးနှစ်မှ ခုနစ်နှစ်အကြား ကျောင်းသားများသည် သင်ခန်းစာကို ရှင်းလင်းသော ကြားခံတစ်ခုအဖြစ် နားလည်နိုင်စေရန် ဒုတိယဘာသာ စကားကို ကောင်းစွာသင်ယူနိုင်ကြကြောင်း သုတေသနများက အကြံပြုကြသည်။[125] ထို့ကြောင့်ပင် ပထမဘာသာစကားကို မသင်ယူသော ကလေးများသည် အထူးသဖြင့် အစောပိုင်းနှစ်များတွင် ကျောင်းစောစော ထွက်သွားဖွယ်ရှိသည်ကို တွေ့ရသည်။[126]

မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေး၏ အကျိုးကျေးဇူးမှာ မြန်မာဘာသာနှင့် ဆက်စပ်စဉ်းစားသည့် အနေအထားတွင် လေ့လာပြီးဖြစ်သည်။ ထိုင်းနိုင်ငံရှိ မြန်မာနယ်စပ်တစ်လျောက် ဒုက္ခသည်စခန်းများတွင် Save the Children က အစောပိုင်းဂရိတ်များရှိ ကလေးများ၏ စာဖတ်နိုင်စွမ်းရည်ကို အကဲဖြတ်ခြင်းအား ပြုလုပ်ရာတွင် မြန်မာဘာသာကို လေ့လာနေသော ကရင်နီကလေးငယ်များထက် မိခင်ဘာသာ စကားဖြင့် သင်ယူသော စကောကရင်ကလေးများ၏ ပိုမိုကောင်းမွန်သော ပညာရေးရလဒ်ကို အမြဲတွေ့ရသည်။[127] မကြာသေးမီက လေ့လာမှုတစ်ခုက "ကျောင်းမှာပြောသော စကားကို အိမ်မှာ ပြောသော ကလေးငယ်များသည် နားလည်မှုအဆင့် ပိုမိုကောင်းမွန်ကြောင်း တွေ့ရသည်"ဟု တွေ့ရှိထားသည်။[128] မြန်မာနိုင်ငံအခြေစိုက် ရှြိမ်း (Shalom) ဖောင်ဒေးရှင်း၏ အစောပိုင်းလေ့လာမှုတွင် တွေ့ရှိချက်မှာ ဝေးလံခေါင်ဖျားဒေသရှိ

---

[120] ဂျက်စီကာ အောမင် နှင့် ဦးသက်နိုင်။ "Working with Non-State Groups to Help All Children Get an Education," UNICEF မြန်မာ ဘလော့ဂ်။ ၂၀၁၅ ခုနှစ် ဧပြီ ၈ ရက်နေ့။ http://unicefmyanmar.blogspot.com/2015/04/working-with-non-state-groups-to-help.html. တွင် ကြည့်နိုင်သည်။

[121] ကမ္ဘာ့ဘဏ် (၂၀၀၅)။ စာမျက်နှာ ၂-၄။

[122] ဤချဉ်းကပ်မှုသည် ဘာတွန် (၂၀၁၃) ကို ကောင်းစွာ အကျဉ်းချုပ် ဆောင်ရွက်သည်။ စာမျက်နှာ ၁၀

[123] UNESCO (၂၀၀၃)၊ စာမျက်နှာ ၃၂

[124] နက်၊ et al၊ (၂၀၁၄)၊ စာမျက်နှာ ၁၊ ၂၀-၁၂၊ ၁၈၊ ၂၁၊ ၃၃၊ ၃၈၊ UNESCO (၂၀၀၃)၊စာမျက်နှာ ၁၅၊ မက္ကင်ဇီ n.d.)၊ စာမျက်နှာ ၁၊ ၃၊ ၆၊ ၈၁၀၀၊ ၁၇-၁၈

[125] မက္ကင်ဇီ n.d.)၊ စာမျက်နှာ ၉၊ ကွန်မင်းန်စ် ရွတ်ဆိုခြင်း (၁၉၇၉)

[126] မယ်ပိုထရာ (၁၉၉၈)၊ UNICEF နှင့် UNESCO (၂၀၁၅)၊ စာမျက်နှာ ၇၀-၇၆။

[127] Save the Children (၂၀၁၄)။ စာမျက်နှာ ၁-၃။

[128] ဒန့်ဒလွန် (၂၀၁၄)၊ စာမျက်နှာ ၁၀။

ကလေးများသည် မြန်မာဘာသာစကားနှင့် ထိတွေ့မှုရရှိရန် အခွင့်အရေးနည်းပါးကြကြောင်းနှင့် ဆရာ၏ပြောစကားကို နားမလည်နိုင်ဘဲ ဘာသာရပ်မျိုးစုံတွင် လွယ်ကူသော အတွေးအခေါ်ကိုပင် နားမလည်ကြောင်း တွေ့ရသည်။ [129] မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးသည် တိုင်းရင်းသားလူနည်းစုများ၏ ဘာသာစကားအခွင့်အလမ်းများကို နိုင်ငံတကာက အသိအမှတ်ပြုခြင်း ပါဝင်ပြီး[130] ယင်းတို့အနေဖြင့် ကျယ်ပြန့်သော လူမှုယဉ်ကျေးမှုဆိုင်ရာ ကောင်းကျိုးများ ရရှိစေသည်။[131]

## တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်း

ကလေးများ၏ ယဉ်ကျေးမှုပတ်ဝန်းကျင်နှင့် ပတ်သက်သင့်လျော်သော သင်ရိုးကို အသုံးချရန် ကျောင်းပညာရေးအတွက် လိုအပ်ချက်များကို ကမ္ဘာက အသိအမှတ်ပြုမှု တိုးတက်လာနေသည်။ ထို့ကြောင့် တိုင်းရင်းသား လူနည်းစု သမိုင်းများ၊ ယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် လက္ခဏာများ၏ အကောင်းမြင်တင်ပြချက်များ ရှိနေသည်။[132] မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် အကြိမ်ကြိမ်တွေ့နေရသည်မှာ လူ့အဖွဲ့အစည်းတစ်ခုတွင် လွှမ်းမိုးသော အုပ်စုတစ်ခု၏ တန်ဖိုးနှင့် အမြင်များကို ဆက်လက်မွေးဖွားနေသော ပညာရေးစနစ်သည် ပဋိပက္ခကို အထောက်အပံ့ပေးဖွယ်ရှိခြင်း[133] ဖြစ်သည်။ ထို့ကြောင့် ကလေးများပညာရေး၏ နောက်ဆုံးအဆင့်မှာပင် ၎င်းတို့က မြန်မာဘာသာစကားကို နားလည်ရန် အောင်မြင်စွာဖြတ်ကျော်နိုင်လျှင် ယင်းတို့၏ ကိုယ်ပိုင်ဘာသာစကားနှင့် သမိုင်းနှင့် အခြားပတ်သက်သော ဘာသာရပ်များကို လေ့လာနိုင်ရန် အရေးကြီးသည်။

MNED မူလတန်းဆရာတစ်ဦးက ပြောကြားခဲ့သည်မှာ "ကျွန်တော်တို့ မွန်တိုင်းရင်းသားတွေမှာ ကိုယ်ပိုင်ဘာသာစကားရှိပါတယ်။ ဘာသာစကားကိစ္စ ဆက်လုပ်နိုင်ဖို့ အစိုးရက ဒါကို မှတ်ပုံတင်ပေးပြီး အသိအမှတ်ပြုပေးစေချင်ပါတယ်။" ဤကိစ္စသည် ပြည်သူများ မိမိတို့ ဘာသာစကားကို ရေးသားနိုင်စေရန် တိုင်းရင်းသားစာ တတ်မြောက်ခြင်းနှင့် ပတ်သက်နေပြီး တိုင်းရင်းသားစာပေတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာမဟုတ်သော ဘာသာစကားများ တည်ရှိသော စာပေများကို တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ UNESCO ကို ဖော်ပြခဲ့သည်မှာ "ဘာသာစကားဆိုသည်မှာ ဆက်သွယ်ခြင်းနှင့် နားလည်ခြင်းအတွက် ကိရိယာတစ်ခုဖြစ်ကြောင်း၊ သို့သော် တစ်ဦးတစ်ယောက်နှင့် အုပ်စုနှစ်မျိုးစလုံးအတွက် ယဉ်ကျေးမှုလက္ခဏာနှင့် လုပ်ပိုင်ခွင့်ခွန်အားတို့၏ အခြေခံကျသော အမြင်လည်းဖြစ်ကြောင်း ဆိုပါသည်။ ဘာသာစကားအမျိုးမျိုးရှိသော လူ့အသိုင်းအဝိုင်းများက ပြည်သူများအတွက် ဘာသာစကားများနှင့် ပတ်သက်သည်မှာ ငြိမ်းချမ်းစွာ အတူနေထိုင်ခြင်း ဖြစ်သည်။"[134]

ဖားအံတွင် အခြေစိုက်သော ကရင်အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်များက ယင်းခံစားမှုကို ဖလှယ်ကြသည်။ ၎င်းတို့က ညည်းညူပြောဆိုရာတွင် "ညနေပိုင်း ဒါမှမဟုတ် အခါအားလျော်စွာ သင်ကြားတဲ့ ဘာသာရပ်ဆိုင်ရာသင်တန်းတွေဟာ ဘာသာစကား ထိန်းသိမ်းဖို့အတွက်ပဲဖြစ်ပြီး ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စာပေလေ့လာရေးနှင့် တည်ဆောက်ရေးကို ပြန်လည်အားတိုးစေဖို့ လိုအပ်ပါတယ်"ဟု ပြောခဲ့သည်။[135] ၂၀၁၅ ခုနှစ်က မြန်မာတိုင်းမ်တွင် ဖော်ပြထားသော ဆောင်းပါးတစ်ပုဒ်၌ ရှမ်း တွေ့ဆုံမေးမြန်းသူများက ရှမ်းစာပေနှင့် ဘာသာစကားကို လေ့လာခြင်းသာမက ရိုးရာသီချင်းများနှင့် ကဗျာများကို သင်ယူခြင်းကည်း အရေးကြီးကြောင်း ရှင်းပြကြသည်။ စင်စစ် ကျေးလက် ရှမ်းကလေးငယ်များအတွက် အလုပ်လုပ်ရင်း၊ ဟင်းရွက်ခူးရင်း လယ်သမားများ သီဆိုကြသော ဒေသတွင်း သီချင်းများသည် မြန်မာပြည် အလယ်ပိုင်းမှ ရိုးရာဓလေ့များထက် သို့မဟုတ် ရန်ကုန်တွင် ကျော်ကြားသော နေရာများအကြောင်း စာပိုဒ်များထက် သင်ယူမှုတွင် ပိုပြီး စိတ်ဝင်စားမှုကို ဖန်တီးပေးနိုင်သည်။[136]

လက်ရှိ ချဉ်းကပ်မှုများသည် ထူးခြားသော မြန်မာအမျိုးသားရေးအမြင်ကို ထင်ရှားစွာ ဘက်လိုက်သည်ဟု ခံစားရပေရာ နောက်ထပ် ပြုပြင်ပြောင်းလဲခြင်းသည် သမိုင်းနှင့် လူမှုဆိုင်ရာ သင်ကြားခြင်းတွင် လိုအပ်သေးသည်။ တစ်နည်းအားဖြင့် အချို့ တိုင်းရင်းသားအုပ်စုများက တိုးတက်စေခဲ့သော သင်ရိုးသည် ဒေသတွင်းတွင် ပိုမိုပတ်သက်ကောင်း ပတ်သက်နိုင်သော်လည်း ယဉ်ကျေးမှုနှင့် သမိုင်းကို နိုင်ငံရေးအရ

[129] စံနှင့် ထွန်းဇော် (၂၀၁၄)။

[130] UNESCO (၂၀၀၃)။ စာမျက်နှာ ၁၅

[131] ဘင်ဒါ၊ et al. (၂၀၀၅)၊ စာမျက်နှာ ၂-၃

[132] UNESCO (၂၀၀၃)။ စာမျက်နှာ ၁၅

[133] ဘက်ကလင်း၊ (၂၀၀၄)၊ စာမျက်နှာ ၉-၁၁

[134] UNESCO (၂၀၀၃)၊ စာမျက်နှာ ၁၆။

[135] အရပ်ဖက်လူ့အဖွဲ့အစည်း ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၂၀၁၃ ဇွန်လ။

[136] ငြိမ်းအိအိထွေးနှင့် မြတ်နိုးဦး၏ မြန်မာတိုင်းမ်မှ "Ethnic language struggles near China border," ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉၊ http://www.mmtimes.com/index.php/lifestyle/17707-ethnic-language-struggles-near-china-border.html. ကြည့်ပါ။

နားလည်ခြင်း (ယင်းသည်လည်း ဘက်လိုက်သည်) ကိုလည်း တိုးတက်စေသည်။[137] ကလေးဘဝပညာရေးတွင် ကမ္ဘာ့အမြင်ကို နက်နက်နဲနဲ အကျိုးသက်ရောက်မှုရှိစေရာ ကွဲပြားခြားနားမှု တိုးတက်စေခြင်းနှင့် တိုင်းရင်းသားများ ရန်ညှိုးထားခြင်းနှင့် လူမှုရေးကွဲပြားမှုကို သွေးထိုးပေးခြင်းအား ရှောင်ကြဉ်ရန် အရေးကြီးသည်။

## မြန်မာဘာသာနှင့် မိခင်ဘာသာတို့၏ မှန်ကန်သော နှိုင်းယှဉ်ချက်တွေ့ရှိမှု

ကြီးမားသော မိခင်ဘာသာစကား ပညာရေး၏ အရေးပါမှုကို နားလည်မှတ်သားရခြင်းတွင် တိုင်းရင်းသားကျောင်းသားများသည် မြန်မာဘာသာစကားတွင် ပြည့်စုံစွာ ကျွမ်းကျင်လာကြပြီး ယင်းတို့အလိုရှိသကဲ့သို့ နိုင်ငံတော်၏ အခြားအစိတ်အပိုင်းများကို လှည့်လည်သွားလာရန်နှင့် ပြည်ထောင်စုတစ်ဝန်း အလုပ်အကိုင်နှင့် ပညာရေး အခွင့်အလမ်းများ တူညီစွာရရှိစေရန် အရေးကြီးသည်။ မြန်မာဘာသာကို နိုင်ငံအနှံ့ အများသုံး ဘာသာစကားအဖြစ် ခိုင်မာစွာ တည်ရှိစေပြီးသည့်အပြင် တစ်ဦးချင်းအတွက် လူမှုရေးဆိုင်ရာ နိုးကြားချက် ရရှိသည်။ သို့သော် ယင်းသည် အသန့်ရှင်းဆုံးဟု ထင်ရသော နည်းလမ်းများနှင့် မပတ်သက်ပါ။ ပညာရေးဝန်ကြီးဌာန၏ အမြင်မှာ အများသုံး အမျိုးသား ဘာသာစကားဖြစ်သော မြန်မာဘာသာသည် "ယေဘုယျဆန်ပြီး တူညီသော နိုင်ငံသားဖြစ်မှု"[138] နှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန် အရေးပါသည်။ အထက်ပါအတိုင်း ထောက်ပြခဲ့သည်မှာ မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးက ယင်းရည်ရွယ်ချက်ကို အထောက်အပံ့ပြုပြီး မိခင်ဘာသာစကား ကြားခံထားသည့် အခြေခံသင်ယူမှု ကျွမ်းကျင်မှုများနှင့် ယုံကြည်ချက်တည်ဆောက်ရန် အခြားဘာသာစကား သင်ယူခြင်းကို စတင်ရန် ကလေးများကို ခိုင်မာသော အခြေခံပေးအပ်သည်။ သို့ဖြစ်ပေရာ ဘာသာစကားမျိုးစုံ ပညာရေးမူဘောင်သည် ဘာသာစကားတစ်ခုသည် သီးခြားအရေးပါသည့် နေရာတွင်ပင် ဘာသာစကားမျိုးစုံ ဆက်စပ်တွေးခေါ်မှုအတွက် အသင့်လျော်ဆုံးဖြစ်သည်။ ယင်းမူဘောင်သည် သင်ခန်းစာရှင်းလင်းသော ဘာသာစကားအဖြစ် မိခင်ဘာသာစကားကို "ကြာရှည်နိုင်သမျှ ကြာရှည်နိုင်စေရန်"[139] ထိန်းသိမ်းရေးအတွက် သေချာစွာရည်ရွယ်သော်လည်း "အခြေခံပညာကျောင်းများမှ တက္ကသိုလ်အဆင့်အထိ တစ်လျောက်တွင် ဗဟုသုတရှာမှီးတတ်မြောက်မှုအတွက် ဘာသာစကားနှစ်မျိုးအသုံးပြုခြင်းအတွေးအခေါ်ကို ကျောင်းသားများရရှိစေသည်။"[140] မိခင်ဘာသာစကားအသုံးပြုသင်ခန်းစာရှင်းလင်းခြင်းကို ထိန်းသိမ်းထားရန် ဖြစ်နိုင်သော ဂရိတ်အားလုံးသည် အရင်းအမြစ်အဆင့်အတန်း၊ ကျောင်းဆရာရရှိမှု၊ စာသင်ခန်းအတွင်း ကျောင်းသားများ အကြား များစွာသော မိခင်ဘာသာစကားများနှင့် အခြားအကြောင်းအရာများ ပါဝင်သည်။

မြန်မာစာ အခြေခံကောင်းသူ ပြည်သူများအတွက် လက်တွေ့အကျိုးအမြတ်နှင့် ကျောင်းတက်သည့်အရွယ် ကျော်လွန်သွားပြီးနောက် ကောင်းမွန်စွာ မပြောတတ်သည့် ဆိုးကျိုးများရှိသည်။ ကရင်ပြည်နယ်ရှိ မြို့နယ် သုံးခုတွင် ပြုလုပ်သော ၂၀၀၈ ခုနှစ် လေ့လာမှုတစ်ခုက မြန်မာစာ စွမ်းရည် မရှိခြင်းသည် အလုပ်ရှာဖွေရန် ခက်ခဲကြောင်းနှင့် တပ်မတော်သားများနှင့် ဆက်သွယ်ပြောဆိုနိုင်ခြင်း မရှိသူသည် ယင်းတို့ဘဝအတွက် စွန့်စားရမှုများ တွေ့နိုင်ကြောင်း ဆိုသည်။[141] ထို့အပြင် အစိုးရတာဝန်ရှိသူများနှင့် အပြန်အလှန်ဆက်ဆံမှုနှင့် အစိုးရရုံးများနှင့် ဆက်ဆံမှုများအတွက် ရှိရမည့် တစ်ဦးချင်းစွမ်းရည်သည် တိုင်းရင်းသားအများစုတွင် မရှိနိုင်သည့် မြန်မာဘာသာစကား ကျွမ်းကျင်မှုပေါ်တွင် တည်မှီနေသည်။ မွန်နှင့် ကရင် လေ့လာမှုများအရ တိုင်းရင်းသားမိဘများက ယင်းတို့၏ သားသမီးများကို ကိုယ်ပိုင်ဘာသာသင်ယူရန် တန်ဖိုးထားသော နေရာများမှာပင် မြန်မာစာကို သေချာစွာလေ့လာရန် လိုအပ်သောကြောင့် ယင်းတို့၏ ကျောင်းများတွင် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ရှိခြင်း၏ အကျိုးကျေးဇူးကို တွေ့ရသည်။

အခြေခံပြဿနာမှာ ဘာသာစကား များပြားစွာရှိကြသော နိုင်ငံများ ကမ္ဘာပေါ်တွင် များပြားစွာရှိကြသည်။ တစ်နည်းအားဖြင့် နားလည်နိုင်စေရန် သင်ကြားပေးခြင်းမရှိဘဲ ပညာရေးကို မိတ်ဆက်တင်ပြခြင်းမရှိလျှင် ကျောင်းသားများသည် ဆိုးကျိုးများ ကြီးမားစွာ တွေ့ကြုံရသည်။ သို့သော် လူနည်းစု တိုင်းရင်းသားများသည် သတ်မှတ်ထားသော အမျိုးသားဘာသာစကားကို မပြောဆိုတတ်လျှင် နောက်ထပ် ချန်လုပ်ခံရသည်။ လက်တွေ့တွင် ပညာရှင်အနေအထား တတ်မြောက်ခြင်း သို့မဟုတ် ဘာသာနှစ်မျိုးစလုံးတွင် အရေးကောင်းခြင်း နှစ်ခုကြားတွင် ညပ်နေလျှင် ပြဿနာဖြစ်နေတတ်သည်။

ပထမဆုံး လူနည်းစု တိုင်းရင်းသားများအတွက် သံသယမရှိဘဲ ညီမျှမှုနှင့် အခွင့်အရေး တူညီစွာရရှိခြင်းသည် ပိုမိုအကျုံးဝင်သော အစိုးရ မူဝါဒဖြစ်ရာ ယင်းကိစ္စများကို ဖြည့်ဆည်းပေးရန်လိုသည်။ ဥပမာအားဖြင့် အစိုးရသည် ဖြစ်နိုင်သည့်နေရာများတွင် ဘာသာစကားပေါင်းစုံ ပြောဆိုဆက်ဆံနိုင်စေရန် လုပ်ဆောင်ပေးသင့်ပြီး အစိုးရဝန်ထမ်းများသည် တာဝန်ထမ်းဆောင်ရာ ဒေသရှိ လူမှုအဖွဲ့အစည်းများကို အလုပ်အကျွေးပြုရန်

[137] ဆလင်မ် ဂါဗာအိစ်နှင့် မက်ထရီ (၂၀၁၂)။ စာမျက်နှာ ၅၉-၆၈

[138] နောက်ဆက်တွဲ (၁) ရှိ နေပြည်တော် အခြေခံမူများမှ အခြေခံမူ (၁) ကို ကြည့်ပါ။

[139] UNESCO (၂၀၀၃)။ စာမျက်နှာ ၃၁။

[140] UNESCO (၂၀၀၃)၊ စာမျက်နှာ ၃၂။

[141] စပီးယားစ်မီးယားစ် et al. (၂၀၁၄)က အထောက်အထားတင်ပြပြီး သုတေသန ခေါင်းဆောင်တစ်ဦးချင်းစီ၏ ဖော်ပြချက်များကို အခြေပြုထားသော လေ့လာမှုကို ဖော်ပြထားသည်။ စာမျက်နှာ ၂၆။ မူရင်း လေ့လာမှု မရှိပါ။

ဘာသာစကားများကို ကျွမ်းကျင်စွာ တတ်မြောက်ထားရမည်။ မန္တလေးတွင်ကျင်းပသော အမျိုးသား ဘာသာစကားမူဝါဒ ညီလာခံတွင် များစွာသော တိုင်းရင်းသား ဆွေးနွေးသူများက ထူးခြားသော အကြောင်းအရာများအဖြစ် ယခုပြဿနာကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖြည့်ဆည်းရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒေသဆိုင်ရာ တရားဝင်ဘာသာစကားများ ရှိရန်လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့ကြသည်။[142]

မည်သို့ဖြစ်စေ လက်ရှိ တိုင်းရင်းသားပြည်သူ မျိုးဆက်များ အနည်းဆုံးကြုံတွေ့နေရသော အမှန်တရားသည် နိုင်ငံတစ်ဝန်း အကျိုးသက်ရောက်မှုရှိသော ဆက်ဆံပြောဆိုမှု ပြုနိုင်ရန်နှင့် တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ဖွံ့ဖြိုးဆဲ ဘာသာစကားမူဝါဒ ဖြစ်နေကြောင်းကို သိနားလည်ရန် လိုအပ်သည်။ ကမ္ဘာတစ်ဝန်း လေ့လာမှုများသည် ပညာရေးတွင် မြန်မာစာနှင့် အခြားဘာသာစကားတို့၏ တိကျသည့် ချိန်ခွင်ညှာဖြစ်သော မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေး၏ အခြေခံအရေးပါမှုသည် နိုင်ငံရေးကဏ္ဍတွင် ကြီးမားစွာ လွှမ်းမိုးခံရလျက် ကျန်ရစ်နေမည်ဖြစ်ကြောင်း ပြဆိုခဲ့သည်။ ထိုနည်းတူစွာ ချိန်ခွင်ညှာသည် စနစ်များနှင့် နိုင်ငံ၏ အထူးထူးသော ဒေသများအကြား ကွဲပြားခြားနားစေနိုင်သည့် သဘာဝ ရှိနိုင်ဖွယ်ရှိသည်။

## မိခင်ဘာသာစကား အခြေပြု ဘာသာစကားမျိုးစုံ ပညာရေးနှင့် ပတ်သက်သော အားနည်းချက်များ

မကြာသေးမီနှစ်များက အစိုးရသည် ပညာရေးဝန်ကြီးဌာန ကျောင်းများတွင် MTB-MLE ကို မိတ်ဆက်ရာ၌ အကန့်အသတ်ရှိသော တိုးတက်မှုအချို့ပြုလုပ်ခဲ့ပြီး MTB-MLEအတွက် လိုအပ်ချက်ကိုဝန်ကြီးဌာနတွင်အသိအမှတ်ပြုမှုရရှိစေရန် ဖော်ပြခဲ့သည်။[143]ယင်းအသိအမှတ်ပြုခြင်းသည် အချက် ကိုးချက်ပါ အမျိုးသားဘာသာစကား မူဝါဒကို ထင်ဟပ်နေပြီး မဲလ်ဘုန်းတက္ကသိုလ်နှင့် UNICEF တို့က ထောက်ပံ့ပြီး ၂၀၁၂ တွင် စတင်သော ပညာရေးဝန်ကြီးဌာန အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၆ ဖေဖော်ဝါရီလတွင် မန္တလေးတက္ကသိုလ်တွင် ကျင်းပသော ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံ တည်ရှိမှုဆိုင်ရာ ဘာသာစကားမူဝါဒ နိုင်ငံတကာညီလာခံတွင် ပညာရေးဝန်ကြီးဌာနက အဆိုပါမူဝါဒကို မိတ်ဆက်တင်ပြခဲ့သည်။ (နောင်တွင် မန္တလေး ညီလာခံဟု ညွှန်းဆိုမည်။) လုပ်ငန်းစဉ်ကို မူကြမ်းပြုသော ဤမူဝါဒတွင် ပညာရေးဝန်ကြီးဌာန၊ နည်းစနစ်ကျွမ်းကျင်သူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုနှင့် စာပေအဖွဲ့များ၊ EAO ပညာရေးဌာနများနှင့် အခြားတိုင်းရင်းသားပညာရေး လုပ်ဆောင်သူများ ၂၈ ဖွဲ့အကြား ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲအချို့ ပါဝင်သည်။

နိုင်ငံတကာညီလာခံကို ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ပေးပြီး ပညာရေးဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ EBEP များ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ သင်ကြားရေးတက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့် အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆောင်ရွက်သူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များသည် ယင်းဆောင်ရွက်သူများ၏ သုတေသနအသစ်ပြုလုပ်သည့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးကို ဦးတည်ပြီး အဆိုပါကဏ္ဍတွင် ယင်းတို့၏ အတွေ့အကြုံနှင့် လှုပ်ရှားမှုကို ဖော်ပြထားသည်။

အမျိုးသားဘာသာစကား မူဝါဒ၏ ပထမဆုံး အခြေခံမူမှာ "စည်းလုံးညီညွတ်ခြင်း-အများအတွက်နှင့် ညီမျှသော နိုင်ငံသားဖြစ်မှုအတွက် မြန်မာဘာသာစကားနှင့် စာပေသင်ယူရန် အားလုံးကို ထောက်ပံ့ခြင်းအားဖြင့်" ဖြစ်သည်။ ဒုတိယ အခြေခံမူမှာ "မတူကွဲပြားခြားနားခြင်း- တိုင်းရင်းသား ရပ်ရွာအစုအဖွဲ့များကို ယင်းတို့၏ ကလေးများအတွက် ယင်းတို့၏ ဘာသာစကားများကို ထိန်းသိမ်း၊ သင်ယူပြီး လွှဲပြောင်းပေးရန်အတွက် ထောက်ပံ့ခြင်းအားဖြင့်" ဖြစ်သည်။ ရည်ညွှန်းချက်သည် "မိခင်ဘာသာစကားများ" အတိုင်း ဆောင်ရွက်ပါသည်။[144] မြန်မာနိုင်ငံတွင် ကလေးများအား ပညာသင်ကြားပေးခြင်းကို ပညာရေးဝန်ကြီးဌာနက ဆက်လက်ဦးစားပေး လုပ်ဆောင်ခြင်းကို ဖော်ပြထားသော်လည်း အခြားဘာသာရပ်များအတွက်လည်း ပညာရေးဆောင်ရွက်ရန် ကတိပေးချက်များ ထားရှိကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် ယင်း၏ ကျောင်းများအတွက် တိုင်းရင်းသားဘာသာစကားများကို ခွင့်ပြုရန် ကြိုးပမ်းမှုအချို့ ပြုလုပ်သည်။ သို့သော် ယင်းကြိုးပမ်းမှုကို ရန်ပုံငွေမရှိခြင်းနှင့် အစိုးရထံမှ အုပ်ချုပ်မှု အထောက်အပံ့ မရရှိခြင်းတို့က အတားအဆီး ဖြစ်နေသည်။ ထို့အပြင် တိုင်းရင်းသားဘာသာစကားများကို မသင်မနေရ ဘာသာရပ်များ မဟုတ်ကြသေးဘဲ ကျောင်းစာသင်ချိန်ပြင်ပရောက်မှ သင်ကြားလေ့ရှိကြသည်။ အမျိုးသားပညာရေး ဥပဒေ၏ ၂၀၀၅ ခုနှစ် ပြင်ဆင်ချက်တစ်ခုက "လိုအပ်ချက်တစ်ခုရှိလျှင် တိုင်းရင်းသားဘာသာစကားတစ်ခုကို အခြေခံပညာရေးအဆင့်တွင် မြန်မာဘာသာစကားနှင့်အတူ သင်ကြားရေး ဘာသာစကားအဖြစ် သုံးစွဲနိုင်သည်။"[145] အချို့နေရာများတွင် အနည်းဆုံး နဂိုအနေအထားအတိုင်း အသိအမှတ်ပြုထားသည်။ ယခု လေ့လာမှုကို ကျောင်းတစ်ကျောင်းတွင် ပြုလုပ်ရာ ဥပမာအနေဖြင့် အစိုးရကျောင်းဆရာများက ပြောကြားရာတွင် ၎င်းတို့သည် စာသင်ခန်းအတွင်း မွန်ဘာသာစကားကို နှစ်ကာလကြာရှည်စွာ အသုံးပြုခဲ့ပြီး ထိုသို့ ဆောင်ရွက်နိုင်ရန်

[142] ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံ တည်ရှိမှုဆိုင်ရာ ဘာသာစကားမူဝါဒ နိုင်ငံတကာညီလာခံမှ မှတ်စုများ၊ မန္တလေးတက္ကသိုလ်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ

[143] ဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ဆွေးနွေးရာတွင် ပညာရေးဝန်ကြီးဌာန၏ မန္တလေးညီလာခံတွင် အသိအမှတ်ပြုမှုကို ဖော်ပြခဲ့ပြီး ပညာရေးတွင် ဘာသာစကားကိစ္စရပ်များနှင့် ပတ်သက်ပြီးဝန်ကြီးဌာန ဝန်ထမ်းများက ပြုလုပ်သော လေ့လာမှုများတွင် ပါဝင်မှုများကိုလည်း ဖော်ပြခဲ့သည်။

[144] တရားဝင် အင်္ဂလိပ်ဘာသာဖြင့် အချက် ကိုးချက်ကို နောက်ဆက်တွဲ (၁) တွင် ကြည့်ပါ။

[145] အမျိုးသား ပညာရေးဥပဒေ (၂၀၁၅)၊ ပုဒ်မ ၄၃ (ခ)။

ခွင့်ပြုချက်လည်း ရရှိထားသည်။[146] မည်သို့ပင်ဖြစ်စေကာမူ တိုင်းရင်းသား ကျောင်းသားကျောင်းသူများအဖို့ စာသင်ခန်းအတွင်း မိမိကိုယ်ကို ယုံကြည်မှုနည်းစေသော ဘာသာစကားများကို ပြောဆိုသည့် ကျောင်းဆရာများရှိသော ကျောင်းအချို့တွင် ဥပဒေအတွင်း ပြောင်းလဲမှုက ကူညီဖွယ်ရှိသည်။

သို့သော် တိုင်းရင်းသားများ၏ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျောင်းဆရာများသည် ဒေသစကား သို့မဟုတ် ဒေသိယစကားများကို မပြောတတ်ကြသောကြောင့် ဥပဒေကို ကျော်လွန်ပြီး နက်နက်ရှိုင်းရှိုင်း ပြောင်းလဲမှုသည် တိုင်းရင်းသား ဘာသာစကား ကျွမ်းကျင်မှု မရှိသော ကျောင်းဆရာများကို ဖြစ်စေသည်။[147] ယင်းသည် ပညာရေးဝန်ကြီးဌာန၏ သင်တန်းကျောင်းများတွင် တက်ရောက်ရန်အတွက် လိုအပ်ချက်တစ်ခုဖြစ်သော တက္ကသိုလ်ဘွဲ့ရ တိုင်းရင်းသားများ လူမှုအဖွဲ့အစည်းများတွင် နည်းပါးနေသည့် အကြောင်းအချက် တစ်ခုဖြစ်သည်။ ယင်းလိုအပ်ချက်များကို နေ့စားလပေး ကျောင်းဆရာများအတွက် လျှော့ပေါ့ပေးသော်လည်း အများစုမှာ ဒေသစကားများကို ပြောတတ်ခြင်း မရှိသေးကြောင်း တွေ့ရသည်။ အခန်း (၉) တွင် ဆွေးနွေးထားသကဲ့သို့ ကရင် အပစ်အခတ်ရပ်စဲရေး ဒေသတွင် တာဝန်ထမ်းဆောင်သော နေ့စားလပေး ကျောင်းဆရာများသည် စာသင်ခန်းအတွင်း အဓိကဘာသာစကားကို အားကိုးစေခြင်း ဖြစ်ပေါ်စေသော ဒေသတွင်း စကားကို မပြောနိုင်ခြင်း ရှိနေကြသည်။ ထို့အပြင် သင်ခန်းစာ ရှင်းလင်းပြသော ကြားခံဘာသာစကားအဖြစ် အခြား ဘာသာစကားကို အသုံးပြုသော မြန်မာစကားပြောမဟုတ်သည့် ကျောင်းသားများကို သင်ရိုးမှတစ်ဆင့် လမ်းညွှန်သင်ကြားရာတွင် ဆရာများ အကူအညီ ရရှိစေရန်အတွက် သင်ထောက်ကူပစ္စည်း ဖွံ့ဖြိုးစေမှု သို့မဟုတ် သင်တန်းပေးမှုအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်လာခြင်း မရှိပေ။ စင်စစ် "လိုအပ်လျှင်" "မြန်မာဘာသာစကားနှင့် အတူ" တိုင်းရင်းသားဘာသာစကားကို သုံးသင့်ကြောင်းနှင့် သင်ကြားရေးကို များစွာအထောက်အကူဖြစ်စေသော မည်သည့်ဘာသာစကားကိုမဆို ဆရာများအနေဖြင့် သုံးစွဲသင့်ကြောင်း ဥပဒေက ဖော်ပြထားသည်။

၂၀၁၅ အမျိုးသားပညာရေး ဥပဒေက ဘာသာရပ်အဖြစ် တိုင်းရင်းသားဘာသာစကားများကို သင်ကြားရန် ခွင့်ပြုထားသည်။ ၂၀၁၃ သို့မဟုတ် ၂၀၁၄ ခုနှစ်တွင် အချို့က ပညာရေးဝန်ကြီးဌာန ကျောင်းများတွင် ကျောင်းချိန်ပြင်ပ၌ ထိုသို့ သင်ကြားမှု အမှန်တကယ် စတင်သော်လည်း ဥပဒေက စာသင်ချိန်အတွင်း အချိန်ပေးသင်ကြားစေရန် ခွင့်ပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအား ယင်းဆောင်ရွက်မှုအတွက် ဆရာများကို သီးသန့်ရန်ပုံငွေ ချထားပေးရန် ခွင့်ပြုခဲ့သည်။ ဥပဒေက "တိုင်းရင်းသားဘာသာစကားများနှင့် စာပေ သင်ကြားခြင်းကို မူလတန်းတွင် စတင်ပြီး (အထက်တန်းအဆင့်အထိ) တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများက တိုးချဲ့ဆောင်ရွက်နိုင်သည်"ဟု ဖော်ပြထားသည်။ ယင်းသည် ဒေသအစိုးရများက တက္ကသိုလ်အဆင့်တွင် အဆိုပါ စာသင်ခန်းများ ဖွံ့ဖြိုးစေသင့်သည်ဟု အထောက်အပံ့ပေးခြင်းဖြစ်သည်။

ထို့ကြောင့် မွန်၊ ကရင်၊ ရှမ်း၊ ကချင်၊ ပဲခူးနှင့် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် တစ်နိုင်ငံလုံးရှိ ရာနှင့်ချီသော ကျောင်းဆရာများကို နှီးဆော်သည့်အနေဖြင့် ဒေသတွင်း ဘာသာစကားများကို သင်ကြားစေရန်အတွက် ဆရာလေ့ကျင့်ရေး အစီအစဉ်များနှင့် ဖတ်စာအုပ် တိုးတက်ဖွံ့ဖြိုးရေးကို စတင်ခဲ့ကြသည်။ ယင်းအစီအစဉ်သည် အလွန်ကောင်းပါ၏။ ဥပမာအနေဖြင့် ကချင်ပြည်နယ်တွင် ကချင်ပြည်နယ် ပညာရေးဌာနသည် ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ဒေသဘာသာစကားများ၏ အခြေခံ စာပေပညာသင်ကြားရေးကို တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူ ၃၅ ရာခိုင်နှုန်းက ခံယူရရှိကြသည်။[148] ယင်းသည် ကျောင်းစာသင်ချိန် ပြင်ပ ဖြစ်သော်လည်း ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ကျောင်းစာသင်ချိန် အတွင်း စာသင်ခန်းတွင်သင်ကြားရန် အစီအစဉ် စတင်နေသည်။ ကချင်ပြည်နယ်တွင် တစ်နည်းအားဖြင့် ပြည်နယ်ရှိ တိုင်းရင်းသား ကျောင်းသား ၁.၇၈ ရာခိုင်နှုန်းသည် ကျောင်းချိန်ပြင်ပတွင် ၂၀၁၅-၁၆ ပညာသင်နှစ်အတွင်း တိုင်းရင်းသားဘာသာစကား ပညာရေးကို ရရှိခဲ့ကြသည်။ ကချင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးသည် ပြည်နယ်အစိုးရ၏ ရန်ပုံငွေနှင့် ကတိကဝတ်များပေးရန် ပျက်ကွက်ခြင်းအပေါ်တွင် အပြစ်တင်ခဲ့သည်။ ယင်းသည် တပ်မတော်နှင့် KIO တို့အကြား ပဋိပက္ခများကို ရည်ညွှန်းဖွယ်ရှိသော "လုံခြုံရေးကိစ္စ"ဖြင့် အာရုံပြောင်းစေကြောင်း ထောက်ပြခဲ့သည်။[149]

၂၀၁၆ ခုနှစ် အစောပိုင်းတွင် ပညာရေးဝန်ကြီးဌာန ကျောင်းများသည် ကျောင်းချိန်အတွင်း တိုင်းရင်းသားဘာသာစကား စတင်သင်ကြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် မွန်ပြည်နယ် ပေါ်ထွက်လာသည်။ အကြောင်းမှာ ၂၀၁၄ ခုနှစ်တွင် မွန်ပညာရေး ဥပဒေကို ပါလီမန်က ခွင့်ပြုခဲ့သော ဒေသအစိုးရထံမှ ခိုင်မာသော ကတိကဝတ် ရထားသောကြောင့် ဖြစ်သည်။ သို့သော် ထိုအချိန်ကတည်းက ကချင်ပြည်နယ်ရှိ ပညာရေးဌာနများနှင့် အခြား ပြည်နယ်တိုင်းဒေသကြီးများသည် ကျောင်းများကို ထိုသို့ဆောင်ရွက်ရန် အနည်းဆုံး *ခွင့်ပြုပြီး* ဖြစ်သည်။

[146] မူလတန်းလွန် ရေနှောကျောင်းအုပ်စု ဆွေးနွေးပွဲ (၂၀၁၅ခုနှစ် နိုဝင်ဘာလ)။

[147] ပျိုးပင် (၂၀၁၄) တွင် ကျင်းပသော UNICEF (၂၀၁၀)၊ စာမျက်နှာ ၈။

[148] ယင်းကျောင်းသားအများစုကို "ကရင်ကျောင်းသားများ" ဟု သတ်မှတ်ပြီး (ကရင်အတွက် မြန်မာစကားလုံးမှ ဖလှယ်ခြင်း)နှင့် စကောကရင် ဘာသာကို လေ့လာသော ကျောင်းသားများအရေအတွက်တွင် ထပ်ပေါင်း မထည့်ပါ။

[149] မန္တလေး ညီလာခံတွင် ကရင်နှင့် ကချင် ပြည်နယ် ပညာရေးဌာနများ၏ ကိုယ်စားလှယ်များက သီးခြားစီ တင်သွင်းသော တင်ပြချက်များ။ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဥပဒေများသည် ကျောင်းချိန်အတွင်း တိုင်းရင်းသားဘာသာစကား သင်ကြားရေးကို စတင်ရန် မလိုအပ်သေးဟု ထင်ရသော်လည်း ယင်းတို့သည် အလေ့အကျင့်ကို ခိုင်မာစေရန် ကူညီဖွယ်ရှိသည်။

ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများသည် လေ့ကျင့်မှုမျိုးစုံကို ရရှိကြပြီး ဒေသတွင်း တိုင်းရင်းသားဘာသာစကား၏ စာပေများနှင့် မလုံလောက်သော ဝန်ထမ်းကျောင်းဆရာများကို ဖြည့်စွက်ရန်အတွက် ဝန်ထမ်းမဟုတ်သော ကျောင်းဆရာများကိုလည်း စုဆောင်းကြရသည်။ ပြည်နယ်အများစုတွင် ထိုကျောင်းဆရာများကို သင်ကြားရေး အချိန်များအတွက် တစ်လလျှင် မြန်မာကျပ်ငွေ ၃၀,၀၀၀ ပေးအပ်ပြီး ယင်းသည် ပြောင်းလဲနိုင်ကြောင်းနှင့် ကရင်ပြည်နယ်တွင် တစ်နာရီလျှင် မြန်မာကျပ်ငွေ ၅၀၀ နှုန်းဖြင့် ဝန်ထမ်းမဟုတ်သော ကျောင်းဆရာများကို ပေးအပ်သည်။ ကရင်နှင့် ကချင်ပြည်နယ် ပညာရေးဌာနများသည် အဓိက စိန်ခေါ်မှုအဖြစ် အရည်အချင်းပြည့် ကျောင်းဆရာများ မရရှိကြကြောင်း ပြောကြသည်။ ကရင် တာဝန်ရှိသူများက ထိုဆရာများကို လေ့ကျင့်ပေးရန် ပြည်နယ်အဆင့် တိုင်းရင်းသား ပညာရေးကောလိပ်တစ်ခု လိုအပ်ကြောင်း ပြောသည်။[150] ကရင်ပြည်နယ်ရှိ ကျောင်းတစ်ကျောင်းတွင် MNED ကျောင်းဆရာတစ်ဦးသည် အစိုးရလစာနှင့် တိုင်းရင်းသားဘာသာ သင်ကြားရေးအတွက် အထောက်အပံ့ကို ရရှိသည်။[151] အခန်း (၁၂)တွင် ဆွေးနွေးထားသည့်အတိုင်း EBEP များအတွက် အစိုးရ တရားဝင်ရန်ပုံငွေထက် ပိုမိုခွဲဝေချထားမှုမှာ သာဓကတစ်ခု ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းမှုများက အဓိပ္ပာယ်အနည်းငယ်သာရှိသော တိုင်းရင်းသားဘာသာစကား ဖတ်စာအုပ်များမှာ လက်ရှိ မြန်မာဖတ်စာအုပ်များမှ စကားလုံး တစ်လုံးခြင်း ဘာသာပြန်ထားခြင်း ဖြစ်သောကြောင့် အစိုးရ၏ လိုအပ်ချက်တစ်ခုမှာ တိုင်းရင်းသားဘာသာစကား သင်ရိုးကို ဖျက်ဆီးနေသကဲ့သို့ ဖြစ်နေသည်။ ဥပမာအနေဖြင့် မွန်ကျောင်းဆရာများသည် ပညာရေးဝန်ကြီးဌာန ဖတ်စာအုပ်များက မွန် ဘာသာစကားသို့ သဒ္ဒါအနေဖြင့် တိုက်ရိုက်ပုံစံပြုခြင်းကို မကျေနပ်ချက်အဖြစ် တင်ပြကြသည်။ အကြောင်းမှာ မွန်ဘာသာတွင် ထားရှိသကဲ့သို့ ပြုလုပ်ခံရသူ ကံပုဒ်အရှေ့ထက် ဝါကျအဆုံးတွင် ကြိယာစကားစုကို ထားခြင်းကြောင့် ဖြစ်သည်။[152] ကျေးလက်ဒေသများတွင် ပုံနှိပ်ရေးနှင့် ဖြန့်ချိရေး အရင်းအမြစ်များ မရှိသောကြောင့် အလွန်ဈေးကြီးသည့်အတွက် တိုးတက်မှုများကို ဟန့်တားခြင်း ခံရသည်။[153]

အားပေးလုပ်ဆောင်မှုများဖြင့် UNICEF နှင့် မဲလ်ဘုန်းတက္ကသိုလ် အမျိုးသားဘာသာစကား မူဝါဒကော်မတီတို့မှတစ်ဆင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် စတင်သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက မွန်ပြည်နယ်တွင် ပညာရေးဝန်ကြီးဌာနကျောင်းများကို ပထမဆုံးအကြိမ် တင်ပြသော မွန် ဘာသာစကား သင်ရိုးတိုးတက်စေရန် အားလုံးပါဝင်သော လုပ်ငန်းစဉ်ကို ဆောင်ရွက်သည့် လှုပ်ရှားမှုကို မွန်ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဝန်ထမ်းကျောင်းဆရာများနှင့် အခြားသူများပါဝင်သော ကျောင်းဆရာ ၄၀၀ တို့သည် သင်ရိုးသစ်ကို သင်ကြားပေးရန် သင်တန်းများ တက်ကြရသည်။ သင်တန်းဆရာများကို အစိုးရ၊ မွန်ပြည်နယ် ပညာရေးဌာန၊ မွန် စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် မော်လမြိုင် ပညာရေးကောလိပ်တို့က စေလွှတ်သည်။[154]

ပညာရေးဝန်ကြီးဌာနနှင့် EBEP က ထောက်ပံ့သော ကျောင်းဆရာများအတွက် ကျောင်းဆရာ လေ့ကျင့်ရေးအချို့ကို ကရင်ပြည်နယ်တွင် ဖွင့်လှစ်သည်။ သို့သော် ကရင်ပြည်နယ်တွင် ကျောင်းဆရာ အသိုက်အဝန်း၏ ပြောဆိုချက်အရ ယခင်က ထိုသို့ လေ့ကျင့်ရေးပေးခြင်းကဲ့သို့ အသိအမှတ်ပြုခြင်း မခံရကြောင်း၊ ထို့ကြောင့် နောက်ထပ်သင်တန်းများတွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများကို ဆုပေးလိုက်သည့်အတွက် ပညာရေးဝန်ကြီးဌာနနှင့် UNICEF က ခွဲခြားဆက်ဆံသည်ဟု အထင်ခံရစေသည်။[155]

NESP က ဆောင်ရွက်လျှင် "တိုင်းရင်းသား ဘာသာစကားများ ပါဝင်သော ဒေသသင်ရိုးကို ဖွံ့ဖြိုးစေခြင်း၊ ဘာသာစကားများ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံ၊ အမွေအနှစ်နှင့် တိုင်းရင်းသား အားလုံး၏ ရိုးရာများ ထောက်ပံ့ဦးထိပ်ထားခြင်းကို ကျယ်ပြန့်သော သင်ရိုး ပြုပြင်ပြောင်းလဲရေးတွင် သီးသန့်ပါဝင်မှုတစ်ခုကို အကောင်အထည် ဖော်မည်ဖြစ်သည်။။"[156] ထို့ကြောင့် ယင်းအစီအစဉ်သည် "[ပညာရေးဝန်ကြီးဌာန၏ ပညာရေးသုတေသနဌာန]မှ သင်ရိုးကျွမ်းကျင်သူများက အထောက်အပံ့ပြုသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒေသသင်ရိုး တိုးတက်

[150] မန္တလေးညီလာခံတွင် ကရင်နှင့် ကချင်ပြည်နယ် ပညာရေးဌာနများမှ ကိုယ်စားလှယ်များ၏ တင်ပြချက်များ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)

[151] ပညာရေးဝန်ကြီးဌာနနှင့် MNED ရောနှောကျောင်းများတွင် အုပ်စု ဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[152] ပညာရေးဝန်ကြီးဌာနနှင့် MNED ရောနှောကျောင်းများတွင် အုပ်စု ဆွေးနွေးပွဲ (၂၀၁၅ခုနှစ် နိုဝင်ဘာလ)။ ပုံစံတူ တင်ပြချက်များကို ကချင်၊ ပိုးကရင်နှင့် စကောကရင် လူမျိုး ပါဝင်တက်ရောက်သူများက မန္တလေးညီလာခံတွင် အခြားသူများနှင့်အတူ ဆွေးနွေးတင်ပြခဲ့သည်။ လင်ကိုဗာ (၂၀၁၅)။ စာမျက်နှာ ၂၂ ကြည့်ပါ။

[153] မန္တလေးညီလာခံတွင် ကချင်ပညာရေးဌာန ကိုယ်စားလှယ်က ပြောပြသော အခက်အခဲများ။ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)

[154] ပိုင်ပိုင်နွန်၏ မွန်သတင်းဌာနမှ "မွန်ဘာသာ ဆရာဖြစ်သင်တန်းကို ကျောင်းဆရာ ၄၀၀ တက်ရောက်" ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်။ https://monnews.org/2016/01/28/6220/. ကို ကြည့်ပါ။

[155] ကချင် EBEP အထောက်အပံ့ခံ ရပ်ရွာအစုအဖွဲ့ကျောင်းဆရာများနှင့် အုပ်စုဆွေးနွေးပွဲ။ မြစ်ကြီးနား၊ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)

[156] မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၆)။ စာမျက်နှာ ၃၂

စေရန် ဆောင်ရွက်သူများအတွက် စွမ်းရည်ဖွံ့ဖြိုးရေး'ဖြင့် ဖြည့်ဆည်းပေးသည်။[157] ယင်းအစီအစဉ်သည် ရှေးဦးကလေးသင်ယူခြင်းကို ထူးခြားစွာ လုပ်ဆောင်ရန် ယဉ်ကျေးမှုနှင့်ဆိုင်သော သက်ဆိုင်ရာ သင်ရိုးမာတိကာအတွက် လိုအပ်ချက်များကိုလည်း အလေးထားသည်။ JICA အဆိုအရ ပညာရေးဝန်ကြီးဌာန သင်ရိုး ဖွံ့ဖြိုးရေးအစီအစဉ်သည် အမျိုးသားအဆင့်တွင် ၈၅ ရာခိုင်နှုန်း အောင်မြင်ပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ၁၅ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။[158] NESP ၏ အစောပိုင်း မူကြမ်းက ဒေသတွင်းသင်ရိုးကို မူလတန်းပညာရေးအတွက် တစ်နစ်လျှင် နာရီ ၁၂၀ နှင့် အထက်တန်းအတွက် ၁၀၈ နာရီ ခွင့်ပြုကြောင်း ဖော်ပြထားသည်။[159]

နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် EBEP များ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကော်မတီများနှင့် အခြား ယဉ်ကျေးမှုအဖွဲ့များသည် ယင်းတို့၏ ဘာသာစကားတွင် အရေးစနစ်နှင့် ဖတ်စာများကို ဖွံ့ဖြိုးတိုးတက်စေရန် မကြာသေးမီနှစ်များက ကြိုးပမ်း အားထုတ်မှုများကို ကြီးမားစွာ ဆောင်ရွက်ခဲ့သည်။[160] အမျိုးသားစာပေမူဝါဒ တိုးတက်ရေးနှင့် အစိုးရ၏ အခြားအားထုတ်မှုများအဖြစ် အကန့်အသတ်ရှိသောနေရာကိုသင်ရိုးတိုးတက်စေရန်ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက်ယင်းဆောင်ရွက်သူများအတွက် နေရာပေးပြီးဖြစ်သည်။ သို့သော် အနည်းဆုံး ပြည်နယ်နှင့် တိုင်းဒေသကြီး ခြောက်ခုတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ထို အလုပ်များကို ယခုတိုင် တက်ကြွစွာဆောင်ရွက်ခြင်း မရှိကြောင်း သို့မဟုတ် တိုင်းရင်းသားပညာရေး တိုးတက်စေရန် အင်တိုက်အားတိုက် ဆောင်ရွက်မှု လိုအပ်နေကြောင်း အဆိုပါ ဆောင်ရွက်သူများက တိုင်တန်းကြသည်။[161] တိုင်းဒေသကြီး သုံးခုတွင် တိုင်းရင်းသားပညာရေး ဆောင်ရွက်သူများက UNICEF သည် ကြီးမားစွာ အားထုတ်ကြိုးပမ်းသောကြောင့် အနည်းငယ်သော ညှိနှိုင်းဆွေးနွေးမှုများသာ လုပ်ခဲ့သည်ဟု ခံစားကြရပြီး အစိုးရသစ်သည် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လိမ့်မည်ဟု မျှော်လင့်ကြသည်။[162]

## တွေ့ကြုံရမည့် စိန်ခေါ်မှုအတွက် မူဘောင်ရေးဆွဲခြင်း

NLD အစိုးရအုပ်ချုပ်စဉ်အတွင်းမြန်မာနိုင်ငံတွင် MTB-MLE အခန်းကဏ္ဍသည်တိုးတက်ရန်အခွင့်အလမ်းများစွာရှိသည်။ ပညာရေးစနစ်ဖွံ့ဖြိုးရန် NLD၏ ၂၀၁၅ ရွေးကောက်ပွဲ မူဝါဒကြေညာစာတမ်းသည် ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ရန် တစ်စိတ်တစ်ပိုင်း အဖြစ် တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထောက်ပံ့တိုးတက်စေသည်။ ထိုသို့ စတင်လုပ်ဆောင်ရာတွင်-

> *ဖက်ဒရယ် ပြည်ထောင်စု၏ မူဝါဒနှင့်အညီ ကျွန်ုပ်တို့သည် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများကို အထောက်အပံ့ ဖြစ်စေပြီး တိုးတက်စေရန် ပညာရေးစနစ်တစ်ခုကို တိုးတက်စေမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည်-*
>
> - *ကွဲပြားသော ဘာသာစကားများကို ပြောဆိုကြသော ကျောင်းသားများအား မိခင်ဘာသာစကား ပြောကြားနိုင်ရန် သင်ကြားပေးနိုင် သောကျောင်းဆရာများကမူလတန်းအရွယ်တိုင်းရင်းသားကလေးငယ်များကိုသင်ကြားပေးစေရန်ကြိုးပမ်းဆောင်ရွက်သွားမည်။*
> - *မူလတန်းပညာရေးတွင် မိခင်ဘာသာစကား သုံးစွဲမှု ဆောင်ရွက်နိုင်စေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများအဆင့် အစီအစဉ်ကို ထောက်ပံ့သွားမည်။*[163]

ဤကတိကို ကြည့်ခြင်းအားဖြင့် သင်ကြားမှုနှင့် သက်ဆိုင်သော ကြီးမားသည့် အကျိုးအမြတ်များကို ထောက်ပံ့မည်ဖြစ်ကာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အဓိကသော့ချက် ဖြစ်လိမ့်မည်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာမှ ကြီးမားသော နစ်နာချက်များကိုလည်း ကုစားမည် ဖြစ်သည်။ သို့သော် အောင်မြင်မှုအတွက် အရေးကြီးသော နိုင်ငံရေးလိုလားမှု စိတ်ဓာတ်၊ အချိန် ရင်းနှီးမြှုပ်နှံမှုနှင့် ရန်ပုံငွေများ လိုအပ်သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလက အထက်လွှတ်တော်တွင် ပြောကြားရာ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသိမ်းကြီးက ပညာရေး

[157] မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၆)။ စာမျက်နှာ ၃၃

[158] JICA အခြေခံပညာရေး အကြံပေးနှင့် ဆွေးနွေးခြင်း၊ မန္တလေး၊ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)။ မှတ်သားစရာမှာ JICA သည် ဒေသတွင်း သက်ဆိုင်ရာ မာတိကာ များကို ပေါင်းစပ်ရန်အတွက် နည်းစနစ်များပါဝင်သော ပြည်ထောင်စုအဆင့် သင်ရိုးသစ် တိုးတက်စေရန် အစိုးရကို ထောက်ပံ့လျက်ရှိသော်လည်း ဒေသတွင်း သင်ရိုးများ တိုးတက်စေရန် အလုပ်မလုပ်နေချေ။

[159] ယင်း သတင်းအချက်အလက်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဖြန့်ဝေသော NESP ၏ မဖြန့်ချိသည့် မူကြမ်းမှ ရယူသည်။

[160] ယင်း ကြိုးပမ်းအားထုတ်မှုကို ဧရာဝတီ၊ စစ်ကိုင်း၊ ရှမ်း၊ မွန်၊ ကရင်၊ ကချင်၊ ချင်းနှင့် ရခိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်ရွက်ခဲ့ပြီး အခြား နေရာ အနှံ့အပြားတွင်လည်း ဆောင်ရွက်ဖွယ်ရှိသည်။

[161] မြန်မာနှင့် ထိုင်း တွေ့ဆုံဆွေးနွေးပွဲ၊ (၂၀၁၅ခုနှစ်၊ စက်တင်ဘာလ-ဒီဇင်ဘာလ)၊ မန္တလေးညီလာခံ မှတ်စုများမှ၊ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)။

[162] တိုင်းရင်းသား ပညာရေး ဆောင်ရွက်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှ မှတ်စုများ၊ (၂၀၁၅ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ ဖေဖော်ဝါရီလ) နှင့် မန္တလေးညီလာခံ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)မှ ဆွေးနွေးတင်ပြချက် ငါးခု။

[163] NLD မူဝါဒ ကြေညာစာတမ်း (စာမျက်နှာ ၁၅)

ဝန်ကြီးဌာနသည် "မြန်မာစာဦးစီးဌာန"ကို "မြန်မာတိုင်းရင်းသားဘာသာစကား ဦးစီးဌာန"အဖြစ် အမည်ပြောင်းလဲလိုက်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆-၁၇ ပညာသင်နှစ်တွင် တိုင်းရင်းသား ဘာသာစကား ဆရာ ၁၈,၃၀၀ ၏ လစာများအတွက် မြန်မာကျပ်ငွေ ၅.၅ ဘီလီယံကို ပြင်ဆင်ပြီးပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၈၇ မြို့နယ်မှ ဂရိတ် ၁၊ ၂ နှင့် ၃ ကျောင်းသား ၅၄၀,၂၈၉ အတွက် တိုင်းရင်းသားဘာသာ ၅၄ မျိုး၏ သင်ကြားမှုပစ္စည်းများ တိုးတက်ဖြန့်ဝေရန် အစီအမံများ ရှိကြောင်းလည်း ပြောဆိုခဲ့သည်။ သို့သော် မန္တလေးမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုပြုချက်တင်သွင်းရာတွင် တိုင်းရင်းသားဘာသာစကား လေ့လာရေးကို အရင်းအနှီး ပိုမိုစိုက်ထုတ်သင့်ကြောင်းနှင့် တိုင်းရင်းသား လူနည်းစုများအကြား စာပေတိုးတက်စေရန် သီးခြားအစီအစဉ်အား ထောက်ပံ့ရန်ကို လွှတ်တော်က ကန့်ကွက်သည်။ ပြည်ထောင်စုဝန်ကြီးက ယင်းဒေသများအတွင်း ပညာရေးတိုးတက်စေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှု အခြေအနေပေါ်တွင် တည်မှီနေကြောင်း ပြောကြားခဲ့သည်။[164]

နိုင်ငံတစ်ဝန်းလုံးတွင် MTB-MLE အကောင်အထည်ဖော်ရန် မည်သည့်ကျောင်းတွင် မည်သည့်ဘာသာစကား၊ မည်သည့်အရေးစနစ်ကို သင်ကြားသင့်ကြောင်း ဆုံးဖြတ်ရာတွင် ကြီးမားကျယ်ပြန့်သော ရှုပ်ထွေးမှု ရှိနေသည်။ များစွာသော ဘာသာစကားတို့သည် ဂရပ်မျဉ်းများနှင့် အဆင့်အတန်းများဖြင့် ဖော်ပြရန် ကောင်းစွာ မဖွံ့ဖြိုးသေးကြောင်း[165] နှင့် မခန့်မှန်းနိုင်သော နည်းလမ်းများဖြင့် မြန်မာစာနှင့် အင်္ဂလိပ်စာကဲ့သို့ အခြားဘာသာစကားများသည်လည်း ပေါင်းစည်းလာနိုင်သည်။ နေရာအနှံ့ရောက်ရှိမှုနှင့် နည်းစနစ်အင်အားတို့ကြောင့် အချို့တိုင်းရင်းသား ဘာသာစကားများတွင် ကွဲပြားမှုရှိသော စာပေမျိုးစုံရှိပြီး တစ်ခါတစ်ရံ နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုတို့နှင့် သီးခြားစီ ဆက်နွှယ်နေသည်။ အချို့ တိုင်းရင်းသားအုပ်စုအတွင်း များစွာသော အရေးစနစ်များကို တိုးတက်ရေးလုပ်ဆောင်ရန် အငြင်းပွားမှုများရှိသည်။[166]

ထို့အပြင် သီးခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် မြို့နယ်များတွင်ပင် ဘာသာစကားများကို ဘောင်ခတ်မထားနိုင်ပါ။ ကျေးရွာအုပ်စု တစ်ခုမှတစ်ခုအကြား တိုင်းရင်းသားဘာသာစကား ပေါင်းစပ်ဖွဲ့စည်းမှုနှင့် ရှင်သန်မှုတွင် ထိုမြို့နယ်များအတွင်း ကွဲပြားမှုများ ရှိနေသည်။ ထို့အပြင် မြို့များနှင့် ရွာများအကြား ကွာဟချက်များ ကြီးမားပြီး ပိုမိုရောနှောနေသော တိုင်းရင်းသား ဝေါဟာရများ ဖြစ်လာစေရန် ရည်ရွယ်ခြင်းနှင့် မြန်မာစကား လည်ပတ်စွာ ပြောနိုင်ခြင်းက ယင်းတို့ကို လွှမ်းမိုးဖွယ် ရှိသည်။

ထို့အပြင် တိုင်းရင်းသားဘာသာစကား ဘာသာရပ်များတွင် ကျောင်းသား၊ ကျောင်းသူများ မည်မျှ ပါဝင်လုပ်ဆောင်နိုင်သည်ကို အကဲဖြတ်မည့် ခက်ခဲသော ဆုံးဖြတ်ချက်များကို ပြုလုပ်ရဖွယ်ရှိသည်။ မွန်နှင့် ကရင်ဒေသများရှိ ရောနှောကျောင်းများကဲ့သို့ (အခန်း ၁၀ တွင် ဆွေးနွေးထားပါသည်) ကျောင်းသားများက တိုးတက်စေရန် တိုင်းရင်းသားဘာသာစကား ဘာသာရပ်များကို စာမေးပွဲအောင်မြင်ရန် မလိုအပ်လျှင် ထို ဘာသာရပ်များသည် အလိုအလျောက်ပင် ကျောင်းသား၊ မိဘနှင့် ကျောင်းအုပ်ချုပ်သူများအတွက် ဦးစားပေးအဆင့် မဖြစ်လာတော့ပေ။ တစ်ချိန်တည်းမှာပင် ရောနှောနေသော တိုင်းရင်းသားများဒေသရှိ ကျောင်းများတွင် တိုင်းရင်းသားဘာသာစကား စာမေးပွဲများသည် ထို ဘာသာစကားများတွင် ကျောင်းသားများအား စာမေးပွဲစစ်မည်ကို ခက်ခဲစွာ ဆုံးဖြတ်ရန် လိုလာသည်။

ထိုသို့ ရှုပ်ထွေးသည့် အချို့နေရာတွင် ပိုပြီး မြန်မြန်ဖြစ်ဖွယ်ရှိလေရာ ထူးခြားသော အရင်းအမြစ်များနှင့် ကျောင်းဆရာ ငှားရမ်းလေ့ကျင့်ခြင်း အတွက် အကောင်အထည်ဖော်ရန် လိုအပ်ပြီး တိုင်းရင်းသားဘာသာစကား၏ စာပေနှင့် ပညာရေးဝန်ကြီးဌာန စနစ်တွင် အကန့်အသတ်ရှိသော ကျောင်းဆရာများ ထူးခြားစွာ တာဝန်ချပေးထားရန် လိုအပ်သည်။ အချို့ကိစ္စများတွင် ပညာရေးဝန်ကြီးဌာနသည် ယင်းတို့ကိုယ်တိုင် အထက်တန်းပညာရေး မပြီးဆုံးသော ကျောင်းဆရာများကို ငှားရမ်းရန် စဉ်းစားသင့်သည်။ ပိုမိုသင့်လျော်သော သင်ကြားမှုပစ္စည်းများနှင့် ဖတ်စာအုပ်များကို ဒေသဘာသာစကားနှင့် ပြုလုပ်ခြင်းသည် ဖွံ့ဖြိုးရန် လိုအပ်သေးသည်။ အထက်ပါအတိုင်း ပညာရေးဝန်ကြီးဌာနသည် ၁၉၃၀ ပြည့်လွန်နှစ်များက အခြားအဖွဲ့အစည်းများ သုံးခဲ့သော ဖတ်စာအုပ်အချို့နှင့် ခေတ်နောက်ကျနေသော သင်ကြားရေး ချဉ်းကပ်ပုံများကို အခြေခံ ခြင်းများကို လုပ်ဆောင်နေစဉ်အတွင်း အကန့်အသတ် အောင်မြင်မှုရှိသော ဒေသဘာသာစကားများသို့ မြန်မာဘာသာမှ ဘာသာပြန်ဆိုရန် အားထုတ်နေသည်။[167]

---

164 စွမ်းရည်ထွတ်၏ "Minister ties improved education for ethnic minorities to peace,"၊ မြန်မာတိုင်းမ်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့။ http://www.mmtimes.com/index.php/national-news/22474-minister-ties-improved-education-for-ethnic-minorities-to-peace.html. တွင် ကြည့်နိုင်သည်။

165 မန္တလေးညီလာခံတွင် ရှင်းလင်းတင်ပြခြင်း။ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့)၊ ဒေါက်တာဝင်းအောင်က သုံးနေဆဲ တိုင်းရင်းသားဘာသာစကား ၁၁ မျိုး ရှိပြီး ရေရှည်တည်တံ့သည့် အခြေအနေတွင်ရှိကာ အခြား ၃၄ မျိုးသည် "အဆင့်မီစာပေ" အခြေအနေတွင် ရှိသည် (အရေးစနစ်တွင်ရှိနိုင်ပါသည်)။ ၄၉ မျိုးမှာ "အဆင့်မမီသော်လည်း သုံးနေဆဲဖြစ်သည်။" စာရေးသူများက ယင်းအရေအတွက် အတိအကျကို မဆန်းစစ်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုအားလုံးအတွက် ကောင်းမွန်သော ရည်ညွှန်းမှုတစ်ခုကို ပေးထားသည်။

166 ဥပမာအနေဖြင့် ကရင်ပြည်နယ်အတွင်း ဖော်ပြရန် ခက်ခဲမှုတစ်ခုအတွက် "တဒါယူကီ ကူဘို၊ ကရင်နီနှင့် ကယား၊ အမည်နှစ်မျိုးနှင့် ဆုံးဖြတ်ချက်ချသည့်လမ်း၊ အာရှငြိမ်းချမ်းရေးပဏာမခြေလှမ်း၏ ဗမာပြည် တိုင်းရင်းသား ပြဿနာအတွက် သဘာဝ"။ http://peacebuilding.asia/burmas-ethnic-problem-over-two-names-and-the-path-to-resolution/ တွင်ကြည့်နိုင်သည်။ ၂၀၁၅ခုနှစ် ဩဂုတ်လ ၉ ရက်နေ့။ စကောကရင်အတွက်မူ ကွဲပြားသော နိုင်ငံရေးနှင့် ဘာသာရေး သမိုင်းများနှင့် နောက်ခံစကားပြောများနှင့် ပတ်သက်ပြီး အနည်းဆုံး အရေးစနစ်နှစ်မျိုးရှိသည်။

167 ဒေါက်တာ ဒေးဗစ်ဘရက်ဒလေနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကိုယ်စားလှယ်တစ်ဦးတို့က မန္တလေးညီလာခံတွင် တင်ပြထားသည်။ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ နှင့် ၁၃ ရက်နေ့များ)

တစ်ကြိမ်တစ်ခါက စာအုပ်များကို ပုံနှိပ်ပြီး ကျောင်းဆရာများကို သင်တန်းပေးခဲ့ရာ အထူးသဖြင့် ခရီးသွားရန် ခက်ခဲသော စိုစွတ်သည့် ရာသီကာလအတွင်း ယင်းကုန်ကျစရိတ်များသည် ဝေးလံအခေါင်ဖျားဆုံးဒေသများသို့ ပို့ဆောင်ခများအပါအဝင် ကြီးမားသော ကုန်ကျစရိတ်ဖြစ်လာနိုင်သည်။[168] ထို့အပြင် မည်သည့် သင်ကြားရေးနည်းစနစ်က ပြုပြင်ပြောင်းလဲရေးအဖြစ် ချမှတ်သင့်သည်၊ မည်သည့် သင်ရိုးပုံစံကသုံးရန်သင့်သည် စသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် အခြားပညာရေးဆောင်ရွက်သူများအကြား ထိပ်တိုက်တွေ့ကြရသည့်အခါတိုင်း ယင်းဆုံးဖြတ်ချက်များကို ချမှတ်နေရသည်။

ယင်း စိန်ခေါ်မှုများအားလုံးသည် ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်အသစ်များ အကောင်အထည်ဖော်ခြင်းပေါ်တွင် မူတည်နေသည်သာမက စုပေါင်းချဉ်းကပ်မှုပေါ်တွင်လည်း မူတည်နေသည်။ စုပေါင်းချဉ်းကပ်မှုသည် EBEP တို့၏ အခန်းကဏ္ဍနှင့် ယဉ်ကျေးမှု၊ စာပေ၊ အခြား အထူးဆောင်ရွက်နိုင်သူများ၊ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှု၏ အရေးပါသည့်နေရာကို ရောက်ရှိသူများ၊ ဘေးဖယ်ထားသည်ထက် ယေဘုယျဦးတည်ချက်ကို အထောက်အပံ့ဖြစ်စေသော လက်ရှိလှုပ်ရှားမှုများ၏ နေရာများ ဖော်ထုတ်ခြင်းတို့ကို တိုးတက်စေသည်။

[168] မန္တလေးညီလာခံတွင် ကချင်ပြည်နယ် ပညာရေးဌာနများက ရှင်းလင်းတင်ပြခြင်းများ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)

## အခန်း(၇)။ ။ ကွဲပြားခြားနားသော အင်အားများ၊ အမျိုးမျိုးသော ပညာရေးထောက်ပံ့သူများ ရရှိခြင်း၏ အကျိုးကျေးဇူးများ

EBEP များက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို များစွာသော အကျိုးကျေးဇူးဖြစ်ပြီး တိုင်းပြည်၏ ပညာရေး ရည်မှန်းချက်များ အောင်မြင်စေရန် အရေးပါသော မိတ်ဖက်များအဖြစ် အစိုးရနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး ဆောင်ရွက်သူများက ရှုမြင်ကြသည်ဟု ဤ အခန်းတွင် ဆွေးနွေးထားပါသည်။ ပထမကဏ္ဍခွဲသည် ပညာရေးအဖွဲ့အစည်းမျိုးစုံ ရရှိရန်မှာ ဖွံ့ဖြိုးဆဲ သို့မဟုတ် ဖွံ့ဖြိုးပြီး နိုင်ငံများတွင် တူညီမှုမရှိကြောင်း သရုပ်ဖော်ထားပြီး စင်စစ် ဗဟိုအစိုးရတစ်ခုတည်းက ပညာရေးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်နိုင်သော နိုင်ငံ မရှိနိုင်ချေ။ ဒုတိယကဏ္ဍခွဲသည် မြန်မာနိုင်ငံရှိ EBEP များသည် အဓိကအကြောင်းအချက် လေးမျိုးအတွက် ထူးခြားအရေးပါကြပြီး ယင်းတို့သည် နယ်နိမိတ်ပိုင်နက်များကို ရရှိနိုင်ခြင်း။ MTB-MLE ကို ထောက်ပံ့နိုင်ခြင်း၊ ယင်းတို့၏ အစုအဖွဲ့တို့ကို တန်ဖိုးရှိသည်ဟု မြင်ခြင်းနှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး တည်ဆောက်ရာတွင် အထောက်အကူပေးနိုင်ခြင်းတို့ ဖြစ်ကြသည်။

### နိုင်ငံတကာ ထုံးတမ်းများ၊ နိုင်ငံတော်ကမဟုတ်သည့် ဆောင်ရွက်သူများနှင့် ပြည့်စုံသော စနစ်များ

အများနှင့်ဆိုင်သော မူဘောင်များနှင့် မူဝါဒများက ထိန်းကျောင်းထားသည့် ကြီးမားကျယ်ပြန့်သော ဆောင်ရွက်သူများ ပါဝင်သည့် ပညာရေးကဏ္ဍများသည် နိုင်ငံတကာဆိုင်ရာ စံရှိကြပြီး နိုင်ငံများစွာတွင် နည်းလမ်းပေါင်းစုံနှင့် တဖြည်းဖြည်း ဆက်သွယ်မှုရှိလာသော ထောက်ပံ့သူမျိုးစုံထံမှ ယင်းကဏ္ဍများသည် တဖြည်းဖြည်း ဖြစ်ပေါ်ပြောင်းလဲလာသည်။ စင်စစ် "နိုင်ငံအားလုံးနီးပါးတို့၏ သမိုင်းများတွင် ကလေးများအတွက် ပထမဆုံး ပုံမှန်ပညာရေးအခွင့်အလမ်းများကို ဘာသာရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ သို့မဟုတ် ပုဂ္ဂလိကများက တည်ထောင်နိုင်သည့် နိုင်ငံတော်ပိုင် မဟုတ်သော ကျောင်းများက ဖြည့်ဆည်းပေးကြသည်။"[169]

ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် ကက်သလစ်စနစ်သည် အင်္ဂလီကန် ပြိုတိသျှစနစ်မှ သီးခြားဖြစ်လာသည်မှာ နှစ်ပေါင်း ရာနှင့်ချီခဲ့ပြီ ဖြစ်သည်။ ယင်းကြာမြင့်ခဲ့သော အချိန်များတွင် ဖိနှိပ်မှုများရှိခြင်းကြောင့် မြေအောက်အဖွဲ့များက အားပေးထားကြသည်။ ၁၈၄၇ ခုနှစ်က နိုင်ငံတော်နှင့် ကက်သလစ် အသင်းတော်တို့အကြား စနစ်နှစ်ခုကို အတူတကွဆောင်ရွက်ရန် သဘောတူညီချက်တစ်ခုရရှိကြပြီး နောက်ဆုံးတွင် နိုင်ငံတော်က ကက်သလစ် ကျောင်းများကို ၁၉၄၀ ပြည့်လွန်နှစ်များမှစပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် ရန်ပုံငွေ ထောက်ပံ့လာသည်။ ထိုကာလအတွင်း "အမျိုးမျိုးသော တရားဝင်ကာကွယ်မှုများဖြင့် ကက်သလစ်တို့၏ လက္ခဏာများသည် ထင်ရှားလာကြရာ ယနေ့တိုင်အောင် ဖြစ်လေသည်။"[170]

ထို့ကြောင့် ပညာရေးကို နိုင်ငံသားများရရှိစေရန် နိုင်ငံတော်၏ အဓိက တာဝန်ယူမှုသည် နိုင်ငံတော်က ယင်းကိုယ်တိုင် ပညာရေးအဖွဲ့ လိုအပ်ကြောင်း သို့မဟုတ် ဆောင်ရွက်မှုများသည် တူညီစေရန် လိုအပ်ကြောင်း စောင်းပါးရိပ်ခြည် မပြောချေ။ နိုင်ငံတော်သည် အရည်အချင်းပြည့် ပညာရေးကို အားလုံးအတွက် ထောက်ပံ့စေရန် အသင့်လျော်ဆုံး မူဝါဒ မူဘောင်ကို နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်စေသင့်ကြောင်း စောင်းပါးရိပ်ခြည်မျှသာ ပြောသည်။ ထိုမူဘောင်သည် ရရှိနိုင်သော အရင်းအမြစ်များကို ကြီးမားစေပြီး သင့်လျော်သော ပညာရေးအခွင့်အလမ်းများကို ပြည်သူအားလုံးအတွင်း ရရှိစေသင့်သည်။

နိုင်ငံတကာတွင် အစိုးရမဟုတ်သော ပညာရေးဆောင်ရွက်သူများသည် ပုံစံအမျိုးမျိုးဖြစ်လာသည်။ ယင်းတွင် ကျောင်းသား မိသားစုများထံမှ ရန်ပုံငွေ၊ (ရပ်ရွာအစုအဖွဲ့များ သို့မဟုတ် အလှူရှင်များထံမှ) အလှူများ၊ အစိုးရထံမှ သို့မဟုတ် အမျိုးမျိုးသော အစုအဖွဲ့များမှ ရရှိနိုင်သော အကျိုးအမြတ်ယူသူနှင့် မယူသူများလည်း ပါဝင်သည်။[171] ဝင်ငွေနည်းပါးသော နိုင်ငံများနှင့် အလယ်အလတ် ဝင်ငွေရှိသော နိုင်ငံများ (LMICs) တို့၏ အစိုးရမဟုတ်သော ကျောင်းများတွင် ကျောင်းအပ်နှံမှုသည် မကြာသေးမီ ဆယ်စုနှစ်များကတည်းက ပုံမှန်တိုးတက်လျက်ရှိကြောင်း တွေ့ရသည်။ ခန့်မှန်းချက်တစ်ခုအရ "LMIC နိုင်ငံများရှိ ၁၁၃ သန်းသော ကလေးငယ်များသည် နိုင်ငံတော်ပိုင် မဟုတ်သော ကျောင်းများတွင် ကျောင်းအပ်ကြပြီး ယင်းတို့ထဲတွင် ခန့်မှန်းခြေ ၁၁ ရာခိုင်နှုန်းသည် မူလတန်းကျောင်းသားများဖြစ်ကြပြီး ၂၄ ရာခိုင်နှုန်းသည် အထက်တန်းကျောင်းသားများ ဖြစ်ကြသည်။"[172] ယင်း၏ ရောင်ပြန်ဟပ်မှုမှာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ဘဏ်က ပညာရေးစနစ်နှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "ထိုနိုင်ငံတွင် ယင်းပညာရေးစနစ်ကို ပြည်သူလူထု သို့မဟုတ် (ဘာသာရေး၊ အကျိုးမယူနှင့် အကျိုးယူ အဖွဲ့အစည်းများ အပါ

[169] အဓိက ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးကို မကြာသေးမီက လေ့လာမှုမှ ကိုးကားချက်၊ စတီးယား၊ et al. (၂၀၁၅)၊ စာမျက်နှာ ၅

[170] ကက်သလစ် ပညာရေးအဖွဲ့၊ (n.d.)၊ A Brief History of Catholic Education in England and Wales. http://www.catholiceducation.org.uk/about-us/history-of-catholic-education. ကို ကြည့်ပါ။ ကက်သလစ် ပညာရေးအဖွဲ့သည် ၁၈၄၇ ခုနှစ် စာချုပ်အရ တရားဝင်ဖွဲ့စည်းသော အဖွဲ့၏ အမည်နှင့် ခေတ်ပြိုင် ဖြစ်နေသည်။

[171] အစိုးရမဟုတ်သော ပညာရေးဆောင်ရွက်သူများ၏ ကိုယ်စားပြုပုံစံများ၊ စတီးယား၊ et al. (၂၀၁၅)၊ စာမျက်နှာ ၂၈။

[172] ဖာလ်မင်နှင့် ဒီဖော့စ်ကာ (၂၀၁၄)၊ စာမျက်နှာ ၁၃။

အဝင်) ပုဂ္ဂလိက ကဏ္ဍမှ သို့မဟုတ် ပြည်သူလူထုမှ ဘဏ္ဍာရေး ထောက်ပံ့သည် မထောက်ပံ့သည်ကို နိုင်ငံတွင်းတွင် ရရှိနိုင်သော ပညာရေး အခွင့်အလမ်းများ အပြည့်ပါဝင်မှုဖြင့် တိုင်းတာသည်။"[173]

အခြားဖွံ့ဖြိုးဆဲနိုင်ငံများတွင်  အစိုးရနှင့် နိုင်ငံတကာ အထောက်အပံ့ပေးသူများက နှစ်သက်ကြသော အစိုးရမဟုတ်သည့် ပညာရေးစနစ်များ၏ မရေမတွက်နိုင်သော ခေတ်ပြိုင်ဥပမာများ ရှိကြသည်။ စင်စစ် ယင်းတို့၏ စွမ်းရည်ကို အနည်းငယ်သာ ဝန်ဆောင်မှုရရှိသည့် ပြည်သူများထံသို့ ရောက်စေရန်အတွက် ထိုစနစ်များကို ဦးစားပေးကြသည်။[174]

လွှမ်းမိုးထားသော ဘာသာစကားကို မပြောတတ်သော သို့မဟုတ် အခြားဆိုးကျိုးရှိပြီး ဝေးလံခေါင်ဖျားတွင် နေထိုင်ကြသောကြောင့် နိုင်ငံတော်၏ ပညာရေးမှ ချန်လှပ်ခံထားရသည့် ကလေးများအတွက် များပြားသော အခြေခံပညာရေးစနစ်များကို ပေးအပ်ရန်  ၁၉၉၀ ပြည့်လွန်နှစ်များက "ခေတ်ပြိုင် ပညာရေး" ဆိုသည့် ဝေါဟာရသည် ပေါ်ပေါက်လာခဲ့သည်။[175] ခေတ်ပြိုင် စနစ်များတွင် ၃၅ နိုင်ငံ ပါဝင်ပြီး[176] အခြေခံပညာရေး၏ အသိအမှတ်ပြုထားသော ပုံစံတစ်ခုကို ပေးအပ်ရန် ယင်းတို့၏စွမ်းရည်ကို ထင်ရှားစွာ ဖွင့်ဆိုထားသည်။ ထို့အပြင် ကျောင်းတက်ခြင်းစနစ်မှ အဓိက ကွဲပြားနေသော သီးခြားစနစ်နှင့် သီးခြားလူထုအတွက် ပိုမိုသင့်လျော်သော ကျောင်းများကို ပြုလုပ်ရန် ရည်ရွယ်ခဲ့သော လက္ခဏာရပ်များ ကို ထိန်းသိမ်းထားသည်။

USAID ၏ အစီရင်ခံစာ တစ်စောင်တွင် "ခေတ်ပြိုင်ပညာရေး အစီအစဉ်များသည် ပုံမှန်ပြည်သူ့ကျောင်းများရှိ ကျောင်းသားများကို အစိုးရက ထောက်ပံ့သော ကျောင်းများက ရရှိသော ပညာရေးဆိုင်ရာ ညီမျှသောရလဒ်များ ပေးအပ်ရန် အကန့်အသတ်ရှိသော သို့မဟုတ် လုံးဝမရှိသော ကလေးများကို ကူညီရန်အတွက် ကွဲပြားသော ရပ်ရွာ အစုအဖွဲ့ အခြေခံချဉ်းကပ်မှုများ ပေးအပ်ကြသည်။"[177] အခြားတစ်နည်းမှာ ပုံမှန်မဟုတ် သော သို့မဟုတ် အပိုသင်ရိုး အစီအစဉ်များကဲ့သို့ မရည်ရွယ်သော်လည်း ကျောင်းနေအရွယ်ကလေးများ ပုံမှန်ကျောင်းတက်ခြင်းအတွက် ရည်ရွယ်သည်။[178] USAID ၏ တူညီသော အစီရင်ခံစာတွင်ပင် ဤချဉ်းကပ်မှုအတွက် အခြေခံသဘောတရားမှာ "ဗဟိုချုပ်ကိုင်မှုရှိသော ကျောင်းတက်ခြင်းအတွက် တူညီသောအုပ်ချုပ်မှုမှ အကျိုးရှိသော ပညာရေးစနစ်တစ်ခုသို့ ရောက်ရှိစေသော ကလေးများအတွက် ထိုရောက်ရှိ စေသည့် ပြဿနာကို အဖြေရှာ ဖြည့်ဆည်းပေးနိုင်မည် မဟုတ်"ဟု ဆိုသည်။[179]

ခေတ်ပြိုင်ပညာရေး ပြဌာန်းချက်က ပုံမှန်နေဖြင့် စံပြုထားသော ရပ်ရွာကျောင်းတစ်ခုကို နမူနာယူကြသည်။ ယင်းမှာ ထိုကျောင်းများကို အစိုးရ မဟုတ်သော အဖွဲ့အစည်းများက[180] ထောက်ပံ့ထားသော ရပ်ရွာအစုအဖွဲ့ပိုင် ကျောင်းကွန်ရက်များမှတစ်ဆင့် ရပ်ရွာအစုအဖွဲ့များက စီမံခန့်ခွဲပြီး ယင်းကျောင်းများသည် ရပ်ရွာက အကောင်အထည်ဖော်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အခြေခံမှုများကို အသုံးပြုကြသည်။[181] ခေတ်ပြိုင် ပညာရေးစနစ်များမှ ကျောင်းဆရာများကို ဒေသတွင်း ပုံမှန် စုဆောင်းရယူကြပြီး အနည်းဆုံး ထောက်ပံ့ကြသည်။[182] သင်ရိုးကို လက်ရှိ ဖြစ်ပေါ် နေသော ခေတ်ရေစီးကြောင်းအတိုင်းထက် ဒေသတွင်း လျော်ညီမှုရှိစေရန် ဆောင်ရွက်သည်။ ထို့အပြင် မိခင်ဘာသာစကားကိုလည်း သင်ကြား ပေးသည်။ ဥပမာအနေဖြင့် နယူးဇီလန်မှ ကူရာ ကော်ပါပါ မအိုယီ ကျောင်းများသည် မအိုယီ ကို သင်ကြားရေး ဘာသာစကားအဖြစ် အသုံးပြုပြီး မိဘများနှင့် ရပ်ရွာအဖွဲ့ဝင်များသည် ကျောင်းစီမံခန့်ခွဲရေးကော်မတီတွင် ပါဝင်သည်။ ယင်းတွင် ကျောင်းကို လည်ပတ်စေမည့် ယဉ်ကျေးမှုနှင့် ဆိုင်သော ရှေးကျသည် ဝေါဟာရများကို အဓိက အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ ပါဝင်သည်။[183] ပုံမှန်အားဖြင့် ခေတ်ပြိုင်ပညာရေးကို နိုင်ငံတော်က အသိအမှတ်ပြုသည်။

---

[173] ကမ္ဘာ့ဘဏ် (၂၀၁၁)၊ စာမျက်နှာ ၅။

[174] ရို့စ် (၂၀၀၇)။ စာမျက်နှာ ၁၉-၂၈။

[175] ဟာ့ထ် (၂၀၁၄)။ စာမျက်နှာ ၁။

[176] ခေတ်ပြိုင်ပညာရေး စနစ် ၃၆ မျိုးကို ဟာ့ထ် (၂၀၁၄)။ စာမျက်နှာ ၃-၇ တွင် ထည့်သွင်းထားသည်။ ၃၅ နိုင်ငံစာရင်းတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ နှင့် ရွှေ့လျားကျောင်းများအတွက် မြန်မာနိုင်ငံ အပါအဝင်ဖြစ်ပြီး တိုင်းရင်းသားပညာရေးစနစ်များ မပါဝင်ပါ။

[177] USAID (၂၀၀၆)။ စာမျက်နှာ ၁

[178] ဤထင်ရှားမှုသည် အရေးပါသည်။ ဖွံ့ဖြိုးရေး သို့မဟုတ် ကျောင်းပြင် ပညာရေး၏ ဦးတည်ချက်များမှာ အခြေခံ စာတတ်မြောက်ရေး၊ အတွက်အချက် တတ်မြောက်စေရေးနှင့် ဘဝအတွက် ကျွမ်းကျင်ရေးတို့ အကန့်အသတ်ရရှိစေသော သင်ယူရေးကို ပေးအပ်ရန်ဖြစ်ပြီး မကြာခဏ သင်ယူသူ၏ လိုအပ်ချက်ကို ပြောင်းလွယ်ပြင်လွယ်ဖြစ်စေရန် အဖွဲ့အစည်းအစီအစဉ်များမှတစ်ဆင့် ဆောင်ရွက်သည်။ ရို့စ် (၂၀၀၉)၊ စာမျက်နှာ ၂၁၁ နှင့် ဟာ့ထ် (၂၀၁၄)၊စာမျက်နှာ ၂၊ ၈ ကို ကြည့်ပါ။

[179] USAID (၂၀၀၆)။စာမျက်နှာ ၁။

[180] ခြွင်းချက်အချို့မှာ ဘရာဇီးတွင် ခေတ်ပြိုင်ပညာရေးစနစ်ကို အစိုးရက တိုက်ရိုက် စီမံခန့်ခွဲသည်။ ဟာ့ထ် (၂၀၀၄)။ စာမျက်နှာ ၉။

[181] ရပ်ရွာ အစုအဖွဲ့ကျောင်းများ။ ဂလာစ်မင်း၊ et al.။ (၂၀၀၈) တည်းဖြတ်။ မန်စူရီ နှင့် ရောင်း (၂၀၀၄)။ စာမျက်နှာ ၁-၃၉။

[182]  USAID (၂၀၀၆)။ စာမျက်နှာ ၁။

[183] စမစ် (၂၀၀၃)။

အချို့နေရာတွင် ခေတ်ပြိုင်ပညာရေးစနစ်များသည် အချို့အဆင့်များတွင် အဆင့်မီ စာမေးပွဲများအတွက် ပြင်ဆင်စေခြင်းဖြင့် သို့မဟုတ် တူညီသော အောင်လက်မှတ်ပေးအပ်ခြင်းဖြင့် နိုင်ငံတော်စနစ်ကို ဝင်ရောက်စေရန် ကျောင်းသားများအား ခွင့်ပြုရန်အတွက် ရည်ရွယ်ချက်ရှိရှိ ဖွဲ့စည်းသည်။ နောက်ထပ် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပုံမှန်ပညာရေးမှတစ်ဆင့် ဖွံ့ဖြိုးရေးလမ်းကြောင်းကို ရောက်စေသော ဤစနစ်များသည် ခေတ်ပြိုင်ဖြစ်ကြသော်လည်း [ယင်းတို့၏] သင်ရိုးနှင့် "တရားဝင်" သင်ရိုးတို့ အဆင်ပြေညီညွတ်မှု ရှိကြသည်"။ ထို့ကြောင့် အချို့အဆင့်တွင် ပုံမှန်ကျောင်းတက်ခြင်း၏ အခြေအနေသို့ ပြန်ရောက်စေရန် သင်ယူသူများကို ခွင့်ပြုထားသည်။[184] MNEC/MNED နှင့် ဘာသာရေးနှင့် ရပ်ရွာအရေး အများဆုံးအခြေခံသည့် စနစ်များအပါအဝင် မြန်မာနိုင်ငံရှိ EBEP များသည် ယင်းရည်ရွယ်ချက်အတွက် သင်ရိုးများကို ဖွဲ့စည်းခဲ့ကြသည်။ သို့သော် အခြားစနစ်များနှင့် သဟဇာတ ဖြစ်စေရန်နှင့် နိုင်ငံတော်ကို ပြည့်စုံစေရန် ဖွံ့ဖြိုးရေးစနစ်များအတွက် နည်းလမ်းအဖြစ် မမြင်သင့်ပေ။

## မြန်မာ့ပညာရေးကဏ္ဍအတွက် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများ၏ အရေးပါမှု

နိုင်ငံ၏ ရှုပ်ထွေးသော နိုင်ငံရေးသမိုင်းကြောင့် EBEP များသည် မြန်မာနိုင်ငံတွင် အထူးသဖြင့် အရေးပါကြပြီး ယင်းတို့သည် ပညာရေး အဖွဲ့အစည်းမျိုးစုံကို အားကိုးအားထားပြုရန် နိုင်ငံအတွက် ထူးခြားလှသည် မဟုတ်ပေ။ EBEP များသည် အချို့ဒေသများတွင် ရှင်သန်နေသော ပညာရေးအဖွဲ့အစည်းအဖြစ် ကျန်ရစ်နေသည်ကို တွေ့မြင်နိုင်ပြီး အချက်လေးချက်ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးရည်မှန်းချက် ရရှိနိုင်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ ယင်းတို့မှာ နယ်နိမိတ်ပိုင်နက်များကို ရရှိနိုင်ခြင်း။ MTB-MLE ကို ထောက်ပံ့နိုင်ခြင်း၊ ယင်းတို့၏ အစုအဖွဲ့တို့ကို တန်ဖိုးရှိသည်ဟု မြင်ခြင်းနှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး တည်ဆောက်ရာတွင် အထောက်အကူပေးနိုင်ခြင်း တို့ဖြစ်သည်။ သုံးသပ်ချက်မှာ ပဋိပက္ခဖြစ်ပွားနေသောဒေသများနှင့် အခြားတိုင်းရင်းသားများ နေထိုင်သော ဒေသများကို အကျိုးရှိသော ပညာရေး ထောက်ပံ့ပေးအပ်ခြင်းတွင် ပညာရေးဝန်ကြီးဌာန ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ထောက်ပြခဲ့သည်။ ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့၏ ပြည့်စုံသော နှိုင်းယှဉ်မှုကို မပေးဘဲ နိုင်ငံတော်က ဆောင်ရွက်ရာတွင် ကျန်ရစ်သော ကွက်လပ်များကို EBEP တို့က ဖြည့်စွက်သည့်နေရာများရှိ အဓိကနည်းလမ်းများထဲမှ အချို့ကို ဖော်ပြထားသည်။

### *အခွင့်အလမ်း၊ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း*

EBEP တို့သည် မြန်မာ့ပညာရေးကဏ္ဍအတွက် အရေးပါသည်ဆိုသော အခြေခံနှင့် လက်တွေ့အကျဆုံး အကြောင်းပြချက်မှာ နိုင်ငံ၏ ဝေးလံခေါင်ဖျားဆုံးနှင့် ဖယ်ကျန်ရစ်ဆုံး လူမှုအဖွဲ့အစည်းများအပါအဝင် ပညာရေးဝန်ကြီးဌာနမရောက်သော ပိုင်နက်နယ်မြေများစွာကို တည်တည်ငြိမ်ငြိမ် ရောက်ရှိစေသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်သူတစ်ရပ်လုံးကို အခမဲ့နှင့် မသင်မနေရ ပညာရေး ဖြည့်ဆည်းရန် ကတိပေးထားခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၆၆တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ- (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းထားသော မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်" ဟု ပြဋ္ဌာန်းထားသည်။[185] ယင်း ကတိကဝတ်သည် ၂၀၁၅ အမျိုးသားပညာရေးဥပဒေကို ထင်ဟပ်စေပြီး ပညာရေးဝန်ကြီးဌာန၏ မူဝါဒနှင့်လည်း ကိုက်ညီသည်။ ယင်းသည် UNESCO၏ "အားလုံးအတွက် ပညာရေး"[186] ဆောင်ပုဒ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) များနှင့်ပါ ကိုက်ညီသည်။ SDG၏ ကတိလေးချက်မှာ "အားလုံးသော မိန်းကလေးများနှင့် ယောကျ်ားလေးများ လွတ်လပ်ပြီး ညီမျှသော အရည်အချင်းပြည့် မူလတန်းနှင့် အထက်တန်းပညာရေး"ကို ၂၀၃၀ မတိုင်မီ ရည်မှန်းချက်နှင့်အညီ ရရှိစေရန် ဖြစ်သည်။[187] ယင်းရည်မှန်းချက်များကို မြန်မာအစိုးရက ချမှတ်ဖွယ်ရှိသည်။

EBEP များက အဆင်ပြေသော ဒေသများတွင် အဖွဲ့အစည်းများအဖြစ် ကျန်ရစ်နေပေရာ လုပ်ငန်းဆောင်ရွက်မှုမရှိဘဲ ရည်မှန်းချက်များ အောင်မြင်ရန်မှာ ဖြစ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ယင်းတို့၏ လုပ်ငန်းများကို အသိအမှတ်ပြုပြီး အမျိုးသားရေးဦးတည်ချက်များကိုပေးသော အထောက်အပံ့များအား ရေတွက်ရသည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် "ယာယီ"နှင့် "အရေးပေါ်" ဝန်ဆောင်မှုများ လိုအပ်ခြင်းကို ၂၀၁၅ အမျိုးသားပညာရေးဥပဒေက အသိအမှတ်ပြုသကဲ့သို့ အပြင်ပန်းအားဖြင့် အစိုးရထိန်းချုပ်ထားမှုအောက်တွင် နေရာများစွာသည် မည်သည့်

[184] ဟာ့ထ် (၂၀၁၄)။ စာမျက်နှာ ၁။ ခေတ်ပြိုင်ပညာရေးကို ကလေးများကို အချို့ယူဆချက်များအရ ကျောင်းပညာရေးသို့ "ပြန်သွား"ရန်အတွက် တွက်ခြေကိုက်သော စံတစ်ခုအဖြစ် ပြသထားသည်။ "ခိုင်မာသော အထောက်အထားများက သက်သေပြရာတွင် CBE များသည် နီးစပ်မှုနှင့် ညီမျှမှုသာမက ပြီးဆုံးခြင်း၊ သင်ယူမှုရလဒ်များနှင့် ကျောင်းပြန်တက်ခြင်းတို့ ပါဝင်သည့် ရှားပါးသော ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ထင်ရှားသောအောင်မြင်မှု ရရှိသည်။" ဟာ့ထ် (၂၀၁၄)။ စာမျက်နှာ ၂။

[185] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၆၆။

[186] ပညာရေးဝန်ကြီးဌာန၊ စာမျက်နှာ ၅။

[187] ကုလသမဂ္ဂ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ ၄၊ "Ensure inclusive and quality education for all and promote lifelong learning." http://www.un.org/sustainabledevelopment/education/. ကို ကြည့်ပါ။

အခါမျှ ခိုင်မာမှုမရှိကြောင်းနှင့် ပညာရေးအတွက် အခြားဖွံ့ဖြိုးရေး အစီအစဉ်များကို သဘာဝကျစွာ အားကိုးကြောင်းကို နားလည်ပေးရန် ပျက်ကွက်သည်။[188]

EAO များက ထိန်းချုပ်ထားသော နေရာများသည် လုံခြုံစိတ်ချရခြင်း၊ "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် MNSP တို့ကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်သော အပစ်အခတ်ရပ်စဲရေးဒေသများ ဖြစ်ကြသည်။ ယင်းမှတစ်ဆင့် KNU,RCSS နှင့် KNPP တို့ကဲ့သို့ လက်ရှိတည်ရှိနေသော အသစ်ဖြစ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် အပစ်အခတ်ရပ်စဲရေး နေရာများမှတစ်ဆင့် ပိုင်းခြားသည်။ ထို့အပြင် KIO နှင့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးတို့ကဲ့သို့ ပြောက်ကျားစစ်မှတစ်ဆင့် EAO တို့က ကာကွယ်ထားသော လက်ရှိဖြစ်ပွားနေသော ပဋိပက္ခဒေသများသို့ ပေးအပ်သည်။ ပညာရေးဝန်ကြီးဌာန၏ ရရှိနိုင်မှု အခွင့်အလမ်းများကို တစ်ခါတစ်ရံ EAO များက တင်းကြပ်ထားကြပြီး ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများအတွက် စိတ်ချရမှုမရှိသော ဒေသများတွင် တစ်ခါတစ်ရံ တပ်မတော် တင်းကြပ်သည်။

ထို့အပြင် များစွာသော ကျေးလက်ဒေသများ၌ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦးများနှင့် ဒေသ၏ ပထဝီဝင် ဗဟုသုတ နည်းပါးမှုတို့ကြောင့် ပညာရေးဝန်ကြီးဌာန၏ ရရှိနိုင်မှု အခွင့်အလမ်းများကို ကြီးမားသော အဟန့်အတားဖြစ်စေသည်။ တိုင်းရင်းသား ရပ်ရွာအစုအဖွဲ့များသည် နိုင်ငံတော်နှင့် ယင်း၏ ကိုယ်စားလှယ်များကို အယုံအကြည် ကင်းမဲ့မှုများ နက်ရှိုင်းစွာ ကျန်ရစ်သေးပြီး အထူးသဖြင့် ကျောင်းသားများ၊ မိဘများနှင့် ကျောင်းကော်မတီများနှင့် ဆက်ဆံမှုခက်ခဲသော ဗမာကျောင်းဆရာများကို အယုံအကြည်မရှိပေ။

တည်ငြိမ်သောအခြေအနေကို ဆောင်ရွက်နိုင်သော ပညာရေးအဖွဲ့အစည်းများအဖြစ် EBEP တို့၏ ဒေသများကို လေ့လာမှုသုံးခုတွင် တွေ့ရသည်။ MNEC/MNED သည် ၁၉၉၅ ခုနှစ်ကတည်းက MNSP ၏ အပစ်အခတ် ရပ်စဲထားသော ဒေသများတွင် အခြေခံပညာကို သင်ပေးရာ အစိုးရက IDP ၄၀,၀၀၀ ခန့်ရှိသော လူထုကို ပြန်လာကြစေရန် တောင်းဆိုခဲ့သည်။[189] KED/KSEAG တို့က ထောက်ပံ့ထားသော ကရင်ကျောင်း ၁,၅၀၆ ကျောင်းအနက်မှ ၇၆၃ ကျောင်းသည် ပညာရေးဝန်ကြီးဌာနမှ မည်သည့်အထောက်အပံ့မျှမရဘဲ ယင်းကျောင်းများမှ အများစုမှာ နိုင်ငံတော်က အခိုင်အမာမရှိသော KNU ထိန်းချုပ်ထားသည့် ဒေသများတွင် တည်ရှိသည်။ ရှမ်းပြည်နယ် သီပေါမြို့နယ်တွင် ပညာရေးဝန်ကြီးဌာနက ဗမာလူမျိုး ကျောင်းဆရာများကို စေလွှတ်ရန် ထပ်မံကြိုးပမ်းမှုသည် ဆယ်စုနှစ်ပေါင်းများစွာ မအောင်မြင်ခဲ့ပေ။ သို့သော် ဘုန်းတော်ကြီးသင် ပညာရေးကွန်ရက်နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းတစ်ခုနှင့် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှု ရလဒ်အဖြစ် ရပ်ရွာ အစုအဖွဲ့ ၂၅ ခုသည် တည်ငြိမ်သော ပညာရေးကို ရရှိကြသည်။

ရှမ်းနှင့် ကချင်ပြည်နယ်များ၏ များစွာသော ဒေသများတွင် EAO၊ ဘုန်းတော်ကြီးကျောင်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြု ကွန်ရက်တို့သည် ပညာရေးဝန်ကြီးဌာနထက် ရပ်ရွာများကို ပညာသင်ကြားပေးရာတွင် အောင်မြင်မှု ပိုမိုရရှိကြသည်။ RCSS နှင့် ယင်း၏ လူမှုရေးအဖွဲ့ခွဲဖြစ်သော ရှမ်းပြည်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် ထိုင်းနိုင်ငံနယ်စပ်တစ်လျောက် IDP စခန်း ခြောက်ခုအပါအဝင် နိုင်ငံတော်က အကန့်အသတ်နှင့် ထိန်းချုပ်ထားရှိသော ဒေသများတွင် မူလတန်းကျောင်း ၂၀၀ ကို အထောက်အပံ့ပေးကြသည်။ UWSA၏ ရှမ်းပြည်နယ် အထူးဒေသ (၂)တွင် အစိုးရက ပန်ဆန်းမြို့၏ အပြင်ဘက်ဒေသများကို လွတ်လပ်စွာ မရောက်နိုင်ဘဲ ပညာရေးဝန်ကြီးဌာနသည် ဒေသတစ်ခုလုံးတွင် ၃၆၅ ကျောင်းအနက်မှ ခုနစ်ကျောင်းသာ ထောက်ပံ့နိုင်သည်။[190] KIO နှင့် အခြား ကချင်လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသော နေရာများတွင် ကရင်ဏာမြန်မာ လူမှုရေးဝန်ဆောင်မှုအဖွဲ့နှင့် ကချင် ဘက်ပတစ် အသင်းတော်တို့အပါအဝင် KIO ပညာရေးဌာနနှင့် အခြား အသင်းတော်များအဖွဲ့က ပညာရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်။

ဆယ်စုနှစ်များစွာ ကြာညောင်းနေပြီဖြစ်သော စစ်အုပ်ချုပ်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေကြရာ ယေဘုယျအနေဖြင့် ပညာရေးဝန်ကြီးဌာန အဆင်ပြေစေရန် EAO က စောင့်ရှောက်ပေးခြင်းသည် ယင်းတို့ကို ယုံကြည်မှု မရှိသောကြောင့် ဖြစ်သည်။ အထူးသဖြင့် ကြိုတင်ဆောင်ရွက်ချက်များမှာ- ယင်းတို့၏ ဒေသများတွင် အစိုးရက နယ်မြေသိမ်းယူသွားခြင်းနှင့် လူထုအား ခေါင်းဆောင်မှု ယူသွားမည်ကို ကြောက်ရွံ့ခြင်း၊ အစိုးရပညာရေးက တိုင်းရင်းသားများကို "ဗမာစိတ်ဓာတ် သွတ်သွင်းပြီး" တိုင်းရင်းသားယဉ်ကျေးမှုများနှင့် အမျိုးသားရေး လက္ခဏာကို အားနည်းစေရန် ပြုမည်ကိုစိုးရိမ်ခြင်း၊ လမ်းကြောင်းအမျိုးမျိုးမှ အထောက်အပံ့များ စုပြုံကျလာမည့် အခက်အခဲရှိခြင်း၊ ပဋိပက္ခ

[188] အမျိုးသားပညာရေး ဥပဒေ (၂၀၁၅)၊ အခန်း (၁)၊ ပုဒ်မ ၂ မ။ အခန်း (၆)၊ ပုဒ်မ ၃၈။

[189] ပညာရေးဝန်ကြီးဌာန ကျောင်းများနှင့် ပညာရေးဝန်ကြီးဌာန/MNEC/MNED ကျောင်းများသည် NMSP ထိန်းချုပ်ဒေသတွင် ဆက်လက်လည်ပတ်နေသည်။ သို့သော် နိုင်ငံတော်၏ ကျောင်းဆရာများအနေဖြင့် NMSP လက်အောက်တွင်ရှိသကဲ့သို့ ဖြစ်သော်လည်း တစ်ဝက်တစ်ပိုင်း ထိန်းချုပ်ထားသည်ဟု အသိအမှတ်ပြုထားသော ထိုဒေသများအတွင်းသို့ ပြန်ဝင်ရန် ခွင့်ပြုချက် တိတိကျကျ တောင်းရန် လိုအပ်သည်။

[190] ဒေသတွင်း အခြားကျောင်းများကို ရပ်ရွာများနှင့် ခရိုင်နှင့် မြို့နယ် အာဏာပိုင်များက ဆက်လက် လည်ပတ်စေရန် ဆောင်ရွက်နေသည်။ ကျောင်းကုန်ကျမှုအတွက် အခွန်ကော်မတီများက သင်ရိုးကို ရွေးချယ်ကြသည်။ အချို့ကျောင်းများကို စီးပွားရေးလုပ်ငန်းများက လည်ပတ်သည်။ သတင်းအချက်အလက်နှင့် ပတ်သက်သော လုပ်ငန်းကို ကုလသမဂ္ဂ အဖွဲ့တစ်ခုက ဒေသတွင်းတွင် ဆောင်ရွက်သည်။

ပြန်ဖြစ်လာလျှင် ယင်းအထောက်အပံ့များသည် ဒေသစနစ်များကို အားအင်ချည့်နဲ့မှု ဖြစ်လာမည်ကို ပူပန်ခြင်းနှင့် ကျောင်းဆရာများသည် နိုင်ငံတော်လုံခြုံရေးဌာနများမှ သူလျှိုများဖြစ်နေမည်ကို စိုးရိမ်ခြင်းတို့ကြောင့် ဖြစ်သည်။ EAO များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကျောင်းကော်မတီအဖွဲ့ဝင်များနှင့် အခြားသူများသည် ယင်းစိုးရိမ်ကြောင့်ကြမှုများ ဖော်ပြနေကြပြီး ယင်းကို အခန်း (၉) တွင် အသေးစိတ် ဆွေးနွေးပါမည်။ ပညာရေးဝန်ကြီးဌာနသည် အပစ်အခတ်ရပ်စဲသော ဒေသများသို့ ရောက်ရှိနိုင်စေရန် လုပ်ဆောင်သော နေရာတွင်ပင် လက်တွေ့နှင့် နိုင်ငံရေး ပြဿနာများကို တွေ့ရသည်။ ယင်းသည်ပင် ဖက်ဒရယ် စနစ်အကြောင်း နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်ထက် ထိန်းချုပ်မှုနယ်မြေ တိုးချဲ့ရေးကို ရည်ရွယ်ပြီး "ဖွံ့ဖြိုးရေး"ဟူသည့် စကားလုံးသုံးသော အစိုးရသည် EAO များအကြား ကြောက်ရွံ့စိတ် ပိုများလာစေရန်နှင့် အပစ်အခတ် ရပ်စဲထားမှုကို ယုံကြည်မှု ပျက်စီးထိခိုက်စေသည်။ ရှင်းလင်းသော လမ်းညွှန်ချက်မရှိသည့် ရောနှောကျောင်းများ၏ လျင်မြန်စွာ တိုးပွားလာမှုသည် ကြီးမားသော လက်တွေ့မရှိသည့် ပညာရေးအစီအစဉ်များကို ဖြစ်ပေါ်စေသည်။ ထို့အပြင် ဝေးလံခေါင်ဖျားဒေသရှိ ပညာရေးဝန်ကြီးဌာနက ခန့်အပ်သော ကျောင်းဆရာများသည် တာဝန်ထမ်းဆောင်ရာ နေရာရွှေ့ပြောင်းခြင်းနှင့် တာဝန်ပျက်ကွက်ခြင်းကို စိတ်ကြိုက်လုပ်နေကြသည်။ အကြောင်းမှာ ၎င်းတို့သည် ထိုလူမှုအဖွဲ့အစည်းများနှင့် ရင်းနှီးမှုရရန် ရုန်းကန်နေကြရပြီး လစာထုတ်ယူရန်နှင့် အုပ်ချုပ်မှု ကိစ္စအတွက်သာလျှင် မြို့ကို ပုံမှန်သွားကြရသောကြောင့် ဖြစ်သည်။

အပစ်အခတ်ရပ်စဲသော ဒေသများရှိ ရပ်ရွာများသည် ပညာရေးဝန်ကြီးဌာန၏ အထောက်အပံ့ကို သေချာစွာ အယုံအကြည် မရှိကြပေ။ စုကလိ အနီးရှိ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက "နိုင်ငံတော်က အစိုးရ အဆောက်အဦသစ်တွေကို ဆောက်ရုံပဲ ဆောက်ပေးတာပါ။ ခုတော့ ကျွန်တော်တို့ကို သူတို့ရဲ့ ပညာရေးစနစ် လက်ခံအောင် လုပ်နေတယ်။ အစိုးရက ကျွန်တော်တို့က ဝမ်းချနေတာ"[191] ဟုပြောသည်။ အခြား ကျေးရွာတစ်ရွာတွင် မွန်ခေါင်းဆောင်တစ်ဦးက "ကျွန်တော်တို့က သူတို့ရဲ့ အထောက်အပံ့ကို လက်ခံလိုက်တာထက် ဆင်းဆင်းရဲရဲပဲ နေရတာကို ပိုကြိုက်တယ်"ဟု ပြောပါသည်။[192] ၁၉၈၉ ခုနှစ်၌ ရှမ်းပြည်နယ် သီပေါမြို့နယ်ရှိ ရပ်ရွာကျောင်းတစ်ကျောင်းတွင် တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားသူများက ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာတစ်ဦး ရောက်လာခဲ့လျှင် ကျောင်းသားများနှင့် မိဘများက ကျောင်းအပေါ်တွင် စိတ်ဝင်စားမှု ကျဆင်းသွားမည်ဖြစ်ကြောင်း၊ အကျိုးဆက်မှာ ကျောင်းသားများ ကျောင်းထွက်နှုန်း တိုးလာသောကြောင့်ဖြစ်ကြောင်း ဆိုကြသည်။ ကျောင်းဆရာများ ၁၉၉၄ ခုနှစ်တွင် ပြန်ကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် ကျောင်းသည် ကောင်းဟတ်ကွန်ရက်၏ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖြစ်လာပြီး အောင်မြင်များပိုမိုထင်ရှားလာသည်။ ယခုအခါ ကျောင်းသား ၇၀ ကို ရှမ်းကျောင်းဆရာ သုံးဦးက ပညာသင်ကြားပေးနေသည်။ ယင်းဆရာများကို ဒေသတွင်းမှ စုဆောင်းထားပြီး RDFSS က ကျောင်းဆရာဖြစ်သင်တန်းပေးခဲ့သည်။[193]

ပညာရေးဝန်ကြီးဌာနရှိသော ဒေသတွင် EAO က နယ်မြေပိုင်နက် ကြေညာချက်ဖြင့် မလုပ်ချင်သည်ကို ခိုင်း၍ မရနိုင်ကြောင်း၊ သို့သော် ယင်းဒေသသည် ဝေးလံခေါင်ဖျားဒေသ ဖြစ်နေရာ သွားလာရန် ခက်ခဲပြီး ဖွံ့ဖြိုးမှု နောက်ကျကျန်နေကြောင်း။ EBEP က ပညာရေးဝန်ကြီးဌာန၏ ကျန်ရစ်ခဲ့သော လိုအပ်ချက်များကို ဖြည့်ဆည်းရကြောင်း သိရသည်။ ဥပမာအနေဖြင့် ကယားနှင့် ရှမ်းပြည်နယ်များတွင် ကယန်းလူမျိုးများ များပြားစွာနေထိုင်သည့် နေရာ၌ ရပ်ရွာကျောင်းများကို ထောက်ပံ့ရေးအတွက် ကယန်းမျိုးဆက်သစ် လူငယ်များအဖွဲ့က ထောက်ပံ့သည်။ ယင်းအဖွဲ့သည် ပညာရေးဝန်ကြီးဌာနက ကျန်ခဲ့သောနေရာများကိုလည်း ဖြည့်ဆည်းရပြီး ပညာရေးဝန်ကြီးဌာနမှ အထောက်အပံ့ ပိုမိုရရှိစေရေးအတွက် တွန်းအားပေးရသည်။ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အစိုးရက စိတ်မပါခြင်း သို့မဟုတ် မလုပ်နိုင်ခြင်းတို့ကြောင့် အရပ်ဖက် လူမှုအဖွဲ့အစည်းတစ်ခုက ပညာရေးအတွက် ထောက်ပံ့နေရသည်။ ထိုနေရာများတွင် ပညာရေးဝန်ကြီးဌာန၏ ဝန်ဆောင်မှု တိုးချဲ့ရန် အားထုတ်မှုသည် EBEP နှင့် ပူးပေါင်းဆောင်ရွက်မှ အကျိုးရှိမည်ဖြစ်ပြီး ရပ်ရွာအချင်းချင်း ကျောင်းများကို တိုက်ရိုက်ချဉ်းကပ်ရုံမျှထက် အဖွဲ့အစည်း သို့မဟုတ် ကွန်ရက်များဖြင့် ယင်းတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန် ဆောင်ရွက်ရသည်။ ထို့အပြင် EAO များနှင့် ချိတ်ဆက်ထားသော KED/KSEAG များကဲ့သို့ EBEP များသည် EAO ထိန်းချုပ်ခြင်း မလွတ်ကင်းသော နေရာများတွင် အလုပ်လုပ်ရန် နည်းလမ်း တွေ့ခဲ့ကြသည်။ သို့သော် အစိုးရ၏ ဖြည့်ဆည်းမှုကား မရှိချေ။ အကြောင်းမှာ ယင်းတို့၏ ရပ်ရွာများတွင်ပင် ကျောင်းဆရာများကို လေ့ကျင့် ထောက်ပံ့သောကြောင့် ဖြစ်သည်။

ရပ်ရွာကွန်ရက်အတွင်း အမြစ်တွယ်နေပြီဖြစ်သောကြောင့် တစ်စတစ်စ ပြောင်းလဲခြင်း သို့မဟုတ် ဒီဇိုင်းဖြင့် လုံခြုံရေး သို့မဟုတ် နိုင်ငံရေးနှင့် မပတ်သက်ဘဲ ရပ်ရွာအခြေပြု ကျောင်းများအတွက် အထောက်အပံ့ ဆက်လက်ပေးအပ်ရန် တိုင်းရင်းသားပညာရေးစနစ်များကို နောက်ဆုံးတွင် ဖွဲ့စည်းခဲ့ကြသည်။ ပဋိပက္ခအရှိန်မြင့်သော ကာလတွင် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို အနှောင်ယှက်ခံရသောအခါ ရပ်ရွာ အစုအဖွဲ့သည် EBEP များကို မကြာခဏ အားကိုးလာကြရသည်။ ရပ်ရွာအဖွဲ့အစည်းများသည် တောထဲတွင် ခိုအောင်းနေကြရစဉ် သို့မဟုတ် ရွှေ့ပြောင်းနေကြရစဉ် စာသင်ကျောင်းများသည် ဆက်လက်တည်ရှိပြီး အထောက်အပံ့ရရှိနေစေရန် KED/KSEAG နှင့် အခြား အဖွဲ့အစည်းများသည် နေရာပြောင်းလဲမှု အလားအလာရှိခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းများကို တိုးတက်အောင် လုပ်ကြရသည်။ ပဋိပက္ခ

[191] ကြီးတအိုးရွာ သူကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်း။ အရှေ့ဒေါန ဒေသ (၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ)။

[192] အမျိုးသမီးများနှင့် ကလေးသူငယ် အခွင့်အရေး စီမံချက် (WCRP) နှင့် မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) (၂၀၁၅) စာမျက်နှာ ၂၈-၂၉။

[193] ကျောင်းကော်မတီ အဖွဲ့ဝင်၊ ဘုန်းတော်ကြီးနှင့် ကျောင်းအုပ်တို့နှင့် လွတ်ယမ်ကျေးရွာ။ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်တွင် တွေ့ဆုံဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် ဒီဇင်ဘာလ)။

ကို လျော့ကျသွားစေသော သက်မွေးဝမ်းကြောင်းသည် တိုင်းရင်းသားဒေသ အများအပြားတွင် ဆက်လက်ရှိနေမည်ဖြစ်ပြီး ပညာရေးဆက်လက်တည်ရှိနေစေရန်အတွက် ထိုပတ်ဝန်းကျင်များတွင် ပညာရေးဆောင်ရွက်သူများ၏ စွမ်းရည်တိုးတက်လာစေရန် ပညာရေးကဏ္ဍက ဆောင်ရွက်ပေးသင့်သည်။

### *မိခင်ဘာသာစကားအခြေပြု ဘာသာစကားမျိုးစုံ ပညာရေးဆီသို့*

MTB-MLE ၏ များစွာသော အကျိုးအမြတ်များကို အခန်း (၆)တွင် ဆွေးနွေးထားပြီး မြန်မာ့အခြေခံပညာရေးကို ဖော်ပြရန် အစိုးရ၏ အစီအစဉ်ကို ထောက်ပြထားသည်။ EBEP တို့တွင် ယင်းအားထုတ်မှုအတွက် ကြီးမားသော အထောက်အပံ့ရှိပြီး နည်းလမ်းပေါင်းများစွာနှင့် MTB-MLE ပညာရေးကို ထောက်ပံ့နေသည်။ အကြီးတန်း မြန်မာပညာရေး ကျွမ်းကျင်သူတစ်ဦးက ထောက်ပြရာတွင် မန္တလေးညီလာခံ၌ EBEP တို့၏ လက်ရှိလုပ်ငန်းများကြောင့်သာမက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များကြောင့် နိုင်ငံတော်သည် MTB-MLE ကို ထောက်ပံ့ရန် အားထုတ်မှုတွင် "အနတ်လက္ခဏာမှ စတင်" ခဲ့ခြင်း မဟုတ်ချေ။[194] ထို့အပြင် တိုင်းရင်းသားပညာရေး၏ ဆောင်ရွက်သူများသည် EAO နယ်မြေအချို့နှင့် နီးစပ်စေသည့် အဖွဲ့အစည်းများအဖြစ် ကျန်ရစ်ပြီး ဒေသများစွာတွင် ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့ဆောင်ရွက်မှုများသည် ကြီးမားသော နိုင်ငံရေးစွန့်စားမှုများနှင့် ရောက်ရှိလာသည်။

EBEP များသည် မြန်မာဘာသာသင်ရိုးကို သင်ကြားရန် တိုင်းရင်းသားဘာသာစကားကို သုံးစွဲပြီး တိုင်းရင်းသားစာပေကို သင်ကြားကြရာတွင် နှစ်ကာလကြာရှည်စွာ အတွေ့အကြုံ ရှိနေပြီ ဖြစ်သည်။ KED/KSEAG သည် ကျောင်းပေါင်း ၂၈၅ ကျောင်းတွင် စကောကရင်ဘာသာ သင်ရိုးကို အသုံးပြုပြီး နောက်ထပ် ၅၅၃ ကျောင်းတွင် ယင်းသင်ရိုးနှင့် ပတ်သက်သော ပစ္စည်းများကို သုံးစွဲခဲ့ရာ ယင်းကျောင်းများထဲမှ အချို့မှာ ပညာရေးဝန်ကြီးဌာနနှင့် KED/KSEAG ကျောင်းများ ဖြစ်ကြသည်။ ဤသင်ရိုးကို ဒုက္ခသည် စခန်းများတွင် ကရင်ကျောင်း ၆၄ ကျောင်းနှင့် ထိုင်းနိုင်ငံရှိ ဒါဇင်နှင့်ချီသော ကရင်ရွှေ့ပြောင်းကျောင်းများတွင် အသုံးပြုသည်။ မူလတန်းနှင့် မူလတန်းလွန် မွန်အမျိုးသားကျောင်းများတွင် MNEC/MNED သည် ဂရိတ် ၅ တိုင်အောင် မွန်ဘာသာစကားချည်း အပြည့်သုံးသော သင်ရိုးကို သင်သည်။[195] ယင်းသည် အစိုးရ၏ အလယ်တန်းနှင့် အထက်တန်းကျောင်းများအတွက် မြန်မာဘာသာသင်ရိုးကို ပြောင်းလဲခြင်းဖြစ်ပြီး မွန်ဘာသာကို သင်ကြားရေးဘာသာအဖြစ် ထိန်းသိမ်းထားသည်။ မွန်သမိုင်းနှင့် ဘာသာစကား သင်ခန်းစာများသည် အခြေခံပညာ နှစ်များတစ်လျှောက် ကျောင်းသင်ရိုးအဖြစ် တည်ရှိနေသည်။ မွန်အမျိုးသားကျောင်းတစ်ကျောင်းမှ ဂရိတ် ၂ ကျောင်းသားတစ်ဦး၏ အဆိုအရ "ကျွန်တော်ကတော့ လွယ်လွယ်သင်ယူဖို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် မွန်ဘာသာနဲ့ သင်တဲ့ သင်ခန်းစာတွေကို နားလည်တယ်" ဟု ဆိုသည်။[196]

ကောင်းဟတ်ကွန်ရက်မှ ကျောင်းများအပါအဝင် EBEP ကျောင်းများ အများစုသည် အစိုးရစာမေးပွဲများကို ကျောင်းသားများဝင်နိုင်ရန် အစိုးရ၏ မြန်မာဘာသာသင်ရိုးကို အသုံးပြုကြသည်။ သို့သော် ယင်းကျောင်းများက ကျောင်းသားများကို သင်ကြားရေးနည်းလမ်းများနှင့် အခြေခံပစ္စည်းများဖြင့် ဖြည့်ဆည်းပေးကြသည်။ အရေးကြီးသည်မှာ နိုင်ငံခြားဘာသာစကားတစ်ခုတွင် သင်ထောက်ကူ ပစ္စည်းမှတစ်ဆင့် လမ်းညွှန်အကူအညီ ရစေရန် ကျောင်းသားများ၏ မိခင်ဘာသာစကားဖြင့် သင်ကြားပေးရန်အတွက် ထို EBEP များက ဆရာများကို အထောက်အပံ့ပေးသည်။ ကောင်းဟတ်ကွန်ရက်မှ မေးမြန်းခံရသည် ဆရာများသည် ကျောင်းသုံးဖတ်စာ စာအုပ် ဘာသာပြန်ခြင်းသည် ယင်းတို့၏ ကြီးမားသော အလုပ်ဖြစ်ကြောင်း ပြောကြသည်။ အချို့ EBEP များသည် ပညာရေးဝန်ကြီးဌာန သင်ရိုးကို သင်နေစဉ်အတွင်း တိုင်းရင်းသားဘာသာစကားများကို သုံးကာ သင်ခန်းစာကို ရှင်းလင်းကြသော နည်းလမ်းကို သုံးကြပြီး ကျောင်းဆရာ လေ့ကျင့်ရေးတွင် ယင်းသည် ထူးခြားသည့် ကျွမ်းကျင်မှုအဖြစ် စိတ်ထဲတွင် ထားရှိကြသည်။ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးကို အလေးထားသော EBEP များသည် တစ်ခါတစ်ရံ အပိုဘာသာအဖြစ် တိုင်းရင်းသား ဘာသာများကို ကျောင်းချိန်ပြင်ပ ဘာသာ သို့မဟုတ် ပုံမှန်သင်ရိုး၏ အစိတ်အပိုင်းအဖြစ် သင်ကြားပေးကြသည်။[197]

ဤလေ့လာမှုအတွက် မေးမြန်းထားသော မွန်နှင့် ကရင်ရပ်ရွာ အဖွဲ့ဝင်တို့က ရပ်ရွာများသည် MTB-MLE စွမ်းရည်အတွက် MNEC/MNED နှင့် KED/KSEAG ပညာရေးစနစ်များကို ထောက်ပံ့ပြီး တန်ဖိုးလည်းထားကြကြောင်း ဆိုသည်။ မွန် မိခင်တစ်ဦးက "ကျွန်မသားကို မွန်ကျောင်းမှာ ထားရတာကို ဂုဏ်ယူပါတယ်။ သင်ရိုးအကုန်လုံးကတော့ အစိုးရကျောင်းတွေအတွက် အတူတူပါပဲ။ ဒါပေမဲ့ မွန်ကျောင်းက ကျွန်မကလေးကို

194 ဒေါက်တာ ဝင်းအောင်၊ မန္တလေးညီလာခံ ရှင်းလင်းချက်။ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့)

195 သိပ္ပံဘာသာများမှလွဲပြီး အားလုံးကို မွန်ဘာသာဖြင့် သင်ကြားကာ သိပ္ပံဘာသာများကို မြန်မာနှင့် အင်္ဂလိပ် ဘာသာများနှင့် သင်ပေးသည်။ ဘာသာရပ်အများစုကို ၁၉၉၀ ပြည့်လွန် နှစ်များတွင် အစိုးရ၏ မြန်မာဘာသာသင်ရိုးနှင့် အဆင်ပြေစေရန် ပြုလုပ်ထားသည်။

196 ဂျက်စီကာ အောမင်နှင့် ဦးသက်နိုင်၏ "Working with Non-State Groups to Help All Children Get an Education,"။ UNICEF မြန်မာ blog။ ၂၀၁၅ ခုနှစ် ဧပြီလ ၈ ရက်နေ့။ http://unicefmyanmar.blogspot.com/2015/04/working-with-non-state-groups-to-help.html. တွင် ကြည့်ရန်။

197 ဥပမာ ကချင် EBEP များသည် ပညာရေးဝန်ကြီးဌာန၏ သင်ရိုးအတိုင်း တိုင်းရင်းသားဘာသာစကားများကို သင်ပေးသည်။ ကောင်းဟတ်ကွန်ရက်မှ ကျောင်းများသည် စာသင်ချိန် ဘာသာရပ်အဖြစ် ရှမ်းဘာသာကို မသင်ပေးချေ။ သို့သော် နွေရာသီ ရှမ်းစာပေသင်တန်းကိုမူ ဖွင့်လှစ်ပေးသည်။

မိခင်ဘာသာစကားနဲ့ မွန်သမိုင်း သင်ယူဖို့အတွက် ပိုကောင်းတဲ့ သင်ယူမှု အခွင့်အရေး ပေးပါတယ်”ဟု ပြောကြားသည်။[198]

အစိုးရထိန်းချုပ်ဒေသရှိ မွန်အမျိုးသားကျောင်းတစ်ကျောင်းမှ ကျောင်းကော်မတီ ခေါင်းဆောင်တစ်ဦးက “တကယ်လို့ နိုင်ငံရေး အခြေအနေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ဟာ မြန်မာအာဏာပိုင်တွေရဲ့အုပ်ချုပ်မှုအောက်မှာ ရှိပါတယ်။ ပြီးတော့ အရင်တုန်းက ကျွန်တော်တို့ မွန်စာပေကို သင်ကြားခွင့် မရခဲ့ကြပါဘူး။ ဒါကြောင့် အခု ကျွန်တော်တို့ ခွင့်ပြုချက်ရခဲ့ပြီး ဒီအခွင့်အရေးကို သုံးခွင့်ရပါပြီ”ဟု ပြောပါသည်။ စင်စစ် ကျောင်းကော်မတီ အဆိုအရ ထိုကျောင်းကို ဒေသခံ ဆရာတော်တစ်ပါးက ၁၉၉၅ ခုနှစ်တွင် ထူးခြားစွာ တည်ထောင်သည်။ အကြောင်းမှာ သူက “ဘာသာစကား ပျောက်မည်ကို အလွန်စိုးရိမ်သောကြောင့်” ဖြစ်ပါသည်။ ယင်းမတိုင်မီက မွန်ဘာသာကို နွေကျောင်းများတွင်သာ သင်ကြားကြသည်။ သို့သော် ယင်းသည် လုံလောက်သည်ဟု မထင်ကြပေ။[199] MNED က ထောက်ပံ့နေသော အနီးနား ကျေးရွာတစ်ရွာမှ မူလတန်းကျောင်း ဆရာတစ်ဦးက “မွန်ဆိုတာ နိုင်ငံတစ်ခု၊ နိုင်ငံတိုင်းမှာ ဘာသာစကား တစ်ခုစီရှိပြီး ကလေးတွေကို မိခင်ဘာသာ သင်ကြားပေးသင့်တယ်။ ဒါကြောင့် ကျွန်တော်တို့ [ပညာရေးစနစ် တိုးတက်တည်ဆောက်ဖို့] ကြိုးစားနေကြတယ်”ဟု ဆိုပါသည်။[200]

ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ အစုလိုက်ရောက်ရှိသည့်နေရာရှိ ကရင်အပစ်အခတ်ရပ်စဲရေး ဒေသများတွင် KED/KSEAG ကျောင်းဆရာများကို နုတ်ထွက်စေရန် ဖိအားပေးပြီး ဒေသရပ်ရွာ အစုအဖွဲ့များသည် စကောကရင် ဘာသာစကား စာသင်ခန်းများ ဆက်လက်ရှင်သန်စေရေး ၎င်းဆရာများကို ထိန်းသိမ်းထားရန် ခက်ခဲစွာ ကြိုးပမ်းကြရသည်။ ထိုဆုံးဖြတ်ချက်ကို ခက်ခဲစွာ ချခဲ့ရသော ကျောင်းကော်မတီဝင်တစ်ဦးက “ကျွန်တော်တို့ [ပညာရေးဝန်ကြီးဌာနကို] ပြောပါတယ်။ ကျွန်တော်တို့ ကရင်ဘာသာစကားနဲ့ ဆက်သွားမှာ ဒါမှမဟုတ်ရင် ကျွန်တော်တို့က ခင်ဗျားတို့ရဲ့ ကျောင်းဆရာတွေကို လက်မခံဘူး။ ကျွန်တော်တို့ဟာ ကရင်တွေပါ။ ကျွန်တော်တို့ ကိုယ့်ဘာသာစကားကို သင်ယူချင်ပါတယ်။ တကယ်လို့ ကိုယ့်စာပေကို မသင်ရရင် ကျွန်တော်တို့ နစ်နာမယ်။ ကရင်ပြည်သူတွေလည်း နစ်နာမယ်”ဟု ပြောပါသည်။[201]

ရပ်ရွာအစုအဖွဲ့သည် အထူးသဖြင့် ပညာရေးဝန်ကြီးဌာန သင်ရိုးကို သုံးလျှင် ဒေသတွင်း ဘာသာစကားကို သင်ခန်းစာရှင်းရာ၌ အသုံးပြုနိုင်သော ကျောင်းဆရာများကိုနှစ်သက်ကြသည်။ ဥပမာအားဖြင့် သီပေါမြို့နယ်တွင်ရှိသော ကျောင်းဆရာများ၊ ဘုန်းကြီးများနှင့် ကျောင်းကော်မတီများသည် ပညာရေးဝန်ကြီးဌာန၏ ကျောင်းများထက် ဒေသတွင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် RDFSS အထောက်အပံ့ခံကျောင်းများကို ပိုမိုနှစ်သက်ကြောင်း ပြောကြသည်။ အထူးသဖြင့် ဒေသဘာသာစကားဖြင့် သင်ခန်းစာရှင်းလင်းသောကြောင့် (ထိုကျောင်းများသည် ရှမ်းဘာသာစကားဖြင့် မသင်သောကြောင့်) ဖြစ်သည်။ အများစုကပြောသည်မှာ ဒေသဘာသာစကားများကြောင့် ကျောင်းသားများသည် အနီးအနားရှိ ပညာရေးဝန်ကြီးဌာန ကျောင်းများမှာထက် EBEP ကျောင်းများတွင် ပိုမို ထူးချွန်လာကြသည်ဟု ဆိုသည်။ ထို့အပြင် စာမေးပွဲအောင်ရန်အတွက် ကျောင်းသားများစွမ်းရည်ကို တိုက်ရိုက် အထောက်အပံ့ပေးကြသည်။ အနီးနားရှိ ပညာရေးဝန်ကြီးဌာန၏ ကျောင်းများတွင် ကလေးတိုင်း ဂရိတ် ၅ စာမေးပွဲကို မအောင်ကြပါ။ ဒေသခံ ဘာသာစကားသည် ကျောင်းဆရာများနှင့် တွေ့ပြီး ရပ်ရွာရှိ မိဘများနှင့် အခြားသူများအတွက် အရေးပါသည့်အနေဖြင့် ရှုမြင်သည်။ ရှမ်းပြည်နယ်၊ သီပေါမြို့နယ်ရှိ ကျောင်းကော်မတီဝင်တစ်ဦးက “ကျောင်းဆရာဟာ ဗမာဆိုရင် အဲဒါ ကျောင်းသားနဲ့ ဆရာကြားမှာရယ် ဆရာနဲ့ ရပ်ရွာကြားမှာရယ် ဘာသာစကား အခက်အခဲ ဖြစ်လာတာပဲ။”ဟု ဆိုသည်။[202]

ပညာရေးဝန်ကြီးဌာန၏ ကျောင်းများနှင့် MNEC/MNED ရောနှောကျောင်းများတွင် အစိုးရ ကျောင်းဆရာများနှင့် ကျောင်းကော်မတီဝင်များသည် မွန်ဘာသာနှင့် သမိုင်းသင်ကြားရန် MNEC/MNED ၏ တန်ဖိုးရှိသော အထောက်အပံ့ကို အလေးထားကြသည်။ ကရင်ပြည်နယ်ရှိ ရောနှောကျောင်းဖြစ်သော မူလတန်းလွန်ကျောင်းတွင် မွန်ဘာသာသာ သင်ကြားပေးသော ဆရာတစ်ယောက်နှင့် ပုံမှန်သင်ကြားရေးတွင် မွန်သင်ခန်းစာများ သင်ကြားပေးရန် တာဝန်ချထားသော အစိုးရကျောင်းဆရာ ငါးဦးရှိသည်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအုပ်ဆရာကြီးတစ်ဦး အဆိုအရ MNED ကျောင်းဆရာသည် သူမ၏ အတွေ့အကြုံအရ မွန်ဘာသာရပ်များ သင်ကြားရာတွင် ဦးဆောင်နေကြောင်း၊ ယင်းသည် အရေးကြီးကြောင်း၊ အကြောင်းမှာ ဘာသာရပ်အတွက် အစိုးရ၏ အမြဲတမ်း အထောက်အပံ့ဆိုသည်မှာ မသေချာကြောင်း ဆိုသည်။ (ပညာရေးဝန်ကြီးဌာန၏ မွန်ဘာသာ သင်ရိုးကို အဆင့်မြှင့်ခဲ့ပြီးသော်လည်း) အစိုးရကပေးသည့် အထောက်အပံ့သည် မလုံလောက်သောကြောင့် ကျောင်းသည် MNED ကို မှီခိုနေရကြောင်း ပြောသည်။[203]

---

198 ဂျက်စီကာ အောမင်နှင့် ဦးသက်နိုင်၏ “Working with Non-State Groups to Help All Children Get an Education,”။ UNICEF မြန်မာ blog။ ၂၀၁၅ ခုနှစ် ဧပြီလ ၈ရက်နေ့။ http://unicefmyanmar.blogspot.com/2015/04/working-with-non-state-groups-to-help.html. တွင် ကြည့်ရန်။

199 မွန်အမျိုးသား အလယ်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသားမိဘများနှင့် ဆရာများ၏ အုပ်စု ဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)

200 မွန်အမျိုးသား အလယ်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသားမိဘများနှင့် ဆရာများ၏ အုပ်စု ဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)

201 ၂ ကျောင်း ၁ ကျောင်းတွင် အုပ်စုဆွေးနွေးပွဲ ပြုလုပ်ခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)

202 ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ လွတ်ရုံကျေးရွာတွင် ကျောင်းကော်မတီ အဖွဲ့ဝင်နှင့် တွေ့ဆုံဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် ဒီဇင်ဘာလ)

203 မူလတန်းလွန် ရောနှောကျောင်းတွင် ကျောင်းအုပ်နှင့် ကျောင်းကော်မတီခေါင်းဆောင်များ အုပ်စုဆွေးနွေးပွဲ။ (၂၀၁၅ခုနှစ် နိုဝင်ဘာလ)။ MNSPက ခေါ်သော သထုံ (စထုံ) ခရိုင်တွင် ရောနှောမူလတန်းကျောင်းများမှ ကျောင်းဆရာများနှင့် MNED အုပ်ချုပ်ရေးမှူးတစ်ဦးတို့ ဆွေးနွေးပွဲမှ အတွေ့အကြုံများ။ (၂၀၁၅ခုနှစ် နိုဝင်ဘာလ)

MTB-MLE ကို အကောင်အထည်ဖော်နေရင်း EBEP များ၏ အတွေ့အကြုံနှင့် စွမ်းရည်များသည် ယင်းတို့၏ ကျောင်းများတွင် အရေးပါပြီး ပညာရေးဝန်ကြီးဌာန ကျောင်းများတွင် ထပ်ဆောင်းဝန်ဆောင်မှုများ ပေးအပ်သည်။ EBEP တို့က ထောက်ပံ့ထားသော ပညာရေးကို အသိအမှတ်ပြုခြင်းသည် MTB-MLE ၏ ဆောင်ရွက်နိုင်မှုအခွင့်အလမ်းကို ညွှန်းဆိုနိုင်ပြီး အမျိုးသားရည်မှန်းချက်များ ပြည့်မီ အကောင်အထည်ဖော်နိုင်မှုတွင် တိုးတက်လာစေလိမ့်မည် ဖြစ်သည်။ ယင်း အတွေ့အကြုံများသည် ကိုယ်ပိုင် သင်ကြားရေးပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ပိုင်ဆရာများကို လေ့ကျင့်ပေးရန် ပညာရေးဝန်ကြီးဌာန၏ အားထုတ်မှုများကို အထောက်အပံ့ပေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံ၏ အရှေ့တောင်ဒေသရှိ မွန်ဒေသများတွင် ဆောင်ရွက်နေပြီး အခန်း (၆) တွင် ဆွေးနွေးထားပါသည်။ သို့သော် EBEP က MTB-MLE ၏ ဆောင်ရွက်ချက်များကို တိုးတက်စေရန်အတွက် ကြီးမားစွာ လုပ်ဆောင်ပေးသည်ကို တွေ့ရမည် ဖြစ်သည်။ ဥပမာအားဖြင့် ကိစ္စအနည်းငယ်တွင် KSEAG ကျောင်းဆရာများသည် စကောကရင်စာကို ဖတ်နိုင်ရေးနိုင်ခြင်း မရှိဘဲ သင်လည်း မသင်နိုင်ဖြစ်နေသည်။ အကြောင်းမှာ ၎င်းတို့သည် ထိုဒေသတွင်းရှိ အစိုးရကျောင်းများတွင် ကျောင်းတက်လာကြသောကြောင့် ဖြစ်သည်။ ၎င်းတို့သည် အစိုးရသင်ရိုးအပါအဝင် မြန်မာစာနှင့် ရေးသားထားသော ပစ္စည်းများကို မည်သည့်နည်းနှင့်မဆို အသုံးပြုနိုင်သည်။ ထို့အပြင် မိခင်ဘာသာသည် ပိုး သို့မဟုတ် အခြား ကရင်ဘာသာဖြစ်နေသော ကျောင်းသားများသည် စကောကရင် ဘာသာကို သင်ယူကြပြီး မိခင်ဘာသာ အခြေခံပညာရေးကို မရရှိကြပါ။ ပညာရေးဝန်ကြီးဌာနနှင့် နှိုင်းယှဉ်လျှင် ထိုဒေသတွင် EBEP တို့ လုပ်နိုင်စွမ်းရှိကြသော်လည်း အထက်ပါ သင်ကြားမှုမျိုးတွင် လုံလောက်မှု မရှိသည်ကို တွေ့ရသည်။

## *ရပ်ရွာလူ့အဖွဲ့အစည်း၏ ရင်ထဲမှာ*

EBEP များကို တိုင်းရင်းသားများနေထိုင်သော ရပ်ရွာက လှိုက်လှဲစွာ တန်ဖိုးထားကြသည်။ ရပ်ရွာသည် EBEP များကို ပညာရေး ဝန်ကြီးဌာနထက် ပိုမိုနှစ်သက်ကြသည်။ စင်စစ် ပညာရေးဝန်ကြီးဌာနတွင် ပိုမို အသိအမှတ်ပြုဖွယ်ကောင်းသော အရည်အချင်းများရှိပြီး ယင်း၏ ဆရာများအတွက် တစ်ခါတစ်ရံ ကုန်ကျစရိတ် အနည်းငယ်သာ ကုန်ကျသည်။[204] အကျိုးဆက်မှာ ရပ်ရွာ၏ နှစ်သက်မှုမှာ ပြောင်းလဲနေသောကြောင့် ဖြစ်သည်။ မိဘများသည် မိမိတို့၏ ကလေးများကို ပို့ရန်နေရာကို ရွေးချယ်ကြသည်မှာ ထင်ရှားပြီး ရပ်ရွာကျောင်းများသည် ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ အထောက်အပံ့ကမ်းလှမ်းချက် နှစ်ခုမှ ရွေးချယ်ကြရသည်။ (အခန်း ၉ ကို ကြည့်ပါ) သို့သော် ရပ်ရွာအစုအဖွဲ့များသည် EBEP များတွင် ကြီးမားစွာ ရင်းနှီးမြှုပ်နှံကြပြီး ပညာရေးဝန်ကြီးဌာနထက် ယင်းတို့ကို ပိုမိုနှစ်သက်စေရန် ဖော်ပြကြသည်။ စင်စစ် EBEP ကျောင်းအများစုသည် ကလေးများ ကျောင်းတက်ပြီးသွားသည့်တိုင်အောင် ပြည်သူများထံမှ လှူဒါန်းမှုကို မှီခိုနေကြရသည်။

ပညာရေးဝန်ကြီးဌာနက အုပ်ချုပ်သော ပညာရေးဝန်ကြီးဌာနနှင့် MEC/MED ရောနှောကျောင်းများမှာပင် ကျောင်းကော်မတီ ခေါင်းဆောင်သည် ရပ်ရွာကို MNEC/MNED စနစ်၏ အရေးပါပုံကို အလေးထားပြောကြားသည်။ သူက "အနာဂတ်မှာ ကျွန်တော်တို့ရဲ့ မွန်ပညာရေးစနစ်တည်ဆောက်ဖို့ တကယ်ကို လိုအပ်ပါတယ်။ တကယ်လို့ အစိုးရစနစ်ကို စောင့်နေ အားကိုးနေမယ်ဆိုရင် [ကျွန်တော်တို့ လိုအပ်တာကို] ရမှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဒေသတွင်း ပညာရေးစနစ်ကို တည်ဆောက်ဖို့ နိုင်ငံတကာနဲ့ အခြား အကူအညီတွေ လိုအပ်ပါတယ်။"ဟု ပြောကြားသည်။[205]

ယနေ့တိုင်အောင် အကြောင်းပြချက်များစွာ ရှိနေသည်။ ပထမဦးဆုံးမှာ EBEP များ သေချာစွာတည်ဆောက်ထားသော နေရာတွင် တိုင်းရင်းသားရပ်ရွာများက ယင်းတို့ကို သူတို့၏ ကိုယ်ပိုင်ပညာရေးစနစ်အဖြစ် ရှုမြင်ကြပြီး ဂုဏ်ပြုယူနေကြသေးသည်။ MNEC/MNED အလယ်တန်းကျောင်းတစ်ကျောင်းမှ မွန်မိခင်တစ်ဦးက သူမသည် သူမ၏ကလေးကို ထိုကျောင်းသို့ ပို့ရန် ရွေးချယ်ကြောင်း၊ "အကြောင်းကတော့ ကျွန်မတို့ မွန်လူမျိုးကို ချစ်တယ်။ ကျွန်မတို့ မျိုးချစ်စိတ်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က မွန်တွေမို့လို့ပါ" [206] ဟု ပြောကြားခဲ့သည်။ ယင်းမှာ ယခင်ဆွေးနွေးခဲ့သည့်အတိုင်း  တိုင်းရင်းသားတစ်ခုခု၏ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းတို့ကို ထိန်းသိမ်းရန် ဆန္ဒနှင့် ပတ်သက်နေသည်။ ကရင်ပြည်နယ်တွင် ပညာရေးဝန်ကြီးဌာနက ပြန်လည်လေ့ကျင့်ရန်နှင့် သင်ကြားရန် လစာများများပေးပြီး ကမ်းလှမ်းခံရသော KED/KSEAG အထောက်အပံ့ခံ ကျောင်းဆရာမတစ်ဦးက ကမ်းလှမ်းချက်ကို ပယ်ချလိုက်ပါသည်။ "ဘာကြောင့်ဆိုတော့ အစိုးရဆီမှာ အလုပ်မလုပ်ချင်လို့ပါ"ဟု ဆိုသည်။[207] အနှစ်နှစ်ဆယ် လုပ်သက်ရှိသော ပညာရေးဝန်ကြီးဌာနမှ ကျောင်းအုပ်တစ်ဦးက ကရင်ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာ ဖြစ်ချင်ပါကြောင်း အကြောင်းပြချက် ဖော်ပြသည်။ "ကျွန်တော် ကိုယ့်လူမျိုးတွေကို အလုပ်အကျွေးပြုချင်တယ်။ အစိုးရနဲ့ နီးနီးကပ်ကပ်

[204] လစာအများအပြားပေးထားသောကြောင့် ထိုသို့ဖြစ်တတ်ပြီး ရပ်ရွာမှ ထောက်ပံ့သည်များ မလိုအပ်ပါ။ သို့သော် အခန်း (၉)တွင် ဆွေးနွေးထားသကဲ့သို့ ပညာရေးဝန်ကြီးဌာန အထောက်အပံ့သည် ဖတ်စာအုပ်များ၊ မမျှော်လင့်သော ကျောင်းခရီးစဉ်များနှင့် အခြားကုန်ကျစရိတ်များကဲ့သို့ ကုန်ကျမှု အသစ်များအတွက် ကုန်ကျနေရသည်။

[205] မူလတန်းလွန် ရောနှောကျောင်းတွင် ကျောင်းအုပ်နှင့် ကျောင်းကော်မတီခေါင်းဆောင်များ အုပ်စုဆွေးနွေးပွဲ။ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[206] မွန်အမျိုးသား အလယ်တန်းကျောင်းတွင် မိဘများနှင့် ကျောင်းဆရာများ အုပ်စုဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)

[207] တွေ့ဆုံမေးမြန်းခြင်း။ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံ။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

အလုပ်မလုပ်ချင်ဘူး” ဟု ပြောခဲ့သည်။[208]

အချို့ EAO ပညာရေးဌာနများကို ပညာရေး အာဏာပိုင်များက ဆယ်စုနှစ်ပေါင်းများစွာက တည်ထောင်ခဲ့ကြပြီး ပညာတတ် မိဘများကလည်း အသိအမှတ်ပြုကြသည်။ အထူးသဖြင့် ကရင် လေ့လာမှုတွင် ကျောင်းကော်မတီ အဖွဲ့ဝင်များက သူတို့သည် EBEP များကို ဒေသဆိုင်ရာ ပညာရေးအာဏာပိုင်များအဖြစ် မြင်ကြောင်းနှင့် ထို့ကြောင့်ပင် ပထမဆုံးအကြိမ် ရောက်လာခဲ့လျှင် ပညာရေးဝန်ကြီးဌာနသည် ယင်းအာဏာပိုင်များနှင့် တိုင်ပင်ရန် ခွင့်တောင်းရကြောင်း ပြောကြသည်။ ကရင်ကျေးရွာ ခေါင်းဆောင်တစ်ဦးက “ကျွန်တော်တို့မှာ အဆင့်တိုင်း KNU ခေါင်းဆောင်တွေရှိတယ်။ ခေါင်းဆောင်တွေက လက်မခံရင် ကျွန်တော်တို့ လက်မခံနိုင်ဘူး။ ခေါင်းဆောင်တွေ လက်ခံရင်တောင်မှ ကျွန်တော်တို့ [ကျွန်တော်တို့ အပြင်က] အကူအညီ လက်မခံနိုင်ဘူး။ ပညာရေးအတွက် ကျေးရွာအဆင့်ကို KED က တဆင့်ပဲ လာသင်တယ်။ ကျွန်တော်တို့က ကျေးရွာ အဆင့်ပါ”ပြောကြားသည်။[209] KNU ထိန်းချုပ်ထားသော မူတောခရိုင်မှ ကရင်အမျိုးသမီးတစ်ဦးက EAO များသည် ပညာရေးအတွက် တာဝန်ယူသင့်ကြောင်း၊ အကြောင်းမှာ ကျောင်းပြီးသွားသည့် ကျောင်းသားများသည် “နိုင်ငံတော်အတွက် အသုံးကျမည်ဖြစ်ကြောင်း” ပြောဆိုသည်။[210]

ရှမ်းလေ့လာရေးအတွက် တွေ့ဆုံမေးမြန်းခံရသည့် သီပေါမြို့နယ်ရှိ ရပ်ရွာအစုအဖွဲ့များက ကောင်းဟတ်ကွန်ရက်သည် ထူးခြားစွာ တန်ဖိုးရှိကြောင်း၊ အကြောင်းမှာ ပြင်ပအထောက်အပံ့အချို့နှင့် အစိုးရ၏ အသိအမှတ်ပြုခံရစဉ် ကျောင်းများအတွက် ပိုင်ရှင်ဖြစ်သည်ဟု ခံစားရသောကြောင့်ဖြစ်ကြောင်း ဆိုသည်။ ကောင်းဟတ်ဆရာတော် ဦးဆောင်မှုအောက်တွင် တပ်မတော် သို့မဟုတ် EAO များ၏ နှောင့်ယှက်မှုမှ ကာကွယ်ပေးသည်။ ဖြေကြားသူတစ်ဦးက “ရှမ်းပြည်မှာ ပညာရေးစနစ်အတွက် အကျိုးရှိတဲ့ အလုပ်လုပ်ချင်ရင် ဆရာတော်တွေဆီကလွဲလို့ ဘယ်ကိုမှ ထွက်မပြေးနိုင်ဘူး”[211] ဟု ပြောသည်။

EBEP များ နေရာသစ်သို့ ရောက်ချိန်တွင်ပင် ပညာရေးဝန်ကြီးဌာနနှင့် လုပ်ဆောင်သည်ထက် ယင်းတို့သည် ကျောင်းကော်မတီများ၊ မိဘများနှင့် အတူ ပိုမို ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည်။ အကြောင်းမှာ ယင်းတို့၏ ဝန်ထမ်းများနှင့် ကျောင်းဆရာများသည် ဒေသတွင်းစကားကို ပြောဆိုတတ်ပြီး ဒေသဓလေ့များကိုလည်း နားလည်ကြကာ သက်ကြီးဝါကြီးများ၊ ကျေးရွာခေါင်းဆောင်များနှင့် ကျောင်းကော်မတီများနှင့် ယုံကြည်မှုတည်ဆောက်ရန် အချိန်ယူတတ်သောကြောင့် ဖြစ်သည်။ လက်ရှိကျောင်းအုပ်နှစ်ယောက် ပူးတွဲအုပ်ချုပ်နေသော ပညာရေးဝန်ကြီးဌာနနှင့် KED/KSEAG ရောနှောကျောင်း တစ်ကျောင်းမှ ကရင်အမျိုးသမီးတစ်ဦးက “ကျောင်းအုပ်အသစ်တစ်ယောက် ရွေးရမယ်ဆိုရင် ကျွန်မတို့ ဒေသခံ ဝန်ထမ်းထဲကပဲ ရွေးမှာပါ။ [မြန်မာ]အစိုးရဘက်က ရွာအခြေအနေကို နားမလည်ဘူး။”[212] ဟု ပြောသည်။ ပညာရေးဝန်ကြီးဌာနကို တိုက်ရိုက်သွားဖို့ ယုံကြည်ချက် သို့မဟုတ် ဆက်ဆံဖို့ မရှိသောကြောင့် ဆက်ဆံရေးတွင် ကွဲပြားမှုများက ထိုကျောင်းများတွင် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို မကျေနပ်ချက်များတိုင်ဖို့ ရပ်ရွာက EBEP တွေဘက် ပြောင်းလဲလာသည်မှာ ထင်ရှားလာသည်။ (အခန်း ၁၀ ကို ကြည့်ပါ။)

ရှမ်းပြည်နယ်ရှိ သီပေါမြို့နယ် ကျေးရွာတစ်ရွာတွင် ကျောင်းနှစ်ကျောင်း နီးနီးကပ်ကပ် တည်ရှိကြပြီး တစ်ကျောင်းကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူကာ နောက်တစ်ကျောင်းကို RDFSS နှင့် ဆက်နွယ်နေသော ကောင်းဟတ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကွန်ရက်က တာဝန်ယူ ဆောင်ရွက်နေသည်။ ကျောင်းနှစ်ကျောင်းစလုံးတွင် ကျောင်းကော်မတီအဖြစ် တာဝန်ယူနေသော ပုဂ္ဂိုလ်တစ်ဦးက ရှင်းပြရာတွင် ရပ်ရွာက အစိုးရကျောင်းဆရာများကို ဆက်ဆံရန်ခက်ခဲကြောင်း တွေ့ရပြီး (အသက်ကြီးသူ) ရွာသားတစ်ဦးသာ မြန်မာစကားပြောတတ်ကြောင်း သိရသည်။ “ကျွန်တော်တို့ မိဘတွေနဲ့ ရပ်ရွာက ကျောင်းမှာ ပါဝင်ဖို့ ဒါမှမဟုတ် ကလေးတွေကို သင်ကြားဖို့ ဘာအကြံဉာဏ်တွေမှ ပေးခွင့်မရှိပါဘူး။” ဟု ဆိုသည်။ ထို့ကြောင့် ရပ်ရွာသည် အစိုးရကျောင်းကို ဖယ်ရှားပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသာ ထားချင်ကြောင်း သိရသည်။[213] ထိုနည်းတူ KED က ကရင်ပြည်နယ်ကို ရောက်လာသော ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာအသစ်များ၏ လုပ်ဆောင်မှုနှင့် ပညာရှင်မပီသမှုများကို တိုင်တန်းမှု မျိုးစုံရှိကြောင်း ပြောပြသည်။ အကြောင်းမှာ ပညာရေးဝန်ကြီးဌာနနှင့် ရပ်ရွာအတွင်း တာဝန်ခံမှု မရှိသောကြောင့်ဖြစ်သည်။

ထို့အပြင် EBEP က ထောက်ပံ့သော ကျောင်းဆရာများသည် ကျောင်းရှိသောကျေးရွာ သို့မဟုတ် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် ရှိကြပြီး

208 တွေ့ဆုံမေးမြန်းခြင်း။ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံ။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

209 အရှေ့ဒေါနဒေသ၊ ကျေးရွာခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောင်တိုဘာလ)။

210 KHRG (၂၀၀၆)။ စာမျက်နှာ ၃၄။

211 RDFSS ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း။ လားရှိုး (၂၀၁၅ ခုနှစ် ဇူလိုင်လ)။

212 KHRG (၂၀၀၆)။ စာမျက်နှာ ၄၁

213 ကျောင်းကော်မတီဝင်များနှင့် အုပ်စုဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် ဒီဇင်ဘာလ)

ရပ်ရွာက ကြည့်ရှုစောင့်ရှောက်ထားကြောင်း၊ ယင်းတို့ကို နေစရာအိမ်နှင့် ထောက်ပံ့မှုပေးကြောင်း သိရသည်။ ကျောင်းပိတ်ရက်များတွင် ယင်းတို့သည် ရွာထဲတွင် သို့မဟုတ် ဆက်သွယ်ရန် လွယ်ကူသောနေရာတွင် ရှိကြသည်။ EBEP များသည် အချို့နေရာများတွင် အထက်တန်းကျောင်း ဆရာများ ပြောင်းရွှေ့မှုကို ကြုံကြရသည်။ နှစ်ပေါင်းများစွာ ဆရာတစ်ယောက်တည်းရှိသော ရပ်ရွာများလည်းရှိသည်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများမှာ ထိုသို့ လုပ်ဆောင်ရန် ခက်ခဲသည်။ အကြောင်းမှာ ယင်းတို့သည် မြို့များမှ လာရောက်တာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ဝေးလံခေါင်ဖျားဒေသများတွင် အမြဲတမ်း မနေလိုကြချေ။ ဒေသတစ်ခုတည်းမှာပင် EBEP ကျောင်းဆရာများသည် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများထက် ပိုမို အားကိုးခံရသည်။ EBEP ကျောင်းဆရာများသည် အလုပ်ကို ကြိုးစားထမ်းဆောင်ကြပြီး မှန်ကန်သော "အမြင်"[214] ရှိသောကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ်ရှိ ကျောင်းကော်မတီဝင် တစ်ဦးက ကျောင်းကော်မတီကို ပညာရေးဝန်ကြီးဌာနမှ ရရှိသော ကျောင်းဆရာများက မကျေနပ်ကြောင်း၊ အကြောင်းမှာ ထိုကျောင်းဆရာများသည် ရပ်ရွာကို အကျိုးပြုရန်ထက် "လစာယူရုံ"သာ ကျောင်းကို လာကြကြောင်း။ နှစ်တိုင်းကျောင်းသားများကို ပုံစံတူသာ သင်ပေးကြောင်း ပြောကြားသည်။ ၂၀၀၇ ခုနှစ်တွင် ကောင်းဟတ်ကွန်ရက် လက်အောက်ခံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအဖြစ် ထိုကျောင်းများကို နောက်ပိုင်းတွင် ပြောင်းလဲလိုက်သည်။

## *EBEP များ အသိအမှတ်ပြုမှုမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး တည်ဆောက်ခြင်း*

တိုင်းပြည်အာဏာကို မယူမီကတည်းက NLD သည် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးအပါအဝင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို အစိုးရ၏ ပင်မရည်မှန်းချက်များအဖြစ် အကောင်အထည်ဖော်ခဲ့သည်။ တစ်ခါကမျှ ဖြေရှင်းခြင်း မပြုလုပ်ခဲ့သော တိုင်းရင်းသားများ၏ နစ်နာချက်များနှင့် နိုင်ငံရေး အငြင်းပွားမှုများကြောင့် ဆယ်စုနှစ်ပေါင်းများစွာ အထန်တလဲလဲ ပြန်လည်ဖြစ်ပေါ်နေသော ယင်းကိစ္စသည် အဆုံးစွန်ဆုံး အခက်အခဲဖြစ်နေသည်။

ပြည်ထောင်စုအတွင်း တန်ဖိုးရှိသော အဖွဲ့အစည်းများအဖြစ် အနာဂတ်တွင် ရှိနေစေရန် EBEP များကို အသိအမှတ်ပြုရန်နှင့် တရားဝင်ဖြစ်စေရန် အစိုးရသစ်၏ တိကျသော အားထုတ်မှုများသည် ငြိမ်းချမ်းရေးတည်ဆောက်ရန် ထင်ရှားသော တိုးတက်မှု တစ်ခုနှင့် "စစ်မှန်သော" ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဆောင်ရွက်ပေးလိမ့်မည်ဖြစ်သည်။[215] EAO နှင့် ရပ်ရွာအဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ရန်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးသည် ယင်းတို့၏ လက်ရှိစနစ်များနှင့် ဖွဲ့စည်းမှုများကို နှောင့်ယှက်ရန် အသုံးပြုမည်မဟုတ်ကြောင်းနှင့် အနာဂတ်တွင် ယင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အပြုသဘောဆောင်သော ပထမအဆင့် ခြေလှမ်းဖြစ်ကြောင်း သိရသည်။ ရန်လိုသော ဆက်ဆံမှုများကို ပြောင်းလဲနေသော ယုံကြည်မှုတည်ဆောက်ဖော်ပြရာတွင် အကူအညီပေးရန် ယခင်က ဘေးဖယ်ခံထားရသော တိုင်းရင်းသားများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများကဲ့သို့ နိုင်ငံတော်နှင့် EBEP များအကြား စစ်မှန်သော ပူးပေါင်းရေး ပုံသဏ္ဌာန်ကို ဖြည့်ဆည်းဆောင်ရွက်လိမ့်မည် ဖြစ်သည်။

ရေရှည်တွင် ထိုပူးပေါင်းဆောင်ရွက်ရေးပုံသဏ္ဌာန်သည် MTB-MLE ကို တိုးတက်စေရန် ဆောင်ရွက်နိုင်ပြီး နိုင်ငံ၏ ကွဲပြားခြားနားသော အဖွဲ့များ၏ ကိုယ်စားလှယ်များအဖြစ် ပိုမိုပါဝင်နိုင်သော ပညာရေးစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိက ရည်ရွယ်ချက်အဖြစ် ပါဝင်ဆောင်ရွက်သူအားလုံးက အသိအမှတ်ပြုသော ခိုင်မာသော အခြေခံအချက်များမှ ဗဟိုချုပ်ကိုင်မှု ပိုမိုနည်းပါးသော ဖက်ဒရယ်ပုံစံ အစိုးရ တစ်ရပ်ကို နောက်ဆုံးတွင် ပြောင်းလဲရန် လုပ်ငန်းစဉ်အားလုံးက ဖြည့်ဆည်းပေးလိမ့်မည် ဖြစ်သည်။

EAO များ တည်ထောင်ထားသော နိုင်ငံ၏ အချို့နေရာများသည် ရှေ့ပြေးအစိုးရများကို ဖွဲ့စည်းထားကြပြီး အထူးသဖြင့် တပ်မတော်က အုပ်ချုပ်သော ဆယ်စုနှစ်ကာလများအတွင်း နိုင်ငံတော်က ဖြည့်ဆည်းပေးခြင်းမရှိသည့် နေရာများတွင် ရပ်ရွာများအတွက် ထောက်ပံ့ရန် ယင်းတို့၏ တွေးဆမိသော တာဝန်များကို ထမ်းဆောင်ရာတွင် များစွာဂုဏ်ယူကြရသည်။ EAO-ED များသည် ပညာရေးစနစ်ကို ခံစားရရာ၌ ယင်းတို့ တည်ဆောက်သော ပညာရေးစနစ်များသည် စိန်ခေါ်မှုရှိသော အခြေအနေများတွင် ရှိနေပြီး ယင်းသည် တရားဝင်ပြယုဂ်ဖြစ်ကာ ယင်းတို့ ထိန်းချုပ်ထားသော ဒေသရှိ ရပ်ရွာများကို ကိုယ်စားပြုရန် ထုတ်ဖော်တင်ပြကြသည်။ အခြား EBEP များသည် ဒေသတွင်း အားကောင်းသော ဘာသာရေး သို့မဟုတ် ရပ်ရွာ၏ ထင်ရှားသော ပုဂ္ဂိုလ်များကို ဆက်သွယ်ပြီး ယင်းအဖွဲ့အစည်းများတွင် ထူးခြားသော လူမှုရေးဆိုင်ရာ အရင်းအနှီးများပြုလုပ်ကြသည်။ ပညာရေးထောက်ပံ့မှုတွင် ပါဝင်သော EAO ခေါင်းဆောင်များနှင့် အခြား တိုင်းရင်းသားထိပ်တန်းပုဂ္ဂိုလ်များသည် ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေး ကာလမှာပင် ယင်းတို့ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး သမိုင်းရှည်ကြီး၌ ယင်းတို့၏ သမာသမတ်ကျမှုကို နားလည်နိုင်စွာ ပြန်ပြောင်းရှာဖွေကြသည်။

---

[214] KHRG (၂၀၁၆) က ဖော်ပြသည်မှာ ပညာရေးဝန်ကြီးဌာနနှင့် အခြားဆောင်ရွက်သူများက ထောက်ပံ့သော ပညာရေး အရည်အသွေး မျှတစေရန် ကရင်အမျိုးသမီးများ၏ ထူးခြားအရေးပါမှု။ စာမျက်နှာ ၃၅ ကြည့်ပါ။

[215] မြန်မာ့သတင်းစဉ်၊ "State Counsellor Offers New Year Message," Global New Light of Myanmar သတင်းစာ။ ၂၀၁၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့။ http://globalnewlightofmyanmar.com/amendment-essential/. ကြည့်ပါ။

တစ်ချိန်တည်းမှာပင် စစ်ဒဏ်နှင့် ဖိနှိပ်မှုဒဏ် ခံစားကြရသည့် များစွာသော တိုင်းရင်းသားအစုအဖွဲ့များသည် တပ်မတော်ပုံစံဖြင့် ရှိနေသော နိုင်ငံတော်ကို သံသယရှိနေကြသည်။ အစိုးရအုပ်ချုပ်ရေးအောက်တွင် ရှိခဲ့ဖူးသော ရပ်ရွာအစုအဖွဲ့များသည် အထူးသဖြင့် အုပ်ချုပ်ရေးစနစ်များနှင့် အပြိုင် EAO ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သူများသည် သီးသန့် ရပ်ရွာအစုအဖွဲ့တစ်ခု၏ လက္ခဏာများဖြစ်သော ပြည်ထောင်စု၏ ပညာရေးစနစ်ထဲသို့ ရပ်ရွာကျောင်းများကို သိမ်းသွင်းခြင်းအတွက် မေးခွန်းများရှိခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နိုင်ငံတော်၏ အာဏာစက် အပြင်ဘက်တွင် ဖွဲ့စည်းခဲ့သည့် အစုအဖွဲ့များကို ပါဝင်စေနိုင်သော လုပ်ငန်းစဉ်တွင် ပြန်လည်ရင်ကြားစေ့ရေးသည် ပါဝင်လိမ့်မည် ဖြစ်သည်။ ယင်းသည် ကိုယ်စားလှယ်များစွာနှင့် ဒေသဆိုင်ရာ သက်ဆိုင်သည့် အဖွဲ့အစည်းများကို ခွင့်ပြုမည်ဖြစ်သည်။

ထိုင်းနိုင်ငံရှိ ကရင်ဒုက္ခသည် အသိုက်အဝန်းမှ အရွေးကောက်ခံ အမျိုးသမီးခေါင်းဆောင်တစ်ဦးက "[ထပ်ပြောရရင်တော့] ကျွန်မတို့ရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရုံ အစီအစဉ်ကို မလိုချင်တော့ဘူး။ [မြန်မာ]ခေါင်းဆောင်တွေက [နိုင်ငံအတွင်းကို] ကျွန်မတို့ အားလုံးကို ပြန်လာဖို့ ဖိတ်ခေါ်စေချင်တယ်။ ကျွန်မတို့ဟာ ကိုယ့်လမ်းပေါ်မှာ၊ ကိုယ့်အသိုက်အဝန်းနဲ့ ကိုယ့်ပညာရေးစနစ်မှာ ကိုယ်ရှိကြပါတယ်။ ပြီးတော့ ကျွန်မတို့[နိုင်ငံတွင်းကို] ဘယ်လိုပြန်လာနိုင်မလဲဆိုတာ လိုအပ်ပါတယ်။" ဟု ပြောဆိုခဲ့သည်။[216] ဒုက္ခသည် အသိုက်အဝန်းများသည် မြန်မာနိုင်ငံ၏ အဓိက အခြေအနေမှ သီးခြားဖြစ်လာသော နမူနာအဖြစ်ဆုံး လူ့အသိုင်းအဝိုင်းများကို ကိုယ်စားပြုကြသည်။ EAO ထိန်းချုပ် နယ်မြေများတွင် အကာအကွယ်ရရှိထားသော IDP အသိုက်အဝန်းများ အပါအဝင် EAO များက တိုင်းပြည်တွင်း ယင်းတို့ အုပ်ချုပ်သော နေရာများမှ ပြည်သူများ၏ အလားတူ ခံယူချက် သဘောထားများကို ဖြန့်ဝေခဲ့သည်။[217]

ထို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တရားဝင်အသိအမှတ်ပြုထားသော နိုင်ငံရေးအနေအထားသို့ EAO ၏ ထိန်းချုပ်ထားသော နေရာများရှိ လက်ရှိအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ တဖြည်းဖြည်း ပေါင်းစည်းနေမှုအား ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးက လိုအပ်ဖွယ်ရှိသည်။ လက်နက်ဖျက်သိမ်းရေးနှင့် စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုရေး မတိုင်မီ ပြန်လည်ပေါင်းစည်းရေးဖြစ်သည့် "RDD"၏ လုပ်ငန်းစဉ်တစ်ခုအတွက် ကယက် နှင့် ဂရေဗာစ် (၂၀၁၅)တို့က ဆွေးနွေးထားသည်။[218] တနည်းအားဖြင့် လက်ရှိ နိုင်ငံရေးအစီအစဉ်များကို လွှမ်းမိုးရန် ကြိုးပမ်းခြင်းသည် အစုအဖွဲ့များအကြား မယုံကြည်မှုနှင့် ဆန့်ကျင်မှုကို EAO ခေါင်းဆောင်များအကြား မွေးဖွားစေလိမ့်မည်ဖြစ်သည်။ အစိုးရ၏ EBEP များကို အသိအမှတ်ပြုရန်နှင့် ပါဝင်စေရန် တက်ကြွသော တွေ့ဆုံဆွေးနွေးမှုများအတွက် အလားအလာသည် ထိုလုပ်ငန်းစဉ်ကို စတင်ရန် ကြီးမားသော အခွင့်အလမ်းဖြစ်သည်။

216 ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ရှိ မယ်လ ယာယီစခန်းတွင် အမျိုးသမီးကဏ္ဍ ခေါင်းဆောင်၏ ဝေဖန်ချက်နှင့် ပတ်သက်ပြီး ပြန်လည်ဝေဖန်ထားမှုကို ကင်ဂျိုလစ်ဖ်က တိုင်းပြည်သို့ ပြန်ခေါ်ခြင်းအား သုတေသနပြုထားခြင်း။ (၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ)

217 ၂၀၁၃ ခုနှစ် အောက်တိုဘာလက မွန် IDP များနှင့် အုပ်စု ဆွေးနွေးပွဲများသည် ယခုအမြင်ကို ရောင်ပြန်ဟပ်ကြသည်။ ၂၀၁၃ ခုနှစ် ဇွန်လက KNU ၏ မူတရောခရိုင်ရှိ IDP အစုအဖွဲ့တွင် IDPများက ယင်းတို့၏ ဒေသများတွင် အစိုးရ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများသည် လက်ရှိ အုပ်ချုပ်ရေးကို အထောက်အကူ ပြုနေပြီး လူ့အဖွဲ့အစည်းနှင့်ဆိုင်သော အဖွဲ့များကို အင်အားချိနဲ့စေရန်နှင့် နှောက်ယှက်နေကြကြောင်း ယင်းတို့၏ အကြောက်တရားကို ရှင်းပြကြသည်။

218 အတ်ချ် အမ် ကယက်နှင့် အမ် ဂရေဗာစ် (၂၀၁၅)။

# အပိုင်း (၃) အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် တိုက်တွန်းအကြံပြုချက်များ

## အခန်း (၈)၊ ပထမခြေလှမ်းများ ဆောင်ရွက်ခြင်း

- တွေ့ကြုံရမည့် စိန်ခေါ်မှုအတွက် မူဘောင်ရေးဆွဲခြင်း
- တိုက်တွန်းအကြံပြုချက်များ
- လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများကို တရားဝင် အသိအမှတ်ပြုခြင်း
- တိုက်တွန်းအကြံပြုချက်များ
- တိုးတက်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဆီသို့
- တိုက်တွန်းအကြံပြုချက်များ

## အခန်း (၉)၊ အပစ်အခတ်ရပ်စဲထားသော ဒေသများသို့ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ တိုးချဲ့ခြင်း

- အပစ်အခတ်ရပ်စဲရေးအတွက် EAO ၏ စိုးရိမ်ပူပန်မှုနှင့် စွန့်စားရမှုများ
- အစိုးရ၏ချဉ်းကပ်မှုကို လူမှုအဖွဲ့အစည်းက တုန့်ပြန်မှု
- လူ့စွမ်းအားအရင်းအမြစ်များကို ဖြန့်တီးခြင်း
- တိုက်တွန်းအကြံပြုချက်များ

## အခန်း (၁၀)၊ ရောနှောကျောင်းများကို တရားဝင်ဖြစ်စေခြင်းနှင့် စီမံအုပ်ချုပ်ခြင်း

- ပညာရေးဝန်ကြီးဌာနချဲ့ထွင်ခြင်းတွင် ရောနှောကျောင်းများ၏ အခြေအနေ
- ရောနှောကျောင်းများ၏ ယေဘုယျ အခြေအနေ
- တိုက်တွန်းအကြံပြုချက်များ

## အခန်း (၁၁)၊ စနစ်နစ်ခု၏ ကျောင်းသားအကဲဖြတ်မှု၊ အရည်အချင်းနှင့် လွှဲပြောင်းမှု

- တွေ့ရှိထားသော အဓိကစိန်ခေါ်မှုများ
- တိုက်တွန်းအကြံပြုချက်များ

## အခန်း (၁၂)၊ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ ဝန်ဆောင်မှု၏ အရည်အသွေးနှင့် ဘဏ္ဍာရေး ထောက်ပံ့မှု

- ဘဏ္ဍာရေးနှင့် အထောက်အပံ့ အရင်းအမြစ်များ
- ကျောင်းဆရာ အထောက်အပံ့နှင့် လေ့ကျင့်ရေး
- တိုက်တွန်းအကြံပြုချက်များ

## အပိုင်း (၃)၊ အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် တိုက်တွန်းအကြံပြုချက်များ

ဤအပိုင်းတွင် EBEP များနှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပြည့်စုံမှုရှိစေရန်နှင့် EBEP ၏ အလားအလာများကို ကြီးမားစေရန် အကျိုးရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များ ဖွံ့ဖြိုးလာစေရန်အတွက် လုပ်ဆောင်ရာတွင် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ပါဝင်သည်။ ပြုပြင်ပြောင်းလဲရေးသည် အသုံးဝင်ပြီး မြန်မာအစိုးရ၊ EAO များနှင့် EBEP များအပြင် နိုင်ငံတကာ အထောက်အကူပြု အဖွဲ့များအတွက် လုပ်ဆောင်နိုင်ဖွယ်ရှိသော အကြံပြုချက်များကို ပေးအပ်မည်ဖြစ်ပြီး အဓိကနေရာများကို အသေးစိတ် အကဲဖြတ်သုံးသပ်ခြင်းဖြစ်သည်။ ရေရှည်အဖြေအတွက် အခြေခံ စဉ်းစားသုံးသပ်ခြင်းကို သုံးသပ်ချက်နှင့် အကြံပြုချက်များပေးစဉ် ယင်းအဖွဲ့များသည် ယနေ့ကလေးများ လိုအပ်ချက်များနှင့် လက်ရှိအခြေအနေနှင့် ပတ်သက်သော လက်တွေ့ကျပြီး လုပ်ဆောင်နိုင်ဖွယ်ရှိသည့် လမ်းညွှန်ချက်ကို ပေးရန် ရည်ရွယ်သည်။

အခန်း(၈) သည် အောက်ပါအတိုင်း လုပ်ဆောင်ရန် အစီရင်ခံစာတွင် ကြိုးပမ်းအားထုတ်မှုဖြစ်သော အခြေခံ မူဝါဒရေးရာ ပြဿနာ၏ မူဘောင်ကို ရေးဆွဲထားသည်။ ယင်းတို့မှာ- EBEP များ၏ အလားအလာကို ကျယ်ပြန့်စေရန်နှင့် ယင်းတို့နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပြည့်စုံမှုရှိစေရန် အကျိုးရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များ ဖွံ့ဖြိုးလာစေရန် မည်သို့လုပ်ဆောင်မည်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ အဓိက ပါဝင်ပတ်သက်သူများက ဤရည်ရွယ်ချက်ကို အောင်မြင်စေရန်အတွက် လုပ်ဆောင်သင့်သော ပထမခြေလှမ်းများနှင့် ပတ်သက်ပြီး သုံးသပ်ချက်နှင့် အကြံပြုချက်များကို ဖြည့်ဆည်းပေးကြသည်။

အခန်း (၉) သည် ဤလေ့လာမှုတွင် အဓိက စိန်ခေါ်မှုများအထဲမှ တစ်ခုကို ဖော်ပြထားသည်။ ယင်းမှာ EBEP များက ဖြည့်ဆည်းပေးနေသော နေရာနှင့် EAO များက ရရှိရန်ကြိုးစားနေသည့် နယ်မြေများရှိသော အပစ်အခတ်ရပ်စဲရေး ဒေသများဆီသို့ ပညာရေးဝန်ကြီးဌာနက အလျင်အမြန် တိုးချဲ့မှု ဖြစ်သည်။ ဝန်ဆောင်မှုများ ပေးအပ်မှု နည်းပါးသည့် နေရာများရှိသလို အကျိုးရှိမှုကို ကြီးမားစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အန္တရာယ်ပေးခြင်းတို့ကို ရှောင်ရှားနိုင်စေရန် ဝန်ကြီးဌာန၏ အာဏာစက်တိုးချဲ့မှုများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲသင့်သည်။

အခန်း (၁၀) သည် ပညာရေးဝန်ကြီးဌာနနှင့် EBEP ရောနှောကျောင်းများ၏ အုပ်ချုပ်မှုများနှင့် ပတ်သက်ပြီး အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ပြထားသည်။ ပထမဆုံးအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ မကြာသေးမီက တိုးချဲ့ထားမှုနှင့် နောက်တစ်ချက်မှာ ရောနှောကျောင်းများနှင့် ပတ်သက်ပြီး အထွေထွေကိစ္စ ဖြစ်သည်။ ရောနှောကျောင်းများသည် MTB-MLE နှင့် ကျောင်းသားများကို ဖြည့်ဆည်းပေးရန် ကြီးမားသော အလားအလားရှိသည်။ ထို့အပြင် အစိုးရက အထောက်အပံ့ပေးထားပြီး ပညာရေးကို တရားဝင် အသိအမှတ်ပြုထားမှုကို ရရှိစေရန် ဖြစ်သည်။

အခန်း (၁၁) သည် အဖွဲ့အစည်းမျိုးစုံ၏ ပြည့်စုံမှုရှိစေရေးအတွက်နှင့် တူညီသော ဝန်ဆောင်မှု ဖြစ်စေရေးအတွက် အရေးပါသော ကျောင်းသား အကဲဖြတ်မှုနှင့် အရည်အသွေး စစ်ဆေးရေးတို့နှင့် ပတ်သက်ပြီး အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ပြထားသည်။

အခန်း (၁၂) သည် EBEP များ၏ အရည်အသွေးနှင့် ဘဏ္ဍာရေးအခြေအနေ၊ နိုင်ငံတကာ အထောက်အပံ့များကို မှီခိုနေရဖွယ်ရှိသော ရေတိုကိစ္စရပ်များနှင့် ပြည်သူ့ဘဏ္ဍာရေးနှင့် တရားဝင် အသိအမှတ်ပြုခြင်းအပြင် EBEP တို့၏ စည်းမျဉ်းများနှင့် ဆက်စပ်ကာ ရေရှည် အခွင့်အလမ်းများကို သုံးသပ်သော EBEP တို့၏ အရည်အသွေးနှင့် ဘဏ္ဍာရေး အခြေအနေများကို ဖော်ပြသည်။

## အခန်း(၈)၊ ပထမခြေလှမ်းများဆောင်ရွက်ခြင်း

ဤအခန်းသည် EBEP များ၏ အလားအလာကို ကျယ်ပြန့်စေရန်နှင့် ယင်းတို့နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပြည့်စုံမှုရှိစေရန် အကျိုးရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များ ဖွံ့ဖြိုးလာစေရန် မည်သို့လုပ်ဆောင်မည်ကို ဖြည့်ဆည်းပေးရန်အတွက် အစီရင်ခံစာ၏ ကြိုးပမ်းမှုများဖြစ်သော အခြေခံ မူဝါဒရေးရာ ပြဿနာကို မူဘောင်ရေးဆွဲထားသည်။ ယင်းသည် လာလတ္တံ့သော စိန်ခေါ်မှုများကို မည်သို့ရှုမြင်ကြမည်ဆိုသည့် အစိုးရ၊ EBEPများ၊ EAO များနှင့် နိုင်ငံတကာ အထောက်အပံ့ပေးသူများအတွက် သုံးသပ်ချက်နှင့် အကြံပြုချက်များ ပေးအပ်ထားသည်။ အခြား ပါဝင်သူများနှင့် ညှိနှိုင်းရန် အစိုးရအတွက် အရေးပါသော ပထမခြေလှမ်းနှစ်ခုကို အကြံပြုထားသည်။ ယင်းအကြံပြုချက်များမှာ ပညာရေး အဖွဲ့အစည်းများအဖြစ် EBEP တို့၏ လက်ရှိအခြေအနေနှင့် ယင်းကို ပိုမိုခိုင်မာစေရန် တရားဝင် အသိအမှတ်ပြုရေးနှင့် EBEP များနှင့် ပညာရေးဝန်ကြီးဌာနအကြား ပိုမိုစနစ်ကျသော ညှိနှိုင်းဆွေးနွေးရန် အခြေခံ ယန္တရားကို တည်ထောင်ခြင်း ဖြစ်သည်။

### တွေ့ကြုံရမည့် စိန်ခေါ်မှုအတွက် မူဘောင်ရေးဆွဲခြင်း

မြန်မာနိုင်ငံ နေရာအားလုံးတွင် အရည်အသွေးရှိသော ပညာရေးကို ဝေးလံခေါင်ဖျားဆုံး ဒေသများနှင့် ဖယ်ချန်ထားခံရသော ပြည်သူများထံသို့ ရောက်ရှိစေခြင်းနှင့် MTB-MLE ကို အကောင်အထည်ဖော်ခြင်းတို့သည် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် အစီအစဉ်များကို တိုးတက်စေရန်နှင့် တိုးချဲ့စေရန် ဖြစ်နိုင်လိမ့်မည်။ အားလုံး၏ ရည်မှန်းချက်များကို အခြေခံသော အများနှင့်ဆိုင်သည့် လုပ်ငန်းစဉ်ကို အားပေးရန် အတွက် အခြားပညာရေးလုပ်ဆောင်သူများ၏ ကြိုးပမ်းမှုများကို ပြည့်စုံစေရန် ဖြည့်ဆည်းပေးနိုင်သော ပညာရေးကဏ္ဍတွင်ရှိသည့် ကွဲပြား ခြားနားမှုများကို အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများမှတစ်ဆင့် အောင်မြင်စေရန် လုပ်ဆောင်နိုင်သည်။ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံး တွင် အဓိက ပညာရေးအဖွဲ့အစည်းအဖြစ် တည်ရှိနေဦးမည်ဖြစ်ရာ တစ်ခုတည်းအနေဖြင့် လိုအပ်နေမည် မဟုတ်ပေ။

တိုင်းရင်းသားဘာသာစကား ပညာရေးတွင် ပါဝင်သော ပါဝင်ဆောင်ရွက်သူများ၏ လက်ရှိစွမ်းရည်ကို အသုံးချခြင်းနှင့် ယင်းတို့ကို တရားဝင် အသိအမှတ်ပြုခြင်းဖြင့် ကွဲပြားခြားနားမှုအတွင်းတွင် စည်းလုံးညီညွတ်မှုကို တိုးတက်စေရန် ပြုပြင်ပြောင်းလဲရေးက ကူညီနိုင်လိမ့်မည်။ ထို့အပြင် ပဋိပက္ခများ၊ နယ်နိမိတ်ဆိုင်ရာ ရွှေ့လျားမှုများ၊ ဖွံ့ဖြိုးရေး အုပ်ချုပ်မှု အစီအစဉ်များသည် ဆယ်စုနှစ်များအတွင်း လျော့ကျသွားမည် ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ထင်ရှားသော စနစ်များအတွင်း ပြည့်စုံမှုများကို ကြီးမားစေရန်နှင့် ကွဲပြားခြားနားမှုများကို နေရာပေးနိုင်သော စနစ်များ ဖွံ့ဖြိုးစေရန် လိုအပ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့များသည် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ တိုးတက်နေ စေရန် အစောပိုင်းက စဉ်းစားပေးသော ကိစ္စရပ်များ ရှိနေသည်။ ယင်း ပညာရေး အကျိုးအမြတ်များအပြင် ပြည်ထောင်စုအတွင်း တန်ဖိုးရှိသော အဖွဲ့အစည်းများအဖြစ် EBEP များတွင်ရှိသော အနာဂတ်သည် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး အောင်မြင်စေရန် အရေးပါ စေပြီး "စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု" အတွက် အုတ်မြစ်များချမှတ်နိုင်စေရန် ကူညီသည်။[219]

ကြီးမားကျယ်ပြန့်သော ပညာရေးအဖွဲ့အစည်းများနှင့် စနစ်ပေါင်းစုံကို ရရှိရန် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသကဲ့သို့ ကလေးတိုင်းတွင် အရည်အသွေးရှိ ပညာရေး တည်ရှိခြင်း၊ အသိအမှတ်ပြုထားသော အရည်အချင်းများကို ဖြည့်ဆည်းထားခြင်းနှင့် လုံလောက်သော အခွင့်အလမ်း များ ရှိခြင်းတို့နှင့် ပြည့်စုံနေစေရန်အတွက် နိုင်ငံတော်တွင် အဓိက တာဝန်ရှိသည်။ ကျောင်းသားများတွင် နှိုင်းယှဉ်နိုင်သော စွမ်းရည်နှင့် စနစ်များ အတွင်း ပြောင်းလဲနိုင်စေရန်အလို့ငှာ အများအတွက် ရလဒ်များနှင့် ကျောင်းအားလုံး၏ ရှိရမည့် အခြေအနေများဖြစ်သော ကျောင်းသားများကို ပညာသင်ကြားပေးနိုင်စေရန် နိုင်ငံတော်တွင် စနစ်ကျသော ယန္တရားများ ရှိသည်။ အထူးသဖြင့် အားလုံးအတွက် အခမဲ့ပညာရေးနှင့် ပတ်သက် ပြီး နိုင်ငံတော်က ကတိကဝတ်များ ပေးအပ်ရမည် ဖြစ်ကာ ယင်းသည် အခြားအဖွဲ့အစည်းများကို ရန်ပုံငွေများ ခွဲဝေပေးရန် စနစ်ရှိရမည်ဖြစ်သည်။

ကွဲပြားခြားနားသော်လည်း ပေါင်းစည်းညီညွတ်သော ပညာရေးကဏ္ဍကို နိုင်ငံတော်၏ လမ်းညွှန်ချက်အရ တည်ထောင်ရာတွင် နိုင်ငံတော်အတွင်း တွင် ပညာရေး အဖွဲ့အစည်းများ အားလုံးအတွက် အန္တိမ ရည်မှန်းချက်အဖြစ် ရှုမြင်သင့်သည်။ သို့သော် ယင်းကဏ္ဍကို တာဝန်ယူရန် နိုင်ငံတော် ကို တည်ဆောက်ခြင်းကို မှန်ကန်သော စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းစနစ်ပိုင်းဆိုင်ရာ အဖြေများထက် ပိုမိုပြီး တည်မှီနေလိမ့်မည် ဖြစ် သည်။ နိုင်ငံရေးအခြေအနေ တည်ငြိမ်စေရန် ပြုလုပ်ပြီးနောက် များစွာသော တိုင်းရင်းသား အထက်တန်းလွှာများသည် မေးမှိန် ပျောက်ကွယ်သွား နိုင်ပြီး နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စု ဖွဲ့စည်းပုံကို ရေရှည် တည်တံ့ခိုင်မြဲသော သဘောတူညီခြင်း ရရှိလာမည်ဖြစ်သည်။

EAO များနှင့် အစိုးရ၊ တပ်မတော်တို့အကြား နိုင်ငံရေး အခြေကျစေရန် လုပ်ဆောင်ရာတွင် ဗဟိုအဆင့် သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်တွင် အသီးသီး အရေးပါသော နေရာကို ရယူထားရန် သို့မဟုတ် လက်ရှိအဖွဲ့အစည်းများ ပါဝင်စေရန် နိုင်ငံတော် စနစ်ကို စနစ်တကျ ပြုပြင်ပြောင်းလဲခြင်းဖြင့် အချို့EBEP များသည် နိုင်ငံတော်စနစ်အတွင်းတွင် ပေါင်းစည်းသွားရန် မျှော်မှန်းကြသည်။ တစ်နည်းအားဖြင့် အခြား

---

[219] မြန်မာ့သတင်းစဉ်၊ "State Counsellor offers New Year Message," *Global New Light of Myanmar* သတင်းစာ၊ ၂၀၁၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့။ http://globalnewlightofmyanmar.com/amendment-essential/. တွင် ကြည့်နိုင်သည်။

နိုင်ငံများကဲ့သို့ပင် ပညာရေးဝန်ကြီးဌာန၏ လက်လှမ်းမမီသည့်နေရာတွင် ကြီးမားကျယ်ပြန့်သော ပညာရေး ဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်ရန် အခြားပညာရေး အဖွဲ့အစည်းများအတွက် ပြည့်စုံသော သဘာဝတစ်ခု ရှိရမည်ဖြစ်သည်။ သို့သော် ဒေသတွင်းနှင့် အမျိုးသားအဆင့်တွင် အရေးပါသော ပညာရေး ပါဝင်ဆောင်ရွက်သူများအတွက် စဉ်းစားသုံးသပ်နေဆဲ ဖြစ်သည်။

ဤလုပ်ငန်းစဉ် ဆောင်ရွက်သည့်နေရာတိုင်း ပညာရေးကို ဦးဆောင်အနေအထား ရရှိစေရန် တိုင်းရင်းသား အထက်တန်းလွှာများ၊ ရပ်ရွာအစုအဖွဲ့များနှင့် အထူးသဖြင့် EBEP များကို ရှုမြင်ရာတွင် လိုအပ်သော အသိအမှတ်ပြုမှုနှင့် တရားဝင်ဖြစ်မှုကို ရယူရန်အတွက် နိုင်ငံတော်အနေဖြင့် အရင်ဦးဆုံးဆောင်ရွက်လိမ့်မည်ဖြစ်သည်။ မကြာသေးမီ ဆယ်စုနှစ်များက လက်နက်ကိုင် ပဋိပက္ခများအတွက် ယုံကြည်မှု မရှိခဲ့ခြင်းသာမက ညံ့ဖျင်းသော စီမံခန့်ခွဲမှုကြောင့် ပညာရေးဝန်ကြီးဌာနကို ယုံကြည်မှု မရှိခြင်းတို့အပြင် ယင်းတို့နှင့် ပတ်သက်သည်များကို စိန်ခေါ်မှုများအဖြစ် ကျန်ရစ်နေစေသည်။ ၂၀၁၁ ခုနှစ်ကတည်းက ပဋိပက္ခ ပြန်လည်တောက်လောင်လာသော ယနေ့ကချင်ပြည်နယ်တွင် မြင်တွေ့နေရမှုများမှာ မြန်မာဘာသာစကား သုံးစွဲမှုလျှော့ချပြီး နိုင်ငံတော်မှ ပညာရေးကို ကိုယ်ပိုင်ချဉ်းကပ်ရာတွင် ကွဲပြားခြားနားစေရန် ကြိုးပမ်းမှု၌ အဆိုပါအထက်တန်းလွှာများသည် ပွင့်လင်းလာကြသည်။[220] မည်သို့ပင်ဖြစ်စေ ပညာရေး စီမံခန့်ခွဲမှုအပြင် အစိုးရတွင် ပြည်သူများကို ထောက်ပံ့ရန် ဒီမိုကရေစီအရ တာဝန်ရှိနေသည်ဟု EBEP များအနေဖြင့် အသိအမှတ်ပြုကြရမည်ဖြစ်ပြီး အရေးကြီးသော ဦးတည်ချက်အဖြစ် ပညာရေးဝန်ကြီးဌာန၏ စနစ်နှင့် ပြည့်စုံပေါင်းစည်းမှု တိုးတက်လာသည်ကို ရှုမြင်သင့်သည်။

ကျန်ရစ်သော နိုင်ငံရေး စိန်ခေါ်မှုများကို အသိအမှတ်ပြုရင်း ပညာရေးဝန်ကြီးဌာနနှင့် EBEP များသည် တိုးတက်သော ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုတည်ဆောက်မှုများမှတစ်ဆင့် ယင်းတို့၏ စနစ်များအကြား ပြည့်စုံမှု တိုးမြင့်လာစေရန် အတူတကွ လုပ်ဆောင်သင့်ပေသည်။ ပြုပြင်ပြောင်းလဲရေးနှင့် ပဋိပက္ခများကို အဖြေရှာရန်စောင့်ဆိုင်းရင်း ကလေးများ အသက်ကြီးလာကြသည်ဖြစ်ရာ စစ်နှင့် ငြိမ်းချမ်းရေးအချိန်များမှတစ်ဆင့် အလုပ်လုပ်ဆောင်ကြရန်နှင့် နိုင်ငံရေးနှင့် လုံခြုံရေး အခြေအနေများ မသေချာခြင်းကို ပိုမို အဆင်ပြေလာစေရန် လိုအပ်လိမ့်မည်ဖြစ်သည်။

ပါဝင်ပတ်သက်သူများက EBEP များအကြား ကွဲပြားခြားနားမှုကို အသိအမှတ်ပြုကြသည်မှာ အရေးကြီးသည်။ အချို့မှာ EAO များ၏ ပညာရေးဌာနများ ဖြစ်ကြပြီး အချို့မှာ တစ်သီးပုဂ္ဂလအဖြစ် ကျန်နေကာ တွဲဖက်တည်ရှိကြသည်။ အခြားသူများမှာ ကိုယ်ပိုင်ဆောင်ရွက်ခွင့် လုံးဝရှိသော်လည်း ဘာသာရေး ဆောင်ရွက်သူများကဲ့သို့ EAO တို့၏ ဒေသများတွင် ယင်းတို့ကို လုံခြုံစေရန် လိုအပ်သည့် ဆက်သွယ်မှုများရှိသည်။ အဆိုပါ ဘာသာရေး ဆောင်ရွက်သူများသည် ယင်းတို့ဒေသများတွင် ကြီးမားသော လူမှုရေးဆိုင်ရာ အရင်းအနှီးများ အသုံးချထားသည်။ EBEPများ၏ အလုပ်များကို ဖြည့်ဆည်းပေးရန် လိုအပ်သော တိကျသည့် အစီအစဉ်များနှင့် မူဝါဒများသည် ပုံစံတစ်ခုမှ တစ်ခုသို့ ပြောင်းလဲလိမ့်မည်ဖြစ်သည်။

## တိုက်တွန်းအကြံပြုချက်များ

အောက်ပါ တိုက်တွန်းအကြံပြုချက်များသည် ယေဘုယျ ချဉ်းကပ်မှုကို အကြမ်းဖျင်း ဖော်ပြခြင်းဖြစ်သည်။ ယင်းမှာ အဓိက ပါဝင်ပတ်သက်သူများသည် ယင်းတို့နှင့် တန်းတူဆောင်ရွက်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေခြင်းနှင့် စနစ်များ ပြုပြင်ပြောင်းလဲရေးဆီသို့ ဦးတည်လုပ်ဆောင်သင့်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁* |
| --- |
| *EBEP များကို အစိုးရ၏ ပညာရေး ရည်မှန်းချက် အောင်မြင်စေရန် တန်ဖိုးရှိသော မိတ်ဖက်များအဖြစ် ရှုမြင်သင့်သည်။ တက်ကြွသော ပူးပေါင်းဆောင်ရွက်ရေးမှ EBEP များကို ထောက်ပံ့နိုင်စေရန်နှင့် ယင်းတို့၏ ဆောင်ရွက်ချက်များကို အနှောင့်အယှက်ပေးခြင်းမှ ရှောင်ရှားနိုင်ရန် မူဝါဒများကို ချမှတ် အကောင်အထည်ဖော်ရန် လိုသည်။* |

[220] ဆောက်သ်နှင့် လားလ် (၂၀၁၆)၊ စာမျက်နှာ ၁၄-၁၅။ အစီရင်ခံစာတစ်စောင်တွင် ရေးသားထားသကဲ့သို့ "ကချင် ပညာရေး အဖွဲ့အစည်းတစ်ခုက (၂၂/၄/၁၅) တွင် ပြောကြားရာ၌ "ဗမာစာကို ကျွန်တော်တို့ မယုံကြည်ပါဘူး။ ဒါကြောင့် သီးခြား ကချင်ကျောင်းစနစ်ကို ဖွံ့ဖြိုးဖို့လိုပါတယ်။" ဟု ပြောသည်။ KIA ဒုတိယ စစ်ဦးစီးချုပ် ဆွမ်လွတ်ဂွမ်မော်က "ဗမာအစိုးရက ဒုက္ခပေးခဲ့လို့ ရာစုနှစ်ဝက်လောက် ပျက်စီးခဲ့တဲ့ ကချင်ပညာရေးကို ပြန်ကောင်းအောင် ကျွန်တော်တို့ လုပ်ကြရမယ်။"

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၂* |
| --- |
| *ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် အရေးပါသည့် အဖွဲ့အဖြစ် EBEP များကို ပြည်ထောင်စုအတွင်း တန်ဖိုးရှိသော အဖွဲ့အစည်းများအဖြစ် အနာဂတ်တစ်ခု ရှိစေရန် လိုအပ်သည်။ ယင်းသည် ရေတိုအခြေအနေတွင် အပစ်အခတ်ရပ်စဲရေးအတွက် ယုံကြည်မှု တိုးတက်စေပြီး "စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရန်" အတွက် အခြေခံကောင်းများ ချမှတ်ရန် ကူညီလိမ့်မည်ဖြစ်သည်။ ၁* |

| *EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၁* |
| --- |
| *ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ ဆောင်ရွက်မှုများသည် ပြည့်စုံပြီး ရှေ့နောက်ညီညွတ်မှု ရှိစေရန်အတွက် EBEP များသည် အစိုးရနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်။ ပညာရေးကဏ္ဍကို စီမံခန့်ခွဲခြင်း အပါအဝင် ပြည်သူများကို အလုပ်အကျွေးပြုရန် အစိုးရတွင် ဒီမိုကရေစီ တာဝန်ရှိသည်ကို EBEP များက အသိအမှတ်ပြုကြသင့်သည်။* |

| *နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၁* |
| --- |
| *ပဋိပက္ခများသည် ကြာရှည်နေပြီဖြစ်ရာ ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ အထောက်အပံ့များသည် ပဋိပက္ခ ထိလွယ်ရှလွယ်မှုဖြစ်မှုနှင့် နိုင်ငံတော်အနေဖြင့် ပညာရေး ရည်မှန်းချက်များ အောင်မြင်ရေးကို ကူညီရန် အရေးပါကြသည်။ MTB-MLE ကို တိုးတက်စေရန် လုပ်ဆောင်ရာတွင် နိုင်ငံတော်၏ ရောက်ရှိရန် အခက်ခဲဆုံး နေရာများနှင့် အားအနည်းဆုံးရပ်ရွာ အဖွဲ့များဆီသို့ ရောက်ရှိနိုင်သော ထူးခြားသည့် အဖိုးတန် မိတ်ဖက်များအဖြစ် EBEP များကို ရှုမြင်သင့်သည်။* |

## လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများကို တရားဝင် အသိအမှတ်ပြုခြင်း

EBEP များထံမှ အထောက်အပံ့ သို့မဟုတ် ပညာသင်ကြားပေးရေးကို အသေးစိတ် ဖော်ပြထားသည့်အတိုင်း အတားအဆီးများ မရှိသော်လည်း အရည်အသွေးရှိသော ပညာရေး ပေးနိုင်ခြင်း စွမ်းရည်ကို ဟန့်တားရန်နှင့် အစိုးရနှင့် ပတ်သက်နေမှုကို အန္တရာယ်ပေးရန် ယင်းတို့၏ တရားဝင်အနေအထားသည် နစ်မျိုးဖြစ်နေသည့် အခြေအနေရှိသည်။ မိဘများ၊ ကျောင်းအုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်များ၊ EBEP နှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကျောင်းဆရာများနှင့် EBEP ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် တိုင်းရင်းသား ပညာရေးစနစ်များ၊ ကျောင်းများနှင့် ဝန်ထမ်းများကို "အသိအမှတ်ပြုခြင်း"သည် အရေးပါကြောင်းပြောကြသည်။ လက်ခံဖြေကြားသူများ၏ "အသိအမှတ်ပြုခြင်း"ကို ဘာသာပြန်ဆိုချက်သည် ကြီးမားစွာပြောင်းလဲပြီး တရားဝင်အသိအမှတ်ပြုခြင်း၊ ဘဏ္ဍာရေး အခြေအနေနှင့် အခြားအရေးအရာများကဲ့သို့ ရှုပ်ထွေးသော လက်တွေ့စိန်ခေါ်မှုများနှင့် ပတ်သက်သည်။ ယင်းတို့ကို နောက်ထပ် အခန်းများတွင် ရှင်းပြပေးမည်ဖြစ်သည်။ သို့သော် ယင်းဘာသာပြန်ဆိုချက်အားလုံးတို့၏ ဖုံးကွယ်ထားမှု တစ်ခုသည် အစိုးရက တရားဝင် အသိအမှတ်ပြုထားမည့် EBEP များအတွက် လိုလားချက်ဖြစ်သည်။

အကြီးတန်း MNEC ခေါင်းဆောင်တစ်ဦးက "ကျွန်တော်တို့ကြုံတွေ့နေရတဲ့ အဓိက စိန်ခေါ်မှုက အစိုးရဆီက တရားဝင် အသိအမှတ်ပြုတာကိုပါ။ အဲဒါက ရေရှည်ရှိနေမယ့် ပြဿနာကြီးပါ။ သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားဝင် မူဝါဒအနေနဲ့ ပါဝင်ဖို့ လိုချင်ပါတယ်" ဟု ဆိုသည်။[221]

ပိုမိုကြီးမားသော အသိအမှတ်ပြုမှုနှင့် EBEP များကို ထောက်ပံ့ရန် NLD အစိုးရ၏ လုပ်ဆောင်မှုသည် ယင်းတို့၏ ပညာရေးစနစ်များကို တန်ဖိုးထားသော EAO များ၊ တိုင်းရင်းသား အရပ်ဖက်ဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ရပ်ရွာအစုအဖွဲ့များကို ရှင်းလင်းပြသော ငြိမ်းချမ်းရေးတည်ဆောက်မှု အနေအထားကို ကိုယ်စားပြုလိမ့်မည် ဖြစ်သည်။ ယင်းသည် ပိုမိုတရားဝင်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအတွက် နေရာတစ်ခုကို အထူးသဖြင့် ဒေသဆိုင်ရာအဆင့်တွင် ဖန်တီးမည်ဖြစ်ပြီး ယင်းအဆင့်တွင် အစိုးရတာဝန်ရှိသူများသည် EBEP များနှင့် ယင်းတို့၏ ဒေသများတွင် ပတ်သက်မှုရှိနေသော်လည်း ပွင့်လင်းစွာ ဆက်ဆံရန်အတွက် မဖြစ်နိုင်သေးချေ။

နိုင်ငံတွင်းနှင့် နိုင်ငံတကာ အညွှန်းကိန်းများနှင့် စောင့်ကြည့်ရေး အဖွဲ့အစည်းများအတွက် "တရားဝင်စာသင်ကျောင်း"အဖြစ် တိုင်းရင်းသား ကျောင်းများတွင် သိန်းသောင်းချီသော ကျောင်းသားများကို တရားဝင် မှတ်တမ်းထားရန် တရားဝင် အသိအမှတ်ပြုခြင်းကို အစိုးရက

221 အကြီးတန်း MNEC ခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

ဆောင်ရွက်ပေးရန် ဖြစ်နိုင်သည်။[222] ပညာရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တိုးတက်မှုများကို စောင့်ကြည့်ရန် အစိုးရကို ကူညီနိုင်ပြီး[223] အထူးသဖြင့် "ဝေးလံခေါင်ဖျားဒေသများမှ" ကလေးများကို ဦးတည်ချက်ထားကာ[224] တိုင်းပြည်၏ တိုးတက်မှုများကို နိုင်ငံတကာ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ရရှိရန် ဖော်ပြသည်။[225] တရားဝင် အသိအမှတ်ပြုခြင်းသည် အခန်း (၁၁)နှင့် (၁၂) တို့တွင် ဆွေးနွေးထားသကဲ့သို့ ပိုမိုတရားဝင်ဖြစ်သော အသိအမှတ်ပြုခန့်အပ်ထားခြင်း၊ စည်းမျဉ်းနှင့် EBEP များ၏ လူထုဘဏ္ဍာရေးတို့အတွက် အခြေခံကောင်းများ ချမှတ်ရန် ကူညီနိုင်သည်။

## *EBEP များ၏ လက်ရှိအခြေအနေ*

ထူးခြားသည့် အခွင့်အရေး သို့မဟုတ် တာဝန်ယူမှုများနှင့် ထူးခြားသော ရပ်တည်နေသည့်အရာအဖြစ် အစိုးရက EBEP များကို တရားဝင်အသိအမှတ် မပြုထားပါ။ ထို့အပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်မထိုးထားသော EAO များသည် "မတရားသင်း"စာရင်းတွင် ကျန်ခဲ့ပြီး အဓိပ္ပာယ်မှာ နောက်ကြောင်းမရှင်းသော တရားဝင်ဒေသတွင် ယင်းတို့၏ ပညာရေးဌာနများထားရှိခြင်းအားဖြင့် ယင်းတို့နှင့် အတူရှိနေသော နိုင်ငံသားများကို ခေတ်မမီတော့သော ၁၉၀၈ ခုနှစ်က ပြဋ္ဌာန်းသည့် မတရားသင်းအက်ဥပဒေဖြင့် တားမြစ်ထားခြင်းဖြစ်သည်။[226]

မှတ်သားစရာအချက်မှာ အစိုးရသည် EBEP များကို အလှူရှင်များထံမှ ရန်ပုံငွေ ရယူခြင်းအတွက် နှင့် INGO များနှင့် မိတ်ဖက်ဆောင်ရွက်မှုနှင့် နိုင်ငံတကာ အလှူရှင်များက ယင်းတို့ကို ဆယ်စုနှစ်ပေါင်းများစွာ ထောက်ပံ့နေသည်ကိုလည်း မည်သည့် အတားအဆီးမျှ မပြုလုပ်ခဲ့ချေ။ ရပ်ရွာကျောင်းများကို ဘဏ္ဍာရေးထောက်ပံ့နေသော ရပ်ရွာအဖွဲ့အစည်းများသာမက ထိုကျောင်းများရှိ ကလေးများ၏ မိသားစုများကပါ ထူးခြားသောစွန့်စားလုပ်ဆောင်ရမည့် ကိစ္စအဝဝအတွက် ရင်ဆိုင်ရန် ပေါ်မလာကြပါ။ စင်စစ် EAO-ED များပင်လျှင် အချို့ အစိုးရထိန်းချုပ်ထားသော မြို့ရွာများတွင် ပွင့်ပွင့်လင်းလင်း လုပ်ငန်းလုပ်ဆောင်နေသည်မှာ ဆယ်စုနှစ်များစွာ ရှိနေပြီဖြစ်ပြီး ပညာရေးဝန်ကြီးဌာနကဲ့သို့ ပုံစံတူကျောင်းများတွင် ကိစ္စရပ်တော်တော်များများ၌ တက်ကြွစွာ ဆောင်ရွက်နေကြသည်။

သို့သော် ညှိနှိုင်းဆောင်ရွက်မှုကို နှောင့်နှေးစေသော EBEP များအား အစိုးရက တရားဝင် အသိအမှတ်ပြုမထားခြင်းသည် အချို့ရပ်ရွာ အစုအဖွဲ့များတွင် ယင်းတို့အား မည်သို့ ရှုမြင်ရမည့် အနေအထားကို ထိခိုက်စေသည်။  ထို့အပြင် ယင်းတို့ တရားဝင် တည်ရှိမှုကို အလှူရှင်များအကြား မေးခွန်းများ ရှိလာသည်။

EBEP စနစ်များကို ယင်းတို့၏ အုပ်ချုပ်မှု အဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်များဖြင့် သီးခြားရပ်တည်ဆောင်ရွက်နေသော အဖွဲ့အဖြစ် လက်ရှိတွင် အသိအမှတ်ပြုထားသော ဥပဒေ မရှိပါ။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) က "ကျောင်းအမျိုးအစား" ၁၁ မျိုး စာရင်းသတ်မှတ်ထားပြီး EBEP များက ထောက်ပံ့ထားသော အခြေခံပညာရေးနှင့် ရှင်းလင်းစွာ ပတ်သက်နေသည့်ကျောင်း မရှိပါ။ စင်စစ် ယင်းဥပဒေသည် တရားဝင်မဟုတ်သော ကဏ္ဍတွင် "ရပ်ရွာအခြေပြု ပညာရေး"ကိုသာ အသိအမှတ်ပြုထားသည်။[227] ဘုန်းတော်ကြီးသင် ပညာရေးကို

[222] တက်နေခဲ့သောကျောင်းများ၏ ပုံစံကို မသတ်မှတ်သော ၂၀၁၄ သန်းခေါင်စာရင်းတွင် တိုင်းရင်းသားပညာရေးကျောင်းများ၌ တက်ရောက်သူစာရင်းကို ထင်ဟပ်ဖော်ပြကောင်း ဖော်ပြနိုင်သည်။ သို့သော် မေးခွန်းမည်သို့ အမေးခံရသည် ဆိုသည်ကို အဓိကဖြစ်နေပြီး အစိုးရကျောင်းဆရာများက ပညာရေးစနစ်ဗဟုသုတရှိသော အစိုးရတာဝန်ရှိသူတစ်ဦးကို မေးခွန်းမေးကတည်းက အစိုးရမဟုတ်သော ကျောင်းတစ်ကျောင်းတွင် တက်ရောက်ခွင့်ရှိသူ ပြည်သူများ ထိတ်လန့်နေခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

[223] အစိုးရ၏ နှစ် ၃၀ အခြေခံပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (၂၀၀၁-၂၀၀၂မှ၂၀၃၀-၂၀၃၁အထိ)သည် "နိုင်ငံသားအားလုံးအတွက် ပြည့်စုံသော အခြေခံပညာရေး" နှင့် အစီအစဉ် ၁၀ ခုထဲမှ နစ်ခုဖြစ်သော "ရပ်ရွာနှင့် ပူးပေါင်းဆောင်ရွက်သော အခြေခံပညာရေးကို ဆောင်ရွက်ခြင်း" ဖြစ်ကြသည်။ ပညာရေးဝန်ကြီးဌာန (၂၀၁၄)ကို ကြည့်ပါ။

[224] အမျိုးသားပညာရေးဥပဒေ (၂၀၁၄)။ အခန်း ၆၊ ပုဒ်မ ၃၄ကိုကြည့်ပါ။ NLDမှာ ပညာရေးနှင့် ထိုလူဦးရေ ရောက်ရှိခြင်းကို စိတ်ဝင်စားမှု ပြထားသည်။ တင်ထက်ပိုင်၏ "NLD launches 'Sharing' Program for Poor Schoolchildren" ကို ကြည့်ပါ။ ဧရာဝတီ။ ဖေဖော်ဝါရီလ ၁ ရက်နေ့။ http://www.irrawaddy.com/burma/nld-launches-sharing-program-for-poor-schoolchildren.html. တွင် ကြည့်နိုင်သည်။

[225] အစိုးရသည် အားလုံးအတွက် ပညာရေး (EFA) ၏ ပန်းတိုင်ကို ရောက်ရှိရန် ကတိပေးထားပြီး ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ပတ်သက်ပြီး ပညာရေး ပြုပြင်ပြောင်းလဲမှု ကြိုးပမ်းအားထုတ်မှုကို ဆက်လက်ဆောင်ရွက်သွားဖွယ်ရှိသည်။ အားလုံးအတွက် ပညာရေး (EFA) ၏ ပန်းတိုင်နှင့် ချိတ်ဆက်ထားမည့် ကမ္ဘာလုံးဆိုင်ရာ ပညာရေးမိတ်ဖက်များထံမှ ရန်ပုံငွေထောက်ပံ့မှုကို မျှော်လင့်နေသည်။ ထိုအညွှန်းများအနက်မှ အဓိကသည် ကျောင်းပြင်ပနှုန်းဖြစ်ပြီး ယင်းကို UNESCO, et al. (၂၀၁၅)တွင် ကြည့်နိုင်ကာ EFA ၂၀၁၅ သုံးသပ်ချက်အတွက် အညွှန်းဖြစ်သော မူလတန်း/အထက်တန်း ဖြစ်နိုင်ဖွယ် ကျောင်းပြီးဆုံးနှုန်း၊ MDG အညွှန်းကိန်းနှင့် ၂၀၁၅ခုနှစ်အလွန် ပညာရေးအစီအစဉ် အညွှန်းကိန်းများ ဖြစ်ကြသည်။

[226] ၁၉၀၈ ခုနှစ် မတရားသင်းအက်ဥပဒေသည် မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်ချုပ်နေသော ကိုလိုနီ အုပ်ချုပ်ရေးကာလက ပြဋ္ဌာန်းထားသည်။ မတရားသင်းစာရင်းသည် လူအများ သိနိုင်ခွင့် မရကြသော်လည်း နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် သူများအပါအဝင် NCA လက်မှတ်မထိုးရသေးသူများနှင့် ဆန့်ကျင်ဘက်နေရာတွင်ရှိသော EAO အားလုံး ပါဝင်သည်ဟု သိရသည်။

[227] အမျိုးသား ပညာရေးဥပဒေ (၂၀၁၄)။ အခန်း (၆)၊ ပုဒ်မ ၃၁ နှင့် ၃၄။

တရားဝင် အသိအမှတ်ပြုထားသကဲ့သို့ ကောင်းဟတ်ကွန်ရက်ကဲ့သို့ ဖွဲ့စည်းထားသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် သို့မဟုတ် RDFSS ကဲ့သို့ ယင်းတို့ကို ထောက်ပံ့နေသော တိုင်းရင်းသား အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်း ကွန်ရက်များအတွက် အသိအမှတ်ပြုမှု မရှိပေ။ (ရှမ်းလေ့လာရေးကြည့်ပါ။) လောကီရေးရာ နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ တရားဝင်အခြေအနေ ရှိသော်လည်း တရားဝင် အသိအမှတ်ပြုမှု မရှိခြင်း သို့မဟုတ် ဘက်ပတစ် သို့မဟုတ် ကက်သလစ် အသင်းတော်များကဲ့သို့ ဗုဒ္ဓဘာသာ မဟုတ်သည့် ဘာသာရေး အဖွဲ့အစည်းများက ဖွဲ့စည်းထားသော ပညာရေးစနစ်များသို့ တိုက်ရိုက်ထောက်ပံ့ခြင်း မရှိပေ။

NCA ကို စေ့စပ်ဆွေးနွေးရာတွင် EAO များသည် ယင်းတို့ ယူထားသော အုပ်ချုပ်မှုအနေအထားနှင့် နိုင်ငံရေး အခြေကျစေခြင်း မတိုင်မီ ဖွံ့ဖြိုးရေးနှင့် အခြားဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရာတွင် ယင်းတို့၏ ကိုယ်ပိုင် အုပ်ချုပ်လုပ်ဆောင်မှုကို ပြည့်စုံစွာ အသိအမှတ်ပြုထားသော "ကြားကာလအစီအစဉ်များ"အတွက် အကြိမ်ကြိမ် တိုက်တွန်းပြောကြားထားသည်။ ထို့ကြောင့် ယင်းတို့ ဖြည့်ဆည်းပေးသော ဝန်ဆောင်မှုများနှင့် ယင်းတို့၏ ပညာရေးဌာနများကို တရားဝင် အသိအမှတ်ပြုခြင်း ပါဝင်လိမ့်မည်ဟု မျှော်လင့်ထားပြီး အစိုးရ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အာမခံချက် မရှိသော တိုးချဲ့မှုများနှင့် လူမှုရေး ဝန်ဆောင်မှုများကို ကန့်သတ်မှုများ တည်ထောင်ခြင်းလည်း ပါဝင်မည်ဟု မျှော်လင့်သည်။

သို့သော် ယင်းကိစ္စနှင့် ပတ်သက်ပြီး သဘောတူညီချက် ပျက်ပြားပြီးနောက် အခြားကဏ္ဍများအနက် ပညာရေးတွင် ယင်းတို့၏ အနေအထားကို အသိအမှတ်ပြုမှုသာလျှင် ဆုံးရှုံးသွားခဲ့ရမှုသည် NCA ၏ နောက်ဆုံးအဆင့်တွင် ပါဝင်သည်။ ထို့အပြင် ထိုလှုပ်ရှားမှုများတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်းကို အလေးထားခဲ့သည်။ အစိုးရ၏ ဖိနှိပ်မှုများမှ ယင်းတို့၏ ပညာရေးဆောင်ရွက်မှုများကို ကာကွယ်နိုင်သော သဘောတူညီချက်ကို သဘောတူညီချက် စာချုပ်လက်မှတ်ထိုးသူများအတွက် အခြေခံကျသော တရားဝင် လုပ်ပိုင်ခွင့်ကို ပေးသည်။ သို့သော် ရှင်းလင်းသော အာဏာကိုပေးရန် ပျက်ကွက်ထားသည်။ စာချုပ်သည် ပထမဆုံးဖော်ပြထားသည်မှာ တပ်မတော်နှင့် EAO များသည် "တိုင်းသူပြည်သားများအတွက် သက်မွေးဝမ်းကြောင်း အလုပ်များ၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်စေရန်" အခြားတစ်ခုခုနှင့် တိုင်ပင်ဆွေးနွေး လုပ်ကိုင်လိမ့်မည် ဖြစ်သည်။[228] နောက်ထပ်ပြီး "သဘောတူညီချက်ကို လက်မှတ်ထိုးသူများဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ယင်းတို့၏ သက်ဆိုင်ရာ ဒေသများတွင် ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် တာဝန်ရှိပြီး နိုင်ငံရေးအခြေမကျမီ ထို လက်မှတ်ရေးထိုးထားသူများသည် "အခြားတစ်ဖွဲ့ဖွဲ့နှင့် တိုင်ပင်ဆွေးနွေးရန်" ရှိကာ "ကျန်းမာရေး၊ ပညာရေးနှင့် အရပ်သားများ လူမှုစီးပွားဖွံ့ဖြိုးစေရန် စီမံကိန်းများ"နှင့် "တိုင်းရင်းသားတို့၏ယဉ်ကျေးမှု၊ ဘာသာစကားနှင့် စာပေတို့ကို တိုးတက်ရှင်သန်စေရန် ကြိုးပမ်းအားထုတ်မှု"တို့ကို အကောင်အထည်ဖော်ရသည်။[229]

၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် အားအကောင်းဆုံး EAO များမှ ခေါင်းဆောင်များ၏ "အကြီးတန်းအဖွဲ့သည်" ဆွေးနွေးပွဲ ပြုလုပ်ရန် နေပြည်တော်သို့ သွားကြသည်။ ယင်းတို့၏ ရည်ရွယ်ချက်မှာ အထူးသဖြင့် ပညာရေးနှင့်ပတ်သက်ပြီး ပြည့်စုံသော "ကြားကာလ အစီအစဉ်များ" မရှိသည့် NCA ဖော်ပြချက်နှင့် ပတ်သက်ပြီး ကျန်နေသော ကိစ္စရပ်များကို ဆွေးနွေးရန် ဖြစ်သည်။ ကတိအနေဖြင့် ကိုယ်တိုင် သဘောတူထားသော်လည်း တရားဝင်ဖော်ပြချက်မှ ဖြုတ်ပယ်ထားသော အသေးစိတ်အချက်များ ပါဝင်သည့် NCA ၏ နောက်ဆက်တွဲတစ်ခုကို သဘောတူခဲ့သည်။ ယင်းကို NCA အပိုဒ်များက "ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းအား တင်းကြပ် သို့မဟုတ် ပိတ်ပင် လိမ့်မည် မဟုတ်"ဟု ဖော်ပြထားသည်။[230] ထင်ရှားသော ဖော်ပြချက်မှာ "အခြားတစ်ဖွဲ့ဖွဲ့နှင့် တိုင်ပင်ဆွေးနွေးရန်" ထိုဆောင်ရွက်မှုများကို လုပ်ဆောင်ရန် နှစ်ဖက်စလုံးက ကတိပေးထားသော ပြဋ္ဌာန်းချက်သည် လက်ရှိ လူမှုရေးဆောင်ရွက်ချက်များနှင့် EAO များ၏ ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများနှင့် ယင်းတို့၏ ကွန်ရက်များကို တစ်ဖက်သတ် ကန့်သတ်ရန် အစိုးရအတွက် အကြောင်းပြချက်တစ်ခုအဖြစ် သုံးလိမ့်မည် မဟုတ်ပေ။ လက်တွေ့တွင် တိုင်းရင်းသားများ၏ ပညာရေးကို ပိတ်ပင်တားမြစ်ရန် အစိုးရတွင် မည်သည့် ကိစ္စရပ်မျှ မရှိချေ။ ထို့ကြောင့် ယင်း ပြဋ္ဌာန်းချက်များသည် အကန့်အသတ်နှင့် အသုံးဝင်ပါသည်။ ထို့အပြင် ယင်း ပြဋ္ဌာန်းချက်များသည် သဘောတူညီချက်ကို လက်မှတ်ထိုးထားသော EAO များအတွက်သာ အသုံးဝင်ပြီး EAO များနှင့် ဆက်နွယ်မှုမရှိသော EBEP များအတွက် မဟုတ်ပါ။ ထို့ကြောင့် ပညာရေးပြဋ္ဌာန်းချက်များ၏ အကောင်းဆုံး အနေအထားထက် အုပ်စုများ၏ နိုင်ငံရေး အနေအထားကို ပိုပြီး အားထားသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် မူကြမ်း အစည်းအဝေးများမှ ကောက်နုတ်ထားသော ကိုးကားချက်အတွက် ဆုံးဖြတ်ချက်နှင့် မှတ်တမ်းများ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုသဘောတူစာချုပ် နှင့် ပူးတွဲလျက်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့။ ယင်း အထောက်အထားသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၂၀၁၅)။ ပုဒ်မ ၃၀ ကို ညွှန်းပါသည်။

---

[228] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၂၀၁၅)။ ပုဒ်မ ၉က။

[229] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (၂၀၁၅)။ပုဒ်မ ၂၅။

[230] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် မူကြမ်း အစည်းအဝေးများမှ ကောက်နုတ်ထားသော ကိုးကားချက်အတွက် ဆုံးဖြတ်ချက်နှင့် မှတ်တမ်းများ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် နှင့် ပူးတွဲလျက်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့။ ယင်း အထောက်အထား သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (၂၀၁၅)။ ပုဒ်မ ၃၀ ကို ညွှန်းပါသည်။

တိုင်းရင်းသား ပညာရေးဆောင်ရွက်သူများ တည်ရှိမှုကို အနည်းဆုံးညွှန်းဆိုခြင်း ပြုလုပ်ထားခြင်းဖြင့် ပညာရေးဝန်ကြီးဌာန မူဝါဒအတွက် အကောင်းမြင်အစဉ်အလာတစ်ခုကို NESP က ဆောင်ရွက်လိုက်သည်။ ပြီးခဲ့သည့် အစိုးရသည် ယင်း၏ သက်တမ်းကုန်ဆုံးခါနီးတွင် အတည်ပြုခဲ့သော NESP "မူဝါဒနှင့် အစီအစဉ်ဆိုင်ရာ မူဘောင်"က ပုဂ္ဂလိက၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ရပ်ရွာအခြေပြု ကျောင်းများ အပါအဝင် အခြား နိုင်ငံတော်မဟုတ်သော အဖွဲ့အစည်းများ၏ စာရင်းအဆုံးတွင် "တိုင်းရင်းသားပညာရေးကျောင်းများ"နှင့် "တိုင်းရင်းသားပညာရေးစနစ်များ"ကို တစ်ကြိမ်စီ အတိုချုပ်ဖော်ပြသည်။ ယင်းတွင် ဗုဒ္ဓဘာသာထက် အခြားဘာသာရေးများနှင့် ဆက်နွှယ်နေသော ကျောင်းစနစ်များကို မဖော်ပြခဲ့ပါ။[231]

## တိုက်တွန်းအကြံပြုချက်များ

EBEP များအတွက် ကမ်းလှမ်းချက်တစ်ခုအဖြစ်နှင့် ပို၍ကြီးမားသော ပူးပေါင်းဆောင်ရွက်ရေးကို ဖြည့်ဆည်းပေးရန် အခြေခံပညာရေး ဆောင်ရွက်ရာတွင် လက်ရှိအနေအထားနှင့် EBEP များကို ထင်ရှားစွာ ကျေးဇူးတင်သောအနေဖြင့် အမျိုးသားပညာရေးဥပဒေ သို့မဟုတ် အဆိုပြုထားသော ဥပဒေအသစ်တို့အတွက် ပြင်ဆင်ချက်တစ်ခုအား ပါလီမန်တွင် NLD အစိုးရက တင်ပြသင့်သည်။ ဤဥပဒေပြုရေးသည် မှတ်ပုံတင်ရေးအတွက် လိုအပ်သည့် သီးခြားလုပ်ငန်းစဉ် သို့မဟုတ် သီးခြား အပစ်အခတ်ရပ်စဲရေးနှင့် ဆက်နွှယ်စေရန် EBEP က ပြုလုပ်ရမည့် သီးသန့်ပုံစံကို မသတ်မှတ်သင့်ပေ။ ထို့အပြင် EBEP များ၏ ပုံစံအမျိုးအမျိုးနှင့် ဆက်သွယ် ဝင်ရောက်ခြင်းတို့သည် နိုင်ငံတော်၏ တရားဝင် အခြေခံပညာရေး၏အရေးပါသော အဖွဲ့အစည်းများဖြစ်ကြကြောင်း စတင်ဆောင်ရွက်ခြင်းဖြင့် နဂိုအခြေအနေကို ပွင့်လင်းစွာ အသိအမှတ်ပြုသင့်ပြီး ရပ်ရွာများနှင့် နိုင်ငံတကာ ဆောင်ရွက်သူများထံမှ ရန်ပုံငွေများကို လက်ခံကောင်း လက်ခံနိုင်သည်။ EBEP များ၏ ပိုမို တရားဝင်သော အသိအမှတ်ပြုခြင်း၊ ယင်းတို့၏ ကျောင်းများနှင့် ယင်းတို့၏ ဝန်ထမ်းများကိစ္စများသည် သီးသန့်ဖြစ်ပြီး ရေရှည်ရည်မှန်းချက်ဖြစ်သည်။

နှစ်ဖက်စလုံး ဆောင်ရွက်သည့်နေရာတိုင်းတွင် ဥပဒေပြုရေးသည် အစိုးရအား ယင်းတို့၏ ပညာရေးအစီအစဉ်များကို  EBEP များနှင့် ဆွေးနွေး ညှိနှိုင်းရန် ကတိထားသင့်သည်။ ပညာရေးဝန်ကြီးဌာနနှင့် အခြား အစိုးရအဖွဲ့များသည် အမျိုးသား ပညာရေးမူဝါဒနှင့် တိုင်းရင်းသား ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်းတို့နှင့် ပတ်သက်နေသော  ကိစ္စရပ်များကို EBEP များနှင့် တိုင်ပင်လိမ့်မည် ဖြစ်သည်။ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဆင့်နှင့် အနာဂတ်ရန်ပုံငွေနှင့် တာဝန်ယူမှု ခွဲဝေရေးအတွက် နေရာတစ်ခုကို ဖန်တီးခြင်းအားဖြင့် EBEP များသည် အစိုးရ၏ သီးခြားရပ်တည်နေသည့် အနေအထားမှ ရန်ပုံငွေများကို ရကောင်းရနိုင်သည်။

EBEP များနှင့်အတူ နောက်ထပ် သုံးသပ်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့က ယင်းတို့အတွက် သင့်လျော်သော ဝေါဟာရနှင့် အဆင့်ကို စစ်ဆေးရန် လိုအပ်လိမ့်မည်ဖြစ်သည်။ သို့သော် တိုင်းရင်းသား လုပ်ငန်းဆောင်ရွက်သူများသည် အခြေခံပညာရေး ဖြည့်ဆည်းပေးနေခြင်းကို အသိအမှတ်ပြုခြင်းနှင့် ဒေသအဆင့်တွင် ယင်းတို့နှင့် အစိုးရအကြား တွေ့ဆုံမှုထက် ပိုကောင်းသော နေရာသတ်မှတ်ခြင်းကို ခွင့်ပြုခြင်းအား အလေးထားရန်လိုသည်။ MTB-MLE ကို အသုံးပြုပြီး ဒေသတွင်း ကျောင်းဆရာများမှတစ်ဆင့် တိုင်းရင်းသား အစုအဖွဲ့များဆီသို့ ပညာရေးကို ဖြည့်ဆည်းပေးနေသော အသင်းတော်အခြေခံ အုပ်စုများအပါအဝင် ဘာသာရေး အဖွဲ့အစည်းများအတွက် ထူးခြားသော သုံးသပ်ခြင်းသည် လိုအပ်မည်ဖြစ်သည်။ သို့သော် ယင်းတို့၏ တိုင်းရင်းသားဖြစ်မှုဖြင့် တိကျစွာ သတ်မှတ်ထားမှု မရှိချေ။

အကယ်၍ ပါလီမန်မှတစ်ဆင့် အဆိုပါ ဥပဒေရရှိခြင်း မဖြစ်နိုင်လျှင် အစိုးရသည် အလားတူသက်ရောက်မှုရှိသော သမ္မတ အမိန့်ကြေညာစာ တစ်ခုကို ထုတ်ပြန်နိုင်သည်။ အနည်းဆုံး ယင်း၏ ပတ်ဝန်းကျင်တွင် ဆောင်ရွက်နေသော မူလအခြေအနေကို သင့်လျော်သလို အသိအမှတ်ပြုရန် အနာဂတ် ပညာရေးဝန်ကြီးဌာန၏ မူဝါဒများတွင် ထိုပြဌာန်းချက်များသည် ပါဝင်နိုင်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၃* |
| --- |
| *ထူးခြားသော အခြေအနေများမရှိဘဲ သို့မဟုတ် မှတ်ပုံတင် လိုအပ်ချက်များ မရှိဘဲ EBEP များကို တရားဝင် အသိအမှတ်ပြုခြင်း ပေးအပ်ရန်။* |

## တိုးတက်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဆီသို့

စစ်ဆေးထားသော ကိစ္စရပ်များသည် အစိုးရနှင့် EBEP တို့အကြား ပိုမိုကောင်းမွန်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး လိုအပ်ချက်တွင် ပါဝင်သည်။ လက်ရှိစိန်ခေါ်မှုများမှာ တစ်စစီဖြစ်နေသော သဘောတူညီချက်များနှင့် အခါအားလျော်စွာ ကျင်းပသော ဆွေးနွေးမှုများမှတဆင့် ဖြေရှင်းရန် ခက်ခဲနေသည်။ လုံလောက်မှု မရှိသော်လည်း လက်ရှိတွင် ဆွေးနွေးညှိနှိုင်းမှု ပုံစံအချို့ ရှိကြပြီး အခြေအနေကို ကြည့်ပြီး ဆောင်ရွက်နိုင်သည်။

[231] မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၆)၊ စာမျက်နှာ ၈၊ ၂၉။

နိုင်ငံတကာ ဆောင်ရွက်သူများက မကြာခဏ ပြုလုပ်ပေးသော မကြာသေးမီက ပိုမိုတရားဝင်သည့် တွေ့ဆုံမှုများကဲ့သို့ တစ်ခုနှင့်တစ်ခု ထပ်နေသည့် EBEPနှင့် အစိုးရတို့အကြား မြေပြင်အဆင့် တွေ့ဆုံမှုများ ပါဝင်သည်။

ရောနှောကျောင်းများတွင် ပညာရေးဝန်ကြီးဌာနနှင့် EBEP ကျောင်းဆရာများသည် နေ့စဉ် တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှု ရှိကြသည်။ ပညာရေးဝန်ကြီးဌာန မြို့နယ် ပညာရေးမှူးများ(TEO)နှင့် EBEP တို့၏ အုပ်ချုပ်ရေး ဝန်ထမ်းတို့သည် အထူးသဖြင့် ရောနှောကျောင်းများ တည်ရှိသည့် နေရာများတွင် တစ်ဦးနှင့်တစ်ဦး အဆင့်အမျိုးမျိုးတွင် ထိတွေ့မှု ရှိကြသည်။ ပညာရေးဝန်ကြီးဌာနနှင့် MNED ရောနှောကျောင်း ၉၅ ကျောင်းရှိသည့် မွန်ဒေသများတွင် ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသအဆင့်တွင် အားကောင်းစွာ တည်ရှိသည်။ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်တွင် ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်သူများထက် ပညာရေးဝန်ကြီးဌာန၏ ကျောင်းအုပ်များနှင့် TEO များသည် MNED နှင့် ပိုမိုပူးပေါင်းဆောင်ရွက်ကြသည်။

ပညာရေးဝန်ကြီးဌာနက ယင်း၏ တိုးချဲ့မှုကို လျင်မြန်စွာ ဆောင်ရွက်နေသော KNU နှင့် အစိုးရတို့ ရောနှော အုပ်ချုပ်နေသည့် ဒေသများတွင် KED နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်မှုသည် အကန့်အသတ်ရှိကြသည်။ အရှေ့ဒေါနဒေသရှိ KED အုပ်ချုပ်ရေးမှူးတစ်ဦးက အချင်းချင်း တစ်ဦး၏ လုပ်ငန်းခွင်ကို တစ်ဦးက ဖြတ်သန်းသွားသောအခါ TEO နှင့် တရားဝင်မဟုတ်သော တွေ့ဆုံမှု အနည်းငယ်ရှိကြောင်း ပြောပြသည်။ ဥပမာအနေဖြင့် အနီးအနားရှိ မြို့နယ်ခွဲတစ်ခုသို့ ခရီးသွားနေသည့် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာတစ်ဦးရှိသည့် KED အထက်တန်းကျောင်းတစ်ကျောင်းတွင် TEO က တစ်ကြိမ် ရပ်နားဖူးသည်။ KED တာဝန်ရှိသူများသည် မြဝတီသို့ သွားရာတွင် မြို့နယ်ပညာရေးမှူးထံသို့ ဝင်ရောက်လည်ပတ်ခဲ့ဖူးကြသည်။ "[ကျွန်တော်တို့ကျောင်းတွေနဲ့ ရပ်ရွာတွေမှာ] [သူတို့ကျောင်းဆရာတွေ] လုပ်သင့် မလုပ်သင့်ဆိုတဲ့ ကျွန်တော်တို့ရဲ့ အခြေအနေကောင်းတွေကို သူတို့သိတဲ့အတွက် ဒါဟာ အကူအညီတောင်းတာပါပဲ။ သိပ်ကို အကူအညီပေးတဲ့ KED မူဝါဒကို လိုက်နာဖို့ အစိုးရကျောင်းဆရာတွေကို [ပြောခဲ့စေဖို့] ကျွန်တော်တို့ကို ကူညီစေပါတယ်"ဟု ပြောကြားသည်။ "TEO က သိပါတယ် ကျွန်တော်တို့ဟာ ကိုယ်ပိုင်ပညာရေးမူဝါဒရှိပြီး ဒီအပေါ်မှာ လုပ်ဆောင်နေတယ်ဆိုတာကိုပါ။ ဒါပေမဲ့ နိုင်ငံရေးဆွေးနွေးပွဲက [ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ] မလုပ်ရသေးဘူး။ ဒါကြောင့် [ဆက်ဆံရေးက] မတည်ငြိမ်သေးဘူး။ ဒါပေမဲ့ ကြားကာလ အသွင်ပြောင်းလဲရေးမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတာ သူ သဘောပေါက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ KED သင်ရိုးကို သုံးနေတာ သူတို့ မတားမြစ်တာပါ"[232] ဟု ဆိုသည်။

သို့သော် အခြားစနစ်မှ ယင်းတို့၏ ဆွေးနွေးဖက်များနှင့် ပွင့်လင်းစွာ ထိတွေ့ရန် အောက်ခြေ TEO များနှင့် EBEP အုပ်ချုပ်သူများအကြား လွတ်လပ်မှုမရှိဟု ယူဆမိကြခြင်းကြောင့် မကြာခဏ ဆက်ဆံရေးကို နှောင့်နှေးစေသည်။ EBEP ဝန်ထမ်းအချို့က ပြောရာတွင် မြေပြင်တွင် EBEP တို့၏ ပူးပေါင်းမှုနှင့် ထောက်ခံမှု ရှိနိုင်သော မှန်ကန်သည့် ပညာရေးဝန်ကြီးဌာန၏ TEO များ ထူးခြားစွာ ရှိကြသည်ဟု ဆိုသည်။ သို့သော် ယင်းတို့၏ ဆက်ဆံရေးသည် ချိတုံချတုံနှင့် တစ်သမတ်တည်း မဖြစ်သေးဘဲ ရှိနေခြင်း သို့မဟုတ် ကျယ်ပြန့်သော မူဝါဒရေးရာများကို အကျိုးဖြစ်စေသည့် သမ္မာ မရှိခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြသည်။[233] စင်စစ် အရှေ့ဒေါနဒေသရှိ KED အခြားဝန်ထမ်းက လက်တွေ့တွင် KED က အုပ်ချုပ်သော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာအသစ်များနှင့် ကိစ္စရပ်များ စီမံခန့်ခွဲရန် ကြိုးပမ်းရာတွင် ပညာရေးဝန်ကြီးဌာနသည် KED ကို တုန့်ပြန်ရန် ပျက်ကွက်ခဲ့သည်ဟုဆိုသည်။[234]

တစ်နည်းအားဖြင့် အချို့နေရာများရှိ EBEP တို့၏ ပညာရေးဝန်ကြီးဌာန လုပ်ဖော်ကိုင်ဖက်များနှင့် တိုက်ရိုက်တွေ့ဆုံခြင်းမှ ယင်းတို့ခေါင်းဆောင်မှုဖြင့် အုပ်ချုပ်ရေးမှူးများကို ကန့်သတ်ထားခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်နေသော ငြိမ်းချမ်းရေးအား စေ့စပ်ဆွေးနွေးခြင်း လုပ်ဆောင်နေစဉ်အတွင်း ရှေ့သို့ ချီတက်ရန် တုံ့နှေးနေကြသည်။ KNU ခရိုင်တစ်ခုမှ KED ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးက "ကျွန်တော်တို့ဌာနက တစ်ဦးတည်း တည်ရှိနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့က ခရိုင် လက်အောက်ကပါ။ ကျွန်တော်တို့ ခရိုင်က အစိုးရနဲ့ ဘာမှ အဆက်အသွယ် မရှိချင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဘာမှ အဆက်အဆံ မရှိပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အနေအထားက သူတို့ အတိုင်းပါပဲ" ဟု ပြောကြားသည်။ ထိုခရိုင်တွင် အခြားသူများကြားတွင် ရောနှောကျောင်းများသို့ KED ၏ သင်ရိုးကို ပေးပို့ခြင်းနှင့် ပတ်သက်ပြီး KED ၏ ဗဟိုရုံးနှင့် ပညာရေးဝန်ကြီးဌာန၏ ကရင်ပြည်နယ် ပညာရေးဌာနတို့အကြား ညှိနှိုင်းမှု လုပ်ရသည်။[235]

ရှမ်းပြည်နယ်တွင် RCSS က ထောက်ပံ့ထားသော ကျောင်းများစွာသို့ ပညာရေးဝန်ကြီးဌာန၏ ကျောင်းဆရာများကို ပို့ဆောင်ကတည်းက RCSS

[232] အစိုးရက မြဝတီမြို့နယ်အတွင်းဟု သတ်မှတ်ထားပြီး မြဝတီမြို့နယ် ပညာရေးဌာန လက်အောက်တွင် ရှိသော KNU၏ ကော့ကရိတ်မြို့နယ် ဒူပလာယာခရိုင်၏ KED အုပ်ချုပ်ရေးမှူးက ဤကိစ္စကို ဆောက်ရွက်ခဲ့သည်။

[233] အဆင့်အမျိုးမျိုးရှိ MNEC/MNED အဖွဲ့ဝင်များနှင့် KED ဝန်ထမ်းများက တူညီသော ယူဆချက်ကို ဖလှယ်ခဲ့ကြသည်။

[234] အရှေ့ ဒေါနခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[235] KED ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

သည် ဒေသအဆင့် စွမ်းရည်မရှိသော ကျောင်းဆရာများကြောင့် ပညာရေးဝန်ကြီးဌာနနှင့် စနစ်တကျ တွေ့ဆုံရန် ကြိုးပမ်းနေရသည်။[236]

ပိုမိုမြင့်သော အဆင့်တွင် UNICEF က ထောက်ပံ့ထားသော ထိုးထွင်းဆောင်ရွက်မှုလုပ်ငန်းများသည် EBEP နှင့် အစိုးရ စနစ်များအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကို တိုးတက်စေသည်။[237] ၂၀၁၅ ခုနှစ်တွင် မွန်နှင့် ကရင်ပြည်နယ်တို့ရှိ ပညာရေးဝန်ကြီးဌာန၏ ပြည်နယ်ပညာရေးဌာနများသည် ပြည်နယ်အဆင့် လေးလပတ် ပညာရေး ညှိနှိုင်းမှု အစည်းအဝေးများကို တရားဝင် ကျင်းပသည်။[238]

EBEP များ အပါအဝင် ပြည်နယ်အတွင်း ပညာရေးလုပ်ငန်းတွင် လုပ်ဆောင်သူ အားလုံးကို တံခါးဖွင့်ထားပြီး ယင်းကို UNICEF က ဖြည့်ဆည်းပေးထားသည်။ ယင်းအစည်းအဝေးများသည် MNED အား ပညာရေးဝန်ကြီးဌာန၏ ဖတ်စာစာအုပ်များနှင့် EBEP နှင့် အစိုးရကျောင်းများအကြား ကျောင်းသားများ လွှဲပြောင်းခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးနိုင်စေရန်နှင့် အခွင့်အရေး ပေးထားသည်။ ထို့အပြင် EBEP များအား ယင်းတို့၏ အစီအစဉ်များနှင့် လှုပ်ရှားမှုများကို တင်ပြခွင့်ပေးထားကာ သက်ဆိုင်ရာ မေးခွန်းများလည်း မေးခွင့် ပေးထားသည်။[239] မွန်ဘာသာ သင်ရိုးသစ်ဖွံ့ဖြိုးရေးနှင့် ပညာရေးဝန်ကြီးဌာနမှ တစ်ဆင့် MNEC/MNED ကျောင်းများအတွက် ညှိနှိုင်းဆောင်ရွက်ရေး အာမခံချက်များအတွက် ဦးဆောင်ကော်မတီ အပါအဝင် EBEP နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား တွေ့ဆုံမှုပုံစံများဖြင့် အစည်းအဝေးများကို ပြည့်စုံစေသည်။

MNEC၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးက ဆက်ဆံရေးအတွက် အခွင့်အလမ်းသစ်များ အထူးသဖြင့် ညှိနှိုင်းအစည်းအဝေးများသည် ပညာရေးဝန်ကြီးဌာန၏ တာဝန်ရှိသူများအကြား ကောင်းသော အတွေးအမြင်သို့ ပြောင်းလဲစေသည်။ သို့သော် သူမက ဆက်လက်ပြောကြားရာတွင် ယင်းသည် မူဝါဒကို ကြီးမားစွာ အကျိုးမသက်ရောက်ကြောင်း၊ အကြောင်းမှာ ပြည်နယ်/မြို့နယ် တာဝန်ရှိသူများသည် ကြီးမားစွာ ပြောင်းလဲရန် အခွင့်အာဏာ မရှိကြောင်း ဆိုသည်။

> UNICEF ဘာသာစကား မူဝါဒနှင့် ညှိနှိုင်းရေးတို့နှင့် ကျွန်ုပ်တို့၏ အတွေ့အကြုံများသည် ပြည်နယ်နှင့် မြို့နယ် အဆင့် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၏ အမြင်နှင့် မိခင်ဘာသာစကား ပညာရေး၏ နားလည်မှုကို ပြောင်းလဲစေခဲ့သည်။ ယင်းတို့သည် အထောက်အကူ ပေးကြပြီး ပြောင်းလဲကြသည်။ သို့သော် ယင်းအရာရှိများသည် မူဝါဒချမှတ်သူများ မဟုတ်ကြပါ။ သူတို့သည် အကောင်အထည်ဖော်သူများသာ ဖြစ်ကြသည်။ ထို့အပြင် သူတို့သည် မူဝါဒချမှတ်သူများကို မလွှမ်းမိုးနိုင်ကြပါ။ ထို့ကြောင့် ယင်းတို့ [နောက်ထပ် အကြီးတန်း အရာရှိများသည်] ပြောင်းလဲနေခြင်း မရှိပါ....[240]

ထို့အပြင် MNEC အဆင့်တူ ခေါင်းဆောင်များက ပူပန်မှုကို ဖော်ပြရာတွင် MNECနှင့် တိုက်ရိုက်တွေ့ဆုံခြင်း သို့မဟုတ် ပိုမိုကောင်းမွန်သော ဆက်သွယ်မှု လိုအပ်သည့် ရုပ်ထွေးပြီး လက်တွေ့ပြောင်းလဲမှုများရှိသော ပိုမိုတရားဝင်သည့် ညှိနှိုင်းမှုများ တည်ထောင်ခြင်းတို့အတွက် အစိုးရသည် အစစ်အမှန် စိတ်ပါဝင်စားခြင်း မရှိချေ။

> UNICEF က ဖိတ်ခေါ် ရုံမဟုတ်လျှင်၊ အစိုးရက ယင်းတို့နှင့် တစ်ယောက်-တစ်ယောက်ချင်း အတူတကွ ဆောင်ရွက်ကြလိမ့်မည်ဆိုပါက ယင်းကို ကျွန်ုပ်တို့နှစ်သက်ပါလိမ့်မည်။ UNICEFက ဖန်တီး ကူညီပေးသော်လည်း အနာဂတ်တွင် အယူအဆအားဖြင့် ပြည်နယ်အစိုးရသည် ညှိနှိုင်းရေးအသွင်နှင့် အကောင်အထည်ဖော်ရေးအတွက် ပြုလုပ်သင့်ပေသည်။ ပညာရေးဝန်ကြီးဌာန၏ မွန်ပြည်နယ်ပညာရေးဌာနက "ခင်ဗျားတို့မှာ ပြဿနာရှိရင် အချိန်မရွေးလာပါ။ ဒါပေမဲ့ ကျွန်တော်တို့က ကြည်ရုံတွင်ကလေး မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ပြဿနာရှိတဲ့ အချိန်ကလေးတွင် မဟုတ်ပါဘူး။ အတူတကွ တိုးတက် လုပ်ဆောင်ဖို့ ကျွန်တော်တို့ ပုံမှန် တွေ့ချင်ပါတယ်။ ပြဿနာတွေကို ဖြေရှင်းရုံဆိုရင် ပြဿနာလေးတွေကို ဖြေရှင်းဖို့ ကျွန်တော်တို့တွေ လက်နေးနေတာ ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပုံမှန် ညှိနှိုင်းနေရင် ကျွန်တော်တို့ရဲ့ ပုံမှန် အတွေ့အကြုံပေါ်မှာ အခြေခံပြီး ကိစ္စရပ်ကလေးတွေ အားလုံးကို ဖြည့်ဆည်းနိုင်ပါမယ်။ ပြီးတော့ အဲဒါတွေကိုလည်း ဖြေရှင်းနိုင်ပါမယ်။"ဟု ပြောခဲ့သည်။[241]

---

[236] SSDF ကိုယ်စားလှယ်နှင့် တွေ့ဆုံခြင်း၊ ဇင်းမယ်၊ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ)။

[237] ၂၀၁၃ ခုနှစ်တွင် UNICEF မြန်မာက ဒတ်ချ်မှ ထောက်ပံ့သော အမေရိကန်ဒေါ်လာ ၅.၅ သန်းတန် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ပညာရေးနှင့် ထောက်ခံအားပေးမှု သုံးနှစ်အစီအစဉ် (PBEA) ကို စတင်သည်။ အစိုးရကို ကြီးမားစွာ ထောက်ပံ့နေသော Quality Basic Education Program (QBEP) ဖြစ်သည့် လက်ရှိနိုင်ငံ၏ ပညာရေးစီမံချက်များနှင့် လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးတည်ဆောက်မှုကို PEBAက UNICEF ဆောင်ရွက်နိုင်စေရန် လုပ်ဆောင်ပေးသည်။

[238] ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ၊ မေနှင့် အောက်တိုဘာလများတွင် မွန်ပြည်နယ်၌ သုံးကြိမ် ပြုလုပ်သည်။ ကရင်ပြည်နယ်တွင် ၂၀၁၅ ဒီဇင်ဘာလတွင်း တစ်ကြိမ် ပြုလုပ်သည်။ MNEC က အစည်းအဝေးတိုင်း တက်ရောက်ပြီး KED က ကရင်ပြည်နယ်တွင် ကျင်းပသော အစည်းအဝေးကိုသာ တက်ရောက်သည်။

[239] အစည်းအဝေး မှတ်တမ်း၊ ကရင်နှင့် မွန်ပြည်နယ် ပညာရေးပါဝင်ပတ်သက်သူ ညှိနှိုင်းဆွေးနွေးပွဲများ။ ဖေဖော်ဝါရီ၊ မေ၊ အောက်တိုဘာနှင့် ဒီဇင်ဘာလ။

[240] MNEC အဆင့်မြင့်ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[241] MNEC အဆင့်မြင့်ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

KED/KSEAG ခေါင်းဆောင်များနှင့် ခြေခြေမြစ်မြစ် မဟုတ်သော ဆွေးနွေးပွဲက ညွှန်းဆိုရာတွင် ပြည်နယ်အဆင့် ညှိနှိုင်းရေး အစည်းအဝေးများကို အားတက်သရော ကြိုဆိုရပြီး ယုံကြည်မှု တည်ဆောက်ရေး စတင်ရန်နှင့် အဓိက အရေးအရာများကို ဖြည့်ဆည်းရေး စတင်ရန် အသုံးဝင်သည်။ သို့သော် အချို့ရေးရာများနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနမှ အထောက်အပံ့ကို ရရှိရန် မပြုလုပ်နိုင်သေးချေ။ ထို့အပြင် ပိုမိုလက်တွေ့ကျပြီး အဓိက ထိတွေ့ရမည့် ကိစ္စရပ်များသည်အစိုးရ အသစ်နှင့်မှသာ ဖြစ်နိုင်လိမ့်မည် ဖြစ်သည်။[242]

MNEC, KED/KSEAG နှင့် RDFSS ခေါင်းဆောင်များက အမျိုးသား ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အဓိက ပါဝင်ပတ်သက်သူများအဖြစ် ယင်းတို့ကို အသိအမှတ်ပြုစေရန် ဆန္ဒရှိကြပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလုပ်ငန်းများ (CESR) ဆောင်ရွက်ချက်များနှင့် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် ပညာရေးဥပဒေကို မူကြမ်းရေးဆွဲရာတွင် ယင်းတို့ကို ပါဝင်ထည့်သွင်းခြင်း မပြုလုပ်ခြင်းအား စိတ်ပျက်ကြသည်။ MNEC အဆင့်မြင့်ခေါင်းဆောင်တစ်ဦးက "UNICEF ရဲ့ အစီအစဉ်နဲ့ သူတို့ သင်တန်းပေးတိုင်း ကိစ္စရှိတိုင်း တက်ရောက်သူတွေ အဖြစ်နဲ့ ကျွန်တော်တို့ကို ဖိတ်ပါတယ်။ ဒါပေမဲ့ သူတို့ ပြောင်းလဲနိုင်ပြီဆိုပြီး ကျွန်တော်တို့ကို အဓိက ပါဝင်ပတ်သက်သူတွေရယ်လို့ မစဉ်းစားပါဘူး။ အစိုးရဟာ အကုန်လုံး သူ့ဘာသာ လုပ်နေတာပါပဲ။"ဟု ဆိုသည်။[243]

## တိုက်တွန်းအကြံပြုချက်များ

ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့၏ စုစုစည်းစည်းနှင့် ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲသည် ဤအစီရင်ခံစာတွင် ပိုမို ပေါင်းစုထားသော ဆက်ဆံမှုများကို တည်ဆောက်ရန်နှင့် ပုံကြမ်းဖော်ပြထားသော ဦးတည်ချက်အားလုံး အောင်မြင်ရန် အရေးပါလာလိမ့်မည်။ အုပ်ချုပ်ရေး အဆင့်ဆင့်တွင် ပုံမှန် ဖိုရမ်များမှတစ်ဆင့် အောင်မြင်နိုင်လိမ့်မည်။ ဒေသတစ်ခုမှ တစ်ခုသည် EBEP တို့၏ အရေအတွက်နှင့် အရွယ်အစားတို့ကို မူတည်ပြီး ပုံစံ အမျိုးမျိုးပြောင်းလဲလိမ့်မည်။

EBEP ကျောင်းများရှိသော နယ်မြေအများတွင် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့သည် ကျယ်ပြန့်သော အရေးအရာများနှင့် ပူးတွဲပညာရေး အစီအစဉ်ကို ဆွေးနွေးရန် ဒေသဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များကို တည်ထောင်သင့်သည်။ UNICEF က ဖြည့်ဆည်းပေးထားသော မွန်နှင့် ကရင် ပြည်နယ် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များသည် ကောင်းမွန်သောပုံစံကို ပေးအပ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့က ဆက်လက်တန်ဖိုးထားသော ကျောင်းများကို ယင်းတို့၏ နေရာများတွင် ဆက်ထားရှိသင့်သည်။ သို့သော် အဆုံးစွန်ဆုံးအနေဖြင့် အစိုးရသည် ညှိနှိုင်းရေးအတွက် ပုံမှန်နေရာများ ဖန်တီးရန် မိမိဘာသာ ခြေလှမ်းများလှမ်းနေခြင်းသည် အရေးပါပြီး ယင်းတွေ့ဆုံမှုများသည် ပိုမိုလက်တွေ့ကျ ပြီး အာရုံစိုက်ခြင်းခံရသည်။

ထိုဖိုရမ်များကို ကျင်းပရန် လက်တွေ့အကျဆုံး နည်းလမ်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အမြဲတမ်းမဖြစ်နိုင်ပေ။ KED/KSEAG နှင့် MNEC/MNED များကဲ့သို့ ကြီးမားပြီး အဓိကကျသော သက်ဆိုင်ရာ EAO များအတွက်မူ သက်ဆိုင်ရာဒေသများတွင် မြို့နယ်များ၏ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် EBEP အသီးသီး ပါဝင်တက်ရောက်စေခြင်းဖြင့် သီးခြားအဖွဲ့များရှိရန် အသုံးကျနိုင်သည်။[244] ယင်းသည် စုစည်းပြီး လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုအတွက် ခွင့်ပြုဖွယ်ရှိသည်။ ကချင်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်ရှိ ကချင် EBEP များအကြား ဥပမာ တစ်ခုအဖြစ် တိုင်းရင်းသားများကျင်းပသော ဖိုရမ်များသည် အသုံးအကျဆုံးဖြစ်သော ကိစ္စများ ဖြစ်နိုင်လိမ့်မည် ဖြစ်သည်။ အမျိုးမျိုးသော ဒေသများတွင် နိုင်ငံရေး ပထဝီဝင် အနေအထား ကျယ်ပြန့်စွာ ကွဲပြားသော ရှမ်းပြည်နယ်မှာကဲ့သို့ သေးငယ်သော ပြည်နယ်ခွဲဒေသများသည် ကျိုးကြောင်းအဆီလျော်ဆုံး စည်းရုံးရေးနယ်မြေဖြစ်သည်။ အချို့ကိစ္စများတွင် ထူးခြားသော EAO များ၏ ပိုင်နက်နယ်မြေပတ်ဝန်းကျင်တွင် တိကျသော အခြေခံညှိနှိုင်းမှုအတွက် အသုံးအဝင်ဆုံး ဖြစ်နိုင်သည်။ အစီရင်ခံစာ၏ ကျန်ရစ်မှုများအတွက် ဤညှိနှိုင်းခြင်း၏ ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော အဆင့်ကို "ဒေသအဆင့် ညှိနှိုင်းခြင်း"ဟု ခေါ်နိုင်သည်။

ထို့အပြင် မြို့နယ် သို့မဟုတ် တူညီသောအဆင့်တွင် အုပ်ချုပ်ရေးမှူးများအကြား ပုံမှန်စနစ်ကျသော အစည်းအဝေးများတွင် ထူးခြားပြီး လက်တွေ့ကျသော အရေးအရာများ အထူးသဖြင့် EBEP များမှာ သေးငယ်သော အကျုံးဝင်မှုရှိသည့် ကိစ္စရပ်များကို ဖြေရှင်းရန် အသုံးပြုသင့်

[242] KED အထက်တန်းအမှုထမ်းနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ခုနှစ် အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလ)။

[243] MNEC အဆင့်မြင့်ခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[244] EBEP၏ အကျုံးဝင်မှုသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရ အုပ်ချုပ်မှု အဆင့်အတန်းကို ဆီလျော်ကိုက်ညီစေရန် မလုပ်ဆောင်ပေ။ ဥပမာအနေဖြင့် MNEC/MNED တို့သည် ကရင်ပြည်နယ်တွင် ဝန်ဆောင်မှုပေးကြပြီး KSEAG သည် မွန်၊ ပဲခူးနှင့် တနင်္သာရီတို့တွင် ဆောင်ရွက်သည်။ ထို့ကြောင့် ညှိနှိုင်းရေးအဖွဲ့များ သည် ပြည်နယ်/တိုင်းဒေသကြီးများတွင် တရားဝင် ဗဟိုပြုကြသော်လည်း ပြည်နယ်/တိုင်းဒေသကြီးများ ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကြသော သက်ဆိုင်ရာ ပြည်သူများအတွက် မပါဝင်ကြပေ။ NCA ကို တစ်ပိုင်းတစ်စ လက်မှတ်ထိုးထားခြင်းကို လိုက်နာလုပ်ဆောင်သော နိုင်ငံရေးဆွေးနွေးပွဲ ဖွံ့ဖြိုးစေရန်အတွက် မူဘောင်တွင် ဤအဆင့်ရှိ ဒေသဆိုင်ရာ ဆွေးနွေးပွဲများကို "အမျိုးသား ဆွေးနွေးပွဲ"ဟု ညွှန်းဆိုမည်ဖြစ်ပြီး အကြောင်းမှာ ယင်းတို့သည် သီးခြားရှိသော တိုင်းရင်းသားများ (ဥပမာ ကရင် သို့မဟုတ် ရှမ်း)ကို ဟန်ပြအနေဖြင့် ဆက်ဆံမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင်မူ ထိုသို့ဆက်ဆံမည် မဟုတ်ချေ။

သည်။ လုပ်ပိုင်ခွင့်အာဏာနှင့် အတူပူးပေါင်းလုပ်ဆောင်ရန် ယုံကြည်ချက်ရှိစေရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့သည် အဆင့်နိမ့်များတွင် တွေ့ဆုံမှုများတွင် အုပ်ချုပ်ရေးမှုုများကို အခွင့်အာဏာပေးရန် ဒေသဆိုင်ရာ ညှိနှိုင်းမှုကို အသုံးပြုသင့်ပြီး ပူးပေါင်းဆောင်ရွက်ရေးနှင့် ပူးတွဲလုပ်ဆောင်မှု လိုအပ်သော အဓိက နေရာများအတွက် သတ်မှတ်ချက်ဘောင်ကို လုပ်ဆောင်သင့်သည်။

ဖြစ်နိုင်သည့်နေရာများတွင် ကျောင်းများအတွက် အရင်းအမြစ်များကို အုပ်ချုပ်နေရာချရာ၌ အဓိက အခန်းကဏ္ဍကို ရပ်ရွာအဖွဲ့များက ထိန်းသိမ်းထားစေရန် ညှိနှိုင်းရေးအဖွဲ့များနှင့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်သင့်သည်။ ကျယ်ပြန့်သော ပြင်ပလုပ်ဆောင်သူများထံမှ ရယူပေးသော ကျောင်းအရင်းအမြစ်များကို အုပ်ချုပ်ရာတွင်နှင့် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့ကျန်ရစ်သော ကျောင်းဝန်ဆောင်မှုများ၏ ကွာဟမှုများကို ဖြည့်ဆည်းရာတွင် ရပ်ရွာကျောင်းကော်မတီများသည် ဝေးလံခေါင်ဖျားဒေသများတွင် ပညာရေး၏ သို့သော် ပညာရေး အဖွဲ့အစည်းများက ဆောင်ရွက်ပေးထားသော ယင်းတို့၏ အခန်းကဏ္ဍသည် အမြဲတစေ အဆင်ပြေနေမည် မဟုတ်ပေ။ အမျိုးမျိုးသော ဆောင်ရွက်ပေးသူများထံမှ ရနိုင်သော ဝန်ဆောင်မှုများကို တန်ဖိုးထားရန်အတွက်နှင့် ယင်းတို့၏ ကျောင်းများအတွက် မဟာဗျူဟာကျသော အစီအစဉ်များကို ဆောင်ရွက်ရန်အတွက် စနစ်ကျသောနည်းလမ်းမရှိဟု ထင်ရသည်။ လက်တွေ့တွင် အထောက်အပံ့ ပုံစံအမျိုးမျိုးမှာပင် အားနည်းချက် အားသာချက်များ ရှိနေချိန်တွင် ယင်းတို့သည် သူတို့ရနိုင်သော မည်သည့်အရာကိုဖြစ်စေ ယေဘုယျအနေဖြင့် ရယူမည်ဖြစ်သည်။ ရပ်ရွာက ဦးဆောင်သော ချဉ်းကပ်မှုတွင် အဓိကဖြစ်သော ကျောင်းအဆင့် ညှိနှိုင်းမှုအတွက် ရွေးချယ်စရာများကို အခန်း (၉) နှင့် (၁၀)တို့၌ ဆွေးနွေးထားပါသည်။

| *အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက်များ #၁* |
|---|
| *သင့်လျော်သော အုပ်ချုပ်ရေးအဆင့်များတွင် တရားဝင် ညှိနှိုင်းရေးအဖွဲ့ကို တည်ထောင်ရန်။* |

တစ်နှစ်နှစ်ကြိမ် သို့မဟုတ် တစ်နှစ်တစ်ကြိမ် ဖြစ်ကောင်းဖြစ်နိုင်သော ကျယ်ပြန့်သည့် မဟာဗျူဟာများ၊ အစီအစဉ်များနှင့် ပတ်သက်သော ပုံမှန် ပြည်ထောင်စုအဆင့် တိုင်ပင်ဆွေးနွေးရေးအဖွဲ့များ တည်ထောင်ရာတွင် ထူးခြားသောတန်ဖိုး ရှိလိမ့်မည်ဖြစ်သည်။ ယေဘုယျအနေဖြင့် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေးကို ဆွေးနွေးရန်နေရာကို ဖန်တီးရလိမ့်မည်ဖြစ်ပြီး ဒေသတွင်း ရည်ရွယ်ထားသော တွေ့ဆုံမှုကို လမ်းကြောင်းပေးပြီး တိုးတက်စေရန် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် အဆင့်မြင့် တိုင်းရင်းသားခေါင်းဆောင်များကိုလည်း ခွင့်ပြုလိမ့်မည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရပ်ရွာအခြေပြု ကျန်းမာရေးအဖွဲ့အစည်းများအကြား ပြည်ထောင်စုအဆင့် တွေ့ဆုံမှုသည် တိုင်းရင်းသား အဆင့်တူများနှင့် တိုက်ရိုက် အလုပ်လုပ်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေး ညွှန်ကြားရေးမှူးများကို လုပ်ပိုင်ခွင့်ပေးရန် အရေးပါခြင်းသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ရှိနေသည်။

အထူးသဖြင့် ပြည်ထောင်စုအဆင့် ညှိနှိုင်းရေးကို "အစိုးရပိုင်မျှသာ"ထက် အကျယ်ပြန့်ဆုံးအမြင်ဖြင့် "နိုင်ငံတော်ပိုင်"ဖြစ်စေရန် ပညာရေးဝန်ကြီးဌာနနှင့် EBEP များကို မဟာဗျူဟာချိန်ညှိရေး၊ အစီအစဉ်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များ စတင်ရန် ခွင့်ပြုရေး အသုံးပြုသင့်သည်။ ဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ပူးတွဲရည်မှန်းချက်နှင့် အညွှန်းကိန်းများကို ကဏ္ဍပေါင်းစုံ အစီအစဉ် တိုးတက်စေရန်နှင့် ပညာရေး ပြုပြင်ပြောင်းလဲရေးကို ချဉ်းကပ်မှုအား တိုးတက်စေရန် ဆောင်ရွက်လိမ့်မည် ဖြစ်သည်။

ယင်းလုပ်ငန်းစဉ်အောင်မြင်မှုရရှိရန် NLD အစိုးရသည် စစ်မှန်သော အခြားပညာရေးအဖွဲ့အစည်းများနှင့် တန်ဖိုးထားသော ပါဝင်ပတ်သက်သူများ ဖြစ်စေခြင်းဖြင့် ပညာရေး စီမံချက်နှင့် မူဝါဒကို ပိုမိုပါဝင်မှုရှိသော ချဉ်းကပ်မှုအား တိုးတက်စေရမည် ဖြစ်သည်။ ပထမဆုံးအနေဖြင့် အခြားအဖွဲ့အစည်းများသည် ပညာရေး တိုးတက်မှုရရှိစေရန် အရေးပါမည်ဖြစ်ပြီး ယင်းတို့၏ သွင်းအားစုသည် မရှိမဖြစ် အခြေအနေတွင်ရှိသော များစွာ လက်တွေ့ကျသည့် အကြောင်းပြချက်အတွက် အရေးကြီးပါသည်။ ထို့အပြင် အစိုးရ စီမံချက်များကို တရားဝင်အဖြစ် ရှုမြင်ပြီး ပူးတွဲပိုင်ဆိုင်မှုသည် ၎င်းတို့ကို ထောက်ပံ့ရန် အခြားလုပ်ဆောင်သူများ ရရှိစေရေး အရေးကြီးသည်။ နောက်ဆုံးတွင် ပညာရေး အစီအစဉ်နှင့် မူဝါဒချမှတ်ရာတွင် EBEP များ ပါဝင်ခြင်း မရှိခြင်းသည် ပြည်ထောင်စုအဆင့် အရေးအရာများတွင် တိုင်းရင်းသား ခေါင်းဆောင်များ ပါဝင်ရန် နိုင်ငံတော်၏ ပျက်ကွက်မှုကြောင့် နှစ်ကာလကြာရှည်စွာ မကျေနပ်ချက်များကို ပိုမို ဆိုးရွားလာစေသည်။

| *အစိုးရနှင့် EAO/EBEPများသို့ တိုက်တွန်းအကြံပြုချက် #၂* |
|---|
| *နိမ့်သောအဆင့် တွေ့ဆုံပွဲအတွက် ကြီးမားသောနေရာကို ခွင့်ပြုသကဲ့သို့ ပညာရေး မဟာဗျူဟာများ၊ အစီအစဉ်များနှင့် ဦးစားပေးလုပ်ငန်းများကို ချိန်ညှိရန် ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲအတွက် အဖွဲ့အစည်းကို ဖွံ့ဖြိုးစေရန်။* |

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် #၄* |
| --- |
| *စစ်မှန်ပြီး တန်ဖိုးရှိသော ပါဝင်ပတ်သက်သူများအဖြစ် အခြားပညာရေးအဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်းဖြင့် ပညာရေး စီမံချက်နှင့် မူဝါဒကို ပိုမိုပါဝင်သော ချဉ်းကပ်မှုများ တိုးတက်စေရန်။* |

တစ်ချိန်တည်းမှာပင် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်တွင် အကြီးမားဆုံးပညာရေးအဖွဲ့အစည်းဖြစ်ပြီး ပညာရေးကဏ္ဍ တိုးတက်စေရန် ယင်း၏ မဲဆန္ဒရှင်များကို တာဝန်ခံရသည်ဖြစ်ရာ ပညာရေး မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဦးဆောင်ရမည်ဆိုသည်ကို EBEP များက အသိအမှတ်ပြုကြသင့်သည်။ EBEP များသည် ယင်းတို့၏ လုပ်ပိုင်ခွင့်အာဏာနှင့် ပတ်သက်ပြီး ဆန့်ကျင်ပြောကြားခြင်း မရှိစေရန်နှင့် ယင်းတို့၏ ဆောင်ရွက်မှုများကို အတားအဆီးမဖြစ်စေရန် ကြာမြင့်လှပြီဖြစ်ကဲ့သို့ အစိုးရက ဆောင်ရွက်ပေးထားသော ယင်းတို့၏ အစီအစဉ်နှင့် မဟာဗျူဟာများကို ချိန်ညှိရန် လုပ်ဆောင်သင့်သည်။

ယင်းချိန်ညှိမှုသည် အစိုးရအတွက် ကြီးမားသောအထောက်အပံ့ကို အားပေးပြီး အဓိက နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များကိုလည်း အားပေးသည်။ အလှူရှင်များကို ဖွံ့ဖြိုးရေး ရန်ပုံငွေများ ပေးအပ်စေရန် ယင်းတို့က ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် အမျိုးသား ရည်မှန်းချက်များကို မည်သို့ အထောက်အပံ့ပေးနေသည်ကို ဖော်ပြရမည်ဖြစ်သည်။ အကယ်၍ EBEP များက ယင်းတို့၏ ဆောင်ရွက်မှုများသည် အစိုးရက ချမှတ်ထားသည့် ထင်ရှားသော ရည်မှန်းချက်များကို အထောက်အပံ့ပြုကြောင်း ယေဘုယျ အညွှန်းများသုံးပြီး ဖော်ပြနိုင်လျှင် ယင်းတို့၏ အဖိုးတန်မှုကို ရှင်းလင်းစွာ ဖော်ပြနိုင်ပြီး ကြီးမားသော အထောက်အပံ့များကို ရရှိလိမ့်မည်။ ထို့ကြောင့် EBEP များသည် ယင်းတို့၏ ရာဇဝတ်မှုတွင် ပါဝင်မိသောကြောင့် ဖြစ်ပေါ်သော သိမ်ငယ်သော စိတ်ထားမျိုးဖြင့် သို့မဟုတ် ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို ခြိမ်းခြောက်ခြင်းဟူ၍ အစိုးရ၏ အချို့မဟာဗျူဟာများကို မရှုမြင်သင့်ပေ။

| *EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် #၂* |
| --- |
| *ပညာရေး မဟာဗျူဟာများကို ဖွံ့ဖြိုးရန်အတွက် ဦးဆောင်ဦးရွက်ပြုရန် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ရှိကြောင်း အသိအမှတ်ပြုရန်နှင့် အစိုးရကဲ့သို့ အစီအစဉ်များနှင့် မဟာဗျူဟာများကို ချိန်ညှိခြင်းမှ အကျိုးပြုနိုင်ကြောင်း EBEP များက အသိအမှတ်ပြုရန်။* |

| *နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် #၂* |
| --- |
| *ပါဝင်သူများက လုပ်သင့်လုပ်ထိုက်သည် ထင်ရသော ညှိနှိုင်းဆောင်ရွက်မှုကို ဆက်လက်ထောက်ပံ့ရန် သို့သော် ပိုမို ထိုးထွင်းကြံဆမှုနှင့် တာဝန်ခံမှုဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနကို အားပေးရန်။* |

## အခန်း (၉)၊ အပစ်အခတ်ရပ်စဲထားသော ဒေသများသို့ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ တိုးချဲ့ခြင်း

အပစ်အခတ် ရပ်စဲထားသောကြောင့် အရင်းအမြစ်အသစ်များနှင့် အခွင့်အလမ်းသစ်များကို တိုးချဲ့ခြင်းမှ အကျိုးကျေးဇူးများ ဖြစ်စေခြင်းဖြင့် ပိုင်နက်နယ်မြေများသည် အပြိုင်အဖြစ်တည်ရှိပြီး ပညာရေးအတွက် EBEP များက ဆက်လက်ထောက်ပံ့နေသော အပစ်အခတ်ရပ်စဲရေး အချို့နေရာသစ်များတွင် ပညာရေးဝန်ကြီးဌာနသည် ယင်း၏ ပါဝင်ဆောင်ရွက်မှုကို တိုးချဲ့ပြီးဖြစ်သည်။ ဖွံ့ဖြိုးမှု နည်းပါးစွာ ရောက်ရှိသော နေရာများတွင် ပညာရေးတိုးတက်ရန် အလားအလာများရှိနေရာ အပစ်အခတ်ရပ်စဲရေးတွင် ယုံကြည်မှုကို ပျက်စီးစေပြီး ဝန်ဆောင်မှုပေးအပ်ခြင်းကို နှောင့်နှေးစေခြင်းဖြင့် ကြီးမားသော နိုင်ငံရေး ရှုပ်ထွေးမှုများကို မကြာခဏ ဖြစ်ပေါ်စေသည်။

ဤအခန်းသည် ယင်းဒေသများတွင် ပညာရေးဝန်ကြီးဌာနက မည်သို့ကျင်းပမည်ဆိုသည့်အချက်နှင့် EAO များနှင့် ရပ်ရွာအဖွဲ့အစည်းများက မည်သို့ရရှိကြမည် ဆိုသည်ကို ဆွေးနွေးရန်ဖြစ်ပြီး ကြုံတွေ့ရသော ကနဦးစိန်ခေါ်မှုအချို့ကို အထူးပြုဖော်ပြထားသည်။ ယင်းသည် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် ပညာရေးဝန်ကြီးဌာန တိုးချဲ့ခြင်း၏ ပိုမိုကောင်းမွန်သော ညှိနှိုင်းမှုအတွက် တိုက်တွန်းအကြံပြုချက်များကို ပေးထားသည်။ EBEP ထောက်ပံ့ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနကို တစ်ချိန်က အကြောင်းပြုပြီး ဖြစ်ပေါ်စေသော သက်ဆိုင်ရာ အရေးအရာများကို တည်ထောင်ထားသည်။ ယင်းကို အခန်း (၁၀) တွင် ဆွေးနွေးထားပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ထောင်နှင့်ချီသော ကျောင်းဆရာများကို KED/KSEAG တို့ ထောက်ပံ့ထားသော ကျောင်းများတွင် တာဝန်ချထားပြီး ယင်းနေရာများသည် KNU နှင့် KKO/DKBA တို့နှင့် အပစ်အခတ်ရပ်စဲထားသည့် နေရာများဖြစ်ကာ ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့မှု ထူးခြားစွာ ရှင်သန်နေသည်ဟု ထင်ရသည်။[245] MNED/MNEC မွန်အမျိုးသားကျောင်းများသည် ပညာရေးဝန်ကြီးဌာနမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရရှိသော်လည်း ပညာရေးဝန်ကြီးဌာနက ပိုင်သော အနီးအနားရှိကျောင်းများရှိသည့် နေရာများတွင် ဒေသအာဏာပိုင်များအဖြစ် MNSP ကို ပိုမိုရှင်းလင်းစွာ အသိအမှတ်ပြုထားပြီး ခွင့်ပြုချက်မရှိဘဲ ပြည်နယ်က ဝင်ရောက်ရန် မကြိုးပမ်းရပါ။ ထိုနေရာများတွင် မွန်အမျိုးသားကျောင်းများ တည်ရှိသည်။ အပြင်ပန်းအနေဖြင့် နည်းပါးသော်လည်း မသိနိုင်သောတစ်ခုမှာ RCSS ၏ ပညာရေးဌာနနှင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းက ထောက်ပံ့သော အချို့နေရာများအပါအဝင် မကြာသေးမီနှစ်များက RCSS က ထိန်းချုပ်ထားသော နေရာများသို့ ကျောင်းဆရာများစွာကို ပို့ပေးခဲ့ပြီးဖြစ်သည်။ မွန်နှင့် ရှမ်းဒေသများတွင် ဖွံ့ဖြိုးရေးအကြောင်းကို သတင်းအချက်အလက် အနည်းငယ် ရရှိခဲ့သော်လည်း ယင်းဒေသများတွင် ပျံ့နှံ့မှု နည်းသည်ဟု ထင်ရသည်။ ထို့ကြောင့် သုံးသပ်ချက်အတွက် ကရင်ဒေသများတွင် သုတေသနပြုလုပ်ခြင်းကို ဤအခန်းက ဦးစွာ ဖော်ပြသည်။

ပညာရေးဝန်ကြီးဌာနသည် ရပ်ရွာကျောင်းများကို ကျောင်းအခြေခံ အဆောက်အဦ ဖွံ့ဖြိုးရေးအတွက် ကမ်းလှမ်းပြီး ဆရာများ ပေးပို့ခြင်းဖြင့် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် ယင်းတို့၏ တည်ရှိမှုကို တိုးချဲ့ပြီး ဖြစ်သည်။ ယင်းသည် ဖြစ်နိုင်သည်။ အကြောင်းမှာ လုပ်ပိုင်ခွင့်ကို အသေးစိတ် ချပြရန် ယာယီပိုင်နက်နယ်မြေဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်းကိုပင် မကြာသေးမီက ပြုလုပ်သော အပစ်အခတ်ရပ်စဲရေးက ပျက်ကွက်ခဲ့သည်။[246] ကရင်ဒေသများတွင် မည်သည့်နေရာမဆို ပညာရေးဝန်ကြီးဌာန၏ တိုးတက်မှုများသည် အပစ်အခတ်ရပ်စဲထားသော နေရာများသို့ အစိုးရ၏ အုပ်ချုပ်မှု တိုးချဲ့ရန် ကြီးမားသော အားထုတ်မှုရှိနေသည်။

ကရင်ပြည်နယ်တွင် များသောအားဖြင့် အုပ်ချုပ်မှု ရောနေသော ဒေသများတွင် ပြန်လည်နေရာချထားမှု ကိုးခုကို အစိုးရ၏ ဒေသအုပ်ချုပ်မှု အဖွဲ့အစည်း၏ ကျောရိုးဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက "မြို့နယ်ခွဲ" မြို့များအဖြစ် သတ်မှတ်ပေးခဲ့သည်။[247] ယင်း နေရာချထားမှုများသည် EAO က ထိန်းချုပ်ထားသော သို့မဟုတ် ယင်း၏ လွှမ်းမိုးမှုအောက်တွင် ရှိသော နေရာများဖြစ်ကြသော်လည်း တပ်မတော်စခန်းများ သို့မဟုတ် ဒေသခံများ သို့မဟုတ် နိုင်ငံတော်က နောက်ခံပြုထားသော အကူစစ်လက်ရုံးတပ်ဖွဲ့များ တည်ထောင်ထားသည့် အစိုးရ၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်တွင် မကြာသေးမီနှစ်များက ရှိခဲ့သည်။ ယင်းနေရာ အသီးသီးတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများနှင့် ရဲစခန်းများ တည်ထောင်ထားပြီး အစိုးရ အထက်တန်းကျောင်းများနှင့် ကျန်းမာရေး အဖွဲ့အစည်းများ

[245] ၂၀၁၂-၁၃ နှင့် ၂၀၁၅-၁၆ ခုနှစ် ပညာသင်နှစ်များအတွင်း KSEAG ကျောင်းများတွင် ပညာသင်ကြားပေးကြသော ကျောင်းဆရာအရေအတွက်သည် ၃,၁၄၄ သို့ တိုးတက်လာသည်။ သို့သော် ယင်း အရေအတွက်သည် ပို့ဆောင်ထားသော ကျောင်းဆရာ စုစုပေါင်းကို ကိုယ်စားမပြုပေ။ ကျောင်းများစွာသည် ယင်းတို့ကို လက်မခံပါ။

[246] ၂၀၁၂ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကနဦး နှစ်ဖက် အပစ်အခတ်ရပ်စဲရေးသည် ပိုင်နက် နယ်မြေဒေသများကို မဖော်ပြခဲ့ချေ။ အနည်းဆုံး နှစ်ဖက် ကျင့်ဝတ်များကို အစိတ်အပိုင်းလိုက် တည်ထောင်ရန် KNU က ဆက်လက်ကြိုးပမ်းအားထုတ်မှုတွင် ပိုင်နက်အစီအစဉ်များနှင့် ဆောင်ရွက်ချက်ကို တပ်မတော်မှ အကြိမ်ကြိမ် အကြပ်အတည်းဖြစ်စေရန် ပြုလုပ်ခဲ့ပြီး နောက်ဆုံး ၂၀၁၃ ခုနှစ်တွင် ဘေးထွက်နေလိုက်ရသည်။ အကြောင်းမှာ ဘက်စုံ NCA စေ့စပ်ရေးများကို ဖိအားများ များလာသောကြောင့်ဖြစ်သည်။ NCA ဆွေးနွေးပွဲများကို တစ်နှစ်ကျော်ကြာ အချိန်ဆွဲနေခဲ့ပြီး EAO များ၏ လုပ်ပိုင်ခွင့်ကို ဖွင့်ဆိုနေသော ကြားဖြတ်အစီအစဉ်များအကြောင်းကို သဘောတူရန် ပျက်ကွက်ခဲ့သောကြောင့်ဖြစ်သည်။ နောက်ဆုံးအဆင့် NCA စာသားတွင် "ကြားဖြတ်အစီအစဉ်များ"ကို အကန့်အသတ်ထားပြီး (အခန်း(၈)တွင် ဆွေးနွေးထားပါသည်) ပိုင်ဆိုင်မှု နယ်မြေများ ရှင်းလင်းစွာဖွင့်ဆိုရန် မကူညီခဲ့ချေ။

[247] ယင်းတို့မှာ လိပ်သို၊ ဘောဂလိ၊ ကမမောင်း၊ ပိုင်ကျုံ၊ ရှမ်းရွာသစ်၊ ကျိုက်ဒုံ၊ စုကလိနှင့် ဝေါလေမြိုင်တို့ ဖြစ်ကြသည်။

လည်း ကြီးမားစွာ တိုးချဲ့ထားရှိသည်။ ယင်းနေရာများသည် ပတ်ဝန်းကျင် ပိုင်နက်များအတွက် အုပ်ချုပ်ရေး ဗဟိုဌာနအဖြစ် ဆောက်ရွက်ပေးသည်။ တစ်နေရာမှ တစ်နေရာ၊ တစ်မြို့မှ တစ်မြို့နှင့် နိုင်ငံတကာ ကုန်သွယ်ရေး ဂိတ်များကို[248]နေရာချထားသော နေရာများမှ ရောက်ရှိနိုင်စေရန် လမ်းသစ်များကို ဖောက်လုပ်ထားသည်။ (မြေပုံ (၁)နှင့် (၄)တို့သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ မြို့နယ်ခွဲများ၏ တည်နေရာကို ဖော်ပြထားပြီး မြေပုံ (၃) သည် မြို့နယ်ခွဲများနှင့် ဝေါလေမြိုင်နှင့် စုကလိ ပတ်ဝန်းကျင်ဒေသများရှိ လမ်းဖွံ့ဖြိုးမှုများကို ဖော်ပြသည်။)

၂၀၁၂ ခုနှစ်တွင် KNU အပစ်အခတ်ရပ်စဲရေးကတည်းက မြို့နယ်များ၏ အစွန်အဖျားပိုင်းများတွင် နေရာချထားမှုရှိပြီး ပတ်ဝန်းကျင်ရှိ ရပ်ရွာများနှင့် အစိုးရသည် ဆက်ဆံမှု ရှိနေခဲ့သည်။ တပ်မတော်မှ ပြောင်းလဲခဲ့သော ယခင် အစိုးရ၏ ခရီးစဉ်များသည် ထိုဒေသများတွင် မကြာခဏ ရပ်ရွာအသစ်များနှင့် ထိတွေ့ရာတွင် နိုင်ငံတော်၏ ပထမ ခြေလှမ်းသည် KSEAG နှင့် ဒေသတွင်း EAO များက တောက်လျှောက် ထောက်ပံ့လာခဲ့သော ကျောင်းများအပါအဝင် ရပ်ရွာကျောင်းများကို ထောက်ပံ့ရန်အတွက် တပ်မတော် တာဝန်ရှိသူများ သို့မဟုတ် GAD သို့မဟုတ် ပညာရေးဝန်ကြီးဌာနတို့က မကြာခဏ ဆောင်ရွက်ကြသည်။ မြို့နယ်များမှ TEO များသည် ရပ်ရွာနှင့် မကြာခဏ တိုက်ရိုက်ထိတွေ့ကြပြီး မြို့နယ်ခွဲများမှ အထက်တန်း ကျောင်းသစ်များ၏ ကျောင်းအုပ်ဆရာကြီးများက ကြိုးပမ်းလုပ်ဆောင်မှုကို ပုံမှန် ဦးဆောင်ပြုလုပ်ကြသည်။

အထောက်အပံ့သည် ကျောင်းဆရာများအတွက် အဓိကဖြစ်ပြီး တစ်ခါတစ်ရံ အရည်အချင်းနည်းပါးသော နေ့စားလစာပေး ကျောင်းဆရာများအတွက် ဖြစ်ကြသည်။ ကျောင်းထောက်ပံ့ကြေးများကိုလည်း အမိုးသစ်နှင့် အိမ်သာမှသည် စကိုင်းနက် တယ်လီဗီးရှင်းအထိ ပေးအပ်ရန် ကမ်းလှမ်းပြီး တစ်ခါတစ်ရံ ကျောင်းနှင့်ဆက်ဆံရန် ပထမခြေလှမ်းအဖြစ် ထိုအထောက်အပံ့များသည် ပညာရေးဝန်ကြီးဌာန၏ ထိတွေ့မှုများ တိုးတက်လာစေရန်အတွက် အစပြုခြင်းအဖြစ် ယေဘုယျအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းသည် ထိုကျောင်းကို ကျောင်းခွဲဖြစ်လာစေရန်နှင့် နောက်ထပ်ပြီး ပညာရေးဝန်ကြီးဌာနကျောင်းအစစ် ဖြစ်လာစေရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်သည်။ အစိုးရ တာဝန်ရှိသူများသည် ဗဟိုအဆင့်၊ ခရိုင်အဆင့် သို့မဟုတ် မြို့နယ်အဆင့်များတွင် KED သို့မဟုတ် KSEAG အဖွဲ့များနှင့် ယင်းတို့၏ လုပ်ဆောင်မှုကို တိကျစွာ ညှိနှိုင်းခြင်း မပြုလုပ်ကြပေ။

အချို့ရပ်ရွာများနှင့် EAO တာဝန်ရှိသူများသည် ကမ်းလှမ်းလာသော အထောက်အပံ့များကို လက်ခံကြပြီး အချို့မှာ လက်ခံစေရန် ဖိအားပေးသော်လည်း တောင့်ခံထားကြသည်။ အခြားသူများကမူ အတူတကွ ငြင်းဆိုခဲ့ကြသည်။ အချုပ်အားဖြင့် KED/KSEAG အထောက်အပံ့ခံကျောင်းများတွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများ အရေအတွက်သည် ၂၀၁၂-၁၃ နှင့် ၂၀၁၅-၁၆ ပညာသင်နှစ်များအတွင်း သုံးဆ မြင့်တက်လာပြီး ရောနှောကျောင်း ၃၇၉ ကျောင်း တည်ထောင်ရန်အတွက် ဖြစ်စေသော ၁,၅၇၄မှ ၄,၇၁၈ သို့ တိုးတက်လာသည်။ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် KSEAG ထောက်ပံ့သော ကျောင်း ၄၉.၃ ရာခိုင်နှုန်းတွင် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ရှိကြပြီး ယင်းသည် ၂၀၁၂-၁၃ ပညာသင်နှစ်တွင် ရှိသော ၂၆.၆ ရာခိုင်နှုန်းမှ တိုးတက်လာခြင်း ဖြစ်သည်။ ထို ၄၉.၃ ရာခိုင်နှုန်းအနက် KSEAG က ဖော်ပြသည်မှာ ကျောင်းအားလုံးနီးပါးသည် ပညာရေးဝန်ကြီးဌာန၏ ခိုင်မာသော "အုပ်ချုပ်မှု အနေအထားသို့" ရောက်ရှိနေသည်။ ကျောင်းအများစုမှာ KED ထံမှ အထောက်အပံ့ကို ဆယ်စုနှစ်ပေါင်းများစွာ တောက်လျှောက် ရယူလာကြပြီး ယခင်ကျောင်းများကို လူထုက KED ကျောင်းများဟု ယူဆထားကြသည်။ ကျန်ကျောင်းများမှာ အခြားဆောင်ရွက်သူများထံမှ ပုံမှန်အထောက်အပံ့ကို ရရှိရန် ရှန်းကန်ရဖွယ်ရှိပြီး ရပ်ရွာကျောင်းများအဖြစ် ယူဆကြသည်။

KSEAG သို့မဟုတ် MNEC/MNED တို့က သီးသန့် တရားဝင် အုပ်ချုပ်နေသော အရေအတွက် မသိနိုင်သည့် (ဒါဇင်များစွာ ဖြစ်ဖွယ်ရှိ) ကျောင်းများကို မကြာသေးမီနှစ်များက အစိုးရကျောင်းများအဖြစ် အပြည့်အဝ ပြောင်းလဲခဲ့သည်။

## အပစ်အခတ်ရပ်စဲရေးအတွက် EAO ၏ စိုးရိမ်ပူပန်မှုနှင့် စွန့်စားရမှုများ

နိုင်ငံတော်က ဒေသများစွာတွင် မည်သည့်အခါမျှ ပြည့်စုံစွာ မအုပ်ချုပ်ခဲ့ပေ။ ထို့အပြင် EAO များနှင့် EBEP များနှင့် ပတ်သက်သော အဖွဲ့များက ပညာရေးကို ထောက်ပံ့နေသည်။ ထိုလျင်မြန်သော ချဲ့ထွင်ခြင်းသည် နိုင်ငံရေး သဘောသဘာဝတွင် သံသယရှိရန်မလိုစွာ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးအနေအထားထက် ဖွံ့ဖြိုးရေးမှတစ်ဆင့် ယင်းတို့၏ ပိုင်နက်များကို လွှမ်းမိုးရန်အတွက် အပစ်အခတ်ရပ်စဲရေးကို အသုံးချရန် အစိုးရတွင် ရည်ရွယ်ချက်ရှိသည်ဟု အချို့ EAO ခေါင်းဆောင်များအကြား နက်ရှိုင်းသော သံသယ ရှိနေကြသည်။

MNSP သည် ပညာရေးဝန်ကြီးဌာနထံမှ အထောက်အပံ့ကို ရယူခြင်းအား ကျောင်းများကို တားမြစ်ခြင်း မရှိပေ။[249] RCSS ၏ အနေအထားမှာ

---

[248] တစ်နိုင်ငံလုံးတွင် "မြို့နယ်ခွဲ" ၈၄ ခုရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် သတ်မှတ်ချက်မရှိသော "မြို့နယ်ခွဲ" ဝေါဟာရသုံးစွဲမှုကို ပါလီမန်က ဆန့်ကျင်မှုအနည်းငယ်ရှိသည်။ ထို့ကြောင့် ယင်းနေရာချမှုများကို လက်ရှိတွင် မြို့အဖြစ် သိကြသည်။ သို့သော်လည်း "မြို့နယ်ခွဲ"ကို အစိုးရနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များက ကျယ်ပြန့်စွာ အသုံးပြုနေကြဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ်က ဖြန့်ချိသော မြန်မာနိုင်ငံ သန်းခေါင်စာရင်းတွင် သုံးစွဲထားသည့် နည်းပညာများနှင့် အချက်အလက်များကို ဗဟိုပြုထားသည်။ ထို့အပြင် ကိုယ့်ဘာသာ နေရာချထားခြင်းထက် ကျေးလက်ဒေသများ ပတ်ဝိုင်းနေရန်အတွက် အုပ်ချုပ်ရေး ဗဟိုချက်များအဖြစ် မြို့များကို မူလကတည်းက ဆောင်ရွက်နေသည်။

[249] WCRP နှင့် HURFOM (၂၀၁၅)။ စာမျက်နှာ ၂၈။

မရှင်းလင်းသော်လည်း NCA လက်မှတ်ထိုးရာတွင် အထူးသဖြင့် ပေါ့ပေါ့ပါးပါးဖြစ်စေရန် အစိုးရနှင့် ညှိနှိုင်းရေးအတွက် ချဉ်းကပ်မှုတစ်ခု ပါဝင်သော ပညာရေးမူဝါဒကို တိုးတက်စေရန် လုပ်ဆောင်ဆဲဖြစ်သည်။ လက်တွေ့တွင် EAO များနှင့် ဒေသဆိုင်ရာ တပ်မှူးများနှင့် အုပ်ချုပ်သူများအကြား ကြီးမားသောပြောင်းလဲမှုများ ဖြစ်ကောင်းဖြစ်နိုင်သည်။ အဓိပ္ပာယ်မှာ ဒေသတစ်ခုမှ တစ်ခု ပညာရေးဝန်ကြီးဌာန၏ လုပ်ဆောင်မှုကို တုံ့ပြန်မှုသည် ကွဲပြားနေသည်။[250]

အစိုးရသည် ပညာရေး ထောက်ပံ့ခြင်းမှတစ်ဆင့် စေ့စပ်ဆွေးနွေးရေးမတိုင်မီ ယင်း၏ တည်ရှိမှုကို ချဲ့ထွင်နေကြောင်း KNU ဌာနချုပ်က များစွာသော သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ဒေသအာဏာပိုင်များက ကျောင်းဆရာများကို လက်ခံသည် မခံသည်ကို မဖော်ပြဘဲ ယင်းတို့၏ ဒေသများတွင် သင့်လျော်သော အစီအစဉ်ကို ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။ KNU နှင့် EAO ထိန်းချုပ်မှု၊ ဆောင်ရွက်ပေးမှု ပမာဏနှင့် ဗဟိုခေါင်းဆောင်များထံမှ ထူးခြားသော အခွင့်အာဏာပေးအပ်ခြင်းကို ရည်ရွယ်ပြီး ခေါင်းဆောင်အမျိုးမျိုး၏ အမြင်ကွဲပြားမှုများအပေါ် မူတည်ကာ KKO/DKBA တို့၏ တုန့်ပြန်မှုများသည် တစ်နေရာနှင့် တစ်နေရာ မတူကြချေ။

ဖြစ်နိုင်သည့်နေရာတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့သို့ဆက်လက်ဆောင်ရွက်နေပြီး ပိုမိုယုံကြည်မှုရှိလာသည့်တိုင်အောင် အချို့နေရာများတွင် ခရိုင်ခေါင်းဆောင်များသည် အစိုးရ ဆောင်ရွက်မှုများကို အဟန့်အတားပြုရန် အဆင့်နိမ့် အာဏာပိုင်များကို စည်းမျဉ်းများ ချထားပေးသည်။ အခြားဒေသများတွင် ယေဘုယျအနေဖြင့် တွေ့ဆုံရေးကို မြန်မြန်ဆောင်ရွက်ရန် အကြံပေးသော်လည်း KNU သည် ခွင့်ပြုသည့် ရပ်ရွာကို ရွေးချယ်ရန် ပိုမို သဘောထား ပျော့ပျောင်းနေသည်။ ရောနှောအုပ်ချုပ်သည့် ဒေသမှ KED တာဝန်ရှိသူတစ်ဦးက "တကယ်လို့ KEC ဒါမှမဟုတ် ကျောင်းတစ်ကျောင်းက အစိုးရဆီက အထောက်အပံ့ကို တောင်းဆိုတာ ဒါမှမဟုတ် [ကျောင်းဆရာ ဒါမှမဟုတ် အခြားအထောက်အပံ့ကို] လက်ခံတာရှိရင် သူတို့ကို ခွင့်ပြုပါတယ်။ ဒါပေမဲ့ သဘောမတူရင်တော့ အဆင်ပြေမှာ မဟုတ်ဘူး။ ၂၀၁၃ ခုနှစ်က အစိုးရက တောင်းဆိုတာမရဘဲ ကျောင်းဆရာတွေ ပေးပို့တာ စတင်ခဲ့ပါတယ်။ ဒါဟာ ပြဿနာ တစ်ခုပါ"ဟု ပြောကြားသည်။

ဤသို့ဖော်ပြရာတွင် ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့ခြင်းကို မကြာခဏ ခွင့်ပြုရသော်လည်း လျင်မြန်ပြီး ညှိနှိုင်းမှုမရှိသော အနေအထားသည် KNU ကို လုံးဝ စိုးရိမ်စရာဖြစ်စေသည်။ ဖွံ့ဖြိုးရေးနှင့် လူမှုရေး ဆောင်ရွက်ချက်များမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှု တိုးချဲ့ခြင်းသည် ယင်းတို့ကြုံတွေ့နေရသော အရေးတကြီး လုံခြုံရေး ခြိမ်းခြောက်မှု တစ်ခုဖြစ်ကြောင်းနှင့် ထူးခြားသော စိုးရိမ်စရာ ဖြစ်သော်လည်း တပ်မတော်၏ ဝန်ကြီးဌာနနှင့် တွဲဖက်လျက်ရှိသော ခိုင်မာမှုကိုလည်း ပြောကြားသည်။ အစိုးရမှ တစ်ဆင့် နိုင်ငံတကာအဆင့် အထောက်အပံ့များ ရရှိနေသော မြို့နယ်ခွဲများပါဝင်သည့် ဒေသများရှိ တပ်မဟာတစ်ခုမှ တပ်မှူးများက အဓိကခြိမ်းခြောက်မှုအဖြစ် လူမှုရေးနယ်ပယ်တွင် အစိုးရနှင့် ပြင်ပရင်းနှီးမြှုပ်နှံမှုကို စာရင်းလုပ်ပြသည်။[251]

အုပ်ချုပ်ရေး အဆင့်ဆင့်ရှိ KNU ခေါင်းဆောင်များက KNU အုပ်ချုပ်ရေးအောက်တွင် ကြာရှည်စွာရှိနေခဲ့သော ရပ်ရွာများအကြားများနှင့် KNU တို့အကြား အစိုးရ၏ အထောက်အပံ့အသစ်များကို တင်းမာမှုများအဖြစ် ဖော်ပြသည်။ "အချို့ ရွာသားတွေက KNU ကို နားလည်မှု လွဲနေကြတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရက လုပ်နိုင်တဲ့ နည်းလမ်းနဲ့ သူတို့ကို ကျွန်တော်တို့က မထောက်ပံ့လို့ပါ"ဟု ဒေသ အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောပြသည်။[252] KNU ၏ အမှုဆောင် ကော်မတီအဖွဲ့ဝင်တစ်ဦးက "အစိုးရက ရွာတွေကိုလာပြီး ကမ်းလှမ်းမှုတွေ လုပ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ရွာသားတွေက နိုင်ငံရေးလုပ်ငန်းစဉ်တွေရဲ့ အရေးကြီးတာကို မသိကြလို့ပါ။ သူတို့ကတော အစိုးရဟာ သူတို့ကို တိုးတက်အောင် လုပ်ပေးနေတယ်လို့ ရိုးရိုးလေးတွေးကြတာပါ။ ဒါပေမဲ့ သူတို့ဟာ [နိုင်ငံရေး] ပြဿနာကြီးတွေနဲ့ စစ်မှန်တဲ့ ဆောင်ရွက်ချက် လိုအပ်တာတွေကို နားမလည်ကြလို့ပါ။" ဟုပြောကြားခဲ့သည်။[253]

အစိုးရ၏ တိုးချဲ့မှုကို စိုးရိမ်နေကြသော KNU ခေါင်းဆောင်များနှင့် အခြား ဖြေကြားသူများသည် ထိုလုပ်ဆောင်မှုများအတွက် နိုင်ငံတကာ အထောက်အပံ့များကို လျှော့တွက်ပြီး ထူးခြားသော ODA အချို့ မဟုတ်သော်လည်း ပညာရေးဝန်ကြီးဌာန အရင်းအမြစ်များ၏ တိုးတက်မှုများသည် အစိုးရ၏ တိုးချဲ့သုံးစွဲမှုများမှ လာကြောင်း သဘောမပေါက်ကြပေ။

နိုင်ငံပြင်ပမှ အစိုးရအတွက် အထောက်အပံ့များမှာ အစိုးရ၏ အခွင့်အရေးပေးရာတွင် လူကြိုက်များသော အတိုင်းအတာများကို ဆုအဖြစ်ပေးခြင်း

[250] SSDF နှင့် တွေ့ဆုံဆွေးနွေးခြင်း။ ဇင်းမယ်၊ ၂၀၁၆ ဖေဖော်ဝါရီလ။

[251] KNLA တပ်ရင်းမှူးများနှင့် အုပ်စုဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။ ကျန်းမာရေးနှင့် ပညာရေးနှင့် ပတ်သက်သော ထူးခြားသည့် စိုးရိမ်ပူပန်မှုများကို ပါဝင်ဖြေကြားသူများက ဖလှယ်ကြသည်။ သို့သော် KNLA တပ်မဟာ ၇ ၏ တပ်ရင်းမှူးများက အရေးအကြီးဆုံးဟု သုံးသပ်ထားကြသည်။ ယင်းတို့၏ စစ်ဆင်ရေးဧရိယာသည် အစိုးရ၏ ဖားအံနှင့် လှိုင်းဘွဲ့မြို့နယ်များနှင့် မြဝတီနှင့် ကော့ကရိတ်မြို့နယ်များ၏ မြောက်ပိုင်းကို အကြမ်းအားဖြင့် သတ်မှတ်ထားသည်။ သို့သော် ပိုင်ကျံုနှင့် ရှမ်းရွာသစ်များကို ထူးခြားစွာ မဖော်ပြထားပါ။

[252] အရှေ့ပိုင်း ဒေါနဒေသ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[253] KNU တွဲဖက် အထွေထွေ အတွင်းရေးမှူး-၂ ပဒို စောသီဘွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၄ ခုနှစ်)။

ဟု KNU ခေါင်းဆောင်များက ယူဆကြသည်။ လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် နေရာအဖြစ် ကျန်နေပြီး ဗဟိုချုပ်ကိုင်မှု စနစ်အောက်တွင် မရှိသော KNLA တပ်မဟာ ၅ ၏ တပ်မဟာမှူးက "နိုင်ငံတကာ အဖွဲ့အစည်းတွေက အစိုးရကို အထောက်အပံ့တွေ ပေးကြတယ်။ ပြည်သူလူထုကို ပေးဖို့ပါ။ အဲဒါကြောင့် သူတို့ဟာ အစိုးရက အုပ်ချုပ်ထားတဲ့ ပြည်သူတွေလိုပဲ ဖြစ်နေပြီ။ ဒါကြောင့် ကျွန်တော်တို့ [ငြိမ်းချမ်းရေးကို] စေ့စပ်ဆွေးနွေးပွဲသွားရင် ကျွန်တော်တို့ ဘာပြောရမလဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ အုပ်ချုပ်ခံ ပြည်သူ မရှိတော့ဘူး"[254] ဟု ပြောကြားခဲ့သည်။ ဒေသဆိုင်ရာ KED အုပ်ချုပ်ရေးမှူးတစ်ဦးက "နိုင်ငံခြား အထောက်အပံ့တွေသုံးပြီး အစိုးရက ကောင်းသတင်းတွေနဲ့ ကျော်စောနေပြီ။ နိုင်ငံတကာ အဖွဲ့အစည်းတွေက သူတို့ကိုချည်းပဲ မထောက်ပံ့သင့်ဘူး။ အလှူရှင်တွေက ဘက်မလိုက်သင့်ဘူး။ အဲဒီ ရန်ပုံငွေတွေက အစိုးရအတွက် နာမည်ကောင်းရအောင် လုပ်ပေးနေပြီ။ ဒါပေမဲ့ အဲဒါတွေနဲ့ သူတို့ ကျွန်တော်တို့ရဲ့ ပြည်သူတွေကို ထိန်းချုပ်လိမ့်မယ်" ဟု ပြောသည်။[255]

KKO/DKBA မှ အကြီးတန်း တပ်မှူးတစ်ဦးက ပုံစံတူ စိတ်ပူပန်မှုကို ဖော်ပြခဲ့သည်။ ယင်းတို့၏ EAO သည် ယခင်က ပညာရေးဝန်ကြီးဌာနမှ ပညာရေး အထောက်အပံ့များကို တောင်းခံခဲ့သည်။ သို့သော် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များက ပဋိပက္ခသစ်များ ပြန်ပေါ်ပေါက်လာသည်မှာ တစ်နှစ်နီးပါးကြာလာကတည်းက အစိုးရနှင့် တစ်ပြေးတည်း မရှိသော ဆက်ဆံရေး ရှိနေခဲ့သည်။ တပ်မှူး၏ ပြောစကားအရ "အစိုးရက EAO တွေဆီက ပြည်သူတွေကို ခွဲထုတ်ဖို့ ကြိုးစားနေတာလို့ ကျွန်တော်တို့ ခံစားရတယ်။ ဒါဟာ မှားတဲ့အမြင်လိုပဲ ထင်ရတယ်။ [မြန်မာ] အစိုးရရဲ့ အုပ်ချုပ်မှုကို ကျွန်တော်တို့ လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ခုတော့ သိပ်စောပါသေးတယ်" ဟု ပြောသည်။

KNU ခေါင်းဆောင်များနှင့် KED ကျောင်းဆရာများက ရပ်ရွာ အဖွဲ့အစည်းများသို့ အထောက်အပံ့ လမ်းကြောင်းသစ်များ၏ ရေရှည်တည်တံ့မှုကို စိုးရိမ်နေကြောင်း ဖော်ပြကြပြီး ပိုမိုတည်ငြိမ်သော လုံခြုံရေးမရှိမီ တည်ထောင်ပြီး အုပ်ချုပ်ရေး ပတ်ဝန်းကျင်သာ အခြေတကျရှိနေလျှင်ဆိုသည့် အခြေအနေကို ဖော်ပြကြသည်။ ၂၀၁၃ ခုနှစ်က စာရေးသူနှင့် ဆွေးနွေးခဲ့သော ကျောင်းဆရာတစ်ဦးက "[ပြောင်းလဲမှုအားလုံး]ကို ကြည့်တဲ့နေရာမှာ ပြိုလဲနေပြီဖြစ်တဲ့ ကရင်စနစ်ကို ရှင်းရှင်းလင်းလင်း တွေ့ရတယ်။ သူတို့သာ ကျွန်တော်တို့ကို ထပ်တိုက်ရင် ကျွန်တော်တို့ အားပိုနည်းသွားမယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အသိုင်းအဝိုင်း ဆုံးရှုံးသွားမှာမို့လို့ပဲ" ဟုပြောပါသည်။ မူတရောခရိုင်၏ ဒုတိယဥက္ကဋ္ဌ-၂ က သူ၏ အုပ်ချုပ်ရေးသည် အပစ်အခတ်ရပ်စဲရေး ပျက်စီးစေသည့် အုပ်ချုပ်ရေး၏ ကိုယ်ပိုင်စနစ်ခိုင်မာဖို့ကို အလေးထားတည်ရှိနေသည်။ သူကြောက်သည်မှာ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပေါ်တွင် တည်မှီနေသည့် မည်သည့် အထောက်အပံ့ကမဆို ရေရှည် မတည်တံ့နိုင်သောကြောင့် ဖြစ်သည်။[256]

EAO များကလည်း ယင်းတို့၏ ကြောက်ရွံ့မှုများကို ဖော်ပြရာတွင် အစိုးရသည် ထောက်လှမ်းရေးများကို စုစည်းရန် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို အသုံးပြုလိမ့်မည်ဟု ဆိုသည်။ KNLA တပ်မဟာ ၄ မှ တပ်ရင်းမှူးတစ်ဦးက "[ကျောင်းဆရာတွေက] မြို့ကိုသွားတာ သူတို့ခေါင်းဆောင်တွေကို တစ်လတစ်ကြိမ် သတင်းပို့ဖို့ ဖြစ်ရမယ်။ အခြားကိစ္စတွေကိုလည်း သူတို့ သတင်းပို့နေကြတာ ဖြစ်မယ်"[257] ဟု ဆိုပါသည်။ ရှမ်းပြည်နယ်ရှိ အုပ်ချုပ်မှုအာဏာ ရောနေသည့် နေရာတစ်ခုတွင် အရပ်သားအချို့နှင့် ဆွေးနွေးရာ သူတို့က သူတို့၏ စိုးရိမ်မှုကို ပြောပြရာ၌ RCSS က ထိုဒေသများသို့ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို လက်ခံခြင်းအား ဆန့်ကျင်လိမ့်မည်ဖြစ်ပြီး အကြောင်းမှာ ထိုဆရာများကို သူလျှိုများဟု သံသယ ရှိသောကြောင့် ဖြစ်သည်။[258]

## အစိုးရ၏ ချဉ်းကပ်မှုကို လူမှုအဖွဲ့အစည်းက တုန့်ပြန်မှု

ကိုယ်ပိုင်ခံစားချက်များဖြင့် အာဏာပိုင်များနှင့် ယင်းတို့၏ ဆက်ဆံရေးများကို မူတည်ပြီး ပညာရေးဝန်ကြီးဌာန၏ ကမ်းလှမ်းချက်များကို ရပ်ရွာက တုန့်ပြန်ပါသည်။ အချို့ရပ်ရွာ အဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာန၏ လုပ်ဆောင်နိုင်မှု အခွင့်အလမ်းကို ခွင့်ပြုခြင်း သို့မဟုတ် ခွင့်မပြုခြင်းတွင် ယင်းတို့၏ ဒေသများအတွင်းရှိ EAO များနှင့် ကွဲပြားကြသည်။ အခြားသူများကမူ ယင်းတို့၏ ကိုယ်ပိုင်တွေးတောကြံဆမှုပေါ် မူတည်ပြီး လုပ်ဆောင်သည်။

KNU က သတ်မှတ်ထားသော ဒူပလာယာ ခရိုင် (မြေပုံ-၃ ကို ကြည့်ပါ။) ကော့ကရိတ်မြို့နယ်၏ အရှေ့ဒေါနဒေသရှိ အမိက သုတေသနဇရိယာ၏ တစ်နေရာတွင် ကျောင်း ၃၂ ကျောင်းရှိပြီး ယင်းအထဲမှ သုံးကျောင်းသည် ပညာရေးဝန်ကြီးဌာနနှင့် KSEAG တို့ထံမှ အထောက်အပံ့ကို ယူလာခဲ့

[254] တပ်မဟာ ၅ တပ်မဟာမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[255] အရှေ့ပိုင်း ဒေါနဒေသ KED အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[256] မူတရောခရိုင် ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁ ၅ခုနှစ် နိုဝင်ဘာလ)။

[257] KNLA တပ်မဟာ ၄ မှ တပ်ရင်းမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[258] ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ ကျောင်းကော်မတီနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် ဒီဇင်ဘာလ)။

သည်မှာ ကြာလှပြီဖြစ်သည်။ အခြား ၂၉ ကျောင်းမှာ KED/KSEAG ကျောင်းများသာ ဖြစ်ကြသည်။ သို့သော် ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ် နောက်ပိုင်း ကာလများအကြား ပညာရေးဝန်ကြီးဌာနက ကျောင်းဆရာများနှင့် အခြားအထောက်အပံ့ ပုံစံအမျိုးမျိုးကို ကမ်းလှမ်းခဲ့သည်။ နောက်ဆုံးတွင် ကျောင်း ၁၃ ကျောင်းသည် ကျောင်းဆရာများကို လက်ခံလိုက်ပြီး ဒေသ၏ ရောနှောကျောင်း စုစုပေါင်းသည် ၁၆ ကျောင်းအထိ ရောက်သွားကာ အခြား ၁၆ ကျောင်းက လက်ခံရန် ငြင်းပယ်ပြီး KED/KSEAG ကျောင်းများချည်းသာ ကျန်တော့သည်။ ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ မွန်ဒေသ လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) က ပညာရေးဝန်ကြီးဌာနသည် MNEC/MNED မွန်ကျောင်း ခုနစ်ကျောင်းကို ထောက်ပံ့ရန် ကမ်းလှမ်းသော အထောက်အထားကို ဖော်ပြခဲ့သည်။ ယင်းအနက်မှ သုံးကျောင်းက လက်ခံပြီး လေးကျောင်းက ငြင်းပယ်သည်။[259]

အစိုးရကျောင်းဆရာများသည် ရပ်ရွာကို လျှင်မြန်စွာ ဆွဲဆောင်နိုင်ကြသည့်အကြောင်းမှာ ယင်းတို့သည် လွတ်လပ်သောကြောင့် ဖြစ်သည်။ စင်စစ် ရပ်ရွာ အစုအဖွဲ့များက EBEP ကျောင်းဆရာများကို ငွေကြေး သို့မဟုတ် စားစရာ ထောက်ပံ့သောကြောင့် ဖြစ်သည်။ ကျေးရွာသား တစ်ဦးက ကရင်လူ့အခွင့်အရေးအဖွဲ့ကို ပြောပြသည်မှာ "[ပညာရေးအခြေအနေ]ကတော့ အရင်ကနဲ့စာရင် သိပ်ကို တိုးတက်လာပါတယ်။ အရင်တုန်းက ကျွန်တော်တို့က ကျောင်းဆရာကို ငှားခဲ့ရတယ်။ ဒါပေမဲ့ အခု ကျွန်တော်တို့ ကျောင်းဆရာ ငှားစရာ မလိုတော့ဘူး။ [ပညာရေး ဝန်ကြီးဌာနက] ကျောင်းဆရာတွေကို ကျွန်တော်တို့ ရွာတွေဆီ ပို့ပေးတယ်။ ဒါရွာသားတွေအတွက် သိပ်ကို [လွယ်]ကူသွားတာပေါ့။" [260] ဟု ပြောသည်။ တစ်ဖက်မှာလည်း အစိုးရကျောင်းဆရာများသည် ပွင့်လင်းမြင်သာမှု မရှိဘဲ သို့မဟုတ် သတိပေးမှု မရှိဘဲ အကြိမ်များစွာ ရပ်ရွာ အတွက် အပိုကုန်ကျစရိတ်တွေ ဖြစ်စေသည်။[261]

အချို့ရပ်ရွာများသည် အစိုးရ ကျောင်းဆရာများကို ခေါ်ယူလိုကြပြီး ပညာရေးဝန်ကြီးဌာန စနစ်အတွင်းသို့ ပေါင်းစည်းချင်ကြသည်။ အကြောင်း မှာ အနာဂတ်တွင် ကျောင်းသားများ အခွင့်အရေး ပိုရသောကြောင့် ဖြစ်သည်။ အစိုးရ အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်းကို တက်ရောက်ရန် ကျောင်းသားများအတွက် ပိုမို လွယ်ကူသောကြောင့် ဖြစ်သည်။ နိုင်ငံအတွင်းရှိ EBEP အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများသည် အရေအတွက် အကန့်အသတ်ရှိပြီး အဓိပ္ပာယ်မှာ EBEP ကျောင်းတွင် ဂရိတ် ၄ အောင်မြင်ခဲ့သော ကျောင်းသား သည် ကျောင်းဆက်တက်ရန်အတွက် အိမ်ပြန်ရဦးမည် ဖြစ်သည်။ ယင်းကျေးရွာတွင် ကျောင်းတက်လိုကတက် သို့မဟုတ် နယ်စပ်ဖြတ်ကျော် ကျောင်းများကို တက်လိုကတက် ပြုလုပ်ရန်ဖြစ်သည်။ အစိုးရ အလယ်တန်းကျောင်းများ အရေအတွက်သည် တိုးတက်လာလျက်ရှိပြီး အပစ် အခတ် ရပ်စဲရေးသည် ကျေးလက် EAO လွှမ်းမိုးထားသော ဒေသများနှင့် မြို့များအကြား ကြီးမားသော လှုံ့ဆော်မှုရှိနေရာ မိဘများကို သူတို့၏ သားသမီးများအား အိမ်အနီးရှိ အစိုးရကျောင်းများတွင် ကျောင်းအပ်ရန်အတွက် အခွင့်အရေးများ တိုးတက်လာနေသည်။

တစ်နည်းအားဖြင့် ရပ်ရွာများတွင် အစိုးရ အထောက်အပံ့အတွက် သံသယများစွာ ရှိကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ စစ်ပွဲများတွင် EAO များ က ထောက်ပံ့ထားသော ရပ်ရွာများကို မတည်မငြိမ်ဖြစ်စေရန် တပ်မတော်က သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးမဟာဗျူဟာများ၏ ရည်ရွယ်ချက်များသည် ယင်းတို့ကိုရည်ရွယ်သည်သာ ဖြစ်ကြသည်။ အခန်း (၇) တွင် ဆွေးနွေးထားသကဲ့သို့ ရပ်ရွာများတွင်ရှိသော ထို သံသယများ၏ အဓိကအကြောင်းမှာ ယင်းတို့၏ အကြောက်တရားများကြောင့်နှင့် ပြည်နယ်ကို နှောင့်ယှက်မှုကြောင့် ဖြစ်ပြီး ဗမာများရှိရန် မနှစ် သက်ခြင်း သို့မဟုတ် ရပ်ရွာထဲတွင် ပြင်ပမှ ကျောင်းဆရာများကို မနှစ်သက်ခြင်းဖြစ်ကာ မိမိဘာသာစကားကို စာသင်ခန်းအတွင်းတွင် မထိန်းသိမ်းနိုင်သောကြောင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုချင်သောကြောင့် ဖြစ်သည်။ စင်စစ် HURFOM အဆိုအရ မကြာသေးမီက ပညာရေး ဝန်ကြီးဌာန၏ အထောက်အပံ့ကို ပထမဆုံးအကြိမ်အဖြစ် ရယူသော ရပ်ရွာများသည် ကျောင်းများမှာလည်း အစိုးရ ကျောင်းဆရာများကို လက်ခံရရန် အခြေအနေရှိနေပြီး မွန် ဘာသာစကားကို သင်ကြားရန် အကန့်သတ်ခံရကာ အစိုးရ ကျောင်းတူညီဝတ်စုံ သုံးစွဲရန် စတင်ရသည်။[262]

---

259 WCRP နှင့် HYRFOM (၂၀၁၅)၊ စာမျက်နှာ ၂၈။ MNED သို့မဟုတ် ရပ်ရွာက ထောက်ပံ့သော ကျောင်းဆရာ ဖြစ်ဖွယ်ရှိသော်လည်း အစီရင်ခံစာက ထူးခြားစွာ မဖော်ပြပါ။

260 Available at: http://khrg.org/2015/06/14-34-a1-i1/dooplaya-interview-saw-april-2014#sthash.9GSV9apQ.dpuf. တွင် ကြည့်နိုင်သည်။ KHRGက အခြားရပ်ရွာများမှ သုံးသပ်ချက် ပုံစံတူများကို အစီရင်ခံသည်။ "သထုံ အင်တာဗျူး၊ စောအ…။ ၂၀၁၄ခုနှစ် အောက်တိုဘာလ။" ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့။ http://khrg.org/2015/07/14-85-a6-i1/thaton-interview-saw-october-2014. တွင် ကြည့်နိုင်သည်။

261 KED အုပ်ချုပ်ရေးမှူးများက အစိုးရ ကျောင်းဆရာသစ်များသည် အချို့ကိစ္စများအတွက် ကျောင်းအိမ်သာ သန့်ရှင်းရေးကဲ့သို့ ကုန်ကျစရိတ်အသစ်များကို စည်းစားသုံးစွဲတတ်ကြပြီး သို့မဟုတ် မိဘများထံမှ ကျောင်းဖတ်စာအုပ်ဖိုး ကောက်တတ်ကြသည်။ KTWG က လေ့လာထားသော ကရင် ရပ်ရွာ ၃၂ ခုတွင် ခြောက်ခုက အစီရင်ခံသည်မှာ "အစိုးရ ကျောင်းဆရာများသည် ရပ်ရွာထဲတွင် ကျူရှင်သင်ခများ ကောက်ခံသည်။" KHRG စာမျက်နှာ ၃၈-၃၉ ကို ကြည့်ပါ။ KHRG သည် အစိုးရကျောင်းဆရာများနှင့်ပတ်သက်ပြီး ယင်းတို့ကိုယ်ပိုင် ခရီးစဉ်အတွက်နှင့် အားကစားပြိုင်ပွဲများအတွက် မိဘများထံမှ ငွေကောက်ခံခြင်းရှိ သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ဝက်ဘ်ဆိုက်ကို ကြည့်ပါ။ "နောက်ဆုံးရ သထုံအခြေအနေ" ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့။ http://khrg.org/2015/02/14-101-s1/thaton-situation-update-bilin-thaton-kyaikto-and-hpa-an-townships-september#sthash.a3MdX9jP.dpuf. ကြည့်ပါ။

262 WCRP နှင့် HURFOM (၂၀၁၅)။ စာမျက်နှာ ၂၈။ ယင်းသည် MNED သို့မဟုတ် ရပ်ရွာက ထောက်ပံ့ထားသော ကျောင်းဆရာဖြစ်သော်လည်း အစီရင်ခံစာက ထူးခြားစွာ မဖော်ပြပါ။

HURFOM က ထိုအကြောင်းပြချက်များကို ပြောပြသော ပညာရေးဝန်ကြီးဌာန၏ အထောက်အပံ့များကို ပယ်ဖျက်ခဲ့သည့် ကျေးရွာ အုပ်ချုပ်ရေးမှူး သုံးဦးထံမှ ပြောကြားချက်ကို ဖြည့်ဆည်းပေးသည်။ ယင်းတို့မှ တစ်ဦးမှာ "သူတို့ အထောက်အပံ့ကို လက်ခံလိုက်တာထက် ကျွန်တော်တို့ ဆင်းရဲချင် ဆင်းရဲပါစေ။" ဟုပြောသည်။ နောက်တစ်ဦးက "ဗမာအစိုးရက ကျောင်းကို ထောက်ပံ့ဖို့ ကမ်းလှမ်းလာတယ်။ ဒါပေမဲ့ ကျောင်းက သူတို့ကျောင်း ဖြစ်သွားလိမ့်မယ်။ .... ကျွန်တော်တို့ကတော့ သူတို့ အကူအညီတွေ အထောက်အပံ့တွေယူဖို့ အစီအစဉ် မရှိဘူး။"[263] ဟု ပြောပြသည်။ ကရင်အမျိုးသမီးတစ်ဦးက KHRGသည် မူတရောခရိုင်ရှိ သူမ၏ ကျေးရွာတွင် ယင်း၏ ခံယူချက်ကို ရှင်းပြကြောင်းပြောသည်။

> "တကယ်တော့ ဗမာအစိုးရက ကျွန်မတို့ကျောင်းတွေကို ထောက်ပံ့ချင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ခွင့်မပြုနိုင်ဘူး။ ကျွန်မတို့ရဲ့ [KNU] ခေါင်းဆောင်တွေက သူတို့ကို လက်မခံဘူး၊ ပြီးတော့ ရွာသားတွေကလည်း သူတို့ကို လက်မခံကြဘူး။ သူတို့ [မြန်မာအစိုးရ]က အဆင်ပြေပြေ မလုပ်ဘူး။ သူတို့ ထင်သလို လုပ်ကြတယ်"[264]

သူမ၏ ကျေးရွာတွင် တာဝန်ထမ်းဆောင်နေသော ငယ်ရွယ်သည့် KSEAG ကျောင်းဆရာမတစ်ဦးက သူမ၏ ကျောင်းသို့ အစိုးရ၏ ထောက်ပံ့မှု ကမ်းလှမ်းခြင်းကို ယုံကြည်မှု မရှိခြင်းအား ဖော်ပြခဲ့သည်။[265] "အစိုးရက ဒေသကို သိမ်းပိုက်ဖို့ ကြိုးစားနေတာ"ဟု ရှင်းပြသည်။ စင်စစ် ပညာရေး ဝန်ကြီးဌာန၏ တာဝန်ရှိသူများက ကျေးရွာကို ကူညီနေရုံမဟုတ်လျှင် သူမက ခေါင်းခါလိုက်ပြီး "ကျွန်မတွေ့တာက [ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူ]က အစိုးရ ကျောင်းဆရာတွေပဲ ပို့ချင်နေတာ။ ကျွန်မသာ အစိုးရ ကျောင်းဆရာဆိုရင် ကျွန်မ လုပ်မှာပဲ။ ဒါပေမဲ့ အစိုးရမှာတော့ မလုပ်ဘူး" ဟု ရှင်းပြသည်။

ရပ်ရွာများတွင် ထိုသို့သော သံသယများရှိနေသည့် ကိစ္စရပ်များစွာတွင် သူတို့သည် အာဃာတများဖြင့် အစိုးရထံမှ အထောက်အပံ့များကို ယူကြသည်။ ကျောင်းဆောင်သစ်ဆောက်ရန်နှင့် ကျောင်းဆရာများကို ၂၀၁၂ ခုနှစ်တွင် ထောက်ပံ့ရန် အစိုးရထံမှ ကမ်းလှမ်းချက်ကို လက်မခံမီ ဥပမာတစ်ခုအနေဖြင့် KSEAGက ၁၆ နှစ်တိုင် ထောက်ပံ့နေသော အရှေ့ဒေါနဒေသတွင် ဖြစ်ခဲ့သည်။ ကျေးရွာခေါင်းဆောင်တစ်ဦးက ပြောပြရာတွင် "ကရင် ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ KSEAG ကျောင်းဆရာတွေကို [ပဲရဖို့] နှစ်သက်ပါတယ်။ ဒါပေမဲ့ [အစိုးရရဲ့] အထောက်အပံ့ကို ငြင်းဖို့အခြေအနေ ကျွန်တော်တို့မှာ မရှိဘူး။ ကျွန်တော်တို့ကိုယ်တိုင် ဒါကို မလုပ်နိုင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ အစိုးရ အထောက်အပံ့ကို လက်ခံဖို့လိုတယ်"ဟုပြောပြသည်။[266] MNEC/MNEDက အုပ်ချုပ်သော မွန်အမျိုးသားကျောင်းမှ ကျောင်းဆရာတစ်ဦးက "ဗမာကျောင်းဆရာတွေကို လက်မခံချင်ဘူး။ ဒါပေမဲ့ MNSP က ကျွန်တော်တို့ကျောင်းကို မထောက်ပံ့နိုင်တော့ဘူး။ ကျွန်တော်တို့ ဗမာအစိုးရရဲ့ အထောက်အပံ့ကို ယူမှ ဖြစ်တော့မယ်"[267] ဟု ပြောပြပါသည်။

ထို့ကြောင့် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်းမရှိသော EBEP များနှင့် ပညာရေးကုန်ကျစရိတ်ကို တစ်ဦးတည်း မကျခံနိုင်သော ရပ်ရွာတို့သည် ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့ခြင်းကို ခွင့်ပြုရခြင်း၏ အဓိက အချက်များ ဖြစ်လာသည်။[268]

KHRG က အစီရင်ခံသော အခြားကိစ္စရပ်တွင် ရပ်ရွာများက ချီတုံချတုံရှိနေသော်လည်း အစိုးရကျောင်းဆရာများကို လက်ခံရန် ပြောခဲ့သည်။ သို့သော် ယင်းတို့၏ ကလေးများ မူလတန်းပညာရေး ပြီးမြောက်စေရန် စဉ်းစားရသည်။ အစီရင်ခံစာအရ "[မြန်မာ]အစိုးရက ကရင်ကျေးရွာတွေကို ကျောင်းဆရာတွေ ပို့ခဲ့ပြီး ကရင်ကျေးရွာတွေက အစိုးရဆီက ကျောင်းဆရာတွေ မလိုချင်ကြဘူး။ ဒါပေမဲ့ သူတို့ဟာ ဒေသကျောင်းဆရာတွေနဲ့ အစိုးရကျောင်းဆရာတွေ မရောနှောစေချင်ရင် ကျောင်းသားတွေ အထက်တန်းကျောင်း ဆက်တက်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် အဲဒါ အခက်အခဲပါပဲ။"[269] မကြာသေးမီက အစိုးရကျောင်းဆရာ လက်ခံလိုက်သော အခြားကျေးရွာမှ ကော်မတီခေါင်းဆောင်က ပညာရေးစနစ်နှစ်ခု

---

[263] WCRP နှင့် HURFOM (၂၀၁၅)။ စာမျက်နှာ ၂၈-၂၉။

[264] KHRG (၂၀၁၆)။ စာမျက်နှာ ၄၀။

[265] ၂၀၁၅ ခုနှစ် အောက်တိုဘာလ၊ အရှေ့ဒေါနဒေသရှိ ကျောင်းဆရာနှင့် တွေ့ဆုံဆွေးနွေးခြင်း။ ကျောင်းဆရာထံသို့ စူကလိ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးနှင့် KED အခြားတစ်ယောက်နှင့် စကားပြောဆိုရန် ငြင်းပယ်သော ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတို့ တစ်ကြိမ် တိုက်ရိုက်လာရောက် လည်ပတ်သည်။

[266] ကျေးရွာခေါင်းဆောင်နှင့် ကျောင်းကော်မတီ အဖွဲ့ဝင်တို့နှင့် ဆွေးနွေးခြင်း။ အရှေ့ဒေါနဒေသ၊ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[267] WCRP နှင့် HURFOM (၂၀၁၅)။ စာမျက်နှာ ၂၈။ ယင်းသည် MNED သို့မဟုတ် ရပ်ရွာက ထောက်ပံ့ထားသော ကျောင်းဆရာ ဖြစ်သော်လည်း အစီရင်ခံစာက ထူးခြားစွာ မဖော်ပြပါ။ KHRG သည် ထိုကိစ္စနှင့်ပတ်သက်ပြီး အထောက်အထားပြသည်မှာ ရပ်ရွာသည် အစိုးရကျောင်းဆရာများကို မလိုချင်သော်လည်း နောက်ဆုံးတွင် သဘောပေါက်သွားသည်မှာ [ပညာရေးစနစ်တွင်] "ဒေသကျောင်းဆရာများနှင့် အစိုးရကျောင်းဆရာများ ရောနှောခြင်းကို ခွင့်မပြုလျှင် ကျောင်းသားများသည် အထက်တန်းကျောင်း ဆက်တက်နိုင်ရေးအတွက် [မတတ်နိုင်တော့ချေ]။ အကြောင်းမှာ [ကျေးရွာတွင်] အထက်တန်းကျောင်းရောကောလိပ်ပါ မရှိသောကြောင့် ဖြစ်သည်။"

[268] KED ခေါင်းဆောင် ပဒိုလာစေးနှင့် တွေ့ဆုံဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် စက်တင်ဘာလ)

[269] ကရင် လူ့အခွင့်အရေးအဖွဲ့ ဝက်ဘ်ဆိုက်။ "ဖားအံ နောက်ဆုံးရအခြေအနေ၊ လှိုင်းဘွဲ့နှင့် နဘူး မြို့နယ်များ၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အထိ" ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့။ http://khrg.org/2015/07/15-32-s1/hpa-an-situation-update-hlaingbwe-and-nabu-townships-december-2014-january-2015#sthash.L3kHYB9w.dpuf. တွင် ကြည့်နိုင်သည်။

ထပ်နေမည်ကို စိုးရိမ်ကြောင်း ပြောပြသည်။[270]

အခြားတစ်ခုမှာ ရပ်ရွာသည် ကျောင်းဆရာ သို့မဟုတ် အထောက်အပံ့ကို လက်ခံရန် ငြင်းဆိုခဲ့သော်လည်း အခြားနည်းဖြင့် ယင်းတို့ကိုယူရန် ဖိအားပေးခံရသည်။ နောက်တစ်ခုမှာ ကျေးရွာခေါင်းဆောင်က ပြောကြားရာတွင် "ရပ်ရွာက အစိုးရ ကျောင်းဆရာကိုလည်း မလိုချင်ဘူး၊ ဒါပေမဲ့ အစိုးရက ဒါကိုယူဖို့ နည်းလမ်းရှာတွေ့ထားတယ်" ဟုဆိုသည်။ ထင်ရှားသည်မှာ ပညာရေးဝန်ကြီးဌာနသည် အမြဲတမ်း ရပ်ရွာကို ကျောင်းဆရာ ယူရန် တိုက်တွန်းနေသော်လည်း ကျေးရွာခေါင်းဆောင်များက အဖန်တလဲလဲ ငြင်းဆိုထားကာ KED/KSEAG ကျောင်းဆရာများကို ယူထားခဲ့သည်။ ကျေးရွာသည် တပ်မတော်အခြေချ စစ်ဗျူဟာအနီးတွင် ရှိပေရာ ၎င်းကို အဆိုပါ အခြေချစစ်ဗျူဟာသို့ အကြိမ်ကြိမ်ခေါ် ခံရပြီး အပြစ်တင်ခြင်း ခံရသည်။ သူက "ခင်ဗျား ဘာမှမသိပါဘူး။ အစိုးရက စေတနာနဲ့ ကူညီဖို့လုပ်တာ၊ ခင်ဗျား နားမလည်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားမှာ ဦးနှောက်မရှိလို့" ဟု ပြောကြောင်း ပြန်ပြောပြပါသည်။ ကျေးရွာခေါင်းဆောင်သည် ဆုံးဖြတ်ချက်ချရန် နှောင့်နှေးနေပြီး ကျေးရွာအုပ်စုထဲမှ ရွာများက လက်ခံလျှင်မူ စောင့်ကြည့်ချင်သေးကြောင်း ပြောပြသည်။ နောက်ထပ် ငြင်းခဲ့ပြီးသော်လည်း ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာမက အထုပ်အပိုးများနှင့် ရွာကို ရောက်လာကြပြီး သူမ တည်းခိုနေချင်သည်ဟု ပြောသည်။ ထို့ကြောင့် ကျေးရွာခေါင်းဆောင်က သူမကို ဝတ္တရားအရ လက်ခံလိုက်ရသည်။[271] ကျောင်းဆရာမက သူမဘာသာ ရှင်းပြသည်။ ကျေးရွာက သူမကို လက်ခံဖို့ အကြိမ်ကြိမ်ငြင်းနေစဉ်က သူမ နှစ်အနည်းငယ်ကြာအောင် စကလိကျောင်းမှာ အလုပ်ရဖို့ စကလိမြို့နယ်ခွဲမှာ စောင့်နေရကြောင်းပြောသည်။[272]

KNU က တောက်လျှောက် ထိန်းချုပ်လာခဲ့ပြီး ကျေးရွာအုပ်စုရှိ KED က တည်ထောင်ထားခဲ့သော အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးက အစိုးရက ပြုလုပ်သော သမ္မတ ဖိအားကို ဖော်ပြခဲ့သည်။ သို့သော် ထိုဒေသတွင် KKO/DKBA နှင့် အစိုးရတို့၏ အုပ်ချုပ်မှုအာဏာသည် ရောထွေးနေသည်။ ကျောင်းဆရာသည် ပထမက လေ့ကျင့်ခန်းစာအုပ်၊ စာရေးကိရိယာနှင့် ဖတ်စာအုပ်များ အစိုးရ တာဝန်ရှိသူထံမှ လက်ခံရန် ငြင်းပယ်ခဲ့သော်လည်း ဝေါလေမြိုင်မြို့နယ်ခွဲမှ KKO/DKBA တို့၏ တိုက်တွန်းမှုနှင့် ပညာရေးဝန်ကြီးဌာန အထက်တန်းကျောင်းမှ အစိုးရကျောင်း တူညီဝတ်စုံများယူရန် ဖိအားပေးခြင်းတို့ကြောင့် ယူခဲ့ရသည်။ ကျောင်းအုပ်က "ကျွန်တော်ပြန်လာတော့ KNU က ကျွန်တော့်အကြောင်း မေးတယ်။ ဒါပေမဲ့ ကျွန်တော် ဖြေလိုက်တယ် 'ကျွန်တော် ဘယ်လိုငြင်းရမလဲ'လို့။ ခင်ဗျားသိပါတယ်။ ဒါဟာ ရောနှော အုပ်ချုပ်နေတာ။ [DKBA က ကျွန်တော့်ကို ခေါ်နေခဲ့တာ]"[273] ဟု ပြောပြသည်။

ယခင်က ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်တစ်ဦးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာအုပ်စုတစ်ခုတွင် နှစ်ပေါင်း ၂၀ တာဝန်ထမ်းဆောင်ခဲ့သော အလယ်တန်းကျောင်းအုပ်က ရှင်းပြရာတွင် အစိုးရ၏ အဓိက ရည်ရွယ်ချက်မှာ ကျောင်းကိုသိမ်းရန် ဖြစ်ကြောင်း။ ထို့အပြင် ယင်းကို ပညာရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်သို့ ထပ်မံ ထည့်သွင်းရန် ဖြစ်ကြောင်း ရှင်းပြသည်။ ထို့အပြင် "[ကျောင်းအုပ်က] ကျောင်းကို သိမ်းဖို့ အစိုးရကို ကူညီရမယ်လို့ ကျွန်တော် သိနေတယ်။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော့် ပြည်သူတွေကိုပဲ အလုပ်အကျွေးပြုချင်တယ်။ အစိုးရနဲ့ နီးနီးကပ်ကပ် မလုပ်ချင်ဘူး။ ကျွန်တော့်အမြင်ကတော့ ကျွန်တော် ကျောင်းကို တကယ် မကူညီနိုင်ဘူး။ သူတို့က ကျောင်းကို သိမ်းရုံပဲ။ ဘာကြောင့်လဲ ဆိုတော့ ကျောင်းသား တစ်ရာကျော်နေလို့။ ကျောင်းအရွယ်အစားအတွက် [အစိုးရ ပညာရေးဌာနက] ငွေ ခြောက်သိန်းကနေ ရှစ်သိန်းအထိ ရနိုင်တယ်"[274] ဟု ပြောပါသည်။

---

[270] ဖြေကြားသူက "[ပညာရေး] စနစ်နှစ်ခု ထပ်သွားမှာ ကျွန်တော် စိုးရိမ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကလေးတွေကို ကျောင်းထားဖို့ လိုသေးတယ်။"ဟု ပြောသည်။ အမှတ် ၂ ကျောင်းကော်မတီခေါင်းဆောင်။ အရှေ့ဒေါနဒေသ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[271] ကျေးရွာခေါင်းဆောင်နှင့် ကျောင်းဆရာ ပူးတွဲဆွေးနွေးပွဲ။ ကျေးရွာခေါင်းဆောင်က KNU အာဏာပိုင်များသည် နောက်ဆုံးတွင် သူမကို လက်ခံဖို့ သဘောတူလိုက်ကြောင်း။ သို့သော် သံသယဖြစ်မိသည်မှာ ယင်းသည် လုံးဝမှန်လိမ့်မည် မဟုတ်ကြောင်း။ သူမရောက်စကတည်းက ထိုသို့ ခံစားရကြောင်း ပြောသည်။

[272] အရှေ့ဒေါနဒေသ အမှတ်၂ ကျေးရွာတွင် ဆွေးနွေးပွဲ။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[273] KED/KSEAG ကျောင်းအုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။ ၂၀၁၅ ခုနှစ် ဧပြီလတွင် GAD "မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး"၊ ကျောင်းအုပ်ဆရာနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိတို့ သူ့ကျောင်းကို လည်ပတ်ခဲ့ပြီး ယင်းတို့အားလုံးသည် ဝေါလေမြိုင်မှ ဖြစ်ကာ သူတို့နှင့် အတူ ထရပ်ကားတစ်စီး အပြည့် ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ဖတ်စာအုပ်များ ပါလာသည်။ ကျောင်းအုပ်က ထိုအရာများကို လက်ခံရန် ငြင်းပယ်လိုက်သည်။ ထို့နောက် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် KED/KSEAG ကျောင်းအုပ်သည် DKBA တပ်မှူးထံမှ ဖုန်းခေါ်ခြင်း လက်ခံရရှိပြီး တပ်မှူးက သူ့ကို ဝေါလေမြိုင်ကျောင်းမှာ လာတွေ့ရန် ပြောသည်။ ထိုအချိန်က မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် ပညာရေးဝန်ကြီးဌာန အထက်တန်းကျောင်းအုပ်တို့သည် များစွာသော ကျောင်းတူညီဝတ်စုံများကို သူ့အား ပေးနေသည်။ KED ကျောင်းအုပ်က "ကျွန်တော် ဒါတွေကို လက်မခံချင်ဘူး။ ဒါပေမဲ့ သူတို့က အတင်းအကြပ်လုပ်နေတယ်။ အဲဒါတွေ သူတို့မှာ ပိုနေလို့ ဆိုပြီး ကျွန်တော့်ကိုပြောတယ်။ ဒါကြောင့် ကျွန်တော်မေးတယ် တကယ်လို့ ကျွန်တော် အဲဒါတွေအတွက် လက်မှတ်ထိုးခဲ့လိုက်ရင် သူတို့ "ဟင့်အင်း"လို့ ပြောမှာ။ ဒါကြောင့် ကျွန်တော် ယူလိုက်တယ်။" ဟုပြောသည်။

[274] ကျောင်းဆရာသည် ကျောင်းတက်နှုန်းနှင့် ကျောင်းသားအရေအတွက်ကို မူတည်ပြီး ခွဲခြားသော ပညာရေးဝန်ကြီးဌာနကျောင်း တရားဝင်ခွင့်ပြုချက်ကို အပြင်ပန်းအားဖြင့် ညွှန်းဆိုသည်။ ပမာဏကို တိကျစွာ မပြောနိုင်သော်လည်း ကမ္ဘာ့ဘဏ်က ပေးထားသော အရေအတွက် အကန့်အသတ်အတွင်းရှိသည်။ စာမျက်နှာ ၅၂။

## လူ့စွမ်းအားအရင်းအမြစ်များကို ဖြန့်တီးခြင်း

ပညာရေးဝန်ကြီးဌာနကျောင်းဆရာများကို ရပ်ရွာကျောင်းများသို့ ပို့ဆောင်နေသောကြောင့် အပြင်ပန်းအားဖြင့် ရာနှင့်ချီသော EBEP ကျောင်းဆရာများနှင့် မိမိတို့ ကျေးရွာများတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းလာသူများပါ ယင်းတို့၏ ကျောင်းများမှ အလုပ်ဖြုတ်ခံရနိုင်သည်။ ကရင်ကျောင်းဆရာလုပ်ငန်းအဖွဲ့က ကောက်ခံသော လေ့လာချက်အရ ဒေသတွင် KED/KSEAG ကျောင်းဆရာများသည် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်သည့် ရပ်ရွာ ၃၂ ခုမှ ကျောင်းဆရာ ၃၈ ရာခိုင်နှုန်းသည် အလုပ်ဖြုတ်ခံခဲ့ရပြီး ဖြစ်သည်။ မဖွံ့ဖြိုးသေးသော ရပ်ရွာများရှိ အနေအထားတွင် အရင်းအမြစ်များကို အသုံးမချတတ်ကြောင်းပြဆိုနေသည်။ နေရာချထားမှုကို ပိုမိုစနစ်ကျစွာ လုပ်လျှင် ကွာဟမှုများစွာကိုဖြည့်ဆည်းနိုင်လိမ့်မည် ဖြစ်သည်။ အခန်း (၁၀) တွင် ဆွေးနွေးထားသကဲ့သို့ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ကျောင်းပျက်ကွက်သောကြောင့် ပညာသင်နှစ်အဆုံးမတိုင်မီတွင် ဒေသကျောင်းဆရာများ ပြန်လာရသည့် နေရာများရှိသော ကိစ္စများ ရှိနေသည်။

ထို့အပြင် မြင့်မားသော လစာများကြောင့် မကြာသေးမီနှစ်များက EBEP ကျောင်းဆရာများစွာကို ပညာရေးဝန်ကြီးဌာနက ငှားရမ်းနိုင်သည်။ MNEC အဆိုအရ ၂၀၁၃ ခုနှစ်က ပို့ထားသော MNED ကျောင်းဆရာများ၏ ၂၀ ရာခိုင်နှုန်းခန့်ကို နေ့စားလပေး ကျောင်းဆရာများအဖြစ် အလုပ်လုပ်ရန် ပညာရေးဝန်ကြီးဌာနက စုဆောင်းခဲ့သည်။ စနစ်နှစ်ခုအတွင်း ညှိနှိုင်းခြင်း လုံးဝမရှိဘဲ သို့မဟုတ် MNED ကို မည်သည့် လျော်ကြေးမျှ မပေးဘဲ လုပ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာနနှင့် အခြား အစိုးရတာဝန်ရှိသူများသည် KED/KSEAG ကျောင်းဆရာများအား ရပ်ရွာကျောင်းများကို ပထမဆုံးအကြိမ်အဖြစ် ဆက်သွယ်ရာတွင် ပုံစံတူ ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ကျောင်းဆရာများက ထိုကမ်းလှမ်းချက်များကို ငြင်းပယ်ခဲ့ကြောင်း၊ သို့သော် အခြားရွာများရှိ အပေါင်းအသင်းများက ပညာရေးဝန်ကြီးဌာန၏ အလုပ်ကို လက်ခံလိုက်ကြောင်း သိရသည်။

ကြီးမားသည့် အနေအထားရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့အကြား ရနိုင်သော ဘဏ္ဍာရေးနှင့်ပတ်သက်ပြီး ခြားနားမှုကိစ္စ ရှိနေသည်။ ကျောင်းဆရာများအနေဖြင့် စနစ်နှစ်ခုအကြား လွတ်လပ်စွာ အလုပ်ပြောင်းလဲခွင့်ရှိပြီး ထိုက်တန်သောလစာ ရနိုင်သည်။ စနစ်ပြောင်းလဲရန် လက်ရှိအနေအထား၏အပြင်တွင်ရှိသောကျောင်းဆရာများကိုခေါ်ယူခြင်းထက် မဖွံ့ဖြိုးသေးသောရပ်ရွာများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ကျောင်းဆရာသစ်များကို ခေါ်ယူရန် ရန်ပုံငွေများကို သုံးစွဲရာ ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့မှုကို ပိုမိုကောင်းမွန်သော ညှိနှိုင်းမှုမှတစ်ဆင့် ပြုလုပ် ရန် အထူးပြု တင်ပြထားသည်။ ယင်းစုဆောင်းမှုသည် EBEP များနှင့် EAO များကို အစိုးရ၏ စိုးမိုးမှုအတွက် သဘောထားအမြင်များ ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှုကို ထိခိုက်စေသည်။

သဘာဝအတိုင်းဆိုပါက EBEP များသည် သူတို့တတ်နိုင်သမျှ ဆောင်ရွက်မှုများ လုပ်ပေးသည်။ တိုးတက် တည်ငြိမ်လာမှုများကြောင့် KSEAG က ထောက်ပံ့သော ကျောင်းအရေအတွက်သည် ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ၁,၂၉၅ ကျောင်း ရှိရာမှ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ၁,၅၀၄ ကျောင်းအထိ တိုးတက်လာသည်။[275] အကယ်၍ ကောင်းမွန်စွာ မစီမံနိုင်လျှင် ယင်းကျောင်းများသည် စီမံခန့်ခွဲမှုနှင့် ရလဒ်မကောင်းသော ပြဿနာများ တွေ့ကြုံရမည်ဖြစ်သည်။ အထူးသဖြင့် လက်ရှိကျောင်းများတွင် ကြီးမားသော အရည်အသွေးကို ရရှိချင်မှ ရရှိနိုင်ပေမည်။ သို့သော် KSEAG ၏ လုပ်ဆောင်မှုပုံစံသည် အုပ်ချုပ်မှုအသစ်အောက်တွင် ပြည့်စုံစွာရှိသော ကျောင်းများအတွက် ကြိုးပမ်းခြင်းထက် အကန့်အသတ်ဖြင့် သို့မဟုတ် ပညာရေးဝန်ကြီးဌာနက မထောက်ပံ့သော ကျောင်းများသို့ တွဲဖက်ကျောင်းဆရာများကို ပေးပို့ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများသည် ယင်းတို့ရှိနေခြင်းကို ခွင့်မပြုသည့် လက်ရှိလုပ်ကိုင်နေသော တရားစီရင်ရေး အာဏာပိုင်များ၏ လက်အောက်တွင် ရှိနေပေရာ ရှင်းလင်းသော အစီအစဉ်မရှိသည့် KNU ဒေသများသို့ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ အလုပ်အကိုင် နေရာချထားပေးခြင်း ကိစ္စသည် ယင်းတို့၏ ပုဂ္ဂိုလ်ရေး လုံခြုံမှုအတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ဒေသတွင်း KED တာဝန်ရှိသူတစ်ဦးက “ကျွန်တော့်ဆီကို မကြာခင်က ကျောင်းဆရာ ငါးယောက် ရောက်လာတယ်။ အမျိုးသား နှစ်ဦးနဲ့ အမျိုးသမီး သုံးဦးပါ။ ကျွန်တော် သူတို့ကို မေးလိုက်တယ်။ ဘယ်သူခေါ်ခေါင်းဆောင်လဲလို့၊ ဘယ်သူ ပို့လိုက်တာလဲလို့၊ သူတို့ ရှင်းရှင်းလင်းလင်း မဖြေနိုင်ဘူး၊ ဒါကြောင့် ကျွန်တော် သူတို့ကို မေးရမှာက ဒါဟာ မတော်တဆ ကိစ္စတစ်ခုဆိုရင် ဘာဖြစ်မလဲလို့၊[276] သူတို့အတွက် ဘယ်သူက တာဝန်ယူမှာလဲလို့ပါ”ဟု ပြောကြားသည်။[277]

---

[275] ယခုကာလအတွင်း ကျောင်းဆရာအရေအတွက်သည် ၄,၅၈၁ ဦးမှ ၄,၅၂၉ ဦးသို့ အမှန်တကယ် ကျဆင်းလာသည်။ အကြောင်းမှာ KSEAG သည် အစိုးရ ကျောင်းဆရာများကို လစာပေးခြင်း ရပ်တံ့လိုက်ပြီး ထိုဒေသအတွင်း KSEAG အထောက်အပံ့ခံ ကျောင်းဆရာများသည် ပညာရေးဝန်ကြီးဌာန တိုးချဲ့ခြင်းကြောင့် လစာ နှစ်မျိုး ရသောကြောင့်ဖြစ်သည်။

[276] “ပြဿနာ” ဟူသော ဝေါဟာရသည် အဖြစ်အပျက်များနှင့်ပတ်သက်ပြီး မကောင်းသည့်အနေအထားများတွင် အမြဲသုံးပြီး အထူးသဖြင့် ငြင်းခုန်ရာတွင် သုံးသည်။ အင်္ဂလိပ်စကားလုံးသည် ယင်းအကြောင်းနှင့် ပတ်သက်ပြီး မြန်မာစာအဖြစ် မွေးစားခံရပြီး ကရင်နှင့် အခြားမြန်မာဘာသာ အခြေခံ တိုင်းရင်းသားများသည် လည်း ထိုသို့ သုံးစွဲကြသည်။

[277] အရှေ့ဒေါ်န KED ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)

## တိုက်တွန်းအကြံပြုချက်များ

ဥပမာများက ဖော်ပြသည်မှာ ဒေသများစွာတွင်ရှိသော တိုင်းရင်းသား ရပ်ရွာအစုအဖွဲ့များသည် ယင်းတို့၏ ကျောင်းများအတွက် အထောက်အပံ့များ ပိုမိုလိုအပ်ကြသော်လည်း ပညာရေးဝန်ကြီးဌာနမှ ထိုအထောက်အပံ့များကို ရယူရန်အတွက်မူ ကွဲပြားကြသည်။ သို့သော် သုတေသနအသစ်ပြုလုပ်ချက်များ ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနမှ စေလွှတ်ထားသော ကျောင်းဆရာများသည် လက်တွေ့ကျင့်သုံးမှုနှင့် နိုင်ငံရေးတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေကြသည်။ ထို့အပြင် ရပ်ရွာများသည် ယင်းတို့နှစ်သက်သကဲ့သို့ အမျိုးမျိုးသော အဖွဲ့အစည်းများမှ အထောက်အပံ့များ၏ ပုံစံများကို သတင်းနိုက်ယူရန် ကြိုးပမ်းမှုတွင် ထင်ရှားသော အောင်မြင်ချက်များကို ဖော်ပြခဲ့ပြီး ရှင်းလင်းသည့် သတင်းအတိုအထွာများကို ရရှိခဲ့ကာ ကျောင်းများ၏ အကျိုးစီးပွားအတွက် မဟာဗျူဟာကျသော ဆုံးဖြတ်ချက်ကို ပြုလုပ်ရာတွင် အသုံးကျသော အထောက်အပံ့များမှာမူ မရရှိခဲ့ပေ။

ပညာရေးဝန်ကြီးဌာနနှင့် EBEP များအကြား ပိုမိုကောင်းမွန်သော ညှိနှိုင်းမှုသည် ပိုမိုအကျိုးရှိပြီး အထိမခံသော ပဋိပက္ခနည်းလမ်းများဖြင့် အရင်းအမြစ်များကို ခွဲဝေရာတွင် အရေးပါသည်။ ယင်းနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် GAD တို့တွင် အယူအဆသစ်နှင့် အလေ့အကျင့်သစ်များ လိုအပ်လိမ့်မည် ဖြစ်သည်။ ယခင် အစိုးရလက်ထက်က အောက်ခြေအဆင့် ပညာရေးဝန်ကြီးဌာနနှင့် အခြားအစိုးရ ဝန်ထမ်းများသည် ပညာရေးဝန်ကြီးဌာန၏ ကိုယ်ပိုင်လုပ်ဆောင်မှုကို တိုးချဲ့ရာတွင် အဓိကအားဖြင့် အလေးထားကြပြီး လက်ရှိ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ တိုးမြင့်လာစေရန် ဂရုတစိုက်ရှိမှု အနည်းငယ်သာ ရှိနေသည်။ ထို့အပြင် နေရာချထားမှု အသစ်တွင် GAD အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ဖော်ပြချက်၌ ပညာရေးဝန်ကြီးဌာန တိုးချဲ့မှုသည် အုပ်ချုပ်ရေး ထိန်းချုပ်မှုတိုးချဲ့ရန် GAD ၏ ကျယ်ပြန့်သော ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

အစိုးရသည် ကလေးအားလုံးအတွက် အရည်အသွေးပြည့်ပညာရေးကို ပေးအပ်ရန် ဆောင်ရွက်ပေးနိုင်သော အခွင့်အာဏာရှိသည့်အပြင် ယင်းသည် ပညာရေး တိုက်ရိုက်ပေးနိုင်သည့် တစ်ခုတည်းသောအဖွဲ့အစည်း ဖြစ်စေရန် မလိုအပ်ပါ။ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများသည် ကျောင်းအတွင်း ကျောင်းသားအများစုကို တရားသဖြင့် ဆောင်ရွက်နိုင်စေရန် ပထမဆုံး မက်လုံးပေးခံရသည်ဆိုလျှင် ပညာရေးဝန်ကြီးဌာန လက်အောက်မှ လက်ရှိ EBEP ကျောင်းများအတွက် စိုးရိမ်မှု နည်းသွားစေလိမ့်မည် ဖြစ်သည်။ ထို့အပြင် ထိုကျောင်းများ၏ ပညာရေး အရည်အသွေး တိုးတက်စေရန် ပိုမိုလိုလားပြီး မည်သည့်အဖွဲ့အစည်းကမျှ မဆောင်ရွက်သေးမီ ဝေးလံခေါင်ဖျားဒေသရှိ ပြည်သူများဆီသို့ ယင်းတို့၏အရင်းအမြစ်များရောက်စေရန်အသုံးပြုလိမ့်မည်ဖြစ်သည်။ လက်ရှိဆောင်ရွက်နေရာတွင်ရောက်ရှိနိုင်သည့်ဝေးလံခေါင်ဖျားနေရာများသို့ပင် နေ့စားလပေး ကျောင်းဆရာများစွာကို ပေးပို့သည့် စိတ်ကူးယဉ်ပန်းတိုင်ကို အလေးမထားဘဲ လက်ရှိ EBEP များအတွက် အလုပ်လုပ်နေသော ကျောင်းဆရာများအား ပညာရေးဝန်ကြီးဌာနက စုဆောင်းနေခြင်းကို လျှော့ချရန်လိုသည်။

အသင့်တော်ဆုံးစိတ်ကူးဖြစ်နိုင်ခြေတစ်ခုမှာ အစိုးရနှင့် EAO တို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတစ်ဆင့် အမျိုးမျိုးသော အဖွဲ့အစည်းများအတွက် သတ်မှတ်ထားသော ဧရိယာကို စစ်ဆေးရန် ပုံမှန်စီစဉ်မှုများကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းအထဲတွင် ထိုနှစ်ဖွဲ့တို့နေရာများ လုပ်ငန်းများ ထပ်နေကာ အလုပ်အတူတူလုပ်သောနေရာလည်း ပါဝင်သည်။ သို့သော် ပြည့်စုံသော "ကြားကာလ အစီအစဉ်များ"ကို တည်ထောင်ရန် ယခင် EAO ကြိုးပမ်းမှုများသည် NCA လက်မှတ်ထိုးထားသူများကို ဖိအားပေးသော ပိုနေမြဲ ကျားနေမြဲ အနေအထားကို မပြတ်သားသော အသိအမှတ်ပြုခြင်းဖြင့်သာ ယင်းတို့အတွက် ထားရစ်ခဲ့ပြီး ထို့ကြောင့်ပင် ယင်းသည် နိုင်ငံရေးအခြေခံ အကြောင်းအရင်းနှင့် ပတ်သက်နေသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် EBEP များသည် လက်ရှိ ပညာရေး အာဏာပိုင်မရှိသော နေရာများတွင် EAO များကို ပိုမို အကျိုးသက်ရောက်သော ညှိနှိုင်းမှု ပြုလုပ်ရန် နည်းလမ်းကို ရှာဖွေတွေ့ရှိလိမ့်မည် ဖြစ်သည်။

ပထမအဆင့်အနေဖြင့် ပညာရေးဝန်ကြီးဌာနသည် ကျောင်း သို့မဟုတ် ကျေးရွာ ခေါင်းဆောင်နှင့် ဆွေးနွေးရုံထက် ကျောင်းဆရာများ သို့မဟုတ် အထောက်အပံ့များ ပေးပို့ရန် အစီအစဉ်ရှိသော မည်သည့်ကျောင်းအတွက်မဆို လက်ရှိ ပညာရေးအဖွဲ့အစည်းအားလုံးကို ဆက်သွယ်ရန် ရောက်ရှိနိုင်သည့် ကျေးလက်ဒေသများတွင် ရှိနေသော နိုင်ငံတော် ပညာရေးဌာနဝန်ထမ်းများ၊ မြို့နယ် ပညာရေးမှူးများနှင့် အထက်တန်းကျောင်းဆရာများအတွက် ဥပဒေစည်းမျဉ်းအရ မဖြစ်မနေ လုပ်ဆောင်သင့်သည်။ KED သို့မဟုတ် KNU များနှင့် အထောက်အပံ့သစ်များကို အစိုးရက တိုက်ရိုက်ညှိနှိုင်းစေရန် ကရင်လေ့လာမှုတွင် ပါဝင်သော ရပ်ရွာများက တောင်းဆိုသည်။ သို့သော် အစိုးရသည် ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပြီး ရောထွေးသော ရလဒ်များ ဖြစ်စေသည်။ EBEP တို့၏ ဆောင်ရွက်ရန်နေရာများတွင် ယင်းတို့အုပ်ချုပ်ထားသော ကျောင်းများကို အစိုးရက ထောက်ပံ့ခြင်းနှင့် ပတ်သက်ပြီး နားလည်ရန်လွယ်သော်လည်း အရင်းအမြစ်များကို အကောင်းဆုံးအသုံးချခြင်းနှင့် လက်ရှိတန်ဖိုးများနှင့် အဆောက်အဦများကို ကာကွယ်ရန်အတွက် ကောင်းမွန်စွာ ညှိနှိုင်းစေရန် ဖိအားလည်းဖြစ်နေသည်။[278]

[278] မှတ်သားစရာအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို ကျန်ရစ်နေသော EAO သို့မဟုတ် EBEP များ၏ လုပ်ပိုင်ခွင့်အောက်တွင် လုံးဝ ငြင်းပယ်ထားသည့် အချို့နေရာများ ရှိနေဆဲဖြစ်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၅* |
| --- |
| *ရပ်ရွာအစုအဖွဲ့အသစ်များတွင် ကျောင်းဆရာများကို နေရာချခြင်း သို့မဟုတ် ကျောင်းများသို့ အရင်းအမြစ်များ ကမ်းလှမ်းခြင်းလုပ်သည့် အချိန်တိုင်း ပညာရေး အဖွဲ့အစည်းများ အားလုံးကို တိုင်ပင်ဆွေးနွေးပါ။* |

ဖြစ်နိုင်သည့်နေရာတွင် ဆောင်ရွက်ရာနေရာများ၏ ပိုမိုစနစ်ကျသော ညှိနှိုင်းမှုကို "ဒေသအဆင့်တွင်" ဆောင်ရွက်သင့်သည်။ အခန်း(၈)တွင် တိုက်တွန်းထောက်ခံထားသူများကဲ့သို့ ဘက်ပေါင်းစုံ ညှိနှိုင်းရေးအဖွဲ့များသည် အဆိုပါဆွေးနွေးပွဲများ စတင်ရန် ဖိုရမ်တစ်ခုကို ကျင်းပပေးနိုင်သည်။ အဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနက အဓိက အဖွဲ့အစည်းဖြစ်နေသော နေရာ၊ EBEP တို့ အဖွဲ့အစည်းဖြစ်နေသော နေရာနှင့် ဆောင်ရွက်မှု နယ်ပယ်တော်တော်များများ ထပ်နေသော နေရာများကို အသေးစိတ်ချပြရန် ရည်ရွယ်သင့်သည်။ ထူးခြားသော ဒေသတွင်း ကြီးစဉ်ငယ်လိုက် ဝါစဉ်ဖြင့် အကြီးမားဆုံးထပ်နေသော နေရာများအတွက် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်လိမ့်မည်။

ပိုင်နက်ထိန်းချုပ်မှုသဘာဝအရ တိကျစွာ မဖော်ပြနိုင်လျှင် နေရာအချို့တွင် လက်ရှိဆောင်ရွက်နေသော အစီအစဉ်များသည် နေရာတကျ ရှိနေပြီဖြစ်သည်။ ဥပမာအားဖြင့် EAO အားကောင်းသော နေရာများတွင် ပညာရေးဝန်ကြီးဌာနသည် လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဝေးကွာနေသည်။ ထိုအစီအစဉ်များကို နှစ်ဖက်အသိအမှတ်ပြုခြင်းသည် လက်တွေ့အကျိုးဖြစ်စေသော နည်းလမ်းအဖြစ်ဖြင့်ပင် လူမှုဝန်ဆောင်မှု ချဲ့ထွင်ခြင်းအတွက် ပဋိပက္ခ၏ စွန့်စားရမှုများကို လျှော့ချရန်နှင့် ညှိနှိုင်းမှုများကို ဖြည့်ဆည်းပေးလိမ့်မည် ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထိုသဘောတူညီချက်များကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ခြင်းသည် ယုံကြည်မှုကို ထပ်မံတည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပိုမို သံယောဇဉ်ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်လိမ့်မည်။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၃* |
| --- |
| *များစွာသောဒေသများသည် ရောနှောဆောင်ရွက်ချက်များ၏ မရှောင်လွှဲနိုင်သော ဒေသများဖြစ်ကြောင်း အသိအမှတ်ပြုနေစဉ်အတွင်း ဖြစ်နိုင်သော နေရာများတွင် လုပ်ဆောင်မည့် ဒေသများကို ဒေသဆိုင်ရာ ညှိနှိုင်းမှုမှတစ်ဆင့် အသေးစိတ် ဖော်ပြပါ။* |

ပညာရေးဝန်ကြီးဌာနသည် ရောနှောထိန်းချုပ်သော ဒေသများသို့ တိုးချဲ့နေသောအခါ အငြင်းပွားမှုများ ရှောင်ရှားနိုင်ရန် လက်ရှိ EAO များ၏ အတည်ပြုချက်သည် အရေးပါပြီး ပညာရေးဝန်ကြီးဌာနက အထောက်အပံ့များပေးထားသော ရပ်ရွာများကမူ အခိုင်အမာရှိထားသည်။ ယင်းသည် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများအတွက် တစ်ဦးချင်း လုံခြုံရေးအတွက် အရေးကြီးသည်။ EAO များတွင် ပညာရေး ဖြည့်ဆည်းပေးနေသည့် အဖွဲ့များရှိနေသော ကိစ္စများတွင် ယင်းတို့နှင့် အထက်က ဆွေးနွေးခဲ့သည့်အတိုင်း ညှိနှိုင်းရေးမှတစ်ဆင့် အတည်ပြုချက်သည် ရရှိရမည်ဖြစ်သည်။ အခြားကိစ္စရပ်များတွင် EAO များနှင့် သီးခြားစီ ထိတွေ့ရမည်ဖြစ်ပြီး သို့မဟုတ်ပါက သီးခြားဆောင်ရွက်သူများကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုကို ဦးတည်လုပ်ဆောင်ရမည် ဖြစ်သည်။

လက်တွေ့တွင် ယင်းကိစ္စသည် ရှုပ်ထွေးပြီး အမြဲတမ်းအခြေအနေတွင် မဖြစ်နိုင်ပါ။ သို့မဟုတ် ချိန်ညှိရမည်ဖြစ်ပြီး ကျေးရွာတိုင်းတွင် လွှမ်းမိုးမှုရှိသော လက်နက်ကိုင်အဖွဲ့များအားလုံးထံမှ "မီးစိမ်းပြ"မှုသည် ပညာရေးဝန်ကြီးဌာနအတွက် လိုအပ်သည်။ အကြောင်းမှာ ဒေသများစွာသည် နိုင်ငံတော်က နောက်ခံထားသည့် စစ်ရေးလုပ်ဆောင်သော တပ်ဖွဲ့များနှင့် EAO များ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေပြီး ယင်းအဖွဲ့များသည် ဒေသ ရပ်ရွာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအဖြစ် ယင်းတို့၏ တရားဝင်တည်ရှိမှုသည် ကွဲပြားကြသည်။ မည်သို့ဖြစ်စေ ထူးခြားသည်မှာ EAO အာဏာပိုင်များတွင် ခိုင်မာစွာတည်ထောင်ထားသော နေရာများရှိပြီး ပညာရေးဝန်ကြီးဌာနနှင့် အခြား အစိုးရအဖွဲ့အစည်းများသည် ကျောင်းဆရာများ နေရာချထားရေးအတွက် ယင်းတို့နှင့် တိုင်ပင်ရန် ကြိုးပမ်းကြပြီး အခြားပုံစံအမျိုးမျိုးနှင့် ရှိသော အထောက်အပံ့များအတွက်လည်း ဖြစ်နိုင်သမျှ လုပ်ဆောင်ကြရသည်။ ရပ်ရွာများသည် ထောက်ပံ့ရန် စိတ်အားထက်သန်သော်လည်း သူတို့နေထိုင်ရာ ဒေသရှိ EAO များထံမှ အတည်ပြုချက် ရှင်းလင်းစွာ မရရှိလျှင် ချီတုံချတုံ ဖြစ်နေတတ်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၆* |
| --- |
| *ရပ်ရွာများသို့ အထောက်အပံ့ကမ်းလှမ်းခြင်း သို့မဟုတ် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများ ပေးပို့ခြင်း မတိုင်မီ ရည်ရွယ်ထားသော နေရာတွင် သေချာစွာတည်ထောင်ထားသော EAO များနှင့် အမြဲတစေ တိုင်ပင်ပါ။* |

ဖြစ်နိုင်သည့် နေရာများတွင် ထူးခြားစွာ ရောနှောဆောင်ရွက်နေသည့် ဒေသများ၌ (ကျောင်းကော်မတီများ၊ မိဘများ၊ လေးစားအပ်သော ဒေသကျောင်းဆရာများနှင့် ဖြစ်နိုင်သော ကျေးရွာခေါင်းဆောင်များ)က ကိုယ်စားလှယ်ရွေးထားသည့် ပညာရေးဝန်ကြီးဌာန၊ EBEP နှင့် အခြား ရပ်ရွာအစုအဖွဲ့များအကြား ကျောင်းအဆင့်တွင် ပုံမှန်ဆွေးနွေးခြင်းကို လုပ်ဆောင်သင့်သည်။ ယင်းဆွေးနွေးခြင်းများသည် အဖွဲ့အစည်းအသီးသီးမှ ဖြစ်နိုင်သမျှသော အထောက်အပံ့ ပုံစံအမျိုးမျိုးကို စဉ်းစားသုံးသပ်ရန် ရပ်ရွာများအတွက် အခွင့်အလမ်း ရှိနိုင်မည်ဖြစ်ပြီး မည်သည့်အရာကို လက်ခံရမည် ဆိုသည့် ဆုံးဖြတ်ချက်ကိုလည်း ချနိုင်သည်။ ယင်းသည် ကြီးမားသော ပဋိပက္ခ ထိလွယ်ရှလွယ်မှုကို ဖြစ်စေနိုင်ပြီး အစီအစဉ်သစ်များ ပြုလုပ်နေသော နည်းလမ်းများအတွက် ပိုမိုလွှမ်းမိုးမှုကို ရပ်ရွာအဖွဲ့အစည်းများအား ခွင့်ပြုနိုင်လိမ့်မည် ဖြစ်သည်။ အမျိုးမျိုးသော အဖွဲ့အစည်းများမှ ဆောင်ရွက်မှုများ ရရှိခြင်း၏ အကျိုးကျေးဇူးနှင့် အားနည်းချက်များနှင့် ပတ်သက်ပြီး ရပ်ရွာများ၏ ဦးစားပေးကိစ္စများသည် မည်သည့်အရာများဖြစ်သည်ကို သေချာစွာ စိစစ်ရန် လက်ရှိတွင် အခက်အခဲဖြစ်နေရာ ယင်းသည် အဓိက ဖွံ့ဖြိုးရေး သော့ချက် ဖြစ်လိမ့်မည် ဖြစ်သည်။ ဤအဆင့်တွင် ရပ်ရွာက လိုအပ်မှုများနှင့် ပတ်သက်သော ကျောင်းအုပ်ချုပ်ရေးကို အံဝင်ခွင်ကျ စီမံထားနိုင်စေရန်အတွက် မဟာဗျူဟာ အစီအစဉ်များတွင် တရားဝင် အနေအထားတစ်ခုကို ကျောင်းကော်မတီများအား ပေးအပ်ခြင်းဟူသော ပထမခြေလှမ်းကို ကျောင်း၏ ညှိနှိုင်းဆွေးနွေးခြင်းက လုပ်ဆောင်လိမ့်မည် ဖြစ်သည်။ (အခန်း ၁၀ တွင် ကြည့်ရန်)

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၄* |
|---|
| *ရပ်ရွာကျောင်းတစ်ကျောင်းအတွက် ပုံစံသစ် အထောက်အပံ့များ ရည်ရွယ်သောအခါ ပညာရေးဝန်ကြီးဌာန၊ EBEP များနှင့် ရပ်ရွာတို့သည် ပေးအပ်မည့် ဝန်ဆောင်မှုအကြောင်းကို သဘောတူညီမှုရှိစေရန် ပုံမှန် အစည်းအဝေးများကို ကျင်းပသင့်သည်။ ပထမဦးဆုံး အစည်းအဝေးကဏ္ဍများသည် စနစ်အသီးသီးမှ (ကျောင်းဆရာများအပါအဝင်) လက်ခံမည့် အထောက်အပံ့အတွက် အများသဘောဆန္ဒကို ယူသင့်သည်။* |

ယုံကြည်မှု တည်ဆောက်သောအခါ အဖွဲ့အစည်းအသီးသီးက သီးသန့်တာဝန်များယူသော ဒေသတစ်ခုအတွက် ပူးတွဲ မဟာဗျူဟာများကို သုံးသပ်ရန် ညှိနှိုင်းဆွေးနွေးပွဲများကို ပညာရေးဝန်ကြီးဌာနနှင့် EBEP များသည် အသုံးပြုနိုင်ပြီး ရောနှောလုပ်ဆောင်နေသော ဒေသများအတွက် ပူးတွဲတာဝန်ယူမှုများကို ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရသည်။ သတင်းအချက်အလက် ဖလှယ်ခြင်းသည် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့ကို မည်သည့်ဝန်ဆောင်မှု ပေးမည်ဆိုသည့် အများသုံးမြေပုံများ ရေးဆွဲခြင်းနှင့် စာရွက်စာတမ်းများ ပြုလုပ်ရန် ခွင့်ပြုမည်ဖြစ်ပြီး ယင်းတို့သည် လုပ်ဆောင်မှုမရှိခြင်း သို့မဟုတ် နည်းပါးခြင်းသာရှိသော နေရာများ သို့မဟုတ် ဝန်ဆောင်မှု နှစ်ကြိမ်ဖြစ်နေသော နေရာများကို ခွဲခြား လုပ်ဆောင်နိုင်သည်။ အစီအစဉ်ဖွံ့ဖြိုးရန်နှင့် ရလဒ်အတိုင်းအတာကို လွယ်ကူချောမောစေမည့် တူညီသောရည်မှန်းချက်များ တည်ထောင်ရန် အသုံးဝင်သော ပထမအဆင့် ရှိလိမ့်မည်ဖြစ်သည်။

ယင်းတို့သည် ထိတွေ့မှုများ၏ အလွန်ထိလွယ်ရှလွယ်ဖြစ်သော နေရာများဖြစ်ကြပြီး နေရာတိုင်းတွင် မဖြစ်နိုင်ပါ။ သို့သော် အစိုးရနှင့် EAO နှင့် EBEP တို့အကြား ဆက်ဆံရေးသည် ထူးခြားစွာအားကောင်းနေသော နေရာများတွင် ကနဦးစီမံချက်များသည် အသုံးဝင်သော သင်ခန်းစာများကို ပေးနိုင်သည်။ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က အနည်းငယ်သာဆောင်ရွက်ပေးနိုင်သော ဒေသများကို ခွဲခြားရန် ကတိပေးထားသော နမူနာပုံစံသည် ကနဦးမြေပုံရေးဆွဲခြင်း စီမံချက်ဖြစ်သည်။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၅* |
|---|
| *သင့်လျော်သော အုပ်ချုပ်ရေးအဆင့်တွင် ဆောင်ရွက်ပေးမှုများအပေါ် နောက်ထပ် ညှိနှိုင်းခြင်းအတွက် ရွေးချယ်စရာများကို စဉ်းစားသုံးသပ်ပါ။* |

| *နိုင်ငံတကာ အထောက်အပံ့အဖွဲ့များသို့ တိုက်တွန်းအကြံပြုချက် # ၃* |
|---|
| *ဆန္ဒများသည် ဝန်ဆောင်မှု အဖွဲ့အစည်းများအကြား ရှိနေလျှင် နိုင်ငံတကာ ဆောင်ရွက်သူများသည် ပူးတွဲမြေပုံရေးဆွဲခြင်းအပါအဝင် သတင်းအချက်အလက်ဖလှယ်ရေးနှင့် ပူးတွဲမဟာဗျူဟာ စီမံချက် ချထားသော အစီအစဉ်များကို အဆင်ပြေချောမောစေရန် လုပ်ဆောင်နိုင်သည်။* |

## အခန်း (၁၀)၊ ရောနှောကျောင်းများကို တရားဝင်ဖြစ်စေခြင်းနှင့် စီမံအုပ်ချုပ်ခြင်း

ပိုမိုကောင်းမွန်သော ညှိနှိုင်းမှုများက ပညာရေးကို တိုးတက်စေရန်ဆောင်ရွက်မည့် အခြားအဓိကနေရာသည် ရောနှောကျောင်းများကို တရားဝင်ဖြစ်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ယင်းတွင် ဒေသဘာသာစကားများနှင့် အခြားဘာသာရပ်များကို ပုံမှန်သင်ကြားပေးရန် EBEP များ သို့မဟုတ် EAO များ သို့မဟုတ် ရပ်ရွာများက မိမိတို့ဘာသာ ဒေသကျောင်းဆရာများကို ထောက်ပံ့နေခဲ့သော နေရာများတွင်ရှိသည့် အချိန်ကြာမြင့်စွာ တည်ရှိခဲ့ပြီးဖြစ်သော ပညာရေးဝန်ကြီးဌာနကျောင်းများ ပါဝင်သည်။ သို့သော် ယင်းအဖွဲ့များသည် တစ်ခါတစ်ရံ လိုအပ်နေသော ကွက်လပ်များကို ဖြည့်ဆည်းပေးကြရသည်။ များစွာသော ရောနှောကျောင်းများသည် အမျိုးမျိုးသော လုပ်ဆောင်ပေးသူများထံမှ အထောက်အပံ့ကို နှစ်ပေါင်းများစွာ ပုံမှန်မဟုတ်ဘဲ ရယူခဲ့ပြီး ရပ်ရွာများကို ကြီးမားစွာ မှီခိုနေရသည်။ EBEP များနှင့် ရပ်ရွာများက နှစ်ကြာရှည်စွာ လည်ပတ်လုပ်ဆောင်ပေးထားသော ကျောင်းများလည်းရှိပြီး အခန်း (၉) တွင် ဆွေးနွေးထားသော ကရင်ဒေသမှ ကျောင်းများကဲ့သို့ ပညာရေးဝန်ကြီးဌာန ထောက်အပံ့များကို မကြာသေးမီကမှ ပထမဆုံးအကြိမ် စတင်ယူသော ကျောင်းများလည်း ရှိသည်။

အထောက်အပံ့ အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရှိသော ပညာရှင်များနှင့် သုတေသီများထံမှ မြင့်မားသော သတိပြုမှု ရရှိထားပြီး တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးပြီးဟု ထင်ရသည့် MNEC-ပညာရေးဝန်ကြီးဌာနကျောင်း ၉၅ ကျောင်းသည် မွန်ဒေသများတွင် ရှိကြသည်။[279] သို့သော် ထိုကျောင်းများသည် တရားဝင် ပြည်နယ်အဆင့် အစီအစဉ်များထက် MNED နှင့် ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများအကြား ဒေသဆိုင်ရာအစီအစဉ်များကို ပိုမိုဆောင်ရွက်နိုင်ကြပြီး အချို့ကရင်ဒေသများတွင် ရောနှောကျောင်းများသည် ဆယ်စုနှစ်များစွာ တည်ရှိလာခဲ့ကြကာ KED/KSEAG နှင့် ပညာရေးဝန်ကြီးဌာနတို့ထံမှ အထောက်အပံ့များ ယူကြသည်။ ၂၀၁၂ ခုနှစ် အပစ်အခတ် ရပ်စဲရေး စတင်ကတည်းက ယင်းတို့၏ အရေအတွက် တစ်ဟုန်ထိုး တိုးတက်လာခဲ့ပြီး ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ၃၆၄ ကျောင်းမှ ၇၃၄ ကျောင်းအထိ တိုးတက်လာသည်။ ကယား၊ ရှမ်း၊ ကချင်နှင့် ချင်း ဇရိယာများပါဝင်သော နိုင်ငံတစ်ဝန်းလုံးတွင် ရပ်ရွာအစုအဖွဲ့များနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနကျောင်းများ သို့မဟုတ် ပညာရေးဝန်ကြီးဌာန အထောက်အပံ့များ များပြားစွာ ယူသော ရပ်ရွာကျောင်းများကို ကျောင်းဆရာများ ထောက်ပံ့ခဲ့ကြသည်။ တွဲဖက်ကျောင်းဆရာများကို မကြာခဏ ပေးပို့ခဲ့သည့် အကြောင်းမှာ နောက်ထပ် အထောက်အပံ့များ လိုအပ်သောကြောင့် သို့မဟုတ် ဒေသစာပေနှင့် သမိုင်းကို သီးခြား သင်ကြားပေးရန် ရှိခြင်းကြောင့် ဖြစ်သည်။

စံပြ ရောနှောကျောင်းတွင် အလားအလာကောင်းသော အကျိုးအမြတ်များ ရှိသည်။ ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ပညာရေး အပြည့်အဝရရှိနေစဉ် ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ရောနှောကျောင်းများမှ MTB-MLE ပညာရေးကို ရရှိကြသည်။ ထိုကိစ္စရပ်များစွာတွင် ရပ်ရွာအဖွဲ့များနှင့် ကျောင်းကော်မတီများသည် လုံလောက်သော ညွှန်ကြားချက်များပေးရန် ကျောင်းဆရာများနှင့် အခြား အရင်းအမြစ်များကို မှီခိုနေကြရပြီး အထူးသဖြင့် ပညာရေးဝန်ကြီးဌာနသည် ကျောင်းဆရာ အနည်းငယ်သာပေးအပ်ခဲ့သည့် နေရာများ သို့မဟုတ် ထိုကျောင်းဆရာများက ကျောင်းပျက်ခြင်းဖြစ်နေသော နေရာများရှိနေသည်။ ထောက်ပံ့သူများအတွက် အရင်းအမြစ်များနှင့် စွမ်းရည်များကို အကန့်အသတ်ထားသည့် နေရာများနှင့် အစိုးရက MTB-MLE ကို မပေးနိုင်သည့် နေရာများရှိနေကာ ရောနှောကျောင်းများသည် ရပ်ရွာက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပိုမိုရင်းနှီးလာစေရန် အရင်းအမြစ်များကို စုစည်းရေးအတွက် နည်းလမ်းကို တွေ့ရှိထားသည်။

အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချပြီး ရပ်ရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ပဋိပက္ခကြောင့် အလားအလာကောင်းသော ရင်းမြစ်များကို ရွှေ့ပြောင်းစေသော ကြီးမားကျယ်ပြန့်သည့် စိန်ခေါ်မှုများကို ဖြေရှင်းပေးရမည်ဖြစ်သည်။ ဤအခန်းသည် အခွင့်အလမ်းများနှင့် ရောနှောကျောင်းများ၏ စိန်ခေါ်မှုများကို လေ့လာရန်ဖြစ်ပြီး ပထမဆုံးအနေဖြင့် မကြာသေးမီက ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့ ဆောင်ရွက်လာမှုများနှင့် ယေဘုယျအနေဖြင့် ရောနှောကျောင်းများကိစ္စအပြင် တိုက်တွန်းအကြံပြုချက်များကို ပေးအပ်ရန် ဖြစ်သည်။

### ပညာရေးဝန်ကြီးဌာန ချဲ့ထွင်ခြင်းတွင် ရောနှောကျောင်းများ၏ အခြေအနေ

ပညာရေးဝန်ကြီးဌာနသည် ကျောင်းဆရာများကို EBEP က အထောက်အပံ့ပေးနေသော ကျောင်းများသို့ ပထမဆုံးအကြိမ်ပေးပို့သောအခါ ထိုကျောင်းများကို မည်သို့ စီမံခန့်ခွဲနေသည်ကို စစ်ဆေးရန် EBEP များနှင့် အနည်းငယ်မျှ ညှိနှိုင်းခဲ့ခြင်း သို့မဟုတ် လုံးဝညှိနှိုင်းခဲ့ခြင်း မရှိပေ။ ယခင်အခန်းများတွင် ပါဝင်သကဲ့သို့ မှတ်သားသင့်သည်မှာ ဒေသဆိုင်ရာ EAO များက ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ၏ လုံခြုံရေးကို စိတ်ချရစေသော အခြေခံ သဘောတူညီချက်ကိုပင် မကြာခဏ မရှိဘဲ ဖြစ်နေပြီး ယင်းဆရာများကို ကျောင်းများသို့ နေရာချရန်အတွက် သင့်လျော်သော အုပ်ချုပ်ရေးလမ်းညွှန်ချက်များသာ ပေးအပ်ကြသည်။ ကရင်ဒေသများရှိ ရောနှောကျောင်း အများစုတွင် ပညာရေးဝန်ကြီးဌာနနှင့် KSEAG တို့သည် ကျောင်းအုပ်များကို အပြိုင်ခန့်ထားကြပြီး အဓိပ္ပာယ်မှာ အုပ်ချုပ်မှု ကိစ္စအားလုံးကို ယင်းတို့အချင်းချင်း နားလည်မှု အပေးအယူလုပ်ဆောင်ရွက်ခြင်း သို့မဟုတ် တစ်ဦးနှင့် တစ်ဦး အားခံသော အခြေအနေပေါ် တွင် မူတည်နေစေခြင်းဖြစ်သည်။ အစိုးရက ပညာရေးဝန်ကြီးဌာနနှင့်

---

[279] လားလ်နှင့် ဆောက်သ် (၂၀၁၁)၊ ဆောက်သ်နှင့် လားလ်(၂၀၁၆)၊ ဂျိုလစ်ဖ် (၂၀၁၄)၊ နှင့် အခြားသူများ ကိုကြည့်ပါ။

KED/KSEAG ရောနှောကျောင်း ၃၇၉ ကျောင်းအနက် ကျောင်းအားလုံးတွင် "ခိုင်မာသော အုပ်ချုပ်မှု" ရှိနေကြပြီး ၃၁ ကျောင်းတွင် ကြီးမားသော အရင်းအမြစ် ရလဒ်များရှိကာ ကျောင်းကော်မတီများတွင် တပ်မတော်၏ ဖိအားကြောင့် ပြဿနာ အနည်းငယ်သည် ရှိကြသည်။ ယင်းသည် ဆယ်စုနှစ်ပေါင်းများစွာ အဓိက ပညာရေးအာဏာပိုင် ဖြစ်လာခဲ့သော EBEP များရှိသည့် နေရာတွင်ပင် ကျောင်းများတွင် ကိစ္စရပ်များစွာ ရှိနေစေရန် ပညာရေးဝန်ကြီးဌာနကို ခွင့်ပြုထားခြင်း ဖြစ်သည်။

## ဘာသာစကား၊ ယဉ်ကျေးမှုနှင့် လူမျိုးစု

လူမျိုးစုနှင့်ပတ်သက်နေသော အခြားကိစ္စရပ်များနှင့်အတူ ဘာသာစကားရေးရာများသည် အငြင်းပွားဖွယ်ဖြစ်နိုင်သည်။ မကြာသေးမီက KED/KSEAG စနစ်အောက်တွင် ရှိခဲ့သော ကျောင်းများတွင် စကောကရင် ဘာသာသည် အဓိက ဘာသာရပ်နှင့် အဓိက ကြားခံသင်ကြားရေး ဘာသာစကားဖြစ်ရာ ထိုသို့ဖြစ်နိုင်သည့် နေရာများတွင် KED/KSEAG ကျောင်းဆရာများကို နေရာချပေးရန် ရပ်ရွာများက မကြာခဏ တိုက်တွန်းထားသည်။ ၂၀၁၁ ခုနှစ်ကတည်းက ပထမဆုံးအကြိမ်အဖြစ် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို လက်ခံခဲ့သော အရှေ့ဒေါနဒေသရှိ ကျောင်း ၁၃ ကျောင်းတွင် ရပ်ရွာများအနက်မှ တစ်ခုက KED/KSEAG ကျောင်းဆရာများ ထားရှိပေးရေးကို တင်းတင်းမာမာ ပြောကြားခဲ့သည်။[280] ယင်းကျောင်းများအနက်မှ တစ်ကျောင်း၏ ကျေးရွာခေါင်းဆောင်က "KED က ကျွန်တော်တို့ကျောင်းတွေကို ၁၆ နှစ်ကျော် ထောက်ပံ့ခဲ့ပြီးပြီဖြစ်လို့ ကျွန်တော်တို့ပြောချင်တာက သူတို့ဟာ KED နဲ့ ပူးပေါင်းရမှာဖြစ်ပြီး ဒါမှမဟုတ်ရင်တော့ ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။...ကျွန်တော်တို့ဟာ ကရင်လူမျိုးတွေပါ။ ကျွန်တော်တို့ ကိုယ့်ဘာသာစကားကို သင်ပေးချင်ပါတယ်။ ကျွန်တော်တို့မှာ စာပေမရှိတော့ရင် ကျွန်တော်တို့ ဆုံးရှုံးလိမ့်မယ်။ ကရင်လူမျိုး ပျောက်သွားလိမ့်မယ်"[281] ဟု ပြောပါသည်။

သို့သော် အရေးအတွက် မသိနိုင်သော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများသည် ရောက်ရှိလာကြပြီး ဒေသ ဘာသာစကား သင်ကြားမှုကို တင်းကြပ်ကာ ယင်းဘာသာစကားများကို ကျောင်းစာသင်ချိန် အပြင်တွင် အချို့ဂရိတ်များတွင်သာ[282] သင်ကြားစေသည် သို့မဟုတ် သင်ကြားမှုကို ပိတ်ပင်ထားခြင်း ပြုလုပ်သည်။[283] KTWG က လေ့လာထားသော ရပ်ရွာ ၃၂ ခုအနက် ၁၂ ခုသည် ကရင် ဘာသာစကားကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားရေးမှ တားဆီးခံရသည်။[284] KNU ၏ သထုံခရိုင်မှ ကျောင်းကော်မတီတစ်ဖွဲ့က ပြောသည်မှာ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) က အထောက်အထား ပြုခြင်းဖြင့် "[ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်က] ကရင်ဘာသာ သင်ဖို့ ကျွန်တော်တို့ကို ခွင့်မပြုဘူး။ သူမက ဒါတွေဟာ အလုပ်များတာပဲ ဖြစ်နေတာလို့ ဆိုပါတယ်။ ကျွန်တော်တို့ ကရင်စာသင်ကြားချင်ရင် ကျောင်းချိန်ပြီးမှ သင်ရတယ်။"[285] ဟုပြောပါသည်။

ကျောင်းချိန်ပြင်ပ သင်ကြားရေး ဘာသာရပ်အဖြစ် မွန်ဘာသာပါဝင်နေခြင်းကို MNED က ထောက်ပံ့ပေးထားသည့် မွန်အမျိုးသားကျောင်းများတွင် သင်ကြားရေးအတွက် ပညာရေးဝန်ကြီးဌာနက အာမခံချက်ပေးစေရန် အခြေအနေများကို WRCP နှင့် HURFOM တို့က အထောက်အထား ပြခဲ့သည်။ သို့သော် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို ယင်းကျောင်းများသို့ ပို့နေခြင်းသည် မရှင်းလင်းပါ။[286] မှတ်သားသင့်သည်မှာ MNEC/MNED တို့တွင် ကျောင်းချိန်အတွင်း မွန်ဘာသာရပ်များကို သင်ကြားခွင့် မပေးခဲ့လျှင် ထိုရောနှောကျောင်းများကို အထောက်အပံ့မပေး ဟူသော မူဝါဒရှိသည်။
ထို့အပြင် အခန်း (၁၁) တွင် ဆွေးနွေးထားသည့်အတိုင်း အစိုးရကျောင်းဆရာများက တိုင်းရင်းသားဘာသာနှင့် သမိုင်းတို့ကို ဆက်လက် သင်ကြားခွင့်ပြုရန် ပျော့ပြောင်းသော သဘောထားရှိသည့် နေရာတွင်ပင် ပညာရေးဝန်ကြီးဌာန၏ စာမေးပွဲများ၌ အရေးမကြီးသော ဘာသာရပ်

---

[280] KED ကျောင်းဆရာက မပြောပြသော ပြဿနာဖြစ်သည့် နေရာသည် သောဝေါ်သောဟု ခေါ်သော စုကလိမြို့နှင့် နီးကပ်နေသည့် တပ်မတော်စခန်းချထားသော ကျေးရွာတွင်ဖြစ်သည်။ ယင်းနေရာတွင် KED/KSEAG စနစ်အောက်တွင် ယခင်ကရှိခဲ့သော ကျောင်းဆရာနှစ်ဦးက ယင်းတို့၏ ထောက်ပံ့ကြေးနှင့် ပစ္စည်းများကို KED/KSEAG ထံမှ ရယူနေခြင်းအား ရပ်တန့်လိုက်ပြီး အဆက်အသွယ်ဖြတ်လိုက်ကြသည်။ KED က နောက်ပိုင်းသိလာသည်မှာ ကျောင်းတွင် ယခုအခါ အစိုးရကျောင်းဆရာများ ရှိနေပြီး KED/KSEAG ကျောင်းဆရာများ အလုပ်မှ နုတ်ထွက်ကြကာ ရွာမှာပင် နေထိုင်ကြကြောင်း ဖြစ်သည်။ (အရှေ့ဒေါနဒေသ KED ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ)

[281] ကျောင်း ၁ တွင် အုပ်စု ဆွေးနွေးပွဲ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[282] KHRG တွင် အထောက်အထားရှိသော ကရင်ကျောင်းဆရာတစ်ဦး ပြောကြားချက်အရ ပညာရေးဝန်ကြီးဌာနသည် ဂရိတ် ၁ နှင့် ၂ ကိုသာ စကောကရင် ဘာသာ သင်ကြားခွင့် ပေးထားကြောင်း၊ ယခင်က ဂရိတ် ၄ အထိ ထိုဘာသာရပ်ကို သင်ကြားကြောင်း သိရသည်။ KHRG (၂၀၁၆)၊ စာမျက်နှာ ၄၁။

[283] KTWG ဗဟိုဌာန ဝန်ထမ်းနှင့် ကျောင်းဆရာ သင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၄ ခုနှစ် ဒီဇင်ဘာလ)။ KED ဌာနမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[284] KTWG (၂၀၁၆)၊ အထောက်အထားက ၃၆ ရာခိုင်နှုန်း ပေးခဲ့သည်။

[285] ကရင်လူ့အခွင့်အရေးအုပ်စု ဝက်ဘ်ဆိုဒ်၊ "နောက်ဆုံးရ သထုံအခြေအနေ၊ ဘီးလင်း၊ သထုံ၊ ကျိုက်ထိုနှင့် ဖားအံ မြို့နယ်များ၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလ)" ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၊ http://khrg.org/2015/02/14-101-s1/thaton-situation-update-bilin-thaton-kyaikto-and-hpa-an-townships-september#sthash.a3MdX9jP.Gsw2eJ8c.dpuf. တွင် ကြည့်ပါ။

[286] WCRP နှင့် HURFOM၊ စာမျက်နှာ ၂၈-၂၉။

များ ဖြစ်လာသည်။ အခြားဘာသာရပ်များနှင့် မတူသည်မှာ ကျောင်းသားများသည် နောက်ပိုင်း ဂရိတ်များတွင် ထိုဘာသာရပ်များကို စာမေးပွဲအောင်မြင်ရန် မလိုအပ်တော့သောကြောင့် ဖြစ်သည်။ မူတရောခရိုင်ရှိ KED အုပ်ချုပ်ရေးမှူးတစ်ဦး အဆိုအရ ရောနှောကျောင်းများတွင် စကောကရင် ဘာသာစကားကို "အပိုဘာသာ" အဖြစ် သတ်မှတ်ပြီး အရေးတကြီး သင်ကြားစရာမလိုဟု ဆိုသည်။[287]

အရှေ့ဒေါနဒေသတွင် နှစ်ကာလကြာရှည်စွာ တည်ထောင်ထားသော ရောနှောကျောင်း တစ်ကျောင်းသည် ၂၀၁၄ ခုနှစ်တွင် အစိုးရ ကျောင်းအုပ်ဆရာတစ်ဦးကို ခန့်လိုက်သည်။ သူသည် ဗမာတိုင်းရင်းသားဖြစ်ပြီး အနားယူသွားသော ကရင်တိုင်းရင်းသား ကျောင်းအုပ်နေရာတွင် အစားထိုးခြင်း ဖြစ်သည်။ ၎င်းသည် နောက်ပိုင်းတွင် စကောကရင်ဘာသာ သင်ကြားခြင်းကို တားမြစ်ရန် ကြိုးစားလာသည်။ သို့သော် ရပ်ရွာနှင့် သဘောထားကွဲလွဲမှုကြောင့် ရွာမှထွက်သွားရန် ဖိအားပေးခြင်း ခံရသည်။ ထိုကျောင်းမှ KED ကျောင်းဆရာတစ်ဦးက ရှင်းပြရာတွင် "သူက ကရင်ဘာသာ သင်နေတာကို ရပ်လိုက်ဖို့ ကျောင်းကို အမိန့်ပေးပါတယ်။ ပြီးတော့ ကရင်အလံကို ချခိုင်းပြီး မြန်မာအလံကို တင်ခိုင်းပါတယ်။ သူ့အမြင်က ပုံမှန်မဟုတ်ပါဘူး။ သူ ကရင်ကျောင်းဆရာ သုံးယောက်ကို အလုပ်ဖြုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သူတို့ကို ပြန်ငှားထားရတယ်။ ပြီးတော့ ကျွန်တော်တို့ ကရင်ဘာသာကို ဘယ်နည်းနဲ့မဆို ဆက်သင်မှာပဲ။ အခု ကျွန်တော်တို့ [ကရင်အလံ မြန်မာအလံ] ပူးတွဲအလံရှိတယ်။ ဒါပေမဲ့ ရပ်ရွာက လက်မခံဘူး။ ၂၀၁၄ ခုနှစ်က သူ့ကို [မြဝတီမြို့ကို] ပြန်ပို့လိုက်ပြီ။ မြို့နယ်ပညာရေးမှူးရုံးမှာ အလုပ်လုပ်နေတယ်" ဟု ပြောပါသည်။[288]

KHRG ၏ မှတ်တမ်းအရ ကရင်အမျိုးသမီးတစ်ဦးက ပြောပြရာတွင် "ကျွန်မတို့ရွာမှာ ရွာသားတွေ၊ ကျောင်းဆရာနဲ့ ကျွန်မတို့ရဲ့ ဘုန်းတော်ကြီးတို့က ကျောင်းဆောက်ပြီး ထောက်ပံ့ပေးပါတယ်။ ကျွန်မထင်တာတော့ ကျွန်မတို့ ကရင်အလံကိုပဲ လွှင့်ထူသင့်တယ် ထင်တယ်။ [မြန်မာ] အစိုးရက ဒီလိုလုပ်တာ မကြိုက်ဘူး။ သူတို့က ဒီလိုလုပ်မယ့်အစား ကျောင်းရှေ့မှာ မြန်မာအလံပဲ လွှင့်ချင်ကြတယ်။" ဟုဆိုသည်။[289] ရယ်စရာတစ်ခုမှာ အလံလွှင့်သော ကိစ္စနှင့် ပတ်သက်ပြီး အငြင်းပွားမှုသည် ရောနှောကျောင်းများတွင် ဖြစ်နေကျ ဖြစ်ပါသည်။[290] ယင်းအငြင်းပွားမှုများသည် ထူးခြားသော ထိခိုက်မခံသော ဖြစ်ရပ်များဖြစ်ကြပြီး ရပ်ရွာအတွင်း တင်းမာမှု ဖြစ်လာစေသည်။ EAO များ၏ သံသယကို မီးထိုးပေးသကဲ့သို့ ဖြစ်လာစေသည်။ လူငယ်များအတွက် ဆိုးရွားသော ဥပမာတစ်ခုဖြစ်သည်။ အထူးသဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်နေသော ကာလတွင် ဖြစ်ပါသည်။

ဘာသာစကားဆိုင်ရာ ပို့ချချက်နှင့် ပတ်သက်ပြီး နောက်ထပ်ကိစ္စများ ရှိသေးသည်။ ၂၀၁၄ အမျိုးသားပညာရေးဥပဒေက ဖော်ပြထားသည်မှာ "တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ အခြေခံပညာရေးအဆင့်တွင် သင်ကြားရေးဘာသာစကားအဖြစ် သုံးစွဲနိုင်သည်" ဟု ဖြစ်သည်။ မြန်မာဘာသာစကားသည် သင်ယူသူများအတွက် ပထမဘာသာစကားဖြစ်လျှင် သင်ရိုးနှင့် ဆရာလမ်းညွှန်များကို မြန်မာဘာသာမှ အခြေခံပြီး တည်ဆောက်ရသည်။

ထို့အပြင် တိုင်းရင်းသားဒေသများထံသို့ ပေးပို့သော ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများသည် မည်သည့် ကရင်ဘာသာစကားကိုမျှ မပြောနိုင်ကြပေ။[291] KTWG က ပြုလုပ်သောလေ့လာမှုတွင် ရပ်ရွာ ၃၂ ခုအနက် ၂၂ ခု (၆၉ ရာခိုင်နှုန်း) အတွက် အစီရင်ခံတင်ပြသည်မှာ "[ပညာရေးဝန်ကြီးဌာန ကျောင်းဆရာအသစ်များ]မှာ ဒေသဘာသာစကားကို မပြောတတ်ဘဲ ကလေးများ ယင်းတို့၏ သင်ခန်းစာများကို ဗမာစာဖြင့် နားလည်စေရန် မကြိုးပမ်းနိုင်ချေ" ဟုဆိုသည်။ ယင်း ရပ်ရွာအများစုသည် ယခုကိစ္စတွင် ဆင်းရဲသား ကျောင်းသားများ၏ လုပ်ဆောင်မှုဟု မှတ်ယူသည်။[292]

ငယ်ရွယ်သော ပညာရေးဝန်ကြီးဌာန ကျောင်းဆရာတစ်ဦးက ရှင်းပြသည်မှာ "ကလေးတွေက မြန်မာလို မပြောတတ်ကြဘူး။ ဒါကြောင့် ဆက်သွယ်ရေးက ပြဿနာတစ်ခုပါ။ ဟုတ်ကဲ့ (စာသင်ခန်းတွင် ရရှိရန် များစွာ နေးကွေးသည်)။ ကျွန်တော်တို့ ပုံတွေနဲ့ ခြေဟန်လက်ဟန်နဲ့

[287] မူတရောခရိုင် အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[288] အရှေ့ဒေါနကျောင်း-၃ မှ ကျောင်းဆရာနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)

[289] KHRG (၂၀၁၆)။ စာမျက်နှာ ၄၁

[290] KTWG ဗဟိုဝန်ထမ်းနှင့် ကျောင်းဆရာသင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၄ ခုနှစ် ဒီဇင်ဘာလ)၊ KED ဌာနမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)၊ တပ်မတော်နှင့် BGF များက ၁၉၉၀ နောက်ပိုင်းနှစ်များကတည်းက ခြေကုတ်ယူထားသော ပိုင်ကျုံမြို့နယ်ခွဲရှိ ကရင်ရပ်ရွာအဖွဲ့ဝင်များသည် ပထမဆုံးအကြိမ် ကရင်အလံကို လွှင့်ထူပြီး အခမ်းအနားကျင်းပကြသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ဝက်ဘ်ဆိုဒ် "နောက်ဆုံးရ ဖားအံ အခြေအနေ၊ ၂၀၁၄ ခုနှစ် ဇွန်လမှ အောက်တိုဘာလအထိ" ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့၊ http://khrg.org/2015/08/14-91-s1/hpa-an-situation-update-paingkyon-township-june-october-2014. တွင် ကြည့်နိုင်သည်။

[291] တိုင်းရင်းသား ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော ခန့်မှန်းခြေ ကျောင်းဆရာ ၇၀ ရာခိုင်နှုန်းသည် ဒေသ ဘာသာစကား သို့မဟုတ် ဒေသိယ စကား မပြောနိုင်ကြပါ။ UNIECF (၂၀၁၀)၊ ပျိုးပင်တွင် ရွတ်ဆိုခြင်း(၂၀၁၄)

[292] KTWG (၂၀၁၆)၊ စာမျက်နှာ ၂

သုံးကြရတယ်။ ဥပမာအနေနဲ့ ဘောလ်ပင်ကို သုံးဖို့လိုရင် ကျွန်တော် ဘောလ်ပင်ကို မြှောက်ပြရတယ်"[293] ဟုပြောပြသည်။ သို့သော် အခြား ပညာရေးဝန်ကြီးဌာန ကျောင်းဆရာတစ်ဦးက သူ၏ လေ့လာရေးအတွက် စကောကရင် ဘာသာကို လည်ပတ်စွာ ပြောနိုင်ခဲ့သည်။

## အုပ်ချုပ်ရေး ကွာခြားချက်များ၊ ပညာရှင် မဆန်မှုနှင့် ညံ့ဖျင်းသော ရပ်ရွာ ဆက်ဆံရေး

အစီရင်ခံခြင်းနှင့် အစဉ်အလိုက် တန်ဖိုးဖြတ်ခြင်း၊ လုပ်ငန်းစဉ် စနစ်များ၊ စာသင်ခန်း အရွယ်အစားများနှင့် အခြားအရာများကဲ့သို့ စနစ်အသီးသီး၏ အုပ်ချုပ်မှုအလေ့အကျင့်များအကြား ခြားနားမှုများကြောင့် အငြင်းပွားမှုများ ပေါ်ပေါက်လာစေရန် ဦးတည်နေသည်။[294] KED/ KSEAG ကျောင်းဆရာများနှင့်အတူ ဦးတည်အုပ်စုတွင် စကားပြောရာ၌ ငယ်ရွယ်သော ပညာရေးဝန်ကြီးဌာန ကျောင်းဆရာတစ်ဦးက "ကျွန်တော်တို့မှာ ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်ဆရာ မရှိခင်က ကျောင်းဟာ အကွပ်မရှိတဲ့ ကြမ်းလိုပါပဲ။ အခုတော့ ကျွန်တော်တို့မှာ ဘယ်လိုသင်ရမယ် ဘယ်လို စီမံခန့်ခွဲရမယ် ဆိုတာမျိုးလို ဦးတည်ချက်တွေ ရှိနေပါပြီ" ဟု ပြောပါသည်။ သို့သော် KED/KSEAG ကျောင်းဆရာ တစ်ဦးသည် စိတ်အနှောင့်အယှက်ပြုခံရခြင်းကို တုန့်ပြန်ခဲ့ရာတွင် "သူရောက်မလာခင်က ကျွန်တော်တို့မှာ စည်းတွေမျဉ်းတွေ ရှိခဲ့ပါတယ်။ သူက သူ့စည်းမျဉ်းတွေနဲ့ ရောက်လာပါတယ်။" ဟု ပြောပြပြီး အခြား KED/KSEAG ကျောင်းဆရာ တစ်ဦးက ထိုသို့ ပြောကြားသည်ကို သဘောတူခဲ့ သည်။[295]

တစ်ချိန်တည်းမှာပင် ဝေးလံခေါင်ဖျားဒေသမှ အထူးသဖြင့် ကျောင်းတက်ပျက်ကွက်ကြသော အစိုးရ ကျောင်းဆရာသစ်များ၏ ပညာရှင်မဆန် သည့် အပြုအမူများနှင့် ပတ်သက်ပြီး အစီရင်ခံစာများ ပျံ့နှံ့နေခဲ့သည်။ KTWG က လေ့လာသော ရပ်ရွာ ၃၂ ခုမှ ကျောင်းကော်မတီက တစ်ရက် ပျက်တိုင်း ပျက်ကွက်မှုကို အစီရင်ခံစာရေးပြီး ၉၄ ရာခိုင်နှုန်း ရပ်ရွာများက တစ်လအတွင်း ရက်သတ္တတစ်ပတ်နှင့် အထက် ပျက်ကွက်ခြင်းကို ရေးသားကာ ၁၆ ရာခိုင်နှုန်း ရပ်ရွာများက စာသင်နှစ် အပိုင်းလိုက်အတွင်း တစ်လမှ နှစ်လ ပျက်ကွက်ခြင်းကို ရေးသားသည်။ အခြား ၁၆ ရာခိုင် နှုန်း ကိစ္စများတွင် ရပ်ရွာကို မည်သည့်အကြောင်းကြားမှုမျှ မရှိဘဲ ကျောင်းဆရာများ၏ ပျက်ကွက်မှုကြောင့် ကျောင်းပိတ်ရသည်။ အစိုးရကျောင်း ဆရာများသည် လေ့လာမှု ခြောက်ရာခိုင်နှုန်းအရ လုံးဝ ပြန်သွားခြင်းမရှိကြောင်း တွေ့ရသည်။[296]

အဆင့်မြင့်မားသော အနေအထားရှိသည့် ပညာရှင်မဆန်သော အပြုအမူများအပေါ် ရပ်ရွာ၏ စိုးရိမ်မှုအတွက် KHRG တွင် အထောက်အထား ရှိထားသည်။ ယင်းတွင် ကျောင်းဆရာများသည် မိမိရွာမှ တစ်လ သို့မဟုတ် နှစ်လကာလကြာအောင် အဝေးတွင် အချိန်ဖြုန်းခြင်း၊ ရွာထဲတွင် ပုံမှန်သင်ကြားမှု မရှိခြင်း၊ ထီရောင်းရန် အချိန်ကုန်ခံနေခြင်း၊ တာဝန်ထမ်းဆောင်နေပြီး ကျောင်းသားကို ကြီးကြပ်ရမည်ထက် ယင်း၏ဖုန်းကို သုံးနေခြင်းနှင့် ကျောင်းဆရာမတစ်ဦးသည် မိမိ၏ အရည်အချင်းမရှိသော အလုပ်လက်မဲ့ ခင်ပွန်းကို စာသင်ခန်းများအတွက် ဖြည့်စွက်တာဝန် ထမ်းဆောင်စေခြင်းများလည်း ပါဝင်သည်။[297]

KHRG က တွေ့ဆုံမေးမြန်းသော မိခင်တစ်ဦးက ပြောရာတွင် ထိုကိစ္စများသည် ကျေးရွာ၏ ဂရိတ် လေး တစ်တန်းလုံး အစိုးရ စာမေးပွဲကျစေရန် ဖြစ်လာပြီး တစ်နှစ်ကို နှစ်ကြိမ် ဖြစ်ကြောင်း၊ "[သင်ကြားမှု ညံ့ဖျင်းခြင်းကြောင့်ဖြစ်ကြောင်း] [ကလေးများက] ဘာမျှ မသိကြပါဘူး။ ကျွန်မသမီး လိုပဲ အသက်က ၁၂ နှစ် ရှိပြီး လေးတန်းတက်နေတာ ဘာမျှ သိတာ မရှိကြဘူး" ဟု ပြောပြပါသည်။

KHRG ဖြေကြားသူက ဆရာများ ပညာရှင် မဆန်မှုကို ပြောရာတွင် TEO များ၏ ကြီးကြပ်မှု အားနည်းခြင်း၊ ကျောင်းဆရာများ၏ လုပ်သက်နုပြီး အရည်အချင်းနည်းခြင်းနှင့် အလုပ်နှင့် ပတ်သက်ပြီး ကြိုးစားမှုနည်းခြင်းတို့ကို ပြောပြသည်။[298] ယင်းအရေးအရာများသည် ပညာရှင်မဆန်မှုကိစ္စ အဘယ်ကြောင့် ဆိုးဝါးနေသည်ကို ရှင်းပြနိုင်ပြီး အကြောင်းမှာ ကျောင်းဆရာအများစုသည် နေ့စားလပေး ဝန်ထမ်းများဖြစ်ကြကာ သူတို့ အဆင်မပြေသော ကျေးလက်ဒေသများသို့ အပို့ခံကြရသည့်အပြင် ခရိုင် ပညာရေးမှူးများ၏ ကြီးကြပ်မှု အားနည်းသောကြောင့် ဖြစ်သည်။

---

[293] ပညာရေးဝန်ကြီးဌာန ကျောင်းဆရာနှင့် ကျောင်း-၁ တွင် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[294] အရှေ့ဒေါနဒေသ ကျောင်း-၁ နှင့် အရှေ့ဒေါနဒေသ ကျောင်း-၂ ရှိ ကျောင်းဆရာများနှင့် အုပ်စု တွေ့ဆုံဆွေးနွေးခြင်း၊ အရှေ့ဒေါန KED ဒုတိယ အုပ်ချုပ်ရေးမှူး နှင့် တွေ့ဆုံဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[295] ကျောင်း-၁ တွင် အုပ်စု တွေ့ဆုံဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[296] KTWG (၂၀၁၆)

[297] KHRG (၂၀၁၆)၊ ပုဒ်မ ခ၊ အခန်း(၂)၊ ကရင်လူ့အခွင့်အရေးအဖွဲ့ဝက်ဘ်ဆိုဒ် ကြည့်ပါ၊ "တောင်ငူ တွေ့ဆုံဆွေးနွေးခြင်း၊ နော် အ...။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ" ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့၊ http://khrg.org/2015/08/15-14-a6-i1/toungoo-interview-naw-january-2015; တွင် ကြည့်နိုင်သည်။ "သထုံ ကွင်းဆင်း အစီရင်ခံစာ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ" ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉ရက်နေ့၊ http://khrg.org/2015/11/15-1-f1/thaton-field-report-january-december-2014; တွင် ကြည့်နိုင်သည်။ "တောင်ငူ တွေ့ဆုံဆွေးနွေးခြင်း၊ နော် အ...။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ" ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့၊ http://khrg.org/2015/10/15-14-a4-i1/toungoo-interview-naw-january-2015. တွင် ကြည့်နိုင်သည်။

[298] KHRGက အထောက်အထားပြုထားသော အကြောင်းအရာများ၊ (၂၀၁၆)၊ ပုဒ်မ ခ၊ အခန်း (၂)၊

KHRG က တွေ့ဆုံမေးမြန်းသော ကျောင်းဆရာတစ်ဦးက "သူတို့က ကျွန်တော်တို့ကို ဝေဖန်ရင် သူတို့ကို အသိမပေးဘဲ ကျောင်းက ထွက်သွားလိုက်မယ်။ မဝေဖန်ရင်တော့ ကျောင်းသားတွေအတွက် အကောင်းဆုံးလုပ်ပေးမယ်။ ကျွန်တော့်အတွက်တော့ ပူစရာမလိုဘူး။ ကျွန်တော် ဘာအလုပ်ပဲဖြစ်ဖြစ် လုပ်နိုင်တယ်" ဟုပြောကြားသည်။[299] လေ့လာမှုအတွက် သုတေသနလုပ်နေစဉ် ကာလအတွင်း ကျောင်းကော်မတီများနှင့် KED/KSEAG အုပ်ချုပ်ရေးမှူးများက အစီရင်ခံစာတင်သော ပညာရှင်ဆန်မှုကိစ္စတွင် ကျောင်းတက်ရက်ပျက်ကွက်မှု၊ ကျောင်းသားများအပေါ် ကြမ်းတမ်းစွာ အပြစ်ပေးမှုနှင့် ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်တစ်ဦးနှင့် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာမတစ်ဦးအကြား မသင့်လျော်သော အနေအထိုင် အပြုအမူများ ပါဝင်သည်။[300]

ရပ်ရွာများသည် ပညာရှင်ဆန်မှုရော လူမှုရေးအရပါ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ထောင်ရာတွင် အခက်အခဲများကို ပြန်လည်ပြောကြားကြသည်။ ကျောင်းဆရာများကို အိမ်၊ စားစရာနှင့် အခြား အထောက်အပံ့များကို ပေးအပ်ရကြောင်း ပြောပြသည်။[301] KTWG က လေ့လာသော ရပ်ရွာ ၃၂ ခုတွင် ၁၂ ခုက (၃၈ ရာခိုင်နှုန်း) ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများသည် "ကျောင်းသားများ၊ မိဘများနှင့် ကောင်းမွန်သော ဆက်ဆံရေး"ကို မထိန်းသိမ်းကြောင်းနှင့် ရပ်ရွာ ၁၃ ခု (၄၂ ရာခိုင်နှုန်း)က ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများသည် "ကျောင်းကော်မတီများ သို့မဟုတ် မိဘဆရာအသင်း အစည်းအဝေးများတွင် ပါဝင်ခြင်း မရှိကြောင်း" ပြောသည်။[302]

ရပ်ရွာ အစုအဖွဲ့ ၃၂ ဖွဲ့အနက် ၁၁ ဖွဲ့က  အစိုးရကျောင်းဆရာများသည် လစာအတွက် ဝေးလံခေါင်ဖျားဒေသများတွင် လာရောက် အလုပ်လုပ်ကြပြီး "သင်ကြားရေးအလုပ်တွင် ပျော်သောကြောင့် သို့မဟုတ် ရပ်ရွာတွင် နေထိုင်လိုသောကြောင့်" မဟုတ်ကြောင်း ဆိုကြသည်။[303] KHRG က ကိုးကားသော ကရင်အမျိုးသမီးတစ်ဦးက သူမ၏ရပ်ရွာတွင် "အခု ကျောင်းဆရာတွေက ရွာသားတွေနဲ့ လူမှုဆက်ဆံရေးအတွက် မကြိုးစားကြဘူး။ သူတို့ဘာသာ နေကြတာ။ တစ်ချို့ဆရာတွေက ပြောကြတယ်။ စာတော့သင်တာပဲ စေတနာတော့ မပါဘူး (စိတ်မှ မပါတာ)။ သင်ရမယ်ဆိုတဲ့ အလုပ်ရှိလို့ သင်နေရတာ။" ဟုပြောပါသည်။ သူမက ကျောင်းဆရာများက မိဘများ[နှင့်] ကျောင်းသားများကို ထိတွေ့ဖို့ ပိုပြီး အားထုတ်သင့်ကြောင်းပြောသည်။[304]

ကျောင်းဆရာများ၏ ဆက်ဆံရေးညံ့ဖျင်းမှုကြောင့် မိဘများ သို့မဟုတ် ဒေသခံများသည် ပညာရှင်မဆန်မှုများနှင့် ပတ်သက်ပြီး ကျောင်းကော်မတီများသို့ မကြာခဏ တိုင်ကြားကြရကြောင်းနှင့် အခြားအချိန်များတွင် ကျောင်းဆရာများကို ပြောရသည်ထက် KED သို့ တိုင်ကြားရသည်။ အရှေ့ဒေါန ဒေသတွင် အဆိုပါကိစ္စများကို ဖြေရှင်းရန် KED အုပ်ချုပ်ရေးမှူးများသည် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို တိုက်ရိုက်ချဉ်းကပ်ရကြောင်းနှင့် အခြားကိစ္စများတွင် ၎င်းတို့သည် ပညာရေးဝန်ကြီးဌာန၏ မြဝတီမြို့နယ် ပညာရေးမှူးနှင့် ဆက်သွယ်ရသည်။ သို့သော် ဖြေရှင်းပေးရန်အတွက် ရှင်းလင်းသော ကတိမရရှိခဲ့ချေ။[305]

ကိစ္စရပ်တစ်ခုမှာ နှစ်ပေါင်း ၂၀ ကြာအောင် KED က အုပ်ချုပ်လာခဲ့သော ကျောင်းတစ်ကျောင်းသည် မကြာသေးမီက ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို လက်ခံခဲ့ပြီး နောက်ပိုင်းတွင် ယင်းကျောင်းဆရာတို့ ကျောင်းတက်ရန် ပျက်ကွက်ကြသည်။ အရှေ့ဒေါန KED ဒုတိယ အုပ်ချုပ်ရေးမှူးက "အစိုးရက ကျောင်းတွေမှာ အဲဒီဆရာတွေ ရထားလားဆိုတာ KED ကို လာကြည့်ပါတယ်။ ပြီးတော့ ကျေးရွာခေါင်းဆောင်က ကျွန်တော်တို့ကိုခေါ်ပြီး မကျေနပ်ချက် ပြောပါတယ်။ ခြောက်လကြာပြီးတဲ့နောက် အစိုးရကျောင်းဆရာတွေဟာ [စာသင်ဖို့အတွက် ကျောင်းမှာရှိဖို့ထက်] မြဝတီမှာ ရောက်နေကြတယ်။ ဒါကြောင့် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာတွေကို မေးချင်တာက သူတို့က ကျွန်တော်တို့ကို ဘာတွေပေးခဲ့သလဲဆိုတာပါ။ သူတို့ ဘာမှတော့ မဖြေရှင်းခဲ့ကြဘူး"[306] ဟု ပြောသည်။

---

[299] KHRG (၂၀၁၆)။ စာမျက်နှာ ၃၈

[300] အရှေ့ဒေါနဒေသ KED ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း။ ကျောင်းကော်မတီ၊ မိဘများနှင့် အုပ်စုဆွေးနွေးခြင်း။ ကျောင်း-၁၊ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)၊ မသင့်လျော်သောအပြုအမူများတွင် စွပ်စွဲထားသော ဆက်ဆံရေးကဲ့သို့ပင် အနီးရှိမြို့သို့ မကြာခဏ ခရီးသွားခြင်း၊ အရက်သောက်ခြင်းနှင့် ညအချိန်မှ ရွာသို့ပြန်လာခြင်း တို့ပါဝင်သည်။ ထို့အပြင် KTWG က လေ့လာထားသော ရပ်ရွာ ၃၂ ခုတွင် ၃၁ ရာခိုင်နှုန်းမှ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများသည် ယင်းတို့၏ ကျောင်းများတွင် ကျောင်းသားများကို ရိုက်နှက်ခြင်းအပြစ်ဒဏ် သုံးကြောင်း သိရသည်။

[301] KHRG က လေ့လာထားသော ရပ်ရွာ ၃၂ ခုတွင် ၁၀ ရာခိုင်နှုန်းသည် "စားစရာ ထောက်ပံ့ရခြင်း၊ သယ်ယူပို့ဆောင်ပေးရခြင်း၊ ချက်ပြုတ်ပေးရခြင်း၊ သန့်ရှင်းပေးရခြင်း (သို့မဟုတ်) အခြားလိုအပ်သည်များ ဆောင်ရွက်ပေးရသည့် ဝန်ထုပ်ဝန်ပိုးများ ရှိနေသည်။" KTWG (၂၀၁၆)။ စာမျက်နှာ ၄။ EBEP ကျောင်းဆရာများသည် ယင်းတို့၏ ရပ်ရွာများတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နေအိမ်အတွက် အထောက်အပံ့ မလိုအပ်ကြကြောင်း၊ သို့သော် ရပ်ရွာ၏ အစားအသောက်နှင့် ငွေလှူဒါန်းမှုကို ရယူကြောင်း သိရသည်။ ယခု လေ့လာမှုအတွက် KSEAG ကျောင်းဆရာ အနည်းဆုံး သုံးဦးကို တွေ့ဆုံမေးမြန်းရာတွင် ထိုကျောင်းဆရာများသည် အခြားရွာမှ လာကြသည့်အတွက် နေစရာနှင့် အထောက်အပံ့များ ရလိုကြကြောင်း သိရသည်။

[302] KTWG (၂၀၁၆)။ စာမျက်နှာ ၄

[303] ထိုစာ

[304] KHRG (၂၀၁၆)

[305] အရှေ့ဒေါန KED ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)

[306] အရှေ့ဒေါန KED ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)

## EBEP ကျောင်းဆရာ၏ စာရိတ္တနှင့် ထိန်းသိမ်းမှု

ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများအကြား ပညာရှင် မပီသမှုများ ပေါ်ပေါက်လာသော်လည်း KSEAG က ထောက်ပံ့ထားသော ကျောင်းဆရာများက ပညာရေးဝန်ကြီးဌာန ဝါရင့်သူများနှင့် လုပ်ဖော်ကိုင်ဖက်များက ၎င်းတို့ကို သိက္ခာချသည်ဟု ခံစားကြရကြောင်း ပြောသည်။ အကြောင်းမှာ ၎င်းတို့ကို ဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုမှု မရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် အဓိကအကြောင်းမှာ အဆင့်နိမ့်ခံရသောကြောင့် ဖြစ်သည်။ KTWG က လေ့လာထားသော ရပ်ရွာ ၃၂ ခုတွင် "ရပ်ရွာ ၁၃ ခုမှ [KED/KSEAG အထောက်အပံ့ခံ ကျောင်းဆရာများသည်] (၁၃ ရာခိုင်နှုန်း) ပညာရေးဝန်ကြီးဌာန ကျောင်းဆရာသစ်များက သူတို့ကို မလေးစားကြောင်း" နှင့် ရပ်ရွာ ၆ ခုမှ KED/KSEAG အထောက်အပံ့ခံ ကျောင်းဆရာများသည် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာသစ်များက "၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ကြောင်း" ဆိုသည်။[307]

အခြားဖိအားများက အရေအတွက်ပင် မရေမတွက်နိုင်သော KSEAG အထောက်အပံ့ခံ ကျောင်းဆရာများကို ကျောင်းမှ ထွက်သွားစေရန် ဖြစ်လာသည်။ KTWG က တွေ့ရှိချက်မှာ အနည်းဆုံး ဒေသကျောင်းဆရာတစ်ဦးသည် လေ့လာချက်များအရ ရပ်ရွာ ၃၂ ခုအနက် သုံးခုတွင် "အလုပ်ဖြုတ်" ခံရကြောင်း သိရသည်။ KED/KSEAG ကျောင်းဆရာများ ထွက်သွားသော ရပ်ရွာတစ်ခုအနီးတွင် အလုပ်လုပ်သော KED ကျောင်းဆရာမတစ်ဦးက သူမ ကျောင်းမှထွက်ရန် များစွာစဉ်းစားကြောင်း ပြောသည်။ "အပစ်အခတ်ရပ်စဲရေး မတိုင်ခင်က ကျွန်မတို့ ရုန်းကန်ခဲ့ရပြီး အစိုးရဆီက ဘာအထောက်အပံ့မှ မရခဲ့ဘူး၊ အခုတော့ အစိုးရက ကျွန်မတို့ကို ဒီမှာ မရှိနေစေချင်တော့ဘူးလို့ ခံစားရတယ်။ ကျွန်မတို့ စာသင်တာကို ရပ်တန့်လိုက်ဖို့ စဉ်းစားရတယ်"ဟု သူမက ပြောပြသည်။[308] သို့သော် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများအကြား ကျောင်းတက်ပျက်ကွက်မှုများ ရှိနေသောကြောင့် ရပ်ရွာထဲတွင် နေထိုင်သော အဆိုပါ ကျောင်းဆရာများကို အချို့နေရာများတွင် ပြန်ခေါ်ထားရသည်။ အချုပ်အားဖြင့် ထိုအနေအထားများသည် ပညာရေးဝန်ကြီးဌာနက ကရင်ဒေသများကို "သိမ်းပိုက်နေခြင်း" သို့မဟုတ် "ကျော်လွှားသွားခြင်း" လုပ်နေသည်ဟု KNU, KSEAG နှင့် ရပ်ရွာများက ခံစားနေကြရသည်။[309]

ဤလေ့လာမှုတွင် အမျိုးမျိုးသော KED/KSEAG အထောက်အပံ့ခံ ကျောင်းဆရာများအတွက် အထွေထွေနှောင့်ယှက်မှုများ ရှိနေသည်။ ၎င်းတို့က ပြောကြားသည်မှာ ကျောင်းချိန် အတွင်းအပြင်တွင် ကျောင်းဆရာအတွက် ကြီးမားသော တာဝန်များရှိသော်လည်း ၎င်းတို့ကို စံချိန်စံညွှန်း မမီသော ကျောင်းဆရာများအဖြစ် လုပ်ငန်းခွင်တွင် ဆက်ဆံကြောင်းပြောသည်။ KED ကျောင်းဆရာမတစ်ဦးက ပြောရာတွင် "ကျွန်မတို့ဟာ ဒီရပ်ရွာ ဇာတိတွေပါ။ ကျွန်မတို့ ကျောင်းသားတွေနဲ့ ဒီမှာပဲ အတူနေလာကြတာ။ အစိုးရကျောင်းဆရာတွေက စာသင်နှစ်ကုန်ရင် ပြန်ကြရော၊ ဒီတော့ တာဝန်တွေက ဒေသကျောင်းဆရာတွေပေါ် အကုန်ကျလာတယ်။ ဒါပေမဲ့ ရပ်ရွာက သူတို့ဟာ ဒေသဆရာတွေကို လစာပေးရမယ်လို့ မြင်တယ်။ သူတို့ အစိုးရကျောင်းဆရာတွေကို အခမဲ့ရတုန်းက သူတို့ မကြိုက်ကြဘူး"[310] ဟု ပြောသည်။

## ရောနှောကျောင်းများ၏ ယေဘုယျ အခြေအနေ

ပညာရေးဝန်ကြီးဌာန၏ တိုးချဲ့လာမှုကို စိုးရိမ်မှုများစွာ ဖြစ်ပေါ်နေစဉ်အတွင်း တည်ထောင်ထားသော ရောနှောကျောင်းများသည် ကြီးမားသော စိန်ခေါ်မှုများကို ကြုံတွေ့နေကြရသည်။ တရားဝင် အစီအစဉ်မရှိခြင်းသည် ပင်မပြဿနာဖြစ်ပြီး အထူးသဖြင့် ပညာရေးဝန်ကြီးဌာနသည် ရောနှောကျောင်းများကို တရားဝင်အသိအမှတ်ပြုခြင်း မရှိချေ။ ယေဘုယျအားဖြင့် နှစ်ပေါင်းနှစ်ဆယ် သို့မဟုတ် ထို့ထက်ပိုပြီး ကြာရှည်စွာ တည်ထောင်ထားသော ရောနှောကျောင်းများကို အစိုးရက ပညာရေးဝန်ကြီးဌာန ကျောင်းများအဖြစ် (တစ်ခါတစ်ရံ ကျောင်းခွဲများအဖြစ်) စဉ်းစားသည်။ ယင်းသည် အဖွဲ့အစည်းများက ထိုကျောင်းများအတွက် ဆောင်ရွက်ရန်အတွက် တိကျစွာ အံဝင်ခွင်ကျဖြစ်စေရန် ပြုလုပ်သော အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ ဆန်းစစ်ချက်များ ပြုလုပ်ရေးနှင့် အခြားအစီအစဉ်များအတွက် အခက်ခဲဆုံး အခြေအနေ ဖြစ်သည်။ မွန်လေ့လာရေးတွင် ကျောင်းကော်မတီခေါင်းဆောင်များ၊ ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်၊ MNED ကျောင်းဆရာများနှင့် MNED အုပ်ချုပ်ရေးမှူးများ အားလုံးသည် ရောနှောကျောင်းများ၏ တရားဝင်ဖြစ်မှု မရှိခြင်းနှင့် ပတ်သက်ပြီး လက်တွေ့ကိစ္စများတွင် စိတ်အနှောင့်အယှက်များကို ဖော်ပြခဲ့ကြသည်။

သုတေသနတွင် များပြားလာသော အဓိက စိုးရိမ်ပူပန်မှုများမှာ ကျောင်းချိန်အတွင်း EBEP ကျောင်းဆရာများက ဒေသဘာသာစကား၊ သမိုင်းနှင့် အခြား တိုင်းရင်းသားဘာသာရပ်များ သင်ကြားပေးသည့် နေရာများမှာပင် ကျောင်းသားများ သို့မဟုတ် အုပ်ချုပ်သူများက ထိုဘာသာရပ်များကို ဦးစားမပေးကြပေ။ အကြောင်းမှာ နောက်ထပ် ဂရိတ်အတွက် ထိုဘာသာရပ်များသည် မလိုအပ်သောကြောင့် သို့မဟုတ် ပညာရေးဝန်ကြီးဌာန

[307] KTWG (၂၀၁၆)၊ စာမျက်နှာ ၃။ မူရင်း အထောက်အထားက ၁၉ ရာခိုင်နှုန်းဟု ဖော်ပြသည်။

[308] ကျောင်း-၁ မှ KED ကျောင်းဆရာမနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။

[309] အရှေ့ဒေါ်န KED ဒုတိယ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် အောက်တိုဘာလ)။ KNLA တပ်မှူးများနှင့် အုပ်စု ဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ KNU အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ)။ KED ခေါင်းဆောင် ပဒိုလာစေးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် စက်တင်ဘာလ)

[310] KED ဆရာမနှင့် ကျောင်း-၁ တွင် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် အောက်တိုဘာလ)

ရည်မှန်းချက်များကို အောင်မြင်စေရာတွင် မလိုအပ်သောကြောင့် ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန-MNEC/MNED ရောနှောကျောင်းတစ်ကျောင်း၏ ကျောင်းကော်မတီ ခေါင်းဆောင်က "ကျောင်းသားတွေက မွန်စာကို တကယ် မဖတ်နိုင်ကြဘူး။ အဲဒါက [တရားဝင် အသိအမှတ်ပြု] ဒီ့အတွက် တရားဝင်ဆန်းစစ်ချက် မဟုတ်လို့ မလေ့လာကြလို့ ဖြစ်တာပါ။ ဒါကြောင့် သူတို့ အတန်းကို လာရုံပဲလာကြပြီး နည်းနည်းပဲ ကြိုးစားကြတယ်။ အိမ်မှာလည်း သေသေချာချာ မလုပ်ကြဘူး၊ ဒါကြောင့် သူတို့ ဘာသာစကား ဆုံးရှုံးကြရတော့မယ်။ နည်းနည်းချင်း နည်းနည်းချင်းပေါ့။ ဒီတော့ ကျောင်းဂရိတ်ကို အောင်ဖို့အတွက် ကျောင်းသားတွေကို မွန်ဘာသာ ဆန်းစစ်ချက်လုပ်ဖို့ [အခွင့်အာဏာ] ရချင်တယ်" ဟု ဆိုသည်။[311] အလိုအလျောက် အတန်းတင်ပေးခြင်းထက် ဆန်းစစ်ချက် ကျသည်ဆိုသည့် အနေအထားဖြင့် ကျောင်းသားများကို ပြန်ကိုင်သင့် မသင့်ဆိုသည်ကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့ လိုလာသည်။ မည်သို့ ဖြစ်စေ အဓိကပြဿနာသည် တိုင်းရင်းသားဘာသာရပ်များကို အခြားဘာသာရပ်များလောက် ဦးစားပေးခြင်း မရှိခြင်းဖြစ်သည်။ မူတရော KED အုပ်ချုပ်ရေးမှူးတစ်ဦးက သူ၏ဒေသတွင် ရောနှောကျောင်းများ၌ ကရင်ဘာသာစကားကို "အပိုဘာသာကဲ့သို့" သင်ကြားပေးကြောင်း၊ အရေးတကြီး မသင်ကြောင်း ပြောပြသည်။ အခြား KED ဘာသာရပ်များဖြစ်သော ကရင်သမိုင်းနှင့် "လူမှုရေး" ဘာသာရပ်အတွက် သင်ရိုးကို ပညာရေးဝန်ကြီးဌာနက ကရင်အမျိုးသားရေး ပါဝင်မှုကြောင့် ပယ်ဖျက်ခဲ့ကြောင်း ပြောသည်။[312]

ယင်းသည် ဒေသတိုင်းရင်းသား ဘာသာရပ်များ တိုးတက်ရန်နှင့် တည်မြဲရန် ကြိုးပမ်းခြင်းဖြစ်သည်။ အစိုးရသည် တိုင်းရင်းသားဘာသာစကား များနှင့် သမိုင်းတို့ကို ဗမာစာ အလေးထားသော "မြန်မာ" ဘာသာများထက် နိမ့်ကျသော အခြေအနေ ဖြစ်စေလိုကြောင်း အတွေးအမြင်များကို ဖြစ်ပေါ် စေသည်။ နိုင်ငံတစ်ဝန်း MTB-MLE နှင့် အခြားတိုင်းရင်းသား ဘာသာရပ်များကို မိတ်ဆက်ရန် အစိုးရ၏ကြိုးမားသော အားထုတ်မှုအတွက် စိန်ခေါ်မှုဖြစ်လာနိုင်ပြီး ရောနှောကျောင်းများတွင်မူ ထိုသို့မဟုတ်ပါ။ ရောနှောကျောင်းများရှိကျောင်းဆရာများနှင့် ကျောင်းကော်မတီခေါင်းဆောင် များက ယင်းတို့၏ EBEP စနစ်များကို တည်ဆောက်ရန်နှင့် ကျောင်းလွတ်လပ်မှုအတွက် ဆောင်ရွက်လိုကြပြီး အရင်းအမြစ်မရှိသောကြောင့် ပညာရေးဝန်ကြီးဌာနကိုသာ အားကိုးလိုခြင်း ဖြစ်နေသည်။[313]

အသစ်တည်ထောင်သော ရောနှောကျောင်းများနှင့် ပတ်သက်ပြီး ယခင် အခန်းများတွင် ဆွေးနွေးခဲ့ရာ အခြားရောနှောကျောင်းများရှိ EBEP ကျောင်းဆရာများက ၎င်းတို့ကို ပညာရေးဝန်ကြီးဌာန လုပ်ဖော်ကိုင်ဖက်များနှင့် ဝါရင့်သူများက နိမ့်ချခွဲခြားခြင်းရှိကြောင်း တိုင်ကြားကြသည်။ သူတို့က ပြောကြားရာတွင် ယင်းမှာ တစ်စိတ်တစ်ပိုင်းမျှသာ ရှိသေးကြောင်း၊ အကြောင်းမှာ တိုင်းရင်းသား ဘာသာစကား ဘာသာရပ်များတွင် အဆင့်နိမ့်ကျနေသောကြောင့် ဖြစ်ကြောင်းနှင့် ထိုကျောင်းဆရာများကို လစာများစွာ ပေးထားသောကြောင့် ဖြစ်ကြောင်း ပြောသည်။ ကျောင်းချိန် ပြင်ပနှင့် အားလပ်ရက်များတွင် ကျောင်းသားများရှိမှုနှင့် ရပ်ရွာမှ ယင်းတို့ကို ထောက်ပံ့မှုတို့က ယင်းတို့၏ ဒေသဘာသာစကား ကျွမ်းကျင်မှုနှင့် အကျိုးအမြတ်ကို ဖြစ်စေသော်လည်း EBEP နှင့် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ဆက်ဆံရေးအဆင်ပြေသော နေရာမှာပင် EBEP ကျောင်းဆရာများသည် သူတို့ကို အဆင့်နိမ့်သည်ဟု အမြင်ခံကြရသည့်အတွက် ခံစားနေရကြောင်း ပြောသည်။ ရောနှောကျောင်းများရှိ ကျောင်းဆရာများအပါအဝင် EBEP ကျောင်းဆရာများ အားလုံးအတွက် နေ့တွက်များပေးရန် ပိုမိုကောင်းမွန်သော ဘဏ္ဍာငွေ ရှာဖွေရေး လိုအပ်ချက်ကို အခန်း (၁၂)တွင် ဆွေးနွေးထားပါသည်။

ကျောင်းကော်မတီအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ၊ EBEP ခေါင်းဆောင်များနှင့် ကျောင်းဆရာများအားလုံးက ယင်းတို့၏ စိတ်အနှောင့်အယှက်ခံရမှုကို ဖော်ပြရာတွင် ရောနှောကျောင်းများသည် အစိုးရ တရားဝင်အသိအမှတ်ပြုရမည့် ခိုင်မာသော အုပ်ချုပ်မှု အစီအစဉ် မရှိကြောင်း မွန်လေ့လာမှုတွင် ပညာရေးဝန်ကြီးဌာနနှင့် EMEP ကျောင်းဆရာများက ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးသည် ရောနှောကျောင်းများတွင် သင်ကြားနေသော MNED ကျောင်းဆရာများကို ထောက်ပံ့သော်လည်း ၎င်းတို့သည် အနည်းငယ်မျှသော လွှမ်းမိုးမှု

---

[311] ရောနှော မူလတန်းလွန်ကျောင်း-၁ တွင် ကျောင်းအုပ်ဆရာ၊ ကျောင်းကော်မတီတို့နှင့် အုပ်စု ဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ ရောနှော မူလတန်းလွန် ကျောင်းမှ MNED ကျောင်းဆရာတစ်ဦးက "[ကျွန်တော်တို့ရဲ့ ဘာသာရပ်တွေက] လုံးဝ တရားဝင် မဟုတ်ဘူး။ ဒါကြောင့် ကျောင်းသားကလေးတွေအတွက် ခက်ခက်ခဲခဲ လေ့လာစရာ မလိုဘူး။ ဒီဒေသမှာ MNCEC/MNED စနစ်တွေကို အပြည့်အဝ အကောင်အထည်ဖော်ချင်တယ်။ တရားဝင်စနစ် ဖြစ်စေဖို့ပါ။ ဒါက ကျွန်တော်ရဲ့ အနာဂတ် အိပ်မက်ပါ" ဟု ပြောကြားသည်။ (ပညာရေးဝန်ကြီးဌာန-MNED ရောနှော မူလတန်းကျောင်းဆရာများနှင့် အုပ်စုဆွေးနွေးခြင်း။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ)။

[312] KED မူတရောခရိုင် အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ အုပ်ချုပ်ရေးမှူးက ကရင် လူမှုရေး ဘာသာရပ်များတွင် ကိုယ်ရေး ကိုယ်တာ လမ်းညွှန်ချက်ရှိပြီး ယင်းမှာ "ဘာသာရေးများအကြား မည်သို့ငြိမ်းချမ်းရေး လုပ်မည်ဆိုသည်တို့ ပါဝင်ကြောင်း၊ နောက်တစ်ခုမှာ လူကောင်းလူတော် ဖြစ်စေရန် မည်သို့ လုပ်ရမည်နည်းနှင့် ရပ်ရွာအဖွဲ့အစည်းတွင် လူကောင်းလူတော် မည်သို့ဖြစ်မည်နှင့် စိတ်ကောင်းမည်သို့ မွေးရမည် ဆိုသည်တို့ ပါဝင်သည်။ ထို့အပြင် ခေါင်းဆောင်များ၏ နိုင်ငံရေးနှင့် သမိုင်းများလည်း ပါဝင်သည်။ ထို့ကြောင့် [ကျောင်းသားများ]သည် နိုင်ငံချစ်စိတ်နှင့် ပတ်သက်သော စိတ်ဓာတ်ရေးရာနှင့် နိုင်ငံရေးကို နားလည်ရန် လိုအပ်သည်။ ထို့အပြင် စီးပွားရေး မည်သို့လုပ်မည်၊ တည်ထောင်မည်။ မည်သို့ အသက်မွေးမည်၊ အရင်းအမြစ်များကို မည်သို့ စီမံခန့်ခွဲ မည်နှင့် အခြားကိစ္စရပ်များ ပါဝင်သော စီးပွားရေးဘာသာရပ် ပါဝင်သည်။"

[313] ရောနှောမူလတန်းလွန်ကျောင်း-၁ တွင် ကျောင်းအုပ်ဆရာ၊ ကျောင်းကော်မတီတို့နှင့် အုပ်စု ဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ ပညာရေးဝန်ကြီးဌာန-MNED ရောနှော မူလတန်းကျောင်းဆရာများ အုပ်စုဆွေးနွေးခြင်း။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ။

သို့မဟုတ် ဘတ်ဂျက်ဆိုင်ရာ ထိန်းချုပ်မှုသာရှိကြောင်း ပြောပြသည်။ ထို့အပြင် TEO များသည် အခြားတာဝန်များကို လည်း လည်း တာဝန်ယူရသောအခါ အခြေအနေအသစ်ကို သင်ယူကြရပြီး ယင်းတို့နှင့် EBEP များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းရေးကို နှောင့်နှေးစေသည်။ ထို့ကြောင့် EBEP အဖွဲ့များက ပိုမိုမြင့်မားသော အစိုးရအဆင့်တွင် ရောနှောကျောင်းများအတွက် တရားဝင် အသိအမှတ်ပြုမှု လိုချင်ကြကြောင်း ပြောကြသည်။

## တိုက်တွန်းအကြံပြုချက်များ

မြန်မာနိုင်ငံ ပညာရေးကဏ္ဍအတွက် ရောနှောကျောင်းများ၏ အကျိုးအမြတ်မှာ စနစ်ပိုကျပြီး ပိုပြီးပုံမှန်ဖြစ်သော အုပ်ချုပ်ရေးဖြင့် ကြီးမားစွာ တိုးတက်နိုင်လိမ့်မည်။ ဒေသများစွာတွင် EBEP များ၏ အလုပ်လုပ်ဆောင်ပုံ နည်းလမ်းများသည် အပိုဘာသာ သင်ကြားခြင်းကို အခြေခံပြီး ပညာရေးဝန်ကြီးဌာန ကျောင်းများကို ထောက်ခံကြသည်။ ရောနှောကျောင်းများသည် ပညာရေးဝန်ကြီးဌာန လျှင်မြန်စွာ တိုးချဲ့ခြင်း၏ ရလဒ်များ ဖြစ်ကြသော်လည်း ပညာရေးဝန်ကြီးဌာနက EBEP များနှင့် အတူ ပူးတွဲလုပ်ဆောင်ရန် နှစ်ဖက်အကျိုးတူ နည်းလမ်းများ ဖွံ့ဖြိုးရေးအတွက် အနည်းငယ်မျှသာ စိတ်ဝင်စားမှု ပြသသည်။ ထို့အပြင် ကျောင်းများကို ပညာရေးဝန်ကြီးဌာန ကျောင်းများအဖြစ် ပြောင်းလဲရန် အဓိကထားသည်မှာ ပေါ်လွင်လာသည်။ နှစ်ကာလကြာရှည်စွာ တည်ထောင်လာခဲ့သော ရောနှောကျောင်းများရှိသည့် နေရာများတွင် အသိအမှတ်ပြုခြင်း လက္ခဏာများနှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့သည် ကျောင်းအဆင့်နှင့် မြို့နယ်အဆင့်တွင် ပေါ်လာသည်။

ပထမ ခြေလှမ်းအနေဖြင့် ပညာရေးဝန်ကြီးဌာနသည် ယင်း၏ မူဝါဒနှင့်အညီ ရောနှောကျောင်းများကို အသိအမှတ်ပြုပြီး အုပ်ချုပ်ရေးအဆင့်များတွင် သင့်လျော်သောစနစ်များကို ထူထောင်သည်။ ပညာရေးဝန်ကြီးဌာနသည် "ရောနှောကျောင်းများ"အဖြစ် EBEP များထံမှ အထောက်အပံ့ရယူသော ကျောင်းအားလုံးကို မှတ်တမ်းထားပြီး နားလည်ပေးခြင်းဖြင့် စတင်သင့်သည်။ ထို့အပြင် တည်ထောင်မှုနှင့် အုပ်ချုပ်မှုတို့အတွက် ပုံမှန်လုပ်ငန်းစဉ်ကို ဖွံ့ဖြိုးစေရန် EBEP များနှင့်အတူ လုပ်ငန်းစတင်သင့်သည်။ ရပ်ရွာလိုအပ်ချက်အရနှင့် ပညာရေး ဦးစားပေးမှုများအရ ယင်းအားထုတ်မှုများကို အဖွဲ့အစည်းအသီးသီး၏ ထောက်ပံ့မှုများ များပြားလာစေရန် ရည်ရွယ်သင့်သည်။ ထူးခြားသည့် အနေအထားမှာ ပညာရေးဝန်ကြီးဌာနသည် TEO များနှင့် ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်များကို လမ်းညွှန်ချက်ပေးသင့်ပြီး လိုအပ်သည်မှာ MTB-MLE ကို တိုးတက်စေရန် အစိုးရအားထုတ်မှု အစိတ်အပိုင်းအဖြစ် တိုင်းရင်းသားဘာသာစကားများနှင့် အခြားတိုင်းရင်းသားဘာသာရပ်များအတွက် ကျောင်းချိန်အတွင်း လုပ်ဆောင်ရန် EBEP ကို ညွှန်ကြားချက်ပေးသင့်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် #၇* |
|---|
| *"ရောနှောကျောင်း" တစ်ကျောင်းအဖြစ် EBEP ထံမှ အထောက်အပံ့လည်း ရယူသော မည်သည့် ကျောင်းကိုမဆို အစိုးရက ပုံမှန်အားဖြင့် အသိအမှတ်ပြု မှတ်တမ်းထားသင့်သည်။* |

ပညာရေးဝန်ကြီးဌာနနှင့် EBEP များသည် ဒေသဆိုင်ရာ၊ မြို့နယ်နှင့် ကျောင်းအဆင့်မှ တစ်ဆင့် ရောနှောကျောင်းများ အုပ်ချုပ်ရေးအတွက် ရှင်းလင်းသော လမ်းညွှန်ချက်များကို ဖွံ့ဖြိုးစေရန် ပိုမိုပူးပေါင်းဆောင်ရွက်ရေး လုပ်သင့်သည်။ စဉ်းစားသင့်သည့် အရေးကိစ္စများမှာ စနစ်အသီးသီးမှ ကျောင်းဆရာများကို နေရာချထားပြီး ထိန်းသိမ်းထားခြင်း၊ ကျောင်းအုပ်များအကြား အဆင့်ဆင့် ဆက်ဆံရေး၊ ကျောင်းအထောက်အပံ့၊ သင်ရိုးအသုံးပြုခြင်း၊ စာမေးပွဲများ၊ တိုင်းရင်းသားဘာသာ သင်ကြားရေးအချိန်နှင့် ဦးစားပေးမှုများ၊ ကျောင်းဆရာများနှင့် ကျောင်းသားများအတွက် စည်းမျဉ်းစည်းကမ်းများနှင့် အခြားအရေးအရာများ ဖြစ်ကြသည်။

ကျောင်းချင်းအတူတူ အရင်းအမြစ်ရရှိခြင်း ကွဲပြားမှု၊ ပိုင်နက်နယ်မြေများသို့ ရောက်ရှိနိုင်စွမ်း ကွဲပြားမှု၊ ရပ်ရွာ၏ဆန္ဒနှင့် လိုအပ်ချက်၊ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ အယူအဆတို့ကြောင့် အဆင့်မြင့်နေရာများတွင် ပညာရေးဝန်ကြီးဌာနနှင့် EBEP များက ဆောင်ရွက်သော ကန့်သတ်ချက်ဘောင်ရှိသော်လည်း ဆုံးဖြတ်ချက်များသည် ကျောင်းအဆင့်တွင် အကောင်းဆုံးဖြစ်စေရန် လုပ်ဆောင်သည်။ ထူးခြားသည့် အခြေအနေတွင် အသိပေးဆုံးဖြတ်ချက်များ ပြုလုပ်ရန်နှင့် ကွဲပြားသော ဝန်ဆောင်မှု၊ အရင်းအမြစ်များနှင့် အခွင့်အရေးများ ရရှိနိုင်မှုကို ချိန်ညှိရန် ရပ်ရွာများက လုပ်ဆောင်နိုင်လိမ့်မည်။ ယခုအခါ ရပ်ရွာများသည် အထောက်အပံ့ ပုံစံအမျိုးမျိုးကို လက်ခံခြင်း သို့မဟုတ် ပယ်ချခြင်းများ လုပ်ဆောင်ခြင်းဖြင့် ဆုံးဖြတ်ချက်များကို ချကြသည်။ သို့သော် အကောင်းဆုံး ဆုံးဖြတ်ချက်ချရန် လုံလောက်သော သတင်းအချက်အလက် သို့မဟုတ် ရွေးချယ်စရာ မရှိပေ။ ဥပမာ ရပ်ရွာသည် ပညာရေးဝန်ကြီးဌာန ကျောင်းအထောက်အပံ့များနှင့် အကန့်အသတ်ရှိသော ပညာရေးဝန်ကြီးဌာန၏ ကျောင်းဆရာများကို လက်ခံချင်သော်လည်း လက်ရှိ တိုင်းရင်းသားဘာသာများ သင်ကြားနေသော EBEP ကျောင်းဆရာများကို နှစ်သက်နေသည်။ ယင်းရပ်ရွာများသည် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများကို တာဝန်ခံမှုရှိစေရန်နှင့် အချို့စည်းမျဉ်းများနှင့် အုပ်ချုပ်ရေး အစီအစဉ်များကို ထိန်းသိမ်းရန် လိုသည်။

ယင်းကိစ္စများနှင့် ပတ်သက်ပြီး ပိုမိုကောင်းမွန်သော ညှိနှိုင်းမှုကို ဘက်စုံ “ကျောင်းဦးဆောင်ကော်မတီများ” မှတစ်ဆင့် အောင်မြင်စေရန် လုပ်ဆောင်နိုင်သည်။ ယင်းကော်မတီတွင် ပညာရေးဝန်ကြီးဌာန၊ EBEP များနှင့် ရပ်ရွာများ ပါဝင်သည်။ ကျောင်းကော်မတီများ၊ မိဘများနှင့် လုပ်သက်ရင့် ကျောင်းဆရာများက ရပ်ရွာကို ကိုယ်စားပြုနိုင်သည်။ ရောနှောကျောင်းအသစ်များ တည်ထောင်နေသော နေရာများကို အခန်း (၉) တွင် တိုက်တွန်းအကြံပြုထားသော ကိစ္စများနှင့်တူသည့် ကနဦးအစည်းအဝေးများသည် ထိုကော်မတီများ တည်ထောင်ရန် ပထမခြေလှမ်း ဖြစ်လိမ့်မည်။ မူဘောင်များနှင့် လမ်းညွှန်ချက်များသည် ဒေသအဆင့်နှင့် မြို့နယ်အဆင့်များတွင် ရှိထားရန် လိုအပ်သည်။

လက်ရှိ ပညာရေးဝန်ကြီးဌာန ကျောင်းအထောက်အပံ့ လုပ်ငန်းစဉ်များမှ သင်ယူရမည့် လုပ်ငန်းစဉ်များရှိသည်။ ယင်းတို့မှာ ကမ္ဘောဒီးယားနှင့် ဩစတြေးလျနိုင်ငံတို့က အစီအစဉ်ကို ဆွေးနွေးထားကတည်းက ကျောင်းကော်မတီများကို တရားဝင် အခန်းကဏ္ဍ ပေးအပ်ထားပြီး ဖြစ်သည်။ ရောနှောကျောင်းများအတွက် ဘက်စုံညှိနှိုင်းရေးအဖွဲ့များက ရောနှောကျောင်းများထံသို့ နိုင်ငံတကာအဖွဲ့များက အရင်းအမြစ်များ ထောက်ပံ့ရန် အတွက် ကြီးမားသော ပဋိပက္ခ ထိလွယ်ရှလွယ်ဖြစ်မှု၊ သက်ဆိုင်သူများအားလုံး ပါဝင်မှုနှင့် ရပ်ရွာက ပါဝင်မှုတို့ကို ဖြစ်စေသည်။

အထက်တန်း အုပ်ချုပ်ရေးအဆင့်များတွင် တည်ထောင်ထားသော လမ်းညွှန်ချက်များနှင့် မူဘောင်များအနက် တိုင်းရင်းသားဘာသာ သင်ကြား ရေးနှင့် အခြားဘာသာရပ်များကို ဦးစားပေး သုံးသပ်ခြင်းများ ပြုသင့်ပြီး ရောနှောကျောင်းများတွင် ကျောင်းချိန်အတွင်း သင်ကြားစေရန်နှင့် ပညာရေးဝန်ကြီးဌာန အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအုပ်ဆရာများက သင်ရိုး၏ အဓိက အစိတ်အပိုင်းအဖြစ် ရှုမြင်သင့်သည်။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၆* |
| --- |
| *ရောနှောကျောင်းများ၏ အုပ်ချုပ်ရေးအတွက် ပုံမှန်တရားဝင် လမ်းညွှန်ချက်များနှင့် ကျောင်းအဆင့် ဦးဆောင်ကော်မတီများကို တည်ထောင်ပါ။* |

အရေးပါသော အားထုတ်မှုသည် ကျောင်းဆရာများအား ဝေးလံခေါင်ဖျား ဒေသများသို့ စေလွှတ်ခြင်းသည် ယင်းတို့ကို ပညာရှင်ပီသစွာ လုပ်ဆောင်ရန် ဖြစ်စေပြီး အထူးသဖြင့် ထိုဒေသမှ ရပ်ရွာများသည် စည်းလုံးသော ရပ်ရွာများ ဖြစ်ကြပြီး အခြား တိုင်းရင်းသားများမှ လူစိမ်းများ သို့မဟုတ် မြို့များမှ လူများကို လက်မခံကြပေ။

ပညာရှင်ဆန်မှု တိုးတက်စေရန် အရေးကြီးသော တိုက်တွန်းအကြံပြုချက်များသည် ဤစာတမ်း၏ ဘောင်ကို ကျော်သွားပါသည်။ သို့သော် ဤ ကိစ္စများသည် ကိုယ်ပိုင်ရပ်ရွာများတွင် ဒေသခံ ကျောင်းဆရာများ အလုပ်လုပ်ခြင်း၏ တန်ဖိုးကို အကြမ်းဖျင်း ဖော်ပြနေပြီး ဝေးကွာသော နေရာ များမှ မိမိတို့ ကျောင်းဆရာများကို တာဝန်ပေးစေလွှတ်ခြင်းထက် လက်ရှိအဖွဲ့အစည်းများ၏ အလုပ်ကို အထောက်အကူဖြစ်စေရန် နည်းလမ်း များကို ရှာဖွေရန် ပညာရေးဝန်ကြီးဌာနအတွက် လိုအပ်သည်။ ယင်းကိစ္စသည် ထူးခြားစွာ စဉ်းစားနိုင်သည်ဟု ထင်ရပြီး အကြောင်းမှာ နေ့စား လပေး ကျောင်းဆရာများသည် ရိုးရာကျောင်းဆရာ စုဆောင်းမှု လိုအပ်ချက်များနှင့် မကိုက်ညီပါ။ ထို့အပြင် ပညာရေးဝန်ကြီးဌာနသည် အိမ်ရှင် ရပ်ရွာများတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများအတွက် ယင်းတို့ကို ပြင်ဆင်မှု ပြုလုပ်နိုင်ရန် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်တွင်း လေ့ကျင့်ရေးနှင့် ကျေးလက်ဒေသများသို့ ကျောင်းဆရာများ ဖြည့်ဆည်းပေးသင့်သည်။ ထို့အပြင် ယင်းတို့အနေဖြင့် အငြင်းပွားမှုများကို ရှောင်ရှားရန်နှင့် ရပ်ရွာ ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန် အသုံးပြုနိုင်သော ချဉ်းကပ်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်သင့်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၇* |
| --- |
| *ဝေးလံခေါင်ဖျား တိုင်းရင်းသားဒေသများတွင် တာဝန်ထမ်းဆောင်နေသော ကျောင်းဆရာများသည် ပညာရှင်ဆန်ကြရမည်ဖြစ်ပြီး အိမ်ရှင် ရပ်ရွာများနှင့် ကောင်းမွန်သော ပညာရှင်ဆန်သည့် လူမှုဆက်ဆံရေးကို ဖွံ့ဖြိုးစေနိုင်စေရန် လုပ်ဆောင်ပါ။* |

ဖြစ်နိုင်သည့်နေရာတွင် ပညာရေးဝန်ကြီးဌာနနှင့် EBEP များသည် ရောနှောကျောင်းများတွင် ပိုမို သဟဇာတဖြစ်သော လုပ်ငန်းခွင်ဆက်ဆံရေးကို ဖွံ့ဖြိုးစေရန် ပူးတွဲကြိုးစားအားထုတ်မှုကို စတင်သင့်သည်။ ပညာရေးဝန်ကြီးဌာန ဝါရင့်ကျောင်းဆရာများက အငြင်းပွားမှုများနှင့် သိမ်ငယ်စေ သော လုပ်ဆောင်မှုများနှင့် ကျောင်းဆရာအချင်းချင်း နှိမ့်ချမှုများသည် အဆင်မပြေသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး ကလေး များအတွက် နမူနာဆိုးများကို ဖြစ်စေသည်။ အထူးသဖြင့် တိုင်းရင်းသားရေးရာများနှင့် နိုင်ငံရေးအကြောင်းအချက်များ ပါဝင်သည်။ EBEP များ နှင့် ရပ်ရွာများသည် အစိုးရက ယင်းတို့၏ ပြည်ထောင်စုအတွက် အထောက်အကူပြုမှုများကို တန်ဖိုးမထားကြောင်းနှင့် ဒေသတန်ဖိုးများနှင့် ယဉ်ကျေးမှုများကို အခြေခံသည့် ပညာရေး ထောက်ပံ့ရန် ယင်းတို့၏ မျှော်လင့်ချက်များကို မလေးစားကြောင်း သတင်းများရရှိထားလေရာ ယင်းကိစ္စများသည် တိုင်းရင်းသားများ၏ နာကျည်းမှုများကို မီးထိုးပေးသကဲ့သို့ ဖြစ်နေသည်။

ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့မှ ကျောင်းအုပ်ဆရာများနှင့် အခြားကျောင်းဆရာများသည် ယင်းတို့၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် အလေ့အကျင့်များနှင့် ပတ်သက်ပြီး အပေးအယူ ညှိနှိုင်းခြင်းကို  ထောက်ပံ့အားပေးကြခြင်းသည် အရေးပါသည်။ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်များသည် ယင်းတို့ကိုယ်တိုင်နှင့် ကျောင်းသားများကို ရပ်ရွာက လေးစားယုံကြည်ကြစေရန် ပြုလုပ်ထားရန် လိုအပ်ပြီး ကျောင်းများကို ဒေသအခြေအနေနှင့် ကိုက်ညီသော နည်းလမ်းများဖြင့် စီမံခန့်ခွဲကြရန်လိုသည်။ ကျောင်းဆရာအားလုံး၏ ခံစားချက်ကို တန်ဖိုးထားညီမျှစေရန် လုပ်ဆောင်ရန်လိုသည်။ ပညာရေးဝန်ကြီးဌာနသည် ယင်း၏ ဝန်ထမ်းများနှင့် ကျောင်းဆရာများအား အဆိုပါတန်ဖိုးများ ရှိနေစေရန် သင်တန်းများ ပေးနိုင်သည်။ ယင်းတို့၏ အတွေ့အကြုံများ ဖလှယ်ရေးနှင့် အဓိက စိန်ခေါ်မှုများ ဆွေးနွေးခြင်းဖြင့် ရောနှောကျောင်းများမှ ပညာရေးဝန်ကြီးဌာနနှင့် EBEP ကျောင်းဆရာများကို အားပေးသော ပူးတွဲတိုင်ပင်မှုများသည် လုပ်ငန်း၏ ပိုမိုကောင်းမွန်သော နည်းလမ်းကို နှစ်ဖက်စလုံးမှ တည်ထောင်ရန် မူဝါဒချမှတ်သူများကို ကူညီနိုင်သည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနနှင့် EBEP ကျောင်းဆရာများအကြား ဆွေးနွေးမှုများကို အားပေးရန် ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့်တွင် ပူးတွဲအလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပနိုင်ပြီး အပေးအယူ ညှိနှိုင်းမှုနှင့် အငြင်းပွားမှု အဖြေရှာခြင်းအတွက် နည်းလမ်းများကို သင်ယူစေနိုင်သည်။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၇* |
| --- |
| *ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့သည် ရောနှောကျောင်းများတွင် ပိုမို သဟဇာတဖြစ်သော လုပ်ငန်းခွင် ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေရန် ပူးတွဲ ကြိုးပမ်းအားထုတ်မှုကို စတင်သင့်သည်။* |

## အခန်း (၁၁)၊ စနစ်နှစ်ခု၏ ကျောင်းသားအကဲဖြတ်မှု၊ အရည်အချင်းနှင့် လွှဲပြောင်းမှု

ပညာရေးအဖွဲ့အစည်းမျိုးစုံ တည်ရှိမှုသည် ယင်းအတွက်ကို ပြဿနာတစ်ရပ်အဖြစ် မရှုမြင်သင့်ချေ။ ဖြေလျော့မှုနှင့် စနစ်များအကြား ကလေးများ လှုပ်ရှားနိုင်သည့် လုံလောက်သော သဟဇာတဖြစ်စေမှုသည် အရေးကြီးပြီး မည်သည့်အရည်အချင်း သို့မဟုတ် အကဲဖြတ်ခြင်း ပုံစံကိုမဆို ညီမျှစွာ အသိအမှတ်ပြုသင့်သည်။ လက်ရှိမြန်မာနိုင်ငံတွင် EBEP စနစ်များက ထောက်ပံ့ထားသော ပညာရေးအတွက် အသိအမှတ်ပြုမှု မရှိခြင်းသည် စိန်ခေါ်မှုများစွာကို ပူးတွဲဖြစ်ပေါ်စေသည်။ ယင်းစိန်ခေါ်မှုများကို ကျော်လွှားခြင်းသည် အစိုးရအနေဖြင့် နမူနာယူဖွယ် ခေါင်းဆောင်မှုနှင့် အပေးအယူလုပ်ဆောင်မှုနှင့် EBEP များမှ အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု လိုအပ်လိမ့်မည်ဖြစ်သည်။ EBEP များသည် ပြည်ထောင်စု အဆင့် ပညာရေးစနစ်နှင့် ချိန်ညှိမှု အဆင့်တစ်ခု လုပ်ဆောင်ရန် လိုအပ်သည်။ ဤအခန်းသည် အဆိုပါကိစ္စများကို ဖြေရှင်းခြင်းအတွက် တိုက်တွန်းအကြံပေးခြင်းများ မတိုင်မီ အဓိက စိန်ခေါ်မှုများကို ပထမဆုံး လေ့လာရသည်။ စိန်ခေါ်မှုများသည် အသုံးပြုနေသော သင်ရိုးနှင့်ပါ ပတ်သက်နေသော်လည်း ယင်း၏ အခွင့်အရေးတွင် အဓိကကျသော နေရာအဖြစ် လုပ်ဆောင်ခြင်း မရှိချေ။

### တွေ့ရှိထားသော အဓိက စိန်ခေါ်မှုများ

တရားဝင်အသိအမှတ်ပြုထားသော အရည်အချင်းကို ရရှိရန် သို့မဟုတ် ပညာရေးဝန်ကြီးဌာန ကျောင်းများကို ဝင်ခွင့်ရနိုင်ရန် ကလေးများအတွက် လိုအပ်မှုသည် တွေ့ဆုံမေးမြန်းမှုဖြေကြားသူများ၊ မိဘများ၊ ကျောင်းကော်မတီများနှင့် ဆရာများ၏ EBEP ကျောင်းများအတွက် အဓိက စိန်ခေါ်မှု ဖြစ်နေသည်။ မှတ်သားသင့်သည့်အချက်မှာ အသိအမှတ်ပြုခြင်းနှင့် ကျောင်းပြောင်းကိစ္စများနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ကျောင်း ဆရာများကို လက်ခံထားသော ရပ်ရွာများအတွက် သို့မဟုတ်ပါက EBEP ကျောင်းများမှာထက် ပညာရေးဝန်ကြီးဌာန ကျောင်းတစ်ကျောင်းတွင် ကလေးများကို ထားရန် မိဘများ၏ ရွေးချယ်မှုအတွက် အကြောင်းပြချက်အဖြစ် ပေးနိုင်သည်။ သို့သော် ဖြေကြားသူများက ပြောကြားရာတွင် သူတို့တွင် EBEP ပညာရေး ရရှိထားသော ကလေးများသည် တရားဝင် အသိအမှတ်ပြုခံရပြီး တန်းတူအခွင့်အရေးရှိလျှင် ယင်းကလေးများသည် ဒေသဆရာများထံမှ မိခင်ဘာသာစကားနှင့် တိုင်းရင်းသားဘာသာရပ်များကို သင်ယူလေ့လာခွင့် ရနိုင်သည်။

စနစ်များအကြား ကျောင်းသားများ စွမ်းရည်ကို လွှဲပြောင်းခြင်းသည် ထောင်ပေါင်းများစွာသော IDP များနှင့် နစ်စဉ် ထွက်ပြေးလိုက် ပြန်လာလိုက် နေကြရသော ဒုက္ခသည်များနှင့် မရေတွက်နိုင်သော အခြား ပြည်တွင်းနှင့် နယ်စပ်ဒေသမှ ပြည်သူများကဲ့သို့ ရွှေ့ပြောင်းနေကြသူ မိသားစုများ အတွက် ထူးထူးခြားခြား အရေးကြီးကြသည်။ ထို့အပြင် ကျေးရွာတွင်ရှိသော EBEP ကျောင်း သို့မဟုတ် ပညာရေးဝန်ကြီးဌာန ကျောင်းတို့တွင် အခွင့်အလမ်းများစွာ ရှိသော်လည်း ဂရိတ် ငါး အောင်ပြီးနောက် ကျောင်းပြောင်းရန်အတွက် ကလေးများလိုအပ်သော အဖွဲ့အစည်းတစ်မျိုးမျိုးက ဆောင်ရွက်နေသည့် အလယ်တန်း သို့မဟုတ် အထက်တန်းကျောင်းကို ရွေးချယ်ရန်လိုသည်။

အခြားကိစ္စတစ်ရပ်မှာ ရှေးဦးသင်ကြားရခြင်း အကျိုးအမြတ်အဖြစ် မိသားစုများက ကလေးများသည် EBEP မူလတန်းကျောင်းကို တက်ခြင်းနှင့် ယင်းတို့၏ ပထမဘာသာစကားကို လေ့လာရခြင်း နစ်သက်ကြသည်။ သို့သော် ယင်းတို့၏ မြန်မာဘာသာ ကျွမ်းကျင်မှုကို တိုးတက်စေရန် ပညာရေးဝန်ကြီးဌာန အလယ်တန်းကျောင်းသို့ ကျောင်းပြောင်းရန်နှင့် ပညာရေးဝန်ကြီးဌာန သတ်မှတ်ထားသော အရည်အချင်းများရရှိရန် လုပ်ဆောင်ရသည်။ ထို့အတူ ပညာရေးဝန်ကြီးဌာနက ကျောင်းဝင်ကြေးကို လျှော့ချခြင်း မပြုလုပ်မီက မိဘများသည် ယင်းတို့၏ ပညာရေးဝန်ကြီး ဌာန မူလတန်းကျောင်းမှ ကလေးများကို ဒုက္ခသည် သို့မဟုတ် IDP သို့မဟုတ် ရွှေ့ပြောင်း အလယ်တန်းကျောင်း သို့မဟုတ် EBEP က ဆောင်ရွက်သော အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ရန် ရွေးချယ်ကြရသည်။ ထိုကျောင်းများသည် မကြာခဏ အခလွတ်နှင့် စားစရာ၊ နေစရာနှင့် ကျောင်းသားများအတွက် လိုအပ်သည်များ ထောက်ပံ့သည်။

ဤအကြောင်းအရာနှင့် ပတ်သက်သော သုတေသနကို အသေးစိတ်မပြုလုပ်ဘဲ ပညာရေးဝန်ကြီးဌာနမှ EBEP ကျောင်းများသို့ ကလေးများ ရွှေ့ပြောင်းသည့် ပြဿနာများကို မဖော်ပြပါ။ KED နှင့် MNEC ကိုယ်စားလှယ်များက ပြောကြားသည်မှာ ၎င်းကျောင်းများသည် ပညာရေးဝန်ကြီး ဌာန ကျောင်းသားများကို လက်ခံပြီးနောက် ဤပြဿနာကို မတွေ့ကြောင်းပြောသည်။ မကြာသေးမီ ဆယ်စုနှစ်များက ဒုက္ခသည်စခန်းများနှင့် ရွှေ့ပြောင်းကျောင်းများက ပညာရေးဝန်ကြီးဌာန ကျောင်းများတွင် စတင်သင်ကြားခဲ့သော ကျောင်းသားများ မြောက်မြားစွာကို လက်ခံခဲ့ရ ကြောင်း၊ အကြောင်းမှာ မူရင်းဒေသများတွင် ပညာရေး အခွင့်အလမ်း မရှိသောကြောင့် ယင်းတို့၏ မိသားစုများသည် ယင်းဒေသများမှ ထွက်ပြေး သို့မဟုတ် ရွှေ့ပြောင်းနေကြရပြီး သို့မဟုတ် စခန်းများကို လှည့်လည်နေကြရကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန၏ လက်ရှိကျောင်းသားအကဲဖြတ်မှုစနစ်မှာ သီးခြားဆန်းစစ်ချက်များ ပါဝင်ပြီး တစ်နိုင်ငံလုံးအနေနှင့် အတူတူပင်ဖြစ်သည်။ ဝါကျများကို မှတ်မိစေရန်နှင့် ဖတ်စာအုပ်များမှ အချက်အလက်များကို သိရှိနိုင်စေရန် ကျောင်းသားများ အကျိုးရှိသော ဆန်းစစ်ချက် ပြုလုပ်ရ သည်။ ယင်းတွင် နှစ်ကုန်စာမေးပွဲများကို ဂရိတ် ငါးနှင့် ကိုး အတွက် ပြုလုပ်ပြီး ဂရိတ် ၁၁ အတွက် တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို

ဖတ်စာစာအုပ် အခန်းများအဆုံးတွင် ဆန်းစစ်ချက်များ ပြုလုပ်ရသည်။[314]

မူလတန်းမှ အထက်တန်းကျောင်းကို ပြောင်းသကဲ့သို့ အခြား ပညာရေးဝန်ကြီးဌာန ကျောင်းများမှ လာသူများ အပါအဝင် ပညာရေးဝန်ကြီးဌာန ကျောင်းများကို ပြောင်းရွှေ့သည့် မည်သည့်ကျောင်းသားမဆို မူလကျောင်းမှ အပြောင်းအရွှေ့ထောက်ခံစာ လိုအပ်ပြီး ယင်းသည် ထို ကျောင်းသား ဝင်ရောက်သော အတန်းမတိုင်မီက ဂရိတ်ကို ပြီးဆုံးခဲ့ကြောင်း အထောက်အထားဖြစ်သည်။ ထို့ကြောင့် အလယ်တန်းကျောင်းသို့ (ဂရိတ် ခြောက်) ဝင်သော ကျောင်းသားများသည် ဂရိတ် ငါး စာမေးပွဲကို အောင်မြင်ရန် လိုအပ်ပြီး ယင်းကို သက်သေပြရန် အပြောင်းအရွှေ့ ထောက်ခံစာ လိုအပ်သည်။

သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကဲ့သို့ EBEP က ထောက်ပံ့ထားသည့် ရပ်ရွာ ကျောင်းအချို့သည် ပညာရေးဝန်ကြီးဌာန သင်ရိုးကို အသုံးပြုပြီး ပညာရေးဝန်ကြီးဌာန စာမေးပွဲများနှင့် တက္ကသိုလ်ဝင်တန်းများမှတစ်ဆင့် ကျောင်းသားများကို စာမေးပွဲဝင်စေသည်။ ပုံမှန်အားဖြင့် အနီးနားမြို့များရှိ ပညာရေးဝန်ကြီးဌာန၏ "အကောင်းဆုံးကျောင်းများ"ကို ကျောင်းသားများ လည်ပတ်နိုင်စေရန် စီစဉ်ပေးသည်။ ရပ်ရွာကျောင်းအများစုသည် မူလတန်းကျောင်းများဖြစ်ကြပြီး ယင်းစနစ်သည် မြို့နှင့် ကျေးရွာကြီးများရှိ ပညာရေးဝန်ကြီးဌာန အထက်တန်းကျောင်းများသို့ ပြောင်းရွှေ့ရန်အတွက် အထောက်အထားရရှိစေရန် ကျောင်းသားများကို ခွင့်ပြုထားသည်။

ဥပမာအနေဖြင့် ရှမ်းလေ့လာမှုအခန်းထဲရှိ ကောင်းဟတ်ကွန်ရက်တွင် သာသနာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော ကျောင်း ၁၃ ကျောင်း ရှိပြီး ယင်းကျောင်းများသည် အနီးနားရှိ လက်ခံကျောင်းများတွင် ဂရိတ် ငါး စာမေးပွဲကို ဖြေဆိုရန် ကျောင်းသားများကို ခွင့်ပြုထားသည်။ ထို့ အပြင် RDFSS က အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများကို နာမ့်လန်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်ထားပေးသည်။ ထိုကျောင်းသားများသည် ပညာရေးဝန်ကြီးဌာနကျောင်းများ အကန့်အသတ်ရှိသော ကျေးလက်ဒေသများတွင် RDFSS က ထောက်ပံ့ပေးသော မူလတန်းများကို တက်ရောက်ကြသည်။ ကျောင်းဆောင်နေစနစ်တွင် ပညာရေးဝန်ကြီးဌာန အထက်တန်းကျောင်းတက်နေသော ကျောင်းသား ၆၀ ကို လက်ခံထားသည်။ ထိုကျောင်းသားများသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ EAO ပညာရေးဌာနများနှင့် RDFSS မှ ထောက်ပံ့ထားသော ရပ်ရွာကျောင်းများမှ လာကြသည်။ ကချင်ပြည်နယ်နှင့် ကချင်ဒေသများတွင် အချို့EBEP များသည် ကျောင်းပြောင်း ထောက်ခံစာ ရရှိစေရန်နှင့် လက်ခံကျောင်းများတွင် စာမေးပွဲများဖြေဆိုနိုင်ရန် ကျောင်းသားများကို ခွင့်ပြုထားစေရန်အတွက် ရပ်ရွာကျောင်းများ အတွက်[315] ကျောင်းခွဲ သို့မဟုတ် တွဲဖက်ကျောင်း အခြေအနေ ပေးထားသည်။ ထိုင်းနိုင်ငံရှိ အချို့ဒုက္ခသည်စခန်းများနှင့် ရွှေ့ပြောင်းကျောင်းများ သည် စာမေးပွဲနေ့များတွင် နယ်စပ်ဒေသ ကျောင်းသားများကို စာမေးပွဲဖြေနိုင်စေရန် လက်ခံကျောင်းများတွင် ပညာရေးဝန်ကြီးဌာန စာမေးပွဲကို ကျောင်းသားများအား ဝင်ခွင့်ပေးထားသည်။

သို့သော် ထိုသို့ပြုလုပ်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာန စာမေးပွဲအောင်မြင်ရန် လိုအပ်သော အဓိကဘာသာများကို လေ့လာခြင်းသည် ကျောင်းသား များနှင့် ကျောင်းအုပ်ချုပ်ရေးအတွက် ဝန်ထုပ်ဝန်ပိုးနှင့် ဦးစားပေးအဆင့် နိမ့်ကျစေရာ EBEP များသည် ဒေသဘာသာစကား သို့မဟုတ် ဒေသ သက်ဆိုင်ရာ သင်ရိုးများကို ဦးစားပေးရန် ယင်းတို့၏ စွမ်းရည်ကို ကန့်သတ်ထားသလို ဖြစ်နေသည်။ ထို့အပြင် ကျောင်းသားအားလုံး အကဲဖြတ် ခြင်းကို မြန်မာဘာသာဖြင့် ဆောင်ရွက်ပြီး ကောင်းဟတ်ကျောင်းများမှ ကျောင်းဆရာများက ပြောသည်မှာ မြန်မာဘာသာ ဖတ်စာကို ရှမ်း ဘာသာသို့ စကားပြန်ပေးခြင်းဖြင့် တန်ဖိုးရှိသော ကျောင်းချိန်ကို စနစ်တကျအသုံးပြုခြင်း၊ အကျိုးမရှိသော သင်ကြားရေးနှင့် "အလွှန် ပင်ပန်း ခြင်း"စွာ အဓိကကျောင်းချိန်ကို အသုံးပြုခြင်းတို့ဖြစ်သည်။

အချို့ EBEP ကျောင်းများသည် အခြေခံပညာရေး အဆင့်များအတွက် ကိုယ်ပိုင်သင်ရိုးနှင့် အကဲဖြတ်မှုဘောင်များကို ဖွံ့ဖြိုးစေသည်။ KED/ KSEAG များသည် မူလတန်းနှင့် အထက်တန်းကျောင်းများတွင် နည်းပေါင်းစုံနှင့် စကောကရင် ဘာသာကို အသုံးပြုကြပြီး ၂၈၅ ကျောင်းတွင် အထူးအနေဖြင့် သုံးကာ ၅၅၃ ကျောင်းတွင် ပညာရေးဝန်ကြီးဌာန သင်ရိုးနှင့်အတူ သုံးသည်။[316] ထို့အတူ ကရင်ဒုက္ခသည်ကော်မတီ ပညာရေး အဖွဲ့ (KRCEE) သည် ထိုင်းနိုင်ငံတွင်ရှိသော ဒုက္ခစခန်းများတွင် ဖွင့်လှစ်သော ၆၄ ကျောင်း၌ ထိုစနစ်ကို အသုံးပြုသည်။ ကရင် ရွှေ့ပြောင်းကျောင်း များတွင်လည်း ထိုစနစ်ကို သုံးကြသည်။

ကရင် ဒုက္ခသည်နှင့် ရွှေ့ပြောင်းကျောင်းများသည်လည်း KED/KSEAG ကျောင်းသားများကို အဓိက ပညာရေးလမ်းကြောင်း ရရှိစေရန်

---

[314] အခန်းဆုံး ဆန်းစစ်ချက်များသည် စဉ်ဆက်မပြတ် အကဲခတ် တိုးတက်ရေးစနစ် (CAPS) ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

[315] တွဲဖက်ကျောင်းဆိုသည်မှာ လက်ခံကျောင်းများတွင် ပညာရေးဝန်ကြီးဌာန စာမေးပွဲများ ဖြေဆိုနိုင်သော်လည်း ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများ မရရှိဘဲ အပြင်ပန်းအနေဖြင့် ရန်ပုံငွေလည်း မရရှိနိုင်သော ကျောင်းများ ဖြစ်ကြသည်။ ကျောင်းခွဲများမှာ ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ရရှိသော်လည်း ပုံမှန် ပညာရေးဝန်ကြီးဌာန ကျောင်းများမှ ကျောင်းခွဲတစ်ခုအဖြစ် သိသာထင်ရှားသည်။

[316] ကမ္ဘာ့ပညာရေး (၂၀၁၆)။ စာမျက်နှာ ၁၄

အထောက်အပံ့ပေးသည်။ မကြာသေးမီ ဆယ်စုနှစ်များက ထောင်ပေါင်းများစွာသော ကျောင်းသားများသည် အထက်တန်းကျောင်းတက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ကြရပြီး ဒုက္ခသည်နှင့် ရွှေ့ပြောင်းကျောင်းများ၏ "၁၀ တန်း အထက်ကျောင်းများ"တွင် အထက်တန်းပညာကို ကျောင်းသားထောင်ပေါင်းများစွာ သင်ယူပြီးခဲ့ကြသည်။ အချို့သည် ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံ အချို့တွင် ပညာတော်သင်ဆု ရရှိကြပြီး ထိုင်းနိုင်ငံက အသိအမှတ်ပြုသော ကျောင်းပြင်ပ ပညာရေး အောင်လက်မှတ် ရရှိခဲ့ကြသည်။[317] သို့သော် ယင်းအခွင့်အရေးသည် အလွန်ခက်ခဲသည်။

ထိုအခွင့်အရေးမရရှိသော ကျောင်းသားများအတွက် ယင်းတို့၏ ပညာရေးအရည်အချင်းကို ကရင် EAO များ၏ အုပ်ချုပ်ရေးနှင့် စစ်ရေး ကိရိယာ တန်ဆာပလာများအပြင် ထူးခြားသော အယူအဆနှင့် ဆက်နွယ်နေသည့် ရပ်ရွာအခြေခံအဖွဲ့အစည်းများ၊ NGO များနှင့် ကုမ္ပဏီများက ယေဘုယျအနေဖြင့် အသိအမှတ်ပြုကြသည်။ ယင်း ရပ်ရွာအဖွဲ့အစည်းများရှိ ပညာရေးခေါင်းဆောင်များနှင့် ကျောင်းသားများသည် ယင်းတို့၏ စစ်ဒဏ်ခံရပ်ရွာကို အကျိုးပြုနိုင်မာစေရန်နှင့် ယင်းတို့၏ နိုင်ငံကို တည်ဆောက်ရန် စိတ်အားထက်သန်ကြပြီး ကျောင်းသားများသည် ကျောင်းဆရာလုပ်ရန် သို့မဟုတ် အခြား လူမှုရေးလုပ်ရန် ယင်းတို့၏ ဒေသများသို့ ပြန်လာကြသည်။ မည်သို့ဖြစ်စေ ကရင် ဒုက္ခသည် စခန်းများအကြား ဂရိတ် ၁၁ အောင်မြင်ခြင်းသည် မြန်မာများထက် ပျမ်းမျှအနေဖြင့် မြင့်မားနေကြပြီး ယင်ကျောင်းသား အများစုကို နိုင်ငံတစ်ဝန်းလုံးတွင် အသိအမှတ်ပြုမှု အနည်းငယ်သာရှိသည်။[318]

၂၀၁၂ ခုနှစ် ကတည်းက ဒုက္ခသည်များနှင့် IDP များသည် အစိုးရအုပ်ချုပ်မှုအောက်တွင်ရှိသော မူရင်းဒေသများသို့ ပြန်သွားကြရာ ကျောင်းသားများစွာကို ပညာရေးဝန်ကြီးဌာနစနစ်သို့ KED နှင့် KRCEE မှ လွှဲပြောင်းရန် လိုအပ်လာသည်။ ကျေးရွာနှင့် ပဋိပက္ခ ဖြစ်ပွားနေရာ ဒေသများအတွက် မြို့ကိုရောက်ရှိရန် လက်လှမ်းမီကြသည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနသည် ရောနှောအုပ်ချုပ်သည့် ဒေသများတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများကို တည်ထောင်ခြင်း သို့မဟုတ် ပြန်လည်ရှင်သန်စေခြင်းများ ပြုလုပ်သည်။ အရေအတွက်များပြားသော ကျောင်းပြောင်းရွှေ့သူများသည် ကျောင်းပြောင်းလက်မှတ် မရရှိကြပါ။ အကြောင်းမှာ ၎င်းတို့သည် ပညာရေးဝန်ကြီးဌာန သင်ရိုးကို မသင်ခဲ့ရသောကြောင့် ဖြစ်သည်။

၁၉၉၀ ပြည့်လွန်နှစ်များကတည်းက MNEC/MNED တို့သည် မွန်ဘာသာနှင့် သမိုင်းဘာသာကို အပိုဘာသာအဖြစ် သင်ယူကြရပြီး မူလတန်းတွင် မိခင်ဘာသာစကား အခြေပြု ပညာရေး သုံးစွဲခြင်းမှ အလယ်တန်းနှင့် အထက်တန်းတွင် ပညာရေးဝန်ကြီးဌာန မြန်မာစာသင်ရိုးကို သုံးသော ရွှေ့ပြောင်းကျောင်းသားများအတွက် မရောနှောသော မွန်အမျိုးသားကျောင်းများအတွက် စနစ်တစ်ခုကို ဖွံ့ဖြိုးစေရန် မူလတန်းအဆင့်တွင် ပညာရေးဝန်ကြီးဌာန သင်ရိုးမှ ဘာသာပြန်သော မွန်ဘာသာ အပြည့်အဝ သင်ရိုးကို ထိန်းသိမ်းထားသောကြောင့် ကျောင်းသားများသည် ပညာရေးဝန်ကြီးဌာန မူလတန်း ကျောင်းသားများကဲ့သို့ သင်ရိုးနှင့် ရင်းနှီးပြီး ဖြစ်နေသည်။

မွန်အမျိုးသားကျောင်းများရှိ အထက်တန်းကျောင်းသားများသည် ပညာရေးဝန်ကြီးဌာန ဂရိတ် ၁၁ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရပြီး ဂရိတ် ၉ တွင် ပညာရေးဝန်ကြီးဌာန သင်ရိုးကို သင်ခဲ့ရသော်လည်း ဂရိတ် ၅ နှင့် ၉ ကျောင်းသားများသည် ပညာရေးဝန်ကြီးဌာန၏ နှစ်ကုန်စာမေးပွဲများကို ဖြေဆိုရခြင်း မရှိပေ။ ဂရိတ် ၉ နှင့် ၅ စာမေးပွဲ မရှိသော်လည်း MNED ကျောင်းသားများသည် တစ်ခါတစ်ရံ ပညာရေးဝန်ကြီးဌာန အထက်တန်းကျောင်းသို့ပြောင်းသောအခါအခက်အခဲများတွေ့ကြရသည်။[319]ဒေသများစွာရှိမိသားစုများသည် MNEDအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ ရရှိမှုနှင့် ပတ်သက်ပြီး စိတ်ပူပန်မှု ရှိနေကြသည်။[320]

အစိုးရနှင့် KIO အပစ်အခတ်ရပ်စဲရေး ၁၇ နှစ်တာကာလအတွင်း KIO ပညာရေးဌာနသည် အဆင့်တိုင်းတွင် ပညာရေးဝန်ကြီးဌာန စာမေးပွဲများကို ကျောင်းသားများအား ဝင်ရောက်ဖြေဆိုစေပြီး ကျောင်းပြောင်းခွင့် လွယ်ကူစွာပေးကာ အစိုးရက အသိအမှတ်ပြုသော အရည်အချင်းများနှင့် တက္ကသိုလ်ဝင်တန်းကို ဖြေဆိုဖွင့်ပေးသည်။ သို့သော် ၂၀၁၁ ခုနှစ်တွင် အပစ်အခတ် ရပ်စဲရေး ပျက်ပြားသွားပြီးနောက် ယင်းဆက်နွယ်မှုများကို ဖြတ်တောက်ကာ ဆောက်သ်နှင့် လားလ် အဆိုအရ ကချင်ပြည်နယ်အစိုးရ တာဝန်ရှိသူတစ်ဦး၏ အဆိုပါကျောင်းသားများအား ယင်း စာမေးပွဲ

[317] အချို့ ကရင်ရွှေ့ပြောင်းကျောင်းများသည် ထိုင်း အစိုးရက ထောက်ပံ့သော ထိုင်းကျောင်းဆရာများ ရရှိပြီး ကျောင်းသားများကို အသိအမှတ်ပြုထားသော တူညီသည့် အောင်လက်မှတ်များ ရရှိစေသည်။

[318] လူသိများသော ဒုက္ခသည် စခန်းသုံးခုတွင် ကျောင်းနေအရွယ် ကလေးငယ် (၆-၈) ကျောင်းပြီးနှုန်းကို လေ့လာမှုတစ်ခုတွင် အားလုံးကိုတွေ့ရသော်လည်း ကျောင်းကို ၄.၂ ရာခိုင်နှုန်းသာ ရောက်ကြသည်။  ကမ္ဘာ့ပညာရေးနှင့် Save the Children၊ UNHCR လုပ်ငန်းဆောင်ရွက်ရေး အစည်းအဝေး ရှင်းလင်းတင်ပြချက်၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့၊ ရန်ကုန်။

[319] MNED သည် မွန်အမျိုးသား အလယ်တန်းကျောင်း ၁၆ ကျောင်းနှင့် မွန်အမျိုးသား အထက်တန်းကျောင်း သုံးကျောင်းကို အုပ်ချုပ်ထားသည်။ ကျန်သည်များမှာ မူလတန်းနှင့် မူလတန်းလွန်ကျောင်းများ ဖြစ်ကြသည်။

[320] မွန်အမျိုးသား မူလတန်းကျောင်းတွင် မိဘများ၊ ကျောင်းဆရာများနှင့် အုပ်စုတွေ့ဆုံဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ MNED မြို့နယ်အရာရှိတစ်ဦးနှင့် MNEC ခေါင်းဆောင်များ  ဆွေးနွေးခြင်း၊ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

များ ဖြေဆိုခြင်းမှ ခွင့်မပြုကြောင်း အမိန့်ကို ထုတ်ပြန်ခဲ့သည်။ အဓိပ္ပာယ်မှာ ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ထိုစာမေးပွဲများကို မည်သည့်အခါမျှ ဖြေဆိုခြင်းအခွင့် မရတော့ကြောင်းနှင့် အစိုးရကျောင်းများဆီသို့ ကျောင်းပြောင်းခွင့် မရတော့ကြောင်းဖြစ်သည်။[321] မှတ်သားဖွယ်ရာမှာ ယခင် KIO အပစ်အခတ်ရပ်စဲထားသော ဒေသရှိ IDP စခန်းများမှ ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ယခုအခါ ထိုနေရာတွင် KIO ပညာရေးဌာန၊ ရပ်ရွာနှင့် ဘာသာရေးကျောင်းများတွင် ကျောင်းတက်နေကြသည်။ ကချင်ပိုင်နက်ရှိ အနည်းဆုံး ကျောင်းတစ်ကျောင်းသည် အိန္ဒိယနိုင်ငံမှ သင်ရိုးတစ်ခုနှင့် အကဲဖြတ်မှု မူဘောင်ကို သုံးပြီး ကျောင်းသားများကို သင်ကြားအုပ်ချုပ်သောကြောင့် အိန္ဒိယနိုင်ငံရှိ အဆင့်မြင့်ပညာရေးကို သွားရောက် တက်စေနိုင်ကြသည်။[322]

EBEP စနစ်မှ ပညာရေးဝန်ကြီးဌာန စနစ်ကို ပြောင်းရန် ကျောင်းသားများ၏ ကျွမ်းကျင်မှု အစစ်အမှန်သည် ကြီးမားစွာ ကွဲပြားမှုရှိသည်။ Save the Children က ပြုလုပ်သော မြန်မာနိုင်ငံအတွင်းရှိ ကိုယ်ပိုင်ကျောင်းများနှင့် ပညာရေးဝန်ကြီးဌာနသို့ ကရင်နှင့် ကရင်နီဒေသရှိ ဒုက္ခသည်စခန်းများရှိ ကျောင်းများမှ ပြောင်းရွှေ့ရန် ကြိုးစားနေသော ကျောင်းသား ၁၁ ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းတွင် လိုအပ်သော နေရာဒေသ ဆန်းစစ်ချက်များ ကွဲပြားမှု၊ လိုအပ်သော ကျောင်းလခနှင့် လိုအပ်သော အထောက်အထားများကို ဖော်ထုတ်တင်ပြခဲ့သည်။ ထိုလေ့လာမှုသည် ကျောင်းအုပ်များ ပြုလုပ်သော လာဘ်စားမှုကို ဖော်ပြခဲ့ပြီး ယင်းကိစ္စသည် ကျောင်းအုပ်တစ်ဦးခြင်း၏ နှုတ်လုံမှုတွင် မူတည်သည်။[323]

ထိုအတွေ့အကြုံများသည် ဤလေ့လာမှုအတွက် ကျယ်ပြန့်သော အထောက်အထားများ ဖြစ်ကြသည်။ သို့သော် မိဘများ၊ ကျောင်းကော်မတီများ၊ EBEP များနှင့် အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် နေရာဒေသ ဆန်းစစ်ချက်များ မကြာခဏ အသုံးပြုခြင်းကို ညွှန်ပြကြသည်။ ယင်းဆန်းစစ်ချက်များတွင် နှစ်ကုန်စာမေးပွဲများ သို့မဟုတ် အခန်းလိုက် ဆန်းစစ်ချက်များမှာ စနစ်တကျ ကျင်းပပြီး ပုံမှန် အလွန်ကျက်မှတ်လေ့လာသော အကြောင်းအရာများ အကျုံးဝင်သည်။ ထို့ကြောင့် ကျောင်းသား၏ ကျယ်ပြန့်သော တတ်မြောက်မှုအတွေ့အကြုံကို မဆန်းစစ်နိုင်ချေ။ ထို့ကြောင့် စာမေးပွဲအောင်ရန် ကျောင်းသား၏ စွမ်းရည်မှာ ယခင် ကျောင်းတွင်ရှိသော ပစ္စည်းများအား သူတို့လေ့လာသော အတိုင်းအတာက တည်မှီနေသည်။ အတန်းအမျိုးမျိုးရှိ MNEC/MNED မူလတန်း ကျောင်းသားများနှင့် KED/KSEAG ကျောင်းသားများအတွက် ထိုဆန်းစစ်ချက်များသည် မြန်မာဘာသာ ကောင်းစွာတတ်မြောက်ထားသည့်တိုင်အောင် စာမေးပွဲအောင်မြင်ရန် ထူးခြားစွာ ပြင်ဆင်ခြင်းမရှိဘဲ မဖြစ်နိုင်ချေ။

ထိုဆန်းစစ်ချက်များ ကျရှုံးသော ကျောင်းသားများကို စာရင်းပယ်ဖျက်ခြင်း သို့မဟုတ် ဂရိတ် တစ်ခု သို့မဟုတ် ထို့ထက်ပိုနိမ့်သော ဂရိတ်သို့ ပြောင်းရွှေ့ချထားသည်။ ဥပမာ EBEP ကျောင်းတွင် ဂရိတ် ၅ ပြီးဆုံးထားသော ကျောင်းသားကို ဂရိတ် ၆ မှာ ထားခြင်းထက် ဂရိတ် ၃ တွင် ထားခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်း၏ အသုံးဝင်မှုကို မေးခွန်းမေးဖွယ်ရာ ဖြစ်နေပြီး ကျောင်းသားများသည် ယခုနှစ်ထက် ယခင်နှစ်က ကိစ္စများကို ပိုမိုယဉ်ပါးစေရန် ဖြစ်နိုင်ဖွယ်မရှိပေ။ ဂရိတ် ထိန်းသိမ်းထားခြင်းသည် ကျောင်းသားများကို ယုံကြည်မှုပျက်စီးစေပြီး မိဘများကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေရာ ပညာရေးကာလ ၁၁ နှစ်အတွက် ကျောင်းတွင် ကျောင်းသားများကိုထားရန် ရုန်းကန်လှုပ်ရှားကြရသည်။ ထို့အပြင် ယင်းဆန်းစစ်ချက်များကို အောင်မြင်သည့်တိုင်အောင် ပြဿနာရပ်အားလုံးတွင် ကျောင်းသားများ၏ ကျောင်းအပ်နှံမှုကို အာမခံချက် မရှိလာပေ။

နှစ်ကုန်စာမေးပွဲကျမှုအတွက် ကျောင်းသားများစွာကို ဂရိတ် တစ်ခု သို့မဟုတ် ထို့ထက်ပိုသော ဂရိတ်များ ချထားခြင်းရှိခဲ့ရာ စင်စစ် ပညာရေးဝန်ကြီးဌာနသည် ယင်း၏ကိုယ်ပိုင်စနစ် အတွင်းမှာပင် ဂရိတ်အဆင့်တက်ရန်အတွက် အဆုံးစွန်သော တင်းကြပ်မှုများ လိုအပ်နေသည်။ ကမ္ဘာနှင့်ချီသော ပြဿနာများရှိကြရာ ကလေးငယ်များစွာသည် အရည်အချင်းပြည့်မီရန် အပိုနှစ်များအတွက် ပြန်လည်လုပ်နိုင်ခွင့် မရတော့ပေရာ ယင်းဆန်းစစ်ချက်သည် ဆင်းရဲသော ကျောင်းသားများအတွက် အဓိက အရေးကိစ္စဖြစ်လာသည်။[324] ထို့ကြောင့် စာမေးပွဲရှုံး ကျောင်းသားများ ယခင်ဂရိတ် ပြန်နေခြင်း(နှစ်ကျ) နှင့် အလိုအလျောက် အတန်းတင်ခြင်းတို့၏ သက်ဆိုင်ရာ အကျိုးအမြတ်များနှင့် ပတ်သက်ပြီး ကျယ်ပြန့်သော မေးခွန်း ရှိနေသည်။

အခက်အခဲများရှိသော်လည်း ကျောင်းသားများသည် ရွှေ့ပြောင်းခြင်းရှိကြပြီး MNEC နှင့် KED/KSEAG တို့သည် ယင်းတို့၏သင်ရိုး၊ အကဲဖြတ်မှုနှင့် အရည်အချင်းမူဘောင်များကို ထိန်းသိမ်းရန် ဤနေရာတွင် စိုးရိမ်စရာ ကြီးမားစွာရှိပြီး ပညာရေးဝန်ကြီးဌာန၏ သင်ရိုးကို နောက်ထပ် ဖော်ပြ

---

321 ဆောက်သ်နှင့် လားလ်(၂၀၁၆)၊ စာမျက်နှာ ၂၄-၂၅။

322 ဆောက်သ်နှင့် လားလ်(၂၀၁၆)၊ စာမျက်နှာ ၂၀

323 ဒဲရ် (၂၀၁၅)

324 ဟောဒင်နှင့် မာတင်တို့ ဆွေးနွေးထားသကဲ့သို့ "အထက်တန်းပညာရေး နှစ်များအတွင်း ကျောင်းသားများ၏ ဆုံးရှုံးမှုအချို့သည် တတ်နိုင်သည့်ကိစ္စနှင့် လုပ်နိုင်သည့် ကိစ္စများအဖြစ် မှတ်ယူနိုင်သည်။ ထိုနှစ်များအတွင်း အခြေအနေထိန်းသိမ်းခြင်း၏ အဓိက အကျိုးသက်ရောက်မှုမှာ စာမေးပွဲစနစ်၏ တိုးတက်လာသော ရွေးချယ်ခြင်းသဘာဝ ဖြစ်သည်။ ဂရိတ် ၁၁ မတိုင်မီ ကျောင်းသားများ အခြေခံပညာအထက်တန်း စာမေးပွဲ (တက္ကသိုလ်ဝင်စာမေးပွဲ) ဖြေဆိုချိန်တွင် များစွာသော အထက်တန်း ကျောင်းသားများသည် ကျောင်းထွက်သွားကြပြီး အကြောင်းမှာ ဂရိတ် ၁၁ ပြီးဆုံးရန် ဦးတည်သော စာမေးပွဲများကို အောင်မြင်စေရန် မတတ်နိုင်သောကြောင့် ဖြစ်သည်။" စာမျက်နှာ ၄၉။

ရန်အတွက် ကိုယ်ပိုင်ဘာသာစကား၊ သမိုင်းနှင့် လူမှုရေး ဘာသာရပ်များကို ၎င်းတို့ အာရုံမစိုက်စေရန် လိုအပ်ပြီး ကိုယ်ပိုင်ဘာသာစကား သင်ယူခြင်း လွတ်လပ်ခွင့်ကို ထိခိုက်စေလိမ့်မည် ဖြစ်သည်။ ယခင် ပဋိပက္ခ ပြန်လည်ဖြစ်ပွားကတည်းက KIO ပညာရေးဌာနနှင့် များစွာသော ကချင် EBEP များသည် ပညာရေးဝန်ကြီးဌာန စနစ်မှ တိကျစွာ ရွှေ့ပြောင်းသည့် အနေဖြင့် ဂျိန်းဖောဘာသာကို အခြေခံသော စနစ်အသစ်ကို လုံးဝဖွံ့ဖြိုးစေရန် စတင်လုပ်ဆောင်ခဲ့သည်။[325]

ပညာရေးဝန်ကြီးဌာန စာမေးပွဲများဖြေဆိုရန် လိုအပ်သောသူများထက် ဂရိတ် ၅ နှင့် ၉ ပြီးခဲ့သူ ကျောင်းသားများ ပြောင်းရွှေ့ခြင်းကို ပညာရေးဝန်ကြီးဌာနက လက်ခံသင့်ကြောင်းနှင့် ယင်းတို့၏ ဂရိတ်တွင် ဝင်နေသော ကျောင်းသားများကို လက်ခံရန် ညီမျှသော သဘောထား ပျော့ပျောင်းသည့် နည်းလမ်းများကို ရှာဖွေသင့်ကြောင်း MNEC/MNED နှင့် KED/KSEAG တို့က ဖိအားပေးကြသည်။ KED/KSEAG နှင့် KRCEE တို့ကလည်း အစိုးရသည် တရားဝင်အရည်အချင်းအဖြစ် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (နှင့် အဆင့်မြင့်ပညာရေး အောင်လက်မှတ်)ကို တရားဝင် အသိအမှတ်ပြုသင့်ကြောင်း ဆွေးနွေးကြသည်။ EBEP များက ယင်းကိုပင် အခန်း (၈) တွင် ဆွေးနွေးထားသည့် နိုင်ငံတော်အဆင့် ပညာရေးကဏ္ဍ လုပ်ငန်းအဖွဲ့များထံ ထပ်တလဲလဲ တောင်းဆိုခဲ့ပြီး ယေဘုယျအနေဖြင့် ကျောင်းပြောင်းရွှေ့ခြင်းနှင့် ပတ်သက်ပြီး တစ်သမတ်တည်းရှိပြီး ပိုမို ရှင်းလင်းသော မူဝါဒကို ချမှတ်ရန် တောင်းဆိုခဲ့သည်။ ယင်းကိစ္စများကို မဖြေရှင်းနိုင်ဘဲ ရှိခဲ့ရာ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် တိုးတက်မှုများ ပေါ်ပေါက်လာပြီး ပညာရေးဝန်ကြီးဌာန၏ သဘောထား ပျော့ပြောင်းလာမှု အထောက်အထားများ ပေါ်ထွက်လာသည်။[326]

## တိုက်တွန်းအကြံပြုချက်များ

အခြားဘာသာရပ်များတွင် လုပ်သကဲ့သို့ စနစ်များအကြား ချောမွေ့သော ကျောင်းသားပြောင်းရွှေ့မှုကို ခွင့်ပြုရန်၊ EBEP အရည်အချင်းကို တင်းပြည့်ကျပ်ပြည့် အသိအမှတ်ပြုရန်နှင့်၊ ဖြည့်ဆည်းပေးရန်နှင့်၊ အုပ်ချုပ်ရေးနှင့် ကျောင်းသားများအတွက် တိုင်းရင်းသား ဘာသာစကားများနှင့် အခြားတိုင်းရင်းသား ဘာသာရပ်များ၏ တူညီသော အရေးပါမှုကို ဖြစ်စေရန် အစိုးရနှင့် EBEPများက ရေတို ရေရှည် ကိစ္စရပ်များ ချမှတ်ခြင်းသည် အရေးပါသည်။

## ရေရှည်ပြုပြင်ပြောင်းလဲမှုများ

ရေရှည်လုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံ၏ အကဲဖြတ်မှုနှင့် မူဘောင်များ ပြုပြင်ပြောင်းလဲရေးသည် ပိုမိုပါဝင်ပြီး ကွဲပြားခြားနားမှုရှိသော ပညာရေး ကဏ္ဍကို ဖန်တီးနိုင်ကာ အဖွဲ့အစည်းအားလုံးကို ထောက်ပံ့တိုးမြှင့်ပေးနိုင်လျက် MTB-MLE ၏ ထောက်ပံ့နိုင်သော စနစ်ဖြစ်သည်။ တိုင်းရင်းသား ဘာသာစကား ပညာရေးတွင် ပါဝင်ပြီးဖြစ်သော ဆောင်ရွက်သူအားလုံး၏ လက်ရှိစွမ်းရည်များကို အသုံးချခြင်းနှင့် ယင်းတို့ကို တရားဝင် အသိအမှတ်ပြုခြင်းဖြင့် ယင်းပြုပြင်ပြောင်းလဲရေးသည် ကွဲပြားခြားနားမှုအတွင်း စည်းလုံးညီညွတ်မှုကို တိုးတက်စေနိုင်သည်။ ထို့အပြင် ပဋိပက္ခအဖြစ် ဖြင့် ပိုင်နက်ဆိုင်ရာ လူပ်ရှားမှုနှင့် အစားထိုးအုပ်ချုပ်ရေး အစီအစဉ်များသည် လျော့ကျစေနိုင်သော်လည်း ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက် ဖြစ်ပေါ်နေစေသည်။ နိုင်ငံတော်သည် ကွဲပြားခြားနားမှုကို လက်ခံပြီး စနစ်များအကြား ပြည့်စုံမှုကို ကြီးမားစေမှု ဖွံ့ဖြိုးရန် လိုအပ်လိမ့်မည်။

ရရှိသော ဗဟုသုတများ၏ တိကျသော ပုံတူကူးချခြင်းကို အလေးထားသည့် စနစ်တစ်ခုမှ အမျိုးသားသင်ယူရေး အဆင့်အတန်းများနှင့် ဆန့်ကျင်သော ကျောင်းသားသင်ယူရေး တိုးတက်မှုကို အကဲဖြတ်သော ပိုမိုညီမျှသော စနစ်သို့ ရွှေ့ပြောင်းမှုတစ်ခုကို NESP က အကြံပြု တိုက်တွန်းသည်။"[327]

သင်ကြားရေးနှင့် စွမ်းရည်များကို စစ်ဆေးခြင်းအတွက် ပြောင်းလဲမှုတစ်ခုသည် အရေးကြီးပြီး EBEP စနစ်များနှင့် လိုက်ဖက်မှုအပေါ်တွင် ကောင်းသော အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ပထမဦးစွာ ပညာရေးဝန်ကြီးဌာန၏ သီးခြား ကျောင်းဖတ်စာအုပ်များနှင့် အဆင်ပြေနေမှုထက် ယင်းတို့၏ စွမ်းရည်အတွက် ကျောင်းသားများကို အသိအမှတ်ပြုရလိမ့်မည် ဖြစ်သည်။ မည်သို့သင်မည်ဆိုသည်ကို ဆုံးဖြတ်ရန် ပိုမိုလွတ်လပ်ခွင့် ကို ကျောင်းများနှင့် ကျောင်းဆရာများအား ပေးရလိမ့်မည်ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်ချဉ်းကပ်မှုနှင့် အပိုပင်မ ဘာသာရပ်များကို အသုံးပြုရန်အပြင် ပညာရေးဝန်ကြီးဌာန၏ စာမေးပွဲများအတွက် EBEP များက ကျောင်းသားများအတွက် ပြင်ဆင်မှု လွယ်ကူစေရန် ပြုလုပ်ပေးရလိမ့်မည်ဖြစ်သည်။ သီးသန့်ပစ္စည်းများနှင့် အဆင်မပြေလျှင်ပင် ကျောင်းပြောင်းသော ကျောင်းသားများသည် နေရာဆန်းစစ်ချက်များတွင် ပိုမိုမျှတစွာ အကဲဖြတ် ခံရနိုင်သည်။

---

[325] ဆောက်သ်နှင့် လားလ်(၂၀၁၆)။ စာမျက်နှာ ၁၄-၁၅။

[326] KED ဝန်ထမ်းများနှင့် ပညာရေးကဏ္ဍ လုပ်ငန်းအဖွဲ့ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများမှ မှတ်တမ်းများ။ (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ)

[327] မြန်မာပညာရေးဝန်ကြီးဌာန (၂၀၁၆) ။ စာမျက်နှာ ၃၄။ ၂၀၁၅ ခုနှစ်နှောင်းပိုင်းတွင် ဖြန့်ချိသည့် မထုတ်ဝေသော NESP မူကြမ်း အပြည့်အစုံသည် သင်ယူခြင်း အဆင့်အတန်းတွင် "ကလေးပညာရေး ဖွံ့ဖြိုးမှုနှင့် ဘဝတစ်သက်တာ သင်ယူရေး လိုအပ်ချက် ကျွမ်းကျင်မှုများကို ဖော်ပြထားသည်"။

ထို့အပြင် ဒေသသင်ရိုးညွှန်းတမ်း အထူးသဖြင့် ဒေသဘာသာစကားများအတွက် သင်ရိုးသည် အခြားဘာသာရပ်များနှင့် တန်းတူအနေအထား ရရှိစေရန် ယင်းဘာသာရပ်များ၏ တရားဝင် အကဲဖြတ်မှု မိတ်ဆက်ခြင်းဖြင့် အတူတွဲလျက် ရှိသင့်သည်။ ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသား ကျောင်းသားများ အထူးသဖြင့် မူလတန်းအဆင့်တွင် ဒေသဘာသာစကားများနှင့် ပတ်သက်ပြီး အမှန်တကယ် ပါဝင်သည့် အကြောင်းများနှင့် ရလဒ်များသည် နိုင်ငံတစ်ဝန်းလုံးတွင် ထပ်တူဖြစ်နေလျှင်ပင် တိုင်းရင်းသား ဖတ်စာအုပ်များနှင့် အကောင်းဆုံးအဖြစ်ဖြင့် ပြည်ထောင်စု တစ်ဝန်းလုံးရှိ ဘာသာရပ်များကို လေ့လာရန် ခွင့်ပြုသင့်သည်။ အမျိုးသားအကဲဖြတ်မှုမူဘောင်သည် ကျောင်းသားတိုင်း၏ ပထမ ဘာသာရပ်တွင် နိုင်ငံအဆင့် ကျွမ်းကျင်မှုရှိစေရမည်ဖြစ်ပြီး ဒုတိယနှင့် တတိယ ဘာသာစကားများတွင်လည်း ကျွမ်းကျင်မှုရှိရမည်ဖြစ်သည်။ ထို့အပြင် မူရင်း မြန်မာစကားပြောသူများအတွက် ပထမ ဘာသာစကားအဖြစ် မြန်မာဘာသာဖြစ်ရမည် မှန်သော်လည်း မြန်မာစကား မပြောသူများအတွက် ဒုတိယ ဘာသာစကား ဖြစ်စေရမည်။

ပြုပြင်ပြောင်းလဲရေးများသည် ပညာရေးဝန်ကြီးဌာနနှင့် ရောနှောကျောင်းများတွင် ထိုဘာသာရပ်များကို အရေးကြီးသည်ဟု သတ်မှတ်ထားခြင်းမှ တိုးတက်လာမည်ဖြစ်ပြီး နောက်ထပ် EBEP များကို ယင်းတို့၏ ကျောင်းများတွင် ပညာရေးဝန်ကြီးဌာန သင်ရိုးများ၏ အနည်းဆုံး အစိတ်အပိုင်းမျှ သုံးရန်နှင့် ပညာရေးဝန်ကြီးဌာန စာမေးပွဲများအတွက် ကျောင်းသားများကို ပြင်ဆင်စေရန် တွန်းအားပေးဖွယ်ရှိသည်။ မွန်သင်ရိုးနှင့် MNEC/MNED များ၏ အနေအထားတစ်ခုကို မြင်ရသည့်အထိ EBEP များက သင်ရိုးသစ် ဖွံ့ဖြိုးရေးတွင် ပါဝင်နိုင်လျှင် ယင်းသည် ဖြစ်နိုင်ခြေရှိသည်။ ထို့အပြင် EBEP က ယင်းတို့၏ ကိုယ်ပိုင်သင်ရိုး၊ ပစ္စည်းများနှင့် တိုင်းရင်းသားစာပေကို သင်ကြားရန် ချဉ်းကပ်မှုတို့ ဆက်လက်လုပ်ဆောင်နေသော နေရာမှာပင် အသိအမှတ်ပြုထားသော ကျွမ်းကျင်မှုများအတွက် သင်ကြားခြင်းများသည် ယင်းတို့၏ ကျောင်းသားများကို ပညာရေးဝန်ကြီးဌာန၏ အကဲဖြတ်မှုများတွင် အောင်မြင်စေရန် ကြီးမားသော အခွင့်အရေး ရှိနိုင်စေသည်။

အနာဂတ်တွင် အစိုးရသည် EBEP များက ထောက်ပံ့ထားသော အရည်အချင်းများ အသိအမှတ်ပြုရေးအတွက် အထူးသဖြင့် တိုင်းရင်းသား ဘာသာစကားသုံး ဘာသာရပ်များအတွက် လွတ်လပ်သော အသိအမှတ်ပြုရေး အဖွဲ့တစ်ခုမှတစ်ဆင့် စနစ်ကျသော လုပ်ငန်းစဉ်များ တည်ထောင်နိုင်သည်။ ကျောင်းပြင်ပ ပညာရေးနှင့် အဆင့်မြင့်တန်းကျောင်း အောင်လက်မှတ်ကဲ့သို့ အခြေခံပညာရေး တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်များ ပါဝင်သည်။ ယင်းအရည်အချင်းများကို အမျိုးသား အရည်အချင်းမူဘောင်တွင် အဆင့်များရယူခြင်းကို တရားဝင် တူညီမှုများ ဖြစ်စေရန် အရည်အချင်းများကို သတ်မှတ်နိုင်သည်။[328] ကြီးမားသော စိန်ခေါ်မှုများနှင့် လက်တွေ့ကျသော ကန့်သတ်မှုများ ပေးထားရာတွင် ဗဟိုအစိုးရသည် သင့်လျော်သော လမ်းကြောင်းများနှင့် နိုင်ငံ၏ ဘာသာစကားများ အားလုံးအတွက် အရည်အချင်းများ ဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် ပိုမိုအကျိုးသက်ရောက်နိုင်စွမ်း ရှိစေရန်အတွက် ထိုးထွင်းကြံဆမှု လုပ်ဆောင်ရန် လက်ရှိဒေသတွင်း လုပ်ဆောင်သူများကို ခွင့်ပြုသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချသော ချဉ်းကပ်မှုကို တွေ့ကြုံရမည်ဖြစ်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် #၉* |
|---|
| *ပညာရေးဝန်ကြီးဌာန၏ ကျယ်ပြန့်သော သင်ရိုးအတွက် အစီအစဉ်နှင့် အကဲဖြတ်မှု ပြုပြင်ပြောင်းလဲရေး၏ အစိတ်အပိုင်းအဖြစ် MTB-MLE ကို တိုးမြင့်စေရန်နှင့် ပိုမိုကွဲပြားပြီး ပိုမိုပါဝင်မှုရှိသော ပညာရေးကဏ္ဍကို တည်ဆောက်ရန် BEPE နှင့် ပညာရေးဝန်ကြီးဌာန စနစ်များအကြား ကျွမ်းကျင်မှု တိုးတက်စေရန် လုပ်ဆောင်ပါ။* |

ပြုပြင်ပြောင်းလဲမှုများ အားလုံးမှတစ်ဆင့် စနစ်များအကြား ကြီးမားသော လိုက်ဖက်မှု ဖြစ်လာစေသကဲ့သို့ ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ရာတွင် EBEP များ ပိုမိုပါဝင်နိုင်လေလေ အစိုးရ၏ မူဘောင်များသည် မြန်မာ့ ပညာရေးကဏ္ဍတစ်ခုလုံး တည်ရှိသော ကွဲပြားခြားနားမှုကို လက်ခံရန် ပိုမိုသင့်တော် ကောင်းမွန်လေလေ ဖြစ်သည်။ အထူးသဖြင့် ပူးပေါင်းလုပ်ဆောင်မှုသည် လက်ရှိ သင်ရိုးနှင့် အကဲဖြတ်မှု မူဘောင်များကို နှိုင်းယှဉ်ရန်နှင့် ကြီးမားသော လိုက်ဖက်မှု ဖြစ်စေရန်အတွက် ချဉ်းကပ်မှုများကို ချိန်ညှိနိုင်သော ဒေသကို သတ်မှတ်ရန် ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၀* |
|---|
| *သင်ရိုးနှင့် အကဲဖြတ်မှု မူဘောင်များကို ပြုပြင်ပြောင်းလဲရေးတွင် EBEP များကို တတ်နိုင်သမျှ ပါဝင်စေပါ။* |

[328] စက်မှုနှင့် သက်မွေးပညာ သင်တန်းစနစ်ကို (TVET) ဖွံ့ဖြိုးစေရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများ၏ အစိတ်အပိုင်းအဖြစ် TVET အမျိုးသား အရည်အချင်းများ မူဘောင်ကို စီမံချက်ချခဲ့သော်လည်း အခြေခံပညာအဆင့်များ၏ အောင်မြင်မှုများနှင့် မည်သို့ဖြစ်မည် သို့မဟုတ် မည်သို့ပတ်သက်မည် ဆိုသည်မှာ မရှင်းလင်းပါ။

| *EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၃* |
| --- |
| *သင်ရိုးနှင့် အကဲဖြတ်မှု မူဘောင်များတွင် အစိုးရ ပြုပြင်ပြောင်းလဲရေးကို ပါဝင်လွှမ်းမိုးစေခြင်း နှင့် စနစ်နှစ်ခုအကြား ပြည့်စုံစေရန် ထောက်ပံ့ခြင်း ဖြစ်လာစေရန်။* |

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၈* |
| --- |
| *ပညာရေးစနစ်များအကြား ပြည့်စုံမှု တိုးတက်လာစေရန် စုပေါင်းအားထုတ်သော သုတေသနနှင့် သင်ရိုးပုံစံ စီမံချက်များကို ဆောင်ရွက်ပါ။* |

| *နိုင်ငံတကာအထောက်အပံ့ အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၄* |
| --- |
| *ပညာရေးစနစ်များအကြား ပြည့်စုံမှု တိုးတက်လာစေရန်အတွက် စုပေါင်းအားထုတ်သော သုတေသနနှင့် သင်ရိုးပုံစံ စီမံချက်များကို ထောက်ပံ့ရန် အစီအစဉ်များကို တိုးတက်စေရန် ဆောင်ရွက်ပါ။* |

## ချက်ချင်းနှင့် နီးကပ်သောကာလ ကိစ္စရပ်များ

ကတိကဝတ်များ၏ မြင့်မားသော အဆင့်များနှင့်ပင် ယခင် ကဏ္ဍခွဲများတွင် ပြုပြင်ပြောင်းလဲရေးများသည် နှစ်ပေါင်းများစွာ အချိန်ယူရဖွယ် ရှိသော်လည်း ချက်ချင်းနှင့် နီးကပ်သောကာလ ကိစ္စရပ်များစွာသည် မကြာမီသောကာလနှင့် ယခုကာလရှိ ကျောင်းသားများ၏ ပြဿနာရပ်များကို ဖြေရှင်းရာတွင် ကူညီလိမ့်မည်ဖြစ်သည်။

ကျေးလက်ဒေသရှိ တိုင်းရင်းသားများဒေသများတွင် ကျောင်းထွက်မှုနှုန်းသည် အမြင့်ဆုံးဖြစ်နေပြီး နှစ်ကျများသည်လည်း များပြားနေရာ EBEP ကျောင်းများမှ ပညာရေးဝန်ကြီးဌာန ကျောင်းများသို့ တည့်တည့်မတ်မတ် ကျောင်းပြောင်းလာသူများကို ခွင့်ပြုခြင်းသည် ထိုသို့ ပြောင်းခွင့်ရှိမှုနှင့် ကျောင်းသားများကို ထိန်းသိမ်းထားနိုင်မှုကို ကြီးမားစေရန် အစိုးရ၏ ကြီးမားသော အားထုတ်မှု၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ကလေးများကို ပညာရေးဖြည့်ဆည်းပေးရန်အတွက် အခြေခံဥပဒေက အခွင့်အာဏာ ပေးထားခြင်းနှင့်အညီ မူလတန်းကျောင်းများတွင် ၁၀၀ ရာခိုင်နှုန်း ကျောင်းအပ်နှံမှု မူဝါဒရည်မှန်းချက်နှင့် လက်ရှိ သို့မဟုတ် ယခင် အောင်မြင်မှုများ သို့မဟုတ် ဘာသာစကားဆိုင်ရာ စွမ်းရည် စသည်တို့နှင့် မသက်ဆိုင်ဘဲ ပညာရေးဝန်ကြီးဌာနသည် ကျောင်းအပ်နှံခြင်းနှင့် ကျောင်းသားများကို ထိန်းသိမ်းထားနိုင်ခြင်း ဗဟို မူဝါဒတစ်ခုကို ပြုလုပ်သင့်သည်။

ကျောင်းသားအားလုံး ကျောင်းအပ်ပြီး ကျောင်းထားခြင်းနှင့် ယင်းတို့၏ အောင်မြင်မှု တိုးတက်လာစေရန် ကျောင်းများက ထောက်ပံ့နိုင်သော အကောင်းဆုံး အထောက်အပံ့ဖြစ်သည့် ဦးစားပေးခြင်း အစီအစဉ်ကို ပညာရေးဝန်ကြီးဌာနသည် ပြုလုပ်သင့်သည်။ ယင်းအစီအစဉ်တွင် EBEP ကျောင်းများ၌ ယခင်က ကျောင်းအပ်ခဲ့သော ကျောင်းသားများလည်း ပါဝင်သင့်ပြီး မြန်မာဘာသာကျွမ်းကျင်မှု နိမ့်ကျသော ကျောင်းသားများနှင့် စွမ်းရည်နိမ့်ကျသော အခြားကျောင်းသားများလည်း ပါဝင်သင့်သည်။

ထို့အပြင် ကျောင်းအပ်နှံခြင်းသည် မိဘများက ပေးရသော အခြား တရားမဝင် အခကြေးငွေများ သို့မဟုတ် လာဘ်စားမှုများပေါ် တွင် တည်မှီမနေသင့်ဘဲ ကျောင်းအုပ်များ၊ အခြား တာဝန်ရှိသူများနှင့် ပုဂ္ဂိုလ်ရေး ဆက်ဆံမှုများပေါ် တွင်လည်း တည်မှီမနေသင့်ပါ။ ယင်းအလေ့အကျင့်များသည် ကလေးအားလုံးကို ပညာရေး ထောက်ပံ့ဖြည့်ဆည်းပေးခြင်း၏ အစိုးရအတွက် အခြေခံဥပဒေဆိုင်ရာ အခွင့်အာဏာများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပြီး မည်သည့် အခြေအနေတွင်မဆို ပညာရေးဝန်ကြီးဌာနက ယင်းကိစ္စများကို သည်းမခံသင့်ပေ။

| *အစိုးရသို့ တိုက်တွန်း အကြံပြုချက် # ၁၁* |
| --- |
| *ယခင်က EBEP ကျောင်းများတွင် ကျောင်းအပ်ထားသော ကလေးများနှင့် မြန်မာဘာသာစကား ကျွမ်းကျင်မှု နိမ့်ကျသောကလေးများ အပါအဝင် မည်သည့်ကလေးကိုမျှ အခြေခံပညာရေးတွင် ကျောင်းအပ်နှံခြင်းမှ ပယ်ဖျက်ခြင်း မပြုသင့်ပါ။* |

EBEP များနှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆောင်ရွက်ခြင်းသည် ကျောင်းသားများ ချောမွေ့စွာ ကျောင်းပြောင်းနိုင်ရေးကို အကူအညီဖြစ်စေလိမ့်မည်ဖြစ်သော နည်းလမ်းများစွာ ရှိသည်။ အစိုးရ၊ MNEC/MNED နှင့် KED/KSEAG (နှင့် KRCEE) တို့အကြား ညှိနှိုင်းဆောင်ရွက်ခြင်းသည် စနစ်များအတွင်း အခြား EBEP များကို ပုံမှန်အစီအစဉ်များ တည်ထောင်ရန် ဆက်လက် တိုးချဲ့ဆောင်ရွက်သင့်သည်။ EBEP များက ထုတ်ပေးသော ပုံမှန်ကျောင်းပြောင်း ထောက်ခံစာများကို ကျောင်းသားများ၏ တတ်မြောက်မှုအဆင့်များ အသိအမှတ်ပြုခြင်းဖြင့် ပညာရေးဝန်ကြီးဌာန၏ ကျောင်းများက လက်ခံနိုင်စေရန် အလို့ငှာ အခြေခံစနစ်တစ်ခုကို ချက်ချင်း ဖွံ့ဖြိုးစေရန် လုပ်ဆောင်သင့်သည်။ နေရာဆန်းစစ်ချက်များကို အသုံးပြုလျှင် EBEPများမှ ကျောင်းပြောင်း ကျောင်းသားများအတွက် ပြင်ဆင်နိုင်စေရန် ဂရိတ်တိုင်းတွင် ယင်းကို သေချာစွာ သုံးရန်အတွက် ရှင်းလင်းသော မူဝါဒများ ရှိသင့်သည်။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၉* |
| --- |
| *EBEP ကျောင်းများနှင့် ပညာရေးဝန်ကြီးဌာန၏ ကျောင်းများအကြား ကျောင်းပြောင်းမှု လွယ်ကူစေရန် အခြေခံအစီအစဉ်များကို စောနိုင်သမျှစောစွာ တည်ထောင်ပါ။*<br>• *ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသော EBEP များက ထုတ်ပေးသည့် ကျောင်းပြောင်း ထောက်ခံစာများ။*<br>• *နေရာဆန်းစစ်ချက် သုံးခြင်းအတွက် တစ်သမတ်တည်းဖြစ်သော မူဝါဒများ။* |

ရေရှည်အတွက် ပင်မသုတေသန အသစ်နှင့် ကျောင်းသားများနှင့် ယင်းတို့၏ ကျောင်းအတွေ့အကြုံများကို ပုံမှန်စစ်ဆေး ကြည့်ရှုခြင်းဖြင့် ကျောင်းပြောင်းခြင်းများအတွက် စနစ်ကျသော လမ်းညွှန်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုအားထုတ်ကြိုးပမ်းသော ဆွေးနွေးမှုများနှင့် ပူးတွဲစီမံချက် အကောင်အထည်ဖော်ခြင်းသည် လိုအပ်ဖွယ်ရှိသည်။ အထူးသဖြင့် ကျောင်းပြောင်းကျောင်းသားများ၏ အထောက်အပံ့ပုံစံသည် ယင်းတို့၏ တတ်မြောက်မှုနှင့် လျော်ညီသော ဂရိတ်များတွင် ပညာရေးဝန်ကြီးဌာန ကျောင်းများ၌ ဝင်ရောက်မှုကို လက်ခံရန် လိုအပ်ပြီး ယင်းတို့အတွက် အကျိုးအမြတ် အမှန်တကယ် ပြန်လည်ပေးနိုင်ခြင်း ရှိ မရှိကို စစ်ဆေးရန် အားထုတ်သင့်သည်။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက်များ # ၁၀* |
| --- |
| *ရေရှည်တွင် ကျောင်းပြောင်း ကျောင်းသားများအတွက် ပိုမို သမာသမတ်ကျပြီး စနစ်ကျသော အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရနှင့် EBEP များအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပါ။* |

ထူးခြားသော သုတေသနအစီအစဉ်များတွင် အောက်ပါတို့ ပါဝင်သည်၊ ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ လက်ရှိ သင်ရိုးနှင့် အကဲဖြတ်ခြင်း စံသတ်မှတ်ချက်များကို နှိုင်းယှဉ်ခြင်း၊ EBEP ကျောင်းများမှ ကျောင်းပြောင်းကျောင်းသားများ ကြုံရသော အခက်အခဲများနှင့် ပညာရေးဝန်ကြီးဌာန စနစ်တွင် ဂရိတ်အသီးသီး၌ တွေ့ကြုံရသော အခက်အခဲများကို လေ့လာခြင်းများ၊ ကျောင်းပြောင်းကျောင်းသားများကို ယခင် ဂရိတ်များတွင် ပြန်လည်ထားရှိခြင်းနှင့် မထားရှိသော ကျောင်းသားများကို နှိုင်းယှဉ်လေ့လာခြင်း၊ EBEP ကျောင်းသားများစွာကို လက်ခံသော ပညာရေးဝန်ကြီးဌာနကျောင်းများနှင့် အတန်းအသီးသီး တွေ့ကြုံရသည့် အခက်အခဲများကို လေ့လာခြင်းများ၊ ပညာရေးဝန်ကြီးဌာန ကျောင်းများမှ EBEP ကျောင်းများသို့ ကျောင်းပြောင်းသော ကျောင်းသားများ၏ တတ်မြောက်မှုနှင့် အခက်အခဲများကို မည်သို့ ကျော်လွှားသည်ဆိုသည့် လေ့လာမှုများ၊ ဒုက္ခသည်များနှင့် IDP များ ပြန်လာခြင်းနှင့် ပြန်လည်နေရာချထားခြင်းအတွက် ပုံသေလုပ်ငန်းများနှင့် မဟာဗျူဟာများ လေ့လာခြင်းများနှင့် EBEP များမှ ပညာရေးဝန်ကြီးဌာနသို့ ပြောင်းခြင်းများကို မည်သို့ စီမံခန့်ခွဲမည် ဆိုသည်ကို လေ့လာခြင်းတို့ ဖြစ်သည်။[329]

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၁၁* |
| --- |
| *ကျောင်းပြောင်းအစီအစဉ် ဖွံ့ဖြိုးရေးကို ကျောင်းသားနှင့် ကျောင်းပညာ တတ်ကျွမ်းမှုကို ပင်မသုတေသနအသစ်နှင့် စောင့်ကြည့်ခြင်းဖြင့် လမ်းညွှန်သင့်သည်။* |

[329] ကရင်နှင့် ကရင်နီ EBEP များနှင့် Save the Children က ထုတ်လုပ်ထားသော သီးခြားစီ ထောက်ခံအားပေးမှု အစီရင်ခံစာများတွင် ဤဒေရိယာအတွင်းရှိ ကန့်သတ်ချက်အချို့ကို ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ယင်းသည် များစွာ လက်တွေ့အစီအစဉ်ကျသော မူဝါဒအကြံပြုချက်များ အပါအဝင် ပိုမိုအသေးစိတ်သော တိုက်တွန်းအကြံပြုချက်များ ပါဝင်သည်။

| *နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၅* |
| --- |
| *နိုင်ငံတကာ ထောက်ပံ့ရေး မိတ်ဖက်အဖွဲ့အစည်းများသည် ပင်မသုတေသနအသစ်များ ဖွံ့ဖြိုးရေးနှင့် ကျောင်းသားနှင့် ကျောင်းအတွေ့အကြုံများ စောင့်ကြည့်ရာတွင် အစိုးရနှင့် EBEP များကို ကူညီသင့်သည်။* |

ဤသုတေသနသည် ကျောင်းပြောင်းကျောင်းသားများကို ထောက်ပံ့ရန်နှင့် ယင်းတို့၏ အောင်မြင်မှုကို ပိုမိုကြီးမားစေရန် ဖွံ့ဖြိုးရေး အပိုဝန်ဆောင်မှုများကို အသိပေးသင့်သည်။ ယင်းကိစ္စတွင် မြန်မာဘာသာနှင့် အဆင်မပြေသော ဘာသာရပ်များတွင် အားပေးခြင်းနှင့် သင်ခန်းစာများ လိုက်မီစေခြင်းတို့ ပါဝင်သည်။ ကျောင်းပြောင်းကျောင်းသားများသည် စွမ်းရည်နှင့် အရေးကြီးသော အချက်အလက် ဗဟုသုတများ နည်းပါးကြောင်း သုတေသနကဖော်ပြလျှင် ခြောက်လ သို့မဟုတ် တစ်နှစ် သင်ခန်းစာများကို ကျောင်းသားများ အသက်နှင့် လျော်ညီစေရန် ယင်းတို့၏ ဂရိတ်များကို ပြင်ဆင်ပေးရန် လိုအပ်သည်။

ဖြစ်နိုင်သည့် နေရာများတွင် ပညာရေးဝန်ကြီးဌာနသည် မြန်မာစကားပြောသူများ မဟုတ်သောသူ များစွာရှိသည့် စာသင်ခန်းများတွင် ပထမဘာသာစကားနှင့် ဆက်သွယ်နိုင်သော ဆရာများ ရှိစေသင့်သည်။ ယင်းဘာသာစကား ကျွမ်းကျင်မှုများရှိသည့် အရည်အချင်းပြည့် ကျောင်းဆရာများ မရရှိသော နေရာ သို့မဟုတ် မြန်မာဘာသာစကားအတွက် ရုန်းကန်နေရသော တိုင်းရင်းသား လူနည်းစုကျောင်းသားများ ရှိသည့် စာသင်ခန်းများတွင် ဒေသခံဘာသာစကားစွမ်းရည်များနှင့် စာသင်ခန်း လက်ထောက်များသည် ကျောင်းသားများ ရုန်းကန်နေကြရမှုကို ကူညီနိုင်လိမ့်မည်။ ယင်းစာသင်ခန်း လက်ထောက်များသည် သင်ယူမှုတွင် စွမ်းရည်နည်းပါးသူများကို ကူညီနိုင်စွမ်း ရှိလိမ့်မည်။

ယင်းတို့တွင် ဒေသဘာသာစကား စွမ်းရည်များနှင့် EBEP စနစ်များကို သိသော ကျောင်းဆရာများ ရှိပေရာ ပညာရေးဝန်ကြီးဌာနနှင့် EBEP ရောနှောကျောင်းများသည် EBEP အပြည့်အဝဖြစ်သော ကျောင်းများမှ ကျောင်းပြောင်းကျောင်းသားများကို အထောက်အပံ့ပေးရန် ပြည့်စုံစွာ ဖြည့်ဆည်းထားရှိကြရမည် ဖြစ်သည်။ ရောနှောကျောင်းများ၏ အုပ်ချုပ်ရေးကို တရားဝင် ဖြစ်စေနိုင်လျှင် ယခင် ဒုက္ခသည်များ၊ ရွှေ့ပြောင်းပြည်သူများနှင့် EBEP ကျောင်းများကို တက်နေသော IDP ကျောင်းသားများကို အံဝင်ခွင်ကျ ဖြစ်စေရာတွင် အဆိုပါကျောင်းများသည် အသုံးကျနိုင်သည်။

ကျောင်းသားများကို ယင်းတို့၏ တိုးတက်မှု အဆင့်နှင့် အသင့်လျော်ဆုံး ဂရိတ်တွင် ထားရန် အရေးကြီးသည်။ အကျိုးရှိသည်ဟု သုတေသနကဖော်ပြနိုင်လျှင် ယင်းတို့ကို ယခင်နေရာတွင် ထားသင့်သည်။ ယခင်နေရာတွင် ပြန်ထားသော ကျောင်းသားများသည် စနစ်သစ်၊ တစ်ခါတစ်ရံ ဘာသာစကားအသစ်နှင့် ပြည့်စုံစွာ ညီညွတ်နေရာ အခြားတစ်ဖက်သည် ပိုမိုနစ်သက်ဖွယ်ဖြစ်ပြီး ငယ်ရွယ်သော ကျောင်းသားများနှင့် တောက်လျောက်လေ့လာခြင်းတွင် ရှက်စရာဖြစ်တတ်သည်။ ယင်းသည် ကျောင်းထွက်နှုန်းမြင့်မားခြင်းကို ဖြစ်စေပြီး ကျောင်းသားများ၏ မိမိကိုယ်ကို ယုံကြည်မှုနှင့် လုပ်ဆောင်နိုင်မှုကို ဖျက်ဆီးတတ်သည်။ တစ်ကမ္ဘာလုံးတွင် ကျောင်းထွက်နှုန်းကို အဓိကအနေဖြင့် လျှော့ချရန် များစွာသော ပညာရေးစနစ်များသည် ဂရိတ်အားလုံး အကူးအပြောင်း သို့မဟုတ် မူလတန်းမှ အလယ်တန်းနှင့် အလယ်တန်းမှ အထက်တန်းကျောင်းများကဲ့သို့ အဓိက အဆင့်များတွင် ကျောင်းသားများအား အလိုအလျောက် အတန်းတင်ခြင်းကို လက်ခံသည်။ ကျောင်းပြောင်းကျောင်းသားများကို ထားသင့်သော ဂရိတ်ထက် ယင်းတို့လိုအပ်သော အထောက်အပံ့ပုံစံကို စစ်ဆေးရန်အတွက် နေရာဆန်းစစ်ချက်များကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၂* |
| --- |
| *EBEP များမှ ပြောင်းလာသော ကျောင်းသားများသည် ယင်းတို့၏ အောင်မြင်မှုအဆင့် တိုးတက်ရန် နှင့် ဘာသာစကားဆိုင်ရာ သို့မဟုတ် သင်ကြားရေးဆိုင်ရာ အားနည်းမှုများကို ကုစားရန် အပိုထောက်ပံ့မှုများ ရရှိသင့်သည်။* |

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၃* |
| --- |
| *EBEP များမှ ပြောင်းလာသော ကျောင်းသားများကို ယင်းတို့၏ ယခင် တတ်ကျွမ်းမှုနှင့် အလျော်ညီဆုံးဖြစ်မည့်အပြင် ယင်းတို့၏ သင်ယူမှုများကို အကျိုးအရှိဆုံး ဖြစ်စေမည့် ဂရိတ်များတွင် ထားရှိသင့်သည်။*<br>• *EBEP မှ ပညာရေးဝန်ကြီးဌာနကျောင်းများသို့ ပြောင်းရွှေ့လာသော ကျောင်းသားများကို ယခင်ဂရိတ်တွင် နေရာချထားလျှင်၊ နေရာချထားသောအခါ မည်သို့ နေရာချထားမည်ဆိုသည်ကို နောက်ထပ် သုတေသနများဖြင့် စစ်ဆေးရန်လိုအပ်ပြီး EBEP မှ EBEP သို့ ပြောင်းရွှေ့ခြင်းနှင့်မူ ကွဲပြားဖွယ်ရှိသည်။* |

ပြောင်းရွှေ့ဖွယ်ရှိသည့် ကျောင်းသားများကို ဖြစ်နိုင်သမျှ အကောင်းဆုံး ပြင်ဆင်စေရန် EBEP များတွင် တာဝန်ရှိပေသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် ကိုယ်ပိုင်သင်ရိုးနှင့် အကဲဖြတ်မှုများ သုံးစွဲခြင်းကို ပြုလုပ်သော်လည်း နောက်တစ်ဆင့် ပညာရေးကို လက်တွေ့ကျသော နည်းလမ်းများ မပေးနိုင်သော EBEP များတွင် ပညာရေးဝန်ကြီးဌာနစနစ်သို့ နောက်ဆုံးတွင် ဝင်လာရသော ပြင်ဆင်ပေးထားသည့် ကျောင်းသားများအတွက် တာဝန်ရှိသည်။ များစွာသော ကျောင်းသားများ ပညာရေးဝန်ကြီးဌာနစနစ်သို့ ဝင်ရောက်ကြသော နေရာများတွင် EBEP များသည် ကျောင်းသားများကို မြန်မာဘာသာစကားနှင့် အထိအတွေ့ရှိရန် ဖြည့်ဆည်းပေးသင့်ပြီး ပညာရေးဝန်ကြီးဌာန၏ နေရာဆန်းစစ်ချက်အတွက် ကျောင်းသားများကို ပြင်ဆင်ပေးရာတွင် စတင်သင့်သည်။ နေရာဆန်းစစ်ချက်အတွက် သီးသန့် ထောက်ပံ့ပေးခြင်းများ အပါအဝင် တစ်သမတ်တည်းဖြစ်သော သဘောတူထားသည့် ကျောင်းပြောင်းလုပ်ငန်းစဉ်များ ရှိခဲ့လျှင် ယင်းသည် ထူးခြားစွာ ပိုမို လက်တွေ့ကျလိမ့်မည် ဖြစ်သည်။

| *EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၄* |
|---|
| *နည်းလမ်းတစ်ခုကို ယူဖွယ်ရှိလျှင် ပညာရေးဝန်ကြီးဌာန ကျောင်းများသို့ ကျောင်းပြောင်းလာသူ ကျောင်းသားများအတွက် ပြည့်စုံသော ပြင်ဆင်ပေးမှုများ ရှိစေရန် EBEP များတွင် တာဝန်ရှိသည်။* |

ယခင် အခန်းခွဲများရှိ တိုက်တွန်းအကြံပြုထားသော ပိုမိုပြည့်စုံသည့် အကဲဖြတ်မှုနှင့် အရည်အချင်းပုံစံများအစား အခြားဘာသာရပ်များနှင့် ညီမျှမှုရှိသည်ဟု တိုင်းရင်းသားဘာသာရပ်များကို သုံးသပ်စေရန်အတွက် တဖြည်းဖြည်းခြင်း တိုးတက်မှု ရှိစေရန် ပညာရေးဝန်ကြီးဌာနသည် လုပ်ဆောင်သင့်ပြီး EBEP လက်အောက်တွင် ပညာရေးပြည့်စုံသော ကျောင်းသားများသည် အသိအမှတ်ပြုမည့် အရည်အချင်းများရှိကြသည်။

ရောနှောကျောင်းများနှင့် (တိုင်းရင်းသား စာပေ စာသင်ခန်းများ မိတ်ဆက်ထားသော ပညာရေးဝန်ကြီးဌာန ကျောင်းများတွင်) ကျောင်းသားများနှင့် ကျောင်းအုပ်ချုပ်ရေးများက လုံလောက်သော သတိရှိမှုကို ပေးနိုင်စေရန်အတွက် တိုင်းရင်းသားဘာသာများကို အခြားဘာသာရပ်များနှင့် တန်းတူဖြစ်သည်ဟု သုံးသပ်ခြင်းသည် အရေးပါသည်။ ဤကိစ္စကို အခြား ဘာသာရပ်များကဲ့သို့ပင် ကျောင်းသားများ တိုင်းရင်းသားဘာသာရပ်များကို အောင်မြင်ခြင်းနှင့် ပတ်သက်ပြီး အားထားနေရစေရန် ဂရိတ်များအတွင်း တိုးတက်မှုကို လိုချင်ကြသည်ဟု တစ်သမတ်တည်း ဖြေလာသူများအတွက် ဘာသာရပ်အားလုံး အရေးကြီးပေရာ တစ်သမတ်တည်း အတန်းတက်ခြင်း၏ လိုအပ်ချက်များ ဆုံးရှုံးခြင်းကို ပညာရေးဝန်ကြီးဌာနက သုံးသပ်သင့်သည်။ ရောနှောကျောင်းများတွင် ဆရာများက လုပ်ပေးထားသော ဆန်းစစ်ချက်များနှင့် ယင်းဘာသာရပ်များကို ဆန်းစစ်ခြင်းအား စာသင်ခန်းအတွင်း ပြုလုပ်ရသည်။ ယင်းဆန်းစစ်ချက်များကို တရားဝင် ဆန်းစစ်ချက်များဟု အသိအမှတ်ပြုလျှင်  သို့မဟုတ် တူညီသော ဆန်းစစ်ချက်များကို EBEP က ဖွံ့ဖြိုးတိုးတက်စေလျှင် သို့မဟုတ် EBEP နှင့် ပညာရေးဝန်ကြီးဌာနတို့က ပူးပေါင်းဖွံ့ဖြိုးတိုးတက်စေလျှင် အဖွဲ့အစည်းများက အဆုံးအဖြတ်ပေးရလိမ့်မည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၄* |
|---|
| *ပိုမိုပြည့်စုံသော အကဲဖြတ်မှု ပြုပြင်ပြောင်းလဲရေးများအစား တိုင်းရင်းသားဘာသာရပ်များ အကဲဖြတ်မှုကို ကျောင်းအုပ်ချုပ်ရေးများနှင့် ကျောင်းသားများက အခြားဘာသာရပ်များကဲ့သို့ ပေးနိုင်စေရန် ဆောင်ရွက်ပါ။* |

အသိအမှတ်ပြုထားသော EBEP အရည်အချင်းများအတွက် ပိုမိုပြည့်စုံသော စနစ်အစား EBEP က ပေးသော ယုံကြည်စိတ်ချရသည့် အရည်အချင်းများကို တရားဝင်အဖြစ် အသိအမှတ်ပြုစေရန် အစိုးရက အဆင့်ဆင့် ပြုလုပ်သင့်သည်။ အကယ်၍  သောင်းနှင့်ချီသော အရေအတွက် မဟုတ်လျှင် ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများရှိ ကရင်နှင့် ကရင်နီကျောင်းများနှင့် အခြား IDP နှင့် ရွှေ့ပြောင်းကျောင်းများတွင်ပင် အထက်တန်းကျောင်း ပညာရေးနှင့် အဆင့်မြင့် ပညာရေးကို ပြီးဆုံးခဲ့ကြသည်။ ယင်းဘွဲ့ရများတွင် ဒုက္ခသည်များနှင့် ပြည်တော်ပြန်များသာမက နေရာပျောက်ဆုံးသွားခြင်းမရှိသော ကလေးငယ်ပေါင်းများစွာလည်း ပါဝင်သည်။ ယင်းကလေးများသည် ကျောင်းတက်ရန်အတွက် စခန်းများကို လှည့်လည်သွားလာခဲ့ရကာ ယခုအခါ ယင်းတို့၏ မိသားစုများနှင့် အိမ်သို့ ပြန်ကြပြီဖြစ်သည်။ သက်တမ်းမကုန်သေးသည့်အနေဖြင့် သင့်လျော်သောနေရာတွင် ပညာရေးဝန်ကြီးဌာန အရည်အချင်းများ ရရှိခြင်းနှင့် ယင်းတို့ကို တရားဝင် အသိအမှတ်ပြုသော အဆင့်များနှင့် ညီညွတ်မှုကို စစ်ဆေးရန် အစိုးရက ယင်းအရည်အချင်းများကို အကဲဖြတ်သင့်သည်။ အကောင်းဆုံးမှာ ယင်းတို့ကို ပညာရေးဝန်ကြီးဌာန အရည်အချင်းများနှင့် ညီမျှသည်ဟု အသိအမှတ်ပြုသင့်သည်။

နောက်ထပ်ချိန်ညှိခြင်းနှင့် အနာဂတ်တွင် အရည်အချင်းမူဘောင်နှစ်ခု၏ တူညီသော ရည်ရွယ်ချက်အတွက် စီမံချက်များနှင့်အတူ ယာယီကိစ္စအဖြစ် ကနဦးပြုလုပ်နိုင်သည်။ အထက်တန်းနှင့် အဆင့်မြင့်ပညာရေးများ ပြီးဆုံးသွားသော ကျောင်းသားများကို မြန်မာနိုင်ငံတွင် သူတို့ ရထိုက်သော အခွင့်အရေးများကို ရယူရန်အတွက် အငြင်းမခံရသင့်ပေ။

ယင်းလုပ်ဆောင်မှုသည် ဥပဒေပြုမှု ပုံစံတစ်ခု သို့မဟုတ် သမ္မတ ကြေညာချက်တစ်ခုဖြင့် လုပ်ဆောင်နိုင်သည်။ အလုပ်ရှင်များ သတိထားမိစေရန် ယင်းကို ပြည်သူအများ သိရှိစေရန် ကြေညာသင့်ပြီး မီဒီယာမှ တင်ပြသင့်သည်။ ပြည်သူအများပါဝင်သော လှုပ်ရှားမှုများကို ပြည်တော်ပြန်များ သို့မဟုတ် ကရင်နှင့် ကရင်နီ EBEP အရည်အချင်းများ ရှိထားသူများက ဒေသများစွာတွင် ဆောင်ရွက်နိုင်သည်။ ကရင်နှင့် ကရင်နီ EBEP စနစ်များသည် ယင်းတို့၏ အစားထိုး အရည်အချင်းများကြောင့် အကောင်းဆုံး ကျော်ကြားသော်လည်း ယုံကြည်စိတ်ချရသော ပညာရေး တရားဝင် အထောက်အထားပြုမှုကို အခြား EBEPများက ကမ်းလှမ်းခြင်းအား ခွဲခြားရန်အတွက် အလုပ်ပိုလုပ်ရန် လိုအပ်သည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၅* |
| --- |
| *EBEPအရည်အချင်းများကိုတရားဝင်အသိအမှတ်ပြုစိတ်ချရစေခြင်းအတွက်ပိုမိုပြည့်စုံသောစနစ်တစ်ခုအစားEBEPကထုတ်ပေးထားသည့် စိတ်ချရသော အရည်အချင်းများကို တရားဝင်အဖြစ် အသိအမှတ်ပြုစေရန် အစိုးရက အဆင့်ဆင့် လုပ်ဆောင်သင့်သည်။ ဒုက္ခသည် စခန်းများမှ ကျောင်းများကဲ့သို့ ကရင်နှင့် ကရင်နီ EBEP များက ထုတ်ပေးထားသော ယင်း အရည်အချင်းများကို အကောင်းဆုံးအဖြစ် သိကြသော်လည်း စိတ်ချရသော အလားတူ အခြားအရည်အချင်းများလည်း ရှိနိုင်သေးသည်။* |

## အခန်း (၁၂)၊ လူမျိုးစုအခြေပြုပညာရေးအဖွဲ့အစည်းများ ဝန်ဆောင်မှု၏ အရည်အသွေးနှင့် ဘဏ္ဍာရေး ထောက်ပံ့မှု

EBEP များသည် ယင်းတို့ ထောက်ပံ့ထားသော ပညာရေး၏ အရည်အသွေးအားလုံး တိုးတက်စေရန် လုပ်ဆောင်ရာတွင် ထင်ရှားသော စိန်ခေါ်မှုများကို ကြုံကြရသည်။ အချို့စိန်ခေါ်မှုများသည် ပညာရေးဝန်ကြီးဌာနက တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် ဆင်တူသော်လည်း EBEP များသည် ဆိုးရွားသော ဘဏ္ဍာရေးအခြေအနေကို ကြုံတွေ့ခံစားကြရသည်။ ယင်းအခြေအနေသည် ကျောင်းဆရာများစွာကို ကျောင်းပြောင်းသွားစေရန် ဖြစ်စေပြီး ယင်းတို့၏စနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရေရှည်မဟာဗျူဟာများ တိုးတက်စေရေးအတွက် အခက်အခဲများ ဖြစ်ပေါ်စေသည်။ EBEP များ၏ သင့်လျော်ကောင်းမွန်သော နည်းစနစ်သုံး အကဲဖြတ်မှုသည် ဤသုတေသန၏ ဆောင်ရွက်နိုင်မှုဘောင်ကို ကျော်လွန်သွားပြီး မည်သည့်ကိစ္စရပ်များတွင်မဆို ကြီးမားစွာ ပြောင်းလဲမှု ရှိသည်။ မည်သို့ဖြစ်စေ ဤအခန်းသည် EBEP တို့ ကြုံတွေ့နေရသော ကြီးမားကျယ်ပြန့်ပြီး ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်သော စိန်ခေါ်မှုများမှ အချို့နှင့် ပတ်သက်ပြီး အကြမ်းဖျင်း ဖော်ပြကာ တိုက်တွန်းအကြံပြုချက်များပေးသည်။

### ဘဏ္ဍာရေးနှင့် အထောက်အပံ့အရင်းအမြစ်များ

EBEP များသည် ဒေသဆိုင်ရာ ရပ်ရွာများက ထောက်ပံ့ထားသော ကျယ်ပြန့်သည့် အရင်းအမြစ်များအပေါ် တည်မှီနေသော ရပ်ရွာ အခြေပြု ကျောင်းများကို ထောက်ပံ့ခြင်းအား အဓိကအားဖြင့် အလုပ်လုပ်ကြသည်။ စျေးရောင်းပွဲတော်နှင့် အခြား လူထုလှုပ်ရှားမှုများကဲ့သို့ တစ်အိမ်တက်ဆင်း အလှူငွေကောက်ခံခြင်းမှတစ်ဆင့် ကျောင်းရှိ ကလေးများနှင့်သာမက ဘဏ္ဍာရေးကို ရပ်ရွာတစ်ခုလုံးထံမှ ရှာဖွေကြရသည်။ ယင်းအထောက်အပံ့များသည် ပထမဦးစွာ ကျောင်းဆရာ ထောက်ပံ့ကြေးဆီသို့ ရောက်သွားပြီး အဆောက်အဦစရိတ်၊ ပစ္စည်းများ၊ ပြင်ဆင်မှုနှင့် ပရိဘောဂများအတွက်လည်း သုံးရသည်။ ရပ်ရွာများ၏ ထောက်ပံ့မှုကို အားပေးစည်းရုံးရန် အထောက်အပံ့အတွက် ကတိပေးထားသော ဘာသာရေးခေါင်းဆောင်များ၊ EAO ခေါင်းဆောင်များ၊ အခြားဩဇာရှိ ပြည်သူများကို ကျောင်းများက မှီခိုနေကြရသည်။ ဆင်းရဲသော မိသားစုများက သူတို့၏ ကလေးများကို ကျောင်းထားနိုင်ရန်အလို့ငှာ မိဘများက ဆရာထောက်ပံ့ကြေးအတွက် သီးသန့်လှူဒါန်းကြသော်လည်း ယင်းသည် ကျောင်းဆရာများကို ပေးသည့်အခါမှ ပေးခြင်းဖြစ်သည်။ ကျောင်းစီမံအုပ်ချုပ်မှု၊ ပြင်ဆင်ထိန်းသိမ်းမှုနှင့် များစွာသော ပုံမှန်အလုပ်များသည် ဒေသဘာသာရေး ခေါင်းဆောင်များကဲ့သို့ ကျောင်းကော်မတီ သို့မဟုတ် မိဘဆရာအသင်း ကိစ္စရပ်များအတွက် ပြည်သူလုပ်အားပေး ပါဝင်မှုကို အားထားနေရသည်။

သို့သော် ကွာဟချက်များ ဖြည့်ဆည်းရန် ကျောင်းကော်မတီများက အပိုဘဏ္ဍာငွေ ရှာဖွေရေးနှင့် ကြီးမားများပြားသော ရပ်ရွာအထောက်အပံ့ကို အစိုးရကျောင်းများသည်လည်း မှီခိုနေကြရသည်။ ထို့အပြင် ကလေးများ ကျောင်းတက်နိုင်စေရန် ပုံမှန်နှင့် ပုံမှန်မဟုတ်သော ကျောင်းလခများသည်လည်း မိဘများအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေသည်။ ပညာရေးဝန်ကြီးဌာနက ခန့်မှန်းတွက်ချက်ရာတွင် အိမ်ထောင်စုများမှ လာသော ပညာရေး သုံးစွဲမှု အားလုံး၏ ဝေပုံကျသည် ပညာသင်နှစ် ၂၀၀၉-၁၀နှင့် ၂၀၁၃-၁၄ အတွင်း ၆၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။ ယင်းမှာ အစိုးရသုံးစွဲမှု တိုးတက်လာသောကြောင့်ဖြစ်ပြီး မည်သို့ပင်ဖြစ်စေ ၃၀ ရာခိုင်နှုန်းသည်ပင် ကြီးမားသော ဝေပုံကျတစ်ခု ဖြစ်နေပေသည်။[330] ဥပမာတစ်ခုအနေဖြင့် ပညာရေးဝန်ကြီးဌာနက ပင်မထောက်ပံ့ထားသော ပညာရေးဝန်ကြီးဌာနနှင့် MNED ရောနှောကျောင်း တစ်ကျောင်းတွင် ကျောင်းကော်မတီခေါင်းဆောင်တစ်ဦးက အစိုးရ၏ ထောက်ပံ့မှုသည် လုံးဝ မညီမျှကြောင်း မကျေနပ်ချက်ကို တိုင်တန်းပြီး ပို့ဆောင်ရေးနှင့် ပရိဘောဂကဲ့သို့ မလုံလောက်သော အပိုကုန်ကျငွေများရှိကြောင်း ထောက်ပြသည်။ "သူတို့က ကျွန်တော်တို့ကို ပေးတယ်လို့ ဟန်ဆောင်နေကြတာနဲ့ တူနေတယ်။ ဒါပေမဲ့ အမှန်တကယ်တော့ မဟုတ်ဘူး" ဟု သူက ရှင်းပြသည်။[331]

ကျောင်းအုပ်ချုပ်ရေး၏ လည်ပတ်မှုအဆင့်သည် ဒေသကျောင်းများကို ဂုဏ်ရှိစေပြီး မြင့်မားစွာ တန်ဖိုးထားသော ရပ်ရွာများကို ပိုင်ဆိုင်မှု အနေအထား ပေးအပ်သည်။ သို့သော် ယင်းသည် ပြည်သူများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး အထူးသဖြင့် မိဘများအပေါ်တွင် ကရင် လူ့အခွင့်အရေးအဖွဲ့၏ အဆိုအရ "ပညာရေးအတွက် ရပ်ရွာအထောက်အပံ့က အရင်းအမြစ်အနည်းငယ်ကို ထုခွဲရောင်းချပြီး ပညာရေးတိုးတက်စေရန် အလုပ်လုပ်ရသော အမျိုးသမီးကျောင်းဆရာမများကဲ့သို့ မိမိဘာသာရပ်တည်ပြီး ကလေးများကို တိုးတက်စေသည့် အမျိုးသမီးများ ထူးခြားစွာ များပြားလာစေသည်"[332] ဟု ဆိုသည်။ မွန်အမျိုးသား ကျောင်းတစ်ကျောင်းမှ ကျောင်းကော်မတီ ခေါင်းဆောင်က စာရေးသူကို အကူအညီတောင်းရာတွင် "ကျေးဇူးပြုပြီး MNEC ရယ်၊ အစိုးရရယ်၊ နိုင်ငံတကာအဖွဲ့တွေရယ် ဒါမှမဟုတ် ရွာသားတွေရဲ့ ထောက်ပံ့မှုကို အားမကိုးရစေဖို့ ကိုယ့်ကျောင်းတွေ

---

[330] ကမ္ဘာ့ဘဏ်၏ ပြည်သူ့အသုံးစရိတ် သုံးသပ်ချက်ကို ဖော်ပြသည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက ဖြန့်ချိသော NESP ၏ မထုတ်ဝေသည့် မူကြမ်းတွင် ဤခန့်မှန်းချက် ပါဝင်သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် ဖြန့်ချိသော ကမ္ဘာ့ဘဏ်၏ ပြည်သူ့အသုံးစရိတ် သုံးသပ်ချက်က ဤခန့်မှန်းချက်ကို ပြုလုပ်ရန် အချက်အလက်များ မရရှိသော်လည်း "ပြည်ထောင်စု အစိုးရသည် ပညာရေးအတွက် အဓိက ဘဏ္ဍာရေးထောက်ပံ့သူများအဖြစ် ပုဂ္ဂလိက အိမ်ထောင်စုများကို အစားထိုးဖွယ်ရှိသည်"ဟု အတည်ပြုခဲ့သည်။ ကမ္ဘာ့ဘဏ် (၂၀၁၅)၊ စာမျက်နှာ ၄၇။

[331] ကျောင်းအုပ်ဆရာနှင့် ကျောင်းကော်မတီခေါင်းဆောင်တို့ ရောနှော မူလတန်းလွန်ကျောင်း-၁ တွင် အုပ်စု ဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[332] KHRG(၂၀၁၆)။ စာမျက်နှာ ၃၄။ ထိုဝန်ထုပ်ဝန်ပိုးများသည် အမျိုးသား ကျောင်းဆရာများထက် အမျိုးသမီး ကျောင်းဆရာများပေါ် ကျရောက်မည် ဆိုပါက ညွှန်းဆိုရန်အတွက် သီးသန့် အကြောင်းအရာများ မပေးပါ။

ကို ရန်ပုံငွေထောက်ပံ့ဖို့ နည်းလမ်းရာတဲ့ ဘယ်သူဖြစ်ဖြစ်အတွက်ရယ် တိုက်တွန်းအကြံပြုချက်ကို ထည့်ပေးပါ။ သူတို့ဟာ တာဝန်ဝတ္တရားတွေ အများကြီး ရှိနေကြပါတယ်။ ဒါပေမဲ့ ပြဿနာတွေနဲ့ တီးတိုး အပုပ်ချခံရတာတွေ ဖြစ်နိုင်ပြီး ဒါတွေဟာ မကောင်းပါ ဘူး" ဟု ပြောသည်။[333]

ရပ်ရွာကထောက်ပံသော ရန်ပုံငွေထက် ကျော်လွန်ပြီး နိုင်ငံတကာ အထောက်အပံ့ကို မှီခိုနေကြရပြီး ယင်းသည် နိုင်ငံတကာ NGO များနှင့် မြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့များနှင့် မိတ်ဖက်ဆောင်ရွက်မှုများမှတစ်ဆင့် စနစ်တကျထောက်ပံ့ထားသော နိုင်ငံတကာ အထောက်အပံ့များအပေါ်တွင် EBEP အများစုသည် မှီခိုနေကြရသည်။ ရန်ပုံငွေစုစုပေါင်းသည် စီမံကိန်းများကို အခြေခံပြီး ထောက်ပံ့ထားခြင်းဖြစ်ကာ ကွဲပြားသော လုပ်ငန်းတာဝန်များနှင့် ဝန်ဆောင်မှုများကို နည်းလမ်းမျိုးစုံမှ ရန်ပုံငွေ ပေးအပ်နေပြီး ယင်းဘတ်ဂျက်များသည် တစ်ကြိမ်လျှင် ခြောက်လမှ နှစ်အနည်းငယ်အတွက် ပေးခြင်းဖြစ်သည်။ နောင်တွင် ဘတ်ဂျက်များကို ပေးမည်ဟု အာမခံမှု မရှိသောအခါ ယင်းကိစ္စသည် ရေရှည် စီမံကိန်း ပြဿနာဖြစ်ပြီး အားနည်းမှုများကို ဖြေရှင်းရန် သို့မဟုတ် ရပ်ရွာကျောင်းများကို ဆက်လက်ထောက်ပံ့ရန် အာမခံချက်ပေးထားခြင်းကိုပင် ရေရှည် ဖွံ့ဖြိုးရေးမဟာဗျူဟာများမှ EBEP များကို အဟန့်အတားဖြစ်စေသည်။

EAO များက အုပ်ချုပ်မှုတာဝန်ယူထားသော နေရာတွင် အပစ်အခတ် ရပ်စဲထားပြီး ရန်ပုံငွေအတွက် ပိုမိုတည်ငြိမ်သော အရင်းအမြစ်များရှိလျှင် ယင်းတို့၏ ကိုယ်ပိုင် ပညာရေးဌာနများ၊ ဘာသာရေး ပညာရေး အဖွဲ့များနှင့် ရပ်ရွာကျောင်းများသို့ တိုက်ရိုက်ထောက်ပံ့ကြသည်။ သို့သော် ကြီးမားသော ပမာဏများကို EAO မှ EAO သို့ ထောက်ပံ့ရာတွင် ကွဲပြားကြပြီး တစ်ခါတစ်ရံ အမျိုးမျိုးသော အုပ်ချုပ်ရေးနှင့် တပ်ဌာနချုပ် နေရာများတွင်လည်း ကွဲပြားမှုရှိကြသည်။ အထောက်အပံ့၏ အခြေခံအကျဆုံးနှင့် ယေဘုယျပုံစံတွင် EAO-ED များ၏ ဗဟိုရုံးများ တည်ထောင်မှု၊ ရိက္ခာထောက်ပံ့မှုနှင့် သင်ကြားရေးနှင့် သင်ကြားရေးမဟုတ်သော ဝန်ထမ်းများအတွက် နေရာထိုင်ခင်း၊ ကျောင်းကိုလာသည့် ဝန်ထမ်းများအတွက် ယာဉ်များ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ရန်ပုံငွေနှင့် ကျောင်းတစ်ကြိမ် ဆောက်လုပ်ခြင်း စီမံချက်များအတွက် ပစ္စည်းများ ပါဝင်သည်။

ဒေသဆိုင်ရာ EAO အာဏာပိုင်များသည် ကျောင်းဆောက်လုပ်ရေးအတွက် ရန်ပုံငွေနှင့် အရင်းအမြစ်များ၊ အုပ်ချုပ်မှု သို့မဟုတ် သင်ကြားရေး ဝန်ထမ်းများအတွက် ရိက္ခာ (တစ်ခါတစ်ရံ ထောက်ပံ့ကြေး သို့မဟုတ် အိပ်ဆောင်ငွေ)၊ ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်ခြင်း[334] နှင့် သီးသန့် ပညာရေးအစီအစဉ်များအတွက် ကုမ္ပဏီ အခွန်ဆောင်ခြင်း စသော ပုံစံမျိုးစုံကို (ဥပမာ IDP များ) ပေးအပ်ကြသည်။ သူတို့သည် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများတစ်လျှောက် စစ်ဆေးရေးဂိတ်များတွင် ကောက်ခံမှုများ အပါအဝင် အချို့အခွန်များကို ပညာရေး ဝန်ထမ်းများအတွက် သက်သာခွင့် ရကြသည်။ သို့သော် အားလုံးအတွက်မူ EAO များသည် ယင်းတို့၏ လူမှုရေး ဆောင်ရွက်ချက်များအတွက် နိုင်ငံတကာ ရန်ပုံငွေများကို ကြီးမားစွာ မှီခိုနေရဆဲ ဖြစ်ပြီး ယင်းတို့၏ ကိုယ်ပိုင် ရန်ပုံငွေအများစုကို ကတိထားခြင်း မရှိပေ။

တိုင်းရင်းသားဒေသများရှိ အစိုးရအထောက်အပံ့ရထားသည့် ပညာရေးဝန်ကြီးဌာနပိုင် မဟုတ်သော ကျောင်းများသာ သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖြစ်ကြသည်။ ကောင်းဟတ်ကွန်ရက်ရှိ ကျောင်း ၂၅ ကျောင်းတွင် ၁၃ ကျောင်းမှာ ထိုသို့ မှတ်ပုံတင်ထားကြပြီး ဖတ်စာအုပ်များ၊ ကျောင်း အထောက်အပံ့များနှင့် ကျောင်းဆရာ ထောက်ပံ့ကြေးများ ရရှိကြသည်။ ယင်းထောက်ပံ့ကြေးများကို နောက်ပိုင်းတွင် မှတ်ပုံမတင်ထားသော ကျောင်းများကိုပါ ခွဲပေးကြရသည် (အခန်း ၄ ကို ကြည့်ပါ)။ သို့သော် အခြား ဘာသာရေးအဖွဲ့များနှင့် ပူးပေါင်းဖွဲ့စည်းထားသော ကျောင်းများသည် အစိုးရ ရန်ပုံငွေ မရရှိကြပေ။

## ကျောင်းဆရာ အထောက်အပံ့နှင့် လေ့ကျင့်ရေး

အများစုမှာ ရန်ပုံငွေ မရှိသောကြောင့် EBEP များသည် အထူးသဖြင့် စိန်ခေါ်မှုများဖြစ်သော ငှားရမ်းရခြင်း၊ ထိန်းသိမ်းထားခြင်း၊ အရည်အချင်းရှိ ကျောင်းဆရာအတွက် လုံလောက်သော အခပေးရခြင်းတို့ ကြုံတွေ့ရသည်။ ကျောင်းဆရာလစာသည် သို့မဟုတ် အဆင်ပြေသကဲ့သို့ စီစဉ်ထားသော ထောက်ပံ့ကြေးငွေသည် များစွာ နည်းပါးလှပြီး ထို့ကြောင့်ပင် ကျောင်းဆရာများထံမှ တစ်နှစ်ထက်ပိုပြီး အလုပ်လုပ်မည်ဟု အာမခံချက် မရရှိပေ။ အကြောင်းမှာ ရန်ပုံငွေ အရင်းအမြစ်များ မတည်ငြိမ်သောကြောင့် ဖြစ်သည်။ ကျောင်းဆရာထောက်ပံ့ကြေးငွေ ပမာဏသည် စနစ်တကျ မှတ်တမ်းထားခြင်း မရှိခြင်းနှင့် ရပ်ရွာမှ လှူဒါန်းခြင်း ပါဝင်ခြင်း မရှိဘဲ လစဉ် အမေရိကန် ဒေါ်လာ ၁၅ မှ ၆၀ ကြား ပတ်ဝန်းကျင် ပေးရန် ရည်ရွယ်သည်။ EBEP ကျောင်းဆရာအများစုသည် ယင်းတို့၏ ကိုယ်ပိုင်ပညာရေး သို့မဟုတ် ပညာရေးဝန်ကြီးဌာနမှ အနည်းဆုံး အထက်တန်းပညာရေး ရှိကြပြီးကြပြီး တိုင်းရင်းသားဘာသာစကားတွင် ကျွမ်းကျင်ကြသည်။ သို့သော် ယင်းတို့ကို ရှာဖွေထိန်းသိမ်းရန်အတွက် ခက်ခဲနိုင်သည်။

[333] မိဘများနှင့် ကျောင်းဆရာများတို့ မွန်အမျိုးသား အလယ်တန်းကျောင်း-၁ တွင် အုပ်စုဆွေးနွေးခြင်း။ (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[334] ရပ်ရွာသည် ကျောင်းဆောက်လုပ်ရာတွင် သစ်လုံးများနှင့် သဘာဝပစ္စည်းများသုံးရန်အတွက် EAO များထံမှ ခွင့်ပြုချက် ရရှိရန် လိုအပ်သည်။ သစ်ခုတ်ခြင်းအတွက် စည်းမျဉ်းသတ်မှတ် ပြဋ္ဌာန်းထားပြီး သို့မဟုတ် အခြားကိစ္စများမှာ EAO က ပိတ်ပင်ထားသော်လည်း ရပ်ရွာနှင့် လူထုအဆောက်အဦများ တည်ဆောက်ရေးကိုမူ ခြွင်းချက်ထားရှိသည်။ KNU ဒေသတွင် စီးပွားဖြစ် သစ်ခုတ်ခြင်းကို ပိတ်ပင်ထားပြီး ယင်း၏ သစ်တောဌာနက ကျောင်းဆောက်လုပ်ခြင်းနှင့် အခြား အဆောက်အဦများအတွက် ရပ်ရွာကို ခွင့်ပြုချက်ပေးရန် လက်စွဲစာအုပ်တွင် အသေးစိတ် ဖော်ပြထားသည်။

အဓိက စိန်ခေါ် မှုများမှာ အရည်အသွေးပြည့် မွန် ဘာသာစကား ပညာရေး ရှိစေရန်ဖြစ်ပြီး ရေနော မူလတန်းလွန်ကျောင်းမှ အစိုးရ ကျောင်းအုပ်ဆရာတစ်ဦးက ပြောကြားရာတွင် မွန်ဘာသာ သင်ကြားရေးအတွက် ယင်းဆရာမကို အစိုးရ ရန်ပုံငွေ ထောက်ပံ့ထားသော်လည်း အခက်အခဲမှာ MNED ကျောင်းဆရာများကိုသာ ထိန်းသိမ်းထားရန် ဖြစ်သည်။ "[MNED ကျောင်းဆရာမ] ကို ကျောင်းမှာ အလုပ်ဆက်လုပ်ဖို့ ထိန်းသိမ်းရမှာ ခက်ခဲပါတယ်။ ဆရာမ ဘယ်လို ဆက်လုပ်မယ်ဆိုတာ ကျွန်မတို့ မသိပါဘူး" ဟု သူမက ပြောသည်။[335] ထို့အပြင် UNICEF က MNEC အဖွဲ့ဝင်တစ်ဦးကို မေးမြန်းရာတွင် "ကျောင်းသား-ဆရာ အချိုး" တိုးတက်လာခြင်း၏ လိုအပ်ချက်ကို အဓိက ရည်ရွယ်ချက်တစ်ခုဖြစ်ကြောင်း ဖော်ပြသည်။[336] ထင်ရှားသည်မှာ ငယ်ရွယ်သော MNED ကျောင်းဆရာများသည် သုံးနှစ်စာချုပ်အတွက် လုပ်ကိုင်ကြသော်လည်း နောက်ပိုင်းတွင် ဆွေမျိုးများ သို့မဟုတ် မိသားစုများအတွက် ပြုစုစောင့်ရှောက်ရန် ရပ်လိုက်ကြသည်။ သို့မဟုတ် လစာကောင်းသော အလုပ်ကို လုပ်ကိုင်ရန် ရှာဖွေကြပြီး တစ်ခါတစ်ရံ ရွှေ့ပြောင်းလုပ်သား လုပ်ကြသည်။ အခြားသူများကမူ သူတို့ကဲ့သို့ သုံးနှစ်မျှပင် မလုပ်ကြပေ။

EBEP ကျောင်းဆရာများကို ယင်းတို့၏ လုပ်ငန်းခွင်တွင် ထားခြင်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆန္ဒရှိမှုနှင့် ရပ်ရွာအတွက် ဆောင်ရွက်ပေးလိုစိတ်များပေါ် တွင် မူတည်သည်။ MNED အလယ်တန်းကျောင်းဆရာ တစ်ဦးက "ကျွန်တော် ဘွဲ့ရပြီးတော့ ကျောင်းဆရာတစ်ယောက် ဖြစ်ချင်ခဲ့တယ်။ ပြီးတော့ ကျောင်းကလည်း ကျောင်းဆရာတစ်ယောက် လိုနေတယ်။ ဒါပေမဲ့ ကျွန်တော်က မွန်ယဉ်ကျေးမှုကိုသာ စိတ်မဝင်စားဘူးဆိုရင် အဲဒီအလုပ် မလုပ်နိုင်ဘူး။ ကျွန်တော်တို့က မွန်ဆိုတော့ ကလေးတွေကို မွန်ဘာသာ သင်ပေးချင်တယ်။"[337] အခြားကျောင်းဆရာငယ်တစ်ဦးက "ကျွန်တော်တို့က မွန်ဆိုတော့ ကျွန်တော်တို့ ကျောင်းအတွက် ကျွန်တော်တို့ တာဝန်ယူရမယ်"[338] ဟု ပြောသည်။ ထို့အတူ Save the Children နှင့် UNESCO က ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ပြုလုပ်ထားသော အကြိုဆရာ၊ ဝန်ထမ်းဆရာနှင့် ကျောင်းဆရာဟောင်းများ လေ့လာမှုတစ်ခုက "စာသင်ခြင်းအတွက် အဓိက တွန်းအားသည် သက်မွေးဝမ်းကြောင်း ရွေးချယ်မှု သို့မဟုတ် သက်မွေးဝမ်းကြောင်း လမ်းကြောင်းဆိုသည်ထက် နည်းပါးပြီး ရပ်ရွာဖွံ့ဖြိုးရေး သို့မဟုတ် ကျောင်းများအတွက်ဖြည့်ဆည်းပေးရန် ကျောင်းဆရာများအတွက် ရပ်ရွာလိုအပ်ချက်များကို အထောက်အကူပေးရန် ယင်းတို့၏ မွေးရာပါ လှုံ့ဆော်မှု ဖြစ်သည်" ဟု ဆိုသည်။[339]

EBEP များသည် တစ်ခါတစ်ရံ လိုအပ်နေသော ဘာသာစကားနှင့် စာပေ ကျွမ်းကျင်မှုရှိသော ကျောင်းဆရာများကို ရှာဖွေရန် အခက်အခဲ ရှိကြသည်။ ပညာရေးဝန်ကြီးဌာနနှင့် MNED ရေနော ကျောင်းတစ်ကျောင်းမှ လုပ်သက်ရင့် ကျောင်းဆရာကြီး တစ်ဦးက "ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က လစာလေး နဲနဲပဲ ရတယ်။ အဲဒါက ကျွန်တော်တို့ ကျောင်းဆရာတွေကို ထိန်းထားဖို့ ခက်စေတာပဲ။ ဒါကြောင့် ကျွန်တော်တို့ ကျောင်းဆရာတွေကို နှစ်တိုင်း လက်လွှတ်လိုက်ရတယ်။ လူတွေက မွန်ဘာသာအတွက် တော်တဲ့ ကျောင်းဆရာတွေ လိုချင်ကြတာ သိပါတယ်။ ဒါပေမဲ့ ကျောင်းဆရာတွေက ကျွန်တော်တို့ကို မေးတယ် [ဘယ်လောက်ပေးနိုင်မှာလဲတဲ့]။ ကျွန်တော် သူတို့ကို ပြောပါတယ်။ နည်းလမ်းတော့ မရှိဘူးလို့"[340] ဟု ပြောပြသည်။ အရှေ့ဒေါနဒေသရှိကရင်ရွာတစ်ရွာတွင် ကျောင်းကော်မတီက ရှင်းပြရာ၌ ကရင်စာ ကောင်းကောင်းသင်နိုင်သော သင်နိုင်သူ ကျေးရွာများတွင် များစွာရှိကြောင်း၊ သို့သော် သူတို့သည် နွေသင်တန်းများကို မသင်နိုင်ကြကြောင်း၊ သူတို့သည် နှစ်တစ်နှစ်၏ အချိန်များစွာတွင် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းလုပ်သားများအဖြစ် အလုပ်လုပ်ကြကြောင်း ပြောသည်။ အခြားရွာများမှ လာသော ပိုးကရင် ကျောင်းဆရာများအတွက် ဘုရားကျောင်းမှတစ်ဆင့် ကျေးရွာက စီစဉ်ပေးရကြောင်း ပြောသည်။ သို့သော် သူတို့သည် စကောကရင် ကလေးအများစုကို စကောစာပေ မသင်ကြားပေးနိုင်ကြကြောင်းနှင့် ယင်းအစား မြန်မာဘာသာကို ပိုမို အားကိုးကြကြောင်းသိရသည်။[341]

အချို့EBEP များသည် အကြိုဆရာနှင့် ဝန်ထမ်းဆရာများကို ကျောင်းဆရာ သင်တန်းပေးကြသည်။ ဥပမာအားဖြင့် KTWG သည် ကျောင်းဆရာ ကောလိပ်တစ်ခုကို ဖွင့်ထားပြီး အကြိုဆရာ ကိုးလသင်တန်းကို ပေးကာ စာသင်နှစ် တစ်နှစ်လျှင် သင်တန်း နှစ်ကြိမ်ပေးရန်အတွက် ကရင်ဒေသတစ်ခုလုံး လှည့်လည်သွားလာရန် ဒါဇင်နှင့်ချီသော ရွေ့လျားသင်တန်းဆရာများကို ခန့်ထားသည်။ ယင်းသင်တန်းဆရာများသည် အချို့ဒေသများတွင် ကျောင်းကော်မတီများကို လိုအပ်သော သင်တန်းများ ပေးကြသည်။ ဗမာပြည်အရှေ့ပိုင်း ကျောင်းစီမံချက် (EBCS) ၏ အခြားအဖွဲ့ဝင်အဖွဲ့အစည်းများက ချမှတ်ထားသော စံပြပုံစံ ရှိကြပြီး ယင်းတွင် RDFSS ပါဝင်သည်။ ကောင်းဟတ်ကျောင်းများမှ ကျောင်းဆရာများသည် ထိုသင်တန်းများကြောင့် အကျိုးရှိခဲ့ကြသည်။

---

[335] ရေနော မူလတန်းလွန်ကျောင်း-၁ တွင် ကျောင်းအုပ်ဆရာ၊ ကျောင်းကော်မတီများနှင့် အုပ်စုဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[336] ဂျက်စီကာ အောမင်န်နှင့် ဦးသက်နိုင်၏ "Working with Non-State Groups to Help All Children Get an Education,"။ UNICEF မြန်မာ ဘလော့ဂ်၊ ၂၀၁၅ ခုနှစ် ဧပြီလ ၈ ရက်နေ့၊ http://unicefmyanmar.blogspot.com/2015/04/working-with-non-state-groups-to-help.html. တွင် ကြည့်နိုင်သည်။

[337] မွန်အလယ်တန်းကျောင်း-၁ တွင် ကျောင်းဆရာများနှင့် အုပ်စုတွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[338] မွန်အလယ်တန်းကျောင်း-၁ တွင် ကျောင်းဆရာများနှင့် အုပ်စုတွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ ကော်စတာ နှင့် မာရေး (n.d.), စာမျက်နှာ ၃။

[339] ကော်စတာ နှင့် မာရေး (n.d.)၊ စာမျက်နှာ ၃

[340] အမျိုးစုံ ဖြစ်နေသော ပညာရေးဝန်ကြီးဌာနနှင့် MNED ရေနောကျောင်းများတွင် MNED မူလတန်း ကျောင်းဆရာများနှင့် အုပ်စုတွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[341] အရှေ့ဒေါနဒေသ ကျေးရွာ-၂ တွင် ဆွေးနွေးခြင်း (၂၀၁၅ခုနှစ် အောက်တိုဘာလ)၊ အသင်းတော်မှတစ်ဆင့် ဖွဲ့စည်းဆောင်ရွက်သော်လည်း ယင်းကျောင်းဆရာများသည် KED/KSEAG မှ ထောက်ပံ့ကြေး ရရှိသည်။

သို့သော် EBEP အများစုတွင် စနစ်တကျ သင်တန်းပေးခြင်းအတွက် အရေးကြီးသော အရင်းအမြစ်များ မရှိကြပါ။ တိုးတက်သော အဆင့်များတွင် ကျောင်းဆရာများကို သင်တန်းပေးရန်မှာ သို့မဟုတ် တက်ကြွသော ကျောင်းဆရာများကို သင်တန်းပေးရန်အတွက်မှာ ၎င်းတို့ ကျောင်းပြောင်းသွားသောကြောင့် အခက်အခဲဖြစ်ရသည်။ ဤသုတေသန ဆောင်ရွက်နေသည့် ကာလအတွင်း တွေ့ဆုံမေးမြန်းခံရသော ကျောင်းဆရာများစွာက သူတို့သည် မည်သည့် ပုံမှန်သင်တန်းကိုမျှ မရရှိခဲ့ကြကြောင်း၊ သို့သော် ယေဘုယျအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို မရှင်းလင်းကြောင်း ပြောကြသည်။ ကျေးလက်ဒေသများတွင် တာဝန်ပေးခံရသည့် ပညာရေးဝန်ကြီးဌာန နေ့စားလပေး ကျောင်းဆရာများ၏ ထူးခြားသော အပိုင်းတစ်ခုမှာ အနည်းငယ်မျှသောသင်တန်း ရရှိခြင်း သို့မဟုတ် လုံးဝ သင်တန်းမရရှိခြင်းများ ကြုံတွေ့ကြရခြင်း ဖြစ်သည်။

EBEP များတွင် ရန်ပုံငွေ မရှိခြင်းကလည်း အခြေခံ ကျောင်းပစ္စည်းများ၊ ဖတ်စာအုပ်များနှင့် ပရိဘောဂများအတွက် မလုံလောက်မှုကို ဖြစ်စေပြီး အချို့ကျောင်းများတွင် ပြုပြင်ထိန်းသိမ်းခြင်းပင် မလုပ်နိုင်သည်ကို တွေ့ရသည်။ လေ့လာမှုအတွက် မေးမြန်းခံရသော MNED နှင့် KED/KSEAG ကျောင်းဆရာများက EBEP များကို ကျောင်းဖတ်စာအုပ်များ၊ ဘောပင်များနှင့် ခဲတံများ ဖြည့်ဆည်းပေးမှုအတွက် အားမထားနိုင်ဘဲ စာသင်ခန်းထဲတွင် အခက်အခဲများ တစ်ခါတစ်ရံ ဖြစ်ရသည်။

EBEP များတွင် သူငယ်တန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို ထောက်ပံ့ရန် အရင်းအမြစ် လုံလောက်ခြင်း မရှိချေ။ တွေ့ဆုံမေးမြန်းမှု ဖြေကြားသူများက ထိုအကြောင်းကို ပြောပြကြရာတွင် EBEP ကျောင်းများမှ တစ်ဆင့် ယင်းတို့၏ ကလေးများကို အခြားတွင် ကျောင်းထားရန်တွင်ပင် တစ်ခါတစ်ရံ ပညာရေးဝန်ကြီးဌာနအတွက် ဒေသနစ်သက်စရာ တစ်ခုဖြစ်ကြောင်း ပြောကြသည်။ MNED နှင့် ပညာရေး ဝန်ကြီးဌာန ကျောင်းများ နှစ်ခုစလုံးရှိသော မွန်ရပ်ရွာအဖွဲ့အစည်းတွင် မိဘများအဆိုအရ ကလေးများသည် ပညာရေးဝန်ကြီးဌာန၏ သူငယ်တန်းကို စတင်တက်ရောက်လျှင် EBEP ကျောင်းများကို ပြောင်းရန် မလွယ်ကူတော့ကြောင်း သိရသည်။[342] ထို့အတူ ယင်းနေရာနှင့် အခြား ရပ်ရွာများတွင် အနီးဆုံး EBEP ၏ အလယ်တန်းနှင့် အထက်တန်းကျောင်းများသည်ပင် များစွာ ဝေးလွန်းလှကြောင်း သိကြသည့်အတွက် မိဘများသည် ယင်းတို့၏ ကလေးများ ပညာရေးဝန်ကြီးဌာန မူလတန်းကျောင်းများတွင် ထားရန် နှစ်သက်ကြသည်။

## တိုက်တွန်းအကြံပြုချက်များ

EBEP များသည် ယင်းတို့ကို မှီခိုနေသော ထောင်နှင့်ချီသည့် ကျောင်းသားများအတွက် ယင်းတို့၏ လက်ရှိ ဆောင်ရွက်ပေးမှုများ ထိန်းသိမ်းခိုင်မာစေရေးအတွက်နှင့် နိုင်ငံရေးအခြေချမှု အနေအထားတွင် အနာဂတ် အခြေအနေများအတွက် မဟာဗျူဟာများဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိန်ခေါ်မှုများကို ကြုံတွေ့ရသည်။ နိုင်ငံရေးဆိုင်ရာ နေရာယူမှု မတိုင်မီ EBEP များသည် နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းများမှ ဆက်လက်ပေးအပ်သော ကတိကဝတ်များအပေါ်တွင် အဓိက တည်မှီနေကြရပြီး EAO များက တိုးတက်လာသော ရန်ပုံငွေများဖြင့် ထောက်ပံ့နိုင်ခဲ့ကြသည်။ ရေရှည်တွင် နိုင်ငံရေးတိုးတက်မှု ပြုလုပ်နိုင်လျှင် EBEP များ၏ လူထု ဘဏ္ဍာရေး ရွေးချယ်မှု လမ်းကြောင်းများနှင့် တရားဝင် အသိအမှတ်ပြုမှုနှင့် စည်းမျဉ်းများကို ထိုအဖွဲ့အစည်းများ မရှိလျှင်ပင် နိုင်ငံတော်သည် ယင်း၏ ပညာရေး တာဝန်ရှိမှုများအတွက် တာဝန်ခံမှု ရှိလာလိမ့်မည် ဖြစ်သည်။

## နီးကပ်သော သက်တမ်းတွင် EBEP များ ခိုင်မာရှင်သန်ရေး

လက်နက်ကိုင် ပဋိပက္ခများကို ပြည့်စုံသော နိုင်ငံရေး အခြေချမှု ဆောင်ရွက်ပေးနိုင်သည့် တိုင်အောင် EBEP များ၏ ပညာရေး ဖွံ့ဖြိုးမှု မဟာဗျူဟာသည် နိုင်ငံတော်၏ ကျန်ရစ်သော လွတ်လပ်မှုအပေါ်တွင် ဆက်လက် အလေးထားဦးမည် ဖြစ်သည်။ ယင်းအဓိပ္ပာယ်မှာ လူထုပညာရေး ရန်ပုံငွေ အဖွဲ့အစည်းတွင် ၎င်းတို့ နားလည်သဘောပေါက်မှုရှိရှိဖြင့် ပါဝင်မည်မဟုတ်ဘဲ အချို့ကိစ္စများတွင် အစိုးရက ထိန်းချုပ်ထားသော ဒေသ များမှတစ်ဆင့် သို့မဟုတ် မြန်မာနိုင်ငံတွင် ထိန်းသိမ်းထားသော ဘဏ်စာရင်းများမှ တစ်ဆင့် အစိုးရ မှတ်ပုံတင်ခြင်းကို မမှီခိုသော နည်းလမ်းများ ဖြင့် အလုပ်ဆက်လုပ် နေရလိမ့်ဦးမည်ဖြစ်သည်။ ပဋိပက္ခများသည် နည်းပါးသွားလိုက် ဖြစ်ပေါ်လာလိုက်ရှိနေရာ အနည်းဆုံး နောင်ငါးနှစ်မှ ၁၀နှစ်အတွင်း[343] ကာလတွင် ယင်းဒေသများ၌ ပညာရေးစနစ် ခိုင်မြဲစေရန် လုပ်ဆောင်နေသူအားလုံးသည် မဟာဗျူဟာများကို တိုးတက်စေရန် လုပ်ဆောင်သင့်သည်။

---

[342] မွန်အမျိုးသားမူလတန်းကျောင်း-၁ တွင် မိဘများ၊ ကျောင်းဆရာများနှင့် အုပ်စုတွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။ မွန်အလယ်တန်းကျောင်း-၁တွင် မိဘများ၊ ကျောင်းဆရာများနှင့် အုပ်စုတွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

[343] အချို့ပုံစံများရှိသော လက်နက်ကိုင်ပဋိပက္ခများသည် ကြာရှည်စွာ ဆက်လက်ဖြစ်ပေါ်နေကြသော်လည်း ပါဝင်ပတ်သက်သူများသည် လက်တွေ့တွင် မည်သည့်ကိစ္စ၌မဆို အနာဂတ်တွင် ဝေးကွာသွားမှုအတွက် စီမံချက်ချရန် မျှော်လင့်လိမ့်မည် မဟုတ်ပေ။

ပထမဆုံး အလှူရှင်များသည် EBEP များထံတွင် အမြဲတမ်း တည်ငြိမ်မှုရှိသော အထောက်အပံ့များကို ပေးအပ်ရန် ကတိကဝတ်များ ပေးကြသင့်သည်။ အထိမခံသော ပဋိပက္ခနည်းလမ်းများတွင် နိုင်ငံ၏ အဝေးဆုံးဒေသများနှင့် အားနည်းသော ပြည်သူများထံသို့ ရောက်ရှိနိုင်သော တန်ဖိုးကြီး မိတ်ဖက်များနှင့် နိုင်ငံတော်ကို ကူညီရာတွင် ပညာရေး အဆင့်အတန်း တိုးတက်မှုအတွက် အလှူရှင် အဖွဲ့အစည်းက နိုင်ငံတကာနှင့် အစိုးရ ရည်မှန်းချက်များကို ရရှိအောင်မြင်စေရန် ဆောင်ရွက်သူများအဖြစ် EBEP များကို ရှုမြင်သင့်သည်။ နိုင်ငံတကာ အဖွဲ့အစည်း၏ အထောက်အပံ့များ လုပ်ငန်းသဘာဝအတိုင်း ရရှိနေမည်ဖြစ်သော အစိုးရက ယင်း၏ ပညာရေးစနစ်အပေါ်တွင် တိုးတက်သုံးစွဲနေရာ EBEP များသည် အစားထိုး အရင်းအမြစ်များမရှိသောကြောင့် ပြင်ပ ရန်ပုံငွေပေါ်တွင် မှီခိုအားထားမှု ဆက်ရှိနေဦးမည့်အကြောင်း အလှူရှင်များက နားလည်သင့်သည်။

မြန်မာပညာရေး မြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့ (MEC) သည် စုပေါင်းအလှူရှင် လုပ်ငန်း ဆောင်ရွက်မှုတွင် အရေးပါသော ခြေလှမ်းကို ပြုလုပ်သည်။ ၂၀၁၆ ခုနှစ်တွင် "ပညာရေးစနစ်များအကြား မူဝါဒ ထိတွေ့မှုနှင့် အဆက်အစပ်ကို အဓိကအားဖြင့် တိုးတက်နေသော အာရုံစိုက်မှုများဖြင့် တိုင်းရင်းသားနှင့် ဘုန်းတော်ကြီးသင် ပညာရေးစနစ်များ ခိုင်မာစေရန် [အဖွဲ့၏] အာရုံစိုက်မှုကို လှည့်ပြောင်းလိုက်သော" ခေတ်မီ မဟာဗျူဟာတစ်ခုကို MEC သည် တိုးတက်စေခဲ့သည်။[344] MEC အပြင် အခြားဒေသနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် EBEP များ အထူးသဖြင့် အခြားအဖွဲ့များအနက် ကမ္ဘာ့ပညာရေး၊ Save the Children, Child's Dream၊ မိတ်ဖက်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ မျှော်လင့်ချက် (Partners Relief and Development and Hope International) တို့ကဲ့သို့ EBEP များနှင့် ဆက်ဆံရေး ကောင်းစွာ တည်ထောင်ထားပြီး လုပ်ငန်းအတွေ့အကြုံများ ရှိသောအဖွဲ့များ၏ အရေးပါသော ထောက်ပံ့သူများအဖြစ် ကျန်ရစ်နေခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ပညာရေးသည် USAID မှ ရန်ပုံငွေ ရရှိသော RDFSS နှင့် လွန်ခဲ့သည့် ၁၀ နှစ်က KED/KSEAG နှင့် MNEC/MNED တို့ အပါအဝင် EBEP များ ကို အုပ်ချုပ်မှုဆိုင်ရာ "ကျောရိုး" နှင့် အမာခံ အနေဖြင့် အထောက်အပံ့များ ပေးအပ်သည်။[345]

အထူးသဖြင့် အလှူရှင်များသည် အဓိက ရည်ရွယ်ချက်နှစ်ခုကို ဆက်လက်ထောက်ပံ့ရန် အာရုံစိုက်သင့်သည်၊-

- ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ထားသူများ ရရှိသော လစာနှီးပါး ရရှိစေရန် EBEP ကျောင်းဆရာ လစာများကို တိုးမြှင့် တည်ငြိမ်စေရန်။
- စနစ်များခိုင်မာစေရေးနှင့် မဟာဗျူဟာများ စီမံကိန်း အကောင်အထည်ဖော်ရေး ရည်ရွယ်သော EBEP များနှင့် ရေရှည် မိတ်ဖက် ဆောင်ရွက်မှု ဖွံ့ဖြိုးရန်။

ပထမရည်ရွယ်ချက်သည် EBEP များ၏ ဆောင်ရွက်ချက်များကို တည်ငြိမ်စေရန် ချက်ချင်းဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းဖြစ်သည်။ မသေချာသည့် အခြေအနေမျိုးထက် ကျောင်းဆရာများကို အာမခံသော စာချုပ်အခိုင်အမာနှင့် ကမ်းလှမ်းနိုင်စေရန် သုံးနှစ် သို့မဟုတ် ထို့ထက်ပိုသော နှစ်များအတွက် လစာများကို ကတိပေးရန် အစီအစဉ်များကို လုပ်ဆောင်သင့်သည်။ EBEP လစာများကို တိုးပေးသင့်ပြီး ဖြစ်နိုင်သည့် နေရာတွင် ပညာရေးဝန်ကြီးဌာနကပေးသော လစာနှီးပါး ပေးနိုင်ရန် တိုးမြှင့်သင့်သည်။

ဒုတိယ ရည်ရွယ်ချက်မှာ EBEP စနစ်များကို ပိုမိုတည်ငြိမ်ကြံ့ခိုင်ပြီး ထက်မြက်မှုရှိစေရန် ပိုမိုပြီး လုံးလုံးလျားလျား တည်မြဲသောစနစ်များ ခိုင်မာစေသော အထောက်အပံ့ဆီသို့ ဦးတည်ခြင်းနှင့် စီမံကိန်း တစ်ခုပြီးတစ်ခု သို့မဟုတ် ရေတိုအစီအစဉ် ဆောင်ရွက်မှုများနှင့် ပတ်သက်ခြင်း ဖြစ်သည်။ သီးသန့် မဟာဗျူဟာများကို နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်စေရန် မိတ်ဖက်အဖွဲ့များနှင့် အတူ အလုပ်လုပ်ဆောင်ခြင်းကို ညွှန်းဆိုပြီး ရှင်သန်ခိုင်မာမှု လိုအပ်သည့် နေရာများကို ရှာဖွေရာတွင် "အထောက်အပံ့၊ ဘဏ္ဍာရေး၊ ထိန်းသိမ်းမှုနှင့် သင်ယူခြင်း ဝန်ဆောင်မှုများ အသုံးပြုမှုတို့တွင် ပါဝင်သူများအားလုံး" ကို ထည့်သွင်းစဉ်းစားစေရန် ညွှန်းဆိုသည်။[346] ယင်းသည် စနစ်ကျသော နည်းလမ်းများတွင် EBEP တို့၏ စွမ်းရည်ကို တိုးမြှင့်စေရန် အရေးပါပြီး ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်စီမံချက်များ အကောင်အထည်ဖော်ရန် ခွင့်ပြုနိုင်သည်။

MEC ၏ ၂၀၁၆ အစီအစဉ် မဟာဗျူဟာတွင် EBEP ခိုင်မာရေး စနစ်များအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခု ပါဝင်ပြီး ယင်း၏ ရည်ရွယ်ချက်မှာ "ကျောင်းသားဆောင်ရွက်မှု တိုးတက်စေရေးနှင့် အရင်းအမြစ်များကို အကျိုးရှိရှိသုံးရန် မက်လုံးများနှင့် ပါဝင်သူ ပြည်သူအားလုံးကို ဖြည့်ဆည်းပေးသော အဖွဲ့အစည်းဆိုင်ရာ စနစ်များ"ကို ဖန်တီးရန် ဖြစ်သည်။[347] အစီအစဉ်ပြုလုပ်ထားသော ချဉ်းကပ်မှုတွင် စီမံမှု ခိုင်မာရန်၊ တန်ဖိုးဖြတ်မှု တိုးတက်စေရန်နှင့် အခြားအဓိက နေရာများအတွက် စာသင်ခန်းလုပ်ငန်းစဉ်မှ အစီအစဉ်ချထားမှုများတွင် ကြားဝင်ဆောင်ရွက်မှု

[344] မြန်မာပညာရေး မြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့ (၂၀၁၆)၊ စာမျက်နှာ ၄။

[345] ဤအထောက်အပံ့၏ ကြီးမားသော အရွယ်ပမာဏသည် လက်ရှိတွင် ကမ္ဘာ့ပညာရေးက ပညာရေးကဏ္ဍတစ်ခုကို ဦးဆောင်နေသော IRC-led Project for Local Empowerment ဖြစ်သည့် USAID ထံမှ ရရှိသည်။

[346] ကမ္ဘာ့ဘဏ် (၂၀၁၁) တွင် ပညာရေး "စနစ်များ ခိုင်မာရှင်သန်ရေး"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှ ယူထားသော ကိုးကားချက် ဖြစ်ပါသည်။

[347] မြန်မာပညာရေး မြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့ (၂၀၁၆)၊ စာမျက်နှာ ၃၃၊ ကမ္ဘာ့ဘဏ်မှ ကိုးကားခြင်း။

များ ပြုလုပ်ရန်တို့ ပါဝင်သည်။[348] သုတေသနနှင့် ထောက်ခံအားပေးမှုကို ဆောင်ရွက်ရန်နှင့် ပညာရေးဝန်ကြီးဌာနနှင့် ထိတွေ့မှုရှိရန် EBEP များကို ထောက်ပံ့နေသော အမာခံ အစိတ်အပိုင်းတစ်ခုလည်း ပါဝင်သည်။

ကမ္ဘာ့ပညာရေးတွင် EBEP များ၏ မိတ်ဖက်များ သီးသန့်လိုအပ်ချက်များကို အံဝင်ခွင်ကျ စီမံထားသော ပါဝင်ဆောင်ရွက်မှုများ ပါဝင်သော EBEP များကို "အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးရေး" အထောက်အပံ့ပေးအပ်ရန် တူညီသော ချဉ်းကပ်မှုတစ်ခု ရှိသည်။ ထိုမိတ်ဖက်များမှ တစ်ဆင့် ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် သတင်းအချက်အလက်များကို စီမံခန့်ခွဲရန်၊ စောင့်ကြည့်ရေးနှင့် တန်ဖိုးဖြတ်ခြင်း လက်တွေ့ကျင့်သုံးမှုများကို တိုးတက်စေရန်နှင့် ပညာရေးဝန်ကြီးဌာန အပါအဝင် အခြားဆောင်ရွက်သူများနှင့် စုစည်းထားသော ပြင်ပဆက်ဆံရေးနှင့် ထိတွေ့မှုရှိစေရန် အမာခံ လုပ်နိုင်စွမ်းရည်များ တိုးတက်ရေးနှင့်အတူ ကမ္ဘာ့ပညာရေးက EBEP များကို ထောက်ပံ့နေသည်။ ပညာရေးစနစ်တစ်ခုလုံးကို နားလည်စေရန် အဓိက ခြေလှမ်းတစ်ခုကို ကိုယ်စားပြုသော KED/KSEAG အထောက်အပံ့ခံ ကျောင်းများ၏ ပညာရေး စီမံခန့်ခွဲမှုတွင် ကျောင်းကော်မတီများ၏ အခန်းကဏ္ဍအကြောင်း ပြုလုပ်မည့် လေ့လာရေးတစ်ခု အပါအဝင် သုတေသန ဆောင်ရွက်မှု များစွာကိုလည်း ကမ္ဘာ့ပညာရေးက ထောက်ပံ့ခဲ့သည်။

EBEP များသည် လက်ငင်း အကျိုးအမြတ်များကို ဆောင်ယူလာနိုင်သောသူများထံမှ စနစ်ခိုင်မာမှုမှတစ်ဆင့် ဖြည့်ဆည်းပေးနိုင်သော ကျယ်ပြန့်သည့် လိုအပ်ချက်များ ရှိသည်။ ယင်းအကျိုးအမြတ်များသည် လက်ရှိ သင်တန်းနှင့် ပစ္စည်းပစ္စယ ဖြည့်ဆည်းရေး စီမံချက်များ၏ တိုးတက်လာသော ရန်ပုံငွေကဲ့သို့ ဖြစ်ပြီး သင်ရိုးဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုနှင့် ကျောင်းသားများ နောက်ထပ်ပညာသင်ယူရန် တိုးတက်နေသော အခွင့်အလမ်းများကဲ့သို့ ပိုမို စနစ်ကျသော အရေးကိစ္စများကို ဖြည့်ဆည်းနိုင်သူများထံ အဆိုပါ အကျိုးအမြတ်များ ရောက်ရှိနိုင်သည်။ စနစ်များ ဖွံ့ဖြိုးရေးအတွက် ဒေသအသစ်များ သတ်မှတ်ရန် EBEP များနှင့်အတူ အလုပ်လုပ်နေရင်း နိုင်ငံတကာ မိတ်ဖက်အဖွဲ့များသည် ပါဝင်လုပ်ဆောင်မှု ပုံစံများ၊ လက်ရှိ ပွဲတွေ့ပြီး ထိုးထွင်းလုပ်ဆောင်မှုများကို ထောက်ပံ့ခြင်းများ၏ မှန်ကန်သော ညီမျှခြေကို သတ်မှတ်ရန် ဆောင်ရွက်သင့်သည်။

| *နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၅* |
|---|
| *EBEP တို့၏ ကျောင်းဆရာလစာများ တိုးတက်တည်ငြိမ်စေရန်နှင့် စနစ်ဖွံ့ဖြိုးရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများကို ရေရှည်ထောက်ပံ့ရန် ဆိုသည့် ရည်ရွယ်ချက် နှစ်ခုဖြင့် အနည်းဆုံး နောက်ထပ် ငါးနှစ်အတွက် EBEP များကို ပုံမှန်တည်ငြိမ်သော ထောက်ပံ့မှု ပေးအပ်ရန် အလှူရှင်များက ကတိကဝတ်ပြုကြသင့်သည်။* |

ယုံကြည်ရသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်နေသည့် EBEP များသည် နိုင်ငံတော် ပညာရေးကဏ္ဍ၏ အရေးပါသော အစိတ်အပိုင်းများအဖြစ် ဝန်ဆောင်မှုပေးအပ်ခြင်း တိုးတက်စေရန်နှင့် ယင်းတို့၏ အနေအထား တိုးတက်စေရန် အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများ၏ ဗဟိုအပိုင်း ခိုင်မာစေသော စနစ်များကို ပြုလုပ်သင့်သည်။ အစိုးရသည် ပညာရေးအတွက် သုံးစွဲမှုများကို တိုးမြှင့်ပြီး နည်းစနစ်စွမ်းရည်များ တည်ဆောက်ခြင်းကို တစ်နှစ်ပြီးတစ်နှစ် တိုးတက် လုပ်ဆောင်လာနေရာ EBEP များသည် ပြည်ထောင်စု၏ အနာဂတ်နှင့် ပတ်သက်တည်ရှိစေရန်အတွက် ယင်းတို့၏ အရည်အသွေးရှိ ဝန်ဆောင်မှုများကို တိုးတက်စေရန် လုပ်ဆောင်ကြရမည်။ တိုင်းရင်းသားလက္ခဏာများနှင့် ယင်းတို့၏ တစ်မူထူးသော ပိုင်နယ်နယ်မြေဆိုင်ရာ အနေအထားသည် နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုကို လုပ်ဆောင်နေရာတွင် ရပ်ရွာ၏ ပညာရေးလိုအပ်ချက်များကို ဦးစားပေးရန် ဆက်လက်ပြုလုပ်စေရမည် ဖြစ်သည်။ အခန်း (၈)တွင် တိုက်တွန်းအကြံပြုထားသည့်အတိုင်း EBEP များသည် ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ထားသူများထံသို့ ပိုမိုပြည့်စုံသော ဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် ယင်းတို့၏ တန်ဖိုးများကို ဖော်ပြရန် အစိုးရ၏ မဟာဗျူဟာအချို့နှင့် ချိန်ညှိခြင်းမှတစ်ဆင့် ကြီးမားသော အကျိုးအမြတ် ဖြစ်စေနိုင်သည်။

---

[348] မြန်မာပညာရေးမြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့ (၂၀၁၆)၊ စာမျက်နှာ ၃၆-၃၇။ မဟာဗျူဟာသည် အောက်ပါတို့ပါဝင်သော သော့ချက် ဆိုလိုရင်းများမှ တစ်ဆင့် ကျောင်းသားသင်ယူခြင်းကို တိုးတက်စေရန် ရည်ရွယ်သည်။

(၁) ကျောင်းဆရာ၊ သင်ရိုးနှင့် ပစ္စည်းပစ္စယများ တိုးတက်ရန်အတွက် လေ့ကျင့်ရေးနှင့် အခြားထောက်ပံ့ရေးမှတစ်ဆင့် "စာသင်ခန်း လုပ်ငန်းစဉ်များ တိုက်ရိုက် ခိုင်မာစေရန်"၊

(၂) ကျောင်းအုပ်များနှင့် "ပညာရေးခေါင်းဆောင်များ"၏ လေ့ကျင့်သင်ကြားရေးမှ =တစ်ဆင့် "ကျောင်း၏ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှု ခိုင်မာစေရန်"နှင့် ကျောင်းနှင့် ရပ်ရွာအဆင့်တွင် သတင်းအချက်အလက် စောင့်ကြည့်ရေးစနစ်များ တိုးတက်စေရန်၊

(၃) အဆင့်မြင့်အုပ်ချုပ်ရေးအဆင့်တွင် သတင်းအချက်အလက် စောင့်ကြည့်ရေးနှင့် တန်ဖိုးဖြတ်ရေး စွမ်းရည်များကို တိုးမြှင့်စေခြင်းဖြင့် "ဆက်စပ်လွှမ်းခြုံသော စနစ်ထက်မြက်မှု"ကို ရည်မှန်းချက်ထားရန်နှင့် စနစ်များအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သင်ယူခြင်းတို့အတွက် ချိတ်ဆက်မှုများနှင့် ကွန်ရက်များကို တိုးမြှင့်စေရန်တို့ ဖြစ်ကြသည်။

| EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၅ |
| --- |
| *ယုံကြည်ရသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်နေသည့် EBEPများသည် အထူးသဖြင့် အစိုးရဝန်ဆောင်မှုများ အမြဲတမ်းတိုးတက်ရေး အနေအထားတွင် ဗဟိုမှ အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများ နိုင်မာရေး စနစ်များကို ပြုလုပ်သင့်သည်။* |

EBEP များနှင့် ယင်းတို့၏ လုပ်ဆောင်မှု နည်းလမ်းများနှင့် ကောင်းစွာ သင့်လျော်စေရန် နိုင်ငံတကာ အဖွဲ့အစည်းများက ဖွံ့ဖြိုးရေး အစီအစဉ်များ၏ အစောပိုင်း အဆင့်များကတည်းက EBEP များနှင့် တိုးချဲ့ပူးပေါင်း ဆောင်ရွက်သင့်သည်။ EBEP များတွင် ကျယ်ပြန့်ပြီးပြောင်းလဲသော လိုအပ်မှုများ ရှိနေခြင်းကို ကမ္ဘာ့ပညာရေးနှင့် MEC တို့၏ ချဉ်းကပ်မှုများက ခိုင်မာစွာ အသိအမှတ်ပြုပြီး ထို့ကြောင့်ပင် ပါဝင်ဆောင်ရွက်ခြင်း၏ တန်ဖိုးအရှိဆုံး နေရာများကို ခွဲခြားသတ်မှတ်ရန် မိတ်ဖက်များနှင့် ရင်းနှီးစွာ အတူလုပ်ဆောင်ရန် လိုသည်။[349] အလှူရှင်များသည် အထွေထွေ ချဉ်းကပ်မှုများကို အထောက်အကူ ပေးစေပြီး အစပိုင်းတွင် EBEP များနှင့် မိတ်ဖက်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးလုပ်ဆောင်မည့် အစီအစဉ်များ ကို ခွင့်ပြုရသည်။

နိုင်ငံတကာ မိတ်ဖက်ဆောင်ရွက်သူများသည် EBEP များ ရင်ဆိုင်နေရသော ဒေသနိုင်ငံရေး အခြေအနေများကို ပြည့်စုံစွာ နားလည်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး စွန့်စားရမှု အလားအလာများကို သတ်မှတ်စီမံရန် EBEP များကို နေရာပေးရသည်။ ဤနေရာတွင် အလှူရှင်များသည် ယင်းတို့အား နိုင်ငံတော်စနစ်အတွင်းသို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်းကို ကြုံတွေ့ကောင်းကြုံတွေ့နိုင်ပြီး EBEP များသည် ယင်းတို့၏ ကိုယ်ပိုင်စနစ် တိုးတက်ရေးအတွက် အလေးထားခြင်း ခံရလိမ့်မည်။ ထောက်ပြချင်သည့် အကောင်းမြင် အထောက်အကူပြုခြင်းမှာ နိုင်ငံတကာ ဆောင်ရွက်သူများက EBEP များနှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံရေး တိုးတက်စေရန် ပြုလုပ်နိုင်ပြီး ပဋိပက္ခနှင့် ငြိမ်းချမ်းရေး နစ်ခု စလုံး၏ အခြေအနေများတွင် ထောက်ပံ့ပေးနိုင်စွမ်းရှိသော ပညာရေး တည်ရှိနေစေရန်အတွက် EBEP များကို ကူညီရန် အရေးကြီးပြီး ယင်းတို့ကို အလျင်အမြန် ပြောင်းလဲစေရန် တွန်းအားမပေးရပေ။ ထို့အပြင် စစ်မှန်သော ယုံကြည်မှုနှင့် နိုင်ငံရေး တိုးတက်မှုများကို အခြေခံသော EBEP များနှင့် အစိုးရတို့၏ ဆက်ဆံရေး သဘာဝကျစွာ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပြီး အလှူရှင်၏ အစီအစဉ်နှင့် လိုက်ဖက်စေရန် ကြိုးကိုင်ခြင်း မပြုရပေ။

ဖွံ့ဖြိုးနေသောစနစ်များ ခိုင်မာရေး မဟာဗျူဟာများသည် ရပ်ရွာများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာနှင့် ဗဟိုအဆင့် EAO အာဏာပိုင်များနှင့် နိုင်ငံတော်တို့၏ သွင်းအားစုများ အပါအဝင် EBEP ပညာရေးကို ဆောင်ရွက်နိုင်သော ကျယ်ပြန့်သည့် စနစ်ချဉ်းကပ်မှုနှင့် အသေးစိတ်သော သုံးသပ်မှု လိုအပ်လိမ့်မည် ဖြစ်သည်။ ဥပမာအနေဖြင့် လက်တွေ့တွင် ကျောင်းအသီးသီး၌ ကျေးဖူးရှင် အမြောက်အများ ရှိကြရာ လက်ရှိဘက္ကာရေး အဖွဲ့အစည်းများသည် လွန်စွာရှုပ်ထွေးပြီး EBEP တို့၏ ဗဟိုဘဏ်စာအုပ်များကို ကြည့်ခြင်းအားဖြင့် သဘောမပေါက် နိုင်ကြပါ။ အရင်းအမြစ်များတွင် အကြပ်အတည်းဆုံး ကွာဟချက်ကို ခွဲခြားသတ်မှတ်ခြင်းနှင့် မည်သည့်နေရာတွင် သွင်းအားစုအသစ်က အကျိုး သက်ရောက်နိုင်ဆုံး ဆိုသည်က လက်ရှိစနစ်များကို နားလည်ရန်အတွက် ပြည့်စုံသော သုတေသနကို အားထားရလိမ့်မည်။

| နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၆ |
| --- |
| *နိုင်ငံတကာ ဆောင်ရွက်သူများသည် EBEP များနှင့် ယင်းတို့၏ လုပ်ငန်းလုပ်ဆောင်မှု နည်းလမ်းများနှင့် ကောင်းစွာသင့်လျော်စေရန် အစီအစဉ် ဖွံ့ဖြိုးရေး အစောပိုင်း အဆင့်များမှစပြီး EBEP များနှင့် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သင့်သည်။* |

နီးကပ်နေသော သက်တမ်းကာလတွင် EAO များသည် ကိစ္စအများစု၌ လက်ရှိနိမ့်ကျနေသော ယင်းတို့၏ ပညာရေးဌာနများအတွက် ဘတ်ဂျက် ခွဲဝေမှု တိုးတက်စေရန် ကြိုးပမ်းသင့်သည်။ ရပ်ရွာများက ခံစားနေရသော ဝန်ထုပ်ဝန်ပိုးများကို ထပ်ပေါင်းထည့်ခြင်းရှိပြီး ဗျူရိုကရေစီ၏ မလိုလား အပ်သော အလွှာများကို ဖန်တီးမှုများ ရှိပေရာ ဒေသပြည်သူများအပေါ်တွင် အခွန် တိုးမြှင့်ကောက်ခံခြင်းဖြင့် ဘဏ္ဍာရေး တိုးတက်စေရန် မပြုလုပ်သင့်ပေ။ သဘာဝအရင်းအမြစ် အခွန်ကဲ့သို့ ရပ်ရွာများအပေါ် မကျရောက်သော အခကြေးငွေများ သို့မဟုတ် အခွန်များဖြင့် ဘဏ္ဍာရေး ခွဲဝေမှု တိုးတက်စေရန် ပေးအပ်သင့်သည်။

[349] မြန်မာပညာရေး မြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့ (၂၀၁၆)၊ စာမျက်နှာ ၃၇-၃၉။

| *EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၆* |
| --- |
| *EAO များသည် ယင်းတို့၏ ပညာရေးဌာနများအတွက် ဘတ်ဂျက်ခွဲဝေမှုများ တိုးတက်စေသင့်သည်။* |

## ပြည်သူ့ဘဏ္ဍာရေးဆီသို့

အခန်း (၈) တွင် ဆွေးနွေးထားသကဲ့သို့ ပညာရေး ပါဝင်ဆောင်ရွက်သူများ၏ အဆုံးစွန်သော ရည်မှန်းချက်မှာ ကလေးတိုင်း ကျောင်းတက်ရန် အတွက် လုံလောက်တတ်နိုင်ခြင်းရှိစေရန်၊ ပညာရေး၏ အရည်အသွေး တစ်သမတ်တည်း ရှိစေရန်နှင့် အသိအမှတ်ပြုထားသော အရည်အချင်း များကို ဖြည့်ဆည်းပေးရန် နိုင်ငံတော်အနေဖြင့် ပဓာန တာဝန်ယူမှု (နှင့် တာဝန်ခံမှု) ရှိသင့်သည်။ EBEP တို့၏ အခန်းကဏ္ဍကို တိုးမြှင့်ပြီး ပညာရေးကဏ္ဍရှိ လက်ရှိဖြစ်ပေါ်နေသော ကွဲပြားခြားနားမှုများကို ထိန်းသိမ်းမှု အောင်မြင်စေရန် ပြုလုပ်နိုင်သည့် နည်းလမ်းများစွာ ရှိသည်။ သို့သော် အရေးကြီးသော နိုင်ငံရေး ပြောင်းလဲမှုများ ရှိပြီး ဗဟိုချုပ်ကိုင်မှုရှိသော ပညာရေး စီမံခန့်ခွဲမှုအတွက် အစဉ်တည်တံ့ခိုင်မြဲသော အစီအစဉ်များ တည်ထောင်နေခြင်းသည် ကျယ်ပြန့်သော နိုင်ငံရေး လုပ်ငန်းစဉ်များပေါ်တွင် တည်မှီနေလိမ့်မည်ဟု ဘက်ပေါင်းစုံ အမြင်ဖြင့် အသိအမှတ်ပြုထားကြသည်။

အချို့EBEP များသည် နိုင်ငံရေးဆောင်ရွက်မှုတစ်ခုနှင့် ပတ်သက်သော နိုင်ငံတော်စနစ်သို့ ပေါင်းစည်းသွားရန် မျှော်မှန်းသည်။ (ဥပမာ ဖက်ဒရယ်စနစ်ဆီသို့ ဦးတည်သော တစ်စုံတစ်ခု) EBEP များမှ တစ်ဖွဲ့ချင်းစီသည် ပညာရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကဏ္ဍကို ရနိုင်ပြီး သို့မဟုတ်ပါက EBEP များ၏ လက်ရှိဖွဲ့စည်းပုံတွင် ပါဝင်ရန် နိုင်ငံတော်စနစ်ကို ပြုပြင် ပြောင်းလဲရဖွယ်ရှိသည်။

တစ်နည်းအားဖြင့် အခြားနိုင်ငံများစွာကဲ့သို့ အစိုးရ ရန်ပုံငွေကို လက်ခံပြီး တရားဝင်ထိန်းသိမ်းမှုနှင့် အရည်အသွေးထိန်းချုပ်ရေး ရှိနေစေရန် လုပ်ဆောင်ရာတွင် ပညာရေးဝန်ကြီးဌာန၏ အပြင်ဘက်မှ ပညာရေးဝန်ဆောင်မှု အပြည့်အဝပေးခြင်းကို ဆက်လက်ထောက်ပံ့ရန်မှာ အစိုးရ မဟုတ်သည့် ပညာရေးအဖွဲ့အစည်းများအတွက် ပြည့်စုံသော သဘာဝ ဖြစ်လိမ့်မည်။ ယူနိုက်တက်ကင်းဒမ်းရှိ ကက်သလစ် ကျောင်းများကဲ့သို့ EBEP များသည် တစ်နေ့တွင် အနေအထားတစ်ခုအဖြစ် ကြုံဆိုခံရလိမ့်မည်။ အကြောင်းမှာ ထိုအခြေအနေက ယင်းတို့၏ ပုံမှန် ရန်ပုံငွေ အနေအထားနှင့် မူဝါဒ လွှမ်းမိုးခြင်းအား အာမခံချက်ပေးမည်ဖြစ်သည်။ သို့သော် ယင်းတို့၏ ထင်ရှားသော လက္ခဏာများကို ကာကွယ်ရန် ဥပဒေများ ရှိရမည် ဖြစ်သည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် တွေ့ရသကဲ့သို့ စာချုပ်ကျောင်းများ သို့မဟုတ် ကိုယ်ပိုင်ကျောင်း ခရိုင်များကို နိုင်ငံတော်ရန်ပုံငွေများ ရယူခွင့်ပေးထားပြီး အရည်အသွေး ထိန်းချုပ်ခြင်း၏ သင့်လျော်သော အဆင့်သို့ ထည့်သွင်းနေစဉ်တွင် EBEP တို့၏ ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုကို ကာကွယ်နိုင်သည်။

ပညာရေး ဝန်ဆောင်မှုမှ ရယူသော ယင်းတို့၏ ကျောင်းများကို ရွေးချယ်ရာတွင် ကျောင်းကော်မတီများကို တရားဝင် အခန်းကဏ္ဍပေးခဲ့လျှင် နိုင်ငံတော်သည် အခြားအဖွဲ့အစည်းများကို ဘဏ္ဍာရေးထောက်ပံ့ရန်အတွက် တာဝန်ရှိနိုင်မည်ဖြစ်သည်။ ပါတီသည် အာဏာရရှိပြီးနောက် NLD ၏အမျိုးသားကျန်းမာရေးကွန်ရက်က ထုတ်ပြန်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် "လမ်းပြမြေပုံ"တွင် ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် အသိအမှတ်ပြုရေးအတွက် ကြီးမားသော ဗဟိုချုပ်ကိုင်မှု မရှိသည့်ပုံစံကို တိုက်တွန်း အကြံပြုထားသည်။ အမှန်တကယ်ဖြစ်လျှင် "တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ" အပါအဝင် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့များမှ ကျန်းမာရေးဝန်ဆောင်မှုများကို ရယူပြီး လူမှုဖူလုံရေးအဖွဲ့ကဲ့သို့ အစိုးရ၏ "တစ်ဦးတည်းရယူသူ"အဖြစ် ကြည့်မြင်လိမ့်မည် ဖြစ်သည်။[350] ပညာရေးအတွက် ထိုပုံစံတူ စံများကို ရှာဖွေသင့်သည်။

MNEC/MNED များ အပါအဝင် အချို့ EBEP များသည် ကျောင်းဆရာလစာများအတွက် လူထုရန်ပုံငွေများကို လက်ခံရယူရာတွင် ယာယီ အတိုး များကို ဖော်ပြပြီးဖြစ်သည်။ KED က KNU ထိန်းချုပ်ဒေသရှိ ရောနှောကျောင်းများတွင် ကျောင်းဆရာများအတွက် လူထုရန်ပုံငွေများကို လက်ခံ ရယူခြင်း၏ ဖြစ်နိုင်ခြေရှိမှုကို အကြံပြုထားသော်လည်း ယင်းတို့သည် ချေးငွေများကို စီမံခန့်ခွဲမည့် အစီအစဉ်တစ်ခုအောက်တွင် သီးသန့် တည်ရှိသည်။ တွေ့ဆုံမေးမြန်းခံရသူများအနက် ကျောင်းကော်မတီ အဖွဲ့ဝင်အချို့က ပြောကြားရာတွင် အခြားသူများက ယင်းတို့၏ကျောင်းများ လွတ်လပ်မှု ထိန်းသိမ်းထားခြင်းကို အဓိကထား ပူပန်နေရစဉ် အစိုးရသည် EBEP ကျောင်းဆရာများကို ရပ်ရွာက ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် လစာပေးသင့်သည်။

လေ့လာမှု သုံးခုတွင် အထူးသဖြင့် လက်ရှိ လစာများစွာ ရရှိနေသော ပညာရေးဌာန ကျောင်းဆရာများနှင့်အတူ အလုပ်လုပ်နေသော ရောနှော

---

[350] NLD အမျိုးသားကျန်းမာရေး ကွန်ရက် (၂၀၁၆) ။ စာမျက်နှာ ၂၇။

ကျောင်းများတွင်  EBEP ကျောင်းဆရာများသည် ပညာရေးဌာနမှ လစာအပြည့် ရသင့်သည်။ ရေနှောကျောင်း တစ်ကျောင်းရှိ MNED မူလတန်း ကျောင်းဆရာတစ်ဦးက "[အစိုးရ]က ကျွန်တော်တို့ ကျောင်းဆရာတွေကို လစာတွေ ပေးသင့်တယ်။ ပြီးတော့ တိုင်းရင်းသားအုပ်စုတွေက ကျောင်းဆရာတွေကိုလည်း ပေးသင့်တယ်။ အစိုးရက လစာတွေ ပေးရင် ကျွန်တော်တို့ ကျွမ်းကျင်တဲ့ ကျောင်းဆရာတွေကို ရွေးလို့ ရတာပေါ့" ဟု ပြောသည်။[351] သို့သော် လူထုရန်ပုံငွေကို စီမံခန့်ခွဲရန် EBEPများ (အထူးသဖြင့် EAO-EDများ) ကို ခွင့်ပြုခြင်းနှင့် ပတ်သက်ပြီး ပညာရေး ဝန်ကြီး ဌာနက သံသယဖြစ်ဖွယ်ရှိရာ အရေးကြီးသော နိုင်ငံရေး အတားအဆီးများက ရှိနေဆဲဖြစ်သည်။

EBEP များအတွက် သင့်လျော်သော အစိုးရရန်ပုံငွေများကို တိုးတက်စေမှု အချို့သည် မွန်ဒေသများတွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းဒေသများတွင် MNEC/MNED တို့ထံသို့ အစိုးရ၏ လမ်းကြောင်းများမှ တစ်ဆင့် UNICEF က အထောက်အပံ့များ ပေးအပ်သည်။ ပညာရေးကို ထောက်ပံ့ခြင်းအား ယင်း၏ "တစ်နိုင်ငံလုံး" ချဉ်းကပ်မှုနှင့် အညီ[352] MNED မွန်အမျိုးသားကျောင်း ၉၄ ကျောင်းသို့ အထောက်အပံ့ဖြန့်ဖြူးခြင်းကို UNICEF က အဆင်ပြေချောမွေ့စေရန် ပြုလုပ်ခဲ့သည်။ ယင်းကျောင်းများကို နယ်သာလန်က ထောက်ပံ့ခဲ့သော်လည်း မြို့နယ်ပညာရေးရုံးများမှ တစ်ဆင့် ဖြန့်ဖြူးခဲ့သည်။ UNICEF သည် MNEC နှင့် EBEP အချို့ကိုပါ မြို့နယ်ပညာရေး တိုးတက်မှုစီမံချက် (TEIP) ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ပါဝင်စေခဲ့ပြီး မွန်အမျိုးသား မူလတန်းကျောင်းများသို့ သင်္ချာနှင့် မြန်မာဘာသာ ဖတ်စာအုပ် အုပ်ရေ ၁၀,၀၀၀ ကို ပညာရေး ဝန်ကြီးဌာနက ထောက်ပံ့နိုင်ရန် ကူညီခဲ့သည်။[353] အထောက်အပံ့များဖြင့် တိုက်ရိုက် အကျိုးရှိမှုများ ဖြစ်စေခြင်းအပြင် ယင်းဆောင်ရွက်မှုများသည် ပညာရေးဝန်ကြီးဌာန TEO များနှင့် ယင်းတို့နှင့် အဆင့်တူ MNED ခရိုင်အုပ်ချုပ်ရေးမှူးများအကြား ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခဲ့သည်။ သို့သော် တွေ့ဆုံမေးမြန်းခံရသူများကို ထိုအဆင့်တွင် ပူးပေါင်းဆောင်ရွက်ရန် ယင်းတို့၏ စွမ်းရည်ကို TEO များက အခွင့်အာဏာမရှိဘဲ ဟန့်တားခဲ့သည်။[354]

ပညာရေးဝန်ကြီးဌာနသည် ကျောင်းများ အထူးသဖြင့် ရေနှောကျောင်းများတွင် သင်ကြားရန် ကျောင်းဆရာများကို စုဆောင်းနိုင်ပြီး ပညာရေး ဝန်ကြီးဌာန သင်ရိုးကို အသုံးပြုနေသော နေရာများမှ ကျောင်းဆရာများကို ခေါ်ယူစုဆောင်းသည်။ KNU ဒေသအချို့တွင် KED/KSEAG အထောက်အပံ့ခံ ကျောင်းဆရာများကို ဒေသ KNU  အာဏာပိုင်များ၏ တိုက်တွန်းအကြံပြုချက်အရ ပညာရေးဝန်ကြီးဌာန၏ နေ့စားလပေး ကျောင်းဆရာများအဖြစ် အချို့ဒေသများတွင် အုပ်ချုပ်ရေး အဆင့်ဆင့်၌ ထိုဆရာများ သတင်းပို့ထားပြီး ယင်းတို့သည် KED ခေါင်းဆောင်မှု အောက်တွင် ရှိ မရှိနှင့် ပတ်သက်ပြီး ရှုပ်ထွေးမှုများ ဖြစ်သည်။ မည်သို့ဖြစ်စေ ယင်းဆရာများကို မည်သို့ စီမံခန့်ခွဲမည် ဆိုသည်ကို အဆင့်မြင့် တာဝန်ရှိသူများနှင့် သဘောတူညီချက် ရှိထားပြီးလျှင် ဒေသ ရပ်ရွာကျောင်းဆရာများကို သင့်လျော်သော လစာ ပေးအပ်ရန် လက်တွေ့ကျသော နည်းလမ်းတစ်ခုကို ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

EBEP များအတွက် အသုံးကျသော ပြည်သူ့ဘဏ္ဍာရေးအဖွဲ့များ တည်ထောင်ခြင်းသည် အချိန်ယူရမည်ဖြစ်ပြီး နည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ယုံကြည်မှုများ တည်ဆောက်ရန် ပါတီအားလုံးအကြား ဂရုတစိုက်ရှိသော စေ့စပ်ဆွေးနွေးရေးပေါ်တွင် တည်မှီနေသည်။ ပညာရေးဝန်ကြီးဌာနနှင့် EBEP များသည် ဤအခန်းအဆုံးထိ အခန်း (၈) တွင် တိုက်တွန်းအကြံပြုထားသကဲ့သို့ ပုံမှန်ညှိနှိုင်းရေး အဖွဲ့များကို အသုံးပြုသင့်သည်။ အချို့နေရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေးခြင်းများသည် သင့်လျော်သော နီးနှောပွဲတစ်ခု ဖြစ်နိုင်သည်။ ရှေ့ပြေး လုပ်ဆောင်မှုသည် ရန်ပုံငွေများအတွက် လမ်းကြောင်းနှင့် ဖြန့်ချိရေး အဖွဲ့များနှင့် ရင်းနှီးသော ဆက်ဆံရေးကို တည်ထောင်ရန်နှင့် လက်တွေ့ စမ်းသပ်ရန် အကူအညီရဖွယ် ရှိသည်။ နိုင်ငံတကာ ဆောင်ရွက်သူများက ရန်ပုံငွေထောက်ပံ့ထားပြီး အဆင်ပြေစေရန် ဆောင်ရွက်ပေးထားသော ပူးတွဲအားထုတ်ဆောင်ရွက်ရေးသည် UNICEF က ထောက်ပံ့ထားသော ကျောင်းအထောက်အပံ့ စည်းမျဉ်းနှင့် တူညီပြီး ယခုကိစ္စတွင် ကူညီနိုင် လိမ့်မည် ဖြစ်သည်။

EBEPများ ၏ အစိုးရ ဘဏ္ဍာရေးထောက်ပံ့မှုကို လက်နက်ကိုင်ပဋိပက္ခများကို ပြည့်စုံပြီး အစဉ်တည်တံ့သည့် ချုပ်ငြိမ်းစေရန်မရှိဘဲ စီစဉ်နိုင်လျှင် EBEP များသည် ပဋိပက္ခများ ပြန်ဖြစ်လာစေရန် အခြေအနေ အလားအလာများကို ဖြစ်ပေါ် တည်ရှိနေစေလိမ့်မည်။ ကချင်လွတ်လပ်ရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီတို့၏ ၁၇ နှစ်နှင့် ၂၂ နှစ် အသီးသီးကြာအောင် အပစ်အခတ် ရပ်စဲရေးများ ရှိခဲ့သော်လည်း လူမှုရေး ဆောင်ရွက်ချက်များ လုပ်ဆောင်ခဲ့ပြီးသော နှစ်များစွာ ပြီးသည့်နောက်တွင်ပင် အပစ်အခတ် ရပ်စဲရေး ပြိုကွဲနိုင်ပေသည်။ လူထုပညာရေးသည် ရုတ်တရက် ဖြတ်တောက်ခံလိုက်ရလျှင် ပဋိပက္ခ ဒေသများနှင့် IDP စခန်းများတွင် လုပ်ငန်းဆောင်ရွက်နိုင်သော EBEP များအား ရန်ပုံငွေများကို ထိန်းသိမ်းရန် အလှူရှင်များကို ပြင်ဆင်သင့်မည် ဖြစ်သည်။

---

351 ပညာရေးဝန်ကြီးဌာနနှင့် MNED ရေနှောကျောင်းများမှ MNED မူလတန်းကျောင်းဆရာများနှင့် အုပ်စုဆွေးနွေးခြင်း (၂၀၁၅ခုနှစ် နိုဝင်ဘာလ)။

352 UNICEF၊ အရှေ့တောင် (မွန်၊ ကရင်၊ တနင်္သာရီ)၊ (n.d.) http://www.unicef.org/myanmar/overview_25056.html. တွင် ကြည့်နိုင်သည်။

353 UNHCR လုပ်ငန်းဆောင်ရွက်ရေး အစည်းအဝေးတွင် UNICEF က ပေးပို့သော သတင်းအချက်အလက်များ၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့၊ အင်းယားလိပ် ဟိုတယ်၊ ရန်ကုန်။

354 MNEC ခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)၊ MNEC တည်ထောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)၊ MNEC သထုံ (စထုံ) ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း။

| *အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက်များ # ၁၂* |
| --- |
| *EBEP ဆောင်ရွက်မှုများ၏ လူထုဘဏ္ဍာရေးအတွက် အဖွဲ့အစည်းများ ဖွံ့ဖြိုးစေရန်။* |

| *နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၇* |
| --- |
| *EBEP များအတွက် ပြည်သူ့ဘဏ္ဍာရေးအဖွဲ့အစည်းများ တည်ထောင်ရန် အစိုးရနှင့် EBEP များ၏ ကြိုးပမ်းမှုများကို အထောက်အပံ့ပေးရန်အတွက် ရွေးချယ်စရာများကို ဖော်ထုတ်ပါ။ သို့သော် ပဋိပက္ခများကို အသစ်ပြန်လည် ဖြစ်ပွားစေနိုင်လျှင် နှောင့်ယှက်မှုများအတွက် ပြင်ဆင်မှုများ တည်ရှိနေသည်။* |

ပညာရေးဝန်ကြီးဌာနက ကန့်သတ်ထားသော လုပ်ဆောင်နိုင်မှုရှိသည့် နေရာများတွင် ကျောင်းများသို့ ပြည်သူ့ဘဏ္ဍာငွေများပေးပို့သည့် လမ်းကြောင်းများ၏ အခြားအရေးကြီးခြင်း၏ အဓိပ္ပာယ်မှာ ဘုန်းတော်ကြီးသင် ပညာရေးစနစ်ဖြစ်ပြီး RDFSS က ထောက်ပံ့ထားသော ကောင်းဟတ်ကျောင်းအချို့နှင့် အခြားကျောင်းများတွင် ဖြစ်ပေါ်ခဲ့ပြီး ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၏ လုပ်ဆောင်နိုင်မှုများ အကန့်အသတ်ရှိသည့် ပဋိပက္ခဒေသများရှိ ကျောင်းများ အပါအဝင် အထောက်အပံ့များ အရေးတကြီး လိုအပ်သော နေရာတွင်ရှိသည့် ကျောင်းများစွာကို ခွဲခြားသတ်မှတ်ပေးရန် ဘတ်ဂျက်ရရှိနိုင်မှု တိုးတက်နေခြင်းကို သာသနာရေးဝန်ကြီးဌာနက ခွင့်ပြုနိုင်မည် ဖြစ်သည်။

သာသနာရေးဝန်ကြီးဌာနသည် အခြားဘာသာရေး အဖွဲ့အစည်းများမှ ကျောင်းများနှင့် ကျောင်းဆရာများကို တူညီသော ရန်ပုံငွေများ ထောက်ပံ့ရန် ရွေးချယ်စရာများကို ဖော်ထုတ်သင့်သည်။ အထူးသဖြင့် ခရစ်ယာန် အဖွဲ့အစည်းများစွာသည် ကျယ်ပြန့်သော ပညာရေး အစီအစဉ်များကို လည်ပတ်ဆောင်ရွက်နေကြပြီး ရပ်ရွာကျောင်းများကိုလည်း မကြာခဏ ထောက်ပံ့ကြသည်။[355] သို့သော် ဘာသာရေး အဖွဲ့အစည်းများသည် နိုင်ငံတော်ကို မှီခိုရန် သို့မဟုတ် လက်အောက်ခံ ဆောင်ရွက်ရန် သံသယများလည်း ရှိကြသည်။ ထို့အပြင် ကောင်းဟတ်ဘုန်းတော်ကြီးသင် ပညာရေးကွန်ရက်တွင် အလုပ်လုပ်နေသော ကျောင်းဆရာများနှင့် အခြားတွေ့ဆုံမေးမြန်းခံရသူများသည် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ယှဉ်ပြီး မြင့်မားသောလစာ ရသင့်သည်ဟု ခံစားကြရသည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၆* |
| --- |
| *ပညာရေးဝန်ကြီးဌာန မရောက်နိုင်သော ဒေသများရှိ ကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှ အထောက်အပံ့များ တိုးချဲ့ခြင်းဖြင့် တိုးမြှင့်ထားသော အထောက်အပံ့များ ပေးအပ်နိုင်သည်။* |

## တရားဝင် အသိအမှတ်ပြုခြင်းဆီသို့

EBEP ကျောင်းဆရာများ၊ ကျောင်းများနှင့် လေ့ကျင့်ရေးကျောင်းများကို အသိအမှတ်ပြုရန်အတွက်နှင့် အပြည့်အဝ အသိအမှတ်ပြုနိုင်ပြီး ကြီးမားသော ထိန်းသိမ်းမှုနှင့် အရည်အသွေးရှိသည်ဟု ယုံကြည်ချက်မှုအတွက် ခွင့်ပြုရန်အလို့ငှာ ရွေးချယ်စရာများကို ဖော်ထုတ်သင့်သည်။ မည်သည့် ပုံစံများကို သုံးသည်ဖြစ်စေ တိုးမြှင့်ထားသော ပြည်သူ့အထောက်အပံ့များသည် ဗဟိုချုပ်ကိုင်ထားသော ထိန်းချုပ်မှုနှင့် ကြီးကြပ်မှု၏ အချို့အနေအထား ဖြစ်လာဖွယ်ရှိသည်။ NLD ကျန်းမာရေး ကွန်ရက်သည် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍအတွက် တိုက်တွန်းအကြံပြုချက်များ ပေးခဲ့ရာ[356] ပညာရေးဝန်ကြီးဌာနနှင့် မသက်ဆိုင်သည့် လွတ်လပ်သော အသိအမှတ်ပြုရေးနှင့် ထိန်းသိမ်းရေးအဖွဲ့တစ်ခု တည်ထောင်ခြင်း မှတစ်ဆင့် ယင်းလုပ်ငန်းကို အကောင်းဆုံး အောင်မြင်စေလိမ့်မည်။ ယင်းအဖွဲ့သည် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသော ကျောင်းများ၊ အဖွဲ့အစည်းများနှင့် ကျန်းမာရေးဌာနများကို မှတ်ပုံတင်ပြီး စောင့်ကြည့်နိုင်သည်။

EBEP များက အစိုးရ၏ အုပ်ချုပ်မှုနှင့် ကိုယ်ပိုင်အုပ်ချုပ်မှု ဆုံးရှုံးခြင်းကို ငြင်းဆိုနိုင်ပြီး ယင်းတို့၏ သင့်တော်သော အရည်အချင်းနှင့် ဆောင်ရွက်မှုများကို ပိုမိုကြီးမားသော တရားဝင် အသိအမှတ်ပြုခြင်း ရယူရန် ယေဘုယျအနေဖြင့် စိတ်အားထက်သန်ကြသည်။ MNEC အကြီးတန်း

[355] သာသနာရေးဝန်ကြီးဌာနသည် ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းနှင့် အလုပ်လုပ်ခြင်းကို ပင်မဦးတည်ပြီး အရှိန်မြင့်ဆောင်ရွက်နေရာ မြန်မာသည် တရားဝင် ဘာသာရေးနှင့်ဆိုင်သော နိုင်ငံတစ်ခု ဖြစ်ပေသည်။

[356] NLD အမျိုးသားကျန်းမာရေးကွန်ရက် (၂၀၁၆)၊ စာမျက်နှာ ၂၁၊ စာရွက်စာတမ်း အထောက်အထားသည် အစိုးရမဟုတ်သော ကျန်းမာရေး အထောက်အပံ့များ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် လေ့ကျင့်ရေး ဌာနများကို ကြီးကြပ်ရန် လွတ်လပ်သော အသိအမှတ်ပြုရေးအဖွဲ့ကို တိုက်တွန်း အကြံပြုထားသည်။

ခေါင်းဆောင်တစ်ဦးက ဥပဒေနှင့်အညီ တရားဝင် အသိအမှတ်ပြုခြင်းသည် ဘဏ္ဍာရေး အထောက်အပံ့ ရရှိခြင်းထက် ပိုမိုအရေးကြီးသည်ဟု ဆိုသည်။ သူမက ပြောပြရာတွင် "ကျွန်မတို့က သူတို့ကို ကျွန်မတို့ရဲ့ ကျောင်းဆရာတွေရဲ့ လစာကို ပေးစေချင်တယ်။ ဒါပေမဲ့ ဒီ့ထက်ပိုအရေးကြီးတာက ကျွန်မတို့ကို ဥပဒေအရ တရားဝင် အသိအမှတ် ပြုတာကိုပါ။ ဒါပေမဲ့ အဲဒါက သူတို့ရဲ့ လက်အောက်ခံ လုပ်ဖို့အတွက်တော့ မဟုတ်ဘူး"[357] ဟု ဆိုသည်။ ကြီးမားသော အခွင့်အရေးများ ပေးထားမည့် အရည်အသွေးပြည့် ပညာရေးကို ကလေးများ ရရှိစေရန် ဒီမိုကရေစီစနစ်နှင့် လျော်ညီစွာ နိုင်ငံတော်ကို ယင်းတာဝန်ယူရန်အတွက် အခွင့်အာဏာ ပေးထားကြောင်း EBEP များက နားလည် သဘောပေါက်ရန်လိုသည်။

မည်သို့ဖြစ်စေ ဘဏ္ဍာရေးနှင့် အသိအမှတ်ပြုရေး ကမ်းလှမ်းချက်များအား နှောင်ကြိုးများနှင့် ပြုလုပ်ခြင်းနှင့် ယင်းတို့အား တင်းကြပ်သော အုပ်ချုပ်မှုများအောက်သို့ ထားရန် အားထုတ်ကြိုးပမ်းခြင်းထက် EBEP များကို ထောက်ပံ့ခြင်းနှင့် တန်ဖိုးရှိ အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရန် စွမ်းရည်နှင့် စိတ်ဆန္ဒကို ဖော်ပြခြင်းဖြင့် နိုင်ငံတော်သည် ယုံကြည်မှုနှင့် လေးစားမှုများကို တည်ဆောက်ခြင်းအား အလေးထားသင့်သည်။ တိုက်တွန်းအကြံပြုချက် ၃ တွင် ဖော်ပြထားသည့်အတိုင်း အစိုးရနှင့် အခြား ဆောင်ရွက်သူများနှင့်အတူ အလုပ်လုပ်ရန် EBEP များကို နေရာတစ်ခု ဖန်တီးပေးခြင်းဖြင့် EBEP များသည် အခြေခံပညာရေးအဖွဲ့အစည်းများ ဖြစ်ကြသည်ဆိုသည်ကို ဥပဒေကြောင်းအရနှင့် မူဝါဒအရ တရားဝင် အသိအမှတ်ပြုခြင်းဖြင့် ပိုနေမြဲ ကျားနေမြဲ အခြေအနေကို အသိအမှတ်ပြုရန် ပထမခြေလှမ်းကို လုပ်ဆောင်သင့်သည်။

လက်ရှိ EBEP များ၏ စနစ်များနှင့် အင်အားများကို နားလည်ရန် အစိုးရစနစ်နှင့် ချက်ချင်းချိန်ညှိရန် အတင်းတွန်းအားပေးခြင်းမပြုဘဲ အသိအမှတ်ပြုရေးအတွက် မှန်ကန်သော အဖွဲ့အစည်းများနှင့် ဆက်လက်ဆောင်ရွက်နေသော စောင့်ကြည့်ရေးတို့ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် နှေးကွေးသည့် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်၊ စေ့စပ်ဆွေးနွေးရေးနှင့် စစ်မှန်သော အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ်တွင် တည်မှီနေလိမ့်မည် ဖြစ်သည်။ EBEP များနှင့် ပညာရေးဝန်ကြီးဌာနတို့သည် ပညာရေးကဏ္ဍ မူဝါဒများနှင့် ရည်မှန်းချက်များကို ပူးတွဲပိုင်ဆိုင်မှုများ ရှိကြစေရန် ပိုမိုရင်းနှီး နီးစပ်သော ချိန်ညှိမှု မဟာဗျူဟာ တည်ဆောက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အားလုံးပါဝင်သော လုပ်ငန်းစဉ်များအပေါ်တွင် တည်မှီနေလိမ့်မည်။

| *အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၇* |
| --- |
| *EBEP များ၏ လွတ်လပ်သော ချီးမွမ်းထိုက်သည့် အသိအမှတ်ပြုရေးအတွက် ရွေးချယ်စရာများကို ရှာဖွေသင့်ပြီး ယင်းတို့နှင့် ဆွေးနွေးသင့်သည်။* |

| *EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၇* |
| --- |
| *EBEP များသည် နိုင်ငံတော်က ပိတ်ပင်ထားသော အဖွဲ့အစည်းထံမှ တရားဝင် အသိအမှတ်ပြုခြင်းကို ရှာဖွေသင့်သည်။* |

[357] MNEC အကြီးတန်းခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၅ ခုနှစ် နိုဝင်ဘာလ)။

## Bibliography


Amnesty International (2008). "Crimes Against Humanity in Eastern Myanmar". Available at: https://amnesty.dk/media/1937/crimes-against-humanity-in-eastern-myanmar.pdf

Bender, Penelope, Nadine Dutcher, David Klaus, Jane Shore, and Charlie Tesar. 2005. *In Their Own Language: Education for All*. Education Notes. Washington, DC: World Bank. Available at: http://documents.worldbank.org/curated/en/374241468763515925/In-their-own-language-education-for-all.

Buckland, Peter. 2004. *Reshaping the Future: Education and Postconflict Reconstruction*. Washington, DC: World Bank. Available at: http://documents.worldbank.org/curated/en/860731468138857154/Reshaping-the-future-Education-and-post-conflict-reconstruction.

Burton, Lisa Ann. 2013. "Mother-Tongue-Based Multilingual Education in the Philippines: Studying Top-Down Policy Implementation from the Bottom Up." Dissertation submitted to the faculty of the University of Minnesota. Available at: http://conservancy.umn.edu/bitstream/handle/11299/152603/burton_umn_0130_13632.pdf?sequence=1.

Callahan, Mary. 2003a. *Making Enemies: War and State Building in Burma*. Washington: Cornell University Press.

Callahan, Mary. 2003b. "Language Policy in Modern Burma." In *Fighting Words: Language Policy and Ethnic Relations in Asia,* edited by Michael Brown and Sumit Ganguly, 143-175. Cambridge: MIT Press.

Cheesman, Nick. 2003. "School, State, and Sangha in Burma." *Comparative Education* 39 (1).

Committee Representing the People's Parliament. 1999. *"Commemorating the completion of one year since the establishment of the Committee Representing the People's Parliament elected in the 1990 Multi-Party General Elections."* Available at: http://www.ibiblio.org/obl/docs4/CRPP-Report.pdf.

Costa, Andrea, and Tim Murray. n.d. "Supporting Refugee and Community Teachers along the Thailand-Myanmar Border and Striving for their Recognition to Support Ongoing Peace Building Efforts." Paper presented at UNESCO conference entitled "Asia-Pacific Programme of Educational Innovation for Development (APEID)," October 29-31, 2014. Available at: http://www.unescobkk.org/education/apeid/apeid-international-conference/apeidconf14/papers-and-presentations/.

Dhammasami, Khammai. 2004. "Between Idealism and Pragmatism: A Study of Monastic Education in Burma and Thailand from the Seventeenth Century to the Present." DPhil Dissertation, University of Oxford.

DantDaLun. 2014. *Myanmar Education Consortium: Baseline Study Report.* Yangon: Myanmar Education Consortium. Available at: https://mecmigration.files.wordpress.com /2016/05/mec-baseline-study-report-final.pdf.

Felsman, Collin, and Donika Dimovska. 2014. *Private Sector and Development: Harnessing non-state education providers through innovative financing.* Washington, DC: Results for Development Institute. Available at: http://www.resultsfordevelopment.org/search /node/harnessing%20non-state%20actors%20type%3Apublication.

Furnivall, J. S. 1943. *Educational Progress in South-East Asia*. New York: Institute of Pacific Relations.

Furnivall, J. S. 1948. *Colonial Policy and Practice*. New York: New York University Press.

Glassman, Deborah, Jordan Naidoo, and Fred Wood, eds. 2007. *Community Schools in Africa: Reaching the Unreached*. New York: Springer.

Government of the Union of Burma. 1954. *Pyi Daw Tha Plan*. London: Hazell, Watson and Viney.

Hayden, Martin, and Richard Martin. 2013. "Recovery of the Education System in Myanmar" Journal of International and Comparative Education 2 (2): 47-57.

Human Rights Watch (2005a). "They Came and Destroyed Our Village Again': The Plight of Internally Displaced Persons in Karen State". Available at: https://www.hrw.org/report/2005/06/09/they-came-and-destroyed-our-village-again/plight-internally-displaced-persons.

Human Rights Watch (2005b). "Burma: Forced Displacement by Burmese Army Continues in Karen State: Rangoon Must End Forced Labor, Allow Humanitarian Access". Available at: https://www.hrw.org/news/2005/06/10/burma-forced-displacement-burmese-army-continues-karen-state.

Health and Education Advice and Resource Team (HEART). 2014. *Helpdesk Report: Complementary Basic Education*. Available at: http://www.heart-resources.org/wp-content/uploads/2015/01/complementary-basic-education-case-studies-evidence-resources.pdf.

Jolliffe, Kim. 2014. "Ethnic Conflict and Social Services in Myanmar's Contested Regions". The Asia Foundation. Available at: http://asiafoundation.org/publication/ethnic-conflict-and-social-services-in-myanmars-contested-regions/.

Jolliffe, Kim. 2015a. "Refugee decision-making processes, community-based protection and potential voluntary repatriation to Myanmar." Unpublished manuscript, commissioned by UNHCR. Available at: http://research.kim/works/refugee-decision-making-processes-community-based-protection-and-potential-voluntary-repatriation-to-myanmar.

Jolliffe, Kim. 2015b "Ethnic Armed Conflict and Territorial Administration in Myanmar". The Asia Foundation. Available at: http://asiafoundation.org/publication/ethnic-armed-conflict-and-territorial-administration-in-myanmar-full-report/.

Jolliffe, Pia. 2016. *Learning, Migration and Intergenerational Relations: The Karen and the Gift of Education*. Basingstoke: Palgrave Macmillan UK.

Jones, Alan L. 1988. *The Monastic Schools of Burma and Siam During the Colonial Period*. U.S. Dept. of Education, Educational Resources Information Center. Available at: http://files.eric.ed.gov/fulltext/ED302469.pdf.

Karen Human Rights Group - KHRG (1998). "WHOLESALE DESTRUCTION: The SLORC/SPDC Campaign to Obliterate All Hill Villages in Papun and Eastern Nyaunglebin Districts". Available at: http://khrg.org/1998/02/khrg9801/wholesale-destruction.

Karen Human Rights Group - KHRG (2008). "Village Agency: Rural Rights and Resistance in a Militarized Karen State". Available at: http://www.khrg.org/2008/11/village-agency-rural-rights-and-resistance-militarized-karen-state.

Karen Human Rights Group (2009). "Cycles of Displacement: Forced relocation and civilian responses in Nyaunglebin District". Available at: http://www.khrg.org/2009/01/cycles-displace-

ment-forced-relocation-and-civilian-responses-nyaunglebin-district#sthash.kjtgsU8s.dpuf.

Karen Human Rights Group - KHRG (2001). "FLIGHT, HUNGER AND SURVIVAL: Repression and Displacement in the Villages of Papun and Nyaunglebin Districts*"*. Available at: http://khrg.org/2001/10/0103a/flight-hunger-and-survival-repression-and-displacement-villages-papun-and.

International Human Rights Clinic (2014). "POLICY MEMORANDUM: Preventing Indiscriminate Attacks and Wilful Killings of Civilians by the Myanmar Military". Human Rights Program at Harvard Law School: available at: http://hrp.law.harvard.edu/wp-content/uploads/2014/03/2014.03.24-IHRC-Military-Policy-Memorandum-FINAL.web_.pdf.

Karen Human Rights Group – KHRG. 2016. *Hidden Strengths, Hidden Struggles: Women's testimonies from southeast Myanmar*. Available at: http://khrg.org/2016/08/hidden-strengths-hidden-struggles-women%E2%80%99s-testimonies-southeast-myanmar.

Karen State Education Assistance Group – KSEAG. 2015. *KSEAG Narrative Report 2015*.

Karen Teacher Working Group – KTWG. 2016. *Impact of the Daily-Wage Teacher (DWT) Policy on Education in Karen Areas*.

Khin Maung Kyi, Ronald Findlay, R.M. Sundrum, Mya Maung, Myo Nyunt, Zaw Oo, et al. 2000. *A Vision and a Strategy: Economic Development of Burma.* Stockholm: The Olof Palme International Center.

KRCEE, KnED, KED, KTWG, and KWO. 2015. *Refugee Student Transition: Policy Position and Program Recommendations.* Available at: http://data.unhcr.org/thailand/download.php?id=1251.

Kyaw Yin Hlaing. 2007. "The Politics of Language Policy in Myanmar: Imagining Togetherness, Practicing Difference?" In *Language, Nation and Development in Southeast Asia,* edited by Lee Hock Guan and Leo Suryadinata. Singapore: Institute of Southeast Asian Studies.

Kyed, H. M., and M. Gravers. 2015. "Integration and Power-Sharing: What are the Future Options for Armed Non-State Actors in the Myanmar Peace Process?" Stability: International Journal of Security & Development, 4 (1): 57, pp. 1-20.

Kyi Pyar Chit Saw, and Matthew Arnold. 2014. *Administering the State in Myanmar: An Overview of the General Administration Department*. Discussion Paper No. 6. The Asia Foundation and Myanmar Development Resource Institute. Available at: https://asiafoundation.org/resources/pdfs/GADEnglish.pdf.

Lall, Marie, and Ashley South. 2011. *Education, Conflict and Identity: Non-State Ethnic Education Regimes in Burma*. Education Support Program Working Paper No. 54. Privatisation in Education Research Initiative. Available at: http://www.periglobal.org/role-state/document/education-con%EF%AC%82ict-and-identity-non-state-ethnic-education-regimes-burma.

Lenkova, Polina. 2015. *Conflict Sensitivity in Education Provision in Karen State.* Thabyay Education Foundation. Available at: http://www.thabyay.org/uploads/2/6/7/4/26749033/cs_ed_prov_karen.pdf.

Lintner, Bertil. 1990. *The Rise and Fall of the Communist Party of Burma (CPB)*. New York: Cornell University Press.

Lorch, Jasmin. 2007. "Myanmar's Civil Society – a Patch for the National Education System? The Emergence of Civil Society in Areas of State Weakness." *Sudöstasian Aktuell: journal of current*

*Southeast Asian affairs* 26 (3): 54-88.

Mansuri, Ghazala, and Vijayendra Rao. 2004. "Community-Based and -Driven Development: A Critical Review." *World Bank Research Observer* 19 (1): 1-39.

Maung Aung Myoe. 2009. *Building the Tatmadaw: Tatmadaw Since 1948*. Singapore: Institute of Southeast Asian Studies.

MacKenzie, Pamela. n.d. *Multilingual Education among Minority Language Communities with reference to the development of MLE programmes in India.* UK: International Network for Development. Available at: http://www.ohchr.org/Documents/HRBodies/HRCouncil/MinorityIssues/statements/experts/Pamela_McKenzie_long_paper.doc.

Mehrotra, Santosh. 1998. "Education for All: Policy Lessons from High-Achieving Countries." *International Review of Education* 44 (5): 461-484.

Muta, Hiromitsu. 2015. *Regional Disparity of Educational Conditions in Townships and the Effect of the Policy on Daily Wage Temporary Teachers – Statistical Analyses Based on Individual Basic Education School Data*. Research Paper prepared for the Republic of the Union of Myanmar.

Mutebi, Alex M. 2005. *Muddling Through Past Legacies: Myanmar's Civil Bureaucracy and the Need for Reform.* Singapore: Lee Kuan Yew School of Public Policy. Available at: http://www.ibiblio.org/obl/docs3/wp62.pdf.

Myanmar Education Consortium. 2016. *Myanmar Education Consortium Program Strategy*. January 2016.

Myanmar Ministry of Education. Early 1990's. *Focus on Education*. Yangon: Universities Press.

Myanmar Ministry of Education. 1992. *Education in Myanmar*.

Myanmar Ministry of Education. 2015. *Education for All 2015 National Review.* Available at: http://unesdoc.unesco.org/images/0022/002297/229723E.pdf.

Myanmar Ministry of Education. 2015. *Teacher Education and Management Sub-Sector Report No. 5*. July 2015 Consultation Version.

Myanmar Ministry of Education. 2016. *National Education Strategic Plan: Policy and Programming Framework*.

Myanmar Ministry of Immigration and Population, Department of Population. 2015a. *The 2014 Myanmar Population and Housing Census: The Union Report*. Vol. 2 of the 2014 Census Report. Available at: http://myanmar.unfpa.org/node/4308.

Myanmar Ministry of Immigration and Population, Department of Population. 2015b. *The 2014 Myanmar Population and Housing Census: Shan State*. Volume 3-M of the 2014 Census Report. Available at: http://myanmar.unfpa.org/node/4308.

Nag, Sonali, Shula Chiat, Carole Torgerson, and Margaret J. Snowling. 2014. *Literacy, Foundation Learning and Assessment in Developing Countries: Education Rigorous Literature Review.* London: Department for International Development.

National Education Law (2014). Available in English at: https://www.ilo.org/dyn/natlex/docs/ELECTRONIC/100493/120566/F28507983/MMR100493%20 Eng.pdf.

National League for Democracy. 2015. *National League for Democracy: 2015 Election Manifesto.* Available at: http://www.burmalibrary.org/docs21/NLD_2015_Election_Manifesto-en.pdf.

Nationwide Ceasefire Agreement (NCA). 2015. Available at: http://www.mmpeacemonitor.org/research/ceasefire-documents.

NLD National Health Network. 2016. *Programme of Health Reforms: A Roadmap Towards Universal Health Coverage in Myanmar (2016-2030)*. Version 1.0.

Ohnmar Tin and Emily Stenning. 2015. *Situation Analysis of Monastic Education Sector.* Myanmar Education Consortium. Available at: https://mecmigration.files.wordpress.com/2016/05/ mec-monastic-education-analysis-report-july-20151.pdf.

Pon Nya Mon. 2010. "Identity, Image and Ethnic Conflict in Burma: A Case Study of the Mon People." DPhil dissertation, Washington State University.

Pyoe Pin. 2014. "The Political Economy of Basic Education in Myanmar."

Rose, Pauline. 2007. *Supporting Non-state Providers in Basic Education Service Delivery.* Brighton, UK: Consortium for Research on Educational Access, Transitions and Equity (CREATE), University of Sussex. Available at: http://r4d.dfid.gov.uk/PDF/Outputs/ImpAccess_RPC/PTA4.pdf.

Rose, Pauline. 2009. "NGO provision of basic education: alternative or complementary service delivery to support access to the excluded?" *Compare* 39 (2).

Saha, Soubhik Ronnie. 2011. *Working Through Ambiguity: International NGOs in Myanmar*. Cambridge: Hauser Center for Non-Profit Organizations, Harvard University.

Salem-Gervais, Nicolas, and Metro, Rosalie. 2012. "A Textbook Case of Nation Building: The Evolution of History Curricula in Myanmar." *Journal of Burma Studies* 16 (1): 27-78.

Seargent, Inge. 1994. *Twilight over Burma: My Life as a Shan Princess*. United States of America: University of Hawaii Press.

San, Harry, and Htin Zaw. 2014. "Language Related Problems encountered by the primary level ethnic students in Myanmar." Presentation based on Nyein Foundation research, September 18, 2014.

Save the Children. 2014. *Briefing document: Mother Tongue Education Is Working for Refugee Children*.

Schober, Juliane. 2007. "Colonial Knowledge and Buddhist Education in Burma." In *Buddhism, Power and Political Order*, edited by Ian Harris. London and New York: Routledge.

Selth, Andrew. 2001. *Burma's Armed Forces: Power Without Glory.* Norwalk: East Bridge.

Shan Culture and Education Central Committee. 2011. "History of Education in Shan State, Burma." *Shan Culture and Education Central Committee blog,* December 18. Available at: https://

shancultureandeducation.wordpress.com/2011/12/18/hello-world/.

Smith, Graham Hingangaroa. 2003. “Kaupapa Maori Theory: Theorizing Indigenous Transformation of Education and Schooling.” Paper presented at *Kaupapa Maori Symposium*, NZARE/AARE Joint Conference, Auckland, New Zealand, December 2003. Available at: http://www.aare.edu.au/publications-database.php/3998/Kaupapa-Maori-Theory:-Theorizing-Indigenous-Transformation-of-Education-&-Schooling.

Smith, Martin. 1999 [1991]. *Burma: Insurgency and the Politics of Ethnic Conflict.* London: Zed Books.

South, Ashley (2008). Ethnic Politics in Burma: States in Conflict. New York: Routledge.

South, Ashley, and Marie Lall. 2016. *Schooling and Conflict: Ethnic Education and Mother-tongue-based Teaching in Myanmar.* The Asia Foundation. Available at: http://asiafoundation.org/publication/schooling-and-conflict-ethnic-education-and-mother-tongue-based-teaching-in-myanmar/.

Speers Mears, Emily, Poul Erik Rasmussen, Liza May Thet Oo, and Zaceu Lian. 2015. *Analysis of Education Services in Contested Areas of Myanmar: Final Report*. Myanmar Education Consortium. Available at: https://mecmigration.files.wordpress.com/2016/05/mec-contested-areas-report-july-20151.pdf.

Steer, Liesbet, Julia Gillard, Emily Gustafsson-Wright, and Michael Latham. 2015. “Non-state actors in education in developing countries: A framing paper for discussion.” Background paper, Annual Research Symposium of the Center for Universal Education, Brookings Institution, March 5-6, Washington, DC. Available at: https://www.brookings.edu/wp-content/uploads/2016/06/102215-Non-State-Actors-in-Education-Framing-paper-Final.pdf.

Thailand Burma Border Consortium – TBBC (2008), *“Internal Displacement and International Law in Eastern Burma”*; available at:
http://www.theborderconsortium.org/resources/key-resources/ (scroll to the bottom of the page for IDP reports).

Tipton, C. B. 1981 “Monks, Monasteries and Western Education in Colonial Burma, 1865-1930.” *Journal of Educational Administration and History* 13 (1): 22-32.

Tuck, Ron. 2007. *An Introductory Guide to National Qualifications Frameworks: Conceptual and Practical Issues for Policy Makers.* Geneva: International Labour Organization. Available at: http://www.ilo.org/wcmsp5/groups/public/@ed_emp/@ifp_skills/documents/instructionalmaterial/wcms_103623.pdf.

Turner, Alicia. 2014. *Saving Buddhism: The Impermanence of Religion in Colonial Burma.* Honolulu: University of Hawai’i Press.

UNESCO. 2003. *Education in a Multilingual World.* UNESCO Education Position Paper. Paris: UNESCO. Available at: http://unesdoc.unesco.org/images/0012/001297/129728e.pdf.

UNESCO. 2013. *Education for All National EFA Reviews: Guidelines*. Available at http://unesdoc.unesco.org/images/0022/002224/222445e.pdf.

UNESCO, EFA/GMR, OECD, UNICEF, and the World Bank. 2015. *Technical Advisory Group Proposal: Thematic Indicators to Monitor the Post-2015 Education Agen*da. World Education Forum. Available at: http://www.uis.unesco.org/Education/Documents/tag-proposed-thematic-indica-

tors-post2015-education-agenda.pdf.

UNICEF and UNESCO. 2015. *Fixing the Broken Promise of Education for All: Findings from the Global Initiative on Out of School Children.* Montreal: UNESCO Institute for Statistics.

USAID. 2006. “Complementary Education.” *EQ Review: Educational Quality in the Developing World* 4 (2). Available at: http://pdf.usaid.gov/pdf_docs/Pnadm589.pdf.

Women and Child Rights Project (WCRP) and Human Rights Foundation of Monland (HURFOM). 2015. *Inaccessible and Under-Resourced: Concerns over Education in Rural Mon Communities*. Kanchanaburi, Thailand: HURFOM. Available at: http://www.rehmonnya.org/reports/Final-Edition.pdf.

World Bank. 2005. *In Their Own Language, Education for All*. Washington, D.C.: World Bank. Available at: http://siteresources.worldbank.org/EDUCATION/Resources/Education-Notes/EdNotes_Lang_of_Instruct.pdf.

World Bank. 2011. *Learning for All: Investing in People’s Knowledge and Skills to Promote Development*. World Bank Education Strategy 2020. Washington DC: World Bank. Available at: http://siteresources.worldbank.org/EDUCATION/Resources/ESSU/Education_Strategy_4_12_2011.pdf.

World Bank. 2014. *International Development Association Project Appraisal Document on a Proposed Credit in the Amount of SDR 51.8 Million (USD$80 Million Equivalent) and a Proposed Multi-Donor Trust Fund Grant in the Amount of USD$20 Million to the Republic of the Union of Myanmar for a Decentralized Funding to Schools Project*. Washington, DC: World Bank.

World Bank. 2015. *Realigning the union budget to Myanmar’s development priorities: public expenditure review.* Washington, DC: World Bank. Available at: http://documents.worldbank.org/curated/en/2016/03/26072851/realigning-union-budget-myanmar%E2%80%99s-development-priorities-public-expenditure-review.

World Education. 2016. “School Committees and Community Engagement in Education in Karen State” (working version).

## နောက်ဆက်တွဲ (၁)၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း အမျိုးသားဘာသာစကားမူဝါဒ ဖွံ့ဖြိုးရေးအတွက် နေပြည်တော် အခြေခံမူများ

**စည်းလုံးညီညွတ်မှု၊** ယေဘုယျနှင့် ညီမျှသော နိုင်ငံသားဖြစ်မှုအတွက် မြန်မာဘာသာစကားနှင့် စာပေကို အားလုံးအတွက် ဖြည့်ဆည်းပေးခြင်း။

**ကွဲပြားခြားနားမှု၊** တိုင်းရင်းသားများနှင့် ဒေသခံတိုင်းရင်း ရပ်ရွာများအား ယင်းတို့၏ ဘာသာစကားကို ယင်းတို့၏ ကလေးများအတွက် ထိမ်းသိမ်း ခံစားပြောင်းရွှေ့ပေးရန် ထောက်ပံ့ခြင်း။

**ပေါင်းစည်းညီညွတ်မှု၊** တိုင်းရင်းသားများနှင့် ဒေသတွင်း လူနည်းစု တိုင်းရင်းသားများအတွက် ပါဝင်မှု တိုးမြှင့်ပေးခြင်း။

**ပညာရေး၊** ညီမျှသော ရရှိလုပ်ဆောင်နိုင်မှုနှင့် ပါဝင်မှု၊ စာပေ၊ သက်မွေးဝမ်းကြောင်းနှင့် ဘဝကျွမ်းကျင်မှုများ နှင့် သင်ကြားရေး အဆင့်အတန်းများ တိုးတက်စေခြင်း။

**အလုပ်အကိုင်၊** သက်ဆိုင်ရာနေရာများတွင် ကုန်သွယ်ရေးနှင့် သက်မွေးဝမ်းကြောင်းအလုပ်များ အပါအဝင် လူငယ်များကို လုပ်အားယှဉ်ပြိုင်မှု ဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် ကူညီရန် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် မိခင်ဘာသာစကားများ အဆင့်အတန်းကို မြှင့်တင်ခြင်း။

**ဝန်ဆောင်မှုပေးခြင်း၊** နိုင်ငံသားအားလုံး၊ အထူးသဖြင့် ကျန်းမာရေး၊ တရားဝင် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများနှင့် လူမှုရေး ဆောင်ရွက်ချက်များတွင် ပြောင်းလဲစေမှုများနှင့် ပြည်သူ့စီမံခန့်ခွဲရေးက အကျိုးရှိစွာ ဆက်သွယ် လုပ်ကိုင်နေစေရန် ဆက်သွယ်ရေးစီမံချက်များ ပြုလုပ်ခြင်းကို ထောက်ပံ့ခြင်း။

**နိုင်ငံတကာဆက်ဆံရေး၊** ကုန်သွယ်ရေး၊ အင်္ဂလိပ်ဘာသာ၏ ကျယ်ပြန့်သော ဗဟုသုတများမှတစ်ဆင့် သံတမန်ဆက်ဆံမှုနှင့် ခရီးသွားမှု၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်ပြီး အာဆီယံ လှုပ်ရှားမှု၏ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများနှင့် မဟာဗျူဟာမြောက် နိုင်ငံခြား ဘာသာစကားများ သင်ယူမှုတို့ကို ထောက်ပံ့နိုင်စေခြင်း။

**အားလုံးပါဝင်သောဆက်သွယ်မှု၊** အမြင်နှင့် အကြားအာရုံထိခိုက်ထားသောသူများနှင့် အခြား ဆက်သွယ်မှု ချို့ယွင်းသောသူများအတွက် အထောက်အပံ့များ ပေါင်းစည်းခြင်း။

**တိုင်းရင်းသားအခွင့်အရေးများ၊** မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူများ၏ ထူးခြားသော ယဉ်ကျေးမှုများနှင့် ထုံးတမ်းစဉ်လာများကို အသိအမှတ်ပြု ခြင်း။

**မှတ်စု၊ မွေးစားထားသော ဘာသာစကား၊ ပညာရေးနှင့် လူမှုရေး ပေါင်းစည်းညီညွတ်မှုတို့ ဖြည့်ဆည်းထားသော ဆွေးနွေးပွဲ၊ နေပြည်တော်၊ မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၉-၃၀ ရက်နေ့များနှင့် ထပ်လောင်း အတည်ပြုထားသော ဘာသာစကား၊ ပညာရေးနှင့် လူမှုရေး ပေါင်းစည်းညီညွတ်မှုတို့ ဖြည့်ဆည်းထားသော ဆွေးနွေးပွဲ၊ နေပြည်တော်၊ မြန်မာနိုင်ငံ၊ ၂၀၁၅ ခုနှစ် မတ်လ ၁၉-၂၀ ရက်နေ့များ၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးတက်ရောက်သည်။**

နောက်ဆက်တွဲ (၂)၊ ၂၀၁၁ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးထားသော အပစ်အခတ်ရပ်စဲရေး

| လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်း | အပစ်အခတ် ရပ်စဲမှု အသစ် | ယခင် အပစ်အခတ် ရပ်စဲမှု | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် |
|---|---|---|---|
| "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ | ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ | ၁၉၈၉ | NCA ဆွေးနွေးပွဲအချို့သို့ လေ့လာသူ အနေဖြင့် တက်ရောက်ခဲ့၊ ၂၀၁၆ ခုနှစ် ဇူလိုင်လမှစပြီး NCA လက်မှတ် မရေးထိုးသူဖြစ်ခဲ့။ |
| အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် (မိုင်းလား) | ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့ | ၁၉၈၉ | NCA ဆွေးနွေးပွဲအချို့သို့ လေ့လာသူ အနေဖြင့် တက်ရောက်ခဲ့၊ ၂၀၁၆ ခုနှစ် ဇူလိုင်လမှစပြီး NCA လက်မှတ် မရေးထိုးသူ ဖြစ်ခဲ့။ |
| ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် | ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ | ၁၉၉၅ ခုနှစ် (၂၀၁၀ ပြည့်နှစ် တွင် ပြီးဆုံးသည်) | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |
| သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ | ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ | မရှိ | NCCT အစိုးရ ဆွေးနွေးပွဲလေ့လာသူ၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |
| ချင်းအမျိုးသားတပ်ဦး | ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ | မရှိ | NCCT အဖွဲ့ဝင်၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |
| ကရင်အမျိုးသား အစည်းအရုံး | ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ | မရှိ၂ | NCCT အဖွဲ့ဝင်၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |
| ရှမ်းပြည်တိုးတက်ရေးပါတီ | ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ | ၁၉၈၉ ခုနှစ် (၂၀၁၁ ခုနှစ်တွင် ပြီးဆုံးသည်) | NCCT အဖွဲ့ဝင်၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ မှစပြီး NCA လက်မှတ် မရေးထိုးသူ ဖြစ်ခဲ့။ |
| မွန်ပြည်သစ်ပါတီ | ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ | ၁၉၉၅ | NCCT အဖွဲ့ဝင်၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ မှစပြီး NCA လက်မှတ် မရေးထိုးသူ ဖြစ်ခဲ့။ |
| ကရင်ငြိမ်းချမ်းရေးကောင်စီ | ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ | ၂၀၀၇ | NCCT အဖွဲ့ဝင်၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |
| ကရင်နီ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၂၀၁၂ ခုနှစ် မတ်လ ၇ ရက်နေ့ | ၁၉၉၄ (ထိုနှစ်မှာပင် ပြီးဆုံးသည်) | NCCT အဖွဲ့ဝင်၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ မှစပြီး NCA လက်မှတ် မရေးထိုးသူ ဖြစ်ခဲ့။ |
| ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | ၂၀၁၂ ခုနှစ် ဧပြီလ ၅ ရက်နေ့ | မရှိ | NCCT အဖွဲ့ဝင်၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |

| | | | |
|---|---|---|---|
| နာဂအမျိုးသား ဆိုရှယ်လစ် ကောင်စီ-ကပ်ပလန် | ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက်နေ့ | မရှိ | NCA ဆွေးနွေးပွဲအချို့သို့ လေ့လာသူ အနေဖြင့် တက်ရောက်ခဲ့၊ ၂၀၁၆ ခုနှစ် ဇူလိုင်လမှစပြီး NCA လက်မှတ် မရေးထိုးသူဖြစ်ခဲ့။ |
| မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရေစီတပ်ပေါင်းစု | ၂၀၁၃ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့ | မရှိ | NCCT အဖွဲ့ဝင်၊ NCA လက်မှတ်ထိုး အဖွဲ့ဝင်။ |
| ပအိုး(ဝ်)အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် | ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ | မရှိ | NCCT အဖွဲ့ဝင်၊ ၂၀၁၆ခုနှစ် ဇူလိုင်လမှစပြီး NCA လက်မှတ် မရေးထိုးသူ ဖြစ်ခဲ့။ |

## နောက်ဆက်တွဲ (၃)၊ ပေါင်းစည်းထားသော တိုက်တွန်းအကြံပြုချက်များ

အပိုင်း (၂) တစ်ခုလုံးတွင် သက်ဆိုင်ရာ သုံးသပ်အကဲဖြတ်မှုများဖြင့် တင်ပြထားသော အစီရင်ခံစာ၏ တိုက်တွန်း အကြံပြုချက်များ အားလုံးကို အောက်တွင် ဖော်ပြထားပါသည်။ ဦးစားပေး အစီအစဉ် မဟုတ်ဘဲ အစီရင်ခံစာတွင် ပေါ်ထွက်လာသည့်အတိုင်း တိုက်တွန်းအကြံပြုချက်များကို စာရင်းပြုလုပ်ထားပါသည်။

### အစိုးရသို့ တိုက်တွန်းအကြံပြုချက်များ

**အခန်း(၈)**

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁။** EBEP များကို အစိုးရ၏ ပညာရေးရည်မှန်းချက် အောင်မြင်စေရန် တန်ဖိုးရှိသော မိတ်ဖက်များအဖြစ် ရှုမြင်သင့်သည်။ တက်ကြွသော ပူးပေါင်းဆောင်ရွက်ရေးမှ EBEP များကို ထောက်ပံ့နိုင်စေရန်နှင့် ယင်းတို့၏ ဆောင်ရွက်ချက်များကို အနှောင့်အယှက်ပေးခြင်းမှ ရှောင်ရှားနိုင်ရန် မူဝါဒများကို ချမှတ် အကောင်အထည်ဖော်ရန်လိုသည်။

- အနာဂတ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများနှင့် စီမံချက်များတွင် EBEP များ၏ လုပ်ငန်းကို မည်သို့လုပ်ဆောင်နိုင်မည် ဆိုသည်နှင့် မည်သို့အဆင်ပြေချောမောစေရန်ထောက်ပံ့ပေးနိုင်မည်ဆိုသည်တို့ကိုဖြေရှင်းသောရည်ရွယ်ထားသည့်အစိတ်အပိုင်းများပါဝင်သည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၂။** ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် အရေးပါသည့် အဖွဲ့အဖြစ် EBEP များကို ပြည်ထောင်စုအတွင်း တန်ဖိုးရှိသော အဖွဲ့အစည်းများအဖြစ် အနာဂတ်တစ်ခု ရှိစေရန် လိုအပ်သည်။ ယင်းသည် ရေတိုအခြေအနေတွင် အပစ်အခတ်ရပ်စဲရေးအတွက် ယုံကြည်မှုတိုးတက်စေပြီး "စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရန်" အတွက် အခြေခံကောင်းများ ချမှတ်ရန် ကူညီလိမ့်မည်ဖြစ်သည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၃။** ထူးခြားသောအခြေအနေများ မရှိဘဲ သို့မဟုတ် မှတ်ပုံတင်လိုအပ်ချက်များ မရှိဘဲ EBEP များကို တရားဝင် အသိအမှတ်ပြုခြင်း ပေးအပ်ရန်။

- EBEP များသည် ကျောင်းတွင်းပညာရေးအတွက် အဖွဲ့အစည်းများဖြစ်ကြောင်း ဖော်ပြခြင်း။
- EBEP များသည် အစိုးရ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အထောက်အပံ့ အဖွဲ့အစည်းများနှင့် ဒေသရပ်ရွာအစုအဖွဲ့များထံမှ ရန်ပုံငွေများ ရယူနိုင်ကြောင်း ဖော်ပြခြင်း။
- ပညာရေးဝန်ကြီးဌာနသည် EBEP များနှင့် အလုပ်လုပ်ဆောင်ရာတွင် ယင်းနစ်ဖွဲ့ ထပ်နေသည့် နေရာများနှင့် ပတ်သက်ပြီး ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်သင့်ကြောင်း ဖော်ပြခြင်း နှင့်
- ပညာရေးဝန်ကြီးဌာနနှင့် အခြားအစိုးရ အဖွဲ့အစည်းများသည် အမျိုးသားပညာရေးမူဝါဒနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် တိုင်းရင်းသား ယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် သမိုင်းဆိုင်ရာ အရေးကိစ္စများနှင့် ပတ်သက်ပြီး EBEP များနှင့် တိုင်ပင်သင့်ကြောင်း ဖော်ပြခြင်း။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၄။** စစ်မှန်ပြီး တန်ဖိုးရှိသော ပါဝင်ပတ်သက်သူများအဖြစ် အခြား ပညာရေးအဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်းဖြင့် ပညာရေး စီမံချက်နှင့် မူဝါဒကို ပိုမိုပါဝင်သော ချဉ်းကပ်မှုများ တိုးတက်စေရန်။

- အခြား အဖွဲ့အစည်းများသည် ပညာရေးနှင့် ပတ်သက်သော အဆင့်အတန်းမြင့်မားမှု ရရှိစေရန် လုပ်ဆောင်မှုတွင် အရေးပါပြီး ထို့အတွက်ကြောင့် ယင်းတို့၏ သွင်းအားစုသည် မရှိမဖြစ် အရေးပါကြသည်။
- အစိုးရ၏ စီမံချက်များသည် တရားဝင်ဖြစ်ကြောင်း ရှုမြင်ပြီး အခြားအဖွဲ့အစည်းများကို ထောက်ပံ့ရန်အတွက် အရေးပါစေရန်။
- EBEP များကို ပညာရေးစီမံချက်များ ရေးဆွဲရာနှင့် မူဝါဒချမှတ်ရာတွင် ပါဝင်စေရန် ပျက်ကွက်ခြင်းသည် ပြည်ထောင်စုအဆင့် အရေးအရာများတွင် အထူးသဖြင့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်ရန် နိုင်ငံတော်၏ ပျက်ကွက်မှုကြောင့် နှစ်ကာလကြာရှည်ခဲ့သော မကျေနပ်ချက်များကို ပိုမို ဆိုးဝါးလာစေသည်။

**အခန်း(၉)**

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၅။** ရပ်ရွာအစုအဖွဲ့ အသစ်များတွင် ကျောင်းဆရာများကို နေရာချခြင်း သို့မဟုတ် ကျောင်းများသို့ အရင်းအမြစ်များ ကမ်းလှမ်းခြင်း လုပ်သည့်အချိန်တိုင်း ပညာရေး အဖွဲ့အစည်းများ အားလုံးကို တိုင်ပင်ဆွေးနွေးပါ။

- TEO များ၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအုပ်များနှင့် ရပ်ရွာ အဖွဲ့အစည်းအသစ်များသို့ ရောက်နိုင်သော အခြား အဖွဲ့အစည်းများ

အတွက် အဆင့်အတန်းမီ အစီအစဉ်မှတ်တမ်း ဖြစ်သင့်သည်။

- GAD ကို ထိုမှတ်တမ်း၏ ရပ်တည်မှုတွင် ပါဝင်စေရန်။
- အစိုးရသို့ တိုက်တွန်းအကြံပြုချက် ၃ တွင် ဆွေးနွေးထားသော တရားဝင် ပြဋ္ဌာန်းချက်များတွင် ပါဝင်နိုင်သည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၆။** ရပ်ရွာများသို့ အထောက်အပံ့ကမ်းလှမ်းခြင်း သို့မဟုတ် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာများ ပေးပို့ခြင်း မတိုင်မီ ရည်ရွယ်ထားသော နေရာတွင် သေချာစွာ တည်ထောင်ထားသော EAO များနှင့် အမြဲတစေ တိုင်ပင်ပါ။

- ယုံကြည်မှု တည်ဆောက်ခြင်း၊ EAO များနှင့် အငြင်းပွားမှု ရှောင်ရှားခြင်း၊ ရပ်ရွာများနှင့် ဒေသခံ EAO များအကြား ပဋိပက္ခများ ရှောင်ရှားခြင်းနှင့် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများနှင့် အခြားဝန်ထမ်းများ လုံခြုံမှုရှိစေခြင်းများအတွက် လိုအပ်သည်။

**အခန်း (၁၀)**

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၇။** "ရောနှောကျောင်း" တစ်ကျောင်းအဖြစ် EBEP ထံမှ အထောက်အပံ့လည်း ရယူသော မည်သည့်ကျောင်းကိုမဆို အစိုးရက ပုံမှန်အားဖြင့် အသိအမှတ်ပြု မှတ်တမ်းထားသင့်သည်။

- ပညာရေးဝန်ကြီးဌာနသည် EBEP ၏ အထောက်အပံ့ ရယူနေသော ကျောင်းတစ်ကျောင်းကို ထောက်ပံ့ခြင်း စတင်သောအခါ "ရောနှောကျောင်း" တစ်ကျောင်းအဖြစ် တိကျစွာ အသိအမှတ် အထောက်အထား ပြုသင့်ပြီး သက်ဆိုင်ရာ EBEP (များ)နှင့် ဆွေးနွေးညှိနှိုင်းသင့်သည်။
- လက်ရှိ ရောနှောကျောင်းအားလုံးကို ထိုသို့ အသိအမှတ်ပြု အထောက်အထား ထားရှိရန် ပညာရေးဝန်ကြီးဌာနက ပြုလုပ်သင့်သည်။
- အစိုးရသည် ပညာရေးဝန်ကြီးဌာန မူဝါဒတွင် ရောနှောကျောင်းများ ပါဝင်စေမှုကို စဉ်းစားသင့်ပြီး အမျိုးသား ပညာရေးဥပဒေနှင့် အခြား ဥပဒေများတွင် ဖော်ပြနိုင်သည်။
- EBEP များက တိုင်းရင်းသားဘာသာစကားများနှင့် အခြားတိုင်းရင်းသားဘာသာရပ်များ သင်ကြားနေသော ရောနှောကျောင်းများတွင် ကျောင်းချိန်အတွင်း သင်ကြားပို့ချချက်ကို ဆောင်ရွက်သင့်သည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၈။** ဝေးလံခေါင်ဖျား တိုင်းရင်းသား ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ကျောင်းဆရာများသည် ပညာရှင်ဆန်ကြရမည် ဖြစ်ပြီး အိမ်ရှင်ရပ်ရွာများနှင့် ကောင်းမွန်သော ပညာရှင်ဆန်သည့် လူမှုဆက်ဆံရေးကို ဖွံ့ဖြိုးစေနိုင်စေရန် လုပ်ဆောင်ပါ။

- တိုးချဲ့ထားသော အလုပ်သည် နေ့စားလပေး ကျောင်းဆရာများ အပါအဝင် အထူးသဖြင့် စည်းလုံးသော ရပ်ရွာများရှိသည့် ကျေးလက်ဒေသများတွင် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ပညာရှင်ဆန်စေရန် လိုသည်။
- ရပ်ရွာများနှင့် ဆက်ဆံရေးကောင်း ဖွံ့ဖြိုးနေစေသည့် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ ကြုံရသည့် အခက်အခဲသည် ယင်းတို့၏ ရပ်ရွာများ သို့မဟုတ် အနီးနားရှိ ရပ်ရွာများတွင် တာဝန်ထမ်းဆောင်နေကြသော ဒေသကျောင်းဆရာများ၏ တန်ဖိုးကို အကြမ်းအားဖြင့် ဖော်ပြပြီး ထို့ကြောင့်ပင် EBEP များ၏ အရေးပါမှုကို ပညာရေးဝန်ကြီးဌာနက ပိုမိုကောင်းမွန်စွာ ထိန်းချုပ်အသုံးချနိုင်သည်။
- အကြိုဝန်ထမ်းနှင့် အမြဲတမ်းဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသများတွင် နေထိုင်လုပ်ကိုင်ရန်အတွက် ကူညီပြင်ဆင်ရန် ပညာရေးဝန်ကြီးဌာနသည် ရွေးချယ်စရာများကို ဖော်ထုတ်သင့်သည်။ လေ့ကျင့်ရေးတွင် ပညာရှင်ဆန်သော ဆောင်ရွက်မှုများ၊ အငြင်းပွားမှု ရှောင်ရှားရေးနှင့် ရပ်ရွာဆက်ဆံရေး ကောင်းမွန်စေရန် ဆောင်ရွက်ရေးတို့ ပါဝင်သင့်သည်။

**အခန်း (၁၁)**

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၉။** ပညာရေးဝန်ကြီးဌာန၏ ကျယ်ပြန့်သော သင်ရိုးအတွက် အစီအစဉ်နှင့် အကဲဖြတ်မှု ပြုပြင်ပြောင်းလဲရေး၏ အစိတ်အပိုင်းအဖြစ် MTB-MLE ကို တိုးမြင့်စေရန်နှင့် ပိုမိုကွဲပြားပြီး ပိုမိုပါဝင်မှုရှိသော ပညာရေးကဏ္ဍကို တည်ဆောက်ရန် BEPE နှင့် ပညာရေးဝန်ကြီးဌာန စနစ်များအကြား ကျွမ်းကျင်မှု တိုးတက်စေရန် လုပ်ဆောင်ပါ။

ပညာရေးဝန်ကြီးဌာန၏ စာမေးပွဲများတွင် ကလေးများကို ပြင်ဆင်ပေးနေပြီး ကျောင်းပြောင်း ကျောင်းသားများ၏ စွမ်းရည်များကို ပိုမိုထက်မြက်သော အကဲဖြတ်ခြင်းပေးမည့် ယင်းတို့၏ သင်ကြားရေးနည်းစနစ်များတွင် ရလဒ်အခြေခံ မူဘောင်သည် EBEP များကို ပိုမိုပြုလွယ်ပြင်လွယ် အခြေအနေကို ပေးလိမ့်မည်။

- ကျောင်းများနှင့် ကျောင်းသားများက ထိုဘာသာရပ်များကို ဦးစားပေးပြီး တိုင်းရင်းသားဘာသာရပ်များကို သင့်လျော်သလို တိုးတက်စေရန် "ဒေသသင်ရိုးညွှန်းတမ်း" အတွက် ပုံမှန်အကဲဖြတ်မှုကို မိတ်ဆက်ဖော်ပြသင့်သည်။
- ပညာရေးဝန်ကြီးဌာန၏ သင်ရိုးတွင် ပါဝင်သော ဘာသာရပ်များကို အစားထိုး ဖတ်စာအုပ်များ အသုံးပြုပြီး တိုင်းရင်းသား ဘာသာရပ်များဖြင့် သင်ကြား အကဲဖြတ်သင့်သည်။

- အထက်ပါ အချက်နှစ်ချက်တွင် တိုက်တွန်း အကြံပြုထားသော ပြုပြင်ပြောင်းလဲရေးသည် တိုင်းရင်းသား စာပေကို သင်ကြားသော ရေနွေးကျောင်းများနှင့် ပညာရေးဝန်ကြီးဌာန ကျောင်းများကို အကျိုးပြုလိမ့်မည်။ ပညာရေးဝန်ကြီးဌာနနှင့် ပိုမိုရင်းနှီးမှု ရရှိရန် အတွက် ယင်းတို့၏ စနစ်များကို ချိန်ညှိရန် EBEP များကို အားပေးရမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန စာမေးပွဲများအတွက် ကျောင်းသားများကို ပြင်ဆင်ပေးလိမ့်မည်။
- အနာဂတ်တွင် ပညာရေးဝန်ကြီးဌာန အရည်အချင်းများနှင့် အဆင့်အတန်းများ၏ တရားဝင် ညီမျှမှုကို ပေးအပ်ခြင်းဖြင့် EBEP နှင့် အခြားဒေသအဖွဲ့များက ကမ်းလှမ်းထားသော အရည်အချင်းများ၏ တရားဝင် အသိအမှတ်ပြုမှုအတွက် စနစ်တစ်ခုကို တည်ထောင်နိုင်သည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၀။** သင်ရိုးနှင့် အကဲဖြတ်မှု မူဘောင်များကို ပြုပြင်ပြောင်းလဲရေးတွင် EBEP များကို တတ်နိုင်သမျှ ပါဝင်စေပါ။

- ယင်းသည် EBEP များ ကျွမ်းကျင်မှု၏ အကျိုးအမြတ်များကို အထောက်အပံ့ဖြစ်စေပြီး ယင်းတို့၏ အထောက်အပံ့ကို ရရှိစေကာ စနစ်များအကြား ကြီးမားသော ပြည့်စုံမှုကို တိုးတက်စေလိမ့်မည် ဖြစ်သည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၁၊** ယခင်က EBEP ကျောင်းများတွင် ကျောင်းအပ်ထားသော ကလေးများနှင့် မြန်မာဘာသာစကား ကျွမ်းကျင်မှု နိမ့်ကျသော ကလေးများအပါအဝင် မည်သည့်ကလေးကိုမျှ အခြေခံပညာရေးတွင် ကျောင်းအပ်နှံခြင်းမှ ပယ်ဖျက်ခြင်း မပြုသင့်ပါ။

- ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများနှင့် TEO များသည် အလားအလာရှိသော ကျောင်းသားများကို ကျောင်းများသို့ တက်ရောက်ခြင်းအား လက်ခံရမည်ဖြစ်ပြီး ကျောင်းအပ်နှံခြင်းသည် တရားဝင်မဟုတ်သော အခကြေးငွေများ သို့မဟုတ် လာဘ်ငွေများ သို့မဟုတ် ပုဂ္ဂိုလ်ရေး ဆက်ဆံမှုအပေါ်တွင် မည်သည့်အခါမျှ တည်မှီမနေရပေ။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၂။** EBEP များမှ ပြောင်းလာသော ကျောင်းသားများသည် ယင်းတို့၏ အောင်မြင်မှုအဆင့် တိုးတက်ရန်နှင့် ဘာသာစကားဆိုင်ရာ သို့မဟုတ် သင်ကြားရေးဆိုင်ရာ အားနည်းမှုများကို ကုစားရန် အပိုထောက်ပံ့မှုများ ရရှိသင့်သည်။ ယင်းဖွံ့ဖြိုးရေး အစီအစဉ်များကို သုတေသနအပေါ်တွင် အခြေခံသော်လည်း ယင်းတို့သည် အောက်ပါအတိုင်း ပါဝင်ကြသည်၊

- လိုအပ်သော အထောက်အပံ့ကို စစ်ဆေးရန် ကနဦး အကဲဖြတ်မှုများ လိုအပ်သည်။ (ဥပမာ မြန်မာဘာသာစကား စွမ်းရည်များကို အကဲဖြတ်ခြင်း။)
- မြန်မာဘာသာစကားနှင့် အခြားဘာသာရပ်များတွင် အရွယ်အစားအမျိုးမျိုးရှိသော သင်ခန်းစာများ တိုးတက်စေခြင်း။
- ကျောင်းပြောင်း ကျောင်းသားများ၏ ပထမ ဘာသာစကား အထူးသဖြင့် ကျောင်းပြောင်း ကျောင်းသားများနှင့် ဆက်ဆံပြောဆိုနိုင်သော ကျောင်းဆရာများ ငှားရမ်းခြင်း။
- ကျောင်းပြောင်းကျောင်းသားများရှိသော စာသင်ခန်းများတွင် အကူအညီရစေရန် သို့မဟုတ် စာမလိုက်နိုင်သူများကို ကူညီရန် ဒေသ ဘာသာစကား စွမ်းရည်ရှိသော စာသင်ခန်းလက်ထောက်များကို ငှားရမ်းခြင်း။
- ကျောင်းပြောင်းကျောင်းသားများ၏ ဒေသများ အထူးသဖြင့် များစွာသော ရပ်ရွာသို့ ပြန်ခေါ်ထားသူများ၊ ပြည်တော်ပြန်များနှင့် နေရပ် စွန့်ခွာ တိမ်းရှောင်သူများ နေရာချထားရေးတွင် ရေနွေးကျောင်း အစီအစဉ်များကို အသုံးပြုခြင်း။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၃။** EBEP များမှ ပြောင်းလာသော ကျောင်းသားများကို ယင်းတို့၏ ယခင် တတ်ကျွမ်းမှုနှင့် အလျော်ညီဆုံး ဖြစ်မည့်အပြင် ယင်းတို့၏ သင်ယူမှုများကို အကျိုးအရှိဆုံး ဖြစ်စေမည့် ဂရိတ်များတွင် ထားရှိသင့်သည်။

- EBEP မှ ပညာရေးဝန်ကြီးဌာန ကျောင်းများသို့ ပြောင်းရွှေ့လာသော ကျောင်းသားများကို ပြန်လည်ခေါ်ယူရာတွင် ယင်းတို့သည် မည်သို့အသုံးကျသည်၊ မည်သည့်အခါတွင် ခေါ်ယူမည်နှင့် ခေါ်ယူလျှင် နောက်ထပ် သုတေသနများသည် စစ်ဆေးရန် လိုအပ်ပြီး EBEP မှ EBEP သို့ ပြောင်းရွှေ့ခြင်းနှင့်မှု ကွဲပြားဖွယ်ရှိသည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၄။** ပိုမိုပြည့်စုံသော အကဲဖြတ်မှု ပြုပြင်ပြောင်းလဲရေးများအစား တိုင်းရင်းသားဘာသာရပ်များ အကဲဖြတ်မှုကို ကျောင်းအုပ်ချုပ်ရေးများနှင့် ကျောင်းသားများက အခြားဘာသာရပ်များကဲ့သို့ ပေးနိုင်စေရန် ဆောင်ရွက်ပါ။

- (ဂရိတ် ထိန်းသိမ်းထားခြင်း မူဝါဒများကို ပိုမိုယေဘုယျကျစွာ သုံးသပ်ရန် လိုအပ်ကောင်း လိုအပ်မည်ဖြစ်သော်လည်း) များစွာသော တွေ့ဆုံမေးမြန်းမှုများမှ ဖြေကြားသူများသည် အခြားဘာသာရပ်များကဲ့သို့ တိုင်းရင်းသားဘာသာရပ်များ အောင်မြင်ခြင်းနှင့် ပတ်သက်ပြီး အားထားနိုင်ရန် ဂရိတ် တိုးပေးရေးအတွက် တောင်းဆိုကြသည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၅။** EBEP အရည်အချင်းများကို တရားဝင်အသိအမှတ်ပြု စိတ်ချရစေခြင်းအတွက် ပိုမိုပြည့်စုံသော စနစ်တစ်ခုအစား EBEP က ထုတ်ပေးထားသည့် စိတ်ချရသော အရည်အချင်းများကို တရားဝင်အဖြစ် အသိအမှတ်ပြုစေရန် အစိုးရက

အဆင့်ဆင့် လုပ်ဆောင်သင့်သည်။ ဒုက္ခသည်စခန်းများမှ ကျောင်းများကဲ့သို့ ကရင်နှင့် ကရင်နီ EBEP များက ထုတ်ပေးထားသော ယင်း အရည်အချင်းများကို အကောင်းဆုံးအဖြစ် သိကြသော်လည်း စိတ်ချရသော အလားတူ အခြားအရည်အချင်းများလည်း ရှိနိုင်သေးသည်။

- ဥပဒေပြုရေး သို့မဟုတ် သမ္မတ အမိန့်ကြေညာစာ ထုတ်ပြန်ခြင်းအားဖြင့် ရရှိနိုင်သည်။
- ပြည်တွင်းသို့ ပြန်ခေါ်ထားသော ဒုက္ခသည်များ သို့မဟုတ် EBEP များ၏ အရည်အချင်းရှိသော အခြားသူများနှင့် မီဒီယာများနှင့် ပြည်သူ့ဆက်ဆံရေး ကြိုးပမ်းမှုများမှတစ်ဆင့် အလုပ်ရှင်များကို ဆက်သွယ်နိုင်သည်။
- အနာဂတ်တွင် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့ အရည်အချင်း မူဘောင်များနှင့်ပတ်သက်ပြီး ထပ်မံချိန်ညှိမှုကို တူညီသော ရည်ရွယ်ချက်ဖြင့် ယာယီကိစ္စရပ်များကို ကနဦးလိုက်နာစေလိမ့်မည်။
- ထိုက်တန်စွာ တရားဝင် အသိအမှတ်ပြုထားသော အသိအမှတ်ပြု ချီးမွမ်းထိုက်သည့် အောင်လက်မှတ်ထုတ်ပေးသည့် အခြား EBEP များကို ခွဲခြားသတ်မှတ်ရန် လုပ်ငန်းများ လိုအပ်သည်။

**အခန်း (၁၂)**

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၆။** ပညာရေးဝန်ကြီးဌာန မရောက်နိုင်သော ဒေသများရှိ ကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှ အထောက်အပံ့များ တိုးချဲ့ခြင်းဖြင့် တိုးမြှင့်ထားသော အထောက်အပံ့များ ပေးအပ်နိုင်သည်။

- ထိုအထောက်အပံ့ကို အခြားဘာသာရေးအဖွဲ့များနှင့် ဆက်သွယ်ထားသော ပညာရေးအဖွဲ့အစည်းများသို့လည်း ကမ်းလှမ်းသင့်သည်။
- ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းဆရာများသည် ယင်းတို့၏ လစာများ လွန်စွာ နည်းပါးကြခြင်းနှင့် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများ၏ လစာများနှင့် တူညီသင့်ကြောင်း မကျေနပ်ချက်များ တင်ပြကြသည်။

**အစိုးရသို့ တိုက်တွန်းအကြံပြုချက် # ၁၇။** EBEP များ၏ လွတ်လပ်သော ချီးမွမ်းထိုက်သည့် အသိအမှတ်ပြုရေးအတွက် ရွေးချယ်စရာများကို ရှာဖွေသင့်ပြီး ယင်းတို့နှင့် ဆွေးနွေးသင့်သည်။

- သင့်လျော်သော အသိအမှတ်ပြုရေးအဖွဲ့များသည် တိုးတက်မှုရရှိရန် အချိန်ကြာမြင့်စွာ ယူရမည်ဖြစ်ပြီး ကျယ်ပြန့်သော နိုင်ငံရေး တိုးတက်မှုကဲ့သို့ EBEP များနှင့် ဂရုတစိုက် စေ့စပ်ဆွေးနွေးရေး လိုအပ်လိမ့်မည်ဖြစ်သည်။ စည်းမျဉ်းများ ရိုးရှင်းစွာ တည်ထောင်ခြင်းဖြင့် ယင်းတို့ကို မဖွဲ့စည်းနိုင်ပါ။
- အခြားထောက်ပံ့ရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသော ကျောင်းများ၊ အဖွဲ့အစည်းများနှင့် လေ့ကျင့်ရေးဌာနများကို မှတ်ပုံတင်နိုင်သော NLD ကျန်းမာရေးကွန်ရက်က ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုက်တွန်းအကြံပြုထားသည့် အဖွဲ့တစ်ဖွဲ့နှင့် တူသည့် လွတ်လပ်သော အသိအမှတ်ပြုခြင်းအဖွဲ့သည် အသုံးကျသော ရွေးချယ်မှုတစ်ခု ဖြစ်လိမ့်မည်။
- EBEP ကို တင်းကြပ်ပြီး ဗဟိုချုပ်ကိုင်မှုရှိသော အုပ်ချုပ်မှုအောက်တွင်ထားရန် ကြိုးပမ်းမှုထက် ယင်းတို့အပေါ်တွင် အစိုးရအနေဖြင့် ယုံကြည်မှုတည်ဆောက်ရန် အလေးထားသင့်သည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ

**အခန်း (၈)**

**EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၁။** ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ ဆောင်ရွက်မှုများသည် ပြည့်စုံပြီး ရှေ့နောက်ညီညွတ်မှု ရှိစေရန်အတွက် EBEP များသည် အစိုးရနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်။ ပညာရေးကဏ္ဍကို စီမံခန့်ခွဲခြင်း အပါအဝင် ပြည်သူများကို အလုပ်အကျွေးပြုရန် အစိုးရတွင် ဒီမိုကရေစီ တာဝန်ရှိသည်ကို EBEP များက အသိအမှတ်ပြုကြသင့်သည်။

**EAO/EBEPများသို့တိုက်တွန်းအကြံပြုချက် #၂။** ပညာရေးမဟာဗျူဟာများကိုဖွံ့ဖြိုးရန်အတွက်ဦးဆောင်ဦးရွက်ပြုရန် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ရှိကြောင်း အသိအမှတ်ပြုရန်နှင့် အစိုးရကဲ့သို့ အစီအစဉ်များနှင့် မဟာဗျူဟာများကို ချိန်ညှိခြင်းမှ အကျိုးပြုနိုင်ကြောင်း EBEP များက အသိအမှတ်ပြုရန်။

- ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်တွင် အကြီးမားဆုံး ပညာရေး အဖွဲ့အစည်း ဖြစ်ပြီး အစိုးရသည် ပညာရေးကဏ္ဍ တိုးတက်စေရန် ယင်း၏ မဲဆန္ဒရှင်များကို တာဝန်ယူရမည် ဖြစ်သည်။
- EBEP များသည် နိုင်ငံတော်နှင့် နိုင်ငံတကာရှိ အဓိက ဖွံ့ဖြိုးရေး မိတ်ဖက်များထံမှ ပူးပေါင်းဆောင်ရွက်ရေးနှင့် အထောက်အပံ့များကို ပိုမိုရရှိမည် ဖြစ်သည်။
- EBEP များသည် ယင်းတို့၏ သိမ်ငယ်ခြင်း သို့မဟုတ် ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်မှုကို ခြိမ်းခြောက်မှုကဲ့သို့ ဖြစ်နေသော အစိုးရ၏

မဟာဗျူဟာအချို့နှင့် ချိန်ညှိခြင်းကို မပြုလုပ်သင့်ဘဲ မဟာဗျူဟာကျသော မူဝါဒတစ်ရပ်အဖြစ် ရှုမြင်သင့်သည်။

**အခန်း (၁၁)**

**EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၃။** သင်ရိုးနှင့် အကဲဖြတ်မှု မူဘောင်များတွင် အစိုးရပြုပြင်ပြောင်းလဲရေးကို ပါဝင်လွှမ်းမိုးစေခြင်းနှင့် စနစ်နှစ်ခုအကြား ပြည့်စုံစေရန် ထောက်ပံ့ခြင်း ဖြစ်လာစေရန်။

**EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၄။** နည်းလမ်းတစ်ခုကို ယူဖွယ်ရှိလျှင် ပညာရေးဝန်ကြီးဌာန ကျောင်းများသို့ ကျောင်းပြောင်းလာသူ ကျောင်းသားများအတွက် ပြည့်စုံသော ပြင်ဆင်ပေးမှုများ ရှိစေရန် EBEP များတွင် တာဝန်ရှိသည်။

- နေရာဆန်းစစ်ချက်များအတွက် ပြင်ဆင်ရာတွင် မြန်မာဘာသာအခြေပြု အပိုကျောင်းစာသင်ခြင်း သို့မဟုတ် အထောက်အပံ့များ ပါဝင်သည်။

**အခန်း (၁၂)**

**EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၅။** ယုံကြည်ရသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်နေသည့် EBEP များ သည် အထူးသဖြင့် အစိုးရဝန်ဆောင်မှုများ အမြဲတမ်းတိုးတက်ရေး အနေအထားတွင် ဗဟိုမှ အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများ ခိုင်မာရေး စနစ်များကို ပြုလုပ်သင့်သည်။

- အစိုးရသည် ပညာရေးနှင့်ပတ်သက်ပြီး တိုးတက်သုံးစွဲမှုခြင်းနှင့် နည်းစနစ်စွမ်းရည်များကို တည်ဆောက်နေခြင်းများ ဆောင်ရွက်နေရာ အရည်အသွေးတိုးမြင့်ရန်နှင့် ဆက်လက်တန်ဖိုးရှိနေစေရန် အလုပ်ကြိုးစားရလိမ့်မည်ဟု EBEP များက အသိအမှတ်ပြုသင့်သည်။

**EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၆။** EAO များသည် ယင်းတို့၏ ပညာရေးဌာနများအတွက် ဘတ်ဂျက်ခွဲဝေမှုများ တိုးတက်စေသင့် သည်။

- ယင်းတို့၏ ဒေသများတွင် ပညာရေးထောက်ပံ့ခြင်းသည် ဝန်ထုပ်ဝန်ပိုးဖြစ်နေရာ ဒေသ ပြည်သူလူထုအပေါ်တွင် အခွန်အခများ တိုးမြှင့်ခြင်းဖြင့် မရယူသင့်ပါ။
- ရန်ပုံငွေများသည် သဘာဝအရင်းအမြစ်အခွန်ကဲ့သို့ ရပ်ရွာများအပေါ် မကျရောက်စေသော အခကြေးငွေများ သို့မဟုတ် အခွန်အခ များမှ လာသင့်သည်။

## အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် လူမျိုးစုအခြေပြု ပညာရေးအဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ

**အခန်း (၈)**

**အစိုးရနှင့် EAO/EBEP သို့ တိုက်တွန်းအကြံပြုချက်များ #၁။** သင့်လျော်သော အုပ်ချုပ်ရေးအဆင့်များတွင် တရားဝင် ညှိနှိုင်းရေးအဖွဲ့ကို တည်ထောင်ရန်။

- ကော်မတီများတွင် ပညာရေးအဖွဲ့အစည်းများမှ အဓိကတာဝန်ရှိသူများ၊ အစိုးရနှင့် EAO ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်နိုင်သည်။
- ကွဲပြားသော အကျိုးအမြတ်များနှင့် ဦးတည်ချက်အဆင့်များကို ဖြည့်ဆည်းပေးရန် ဒေသဆိုင်ရာနှင့် မြို့နယ်အဆင့် အဖွဲ့အစည်းများ တွင် ၎င်းတို့ကို ကွဲပြားစွာ ဖွဲ့စည်းနိုင်ကြသည်။
- စဉ်းစားသုံးသပ်ရန် ထိုဖိုရမ်များဆီသို့ ရပ်ရွာသက်ဆိုင်မှုများနှင့် ဦးစားပေးမှုများ ပေးအပ်ရန်အတွက် အဖွဲ့အစည်းများကို ဖွံ့ဖြိုးစေရန် လုပ်ဆောင်ပါ။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် #၂။** နိမ့်သောအဆင့် တွေ့ဆုံပွဲအတွက် ကြီးမားသော နေရာကို ခွင့်ပြုသကဲ့သို့ ပညာရေး မဟာဗျူဟာများ၊ အစီအစဉ်များနှင့် ဦးစားပေးလုပ်ငန်းများကို ချိန်ညှိရန် ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲအတွက် အဖွဲ့အစည်းကို ဖွံ့ဖြိုးစေရန်။

**အခန်း (၉)**

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၃။** များစွာသော ဒေသများသည် ရေနောဆောင်ရွက်ချက်များ၏ မရှောင်လွှဲနိုင်သော ဒေသများဖြစ်ကြောင်း အသိအမှတ်ပြုနေစဉ်အတွင်း ဖြစ်နိုင်သော နေရာများတွင် လုပ်ဆောင်မည့် ဒေသများကို ဒေသဆိုင်ရာ ညှိနှိုင်းမှုမှတစ်ဆင့် အသေးစိတ် ဖော်ပြပါ။

- ဆောင်ရွက်မှု နေရာများ ထူးခြားစွာ ထပ်နေလေ့ရှိသည့် နေရာများအတွက် ဒေသညှိနှိုင်းရေး အစီအစဉ်များကို ဖြစ်ပေါ် လာနိုင်စေသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထိုသဘောတူညီချက်များကို တရားဝင်ဖြစ်စေရန် လုပ်ဆောင်ခြင်းသည် ယင်းတို့အား ယုံကြည်မှု ထပ်မံတည်ဆောက်ခြင်းနှင့် ပိုမိုရင်းနှီးချစ်ခင် သံယောဇဉ်ဖြစ်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၄။** ရပ်ရွာကျောင်းတစ်ကျောင်းအတွက် ပုံစံသစ် အထောက်အပံ့များ ရည်ရွယ်သောအခါ ပညာရေးဝန်ကြီးဌာန၊ EBEP များနှင့် ရပ်ရွာတို့သည် ပေးအပ်မည့် ဝန်ဆောင်မှုအကြောင်းကို သဘောတူညီမှုရှိစေရန် ပုံမှန်အစည်းအဝေးများကို ကျင်းပသင့်သည်။ ပထမဦးဆုံး အစည်းအဝေးကဏ္ဍများသည် စနစ်အသီးသီးမှ (ကျောင်းဆရာများအပါအဝင်) လက်ခံမည့် အထောက်အပံ့အတွက် အများသဘောဆန္ဒကို ယူသင့်သည်။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၅။** သင့်လျော်သော အုပ်ချုပ်ရေးအဆင့်တွင် ဆောင်ရွက်ပေးမှုများအပေါ် နောက်ထပ်ညှိနှိုင်းခြင်းအတွက် ရွေးချယ်စရာများကို စဉ်းစားသုံးသပ်ပါ။

- သတ်မှတ်ထားသော လုပ်ဆောင်မှုဒေသတွင် ပညာရေးအဖွဲ့အစည်း အသီးသီးကို သီးသန့်တာဝန်ယူမှုများ ရှိစေပြီး ရောနောလုပ်ဆောင်သည့် ဒေသများတွင် ပူးတွဲတာဝန်ယူမှုများကို ရှိစေသော ပူးတွဲမဟာဗျူဟာများကို ဖွံ့ဖြိုးစေရန် လုပ်ဆောင်ပါ။
- ညှိနှိုင်းထားသော စီမံချက်များကို ချောမွေ့စေရေး လုပ်ဆောင်ရန် အများသုံးမြေပုံများနှင့် ဝန်ဆောင်မှု၏ အထောက်အထား စာရွက်စာတမ်းများကို စုစည်းရန် ပူးတွဲမြေပုံရေးဆွဲရေး လေ့ကျင့်ခန်းများကို ဆောင်ရွက်ပြီး ကန့်သတ်ထားသော လုပ်ဆောင်မှုနယ်မြေသို့မဟုတ် လုံးဝ လုပ်ဆောင်မှုမရှိသော နယ်မြေနှင့် ဝန်ဆောင်မှု နှစ်ဆဖြစ်နေသော နယ်မြေများကို ခွဲခြားသတ်မှတ်ရန်။
- EAO များနှင့် အစိုးရတို့အကြား ဆက်ဆံရေးခိုင်မာသော သီးသန့်နေရာများတွင် လက်တွေ့ကျသော စတင်ဆောင်ရွက်သည့် အချက်သည် ရှေ့ပြေးစီမံကိန်းများ ဖြစ်နိုင်သည်။
- ဖြစ်နိုင်သည့်နေရာများတွင် အစီအစဉ် ဖွံ့ဖြိုးရေးနှင့် ရလဒ်တိုင်းတာမှုကို အဆင်ပြေချောမွေ့စေရန် ဘုံရည်မှန်းချက်များကို တည်ထောင်ပါ။

**အခန်း (၁၀)**

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၆။** ရောနောကျောင်းများ၏ အုပ်ချုပ်ရေးအတွက် ပုံမှန်တရားဝင် လမ်းညွှန်ချက်များနှင့် ကျောင်းအဆင့် ဦးဆောင်ကော်မတီများကို တည်ထောင်ပါ။

- ဦးဆောင်ကော်မတီများတွင် ပညာရေးဝန်ကြီးဌာန၊ EBEP များ နှင့် ကျောင်းအဖွဲ့အစည်းများ ပါဝင်နိုင်သည်။ ရပ်ရွာများသည် ကျောင်းကော်မတီများ၊ လုပ်သက်ရင့် ကျောင်းဆရာများနှင့် မိဘများဖြင့် ကိုယ်စားပြုနိုင်သည်။
- ဦးဆောင်ကော်မတီများသည် စနစ်အသီးသီးမှ ကျောင်းဆရာများ နေရာချထားခြင်းနှင့် ထိန်းသိမ်းခြင်း၊ ကျောင်းအုပ်ဆရာများအကြား ငယ်စဉ်ကြီးလိုက် ဆက်ဆံမှု၊ ကျောင်းအထောက်အပံ့များ၊ သင်ရိုးသုံးစွဲမှု၊ စာမေးပွဲများ၊ တိုင်းရင်းသားဘာသာစကား သင်ကြားရေးအချိန်နှင့် ဦးစားပေးရေး၊ ကျောင်းဆရာများနှင့် ကျောင်းသားများအတွက် စည်းမျဉ်းစည်းကမ်းများ၊ သေးငယ်သော နေ့စဉ်ကိစ္စများနှင့် ပတ်သက်ပြီး အများသဘောဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်သင့်သည်။
- ယင်းဆုံးဖြတ်များအတွက် မူဘောင်များနှင့် လမ်းညွှန်ချက်များကို ဒေသအဆင့် သို့မဟုတ် မြို့နယ်အဆင့် ညှိနှိုင်းရေးအဖွဲ့များဖြင့် သင့်လျော်သလို တည်ထောင်နိုင်သည်။
- တိုင်းရင်းသားဘာသာစကားများနှင့် အခြားတိုင်းရင်းသားဘာသာရပ်များကို ပညာရေးဝန်ကြီးဌာန အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းဆရာများ သင်ကြားသည့် အခြားဘာသာရပ်များနှင့် တန်းတူကြည့်မြင်စေရန် လမ်းညွှန်ချက်များကို ချမှတ်သင့်သည်။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၇။** ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့သည် ရောနောကျောင်းများတွင် ပိုမို သဟဇာတဖြစ်သော လုပ်ငန်းခွင်ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေရန် ပူးတွဲကြိုးပမ်းအားထုတ်မှုကို စတင်သင့်သည်။

- စည်းမျဉ်းစည်းကမ်းများနှင့် လက်တွေ့ကျင့်သုံးမှုများတွင် အပေးအယူညှိနှိုင်းမှုကို ရှာဖွေရန်နှင့် ပဋိပက္ခများကို ရှောင်လွှဲရန် အထက်အဆင့် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနနှင့် EBEP ကျောင်းဆရာများကို အားပေး ကူညီသင့်သည်။
- ထူးခြားသည်မှာ ပညာရေးဝန်ကြီးဌာန ကျောင်းအုပ်များကို ဒေသခံ ရပ်ရွာများနှင့် EBEP ကျောင်းဆရာများ၏ ယုံကြည်မှုရရှိစေရန်နှင့်

ဒေသအခြေအနေများနှင့် သဟဇာတဖြစ်သော နည်းလမ်းများဖြင့် ယင်းတို့၏ ကျောင်းများကို စီမံခန့်ခွဲရန် လမ်းညွှန် လေ့ကျင့်ပေးသင့်သည်။

- အထူးသဖြင့် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများအနေနှင့် EBEP ကျောင်းဆရာများသည် အဖိုးတန်ပြီး ယင်းတို့နှင့် တန်းတူဖြစ်သည်ဟု စဉ်းစားသုံးသပ်စေရန်လိုသည်။
- အငြင်းပွားလေ့ရှိသော ဒေသများကို ကိုင်တွယ်ရန် ထက်မြက်သောနည်းလမ်းများ ဖွံ့ဖြိုးရေးအတွက် မူဝါဒချမှတ်သူများကို ကူညီရန် ပူးတွဲ တိုင်ပင်ညှိနှိုင်းမှုများကို သုံးသင့်သည်။
- အဓိက ပြဿနာများကို ဆွေးနွေးရန် ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများနှင့် EBEP ကျောင်းဆရာများကို အားပေးပြီး အပေးအယူ နည်းလမ်းများနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းများ သင်ကြားပေးသော ပူးတွဲ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပနိုင်သည်။
- အခြားနိုင်ငံများရှိ လူသားအရင်းအမြစ် ချဉ်းကပ်မှုများတွင် အခြေခံသည့် နိုင်ငံတကာ အထောက်အပံ့ အဖွဲ့အစည်းများက နည်းစနစ်ပိုင်းဆိုင်ရာ အထောက်အပံ့ကို ပေးအပ်နိုင်သည်။

**အခန်း (၁၁)**

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၈။** ပညာရေးစနစ်များအကြား ပြည့်စုံမှု တိုးတက်လာစေရန် စုပေါင်းအားထုတ်သော သုတေသနနှင့် သင်ရိုးပုံစံ စီမံချက်များကို ဆောင်ရွက်ပါ။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၉။** EBEP ကျောင်းများနှင့် ပညာရေးဝန်ကြီးဌာန၏ ကျောင်းများအကြား ကျောင်းပြောင်းမှု လွယ်ကူစေရန် အခြေခံအစီအစဉ်များကို စောနိုင်သမျှ စောစွာ တည်ထောင်ပါ။

- ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသော EBEP များက ထုတ်ပေးသည့် ကျောင်းပြောင်း ထောက်ခံစာများ။
- နေရာဆန်းစစ်ချက် သုံးခြင်းအတွက် တစ်သမတ်တည်းဖြစ်သော မူဝါဒများ။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက်များ # ၁၀။** ရေရှည်တွင် ကျောင်းပြောင်း ကျောင်းသားများအတွက် ပိုမို သမာသမတ်ကျပြီး စနစ်ကျသော အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရနှင့် EBEP များအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပါ။

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက် # ၁၁။** ကျောင်းပြောင်းအစီအစဉ် ဖွံ့ဖြိုးရေးကို ကျောင်းသားနှင့် ကျောင်းပညာတတ်ကျွမ်းမှုကို ပင်မသုတေသနအသစ်နှင့် စောင့်ကြည့်ခြင်းဖြင့် လမ်းညွှန်သင့်သည်။ ယင်းတွင် ပါဝင်သည်များမှာ-

- လက်ရှိ ပညာရေးဝန်ကြီးဌာနနှင့် EBEP သင်ရိုးနှင့် အကဲဖြတ်ရေး စံနှုန်း။
- ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးခြင်းအတွက် အကြောင်းပြချက်များ အပါအဝင် EBEP အသီးသီးမှ ပြောင်းရွှေ့လာသော ကလေးများနှင့် ပညာရေးဝန်ကြီးဌာန ဂရိတ်အသီးသီးရှိ ကလေးများ တွေ့ကြုံရသည့် အခက်အခဲများကို လေ့လာမှုများ။
- များပြားသော EBEP ကျောင်းသားများကို လက်ခံထားသည့် ပညာရေးဝန်ကြီးဌာန ကျောင်းများနှင့် စာသင်ခန်း တစ်ခန်းစီက တွေ့ကြုံရသော အခက်အခဲများကို လေ့လာခြင်းများ။
- အစောပိုင်း ဂရိတ်များသို့ ပြန်အထားခံရသော ကျောင်းပြောင်းကျောင်းသားများနှင့် အထားမခံရသော ကျောင်းပြောင်းကျောင်းသားများနှင့် ပတ်သက်ပြီး နှိုင်းယှဉ်လေ့လာမှုများ။
- ပညာရေးဝန်ကြီးဌာန ကျောင်းများမှ EBEP ကျောင်းများသို့ ပြောင်းရွှေ့လာသော ကျောင်းသားများ၏ တတ်မြောက်ကျွမ်းကျင်မှုနှင့် ယင်းအခက်အခဲများကို မည်သို့ ကျော်ဖြတ်ခဲ့ပြီးကြောင်း လေ့လာမှုများ။
- ဒုက္ခသည်များနှင့် IDP များ အိမ်အပြန်နှင့် ပြန်လည်နေရာချထားရေးအတွက် မဟာဗျူဟာလေ့လာမှု ပုံစံများနှင့် EBEP မှ ပညာရေးဝန်ကြီးဌာန ကျောင်းများသို့ ကျောင်းပြောင်းခြင်းကို မည်သို့ စီမံခန့်ခွဲမည်ဆိုသည်ကို မဟာဗျူဟာလေ့လာမှု ပုံစံများ။

**အခန်း (၁၂)**

**အစိုးရနှင့် EAO/EBEP များသို့ တိုက်တွန်းအကြံပြုချက်များ # ၁၂။** EBEP ဆောင်ရွက်မှုများ၏ လူထုဘဏ္ဍာရေးအတွက် အဖွဲ့အစည်းများ ဖွံ့ဖြိုးစေရန်။

- EBEP များ၏ ထူးခြားသောလက္ခဏာများ၊ ဦးစားပေး အဆင့်များ၊ အမျိုးသားရေး အကြောင်းအရာများနှင့် ကိုယ်ပိုင်လုပ်ဆောင်နိုင်သည့် အဆင့်များကို ကာကွယ်ရန် အထူးအစီအစဉ်များကို စဉ်းစားသုံးသပ်ပါ။
- ပညာရေးဝန်ကြီးဌာန ကျောင်းဆရာများနှင့် နှိုင်းယှဉ်ပြီး EBEP ကျောင်းဆရာများ၏ လစာကို ပေးရန် ရွေးချယ်မှုလမ်းကြောင်းများ ဖော်ထုတ်ပါ။

- မှန်ကန်သော ကိရိယာပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အချိန်ယူရလိမ့်မည်ဖြစ်ပြီး အဆုံးအထိ ဆွေးနွေးရေးသည် တရားဝင် ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များမှတစ်ဆင့် စတင်သင့်သည်။
- နိုင်ငံတကာ ဆောင်ရွက်သူများက အဆင်ပြေချောမောစေရန် ဆောင်ရွက်ပေးထားသော ထိုးထွင်းဆောင်ရွက်မှုများ အပါအဝင် ရေ့ပြေးစီမံကိန်းများသည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု ချဉ်းကပ်သည့်နည်းလမ်းများ တည်ထောင်ခြင်းကို ကူညီနိုင်သည်။
- ယင်း အစီအစဉ်များသည် မလွဲမရှောင်သာ မခိုင်ခန့်ဘဲ တည်ရှိနေမည်ဖြစ်ပြီး ထို့ကြောင့်ပင် ပါဝင်ပတ်သက်သူအားလုံးက အပစ်အခတ် ရပ်စဲရေး ကျိုးပျက်သွားလျှင် ပညာရေးကို EBEP များက ဆက်လက် ထောက်ပံ့နိုင်စေသင့်သည်။

## နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ

နိုင်ငံတကာ အထောက်အပံ့ အဖွဲ့အစည်းတွင် ပညာရေးဝန်ကြီးဌာနနှင့် EBEP တို့၏ မဟာဗျူဟာများနှင့် အစီအစဉ်များရှိသည့် ဩဇာသက်ရောက်မှုရှိသော ပေးထားသည့် အခန်းကဏ္ဍရှိပေရာ မဟာဗျူဟာ ဦးတည်ချက်များကို လမ်းညွှန်ပေးရန်နှင့် အထောက်အပံ့များ၏ အသုံးကျသော နေရာများကို သတ်မှတ်ရာတွင် ကူညီရန် နိုင်ငံတကာ မိတ်ဖက်ဆောင်ရွက်သူများ အနေဖြင့် အဆိုပါ အထောက်အပံ့ အဖွဲ့အစည်းများကို ရည်ရွယ်သော တိုက်တွန်းအကြံပြုချက်များကို ဖတ်သင့်သည်။

**အခန်း(၈)**

**နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၁။** ပဋိပက္ခများသည် ကြာရှည်နေပြီဖြစ်ရာ ပညာရေးဝန်ကြီးဌာနနှင့် EBEP များ၏ အထောက်အပံ့များသည် ပဋိပက္ခ ထိလွယ်ရှလွယ်မှုဖြစ်မှုနှင့် နိုင်ငံတော်အနေဖြင့် ပညာရေးရည်မှန်းချက်များ အောင်မြင်ရေးကို ကူညီရန် အရေးပါကြသည်။ MTB-MLE ကို တိုးတက်စေရန် လုပ်ဆောင်ရာတွင် နိုင်ငံတော်၏ ရောက်ရှိရန် အခက်ခဲဆုံး နေရာများနှင့် အားအနည်းဆုံး ရပ်ရွာအဖွဲ့များဆီသို့ ရောက်ရှိနိုင်သော ထူးခြားသည့် အဖိုးတန် မိတ်ဖက်များအဖြစ် EBEP များကို ရှုမြင်သင့်သည်။

**နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် #၂။** ပါဝင်သူများက လုပ်သင့်လုပ်ထိုက်သည် ထင်ရသော ညှိနှိုင်းဆောင်ရွက်မှုကို ဆက်လက်ထောက်ပံ့ရန် သို့သော် ပိုမို ထိုးထွင်းကြံဆမှုနှင့် တာဝန်ခံမှု ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနကို အားပေးရန်။
- အစိုးရက ဦးဆောင်မှုယူနိုင်လျှင် ဤဒေသရှိ နိုင်ငံတကာ အထောက်အပံ့သည် မလိုအပ်သည့် အခြေအနေ ဖြစ်သွားနိုင်သည်။
- ယင်းလုပ်ငန်းစဉ်များတွင် အဓိကမဟုတ်သော အထောက်အပံ့ကို ထောက်ပံ့ရန် သုတေသနနှင့် မူဝါဒဖွံ့ဖြိုးရေးတို့ဖြင့် ကူညီနိုင်သည်။

**အခန်း(၉)**

**နိုင်ငံတကာ အထောက်အပံ့အဖွဲ့များသို့ တိုက်တွန်းအကြံပြုချက် # ၃။** ဆန္ဒများသည် ဝန်ဆောင်မှု အဖွဲ့အစည်းများအကြားရှိနေလျှင် နိုင်ငံတကာ ဆောင်ရွက်သူများသည် ပူးတွဲ မြေပုံရေးဆွဲခြင်းအပါအဝင် သတင်းအချက်အလက် ဖလှယ်ရေးနှင့် ပူးတွဲ မဟာဗျူဟာ စီမံချက်ချထားသော အစီအစဉ်များကို အဆင်ပြေချောမောစေရန် လုပ်ဆောင်နိုင်သည်။

**အခန်း (၁၁)**

**နိုင်ငံတကာ အထောက်အပံ့ အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၄။** ပညာရေးစနစ်များအကြား ပြည့်စုံမှု တိုးတက်လာစေရန်အတွက် စုပေါင်းအားထုတ်သော သုတေသနနှင့် သင်ရိုးပုံစံ စီမံချက်များကို ထောက်ပံ့ရန် အစီအစဉ်များကို တိုးတက်စေရန် ဆောင်ရွက်ပါ။

**အခန်း(၁၂)**

**နိုင်ငံတကာ အထောက်အပံ့ အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၅။** EBEP ကျောင်းဆရာများ၏ လစာများ တိုးတက်တည်ငြိမ်စေရန်နှင့် စနစ်များ ခိုင်မာရှင်သန်ရေးအတွက် ရေရှည်မိတ်ဖက်ဆောင်ရွက်မှုကို ထောက်ပံ့ရေးဟူသော ရည်ရွယ်ချက် နှစ်ရပ်ဖြင့် အနည်းဆုံး နှောင်ငါးနှစ်အတွက် EBEP များကို ပုံမှန်တည်ငြိမ်သော အထောက်အပံ့ပေးရန် အလှူရှင်များသည် ကတိပေးသင့်သည်။
- MEC သည် ယင်း၏ မဟာဗျူဟာ အစီအစဉ်သစ်နှင့်အတူ ဤရည်မှန်းချက်ကို အောင်မြင်ရန်အတွက် အရေးကြီးသော ကိရိယာတန်ဆာပလာတစ်ခုအဖြစ် ကိုယ်စားပြုသည်။ ကမ္ဘာ့ပညာရေးကို ဆယ်စုနှစ်ပေါင်းများစွာ EBEP များအတွက် အမာခံ အထောက်အပံ့အဖြစ် ထားရှိခဲ့ပြီး အနည်းဆုံး EBEP တစ်ဒါဇင်အတွက် "အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးရေး" ထောက်ပံ့ရာတွင် အရေးပါနေသည်။

- Child's Dream, Save the Children နှင့် များစွာသော ဘာသာရေးနှင့် အခြားအဖွဲ့အစည်းများပါဝင်သော နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် EBEP များကို ထောက်ပံ့ရာတွင် အရေးပါသော ကဏ္ဍများကို ဆက်လက်ဆုပ်ကိုင်ထားဆဲ ဖြစ်သည်။
- ပဋိပက္ခ ထိခိုက်မခံသည့်နည်းလမ်းဖြင့် နိုင်ငံ၏ အလှမ်းအကွာဝေးဆုံးနှင့် အားနည်းသော ပြည်သူအချို့ထံသို့ ရောက်ရှိစေရာတွင် EBEP များကို တန်ဖိုးကြီးသော မိတ်ဖက်များအဖြစ် အလှူရှင်အဖွဲ့အစည်းက ရှုမြင်သင့်သည်။
- အခြားအရင်းအမြစ်များ မရှိသောကြောင့် EBEP များသည် နိုင်ငံခြားရန်ပုံငွေများကို အထူးသဖြင့် မှီခိုနေရဆဲဖြစ်ကြောင်း အလှူရှင်များက နားလည်သင့်သည်။

**နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက် # ၆။** နိုင်ငံတကာ ဆောင်ရွက်သူများသည် EBEP များနှင့် ယင်းတို့၏ လုပ်ငန်းလုပ်ဆောင်မှု နည်းလမ်းများနှင့် ကောင်းစွာသင့်လျော်စေရန် အစီအစဉ်ဖွံ့ဖြိုးရေး အစောပိုင်းအဆင့်များမှစပြီး EBEP များနှင့် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သင့်သည်။

- EBEP များသည် လက်ရှိ ထိုးထွင်းလုပ်ဆောင်မှုများအတွက်နှင့် စနစ်များဖွံ့ဖြိုးရေး၏ နေရာအသစ်များအတွက် ရန်ပုံငွေများကို လိုအပ် ဖွယ်ရှိသည်။
- နိုင်ငံတကာ မိတ်ဖက်အဖွဲ့များသည် EBEP များက ကြုံတွေ့ရသော နိုင်ငံရေးအခြေအနေများကို ပြည့်စုံစွာ နားလည်ရန် ကြိုးစားသင့်ပြီး ယင်းတို့၏ ကိုယ်ပိုင် စွန့်စားလုပ်ဆောင်ရမှုများကို စီမံခန့်ခွဲရန် ခွင့်ပြုသင့်သည်။
- ရပ်ရွာအစုအဖွဲ့များ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ EAO အာဏာပိုင်များနှင့် နိုင်ငံတော်တို့၏ အခန်းကဏ္ဍများအပါအဝင် EBEP ပညာရေးကို လုပ်ဆောင်စေသည့် ကျယ်ပြန့်သော စနစ်များ၏ တင်းကြပ်သော ပိုင်းခြားစိတ်ဖြာမှုကို ကြပ်တည်းမှု အရှိဆုံး ကွာဟချက်များအား ခွဲခြားသတ်မှတ်ရန် လိုအပ်လိမ့်မည် ဖြစ်သည်။

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar

Photography by Kim Jolliffe